www.burmeseclassic.com




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

ဒေါ်ဌေးဌေးမော်၊ ည[illegible]ပတိုက် (၈၄၂)
အမှတ် ၇ (က) [illegible]
ရန်ကင်းမြို့နယ်၊ ရန်[illegible]

မျက်နှာဖုံးနှင့် အတွင်း[illegible]သားပုံ
ဦးစိုးမြင့် (၀၅၆၃၉)
ချွေအောင်လံ ရောင်စုံပုံနှိပ်တိုက်
အမှတ် (၅၄)၊ ၁၀၁-လမ်း၊ ကန်တော်ကလေး

စာမူခွင့်ပြုချက်အမှတ် - ၁၂၅၉/၂၀၀၄ (၁၈)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၁၉၁၀၅၀၂
ထုတ်ဝေခြင်း
တတိယအကြိမ်
၂၀၀၅၊ စက်တင်ဘာလ
အုပ်ရေ ၁၀၀၀

တန်ဖိုး
[illegible]

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# မင်းသိင်္ခ

# ဆားပုလင်းနှင်းမောင်နှင့်
# သေသောသူသည်
# သုသာန်သို့သွားသည်

www.burmeseclassic.com

www.burmeseclassic.com

## လေ့ထိုးသား မဲကောင် (သို့မဟုတ်) အာဂလူ

တစ်နေ့သ၌ "မဲကောင်ကုမ္ပဏီ" ခေါ် ဦးမဲကောင်၏ ကုန်တင်ကုန်ချလုပ်ငန်း ရုံးခန်း၌ ရှိကြကုန်သော တာလီစာရေးများ၊ မတ်ကာ ခေါ် ကုန်မှတ်စာရေးများနှင့် ပခုံးထမ်း အလုပ်ကြမ်းသမားများသည် ပိုက်ဆံကြေး ကျားထိုးလျက်ရှိကြလေ၏။

စာပေးစာယူစာရေး၊ လယ်ဂျာစာရေးနှင့် အမ်စီ ခေါ် ကုန်ချိန်စာရေးတို့မှာမူ မိမိတို့နှင့် မည်သို့မျှ သက်ဆိုင်ခြင်းမရှိသော ဂျာမနီပြည်၏ လက်နက်များကောင်းပုံ၊ ထိရောက်ပုံတို့ကို ပြောဆိုနေကြလေ၏။

လက်နှိပ်စက် စာရေးမမှာမူ လက်နှိပ်စက်၌ စာရွက်တန်းလန်းထည့်၍ လက်နှိပ်စက် မရိုက်ဘဲ သိုးမွေးဆွယ်တာထိုးလျက်ရှိလေ၏။ စာရေးကြီး ဦးညာဏ်ထွန်း ဆိုသူမှာလည်း တစ်ရာ့တိုးခေါက်ရွတ်လျှင် လာဘ်ရွှင်သည်ဆိုသော ဂါထာကို ဆိမန်းသကဲ့သို့ ပါးစပ်တလှုပ်လှုပ်ဖြင့် ရွတ်ဖတ်လျက်ရှိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးမဲကောင်၏ ကုမ္ပဏီရုံးခန်းကလေး၌ရှိကြသောသူတို့မှာ ကိုယ်ထင်ရာကိုယ်စိုင်း ဆိုသကဲ့သို့ လုပ်ကိုင်နေကြသော်လည်း တစ်ယောက်သောသူမှာမူ ဦးမဲကောင်၏ အလုပ်ကို မိမိ၏ အလုပ်သဖွယ် သဘောထားကာ ကြိုးစား၍ လုပ်ကိုင်နေ၏။ ထိုသူကား ငွေကိုင်စာရေး မောင်ပန်းအေး ဆိုသူပင် ဖြစ်၏။

ပိုက်ဆံကြေး ကျားထိုးလျက်ရှိသော ကူလီတစ်ယောက် သူရွှေ့မည့် ကျားကောင်ကို လက်၌ ကိုင်လျက် အတန်ငယ် စဉ်းစားလိုက်ပြီးနောက် . . .

"ခြေရာတစ်တောင် မောင်မဲကောင် . . . ဟေ့"

ဟု ဆိုကာ ကျားကောင်ကို ရွှေ့လိုက်လေ၏။

"ဟေ့ကောင် . . . မဟုတ်တာ မအော်စမ်းပါနဲ့ကွာ . . . သူဌေးဦးမဲကောင် ကြားသွားရင် သူ့ကို နောက်လားပြောင်လား လုပ်တယ်လို့ အောက်မေ့နေပါဦးမယ် ချိုကြီးရယ်"

ဟု ငွေကိုင်စာရေး မောင်ပန်းအေးက လှမ်း၍ သတိပေးလိုက်လေ၏။

"လုပ်မနေစမ်းပါနဲ့ ငွေကိုင်စာရေး၊ ကြောက်စရာမလိုပါဘူး၊ ဦးမဲကောင်ဟာလဲ အရင်က ကျုပ်တို့လို ကူလီပါပဲ၊ ကူလီလုပ်လိုက်၊ လှေထိုးသားလုပ်လိုက်နဲ့ နောက်တော့ လှေသူကြီး ဖြစ်လာပြီး လှေသူကြီးကမှ သူဌေးကြီး ဖြစ်လာတာပါ၊ မှုစရာ မလိုပါဘူး"

ဟု ချိုကြီးဆိုသူ ကူလီက ပြန်၍ပြောလိုက်လေ၏။





"ဟေ့ ချိုကြီး . . . ငွေကိုင်စာရေးကို ပြန်မပြောရဘူး၊ သူက ဦးမဲကောင်ရဲ့ ညာလက်ရုံး စာရေးကြီး ဦးမွဲပြောင်ဆိုတာ သူပေါ့ကွ၊ ဟား . . . ဟား"

ဟု ကုန်ချိန်စာရေးက ပြော၍ ရယ်ပြန်လေ၏။

ငွေကိုင်စာရေးသည် ထိုသူတို့အား ဆက်လက်ပြောဆိုခြင်း မပြုတော့ဘဲ ငွေစာရင်းများ၌သာလျှင် စိတ်ဝင်စားလျက် ရှိလေတော့၏။

ထိုအချိန်၌ ဦးမဲကောင်၏ မော်တော်ကားသည် အလုပ်တိုက်ရှေ့သို့ ရောက်လာလေ၏။ ကျားထိုးနေသော ကူလီနှင့် ကုန်ချိန်စာရေးတို့သည် ကျားကွက်များကို ဝှက်ကြလေ၏။

ဆွယ်တာထိုးလျက်ရှိသော လက်နှိပ်စက် စာရေးမလည်း ထိုးစ ဆွယ်တာကို ဝှက်လိုက်ပြီးနောက် လက်နှိပ်စက်ကို တပြောင်းပြောင်း ရိုက်လေ၏။

ဂါထာရွတ်နေသော စာရေးကြီးလည်း စာအုပ်ကိုဖွင့်လျက် ဟိုလှန်သည်လှန်နှင့် အလုပ်ရှုပ်သည့်ဂိုက်ကိုဖမ်းလေ၏။ စာပေးစာယူ စာရေးလည်း စာများကို မှတ်ပုံတင်လျက် သူဌေးကြီးထိုင်မည့် စားပွဲသို့ သွားရောက်၍ ပို့လေ၏။

သူဌေးကြီး ဦးမဲကောင်သည် မော်တော်ကားပေါ်မှဆင်းကာ အလုပ်တိုက်အတွင်းသို့ ဝင်၍လာလေ၏။ ဦးမဲကောင်ကား နာမည်နှင့်လိုက်အောင် အသားမည်းသည့်အပြင် ရုပ်ရည်မှာမှလည်း ကြီးမား ထွားကျိုင်းသူ ဖြစ်ပေသည်။ သူ၏ ကိုယ်လုံး



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ထည် အဆက်အပေါက်မှာ လေ့ထိုးသား ဖြစ်ခဲ့ကြောင်း သက်သေခံလျက် ရှိပေသည်။

ဦးမဲကောင်သည် အနီရောင်ကို လွန်စွာသဘောကျသည့် အလျောက် ခေါင်းပေါင်းကို အနီရဲရဲအရောင်ကို ရွေးချယ်၍ ပေါင်းလေ့ရှိသကဲ့သို့ ရခိုင်လုံချည်အနီ၊ ရွှေတောင်လုံချည်အနီ တို့ကို စွဲမြဲစွာ ဝတ်ဆင်လေ့ရှိ၏။

ဦးမဲကောင်သည် အလုပ်တိုက်အတွင်းသို့ ဝင်လိုက်ပြီး နောက် မိမိ၏ အလုပ်သမားများကို အကဲခတ်သကဲ့သို့ ကြည့်ရှု ကာ . . .

"ငါ့လူတွေ အလုပ်များနေကြတာကိုး၊ ကုန်မှတ်စာရေး ကလဲ ကုန်မှတ်ဖို့ မင်တွေဖျော်လို့၊ တာလီသမားကလဲ ကရွှတ် တုတ်တွေကို စစ်လို့၊ ကုန်ချိန်စာရေးကလဲ ကတ္တားအောက်က ဓားသွားမှာ ကပ်နေတဲ့ ရွံ့တွေကိုခွာလို့၊ လက်နှိပ်စက်စာရေးမ ကလဲ လက်နှိပ်စက် ရိုက်နေလိုက်တာ တပြောင်းပြောင်းနဲ့၊ စာရေးကြီးကလဲ စာအုပ်ကြီးတွေလှန်လို့၊ အလုပ်များနေလိုက် ကြတာ၊ ဟား . . . ဟား . . . ကျုပ်ကတော့ မယုံပေါင်ဗျာ၊ ကျုပ်တို့လူမျိုးဟာ အလုပ်ရှင်မရှိရင် အလုပ်မလုပ်ဘဲ အသက် သာခိုမယ်၊ အလုပ်ရှင်လာမှ အလုပ်ကို ကြိုးစားလုပ်နေတဲ့ပုံမျိုး ဖမ်းတဲ့နေရာမှာ ဘယ်လိုလူမျိုးမှ လိုက်လို့မမီဘူး၊ မဟုတ်မှ လွဲရော၊ ဟောဟိုလူတွေက ကျုပ်မလာခင်မိနစ်ပိုင်းအထိ ကျားထိုး နေကြမယ်၊ စာရေးမက ဆွယ်တာထိုးနေမယ်၊ စာရေးကြီးက





ဂါထာရွတ်နေမယ်၊ ငွေကိုင်စာရေး တစ်ယောက်တည်းပဲ သူ့အလုပ် သူ လုပ်နေလိမ့်မယ်"

ဟု သူဌေးကြီး ဦးမဲကောင်က ပြောလိုက်ရာ အလုပ်တိုက် အတွင်းရှိ လူတို့သည် မျက်လုံးပြူးကုန်ကြ၏။

"မဟုတ်ပါဘူး သူဌေးကြီး၊ သူတို့အားလုံး အလုပ်လုပ်နေ ကြပါတယ်"

ဟု ကုလ ချိုကြီးက ဝင်ရောက်၍ ပြောဆိုလိုက်ရာ ဦးမဲ ကောင်သည် ဆေးပြင်းလိပ်ကို မီးညှိပြီးနောက် . . .

"ဟေ့ကောင် ချိုကြီး၊ ငါက ဒါမျိုးတွေ အံ့ခွနေပြီကွ၊ ငွေကိုင်စာရေး မောင်ပန်းအေးတစ်ယောက်ပဲ အလုပ်လုပ်နေ တယ်၊ မင်းက ကျားရွှေ့ခါနီးမှာတောင် ကောင်းကောင်းမရွှေ့ ဘူး၊ 'ခြေရာတစ်တောင် မောင်မဲကောင်' လို့ ငါ့ကိုနောက်ပြောင် ပြီးမှရွှေ့တယ်၊ ငွေကိုင်စာရေးက ဒီလိုမပြောဖို့ မင်းကိုတောင်းပန် တယ်၊ အဲဒါကို ကုန်ချိန်စာရေးက မဲကောင်ရဲ့တပည့် မွဲပြောင် လို့ မောင်ပန်းအေးကို နှိမ်လိုက်သေးတယ် မဟုတ်လား၊ မင်း ဘာပြောဦးမလဲ"

ဟု ဆိုလိုက်ရာ ဦးမဲကောင်၏ အလုပ်တိုက်တစ်ခုလုံးရှိ အလုပ်သမားများသည် လွန်စွာအံ့ဩသော မျက်နှာနှင့် ဦးမဲ ကောင်ကို ကြည့်၍နေလေ၏။

"မင်းတို့လောက် မလည်ရင် မင်းတို့လိုပဲနေမှာပေါ့ကွ၊ ပန်း တစ်ခုလုံး အသားမာတက်အောင် ထိုးဝါးထိုးရတဲ့ လေ့ထိုးသား



www.burmeseclassic.com

www.burmeseclassic.com



ဘဝကနေ သူဌေးကြီးဖြစ်အောင် လုပ်လာတဲ့လူဟာ မင်းတို့ထင်သလို ညံ့ပါ့မလားကွ”

ဟု ဦးမဲကောင်က မဲ့ပြုံးပြုံးလျက် ပြောလေ၏။

စာရေးကြီးမှာမူ ဦးမဲကောင်အား . . .

“ဇကန္တတော့ ဇကန္တပဲ၊ ဦးမဲကောင်တော့ အကြားအမြင် ရနေပြီထင်တယ်”

ဟု စိတ်တွင်း၌ မှတ်ယူလိုက်လေ၏။ ထိုသို့ မှတ်ယူပြီးနောက် မျက်နှာချိုသွေးလျက် . . .

“သူဌေးကြီးခင်ဗျား၊ အကြားအမြင်များ ရနေပြီလား”

ဟု လက်အုပ်ချီလျက် ဣန်တော့မည်ကဲ့သို့ မျက်နှာထား နှင့် တောင်းပန်လိုက်လေ၏။

“အမြင်တော့ မရသေးဘူး၊ အကြားတော့ ရနေပြီ”

ဟု ပြောဆိုကာ မိမိ၏စားပွဲပေါ်ရှိစာများကို ဖတ်လေ၏။

ဦးမဲကောင်၏ “အမြင်တော့ မရသေးဘူး၊ အကြားတော့ ရနေပြီ” ဟူသောစကားကို ဦးမဲကောင် အလုပ်တိုက်မှလူများ သည် အဓိပ္ပာယ်နားမလည်ကြပေ။ အလုပ်တိုက်ရှေ့၌ ကွမ်းယာ ဗန်းကို လွယ်လျက် ကွမ်းယာဆေးလိပ်ရောင်းသော သူငယ် ကလေး တစ်ဦးသာလျှင် ထိုစကား၏အဓိပ္ပာယ်ကို ကောင်းစွာ နားလည်ပေသည်။ ထိုသူငယ်ကလေးသည် ဦးမဲကောင်မလာမီ မည်သူ အလုပ်လုပ်သည်၊ မည်သူ အလုပ်မလုပ်ဘဲ အချိန်ဖြုန်း နေသည်၊ မည်သူက မည်သည့်စကားကိုပြောသည် စသည်





တို့အား လေ့လာမှတ်သား၍ထားရ၏။ ဦးမဲကောင်သည် အလုပ် တိုက်သို့လာလျှင် ကားကို အလုပ်တိုက်နှင့် မလှမ်းမကမ်း၌ ရပ်ထားခဲ့ပြီးနောက် ထိုသူငယ်ကို လက်ယပ်ခေါ်၍ မေးမြန်း၏။ ထိုသို့မေးမြန်းပြီးမှသာလျှင် အလုပ်တိုက်ရှေ့၌ ကားကိုရပ်ကာ ကားပေါ်မှဆင်း၍ အလုပ်တိုက်အတွင်းသို့ ဝင်လေ၏။

ဤကား ဦးမဲကောင် ဟူသော အညာသား လှေထိုးသား တစ်ဦးအဖြစ်မှ သူဌေးကြီးဖြစ်လာသူ၏ လက်အောက်ငယ်သား တို့အပေါ်၌ သူလျှိုဒလန်ထား၍ အုပ်ချုပ်ပုံဖြစ်၏။

ဤအချက်ကို ဦးမဲကောင်၏အလုပ်သမားများသည် လုံးဝ ရိပ်မိခြင်းမရှိပေ။

ဦးမဲကောင်သည် စာများကိုဖတ်ပြီးနောက် သူ၏ ငွေကိုင် စာရေး မောင်ပန်းအေးကို ခေါ်လိုက်လေ၏။

“မနက်ဖြန် လှေဆိုက်လိမ့်မယ်၊ ဒါက မြည်ဆိပ်ကမ်းက ထည့်လိုက်တဲ့စာ၊ ‘မဲကောင်ကြီး’ ဆိုက်လိမ့်မယ်၊ သန်ဘက်ခါမှာ ‘မဲကောင်လတ်’ ဆိုက်မယ် မောင်ပန်းအေး၊ မနက်ဖြန် ဒီပါဝလီ နေ့ ရုံးပိတ်ရက်ဆိုတော့ ဘယ်သူမှရှိမှာမဟုတ်ဘူး၊ မင်းကတော့ လာရလိမ့်မယ်”

ဟု ဦးမဲကောင်က ပြောလေ၏။

“စိတ်ချပါ ဦးလေး၊ ကျွန်တော်လာခဲ့ပါ့မယ်”

ဟု မောင်ပန်းအေးက ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"မဲကောင်ကြီးပေါ်မှာ တင်လဲစည်တွေ ပါလာတယ်၊ သေသေချာချာစစ်ပြီးမှ လက်ခံပေတော့၊ တင်လဲစည်တွေက ငါတို့ကို သိပ်ပြီးဒုက္ခပေးတယ်၊ ပြီးခဲ့တဲ့ လကလဲ လျှော်လိုက်ရပြီးပြီ၊ ဒီတစ်ခါတော့မဖြစ်စေနဲ့၊ အရေအတွက်လဲ သေသေချာချာစစ်၊ လျော့နေရင် လှေသူကြီးကိုခေါ်ပြ၊ လျော့နေကြောင်း စာရေးပြီး လက်မှတ်ထိုးခိုင်း၊ ကြားလား"

"ဟုတ်ကဲ့ပါ ဦးလေး"

"တင်လဲစည်တွေကို လက်ခံပြီးရင်လဲ တို့ဆီမှာ ကြာကြာမထားနဲ့၊ ပို့ရမယ့် အရက်ချက်ရုံတွေကို ပို့ပေးလိုက်၊ သူတို့ဘာသာ လာယူမယ်ဆိုရင်လဲ ထုတ်ပေးလိုက်၊ မနက်ဖြန် တင်လဲစည်တွေ ရောက်မယ့်အကြောင်း အရက်ချက်ရုံတွေကို အခုပဲ အကြောင်းကြားလိုက်"

"ဟုတ်ကဲ့ ဦးလေး"

ဟုဆိုကာ မောင်ပန်းအေးသည် စာအုပ်ပုံ၌ စာအုပ်ကို ရှာဖွေလေ၏။

"မောင်ပန်းအေး . . . ဘာကိုရှာနေတာလဲ"

ဟု ဦးမဲကောင်က မေးလေ၏။

"အကြောင်းကြားစာပို့ဖို့ အရက်ချက်ရုံတွေရဲ့ လိပ်စာအမှတ်ထားတဲ့စာအုပ်ကို ရှာတာပါခင်ဗျာ"

"မင်းတယ်ညံ့တာကိုးကွ၊ မရှာနဲ့၊ ဒီကိုလာခဲ့၊ ငါပြောမယ်၊ ဒိုင်ယာမီကင်ကုမ္ပဏီ၊ ဖုန်းနံပါတ် အမ် ၁၇၅၊ ၉၆၊ ၄၁ လမ်း။





ဟိုးဟုတ်ကုမ္ပဏီ၊ ၆၄၁၊ ဖရေဇာလမ်း။ လီရောင်တောင်း၊ ၃၅၊ ကျုံးကြီးလမ်း။ နမ်းရမ်း အရက်ချက်ရုံ၊ ၉၃၊ မောင်ခိုင်လမ်း။ ယူနီဗာဆယ်၊ ၁၆၊ စဉ့်အိုးတန်း"

ဟု ဦးမဲကောင်က အလွတ်ရွတ်ဆိုပြလေ၏။

မောင်ပန်းအေးသည် သူ၏ သူဌေးကြီး ဦးမဲကောင် မှတ်ဉာဏ်ကောင်းပုံကို စိတ်တွင်းမှ ကြိတ်၍ ချီးကျူးလေ၏။ ဦးမဲကောင်သည် ဆေးပြင်းလိပ်ကို ဖွာရှိုက်ရင်းနှင့် အောက်ပါစကားကို ပြောပြန်လေ၏။

"ငါတို့ကုမ္ပဏီလို ကုန်တင်ကုန်ချ လုပ်ငန်းတွေ၊ ကုန်ပို့ကုန်သွယ်လုပ်ငန်းတွေလုပ်တဲ့ ကုမ္ပဏီဟာ အားလုံး နိုင်ငံခြားသားတွေချည်းပဲကွ၊ ဟောဒီ မားချင်းလမ်း ၅၈၁ မှာ ဗာသာဇာ အင်ဆန်း၊ ၁၄၅ ဆူးလေဘုရားလမ်းမှာက ဘားနတ်ဘရားသား၊ ဘားမား ကလီးယားရင်း အင် ဖော်ဝဒ်ဒင်းက ၇၁ မားချင်းလမ်း၊ အေစကော့ကုမ္ပဏီက ၅၂၈ မားချင်းလမ်းပဲ၊ ဂီလင်ဒါကုမ္ပဏီက ၂၂ ပန်းဆိုးတန်းမှာ ရှိတယ်၊ အားလုံး နိုင်ငံခြားသားချည်းပဲ၊ 'မဲကောင်' တစ်ခုတည်း မြန်မာပိုင်ရှိတယ်၊ ကြိုးစားကြစမ်းပါ၊ စီးပွားရေးမှာ မြန်မာတွေ မညံ့ဘူးဆိုတာ နိုင်ငံခြားသားကို ပြချင်လို့ပါ"

ဟု ဦးမဲကောင်က တက်ကြွစွာ ပြောပြီးနောက် ဆေးလိပ်ပြာကို ခြွေလေ၏။ ထို့နောက် မောင်ပန်းအေးအား . . .



www.burmeseclassic.com

www.burmeseclassic.com



"တယ်လီဖုန်းနံပါတ် စင်ထရယ် ၁၇၁၉ ကို တယ်လီဖုန်းဆက်ပြီး ၃၉ ခုနှစ် အတွက် ထုတ်တဲ့ ဘားမားဒါရိုက်တိုရီ စာအုပ် ကို မှာလိုက်၊ စာအုပ်ရောက်ရင် အဲဒီထဲမှာ အရေးကြီးတဲ့ လိပ်စာတွေပါတယ်၊ အလွတ်ကျက်ထားစမ်းပါကွ၊ နေရာတကာမှာ စာအုပ်ကို ခဏခဏမလှန်စမ်းပါနဲ့၊ အာဂုံဆောင်ထားစမ်းပါ၊ ဒါကြောင့် လယ်တီဆရာတော်ကြီးက 'အာဂုံရမှ အာဂလူ' လို့ ဆုံးမထားတာကွ၊ ကိုယ်နဲ့ဆိုင်တဲ့ကိစ္စတွေကို အာဂုံဆောင်ထားစမ်းပါ၊ အာဂလူ ဖြစ်လာပါလိမ့်မယ်"

ဟု ဦးမဲကောင်က ပြောလေ၏။

လှေထိုးသားဘဝမှ သူဌေးကြီးဖြစ်လာသော ဦးမဲကောင်ကား လွန်စွာမှတ်သားဖွယ်ရာကောင်းသော အာဂလူဖြစ်နည်းကို သူ၏ ငွေကိုင်စာရေးအား အမှတ်မထင် ပြောပြလေ၏။ ငွေကိုင်စာရေးလည်း သူ၏ မှတ်စုစာအုပ်၌ ထိုဆောင်ပုဒ်ကို ရေးမှတ်ထားလိုက်လေတော့၏။

"အာဂုံရမှ အာဂလူ"

<◆>

နောက်တစ်နေ့နံနက် ၈ နာရီခန့်တွင် မောင်ပန်းအေးသည် အလုပ်တိုက်သို့ ရောက်လာပြီးလျှင် စားပွဲများကို ဖုန်သုတ်ခြင်း၊ တံမြက်စည်းလှဲခြင်း စသည်တို့ကို ပြုလုပ်ပြီးနောက် 'မဲကောင်ကြီး' ခေါ် သည့် အညာဆန်လှေကြီးပေါ်၌ ပါလာမည့် ကုန်ပစ္စည်းစာရင်းစာရွက်များကို စုစည်းလျက် နေလေ၏။





များမကြာမီ၌ သူဌေးဦးမဲကောင် ရောက်ရှိလာပြီးလျှင် -

"ကဲ . . . မောင်ပန်းအေး၊ သွားပေတော့၊ လှေပေါ်က ပစ္စည်းတွေ စစ်ပြီး လက်ခံပေတော့"

ဟု ဆိုလေ၏။

မောင်ပန်းအေးလည်း အရိုအသေပေးပြီးနောက် သင်္ဘောဆိပ်သို့ ထွက်၍လာလေ၏။ သင်္ဘောဆိပ်သို့ ရောက်လျှင် 'မဲကောင်ကြီး' လှေကို မတွေ့မီ၌ပင် ကုန်းပေါ်၌ လှေသူကြီးကို ဦးစွာတွေ့လေ၏။

"ကိုပန်းအေး . . . ဘယ်ကိုလဲ"

ဟု လှေသူကြီးက ကွမ်းဝါးရင်း နှုတ်ဆက်လေ၏။

"လှေသူကြီးတို့ဆီ လာတာပဲ၊ ကုန်တွေစစ်ဖို့လေ"

မောင်ပန်းအေးက ပြန်၍ပြောလေ၏။

"တခြားကုန်က အရေးမကြီးပါဘူးဗျာ၊ တင်လဲစည်တွေကိုသာ စစ်ပါ၊ တင်လဲစည်တွေ ခဏခဏ ဒုက္ခပေးတယ်"

လှေသူကြီးက ပြောလေ၏။

ထို့နောက် လှေသူကြီးနှင့် မောင်ပန်းအေးတို့သည် မဲကောင်ကြီး လှေပေါ်သို့ တက်ကြလေသည်။ လှေပေါ်သို့ ရောက်လျှင် မောင်ပန်းအေးအား 'တက်မကိုင်' က နှုတ်ဆက်ပြန်၏။ တက်မကိုင်၏အမည်မှာ ကိုရွှေဟစ်ဟူ၍ဖြစ်သော်လည်း စကားအလွန် ထစ်သောကြောင့် သူ့အား ကိုရွှေထစ်ဟုပင် ခေါ်ကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"မောင် . . . မောင် . . . မောင် . . . မောင်ပန်းအေး ဘာ . . . ဘာ . . . ဘာ . . . ဘာလုပ်မလို့လဲ"

ဟု တက်မကိုင်က နှုတ်ဆက်လေ၏။

"ကုန်တွေလာပြီး စစ်တာလေ . . . တက်မကိုင်ကြီး"

"စစ် . . . စစ် . . . စစ် . . . စစ်"

မောင်ပန်းအေးသည် တက်မကိုင်ကြီး ကိုရှေ့ထစ်အားခေါ်လျက် ကုန်းပတ်ပေါ်ရှိ တင်လဲစည်များကို ရေတွက်စစ်ဆေးလေ၏။ တင်လဲစည်များမှာ သစ်သားစည်များဖြစ်သဖြင့် ကျိုးခြင်း၊ ပေါက်ခြင်း၊ ယိုခြင်းရှိမရှိကိုပါ စစ်ဆေးရလေ၏။

"ခုနစ်လုံး လိုပါသေးလား"

ဟု မောင်ပန်းအေးက ပြောလေ၏။

"ဝမ်း . . . ဝမ်း . . . ဝမ်း . . . ဝမ်း"

"ဝမ်းထဲမှာ ရှိသေးသလား"

"ရှိ . . . ရှိ . . . ရှိ . . . ရှိတာပေါ့ကွ"

မောင်ပန်းအေးသည် လှေဝမ်းအတွင်းသို့ ဝမ်းပေါက်အဖုံးကို ကိုင်လျက် ဆင်းလေ၏။ တင်လဲစည် သုံးလုံးတစ်တွဲနှင့် လေးလုံးတစ်တွဲကို တွေ့လေ၏။ သုံးလုံးတစ်တွဲမှာ သီးသန့်လှဲ၍ထားသော်လည်း လေးလုံးတစ်တွဲမှာမူ လျှော်ကြိုးကြီးတစ်ချောင်းဖြင့် စု၍ ချည်နှောင်ထားသည်ကို တွေ့ရလေ၏။

မောင်ပန်းအေးသည် သုံးလုံးတစ်တွဲဖြစ်နေသော စည်များကို စစ်ဆေးလေ၏။ ထိုအချိန်၌ လေးလုံးတစ်တွဲစု၍ ချည်နှောင်





ထားသော လျှော်ကြိုးကြီးမှာ အလိုအလျောက် ထောင်းခနဲ ပြတ်၍သွားသဖြင့် တင်လဲစည်ကြီးများသည် ဝုန်းခနဲ လဲကျလေတော့၏။

လှေ၏ဝမ်းဗိုက်အတွင်း၌ဖြစ်၍ အသံမှာပို၍ကျယ်လောင်လှပေသည်။ မောင်ပန်းအေးသည် စည်များလဲကျလာသဖြင့် ခုန်၍ရှောင်လိုက်လေ၏။

တက်မကိုင်လည်း စကားပြောရာ၌သာ ထစ်သော်လည်း အရှောင်အတိမ်းအခုန်အပျံ၌ ထစ်ငေါ့ခြင်းမရှိလှပေ။ စည်များလဲသည်နှင့် တစ်ပြိုင်နက် သွက်လက်စွာ ခုန်၍ရှောင်လိုက်ပြီးလျှင် . . .

"မောင် . . . မောင် . . . မောင် . . . မောင် . . . ပန်း . . . ပန်း . . . ပန်း"

"ဘာမှမဖြစ်ပါဘူး တက်မကိုင်ကြီး"

ဟု မောင်ပန်းအေးက အော်၍ ပြောလိုက်လေ၏။ အမှန်မှာလည်း . . .

"မောင်ပန်းအေး ဘယ်ကိုများ ထိသွားသေးသလဲ"

ဟု တက်မကိုင်ကြီးက မေးလိုက်ခြင်းဖြစ်၏။

လှေဝမ်းပေါက်၌ လှေသူကြီး၏ဦးခေါင်းပေါ်လာပြီးလျှင်-

"ဘာဖြစ်တာလဲ"

ဟု အောက်သို့ငုံ့၍ မေး၏။

"စည်တွေ ကြိုးပြတ်ပြီး လဲကျတုန်တာ"

ဟု မောင်ပန်းအေးက ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"သတိနဲ့လုပ်ဟေ့၊ မသေစေနဲ့၊ မင်းတို့သေတာ အရေး မကြီးဘူး၊ ငါ့လှေမှာ သရဲခြောက်နေဦးမယ်"

ဟု လှေသူကြီးက ပြန်၍ အော်ပြောလိုက်ပြီးနောက် ဝမ်းပေါက်မှ ပျောက်ကွယ်သွားလေ၏။

တက်မကိုင်ကြီးလည်း လဲကျသွားသော တင်လဲစည်များကို ကြည့်ရှုလေ၏။

"ဒီ . . . ဒီ . . . ဒီ . . . ဒီဟာကြီးက ကြီး . . . ကြီး ကြီးတယ်ကွ"

"ဟုတ်တယ်ဗျ၊ ကျွန်တော့်စည်တွေထက် ကြီးတယ်၊ စည်ကို လုပ်ထားတဲ့ အသားချင်းလဲ မတူဘူးဗျ၊ ဒီအသားဟာ နွားသား မဟုတ်ဘူး၊ ကျွန်းသားဗျ၊ ပြီးတော့ စည်ကို ပေါလစ်တွေဘာတွေ တိုက်ထားပါလား၊ ဆန်းတယ် တက်မကိုင်ကြီး"

ဟု မောင်ပန်းအေးက ပြောလေ၏။

တက်မကိုင်ကြီးက ထစ်ထစ်ငေါ့ငေါ့နှင့်ပင် မောင်ပန်းအေး၏ စကားကို ဟုတ်မှန်ကြောင်း ထောက်ခံလိုက်လေ၏။

"သူ့ကြောင့် လှော်ကြိုးတွေ ပြတ်သွားတာဗျ"

ဟု မောင်ပန်းအေးက ပြောပြန်ရာ တက်မကိုင်ကြီးက -

"ဟုတ် . . . ဟုတ် . . . ဟုတ်"

ဟု ထောက်ခံပြန်လေ၏။





မောင်ပန်းအေးသည် စည်ကြီး၏ အနီးသို့သွားကာ ဒူး ထောက်လျက် ကြည့်ရှုရာ စည်မှ ပျဉ်တစ်ချပ်ကျိုး၍နေပြီးလျှင် လွှစာမှုန့်များ ထွက်၍နေသည်ကို တွေ့သဖြင့် . . .

"တင်လဲစည်ထဲက တင်လဲ မထွက်ဘဲ ဘယ့်နှယ်ကြောင့် လွှစာတွေ ထွက်နေရတာလဲ"

ဟု ဆိုကာ လွှစာအနည်းငယ်ကို လက်ဖြင့် ယူလိုက်ရာ လွှစာအတွင်းမှ လက်ခနဲ အရောင်ထွက်သောပစ္စည်းတစ်ခုကို တွေ့မြင်ရလေ၏။

မောင်ပန်းအေးသည် လက်တွင်းမှ လွှစာမှုန့်များကိုဖယ်၍ လက်နေသောပစ္စည်းများကို ယူလိုက်ရာ မြင်းစီးတံဆိပ် ရွှေဒင်္ဂါး ဖြစ်ကြောင်း တွေ့ရှိရတော့၏။

"ရွှေဒင်္ဂါး"

မောင်ပန်းအေးသည် ယောင်၍အော်လိုက်လေ၏။

"နှိုက် . . . နှိုက် . . . နှိုက် . . . နှိုက်ပါဦးကွ"

ဟု တက်မကိုင်က ပြောသဖြင့် မောင်ပန်းအေးလည်း သစ်သားကျိုး၍နေသော နေရာမှ စည်အတွင်းသို့ နှိုက်ပြန်ရာ လွှစာမှုန့်ဖြင့် ရော၍ပါလာသော ရွှေဒင်္ဂါးသုံးပြားကို ရရှိပြန်၏။

"ရပြန်ပြီဗျို့"



www.burmeseclassic.com

www.burmeseclassic.com



ဟု မောင်ပန်းအေးက အော်လိုက်လျှင် တက်မကိုင် ကိုရွှေထစ်လည်း ထိုအပေါက်မှနှိုက်ပြန်၏။ လွှစာမှုန့်နှင့်အတူ ရွှေဒင်္ဂါးနှစ်ပြားကိုရသဖြင့် အိတ်ထဲသို့ ထည့်လိုက်လေ၏။

"ရွှေ . . . ရွှေ . . . ရွှေ . . . ရွှေချိုးဖြူသိုက်တော့ ပွင့် . . . ပွင့် . . . ပွင့် . . . ပွင့်ပြီဟေ့"

ကိုရွှေထစ်သည် ဝမ်းသာစွာ အော်လိုက်လေ၏။

"မရိုးဘူးထင်တယ် တက်မကိုင်ကြီး . . . ဒီစည်ကြီးဟာ မရိုးဘူး"

ဟု မောင်ပန်းအေးက ပြောလေ၏။

"ရိုးရိုး မရိုးရိုး ရိုးရိုး . . . ဟား . . . ဟား"

ကိုရွှေထစ်ကား လွန်စွာပျော်၍နေ၏။ ထိုအချိန်၌ ၎င်းတို့၏ ခေါင်းပေါ်ရှိ ဝမ်းပေါက်မှ လှေသူကြီး၏ဦးခေါင်း ပေါ်၍လာပြန်ကာ . . .

"ဘာတွေပြောနေကြတာလဲ၊ မရွှေးလား . . . ဘာမရွှေးလဲ၊ မန်းမရွှေးဆိုရင် ကျုပ်ဖို့လဲယူခဲ့၊ ရေနွေးကြမ်းနဲ့မြည်းမယ်"

ဟု ဆိုပြန်၏။

"သွား . . . သွား . . . သွားစမ်းပါ"

ဟု ကိုရွှေထစ်က ပြောလိုက်ရာ . . .

"သွား . . . သွား . . . သွား . . . သွားပါပြီဗျာ"

ဟု နောက်ပြောင်၍ ပျောက်ကွယ်သွားပြန်၏။





ကိုရွှေထစ်နှင့် မောင်ပန်းအေးတို့သည် စည်ကြီးအတွင်းသို့ တစ်ယောက်တစ်လှည့် နှိုက်ကြပြန်ရာ ရွှေဒင်္ဂါးများကို ရရှိကြပြန်၏။ မောင်ပန်းအေး၌ ရွှေဒင်္ဂါးဆယ်ပြား၊ ကိုရွှေထစ်၌ ရှစ်ပြား ရရှိကြပြီဖြစ်၏။

"ဒီစည်ကြီးတစ်ခုလုံးသာ ရွှေဒင်္ဂါးတွေဆိုရင် ပွတာပဲ"

ဟု မောင်ပန်းအေးက ပြောလိုက်လေ၏။

"အင်း . . . မင်း . . . မင်းပြောသလိုသာဖြစ်ရင် ဒီ . . . လှေ . . . လှေကြီးကို ငါ ဝယ် . . . ဝယ် . . . ဝယ်မယ်"

ဟု ကိုရွှေထစ်က ပြောပြန်၏။

"နှိုက်ပါဦးဗျ"

ဟု မောင်ပန်းအေးက ပြောလိုက်ပြန်ရာ ကိုရွှေထစ်သည် အပေါက်တွင်းသို့ လက်ကို ထိုးသွင်း၍ နှိုက်လိုက်ကာ လက်ကို ဆွဲထုတ်ပြီးနောက် လွှစာများကို ခါချလိုက်ရာ လက်အတွင်း၌ ထူးဆန်းသောအရာဝတ္ထုတစ်ခုကို တွေ့သဖြင့် ကိုရွှေထစ်သည်-

"အောင်မလေး . . ."

ဟုဆိုကာ လွှတ်ချလိုက်လေ၏။

"လက်ပြတ်ကြီးပါလား"

ဟု မောင်ပန်းအေးက ရေရွတ်လိုက်ပြီးနောက် . . .

"ဟာ . . . အရုပ်လက်ပါဗျ၊ မကြောက်ပါနဲ့"

ဟု ပြောလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"လူ . . . လူ . . . လူ . . . လူလက်ကွ"

မောင်ပန်းအေးသည် လက်ပြတ်ကို သူ၏ လက်ညှိုးဖြင့် ထိုး၍ကြည့်၏။ လက်ပြတ်မှာ မိန်းမတစ်ဦး၏လက်ဖြစ်ကြောင်း ထင်ရှားလှပေသည်။ လက်ချောင်းဏလေးများ သွယ်၏။ လက်သည်းကလေးများမှာလည်း ချွန်ချွန်ကလေးများဖြစ်ကြ၏။ လက်သူကြွယ်၌ စိန်လက်စွပ် တစ်ကွင်းပင် ဝတ်ဆင်ထားသေး၏။

"ဟုတ်တယ်ဗျို့ . . . လက်ပြတ်ကြီး၊ လာလာ၊ ဒီနေရာက မှောင်တယ်၊ ဝမ်းဗိုက်ပေါက်တည့်တည့်ကို သွားရအောင်"

ဟုဆိုကာ မောင်ပန်းအေးလည်း လက်ပြတ်ကို တုတ်ဖြင့် ကော်၍ ဝမ်းဗိုက်ပေါက်တည့်တည့်ဆီသို့ ရွှေ့လေ၏။

ကိုရွှေထစ်ကလည်း သစ်သားစည်ကြီးကို ဝမ်းဗိုက်ပေါက် တည့်တည့်ဆီသို့ လှိမ့်ခဲ့လေ၏။

"တခြားစည်တွေထက်ကြီးတယ်၊ စည်ရဲ့ထိပ်ဝအချင်းကိုက နှစ်ပေခွဲလောက်ရှိတယ်"

ဟုဆိုကာ စည်၏သံပတ်တွင်ချိတ်ဆွဲထားသော လေဘယ် ကတ်ပြားကို ကြည့်ရှုလေ၏။

ထိုကတ်ပြားမှာ . . . အလယ်တည့်တည့်တွင် မျဉ်းနက် တစ်ကြောင်းသား၍ မျဉ်း၏တစ်ဖက်၌ တင်ပို့သူ၏ လိပ်စာ ဖြစ်၏။ အခြားတစ်ဖက်၌ လက်ခံမည့်သူ၏လိပ်စာဖြစ်ပေသည်။





စည်၏ထိပ်ဘက်၌လည်းကောင်း၊ ဘေးဘက်၌လည်းကောင်း 'ပန်းပုရုပ်' ဟူသောစာကို ထုံးဖြင့်ရေးထားသေး၏။ ကတ်ပြား၏ နောက်ကျော၌လည်း ရာဘာတံဆိပ်ဖြင့် 'ပန်းပုရုပ်' ဟူသော စာကို နှိပ်၍ထားလေ၏။

ဂျင်းလေဘယ်ကတ်ပြား လိပ်စာမှာ အောက်ပါအတိုင်း ဖြစ်ပေသည်။

| | |
|---|---|
| မောင်ဉာဏ်လေး<br>အရိုးအိုးကြီး<br>တောင်ပြင်၊ မန္တလေး။ | ကိုရင်မောင်<br>၄၄၄၊ ဘုရတ်ကင်းလမ်း<br>ရန်ကုန်။ |

ဤသည်မှစ၍ မြန်မာပြည် စုံထောက်လောက၌ ပြော စမှတ် တွင်ရစ်သည့် လွန်စွာမှ လျှို့ဝှက်၍ လွန်စွာမှလည်း ဆန်းကြယ်လှသော လူသတ်မှုကြီးတစ်မှု ပေါ်ပေါက်ခဲ့လေတော့ သတည်း။

■



www.burmeseclassic.com

## အဂုံရတဲ့ လူတစ်ယောက်

အင်းစိန် စီအိုင်ဒီမှ စုံထောက်မင်းကြီး မစ္စတာ ကရစ်ပင်သည် သူ၏ စုံထောက်များကို ရုံးခန်းအတွင်းသို့ ခေါ်ယူ၍ အောက်ပါအမိန့်ရှယ်ရသော အင်္ဂလိပ်စကားကို ပြောလေ၏။

"ကဲ . . . လူကလေးတို့ စဥ့်အိုးတန်းဆိပ်ကမ်းမှာ ရောက်နေတဲ့ လှေကြီးပေါ်က သစ်သားစည်ကြီးထဲမှာ . . . မိန်းမတစ်ယောက်ရဲ့ အလောင်း ပါလာတယ်လို့ အခုပဲ တယ်လီဖုန်းရတယ်ဟေ့၊ အဲဒါကို တဆိတ်လောက် အမှုကို ရှုပ်သည်ထက်ရှုပ်အောင် လုပ်ပေးကြစမ်းပါဦး"

ဟု ခပ်ငေါ့ငေါ့ ပြောလေ၏။

ကျွန်ုပ်တို့ စုံထောက်များလည်း တစ်စုံတစ်ရာ ပြန်လည်ပြောဆိုခြင်းမပြုရဲဘဲ မင်းကြီး၏ရုံးခန်းမှ ထွက်၍လာခဲ့ကြပြီးလျှင် စဥ့်အိုးတန်းဆိပ်ကမ်းသို့ စီအိုင်ဒီမှကားနှင့်ပင်သွားရောက်ကြပြီး





'မဲကောင်ကြီး' အမည်ရှိလှေကြီးကို ရှာဖွေကြရာ လှေ၏ဦးခေါင်းပိုင်းတွင် ရေးထားသည့် လွန်စွာကြီးမားသော 'မဲကောင်ကြီး' ဟူသော စာလုံးကြီးကြောင့် ခက်ခဲစွာမရှာရဘဲ တွေ့ရှိကြလျှင် လှုပ်လီလှုပ်လဲ့နိုင်လှသော ကုန်းဘောင်ပျဥ်ပြားကို နင်းလျက် လှေကြီးပေါ်သို့ တက်ကြလေ၏။

လှေကြီးပေါ်သို့ရောက်လျှင် လွန်စွာကြီးမားသော သစ်သား စည်ကြီးတစ်လုံးနှင့် ပြန့်ကြဲလျက်ရှိသော အသက် ၄၀ ကျော်ခန့် အရွယ်ရှိ ဝတ်လစ်စလစ် အမျိုးသမီး တစ်ဦး၏ အလောင်းကို တွေ့ရလေ၏။

ထိုအခါ၌ စုံထောက် ကိုအောင်မြင့်က . . .

"ဖြူဖြူဖွေးဖွေး ရေဆေးငါးကြီးလိုပါပဲလား"

ဟု ပြောလိုက်ရာ စုံထောက် ကိုတင်ဝင်းက . . .

"ရေဆေးငါးကြီးက အရေးမကြီးဘူးဗျို့၊ ဒီအမှုမပေါ်ရင် ကျုပ်တို့အားလုံး ရေထဲဆင်းပြီး သေချင်စိတ်ပေါက်အောင်ကို မင်းကြီးက ဆူလိမ့်မယ်နော်"

ဟု ပြောလေ၏။

ကျွန်ုပ်တို့လည်း အမျိုးသမီးအလောင်းအနီးသို့ ချဥ်းကပ်၍ ကြည့်ရှုရာ သေဆုံးသူအမျိုးသမီးမှာ အင်္ဂလိပ်လူမျိုးဖြစ်ကြောင်း ၎င်း၏ မျက်လုံး၊ မျက်ခုံး၊ နှာတံတို့က ဖော်ပြလျက်ရှိပေသည်။

www.burmeseclassic.com



လက်တစ်ဖက်မှာ လက်ကောက်ဝတ်မှ တိတိရိရိ ပြတ်၍နေသည့်အပြင် ထိုလက်ပြတ်ကိုလည်း အလောင်း၏အနီး၌ တွေ့ရလေ၏။ လက်ပြတ်၌လည်း လွန်စွာ အရည်အသွေးကောင်းသည့် စိန်လက်စွပ်တစ်ကွင်းကို ဝတ်ဆင်ထားလေ၏။

"အမှုကတော့ သပွတ်အူပဲဗျို့၊ သစ်သားစည်ထဲမှာ ပါလာတဲ့ အမျိုးအမည်မသိတဲ့ မိန်းမတစ်ယောက်ရဲ့ အလောင်းကို ကြည့်ပြီး တရားခံကို ဘယ်လိုရှာရပါ့မလဲ"

ဟု စုံထောက်ဦးကိုကိုကြီးက ညည်းညူလိုက်ရာ စုံထောက်ကိုစိန်လှက . . .

"လွယ်ပါတယ်ဗျာ . . . ဟောဒီ သစ်သားစည်မှာပါတဲ့ လေဘယ်ကတ်ပြားက ပို့တဲ့လိပ်စာပါတယ်၊ လက်ခံမယ့်လိပ်စာလဲ ပါတယ်၊ လက်ခံမယ့်လူက ၄၄၄ ဘုရှုတ်ကင်းလမ်း၊ ပန်းပုဆိုင်က ကိုရင်မောင်တဲ့၊ ပို့တဲ့လူက ကိုညာဏ်လေး၊ အရိုးအိုးကြီး၊ တောင်ပြင် မန္တလေး တဲ့၊ ကဲဗျာ . . . ရှင်းနေတာပဲ၊ အဲဒီလူနှစ်ယောက်စလုံးကို ဖမ်းပြီး ရိုက်နှက်စစ်ရမှာပဲ"

ဟု ဆိုလေ၏။

ထိုအခါ၌ စုံထောက် ကိုတင်ဝင်းက . . .

"အဲဒီနှစ်ယောက်ကိုတင် ဖမ်းလို့မရသေးဘူးဗျ၊ လှေပိုင်ရှင်ကိုပါဖမ်းရမယ်၊ ပြီးတော့ ဟောဒီသစ်သားစည်ထဲမှာ အလောင်းပါလာတာကို စပြီး တွေ့တဲ့လူကိုလဲ ဖမ်းရမယ်၊ ဖမ်းပြီးမှ နည်းနည်းညှဉ်းပြီး မေးရမယ်"

ဟု ပြောပြန်လေ၏။



ကျွန်ုပ်လည်း အလောင်းကို ကြည့်ရှုနေရာမှ ကျွန်ုပ်၏ မိတ်ဆွေကြီး ဆားပုလင်းနှင်းမောင်ကို မျှော်မိလေ၏။

"အိုင်ဆေး ဦးအောင်သင်း၊ ကိုနှင်းမောင် ဘယ်ကိုသွားနေတာလဲဗျ၊ ဒီအမှုက သူလိုက်မှ ပေါ်မယ်ထင်တယ်၊ အခုလို သဲလွန်စပျောက်နေတဲ့ အမှုမျိုးကို ကွင်းဆက်ရှာတဲ့ နေရာမှာတော့ ဆားပုလင်း နှင်းမောင်ကို မီတဲ့လူ ကျုပ်ဖြင့် တွေ့ဖူးပေါင်ဗျာ"

ဟု ဦးကိုကိုကြီးက သူ၏ ကြီးမားကျယ်ပြန့်သော လက်ဝါးကြီးများအား ပွတ်ရင်း ကျွန်ုပ်အား ပြောလေ၏။

မှန်ပေသည်။ ဤအမှုမှာ လွန်စွာ စဉ်းစားရကြပ်လှပေသည်။ ဆားပုလင်းနှင်းမောင်မှသာ ဖော်နိုင်မည် ဖြစ်ကြောင်း ကျွန်ုပ်လည်း သိပေသည်။

"ကိုနှင်းမောင်က မနက်တုန်းကတော့ ကျုပ်ရုံးခန်းကို ဝင်လာသေးတယ်ဗျ၊ ကျုပ်ကို ပြောသွားတာတော့ စစ်ကဲမင်းကြီး ဦးဘိုးဟံသာရဲ့သား ဦးဘသန်း ဆိုတဲ့သူဆီကို သွားမယ် ပြောသွားတာပဲ"

ဟု ကျွန်ုပ်က ပြောလိုက်ရာ ဦးကိုကိုကြီးက . . .

"ဒီလူပါလာရင် သိပ်ကောင်းမှာပဲ"

ဟု ဆိုလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့လည်း . . . လူသေအလောင်းကို ဆက်လက်၍ စစ်ဆေးကြည့်ရှုကြလေ၏။ ထိုသို့ကြည့်ရှုနေစဉ်၌ပင် ကျွန်ုပ်တို့၏ စုံထောက်မင်းကြီး မစ္စတာ ကရစ်ပင်ပါ 'မဲကောင်ကြီး' လှေပေါ် သို့ ရောက်ရှိလာလေပြီးလျှင် ဝတ်လစ်စလစ် အင်္ဂလိပ်မ၏ အလောင်းကို တွေ့လျှင် မျက်လုံးပြူး၍သွားလေ၏။

"အိုး . . . ငရဲ၊ ဘယ်လိုဖြစ်တာလဲ၊ အင်္ဂလန်ကမိန်းမ အညာကပို့တဲ့ တင်လဲစည်ထဲကို ဘယ်လို ရောက်နေတာလဲ၊ လူကလေးတို့ ကြည့်ပြီးလုပ်ကြပါဦး . . . ငါတို့အင်္ဂလိပ်တွေကို သတ်နေကြပြီလား၊ ဒါနဲ့ နေပါဦး . . . ကျုပ်တို့ရဲ့ စီအိုင်ဒီက ဟီးရိုးကြီး ဆားပုလင်းနှင်းမောင်ကို မမြင်ပါလား၊ ဘယ်သွားနေပါလိမ့်"

ဟုအဓိပ္ပာယ်ရသော အင်္ဂလိပ်စကားဖြင့် ကျွန်ုပ်တို့အားလုံးကို ပြောလိုက်ရာ စုံထောက် ကိုအောင်မြင့်က . . .

"ဆားပုလင်းနှင်းမောင်ကတော့ ထုံးစံအတိုင်းပါပဲ"

ဟု ဆိုလျှင် မစ္စတာ ကရစ်ပင်က . . .

"ဘယ်လိုထုံးစံအတိုင်းလဲ"

ဟု မေးလိုက်ရာ ကိုအောင်မြင့်က . . .

"သူက ရုံးမှာ ရှိတာမှ မဟုတ်ဘဲ၊ သူ သွားချင်တဲ့ဆီကို လျှောက်ပြီးသွားနေတာပေါ့"





ဟု ဆားပုလင်းနှင်းမောင်အား သိသိသာသာကြီး ချောက်တွန်းလိုက်ရာ ကျွန်ုပ်နှင့် ဦးကိုကိုကြီးမှာ ဆားပုလင်းနှင်းမောင်အတွက် စိတ်မကောင်း ဖြစ်ကြရလေ၏။

"အမှန်ကတော့ တာဝန်ချိန်မှာ ကိုယ်သွားချင်တာသွားနေတာကိုတော့ အရေးယူသင့်တယ်လို့ ကျွန်တော်မျိုးတို့က အစီရင်ခံပါတယ်"

ဟု ကိုစိန်လှကပါ ဆားပုလင်းနှင်းမောင်အား ထပ်ဆင့်၍ ချောက်တွန်းလိုက်၏။ ဦးကိုကိုကြီးက . . .

"ဒါတော့ မကောင်းပါဘူးဗျာ၊ ကိုနှင်းမောင်ဟာ ခင်ဗျားတို့ကို ဘယ်တော့မှ အန္တရာယ်ပြုတဲ့လူလဲ မဟုတ်ပါဘူးဗျာ၊ ဘာဖြစ်လို့ ဒုက္ခပေးချင်တာလဲ"

ဟု ပြောရာ ကိုစိန်လှနှင့် ကိုအောင်မြင့်တို့က . . .

"ကျုပ်တို့က ဒီဆိပလင် (စည်းကမ်း) အတွက် ပြောတာပါ၊ အဖွဲ့အစည်းတစ်ခုမှာ ဒီဆိပလင်ဟာ ကျောရိုးပါပဲ"

ဟု ဆိုလေ၏။

ကျွန်ုပ်မှာမူ စိတ်မကောင်းဖြစ်လွန်းသဖြင့် တစ်စုံတစ်ရာ ဝင်ရောက်ပြောဆိုခြင်းမပြုနိုင်ဘဲ ရှိလေ၏။

"ကောင်းပါပြီ လူကလေး မောင်အောင်မြင့်၊ မောင်စိန်လှတို့ ပြောတဲ့အတိုင်း မှန်ပါတယ်၊ ဆားပုလင်းနှင်းမောင်ကို ကျွန်ုပ်



www.burmeseclassic.com

www.burmeseclassic.com



အရေးယူပါ့မယ်၊ အခုလို အရေးကြီးတဲ့လူသတ်မှုမျိုး ပေါ်ပေါက်နေတဲ့အခါမှာ ဆားပုလင်းနှင်းမောင်ကို ကျွန်ုပ်တို့က ဘယ်မှာလိုက်ရှာရမှာလဲ၊ ဒါဟာ သူ့မှာ အပြစ်ရှိပါတယ်၊ ကျွန်ုပ် အခုပဲ အရေးယူပါ့မယ်"

ဟု ပြောလိုက်ရာ ကျွန်ုပ်ရော ဦးကိုကိုကြီးပါ ကိုနှင်းမောင်အတွက် စိတ်မကောင်းဖြစ်ရလေ၏။

"အိုင်ပီရေ . . . ဒီအမှုကတော့ တော်တော်ကလေး နက်နဲတယ်ဗျို့"

ဟူသော အသံနှင့်အတူ ဆားပုလင်းနှင်းမောင်သည် လှေဝမ်းတွင်းမှ အပေါ်သို့တက်လာလေရာ ကျွန်ုပ်တို့အားလုံးသည် အံ့အားသင့်လျက် မျက်လုံးပြူး၍နေကြလေ၏။

ကိုနှင်းမောင်အား ချောက်တွန်း စကား ပြောခဲ့သော စုံထောက် ကိုအောင်မြင့်နှင့် ကိုစိန်လှတို့လည်း ပါးစပ်အဟောင်းသားနှင့် ရှိ၍နေလေ၏။ စုံထောက်မင်းကြီး မစ္စတာကရစ်ပင်က . . .

"ဘယ်လိုလဲ ဆားပုလင်းနှင်းမောင်၊ ဘယ်တုန်းက လှေရဲ့ ဗိုက်ထဲကို ရောက်နေတာလဲ၊ အံ့သြစရာပါပဲ"

ဟု ဆိုလေ၏။

"တင်လဲစည်ထဲကနေ မိန်းမတစ်ယောက်ရဲ့ အလောင်းပါလာတယ်ဆိုတာ ကြားတာနဲ့ ချက်ချင်းလာခဲ့တာပဲ"





ဟု ဆားပုလင်း နှင်းမောင်က ပြောလိုက်ရာ မစ္စတာကရစ်ပင်က . . .

"အထက်လူကြီးက မခိုင်းဘဲနဲ့ ကိုယ့်သဘောနဲ့ကိုယ်လာပြီး အမှုကို လှေ့လာနေတယ်ပေါ့"

ဟု ဆိုပြန်ရာ ဆားပုလင်းနှင်းမောင်က စီးကရက်တစ်လိပ်ကို မီးညှိလိုက်ပြီးလျှင် . . .

"အထက်လူကြီးကခိုင်းမှ လုပ်ရမှာ မဟုတ်ပါဘူး၊ သဲလွန်စပျောက်နေတဲ့ အမှုမျိုးကို ပေါ်ပေါက်အောင်လုပ်ပေးဖို့ တာဝန်ဟာ ကျုပ်ကိုမွေးစဉ်ကတည်းက ပါလာခဲ့တယ်"

ဟု မခိုးမခန့် ပြောလေသည်။

"ဘယ်လိုလဲ ဟိုက ငရဲနှစ်ကောင်၊ ဆားပုလင်းနှင်းမောင်ဟာ တာဝန်ကို မလေးစားဘူးဆို၊ သူ့ထက် တာဝန်ကို လေးစားတဲ့လူ ကျွန်ုပ်ရဲ့ တစ်သက်တာမှာ တစ်ခါမှ မတွေ့ဖူးသေးပါဘူး၊ မောင်မင်းတို့က ကျွန်ုပ်က သွားပါဆိုမှ သွားတယ်၊ ဆားပုလင်းနှင်းမောင်ကတော့ ကျွန်ုပ်ပြောဖို့ မလိုဘူး၊ သူ့ဘာသာ ဒီကို အစောကြီးရောက်နေတယ်၊ ကျွန်ုပ်ခိုင်းမှလုပ်တာ မဟုတ်ဘူး၊ မခိုင်းဘဲလုပ်တယ်၊ ဒါကြောင့် သူဟာ ကျွန်ုပ်ရဲ့ကျွန် မဟုတ်ဘူး၊ ကျွန်ုပ်လိုပဲ သခင်ဖြစ်တယ်၊ မောင်မင်းတို့သာ ကျွန်ုပ်က ခိုင်းမှ လုပ်တယ်၊ မခိုင်းရင် စီအိုင်ဒီရုံးမှာ မြည်းသတ္တဝါတွေလို ထုံထုံထိုင်းထိုင်းကြီး ရုံးချိန် ကုန်တဲ့အထိ ထိုင်နေတတ်ကြတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဆားပုလင်းနှင်းမောင်ကတော့ သခင်စိတ်ရှိတဲ့အတွက် လုပ်စရာ မရှိရင် သွားချင်တဲ့ဆီကိုသွားမယ်၊ လာချင်ရင်လာမယ်၊ လုပ်စရာ ရှိရင် လုပ်မယ်၊ လွတ်လွတ်လပ်လပ်နေတယ်၊ သိပ်ပြီးကောင်းတယ်၊ ကျွန်ုပ် သဘောကျတယ်"

ဟု ပြောလိုက်ရာ ကိုအောင်မြင့်နှင့် ကိုစိန်လှတို့သည် ဇက်ကလေးများ ပု၍သွားကြလေ၏။

"အိုင်ဆေး ကိုအောင်သင်း . . . ကိုနှင်းမောင်ကို ဒီလူနှစ်ယောက်က တယ်ပြီး မနာလိုဖြစ်ကြတာကိုးဗျ၊ အခွင့်ရတာနဲ့ တွန်းချတော့တာပဲဗျို့၊ ဒါပေမဲ့ ကိုနှင်းမောင်မှာက ဘုန်းရှိတယ်ဗျ၊ သူတို့ ဘယ်လောက်ပဲတွန်းတွန်း ကိုနှင်းမောင်ကို မထိဘူး၊ သူတို့ပဲ ထိတယ်ဗျ"

ဟု စုံထောက် အိုင်ပီဦးကိုကိုကြီးက ကျွန်ုပ်အား လက်တို့၍ အားရပါးရပြောပြီးလျှင် ဇက်ပု၍နေသော ကိုအောင်မြင့်နှင့် ကိုစိန်လှတို့ကိုကြည့်ကာ ရယ်မောလေ၏။

"အေးဗျို့၊ ဦးကိုကိုကြီးပြောမှ ကျုပ်ကလဲ ပြောရဦးမယ်၊ ကျုပ်တို့လူက အာစက်လျှာစက်လဲ တယ်ပြင်းတာကိုးဗျ၊ ခင်ဗျား ယုံနိုင်မလား မဆိုနိုင်ဘူး၊ တစ်ခါက လမ်းမတော်က လူမိုက်နှစ်ယောက်ဟာ သူ့ကို ဆားပုလင်း နှင်းမောင်မှန်း သိလို့ တစ်ယောက်က ဓားနဲ့၊ တစ်ယောက်က သံတုတ်နဲ့ မျက်နှာချင်းဆိုင်က လာတာကိုး"





ဟု ကျွန်ုပ်က ပြောလိုက်ရာ ဦးကိုကိုကြီးက သိချင်ဇောဖြင့် . . .

"လုပ်ပါဦးဗျ . . . ကျုပ်တို့လူက ဘယ်လိုလုပ်လိုက်သလဲ"

ဟု မေးလေ၏။

"တောက်တစ်ချက် ခေါက်ပြီး ဓားသမားရဲ့ မျက်နှာကို သေသေချာချာ ကြည့်လိုက်တာ အဲဒီကောင်ဟာ ဓားနဲ့ခုတ်ဖို့ နေနေသာသာ ဒူးတွေ တဆတ်ဆတ်တုန်ပြီး အည့်ခံတော့တာပဲဗျ၊ ဟိတ်ကတော့ တကယ်ကောင်းတဲ့လူဗျ"

ဟု ကျွန်ုပ်က ပြောလိုက်ရာ ဦးကိုကိုကြီးက . . .

"ဘုန်း ဘုန်း ဘုန်းရှိတာ"

ဟု ပြောလေ၏။

ထို့နောက် မစ္စတာ ကာရစ်ပင် ပြန်သွားလျှင် ကိုအောင်မြင့်တို့သည် တက်မကိုင် ရွှေထစ်နှင့် မဲကောင်ကုမ္ပဏီမှ ငွေကိုင်စာရေး မောင်ပန်းအေးတို့အား ဖမ်းဆီးလိုက်ပြီးလျှင် စတင်စစ်ဆေးလေ၏။ ကိုစိန်လှကမူ ဘရွတ်ကင်းလမ်း အမှတ် ၄၄၄ ရှိ ပန်းပုဆရာ ကိုရင်မောင်ကို ဖမ်းဆီးရန် ထွက်၍သွားလေ၏။

ကိုနှင်းမောင်မှာမူ သစ်သားစည်ကြီးကို လှည့်ပတ်ကြည့်ပြီးနောက် စည်၌ ချိတ်ဆွဲထားသော လေဘယ်ကတ်ပြားကို ဖြုတ်ယူ၍ သူ၏ အင်္ကျီအိတ်အတွင်းသို့ ထည့်လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် လက်ဝါးခန့်ရှိသည့် စာရေးစက္ကူစာအုပ်ကလေးကို ထုတ်၍ ခဲတံဖြင့် စာတစ်ကြောင်းနှစ်ကြောင်းခန့် ရေးခြစ်ပြီးလျှင် စာအိတ်၌ပိတ်လျက် လှေသူကြီးအား ခေါ်ယူကာ . . .

"ကဲ - လှေသူကြီး၊ ကျုပ်တို့မှာလဲ ခိုင်းရမယ့်လူ မပါဘူး၊ တဆိတ်လောက် ကူညီပါဦး၊ ခင်ဗျားတို့လှေပေါ်မှာဖြစ်တဲ့အမှု ဆိုတော့ အမှုမြန်မြန်ပေါ်လေ ခင်ဗျားတို့အဖို့ ကောင်းလေ ပေါ့ဗျာ၊ လွစ္စလမ်းထဲကိုသွား၊ လွစ္စလမ်းနဲ့ ဖရေဇာလမ်းထောင့် မှာ မြင်းရထားသမားတွေနဲ့ ဆိုက်ကားသမားတွေ ကျားကစား နေကြတာ တွေ့လိမ့်မယ်၊ အဲဒီမှာ ကျားကစားနေတဲ့ 'ရွှေဘဲလူး' ဆိုတဲ့ကုလားကို ဒီစာပေးလိုက်ပါ"

ဟု ဆိုကာ လွှတ်လိုက်လေ၏။

များမကြာမီ၌ လှေသူကြီး ပြန်၍လာလေ၏။ လှေသူကြီး ပြန်၍လာပြီး ရှေ့ဆင့်နောက်ဆင့်ဆိုသလိုပင် ပါးစပ်တစ်ခုလုံး၌ ရွှေသွားများ ပြည့်နေအောင် စိုက်၍ထားသည့် ထိပ်ပြောင်ပြောင် ကုလားတစ်ယောက် စီးကရက်ကိုခဲလျက် ရောက်ရှိလာပြီးလျှင် စာအိတ်အား ကိုနှင်းမောင်ထံသို့ ပြန်၍ပေးလေ၏။ ထိုစာအိတ်မှာ ကိုနှင်းမောင်က ရွှေဘဲလူးအား ပေးလိုက်သော စာအိတ်ဖြစ်ပေသည်။ အမှန်အားဖြင့် ရွှေဘဲလူးက ကိုနှင်းမောင်အား ပြန်၍ပေးစရာမလိုပေ။

ကိုနှင်းမောင်သည် ကျွန်ုပ်အား ထိုစာအိတ်ကိုပေး၍ . . .



"အိုင်ဗီ . . . စာအိတ်ကိုကြည့်ပြီး ထင်မြင်ချက်ပေးစမ်း ပါဦး"

ဟု ဆိုသဖြင့် ဖွင့်ထားသောစာအိတ်မှ စာရွက်ကို ထုတ်လိုက်ရာ ကိုနှင်းမောင် ရေးပေးလိုက်သည့် လက်တစ်ဝါးခန့် စာရွက်ကလေးဖြစ်၍ ထိုစာရွက်ပေါ်၌ ကိုနှင်းမောင် ခဲတံဖြင့် ရေးထားသော . . .

ဂိုးလ်ဒင်း ဘဲလူး

မဲကောင်ကြီး လှေပေါ်ကိုလာခဲ့ပါဦး၊ အရေးတကြီးကိစ္စ တိုင်ပင်စရာရှိလို့။

နှင်းမောင်

ဟူသော စာမှတစ်ပါး အခြားထူးခြားချက်ကို မတွေ့ရ သဖြင့် ကျွန်ုပ်က . . .

"ဘာမှမထူးပါဘူးဗျ . . . စောစောက ခင်ဗျားရေးပေး လိုက်တဲ့ စာပဲ"

ဟု ကျွန်ုပ်က ပြောလိုက်ရာ ကိုနှင်းမောင်က . . .

"အိုင်ဗီပြောသလို ဘာမှမထူးရင်တော့ ရွှေဘဲလူးက ကျုပ်ကို ဒီစာအိတ် ပေးစရာ အကြောင်းမရှိဘူးဗျ၊ သူ ပေးတာ ဟာ အကြောင်းရှိတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ဆိုသဖြင့် ကျွန်ုပ်လည်း စာအိတ်ကို ထပ်မံကြည့်ရှုသော်လည်း ထူးခြားချက်ကို မတွေ့သဖြင့် ...

"ကျုပ်ဖြင့် မပြောတတ်ပါဘူးဗျာ"

ဟု ဆိုလျှင် ကိုနှင်းမောင်က . . .

"မကြာခင် ဦးမဲကောင် ရောက်လာလိမ့်မယ်ဗျို့"

ဟု ပြောရှိမှ စကားမဆုံးသေးမီ၌ပင် မဲကောင်ကုမ္ပဏီသူဌေး ဦးမဲကောင် ခေါ် လွန်စွာထွားကျိုင်းသည့် လူမည်းကြီးတစ်ယောက်သည် ပိုးခေါင်းပေါင်းအနီ၊ ရွှေတောင်လုံချည်အနီနှင့် ရင်ဖုံးအင်္ကျီအဖြူတို့ကို ဝတ်ဆင်လျက် ရောက်ရှိလာလေ၏။

ကျွန်ုပ်တို့အနီးသို့ ထိုလူကြီး ရောက်လာလျှင် ကိုနှင်းမောင်က . . .

"ဟောဒါက စီအိုင်ဒီက အိုင်ပီ ဦးအောင်သင်းပါပဲ ဦးမဲကောင်၊ ဟောဒါက အိုင်ပီ ဦးကိုကိုကြီး၊ ဟောဒါက အိုင်ပီ ကိုတင်ဝင်း၊ ကျုပ်ကတော့ ဆားပုလင်းနှင်းမောင်ပါ"

ဟု ဦးမဲကောင်အား မိတ်ဆက်ပေးလိုက်ရာ ဦးမဲကောင်က . . .

"ဝမ်းသာလှသဗျာ၊ ကျုပ်ရဲ့လှေပေါ်မှာဖြစ်တဲ့ လူသေမှုကို အခုလို စုံထောက်တွေ စုံစုံညီညီနဲ့အတူ အလွန် အင်မတန်နာမည်ကြီးတဲ့ ဆားပုလင်း နှင်းမောင်ကပါ လာရောက်ပြီး





တက်တက်ကြွကြွ ဆောင်ရွက်ပေးတဲ့အတွက် တကယ့်ကို ဝမ်းသာလှတယ်"

ဟု ဖြူဖွေးလျက်ရှိသော သွားများကို ပေါ်အောင်ပြုံးလျက် ကျေးဇူးတင်စကား ပြောလေ၏။

"ဦးမဲကောင်ဟာ တကယ့်ကို လူကြီးလူကောင်း ပီသပါပေတယ်၊ ဒါပေမဲ့ သူတစ်ပါးရဲ့စာကို ခိုးဖောက်ပြီးဖတ်တဲ့အကျင့်ကိုတော့ ဖျောက်ပစ်လိုက်ပါဗျာ"

ဟု ကိုနှင်းမောင်က ပြောလိုက်ရာ ဦးမဲကောင်သည် မျက်လုံးပြူး၍သွားလေ၏။

"ကျုပ်လား . . . စာကို ခိုးဖောက်တတ်တာ"

ဟု ဦးမဲကောင်က ပြောလိုက်လျှင် ကိုနှင်းမောင်က ဆက်ပြောတော့ဘဲ ရွှေဘဲလူးဘက်သို့ လှည့်ကာ . . .

"ကိုးလ်ဒင်းဘဲလူး . . . ဦးမဲကောင်ကို ပြောပြလိုက်စမ်းပါ"

ဟု ဆိုလိုက်လျှင် ရွှေဘဲလူးက . . .

"လှေသူကြီးက စာကို လာပေးတော့ ကျုပ်က စာကိုယူပြီး ဖတ်ကတည်းက ဒီစာဟာ ကျုပ်ဆီကိုမရောက်ခင်မှာ ဆေးငုံတတ်တဲ့ လူတစ်ယောက် ဖောက်ပြီး ဖတ်ခဲ့တယ်ဆိုတာ ကျုပ် သိပါတယ်၊ စာအိတ်ကို တံတွေးနဲ့ ပြန်ပိတ်တဲ့အခါမှာ ဆေးငုံတဲ့လူဖြစ်တဲ့အတွက် ဆေးရွက်ကြီးစော် နံနေတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ဆားပုလင်းကိုသိအောင် ဒီရောက်ရောက်ချင်း စာကို ပြန်ပေးလိုက်တာပါ"

ဟု ပြောလိုက်ရာ ဦးမဲကောင်က လှေသူကြီး လာ၍ပြသဖြင့် စာကို ခိုး၍ဖတ်မိကြောင်း ဝန်ခံလေ၏။

"ဦးမဲကောင်ရဲ့ ကုမ္ပဏီနဲ့ ဆက်သွယ်တဲ့ ပွဲရုံတွေရဲ့ စာရင်းကို သိချင်ပါတယ်"

ဟု ကိုနှင်းမောင်က မေးလိုက်ရာ ဦးမဲကောင်က . . .

"ကျုပ်ရဲ့ရုံးကို လိုက်ခဲ့ရင် စာရင်းရနိုင်ပါတယ်"

ဟု ပြောလေ၏။

"ရွှေပြည်စိုးပွဲရုံ ၈၈-အထက်ပုဇွန်တောင်၊ ရွှေဗဟိုရ်ပွဲရုံ ၇၈၉ ဒါလဟိုဇီလမ်း၊ ရွှေဥဒေါင်းပွဲရုံ ၃၉ ဘုန်းကြီးလမ်း၊ ၈၀၂ ဒါလဟိုဇီလမ်းက ပွဲစားကြီး ဦးမောင်ငယ်၊ ၈၁၀ က အိမ်ဟုတ်ပွဲရုံ၊ ၈၀၇ က ဒေါ်လှခင်-ဒေါ်မြမြပွဲရုံ၊ ၇၈၊ ၉ လမ်းက မောင်ပွင့်ကောင်း ပွဲရုံ၊ ၆၀၂ ကမ်းနားလမ်းက နေနဲ့လ ပွဲရုံ ၆၁ ဘုန်းကြီးလမ်းက ရွှေမင်းသားပွဲရုံ၊ ၇၀ ဘုန်းကြီးလမ်းက ရွှေဟင်္သာပွဲရုံ၊ ၁၄ လမ်းက ရွှေမေတ္တာပွဲရုံနဲ့ အောင်ဇေယျပွဲရုံ ဆိုတဲ့ စာရင်းထဲမှာ ဦးမဲကောင်နဲ့ မဆက်သွယ်တဲ့ပွဲရုံ ဘယ်နှရုံ ရှိပါသလဲ"



ဟု ကိုနှင်းမောင်က အလွတ်ရွတ်ဆိုပြလိုက်ရာ ဦးမဲကောင်က ကိုနှင်းမောင်အား ပါးစပ်အဟောင်းသားနှင့် ငေး၍ကြည့်နေပြီးနောက် -

"အာဂလူပါပဲ"

ဟု ချီးကျူးလေ၏။ ထို့နောက် ကိုနှင်းမောင်က ဦးမဲကောင်အား . . .

"လက်သမားလုပ်ငန်းတွေနဲ့ကော ဦးမဲကောင် အဆက်အသွယ် လုပ်ရပါသလား။ လုပ်ရရင် ဘယ်လက်သမားအလုပ်ရုံတွေနဲ့ လုပ်ရပါသလဲ"

ဟု မေးရာ ဦးမဲကောင်က . . .

"၈၃ - ၃၂ လမ်းက ဘုံဘေဘားမား၊ ၂၃၁ ပန်းဆိုးတန်းက ချန်ဝါး၊ ၁၆၁ စပတ်လမ်းက အီစတင်း၊ ၂၅၇ စပတ်လမ်းက ချိုင်းနား၊ ၁၁၈ ဘရုတ်ကင်းက ယူဟာဂျီ၊ ၁၈၁ ဘားလမ်း နေရှင်နယ်၊ ၂၈၈ ပန်းဆိုးတန်းက အဲဟိန်၊ ၂၈၀ ပန်းဆိုးတန်းက အတွိုင်း၊ ၂၃ လမ်းက အနွန်၊ ၃၉၃ စပတ်လမ်းက မိလင်"

ဟု ဦးမဲကောင်က ရွတ်ဆိုပြရာ ကိုနှင်းမောင်က . . .

"၂၇၆ ပန်းဆိုးတန်း အဝိန်၊ ၂၅၄ ပန်းဆိုးတန်း အဝိန်၊ ၁၈၉ ဘားလမ်းက အိုရီယင့်၊ ၂၁၀ - ၂၃ လမ်းက အနွန်နဲ့ ဦးမောင်ကြီး ပရိဘောဂ ၃၃ လမ်း ဆိုတာတွေ ကျန်နေပါလား"

ဟု ပြောလိုက်ရာ ဦးမဲကောင်က . . .

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါရဲ့ . . . ကျုပ်ပြောတဲ့အထဲမှာ ကျန်နေတယ်၊ ဆားပုလင်း နှင်းမောင်ကတော့ အလုံးစုံ အာဂုံရပါပေတယ်၊ အာဂလှူပါပဲဗျ၊ ဒီအမှုကို ပေါ်အောင် ဖော်နိုင် မဖော်နိုင်ပဲ စောင့်ကြည့်ရတော့မှာပါပဲ"

ဟု ခနဲ့တဲ့တဲ့ ပြောဆိုလေ၏။

ထို့နောက် ရင်ဖုံးအင်္ကျီအတွင်းမှ ဆေးရွက်ကြီးဘူးကို ထုတ်ယူကာ ဆေးရွက်ကြီးကို ကိုက်ဖဲ့၍ ငုံလေတော့၏။ ဆားပုလင်းနှင်းမောင်သည် ဦးမဲကောင်အား မခိုးမခန့်ကြည့်ရှု၍ ခပ်ထေ့ထေ့ကလေး ပြုံးကာ . . .

"ကျုပ်လိုက်ခဲ့တဲ့အမှုမှာ တရားခံ မပေါ်ဘူးဆိုတာ မရှိသေးဘူး"

ဟု ပြောလိုက်လေ၏။

ဦးမဲကောင်လည်း ဆင်ကြီးတစ်ကောင်၏ လှုပ်ရှားမှုမျိုးဖြင့် တလှုပ်လှုပ်နှင့် ကျွန်ုပ်တို့အနီးမှ ထွက်ခွာသွားလေတော့၏။

ဦးမဲကောင် ထွက်သွားလျှင် ရွှေဘဲလူးက အင်္ဂလိပ်မ၏ အလောင်းကို သေသေချာချာ ကြည့်ရှုပြီးလျှင် -

"မြန်မာပြည်မှာရှိတဲ့ မျက်နှာဖြူတော်တော်များများနဲ့ သူတို့ဆွေမျိုးတွေကို ကျုပ် မသိတာ မရှိသလောက်ပါပဲ၊ ဒါပေမဲ့ ဒီမျက်နှာဖြူမကိုတော့ ကျုပ် မသိပါလား"

ဟု ဆိုလေ၏။





"ရုပ်ကတော့ အင်္ဂလိပ်မ စစ်စစ် မဟုတ်ဘူးဗျ၊ ပြင်သစ်ချက်နှာမျိုး"

ဟု ဦးကိုကိုကြီးက ပြောလိုက်လျှင် ဆားပုလင်းနှင်းမောင်က -

"ဟုတ်တယ် ဦးကိုကိုကြီး၊ ပြင်သစ်ကပြားနဲ့တူတယ်ဗျ"

ဟု ဆိုလေ၏။ ထို့နောက် ကျွန်ုပ်တို့သည် အလောင်းကို ဓာတ်ပုံရိုက်ယူပြီးနောက် ရင်ခွဲရုံသို့ ပို့လိုက်ကြလေ၏။ ရွှေဘဲလူးဆိုသည့် ကုလားလည်း ပြန်၍သွားလေ၏။

ကျွန်ုပ်၊ ဦးကိုကိုကြီးနှင့် ကိုနှင်းမောင်တို့သည် အတူတကွ မဲကောင်ကြီးလှေ့ပေါ်မှ ဆင်းခဲ့ကြပြီးလျှင် ကာကာ လက်ဖက်ရည်ဆိုင်တစ်ဆိုင်၌ ဝင်ရောက်၍ လက်ဖက်ရည်သောက်နေကြစဉ်၌ပင် ရွှေဘဲလူး ဆိုသည့်ကုလား ပြန်လည်ရောက်လာကာ အောက်ပါအတိုင်း ပြောလေ၏။

"ပြင်သစ်က ရတနာကုန်သည် မစ္စစမစ်ဗျို့၊ ဟောဒီမှာ သူ့ရဲ့ဓာတ်ပုံ"

ဟု ဆိုကာ ကျွန်ုပ်တို့ရှေ့သို့ ဓာတ်ပုံတစ်ပုံ ချ၍ပြသဖြင့် ကြည့်ရှုလိုက်ရာ သစ်သားစည်ကြီးနှင့် ပါလာသည့် မိန်းမအလောင်းနှင့် တစ်ထေရာတည်း တူသော ဓာတ်ပုံဖြစ်နေကြောင်း အံ့ဩဖွယ်ရာ တွေ့ရှိကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျန်းမာရေးဌာနက သွားပြီး ယူခဲ့တာ မဟုတ်လား ဂိုးလ်ဒင်းဘဲလူး၊ နိုင်ငံခြားက ဝင်လာတဲ့လူတွေကို ဆေးစစ်ပြီး မှတ်တမ်းတင်တဲ့ ကျန်းမာရေးမှတ်တမ်းဌာနက ဂျူးလူမျိုးကြီး ဘွန်ရိုးဆီက မဟုတ်လား"

ဟု ကိုနှင်းမောင်က ပြောလိုက်ရာ ရွှေဘဲလူးက သူ၏ ရွှေသွားများကို ဝင်းခနဲနေအောင် ပြုံးပြလိုက်ပြီးနောက် -

"နိုင်ငံခြားသား အဝင်အထွက်ကို ခြေရာခံတဲ့နေရာမှာ အဲဒီနေရာက ခြေရာခံတာ အသေချာဆုံးပဲဗျ၊ အဲဒီမှာက ကိုယ်တွင်းမှာရှိတဲ့ အမှတ်အသားကစပြီး ဘွန်ရိုးက ပြောပြနိုင်တာကိုး"

ဟု ပြောပြီးလျှင် လက်ဖက်ရည်ကျကျတစ်ခွက်ကို မှာယူသောက်သုံးပြီးနောက် နှုတ်ဆက်ကာ ထွက်သွားလေတော့၏။

"အိုင်ပီ ... အမှုကတော့ တော်တော်ကိုရှုပ်ထွေးနေပြီဗျို့၊ အဲဒီတော့ သေဆုံးသူ မစ္စစမစ်ရဲ့ နောက်ကြောင်း ရာဇဝင်ကို သိဖို့ ပထမ စုံစမ်းရလိမ့်မယ်၊ အဲဒီအလုပ်ကတော့ သိပ်ပြီး မခက်ပါဘူး၊ ပုလိပ်ရုံးကြီးမှာ မြန်မာပြည်မှာ နေထိုင်သွားဖူးတဲ့ မျက်နှာဖြူတွေရဲ့စာရင်း သီးသန့်လုပ်ထားတာရှိတယ်၊ ခေတ္တလာရောက်လည်ပတ်တဲ့ မျက်နှာဖြူတွေရဲ့ ရာဇဝင်ကိုလဲ ပြုစုထားတာရှိတယ်"

ဟုဆိုကာ ကိုနှင်းမောင်လည်း ကျွန်ုပ်နှင့် လမ်းခွဲကာ ဘဲလူးနှင့်အတူ လက်ဖက်ရည်ဆိုင်အတွင်းမှ ထွက်၍သွားလေ၏။





ထိုအခါ၌ ဦးကိုကိုကြီးက ...

"ဦးအောင်သင်းရေ ... ရွှေဘဲလူးဆိုတဲ့ ကုလားဟာ တယ်ပြီးတော်ပါလားဗျ၊ ချက်ဆို သူကသိနေတာပဲ၊ စာအိတ်ကို လမ်းမှာ ဦးမဲကောင် ခိုးပြီးဖောက်တာလဲ သူက သိနေတယ်၊ အခုလဲ ကြည့်စမ်း၊ ကျန်းမာရေးဌာနက သေဆုံးသူ မစ္စစမစ်ရဲ့ ဓာတ်ပုံကို ရအောင်ယူလာခဲ့တယ်၊ အာဂလူပဲဗျို့"

ဟု ဆိုလေ၏။

"အေးဗျ ... အပြင်မှာက ကျုပ်တို့စုံထောက်တွေထက် စုံထောက်တဲ့အလုပ်မှာ ပါရမီဓာတ်ခံရှိတဲ့လူတွေ အပုံပဲဗျ၊ အဲဒီလူတွေ အားလုံးကိုလဲ ကျုပ်တို့ ကိုနှင်းမောင်က အကုန်သိတာပဲဗျို့၊ ပြီးတော့ သူ့နေရာနဲ့သူ အသုံးချတော့တာပဲ"

ဟု ကျွန်ုပ်က ပြောလိုက်ရာ ဦးကိုကိုကြီးက -

"ဆားပုလင်း နှင်းမောင်ကိုတော့ မပြောနဲ့လေ၊ သူကမှ တကယ့်ကို အာဂလူဗျ၊ ဟား ... ဟား"

ဟု ပြောဆိုရယ်မောလေတော့၏။

■



www.burmeseclassic.com

www.burmeseclassic.com

### လေဘာယ်ကက်မှလိပ်စာ

မဲကောင်ကြီးလေ့ပေါ်၌ အင်္ဂလိပ်မတစ်ဦး၏အလောင်းကို တွေ့ပြီး သုံးရက်မြောက်သောနေ့၌ ကျွန်ုပ်နှင့် ဆားပုလင်းနှင်းမောင်တို့သည် လသာလမ်းဂါတ်သို့သွားရောက်၍ စုံထောက်ကိုအောင်မြင့် ဖမ်းဆီးထားခဲ့သော မဲကောင်ကုမ္ပဏီမှ ငွေကိုင်စာရေး မောင်ပန်းအေးနှင့် မဲကောင်ကြီးစက်လှေ တက်မကိုင်ကိုရွှေဟာစ်ကို သွားရောက်တွေ့ဆုံကြလေ၏။

လသာလမ်းဂါတ်သို့ ကျွန်ုပ်တို့ ရောက်ရှိသည့် အချိန်၌ စုံထောက် ကိုအောင်မြင့်နှင့် ကိုစိန်လှတို့လည်း ရောက်ရှိနေကြပြီးလျှင် ရာဇဝတ်အုပ် ကိုဖေသန်း၏ စားပွဲ၌ထိုင်ကာ ငွေကိုင်စာရေး မောင်ပန်းအေး၏ ထွက်ချက်များကို ရေးမှတ်နေလေ၏။ စားပွဲပေါ်၌လည်း ရွှေဒင်္ဂါး ၁၈ ပြားကို တွေ့မြင်ရလေ၏။

"ဟဲ ဟဲ . . . ဒီအမှုကိုတော့ ကျုပ်တို့အရင်ဖော်နိုင်လိမ့်မယ်ဗျို့၊ ညက ကျုပ်ကိုယ်တိုင်လာပြီး ငွေကိုင်စာရေး ပန်းအေးနဲ့ ရွှေဟာစ်ရဲ့ ခြေသလုံးကို မြင်းလုံးနဲ့လှိမ့်ပြီး စစ်လိုက်တာ ရွှေဒင်္ဂါး





၁၈ ပြားတော့ ထုတ်ပေးပြီဗျို့၊ ဟဲ ဟဲ . . . ပြီးတော့ ဘရုတ်ကင်းလမ်း ပန်းပုဆိုင်က ပန်းပုဆရာ ရင်မောင်ကိုလဲ ဖမ်းခိုင်းလိုက်ပြီ၊ လူသေအလောင်းပါတဲ့ စည်ကြီးက သူ့လိပ်စာနဲ့ ပို့လိုက်တာပဲ၊ ဒီကောင့်ကိုလဲ ခြေသလုံးကို မြင်းလုံးနဲ့လှိမ့်မယ်၊ မရရင် ကျဉ်စက်နဲ့ တို့မယ်၊ အဲဒါမှ မဖော်ရင် စိမ်းစားငံပြာရည်ကို ဖျော်ပြီး တိုက်မယ်"

ဟု လူလူချင်း အကြင်နာမဲ့ရမည့်အလုပ်မျိုးကို အားရပါးရ ပြောနေသဖြင့် ကျွန်ုပ်သည် မကြားချင်ဟန်ပြု၍ နေရလေတော့၏။

များမကြာမီ၌ပင် . . . ဘရုတ်ကင်းလမ်းမှ ပန်းပုဆရာ ကိုရင်မောင် ဆိုသူအား ကိုစိန်လှသည် ပုလိပ်တစ်ယောက်နှင့် အတူ ဖမ်းဆီး၍လာလေ၏။ စုံထောက် ကိုအောင်မြင့်သည် ကိုရင်မောင်ကို တွေ့သည်နှင့် တစ်ပြိုင်နက် . . .

"ရင်မောင်ရေ . . . အမှန်အတိုင်းပြောနော်၊ မပြောရင်တော့ နာမယ်"

ဟုဆိုကာ ကြိမ်းမောင်းပြီးလျှင် အချုပ်ခန်းအတွင်းသို့ သွင်းလိုက်လေတော့၏။

ကိုနှင်းမောင်လည်း မောင်ပန်းအေးနှင့် ရွှေဟာစ်တို့အား အနည်းငယ် မေးမြန်းပြီးနောက် -

"ဦးအောင်မြင့်ရေ . . . တဆိတ်ကလေး လမ်းလွဲနေတယ်ဗျာ၊ အခု ခင်ဗျားတို့ ဖမ်းထားတဲ့ လူတွေဟာ အမှုနဲ့



www.burmeseclassic.com

www.burmeseclassic.com

ဘယ်လိုမှ မပတ်သက်တဲ့ လူတွေ ဖြစ်နေတယ်၊ ဟောဒီဟာ သစ်သားစည်ကြီးမှာ ချိတ်ဆွဲပို့လိုက်တဲ့ လေဘယ်ကတ်ပြား"

ဟုဆိုကာ အောက်ပါအတိုင်း ရေးထားသည့် လေဘယ်ကတ်ပြားကို စားပွဲပေါ်သို့ ပစ်ချပေးလိုက်လေ၏။

| | |
|---|---|
| မောင်ဉာဏ်လေး<br>အရိုးအိုးကြီး<br>တောင်ပြင် မန္တလေး။ | ကိုရင်မောင်<br>၄၄၄၊ ဘရုတ်ကင်းလမ်း၊<br>ရန်ကုန်။ |

ကိုအောင်မြင့်လည်း ကိုနှင်းမောင် ချပေးသော လေဘယ်ကတ်ပြားကို ကြည့်ပြီးနောက် ဘောင်းဘီအိတ်အတွင်းမှ သူ၏ မှတ်စုကိုထုတ်၍ လှန်လှောကာ တိုက်ဆိုင်ကြည့်ပြီးနောက် -

"ဟုတ်ပါတယ်၊ အဲဒီလေဘယ်ကတ်ကို ဟိုတစ်နေ့တည်းက ကျုပ်ရဲ့မှတ်စုမှာ ကူးပြီးသားပါ၊ ဒါကြောင့် ရင်မောင့်ကို ဖမ်းခိုင်းလိုက်တာပေါ့"

ဟု ဆိုလေ၏။

"မဟုတ်ဘူး ဦးအောင်မြင့်၊ လေဘယ်ကတ်ကို သေသေချာချာ ကြည့်စမ်း၊ အလယ်က မျဉ်းကြောင်းနေရာကနေ ဒီဘက်က ကိုရင်မောင် ၄၄၄၊ ဘရုတ်ကင်းလမ်း၊ ရန်ကုန် ဆိုတဲ့ စာကို ထပ်ပြီးကပ်ထားတာဗျ၊ ဟောဒီမှာကြည့်"





ဟုဆိုကာ ကတ်ပြား၏ အလယ်မျဉ်းကြောင်းနေရာအား ပင်အပ်ဖြင့်ထိုး၍ လှန်လိုက်ရာ ကိုရင်မောင်၏လိပ်စာအောက်တွင် . . .

မောင်ဆု၊ ကံထရိုက်တာ
ရွှေတိဂုံဘုရားလမ်း

ဆိုသောစာကို တွေ့ရလျှင် စုံထောက်ကိုအောင်မြင့်သည် ထိုင်ရာမှ ဖြုတ်ခနဲထ၍ -

"အဲဒီမောင်ဆုကို ဖမ်းပြီးစစ်ရမှာပေါ့ဗျ၊ ကဲ . . . ကိုစိန်လှရေ . . . မောတယ် ပန်းတယ်လို့ သဘောမထားပါနဲ့၊ ရွှေတိဂုံဘုရားလမ်းက မောင်ဆုကို ဖမ်းပေးပါဦး၊ ရိုက်တဲ့ တာဝန်ကိုတော့ ကျုပ်တာဝန်ထားစမ်းပါ"

ဟု ဆိုလိုက်ရာ စုံထောက် ကိုစိန်လှလည်း ကံထရိုက်တာ မောင်ဆုအား ဖမ်းဆီးရန်အတွက် ထွက်သွားလေတော့၏။ ထိုအခါ၌ ကိုနှင်းမောင်က -

"မသွားပါနဲ့ ဦးစိန်လှ၊ ကံထရိုက်တာ မောင်ဆု အိမ်နိယကို ဘုရားဖူးသွားတယ်၊ ကျုပ် စုံစမ်းပြီးပါပြီ၊ ကျုပ် ပြောချင်တာက တော့ ထစ်ခနဲဆို လူတွေကိုဖမ်းပြီး ရိုက်နှက် ညှဉ်းပန်းတဲ့



www.burmeseclassic.com

www.burmeseclassic.com



အလုပ်ကို မလုပ်ဖို့ပါပဲ၊ အမှုနဲ့မဆိုင်တဲ့လူတွေကို ရိုက်မိရင် သူတို့ခမျာမှာ အလွန်ပဲ နစ်နာပါတယ်"

ဟုဆိုကာ ဂါတ်အတွင်းမှ ထွက်ခဲ့လေ၏။ ကျွန်ုပ်လည်း ၎င်းနှင့်အတူ လိုက်ပါခဲ့လေတော့၏။ လမ်းသို့ရောက်လျှင် ကျွန်ုပ်က -

"ဘယ်လိုလဲ ကိုနှင်းမောင်"

ဟု မေးလိုက်ရာ ကိုနှင်းမောင်က . . .

"အမှုကတော့ သပွတ်အူလောက် ရှုပ်တဲ့ အမှုမျိုးပဲဗျ၊ အသတ်ခံရတဲ့ အင်္ဂလိပ်မဟာ မစ္စစမစ်လို့ သိရတယ်၊ သူက လွန်ခဲ့တဲ့အနှစ် ၂၀ ကျော်လောက်က မြန်မာပြည်မှာနေဖူးတယ်၊ အဲဒီတုန်းက မျက်နှာဖြူ ဘီအိုစီ အရာရှိကြီးတစ်ယောက်ရဲ့ဇနီးအဖြစ်နဲ့ နေခဲ့ဖူးတယ်၊ နောက်တော့ အင်္ဂလန် ပြန်သွားတယ်၊ သူ့ယောက်ျားတော့ မရှိတော့ဘူး၊ သူ့ယောက်ျားမရှိတဲ့နောက်မှာ ပြင်သစ်မှာနေပြီး ရတနာကုန်သည်လုပ်နေတယ်၊ အခု မြန်မာပြည် ပြန်လာတာကလဲ အလွန်အင်မတန်ရှားပါးတဲ့ ပတ္တမြားကြီးတစ်လုံးကို ဝယ်ယူဖို့လာတာလို့ သိရတယ်၊ သူ့ရဲ့အလောင်းနဲ့အတူ တွေ့ရတဲ့ ရွှေဒင်္ဂါးပြားတွေဟာ ပြင်သစ်က ယူလာတဲ့ ရွှေဒင်္ဂါးတွေပဲ၊ ဘာပဲဖြစ်ဖြစ်လေ . . . အမှုကတော့ ပေါ်မှာပါ၊ ကျုပ်စိုးရိမ်နေတာက အမှုတွေ မပေါ်ခင်မှာ လူသတ်မှုတွေ





ထပ်ပြီးဖြစ်လိမ့်မယ်လို့ ကျုပ်တော့ထင်တယ်၊ ဒီအတွက် စိုးရိမ်ရတယ်"

ဟု ဆိုလေ၏။ ထို့နောက် သင်းကြိုင် ဆိုသည့် ပုလိပ်ကလေးရှိရာ တာမွေဂါတ်သို့သွားပြီးလျှင် ၎င်း၏ အထက်အရာရှိထံ၌ ခွင့်တောင်းကာ သင်းကြိုင်အား ခေါ်ယူလေ၏။ သင်းကြိုင်လည်း ကျွန်ုပ်တို့နှင့်ပါ၍လာလျှင် အနီးအနား လက်ဖက်ရည်ဆိုင် တစ်ဆိုင်၌ ဝင်ရောက်၍ လက်ဖက်ရည်သောက်ကြလေ၏။ ထိုအခါ၌ ကိုနှင်းမောင်က -

"သင်းကြိုင်ရေ . . . မန္တလေးကို ဒီနေ့ပဲ သွားပေတော့၊ မန္တလေးရောက်ရင် ဗလီတွေ အားလုံးကို လျှောက်ပြီးသွား၊ ဘယ်ဗလီလဲတော့ မပြောနိုင်ဘူး၊ ဗလီနဲ့ အနီးဆုံး လက်သမားရုံတွေကို စုံစမ်း၊ ဘယ်လိုပစ္စည်းတွေလုပ်တယ်၊ ပိုင်ရှင်တွေဟာ ဘယ်သူဘယ်ဝါဖြစ်တယ်ဆိုတာ စုံစမ်းပေတော့"

ဟု ဆိုလေ၏။ သင်းကြိုင်သည် ဦးခေါင်းကို တငြိမ်ငြိမ်တုတ်ရင်း -

"မန္တလေးမှာက ဗလီဘယ်နှလုံးရှိသလဲ . . . ဆရာ ကိုနှင်းမောင်"

ဟု မေးလေ၏။

"အားလုံး ဗလီ ၆၄ လုံး ရှိတယ်ကွ၊ လိုက်ပြီး ရေးသားပေးတော့၊ ချမ်းအေးသာစံက ဂျွန်းဗလီ၊ ချမ်းအေးသာစံ အလယ်ပိုင်းမှာ အမြော်တန်းဗလီ၊ ပြီးတော့ ရှုအာဗလီ၊ တိုက်တန်းဗလီ၊



www.burmeseclassic.com

www.burmeseclassic.com



အနောက်ကုန်းရိုးဗလီ၊ ဈေးချိုနားမှာက ဆူရတီဗလီ၊ မဂ်လာဝင်း အထဲမှာ မဂ်လာဗလီ၊ စစ်ကိုင်းတန်းဝင်းထဲမှာ စစ်ကိုင်းတန်း ဗလီ၊ သူဌေးတန်း ဗလီ၊ ပြည်ကြီးကျက်သရေ ရပ်ထဲမှာပဲ ကျောက်ဗလီ၊ ပုလဲငွေရောင်မှာက ဟိန္ဒူစတန်နီဗလီ၊ အရှေ့ပြင် မှာက ရွာသာဗလီ၊ ဆုတောင်းပြည့်ဘုရားနားမှာ အရှေ့ကုန်း ဗလီ၊ ကဥ္စနမဟီရပ်မှာက တပါယ်ဗလီ၊ တောင်ပလ္လူဝင်းထဲမှာ တောင်ပလ္လူဗလီ၊ လှိုင်းတက်ဝင်းထဲမှာ လှိုင်းတက်ဗလီ၊ ဈေးချို တောင်ဘက်မှာ ဆင်ကျုံးဗလီ၊ ဆိုင်းတန်းမှာ ဆိုင်းတန်းဗလီ၊ ဒေဝန်းမှာ ဒေဝန်းဗလီ၊ စိန်ပန်းရပ်မှာက စိန်ပန်းဗလီ၊ ရတနာဘုမ္မိအနောက်ပိုင်းမှာ ရတနာပုံဗလီ၊ အရှေ့အချုပ်ဝင်း ထဲမှာက အရှေ့အချုပ်ဗလီ၊ စကြာနွယ်စဉ်ရပ်မှာ စကြာနွယ်စဉ် ဗလီ၊ နန်းတွင်းက နန်းတွင်းဗလီ"

စသည်ဖြင့် မန္တလေးမြို့ရှိ ဗလီများကို နှုတ်တိုက်ပြောပြ လေ၏။ ကျွန်ုပ်လည်း ကိုနှင်းမောင်၏ မှတ်ဉာဏ်များကို မချီးကျူးဘဲ မနေနိုင်အောင် ရှိလေတော့၏။

"မှတ်ဉာဏ် တယ်ပြီး ကောင်းတာကိုး"

ဟု ကျွန်ုပ်က ပြောရာ ကိုနှင်းမောင်က -

"မှတ်ပုံမှတ်နည်း တတ်လို့ပါ၊ ဉာဏ်ကောင်းလို့ မဟုတ် ပါဘူး"

ဟု ပြောလေ၏။





"ဘယ်လို မှတ်ပုံမှတ်နည်းလဲ ကိုနှင်းမောင်"

ဟု ကျွန်ုပ်က မေးလေ၏။

"ဒီလိုဗျာ . . . အခု ကျုပ်တို့သုံးယောက် ဗလီအကြောင်း ပြောဆိုနေကြတာ လက ဖေဖော်ဝါရီလ ဆိုပါတော့၊ အဲဒါကို မှတ်မိအောင် မှတ်မယ်ဆိုရင် ကျုပ်က ဒီလိုမှတ်တယ်၊ ကုလား သားအဖသုံးယောက်လို့ မှတ်လိုက်တယ်၊ ကုလား ဆိုတာနဲ့ ဗလီ လို့ မှတ်မိတယ်၊ သားအဖ ဆိုတာနဲ့ သားရယ် အဖေရယ်ကို သတိရမယ်၊ အဖေဆိုတာနဲ့ ဖေဖော်ဝါရီလကို ပြန်ပြီးစဉ်းစားလို့ ရမယ်၊ ဒီနည်းက ပြောပြရင် ရယ်စရာကြီးပဲ၊ ဒါပေမဲ့လို့ မှတ်တဲ့ နည်းကတော့ အကောင်းဆုံးပဲ"

ဟု ကိုနှင်းမောင်က ရှင်းပြလေ၏။

"အဟုတ်ပဲလားဗျာ၊ ခင်ဗျားမှတ်တဲ့နည်းကလဲ အဆန်း ပါလား"

ဟု ကျွန်ုပ်က ပြောလိုက်ရာ ကိုနှင်းမောင်က -

"မယုံရင် စမ်းကြည့်ပါလား"

ဟု ဆိုသဖြင့် ကျွန်ုပ်လည်း ဒိုင်ယာရီစာအုပ်ကိုထုတ်၍ လှန်ကာ -

"ကဲဗျာ . . . ဖောက်ထွင်းဝိဇ္ဇာ ကျွဲကို ကျုပ်နဲ့ ခင်ဗျား ခမ်းတဲ့နေ့ကို ပြောစမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com

ဟု ပြောလိုက်ရာ ကိုနှင်းမောင်က -

"မတ်လ ၄ ရက်နေ့ ၁၂ နာရီပါဗျာ"

ဟု ဖြေလိုက်ရာ ကျွန်ုပ်က -

"ဘယ်လိုမှတ်သလဲ"

ဟု မေးရပြန်၏။

"နွေခေါင်ခေါင် နေပူကျဲကျဲ ကျွဲစီးပြီး လေးကိုင်ထားတဲ့ အရုပ်မျိုး မှတ်ထားလိုက်တယ်၊ နွေခေါင်ခေါင်က မတ်လပေါ့ဗျာ၊ နေပူကျဲကျဲက နေ့ ၁၂ နာရီပေါ့၊ လက်ထဲမှာပစ်တဲ့ လေးကိုကိုင်ထားတာက ၄ ရက်နေ့ဆိုတာကို မှတ်မိတာပေါ့၊ ကျွဲစီးထားတာကတော့ ငကျွဲကို ဖမ်းတဲ့ အထိမ်းအမှတ်ပေါ့ဗျာ"

"သိပ်ဟုတ်တဲ့နည်းပဲ ကိုနှင်းမောင်"

ထိုအချိန်၌ ပုလိပ်ကလေးတစ်ယောက် ကျွန်ုပ်တို့ထံသို့ ရောက်လာပြီးလျှင် ကိုနှင်းမောင်အား စာရွက်တစ်ရွက်ကို ထုတ်ပေးလေ၏။ ကိုနှင်းမောင်သည် ထိုစာရွက်ကို ဖတ်ကြည့်ပြီးနောက် ကျွန်ုပ်အား ပေးသဖြင့် ကျွန်ုပ်လည်း ဖတ်ကြည့်ရာ ဆေးရုံကြီးမှ ဆေးစစ်ချက်စာရွက်ဖြစ်ကြောင်း တွေ့ရသည်နှင့် မစ္စစမစ်၏ အစာအိမ်၌ ပြင်းထန်သော အဆိပ်တစ်မျိုး တွေ့ရကြောင်း ရေးထားသည်ကို တွေ့ရလေတော့၏။

"ဲဲ . . . သင်းကြိုင်ရေ၊ မန္တလေးကို သွားပေတော့"





ဟုဆိုကာ စေလွှတ်လိုက်သဖြင့် သင်းကြိုင်လည်း ထွက်၍ သွားလေတော့၏။

"အိုင်ပီရေ . . . အမှုကတော့ သိပ်ပြီးအရေးကြီးနေပြီဗျ၊ ဒီတော့ သေနတ်ကိုတော့ အမြဲဆောင်ပေတော့ဗျို့"

ဟု ကျွန်ုပ်၏ မိတ်ဆွေကြီး ဆားပုလင်းနှင်းမောင်က သတိပေးလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com

## ထူးဆန်းသောအားပြောင်နှင့် အဝိုးတန်သော (ဘ) ရှစ်လုံး

တစ်နေ့သ၌ ကျွန်ုပ်နှင့် ကျွန်ုပ်၏ မိတ်ဆွေကြီး ဆားပုလင်းနှင်းမောင်တို့သည် ဘရာမင် အသက်သတ်လွတ် ထမင်းဆိုင်၌ ညစာစားသောက်ကြပြီးလျှင် . . . မောင်ဂိုမာရီလမ်းအတိုင်း လမ်းလျှောက်လာခဲ့ကြလေ၏။

ဆူးလေဘုရားလမ်းသို့ ရောက်သည့်အခါ၌ တရုတ်နှစ်သစ်ကူးသည့် အချိန်အခါ ဖြစ်သည့် အားလျော်စွာ' တရုတ်နဂါး ကသောအဖွဲ့သည် 'တုံချမ်း တုံချမ်း' ဟူသော တရုတ်ဆိုင်းသံများ မပြတ်တမ်း ဖြစ်ပေါ်စေလျက် တရုတ်နဂါးကြီးကို လူးလိမ့်၍ ကပြနေလေ၏။ တရုတ်နဂါးကြီးမှာ သူ၏ထုံးစံအတိုင်း ခေါင်းကလေး အနည်းငယ် ယမ်းလိုက်သည်နှင့် အမြီးမှာ သွက်သွက် ခါအောင်ယမ်း၍သွားတတ်သည်ဖြစ်ရာ အဝေးမှ ကြည့်မြင်ရသူ အဖို့ လွန်စွာကြီးမားသော မြွေကြီးတစ်ကောင် လူးလွန့်နေသည်နှင့် တူလှပေ၏။





တရုတ်နဂါး၏ ရှေ့မှလည်း ပတ္တမြားနှင့် လွန်စွာတူသော မီးပုံးနီနီကလေးတစ်လုံးသည် ဟိုမှဒီမှ ရွေ့လျားရှိနေလေ၏။ တရုတ်နဂါးကြီးက ပတ္တမြားလုံးကလေးကို လိုက်၍ ဖမ်းသည့်အလား ပတ္တမြားလုံးကလေး၏ နောက်မှနေ၍ လူးလွန့်ကာ လိုက်နေလေ၏။

ကျွန်ုပ်သည် တရုတ်နဂါး က,သည်ကိုကြည့်၍ ကျွန်ုပ်၏ မိတ်ဆွေကြီး ဆားပုလင်းနှင်းမောင်အား . . .

"အိုင်ဆေး ကိုနှင်းမောင်၊ တယ်ပြီးလှပါလားဗျ၊ တရုတ်နဂါးကြီးကလဲ တကယ် အသက်ရှိတဲ့အတိုင်းပဲဗျာ၊ သဘာဝကျလှချည်လား၊ တရုတ်နဂါးကတဲ့ တရုတ်တွေ တော်တယ်ဗျာ၊ တစ်ယောက်နဲ့တစ်ယောက် မတိုက်မိအောင် ရှောင်ပြီး ပြေးကနေလိုက်ကြတာ"

ဟု ပြောလိုက်လေ၏။

"တရုတ်နဂါးကတဲ့ တရုတ်ကလေးတွေက သိပ်ပြီး သွက်လက်တယ်ဗျ၊ များသောအားဖြင့် တရုတ်သိုင်းတတ်တဲ့ သိုင်းသမားကလေးတွေဗျ၊ နဂါးကပြီးရင် သိုင်းကစား ပြကြလိမ့်ဦးမယ်"

ဟု ကိုနှင်းမောင်က ကျွန်ုပ်အား ရှင်းပြလေ၏။

ကိုနှင်းမောင်၏စကားမှာ မှန်လှပေ၏။ တရုတ်နဂါးအက ပြီးသည့်နောက် တရုတ်အမျိုးသားကလေးများ သိုင်းကစားပြကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"အိုင်ဆေး . . . မဆိုးဘူးဗျ၊ ဒီကောင်လေးတွေ တယ်ပြီး သိုင်းကစားတော်ပါလား"

ဟု ပြောလိုက်လေ၏။ ကျွန်ုပ်တို့လည်း စကားတပြောပြော နှင့်ပင် သိုင်းကစားနေသောသူများ၏အနီးမှ ဖြတ်၍လျှောက် သွားကြလေ၏။ သိုင်းသမားများမှာ တစ်ဦးက လှံရှည်ကြီးဖြင့် ထိုးသည်ကို တစ်ဦးက ကျွမ်းပစ်၍ ရှောင်တိမ်းလိုက်ပြီးလျှင် လှံရှည်သမားအား ကိုင်ပေါက်လိုက်၊ တရုတ်ဓားကြီးဖြင့် အသည်း ယားဖွယ်ကောင်းသော သိုင်းအတတ်ပညာများကို ပြသနေသဖြင့် ကျွန်ုပ်သည်ပင် သိုင်းတတ်လိုစိတ်များ တဖွားဖွား ပေါ်ပေါက်၍လာလေ၏။

ထိုအချိန်၌ ခါးမှာ အဝတ်နီကိုပတ်၍ ချည်ကာ နဖူး၌ လည်း အဝတ်နီ စည်းထားသော သိုင်းကစားဝိုင်း၏ အပြင်၌ ရပ်နေသည့် သိုင်းသမားတစ်ဦးက ကျွန်ုပ်ကို ကျော်လျက် ကိုနှင်းမောင်၏ ဝမ်းဗိုက်ဆီသို့ တစ်စုံတစ်ခုဖြင့် ဝင်၍ထိုးလိုက် ရာ ကျွန်ုပ်သည် မျက်လုံးပြာဝေလျက် ဟိုက်ခနဲ အံ့အားသင့်ကာ ကြက်သေသေ၍သွားလေ၏။ ဒီတစ်ခါဖြင့် ကိုနှင်းမောင်တော့ ကိုယ်ကျိုးနည်းရှာပြီဟု ထင်မှတ်မိလေတော့၏။ သို့ရာတွင် ကျွန်ုပ်ထင်သည့်အတိုင်း ဖြစ်မလာကြောင်းကို အံ့အားသင့်ဖွယ် ရာ တွေ့ရှိရလေ၏။





ခေါင်းစည်း၊ ခါးစည်းအနီ သိုင်းသမားက ကျွန်ုပ်အား ကျော်လျက် ဟိုင်းဟု အော်ဟစ်ကာ ကိုနှင်းမောင်၏ ဝမ်းဗိုက် ဆီသို့ တစ်စုံတစ်ခုဖြင့် ထိုးလိုက်သည့်အခါ၌ ကိုနှင်းမောင်သည် ရှောင်သည်ဆိုရုံကလေး ဆတ်ခနဲ ရှောင်တိမ်းလိုက်ပြီးလျှင် သိုင်းသမား၏လက်ကို ဆွဲလိမ်၍ ဒူးခေါက်ခွက်ကို ဆောင့်ပြီး နင်းလိုက်ရာ သိုင်းသမားသည် ကတ္တရာလမ်းပေါ်၌ မှောက် လျက်သား လဲကျသွားလေ၏။

"ဆရာ . . . ဆရာ . . . ကျွန်တော် အန်းကောက်ပါ"

ဟု သိုင်းသမားက ကပျာကယာအော်ဟစ်လေ၏။ ထိုအခါ ကျမှပင် ဖနောင့်တစ်ချက် ထပ်၍ သွင်းမည်ဟု ချိန်ရွယ်ထား သော ကိုနှင်းမောင်၏ ခြေထောက်သည် ပြန်၍ချလိုက်ပြီးလျှင် တတ္တရာလမ်းပေါ်မှ အန်းကောက်အား ဆွဲ၍ထူလိုက်လေ၏။

"လက်ထဲမှာ ဘာမှ မပါပါဘူး ဆရာ ကိုနှင်းမောင်ရဲ့၊ လက်ချည်းသက်သက်နဲ့ ဆရာ့ဗိုက်ကိုထိုးပြီး ကျီစားလိုက်တာပါ၊ ဆရာကိုနှင်းမောင်က တယ်ပြီးမြန်တာကိုး"

ဟု သိုင်းသမား အန်းကောက်က သူ၏ဒူးကို ပွတ်ရင်း ကိုနှင်းမောင်အား ချီးကျူးလိုက်လေ၏။

ကိုနှင်းမောင်သည် စီးကရက်ကိုမီးညှိရင်း အန်းကောက် ကို ကြည့်ကာ ပြုံးလိုက်လေ၏။ အန်းကောက်က ဒူးကိုပွတ်ရင်း-



www.burmeseclassic.com

www.burmeseclassic.com



"ဆရာကိုနှင်းမောင် . . . အလုံ သစ်တောလမ်းမှာ ဦးပေသီး ရောက်နေတယ်၊ သူ့တပည့်တွေနဲ့ ပြန်ပေါင်းမိပြီး စည်စည်ကားကား သိုက်သိုက်ဝန်းဝန်းပဲ"

ဟု ပြောလိုက်ရာ ကိုနှင်းမောင်က -

"အဲဒီသတင်း ရပြီးပါပြီကွ"

ဟု ပြန်ပြောလိုက်လေ၏။

"မဟုတ်ဘူး . . . ဦးပေသီး ပြန်ရောက်နေတာက မဆန်းပါဘူး၊ ဆန်းတာတစ်ခု ရှိနေတယ်"

"ဘယ်လိုဆန်းတာလဲကွ၊ မုတ်ဆိတ်မွေး ဖြူဖြူရှည်ရှည်ကြီးနဲ့ တရုတ်အဘိုးအိုကြီးနောက်ကို သူ့လူတွေနဲ့ ခြေရာခံပြီး လိုက်နေတဲ့ သတင်းလား"

ဟု ကိုနှင်းမောင်က ပြောလိုက်ရာ တရုတ်သိုင်းသမားလေး အန်းကောက်က ခါးညွတ်လျက် အရိုအသေပေးပြီးလျှင်-

"ဆရာကိုနှင်းမောင် မသိတာ ဘာများကျန်ပါသေးသလဲဗျာ၊ ကဲ . . . ကျွန်တော်သွားမယ်"

ဟု ဆိုကာ အပြေးကလေး ထွက်၍သွားလေ၏။

ထိုအခါ၌ ကျွန်ုပ်က ဆေးတံအိုး၌ ဆေးဖြည့်ရင်း -

"ဒီကောင်လေးလုပ်လိုက်ပုံက အလန့်တကြားဗျာ၊ ရင်ထဲမှာ ထိတ်ခနဲ ဖြစ်သွားတာပဲ၊ အိုင်ဆေးတော့ ခံလိုက်ရပြီ မှတ်နေတာ"





ဟု ပြောလိုက်ရာ ကျွန်ုပ်၏မိတ်ဆွေကြီးက သူ၏ထုံးစံအတိုင်း မခိုးမခန့်ကလေးပြုံး၍ ကျွန်ုပ်အား ကြည့်လိုက်လေ၏။ သူ၏အကြည့်မှာ "စိတ်ချလက်ချ နေစမ်းပါဗျာ၊ ကျုပ်ကို ဒီလိုလာစမ်းလို့ ဘယ်ရပါ့မလဲ၊ ကျုပ်နာမည် နှင်းမောင်" ဟူသော အဓိပ္ပာယ်များ တသီတတန်းကြီး ပါရှိလေတော့၏။

ကျွန်ုပ်က ဆေးတံကိုခဲလျက်၊ ကိုနှင်းမောင်က စီးကရက်ကို နှုတ်ခမ်းဖျား၌တေ့လျက် လျှောက်လာခဲ့ကြရာ စကော့ဈေးရှေ့သို့ ရောက်ရှိခဲ့ကြလေ၏။ ထိုနေရာ၌ ကျွန်ုပ်တို့သည် တက္ကစီတားတစ်စီးကို ရပ်၍ စောင့်ကြလေ၏။ ထိုသို့ စောင့်ဆိုင်းနေစဉ်၌ ကျွန်ုပ်က -

"အန်းကောက်ပြောသွားတဲ့ ဦးပေသီး ဆိုတာက ဘယ်သူလဲဗျ"

ဟု မေးမြန်းမိလေသည်။

"ဦးပေသီး ဆိုတာ ဦးပေသီးပေါ့ဗျာ၊ ညဏ်နီညဏ်နက်အများဆုံး လူမိုက်ကြီးပေါ့၊ အစိုးရက ရှမ်းပြည်နယ်ဘက်ကို နယ်နှင်ဒဏ်ပေးထားတာ ကြာပြီဗျ၊ သူ့ဆီမှာရှိတဲ့ ကောင်တွေကလဲ တကယ့်ကို သတ်ရဲဖြတ်ရဲတဲ့ ကောင်တွေချည်းပဲ အိုင်ဗီ"

ဟု ကိုနှင်းမောင်က ပြောရင်း သူ၏ စီးကရက်တိုကို အောက်သို့ပစ်ချ၍ နင်းချေပစ်လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ နေစမ်းပါဦး . . . သူတို့ မုတ်ဆိတ်မွေးရှည်ကြီးနဲ့ တရုတ်အဘိုးကြီးတစ်ဦးရဲ့နောက်ကို နောက်ယောင်ခံပြီးလိုက်နေကြတယ်ဆို၊ အဲဒီ တရုတ်အဘိုးကြီးက ဘာလဲဗျ၊ ဘာလုပ်ကြမလို့လဲဗျ"

ဟု ကျွန်ုပ်က မေးလိုက်ရာ ကိုနှင်းမောင်က -

"အိုင်ပီရဲ့ စကားတွေမှာ ဘယ်သူလဲ၊ ဘာလဲ၊ ဘာလုပ်ကြမလို့လဲနဲ့ ဘကုန်းတွေ များလှချည်လား၊ ဟဲ . . . ဟဲ . . . အမှန်ကတော့ ကျုပ်တို့ စီအိုင်ဒီကလူတွေက ကကြီးခကွေး ဗျည်း ၃၃ လုံးမှာ ဗျည်း ၃၂ လုံးကို မေ့ချင်မေ့လို့ရမယ်၊ ဘကုန်းဆိုတဲ့ ဗျည်းကိုတော့ ဘယ်တော့မှ မေ့လို့ရကြမှာမဟုတ်ဘူး၊ အမှုတစ်ခုဖြစ်လို့ စုံစမ်းပြီဆိုရင် ဘကုန်းရှစ်လုံးကို အမြဲတမ်း အသုံးပြုခဲ့ကြရတယ် အိုင်ပီ"

"ဘကုန်းရှစ်လုံး . . . ဟုတ်လား၊ ဘယ်လိုလဲဗျ၊ ကျုပ်ဖြင့် သတိမပြုမိပေါင်ဗျာ၊ ပြောစမ်းပါဦး ကိုနှင်းမောင်"

"ဒီလိုလေ အိုင်ပီ . . . (၁) ဘာမှုလဲ၊ (၂) ဘယ်သူလဲ၊ (၃) ဘယ်နေရာမှာလဲ၊ (၄) ဘယ်အချိန်ကလဲ၊ (၅) ဘာနှင့်လဲ၊ (၆) ဘယ်လိုလုပ်ခဲ့သလဲ၊ (၇) ဘာကြောင့်လဲ၊ (၈) ဘယ်သူပါသေးသလဲ ဆိုတဲ့ ဘကုန်းရှစ်လုံးကို အသုံးပြုခဲ့ရတယ် မဟုတ်လား၊ ဟဲ . . . ဟဲ . . . အဲဒီ ဘကုန်းရှစ်လုံးကို လင်္ကာလေးတောင် ကျုပ်က အပျင်းပြေ စပ်ထားလိုက်သေးတယ်"



"လုပ်စမ်းပါဦး ကိုနှင်းမောင်"

"ဘာမှု၊ ဘယ်သူ
ဘယ်မှာ၊ ဘယ်တော့
ဘာနှင့်၊ ဘယ်လို
ဘာကြောင့်၊ ဘယ်သူပါသလဲ
သိအောင်ကွဲ၊ အဲဒါ စုံထောက်ဗွဲ"

ဟု ကိုနှင်းမောင်က ရွတ်ဆိုပြလိုက်လေ၏။

"အဲဒီလင်္ကာကို စီအိုင်ဒီအဝင်ဝက 'ချူတံဆိပ်ကြီး' နေရာမှာ ချိတ်ထားဖို့ ကောင်းတယ်ဗျ"

ဟု ကျွန်ုပ်က ပြောလိုက်ရာ ကိုနှင်းမောင်က ကျွန်ုပ်အား ပြုံး၍ကြည့်လိုက်ပြီးလျှင် -

"အိုင်ပီရေ . . . သိပ်ပြီး ရှုပ်ထွေး နက်နဲတဲ့ အမှုကြီးတစ်မှုတော့ လိုက်ကြရဦးမယ်ဗျို့"

ဟု ပြောလိုက်လေ၏။ ကျွန်ုပ်က -

"ဘာကြောင့်လဲ ကိုနှင်းမောင်"

ဟု မေးလိုက်ရာ ကိုနှင်းမောင်က -

"ဟောဟို . . . စကော့ဈေးထောင့် အုတ်တိုင်ဘေးကနေ ကျုပ်တို့ကို ချောင်းနေတဲ့ လူနှစ်ယောက်ကို တွေ့သလား"

ဟု ပြောသဖြင့် ကျွန်ုပ်လည်း လှမ်း၍ ကြည့်လိုက်ရာ လူနှစ်ယောက်၏ ဦးခေါင်းအစွန်းများကို မသဲမကွဲ တွေ့မြင်ရလေ၏။

www.burmeseclassic.com



"အိုင်ဆေး . . . ကျုပ်မှာ သေနတ်ပါတယ်ဗျ၊ ဒီကောင်တွေကို ဖမ်းရအောင်"

ဟု ပြောလိုက်သော်လည်း ကိုနှင်းမောင်က ကျွန်ုပ်၏ အကြံပေးချက်ကို အသိအမှတ်မပြုဘဲ မောင်းလာသော တက္ကစီကားပေါ်သို့ တက်သွားသဖြင့် ကျွန်ုပ်လည်း လိုက်၍တက်ရလေ၏။

ကျွန်ုပ်တို့ လိုက်ပါခဲ့သော ကားသည် မဂိုလမ်းအတိုင်း မောင်းနှင်ခဲ့ရာ မဂိုလမ်းနှင့် ဖရေဇာလမ်းသို့ရောက်လျှင် ကားကို ရပ်ခိုင်း၍ ကားပေါ်မှဆင်းသဖြင့် ကျွန်ုပ်လည်း လိုက်၍ဆင်းရလေ၏။ ထို့နောက် ကိုနှင်းမောင်သည် မဂိုလမ်းအတိုင်း စကော့ဈေးဘက်သို့ ပြန်၍လျှောက်လေ၏။ ကျွန်ုပ်လည်း ၎င်း၏နောက်မှ ခပ်သုတ်သုတ် လိုက်ပါခဲ့ရလေ၏။ ခိုဂျာဗလီအနီးသို့ ရောက်လျှင် ကိုနှင်းမောင်သည် တိုက်လေ့ကားတစ်ခုပေါ်သို့ တက်၍ ပုန်းကွယ်နေသဖြင့် ကျွန်ုပ်လည်း လိုက်၍ပုန်းကွယ်ရပြန်၏။ ထိုအခါ၌ စကော့ဈေးအတွင်းမှ ကျွန်ုပ်တို့အား ချောင်းမြောင်းကြည့်ရှုလျက်ရှိသော လူဆိုးနှစ်ဦးသည် ကျွန်ုပ်တို့ တက္ကစီကားနှင့် ပါ၍သွားပြီဟု စိတ်ချယုံကြည်လျက် ထွက်၍ လျှောက်လာရာ အနီးသို့ ရောက်သည်နှင့် တစ်ပြိုင်နက် ကိုနှင်းမောင်သည် ထိုသူနှစ်ဦးထံသို့ပြေးသွားကာ နှစ်ဦးစလုံးအား လက်သီးနှစ်လုံးဖြင့် တစ်ပြိုင်တည်းထိုးချလိုက်ရာ လူဆိုး





နှစ်ဦး၏မေးမှ ခွပ်ဟူသော အသံသည် တစ်ပြိုင်နက်တည်း ဖြစ်ပေါ်ပြီးလျှင် လဲကျသွားလေတော့၏။

ထို့နောက် လူဆိုးနှစ်ဦးအား ခြေထောက်မှ တရွတ်တိုက်၍ ဆွဲသွားပြီးလျှင် အနီးရှိတိုက်မှ သံတံခါး၌ အသင့်ပါလာသော လက်ထိပ်အား လျှိုလျက် လူဆိုးနှစ်ဦး၏လက်ကို သံတံခါးဖြင့် ပူး၍ခတ်ထားပြီးလျှင် ထိုသူတို့အိတ်တွင်းမှ တစ်စုံတစ်ခုကို နှိုက်ယူ၍ -

"လာ . . . အိုင်ပီ"

ဟု ဆိုကာ မဂိုလမ်းအတိုင်း မောင်း၍လာသော တက္ကစီကားကို တား၍ ကားပေါ်သို့ တက်ခဲ့လေ၏။ ကားပေါ်ရောက်လျှင် ကားဒရိုင်ဘာအား -

"၂၉၅ ဘိုးလိမ်းလမ်းကိုမောင်းပါ"

ဟု ပြောပြီးလျှင် ကျွန်ုပ်ဘက်သို့လှည့်၍ -

"အိုင်ပီက အိမ်ကို ပြန်ရောက်တာနဲ့ မဂိုလမ်းဂါတ်ကို တယ်လီဖုန်းဆက်ပြီး လူဆိုးနှစ်ယောက်အကြောင်းကို ပြောပြလိုက်ပါ"

ဟုဆိုလေ၏။ ကိုနှင်းမောင်သည် အိမ်ရှေ့သို့ရောက်သည့် အခါ၌ ကားကိုရပ်စေ၍ ကျွန်ုပ်အား -

"သိပ်ထူးဆန်းပြီး လျှို့ဝှက်တဲ့အမှုကြီးဖြစ်မယ်ဗျို့၊ ဟောဒီမှာ လူဆိုးတွေဆီက နှိုက်ယူခဲ့တဲ့ မားမြှောင် အိုင်ပီ၊ ကြည့်ချင်ရင် ယူသွားဦးလေ"

www.burmeseclassic.com



ဟုဆိုကာ ဓားမြှောင်နှစ်လက်ကို ထုတ်၍ ကျွန်ုပ်အား ဓားမြှောင်တစ်လက်ကို ပေးလိုက်လေတော့၏။

ကျွန်ုပ်လည်း ကိုနှင်းမောင် ပေးလိုက်သော ဓားမြှောင်ကို အိမ်ထိအောင် မစောင့်နိုင်တော့ဘဲ ကားပေါ်၌ပင် ကားအတွင်းမီးကိုဖွင့်၍ ကြည့်လိုက်ရာ ဓားမြှောင်၏ ထူးဆန်းသောအဖြစ်ကို တွေ့ရလေတော့၏။ ဓားမြှောင်၏အရိုးမှာ ဇော်ဂျီလိုလို ရသေ့လိုလို မုတ်ဆိတ်မွေးရှည်ရှည်ရှိသည့် လူတစ်ယောက် ထိုင်၍နေပုံဖြစ်၏။ ဓားမြှောင်၏ အခွေး၌လည်း မိုးကြိုးဟု ယူဆရသည့် သတ္တုတစ်မျိုးဖြင့် ကွင်းကလေး ခုနစ်ကွင်း စွပ်၍ ထားလေ၏။ ဓားမြှောင်၏အသွားမှာ ခြောက်လက်မခန့် ရှိပေသည်။ အနောင့်ဘက်တွင်ရှိသော မျှော့ချောင်း ခေါ် လေဝင်ပေါက်၏ အထက်တွင် "ဇ" ဟူသော စာလုံးကလေးတစ်လုံး ထွင်း၍ထားသည်ကို တွေ့ရလေ၏။

ကျွန်ုပ်သည် ထိုဓားမြှောင်ကို ကြည့်ပြီးနောက် လွန်စွာ လျှို့ဝှက် ထူးဆန်းသော အမှုကြီးတစ်မှုနှင့် ရင်ဆိုင်ရဦးမည် ဟူသော ကိုနှင်းမောင်၏စကားကို အမှတ်ရမိလေတော့၏။

■



**စွန့်ကြုပ်ကလေး သဲလွန်စ**

နောက်တစ်နေ့၌ ကျွန်ုပ်နှင့် ကိုနှင်းမောင်တို့သည် စီအိုင်ဒီ ရုံး၌ တွေ့ဆုံကြလေ၏။ ကျွန်ုပ်က ကိုနှင်းမောင်ကို တွေ့လျှင် တွေ့ချင်း -

"ညက မဂိုလမ်းဂါတ်ကို ဟိုနှစ်ကောင် အကြောင်း ဘယ်လီဖုန်းဆက်ပြီး ပြောလိုက်သေးတယ်ဗျ"

ဟု ပြောလိုက်ရာ ကိုနှင်းမောင်က -

"အဲဒီနှစ်ကောင် သေပြီဗျ"

ဟု ပြောလိုက်လေ၏။

"ဟင် . . . ဟုတ်လား၊ ဘယ်တုန်းက သေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ည ၁၂ နာရီမှာ ကျုပ်စိတ်ထဲမှာ ထင်တာနဲ့ မဂိုလမ်းဂါတ်ကိုလိုက်သွားတော့ အချုပ်ထဲမှာ ဒီနှစ်ကောင်စလုံး အဆိပ်သောက်ပြီး သေလိုက်ကြပြီဗျ၊ ကျုပ်ဆီမှာရထားတဲ့ ဓားမြှောင်မှာတော့ 'အဲ' လို့ ရေးထားတယ်၊ အိုင်ပီကို ပေးလိုက်တဲ့ ဓားမြှောင်မှာတော"

ဟု မေးလေ၏။

"ကျုပ်ယူလာတဲ့ ဓားမြှောင်မှာက 'ဧ' လို့ ရေးထားတယ်ဗျ၊ အဲဒါ ဘာအဓိပ္ပာယ်လဲ ကိုနှင်းမောင်"

"ကျုပ်ထင်တာကတော့ ဒီကောင်တွေဟာ စနစ်တကျဖွဲ့ထားတဲ့ အဖွဲ့တစ်ခုက လက်ရင်းကျတဲ့ အဖွဲ့ဝင်တွေပဲဗျ၊ ကျုပ်စဉ်းစားကြည့်တာက အ၊ အာ၊ ဣ၊ ဤ၊ ဥ၊ ဦ၊ ဧ၊ အဲ၊ ဩ၊ ဪ၊ အံ့၊ အား ရယ်လို့ လက်ရင်းအဖွဲ့ဝင် ၁၂ ယောက်ရှိလိမ့်မယ်၊ ပြီးတော့ က၊ ခ၊ ဂ၊ ဃ၊ င ရယ်လို့ ဗျည်း ၃၃ လုံးအတိုင်း ၃၃ ယောက် ရှိလိမ့်မယ်၊ အဲဒီမှာ ငါးယောက်တစ်တွဲကို ရှေ့ဆုံးက စာလုံးကို ရထားတဲ့လူတွေက အုပ်ချုပ်လိမ့်မယ်ထင်တယ်၊ ဥပမာ က၊ ခ၊ ဂ၊ ဃ၊ င ဆိုတဲ့ ငါးယောက်မှာ 'က' ကို ဗိုလ်ခန့်မယ်၊ စ၊ ဆ၊ ဇ၊ ဈ၊ ည မှာ 'စ' ကို ဗိုလ်ခန့်မယ်ပေါ့ဗျာ"

ဟုကိုနှင်းမောင်က ရှင်းပြလေ၏။ ထို့နောက် ကိုနှင်းမောင်က ကျွန်ုပ်အား ခေါ်၍ အလုံ သစ်တောလမ်းဘက်သို့ သွားလေ၏။



လူစည်ကားလှသော အိမ်တစ်အိမ်ရှေ့သို့ ရောက်လျှင် ကိုနှင်းမောင်က ရှေ့မှဝင်မည်ပြုသဖြင့် ကျွန်ုပ်ကလည်း လိုက်၍ ဝင်ရလေ၏။

"ဘယ်သူ့အိမ်လဲ ကိုနှင်းမောင်"

"ဦးပေသီးရဲ့ အိမ်လေဗျာ"

"လူတွေစည်ကားလှချည်လားဗျ"

"သူ့ကို ယုံကြည်ပြီး . . . ကိုးကွယ်နေကြတဲ့ လူတွေလေ၊ ပြီးတော့ ဒီနေ့ဟာ အာစရိယပူဇော်ပွဲနေ့ဗျ"

ဟု ဆိုကာ လူအုပ်နှင့်အတူ ရောနှော၍ ဦးပေသီး၏ အိမ်တွင်းသို့ ဝင်၍သွားလေ၏။

ဦးပေသီးမှာ ပက်လက်ကုလားထိုင်ပေါ်၌ ကော်ဖောကြီးတစ်ချပ်ကိုခင်းလျက် ထိုင်နေ၏။ လူရည်လူသွေး သားသားနားနားနှင့် လူနှစ်ယောက်က ဦးပေသီး၏ ခြေသလုံးကို ဆုပ်နယ်၍ပေးနေကြလေ၏။

ကိုနှင်းမောင်က အနီးရှိ လူတစ်ဦးအား ခြေထောက်ကိုနှိပ်ပေးနေသူများအကြောင်းနှင့် ပတ်သက်၍ စပ်စုလိုက်ရာ ထိုသူက --

"ရုံးဝန်ထောက်တွေဗျ၊ ဘဘဘုရားရဲ့ တပည့်တွေ၊ ရာထူးတက်အောင်လို့ နှိပ်ပေးနေကြတာ"

ဟု ပြန်၍ဖြေသံကို ကြားရလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ဦးပေသီးက ကန်တော့ပွဲမှ ငှက်ပျောသီးများကို ချစေပြီးလျှင် တပည့်များအား တစ်လုံးစီဝေ၍ပေးလေ၏။

“မစားနဲ့ဦး . . . ကိုင်ထားကြ၊ ဘဘဘုရား ဒီကနေ့ မန်းပေးမယ်၊ ငှက်ပျောသီးဟာ အထဲမှာ အပိုင်းပိုင်းအထစ်ထစ် ပြတ်နေမှ မင်းတို့နဲ့ထိုက်တာ”

ဟု ဆိုကာ လေထဲတွင် ဖြတ်သည့်ဟန် ပြုလိုက်ပြီးနောက် တပည့်များအား စားတော့ဟုဆိုကာ စားခိုင်းလေ၏။

တပည့်များလည်း ငှက်ပျောသီးများကို အခွံနွှာလိုက်ရာ အတွင်း၌ အပိုင်းပိုင်း အတစ်တစ် ဖြစ်၍နေသည်ကိုတွေ့လျှင် ဦးပေသီးအား -

“တယ်စွမ်းပါလား”

ဟု ဆိုကာ ဦးချကြလေ၏။ ကျွန်ုပ်သည်ပင်လျှင် ထိုင်၍ ဦးချချင်စိတ်များ ပေါ်ပေါက်မိသေးတော့၏။

ဦးပေသီး၏ တပည့်များလည်း ဦးပေသီးရှေ့ရှိ ဖလားကြီး အတွင်းသို့ ပိုက်ဆံများ ထည့်ကြလေ၏။ အရာရှိနှစ်ဦး နှိပ်ပြီးနောက် ကိုနှင်းမောင်က ကျွန်ုပ်အား မျက်စပစ်၍ ဦးပေသီး၏ ခြေရင်းသို့ သွားရောက်ကာ ဦးပေသီး၏ ခြေသလုံးကို နှိပ်နယ်ပေးသဖြင့် ကျွန်ုပ်လည်း လိုက်၍နှိပ်နယ်ပေးရလေ၏။

“ဘဘဘုရားက စွမ်းတယ်ဆိုလို့ ဆည်းကပ်ဖို့လာခဲ့တာပဲ ကျွန်တော်တို့ကိုလဲ စောင်မကြည့်ရှုပါ”





ဟု ပြောဆို၍ နှိပ်ပေးလေ၏။

“အေး . . . ဘဘဘုရားကို ဆည်းကပ်ရင် အန္တရာယ် ကင်းမယ်၊ စီးပွားတက်မယ်၊ ရာထူးတိုးမယ်၊ ကပ်ကြီးသုံးပါးက ကျော်နင်းနိုင်လိမ့်မယ်”

ဟု ဆိုလိုက်သည့်အခါ၌ ကိုနှင်းမောင်က ဦးပေသီး၏ ခြေသလုံးကို စီးကရက်မီးဖြင့် တို့လေ၏။

“ဟိုက် . . . ပူလိုက်တာ၊ ဘယ်လိုလုပ်တာလဲကွ”

ဟု ဦးပေသီးက ပြောလျှင် ကိုနှင်းမောင်က -

“ဘဘဘုရားက စွမ်းတယ်ဆိုလို့ စီးကရက်မီးနဲ့ထိုးကြည့်တာပါ”

ဟု ပြောလိုက်ရာ ဦးပေသီးက မျက်လုံးပြူး၍ ကိုနှင်းမောင်ကို ငုံ့ကြည့်လေ၏။ ထိုအခါ၌ ကိုနှင်းမောင်က လူဆိုးနှစ်ယောက်ဆီမှ ရရှိထားသည့် အရိုး၌ ဇော်ဂျီရုပ်ပါသော မားမြှောင်ကို မြင်အောင်ပြလိုက်ရာ ဦးပေသီးသည် ဝါးစပ်ဟ၍ သွားလေတော့၏။

“ဘဘဘုရားရဲ့ လူနှစ်ယောက်တော့ ညက သေသွားပြီ၊ ဘဘဘုရားပဲ ကျန်တော့တယ်၊ သက်သေ ခိုင်ခိုင်လုံလုံ မရသေးခင်တော့ ခင်ဗျားကို ကြည့်နေမှာပဲ၊ အထောက်အထား ပြည့်စုံရင်တော့ သံတိုင်ကြားနဲ့ ကြိုးစင် တစ်ခုခုပဲ”

www.burmeseclassic.com

www.burmeseclassic.com



ဟု ဆိုကာ ဦးပေသီး၏ခြေခုံပေါ်၌ စီးကရက်မီးကို ထိုးချေ၍ ထလာလေတော့၏။

လမ်းသို့ ရောက်လျှင် ငှက်ပျောသီး တစ်လုံးကို ဝယ်၍ လက်ဖက်ရည်ဆိုင်သို့ဝင်ကာ လက်ဖက်ရည် မှာယူသောက်သုံးပြီးလျှင် ကျွန်ုပ်အား ငှက်ပျောသီးကိုပေး၍ -

"ကဲ . . . အိုင်ပီ၊ ဘာဘာဘုရားလိုပဲ ကျုပ်က စွမ်းပါတယ်ဗျ"

ဟု ဆိုသဖြင့် ကျွန်ုပ်လည်း အခွံခွာကြည့်ရာ အတွင်း၌ သုံးပိုင်းပိုင်းလျက်ရှိသည်ကို တွေ့ရသဖြင့် ကျွန်ုပ်က အံ့အားသင့်စွာဖြင့် ၎င်းအား ကြည့်လိုက်ရာ -

"မအံ့သြနဲ့ အိုင်ပီ . . . ခင်ဗျားနဲ့ စကားပြောလာရင်းက ငှက်ပျောသီးရဲ့ ထောင့်ကလေးတွေကနေ ပင်အပ်နဲ့ ထိုးပြီး အထဲက အသားကို ကန့်လန့်ပြီး ဖြတ်လိုက်တာလေ၊ အဲဒီတော့ အထဲမှာ အကွင်းလိုက် ပြတ်နေတာပေါ့ဗျာ"

ဟု ကိုနှင်းမောင်က ပြောလေ၏။

"မသိရင်တော့ ထိုင်ပြီးတောင် ရှိခိုးချင်လောက်အောင် ဆန်းပါပေ့ဗျာ"

ဟု ကျွန်ုပ်က ပြောလိုက်ရာ -

"မသိနားမလည်တဲ့လူတွေကို ဒီလိုလိမ်တဲ့နည်းတွေနဲ့ ခွစီးထားတာပေါ့ဗျာ၊ ကျုပ်က စာမရေးတတ်လို့ဗျ၊ စာရေးတတ်ရင် အဲဒီလို လူလိမ်တွေအကြောင်း ရေးပြချင်ပါတယ်ဗျာ"





ဟု ကိုနှင်းမောင်က ပြောလေ၏။

ထို့နောက် ကျွန်ုပ်တို့သည် စီအိုင်ဒီသို့ ပြန်လာခဲ့ကြရာ စီအိုင်ဒီသို့ ရောက်သည်နှင့်တစ်ပြိုင်နက် မစ္စတာကရစ်ပင်က -

"မစ္စတာ ဆားပုလင်းနှင်းမောင်၊ ၃၃ လမ်းက ရွှေဥသြ ပရိဘောဂဆိုင်ပိုင်ရှင် မောင်မောင်ကြီးဆိုတာ အသတ်ခံရတယ်လို့ အခုပဲ ကျောက်တံတားဂါတ်က တယ်လီဖုန်းဆက်တယ်"

ဟု ဆိုသဖြင့် ကိုနှင်းမောင်နှင့် ကျွန်ုပ်လည်း စီအိုင်ဒီမှ ကားကို ထုတ်ယူကာ ၃၃ လမ်းရှိ ရွှေဥသြ ပရိဘောဂတိုက်သို့ ထွက်လာခဲ့လေ၏။ ထိုနေရာသို့ ကျွန်ုပ်ရောက်ရှိသည့်အခါ၌ကား ကျွန်ုပ်တို့၏စီအိုင်ဒီမှ စုံထောက် ကိုတင်ဝင်း၊ စုံထောက် ကိုအောင်မြင့်နှင့် စုံထောက် ကိုစိန်လှတို့ ရောက်ရှိနေကြလေ၏။

၎င်းတို့၏ရှေ့၌ ပါးစပ်မှ သွေးများစီးကျနေပြီး ရင်ဘတ်၌ ညိုမည်းလျက်ရှိသော ဒဏ်ရာဖြင့် သေဆုံးနေသည့် ပရိဘောဂတိုက်ပိုင်ရှင် ဦးမောင်မောင်ကြီး၏အလောင်းကို တွေ့ရလေ၏။

"ဦးမောင်မောင်ကြီး အသတ်ခံရတာကို ဘယ်သူကစပြီး သိသလဲ"

ဟု ကိုစိန်လှက အနီးမှ ရာဇဝတ်အုပ်အား မေးလိုက်လျှင် ရာဇဝတ်အုပ်က -

"သူ့တပည့် အီဗရာဟင် ဆိုတဲ့ ကုလားက အရင်ဆုံး တွေ့တာ၊ မနက်က သူ့ဆရာဆီလာတော့ သူ့ဆရာဟာ အခန်း



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ အခုပုံအတိုင်း သေနေတာမြင်လို့ ကျွန်တော်တို့ဆီကို လာပြီး တိုင်ချက်ဖွင့်တာ"

ဟု ပြောပြလေ၏။

ကိုနှင်းမောင်သည် သေဆုံးသူ ဦးမောင်မောင်ကြီး၏ အင်္ကျီအတွင်း ရှာဖွေရာ အောက်ပါ စာရွက်ဖြတ်ပိုင်းကလေး တစ်ခုကို တွေ့ရလေ၏။

မုဆိုးတစ်ပိုင်း မိန်းမရိုင်းကြီး အေး

သေတဲ့အထိ မခွဲဘူးဆို၊

အခုတော့ အစ်ကိုကြီးကို မေ့သွားပြီလား။

မေ့လို့မရတဲ့

မောင်မောင်ကြီး

ထိုအခါ၌ ဆားပုလင်းနှင်းမောင်က ဦးမောင်မောင်ကြီး၏ တပည့် အီဗရာဟင်အား ထိုစာကိုပြ၍ -

"အေး ဆိုတဲ့ မိန်းမကို သိသလား"

ဟု မေးရာ အီဗရာဟင်က -

"သိပါတယ်၊ ဆရာဦးမောင်မောင်ကြီးရဲ့ မိန်းမပါ"

ဟု ဆိုလေ၏။

"မင်းဆရာ ဦးမောင်မောင်ကြီးရဲ့ ဘယ်နှယောက်မြောက် မိန်းမလဲ"





ဟု ဆားပုလင်းနှင်းမောင်က မေးရာ အီဗရာဟင်က -

"ကျွန်တော့်ဆရာမှာ အဲဒီမိန်းမတစ်ယောက်ပဲရှိပါတယ်"

ဟု ပြောလေ၏။

"မင်းဆရာဟာ ပိုက်ဆံချမ်းသာလေတော့ ငွေနဲ့ပေါက်ပြီး မိန်းကလေးမိဘတွေကိုကပ်ပြီး မိန်းကလေးတွေကို ဖျက်ဆီးနေတယ်ဆိုတာ မင်းလုံးလုံးမသိဘူးလား"

ဟု မေးရာ အီဗရာဟင်မှာ လိမ်လည်၍ပြောဆိုခြင်းသည် အချည်းနှီးဖြစ်ချေမည်ဟု သဘောပေါက်၍သွားသဖြင့် -

"မယားငယ်ပါ၊ ကွဲသွားပါပြီ"

ဟု အမှန်အတိုင်း ဝန်ခံလေ၏။

"မင်းဆရာအိမ်မှာ မင်းဆရာတစ်ယောက်တည်းလား"

ဟု မေးရာ အီဗရာဟင်က -

"တစ်ယောက်တည်းပါ"

ဟု ဆိုလေ၏။ ထိုအခါ၌ ဆားပုလင်းနှင်းမောင်သည် အိမ်ခန်းအတွင်းသို့ ဝင်၍သွားပြီးလျှင် အီဗရာဟင်အား ခေါ်၍ စားပွဲပေါ်မှ ထမင်းဟင်းများ ပေကျံလျက်ရှိသော ပန်းကန်နှစ်ချပ်ကိုပြ၍ -

"မင်းဆရာ တစ်ယောက်တည်းဆိုကွ"

ဟု ပြောရာ အီဗရာဟင်က -



www.burmeseclassic.com

www.burmeseclassic.com



"သူ့မှာ အိမ်စောင့်ဖို့ ခေါ်ထားတဲ့ ဒရဝမ်တစ်ယောက် ရှိပါတယ်"

ဟု ပြောလေ၏။

"ဒရဝမ်က ဘာလူမျိုးလဲကွ"

ဟု မေးပြန်ရာ အီဗရာဟင်က -

"ဂေါ်ရခါးပါ"

ဟု ဖြေလေ၏။

"ဒီမှာ စားထားတဲ့ဟင်းက အမဲသားဟင်းပဲကွ၊ ဂေါ်ရခါး ဒရဝမ်စားတာ ဟုတ်နိုင်ပါ့မလား"

ဟု ပြောပြန်ရာ အီဗရာဟင်မှာ မဖြေနိုင်ဘဲ ရှိလေ၏။ ထို့နောက် ဆားပုလင်း နှင်းမောင်သည် အခန်းထောင့်ရှိ သစ်သားစည်ကြီး၏ အနီးသို့ သွားရောက်ကာ စည်ကြီးကို လှေလာကြည့်ရှုရာ အတွင်း၌ လွန်စွာပုပ်စပ်နံစော်သော မစင်နှံကို ရလေ၏။

"အီဗရာဟင် . . . မင်းပြောတဲ့ ဂေါ်ရခါး ဒရဝမ် ဘယ်မှာလဲ၊ ခေါ်ပေးစမ်းပါ"

ဟု ဆားပုလင်းနှင်းမောင်က ပြောပြန်ရာ အီဗရာဟင်က-

"မနက်က ကျွန်တော်လာကထည်းက မတွေ့ပါဘူးခင်ဗျ"

ဟု ဖြေလေ၏။





"မင်းပြောချင်တာက ဒရဝမ်ကုလားက သတ်သွားတာလို့ ဆိုချင်တာလား"

ဟု ဆားပုလင်းနှင်းမောင်က မေးပြန်ရာ အီဗရာဟင်က-

"ဟုတ်ပါတယ်"

ဟု ဖြေလေ၏။

"ဒရဝမ်ကုလားရဲ့နာမည် ဘယ်လိုခေါ်သလဲ"

"ရပ်ချ်ကူးမားလို့ ခေါ်ပါတယ်"

"ဒီစည်ကြီး ဘယ်နေ့က ရောက်သလဲ"

ဟု သစ်သားစည်ကြီးကို ညွှန်ပြ၍မေးရာ အီဗရာဟင်က-

"မနေ့ကပါ ဆပ်"

ဟု ဖြေလေ၏။

"ဘာနဲ့ပို့တာလဲ၊ ဘယ်ကပို့တာလို့ ထင်သလဲ၊ ဒါမှမဟုတ် သိသလား"

ဟု မေးမြန်းရာ အီဗရာဟင်က လုံးဝမထင်တတ်ကြောင်း၊ သိလည်း မသိကြောင်း အနှုးအညွတ် ပြောလေ၏။

"အေး . . . ကောင်းပြီ၊ ၄၄၄ ဘရုတ်ကင်းလမ်း၊ မောင်ရင်မောင် ဆိုတဲ့ လိပ်စာနဲ့ ပစ္စည်းတွေလာရင်တော့ မင်းပဲ သွားရွေးရတယ်မဟုတ်လား"

ဟု ပြောလိုက်ရာ အီဗရာဟင်သည် မျက်လုံးပြူး၍ သွားလေတော့၏။ ကျွန်ုပ်က -



www.burmeseclassic.com

www.burmeseclassic.com



“ဘယ်လိုအဓိပ္ပာယ်လဲ ကိုနှင်းမောင်”

ဟု မေးကြည့်ရလေ၏။

“ဒီလိုဗျ၊ ဟောဒီမှာ သေဆုံးတဲ့ ဦးမောင်မောင်ကြီး ဆိုတဲ့ လူက တကယ့်ကို လူယုတ်မာကြီးဗျ၊ ရန်ကုန်မှာ သူနဲ့အပြိုင် ဆိုင်တစ်ဆိုင်ရှိတယ်၊ မန္တလေးကနေ အဲဒီဆိုင်ကို ပစ္စည်းတွေ ဘာတွေပို့ရင် မန္တလေးက သူ့လူတစ်ယောက်က ၄၄၄ ဘုရုတ်ကင်းလမ်း၊ ကိုရင်မောင် (ပန်းပု) ဆိုတဲ့ လက်ခံမယ့် လိပ်စာဖြတ်ပိုင်းတွေ ရိုက်ထားတဲ့ စာရွက်ကို သူများပို့တဲ့ ကုန်ပစ္စည်းရဲ့ လေဘယ်မှာ ထပ်ပြီး ကပ်ပေးလိုက်တယ်၊ အဲဒီကောင်ကိုလဲ ကျုပ်ဖမ်းခိုင်းလိုက်ပါပြီ၊ မန္တလေး ဂေါဝိန်ဆိပ် က ကူလီခေါင်း မျိုးမြင့်တဲ့၊ သူ့အိမ်မှာ တက်ပြီးရှာတော့ အဲဒီ ဖြတ်ပိုင်းတွေ တွေ့တယ်လို့ မန္တလေး ၃-မှတ် ဂါတ်က သတင်းပို့ တယ်၊ ဒီကုလားက သွားပြီး ထုတ်ပေးရတယ်၊ မစ္စစမစ်ရဲ့ အလောင်း ပါလာတဲ့ စည်ကိုလဲ ဒီလိုပဲလုပ်မိတော့ ကျုပ်တို့ စီအိုင်ဒီကလူတွေ မျက်စိလည်ပြီး အလုပ်များကုန်တာပေါ့ဗျာ”

ကိုစိန်လှနှင့် ကိုအောင်မြင့်တို့က ဦးမောင်မောင်ကြီး၏ ခင်ဘတ်ကို [redacted]ပြီး[redacted]

“လက်သီးနဲ့ ထိုးသတ်တာဗျ၊ နံရိုးတွေလဲ ကျိုးကုန်တယ်၊ လူသတ်သမားဟာ လက်ဝှေ့သမား ဖြစ်ရမယ်”





ဟု ဆိုလေ၏။ ထို့နောက် ဦးမောင်မောင်ကြီး၏ တစ်အိမ် လုံးကို မွှေနှောက်ရှာဖွေကြရာ ဓားမြှောင်တစ်လက်ကို တွေ့ရ လေ၏။ ထိုဓားမြှောင်မှာ အရိုး၌ ဇော်ဂျီရုပ်ပါသော ဓားမြှောင် ဖြစ်၏။ အခွေး၌မူ မိုးကြိုးကွင်း မပါရှိပေ။ မျှားချောင်းအနီး၌ “တ” ဟု ရေးထိုးထားသည်ကို တွေ့ရလေ၏။

ကိုနှင်းမောင်သည် ကျွန်ုပ်တို့အား ထားခဲ့ပြီးနောက် အပြင်သို့ထွက်၍သွားလေ၏။ ကျွန်ုပ်တို့လည်း အလောင်းကြီးကို လည်းကောင်း၊ အလောင်းကြီး၏ ပတ်ဝန်းကျင်ကိုလည်းကောင်း ကြည့်ရှုလေ့လာကြရင်း ထင်မြင်ချက်အမျိုးမျိုးပေး၍နေကြစဉ် ၌ပင် ကိုနှင်းမောင် ပြန်၍ရောက်လာပြီးလျှင် ကျွန်ုပ်အား -

“အိုင်ပီရေ . . . ဟောဒီသေတ္တာကြီးက မနေ့ညနေကမှ ရတာဆိုပဲ၊ ဟောဒီစည်ကြီးကိုလုပ်တဲ့လက်ရာဟာ မဲကောင်ကြီး လေ့ပေါ်မှာ မစ္စစမစ်ရဲ့အလောင်းကို ထည့်လိုက်တဲ့ စည်ကြီး ရဲ့လုပ်ပုံလက်ရာနဲ့ တစ်ထေရာတည်းတူတယ်၊ သံပတ်ပြားတွေ ပေါ်မှာ ရိုက်ထားတဲ့ သံချက်တွေရော၊ ဖျဉ်တွေစပ်ထားပုံရော အားလုံးအတူတူပဲ၊ လက်သမားအလုပ်ရုံတစ်ရုံတည်းကထွက်တဲ့ စည်တွေဗျ”

ဟု ဆိုကာ . . . ကိုနှင်းမောင်သည် စာရွက်စာတမ်းများ ထားသော ဆွဲအံကို ဆွဲဖွင့်၍ စာရွက်စာတမ်းများကို ရှာဖွေရာ စာတစ်စောင်ကို တွေ့ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးမောင်မောင်ကြီး

"ခွေးကို ခဲရာခဲဆစ်ဖမ်းပြီး ပို့လိုက်တယ်၊ သင့်တော်သလို စီစဉ်ပါ၊ ပွဲစားကြီးကို ကိုက်တာလဲ ဒီခွေးပဲ"

မောင်ယ

ကိုနှင်းမောင်သည် စာကိုဖတ်ပြီးနောက် ပြုံးလိုက်လေ၏။

ကိုအောင်မြင့်လည်း ထိုစာကို ယူ၍ဖတ်ပြီးလျှင် -

"ခွေးကိုပို့လိုက်တယ်ဆိုပဲ၊ ခဲရာခဲဆစ်ဖမ်းရတယ်၊ ပွဲစားကြီးကိုလဲ ကိုက်တယ်ဆိုတော့ ကေန္တ အင်းခွေးပဲဖြစ်ရမယ်"

ဟု ဆိုလေ၏။ ထိုအခါ၌ ဆားပုလင်းနှင်းမောင်က -

"ဒီစာမှာ မသင်္ကာစရာ တစ်ချက်မှ မပါဘူး။ အောက်တလက်မှတ်ထိုးထားတဲ့ 'မောင်ယ' ဆိုတာပဲ မသင်္ကာစရာဖြစ်နေတယ်၊ လူနာမည်မှာ 'မောင်ယ' ရယ်လို့မှည့်တာ မရှိသလောက်ကို ရှားတယ်၊ ကျုပ်ဖြင့် ကြားကိုမကြားဖူးပါဘူး"

ဟုပြော၍ စာရွက်ကို သိမ်းဆည်းလိုက်လေ၏။

ထို့နောက် ကိုနှင်းမောင်သည် ထမင်းစားပွဲသို့သွားကာ ပန်းကန်ပြားနှစ်ချပ်ကို တစ်ချပ်စီယူ၍ နမ်းကြည့်လေ၏။ အိမ်ခန်းတွင်းသို့ ဝင်သွားကာ ကြည့်ရှုပြန်၏။ အိမ်ခန်းအပြင်





ဘက်ရှိ ခုံတန်းပေါ်၌ ခေါင်းအုံးတစ်လုံးကို တွေ့ရပြီးလျှင် အခြားသော ခုံတန်းအနီး၌ ဆေးပြင်းလိပ်ပြာများနှင့် စောင်တစ်ထည်ကို တွေ့ရပြန်လေ၏။

ကိုနှင်းမောင်သည် ပြတင်းပေါက် သံတိုင်အနီးသို့ သွားရောက်ကာ သံတိုင်များကို ကြည့်ရှုပြန်၏။ ထိုသို့ကြည့်ရှုပြီးနောက် သစ်သားစည်ကြီးအား စောင်း၍ကြည့်ရာ အတွင်း၌ မစင်အချို့နှင့် ကြိုးတစ်ချောင်းကို တွေ့ရလေ၏။

ထိုသို့ကြည့်ရှုနေကြစဉ်၌ပင် စုံထောက်မင်းကြီး မစ္စတာ တရစ်ပင် ရောက်ရှိလာပြီးလျှင် . . .

"ဘယ်လိုလဲ လူကလေးတို့ . . . ဒီမှာလဲ တစ်ယောက်သေနေပြီ၊ တရားခံလဲ မမိသေးပါလား"

ဟု ပြောရာ စုံထောက် ကိုအောင်မြင့်က -

"မကြာခင် တရားခံကို ဖမ်းမိတော့မှာပါ။ မဲကောင်ကြီးကော်လေ့ပေါ်မှာ ပါလာတဲ့ မစ္စစမစ်ရဲ့ အလောင်းနဲ့ ပတ်သက်လို့လဲ ငွေကိုင်စာရေး ပန်းအေးနဲ့ တက်မကိုင်ကြီးကို ဖမ်းပြီး စစ်ဆေးတာ ရွှေဒင်္ဂါးတွေတောင် ထုတ်ပေးနေပါပြီ၊ နောက်တစ်ညလောက် ဆက်ပြီးညှဉ်းလိုက်ရင် အမှုမှန်ဟာ ပေါ်မှာပါ"

ဟု ပြောလေ၏။

"ဘယ်လိုလဲ ဆားပုလင်းနှင်းမောင် . . . တရားခံကို ဖော်နိုင်ပြီလား"



www.burmeseclassic.com

www.burmeseclassic.com



ဟု ကိုနှင်းမောင်ကို မေးပြန်၏။

"အမှုက သိပ်ပြီးရှုပ်နေပါတယ်၊ တရားခံကိုဖော်ဖို့ မလွယ်ပါဘူး၊ တရားခံကိုဖော်ဖို့ မလွယ်သလို ဖမ်းဖို့လဲ ခက်ပါလိမ့်မယ်၊ တရားခံဟာ နောက်ထပ်လူတစ်ယောက်ကို သတ်လိမ့်ဦးမယ်လို့ ကျွန်တော်ထင်တယ်"

ဟု ကိုနှင်းမောင်ကပြောလျှင် စုံထောက် ကိုစိန်လှက -

"အမှုဟာ ဆားပုလင်းနှင်းမောင် ပြောသလောက် မခက်ပါဘူး၊ သိပ်ကိုလွယ်ပါတယ်၊ ဟောဒီအမှုမှာလဲ ကျွန်တော်မျိုးတို့အပြန်မှာ အီဗရာဟင်ဆိုတဲ့ ကုလားကို ဖမ်းသွားပြီး စစ်ရမှာပဲ၊ အဲဒီအခါမှာ အမှုရဲ့တစ်ဝက်ကို ကျွန်တော်မျိုးတို့ ဖော်ပြီးဖြစ်ပါလိမ့်မယ်"

ဟု တက်ကြွစွာ ပြောလေ၏။

ကိုနှင်းမောင်ကမူ ပာစ်စုံတစ်ရာပြောဆိုခြင်းမပြုဘဲ ကျွန်ုပ်အား မျက်စပစ်ကာ ထိုအိမ်မှထွက်၍ လာခဲ့လေတော့၏။

လမ်း၌ ကျွန်ုပ်က -

"ဘယ်ကိုလဲ ကိုနှင်းမောင်"

ဟု မေးလိုက်ရာ ကိုနှင်းမောင်က -

"ဘူတာကြီးကို သွားမယ်လေဗျာ၊ ကျုပ်တို့လွှတ်လိုက်တဲ့ သင်းကြိုင် ဒီနေ့ပြန်ရောက်မယ် မဟုတ်လား"





ဟု ဆိုသဖြင့် ကျွန်ုပ်လည်း ဘူတာကြီးသို့ လိုက်ပါလာခဲ့နေလေ၏။

ဘူတာကြီးသို့ရောက်သည့်အခါ၌ အနည်းငယ်စောင့်ဆိုင်းနေရပြီးနောက် မန္တလေးရထား ဆိုက်ရောက်၍လာလေ၏။ ဆိုရထား၌ ပုလိပ်ကလေး သင်းကြိုင် ပါ၍လာလေ၏။

ကိုနှင်းမောင်သည် သင်းကြိုင်အနီးသို့ ချဉ်းကပ်သွားပြီးနောက် သင်းကြိုင်ပခုံးကို လက်ဖြင့်ပုတ်လိုက်ရာ သင်းကြိုင်က ညည့်ကြည့်ပြီးလျှင် -

"ဆရာ ကိုနှင်းမောင်"

ဟု အလန့်တကြား အော်ဟစ် နှုတ်ဆက်လေ၏။ ကိုနှင်းမောင်က -

"တိုးတိုး"

ဟု ဆိုကာ သင်းကြိုင်အား ဘူတာအပြင်ဘက်သို့ ခေါ်သွားလေ၏။ အပြင်သို့ရောက်လျှင် . . .

"ကဲ . . . ဆိုစမ်းပါဦး"

ဟု ကိုနှင်းမောင်က မေးလေ၏။

"စိန်ပန်းဗလီနားမှာလဲ လက်သမားရုံတစ်ရုံရှိတယ်ဆရာ၊ ဦးတော့ ရတနာပုံ ဗလီနားမှာလဲ ရှိတယ်၊ စိန်ပန်းဗလီနားက လက်သမားရုံကလဲ အိမ်ထောင်ပရိဘောဂလုပ်တယ်၊ ရတနာပုံ

www.burmeseclassic.com

www.burmeseclassic.com



ဗလီနားကလဲ အိမ်ထောင်ပရိဘောဂလုပ်တယ်၊ မတူတာက တော့ စိန်ပန်းဗလီနားက လက်သမားရုံက ကျွန်းတွေကိုင်တယ်၊ ရတနာပုံ ဗလီနားက အင်ရော၊ ကညင်၊ သက်န်းရော စုံနေ တာပဲ"

ဟု သင်းကြိုင်ကပြောလျှင် . . .

"အေး . . . ဟုတ်ပြီ၊ ရတနာပုံ ဗလီနားကဟာကို မပြောနဲ့ စိန်ပန်းဗလီနားက အလုပ်ရုံကို ပြောကွာ"

"အဲဒီမှာက အလုပ်သမား ခြောက်ယောက်ရှိတယ်၊ အဲ အဲ - ထူးခြားတာတစ်ခုရှိတယ်၊ မကြာသေးခင်ကမှ လက်သမား အလုပ်ရုံမှာ ဒရဝမ် လိုတယ်လို့ပြောလို့ ဒရဝမ်တစ်ယောက် အလုပ်ဝင်တယ်"

"အဲဒီဒရဝမ်က ဘာလူမျိုးလဲကွ"

"ဘာလူမျိုးလဲတော့ မသိဘူး . . . မုတ်ဆိတ်မွေးကတော့ သိပ်ပြီးရှည်တယ်ဆိုပဲ၊ ဘယ်သူ့မှ အကြောင်းမကြားဘဲ အလုပ်က ထွက်သွားတာ နှစ်ရက်ရှိပြီတဲ့၊ သူ့ကို အလုပ်သွင်းပေးတာကတော့ တရုတ်လက်သမားဆရာကြီး ဆိုပဲ၊ သူကလဲ အလုပ်ဝင်တာ တစ်လတောင် မပြည့်သေးဘူး၊ အလုပ်က ထွက်သွားတယ် ဆိုပဲ"

"ဟုတ်ပြီ . . . သူတို့ရှိတုန်းက ဘာများပျောက်တယ်လို့ ကြားသလဲကွ"





"ပထမ . . . သစ်သားစည်တစ်လုံး ပျောက်တယ်၊ ဒရဝမ် အလုပ်ထွက်သွားတော့ သစ်သားစည်တစ်လုံး ခိုးသွားတယ်လို့ ပြောတယ်"

"ဟုတ်ပြီ အိုင်ပီ၊ မစ္စစမစ်ကို ထည့်လွှတ်လိုက်တဲ့ စည်က တစ်လုံး၊ ဦးမောင်မောင်ကြီးဆီမှာ တွေ့တဲ့ စည်တစ်လုံးဟာ သင်းကြိုင်ပြောတဲ့ ဒရဝမ် ခိုးယူသွားတယ်ဆိုတဲ့ စည်တွေပေါ့"

"တရားခံပေါ်ဖို့ လွယ်ပါ့မလား ကိုနှင်းမောင်"

ဟု ကျွန်ုပ်ကမေးလိုက်ရာ ကိုနှင်းမောင်က မလွယ်ကြောင်း ခေါင်းခါ၍ ပြလေ၏။

"ဒီလိုဗျ . . . မန္တလေးကနေ လူတစ်ယောက်ကို အရှင် သတ်လတ် ကြိုးနဲ့တုပ်၊ ပါးစပ်မှာ မအော်နိုင်အောင် အဝတ်နဲ့ စည်းပြီး ဦးမောင်မောင်ကြီးအိမ်ကို ပို့လိုက်တာ၊ အဲဒီအိမ် ရောက်တော့ အဲဒီလူကိုထုတ်ပြီး ပြတင်းပေါက်သံတိုင်မှာ ကြိုးနဲ့ ချည်ထားတယ်၊ မေးပြီးစစ်ပြီးမှ ဦးမောင်မောင်ကြီးက သတ်မယ့် ပုံပဲ၊ ဒါပေမဲ့ အဲဒီလူကို ဦးမောင်မောင်ကြီးရဲ့ ဒရဝမ်ကုလားက လွှတ်ပေးလိုက်တယ်၊ အဲဒီအခါမှာ အဲဒီလူက ဦးမောင်မောင် ကြီးကို ပြန်ပြီးဖမ်း၊ မအော်နိုင်အောင် ပါးစပ်ထဲမှာ အဝတ်ဆို့ပြီး ကြိုးတုပ်ထားတယ်၊ ပြီးတော့ ဒရဝမ်နဲ့ သူနဲ့ နှစ်ယောက် ထမင်း အတူစားကြတယ်၊ ဒရဝမ်က ဝေါ ရခါးမို့ အမဲသား မစားဘူး၊ သူကလဲ ဒရဝမ်ကို ညှာတာတဲ့အနေနဲ့ အမဲသားကို မစားဘဲ



www.burmeseclassic.com

www.burmeseclassic.com



ဟင်းခွက်ကို ခပ်ဝေးဝေး တွန်းထားတယ်၊ ဒါကြောင့် ထမင်း ပန်းကန်နဲ့ အမဲသားဟင်းခွက်ဟာ သိပ်ပြီးဝေးနေတယ်၊ သူတို့ နှစ်ယောက်စလုံး ထောပတ်နဲ့ ထမင်းနဲ့ နယ်စားကြတယ်၊ ထမင်း စားပြီးမှ ဦးမောင်မောင်ကြီးရဲ့ ရှူးဖိနပ်ကို မန္တလေးက ပို့လိုက် တဲ့လူက ယူဝတ်ပြီးမှ ဦးမောင်မောင်ကြီးရဲ့ ရင်ဝကို ဖိနပ်နဲ့ မသေမချင်းကန်ပြီးသတ်တာ၊ . . . ပြီးတော့မှ မုတ်ဆိတ်တွေ နှုတ်ခမ်းမွေးတွေကို အဲဒီလူက ရိတ်ပစ်သေးတယ်၊ အိပ်ခန်း ထဲက မှန်တင်ခုံနားမှာ ရိတ်ချထားတဲ့ မုတ်ဆိတ်နဲ့ နှုတ်ခမ်းမွေး တွေကို ကျုပ် တွေ့ခဲ့ရတယ်၊ ပြီးတော့မှ သူ့အဝတ်အစား အဟောင်းတွေကိုချွတ်ပြီး ရေမိုးချိုးပြီးမှ ဦးမောင်မောင်ကြီးရဲ့ အဝတ်အစားတွေကို ယူဝတ်ပြီး ဒရဝမ်ကုလားကိုပါ ခေါ်ပြီး ထွက်သွားတာ . . .

"အဲဒီလူသတ်သမားဟာ ဂေါ်ရခါး မဟုတ်ဘူးဗျ၊ ဘာ ကြောင့်လဲဆိုတော့ အမဲသားဟင်းကို ပထမ ယူစားသေးတယ် နောက်မှ မစားဘဲ ဟင်းခွက်ကို တွန်းပစ်လိုက်တာ၊ သူ့ရဲ့ ပန်းကန်မှာက ဟင်းအစအန နည်းနည်းတွေ့ရတယ်၊ ပြီးတော့ သင်းကြိုင်ပြောတဲ့ လက်သမားရုံက ဒရဝမ်ဟာ မုတ်ဆိတ်မွေး အရှည်ကြီးဆိုတာ ဆက်စပ်နေတယ်၊ အိုင်ပီ . . . ကျုပ်အတွေး ကတော့ မန္တလေးက လက်သမားရုံက မုတ်ဆိတ်ရှည်နဲ့ ဒရဝမ် ဟာ လူသတ်သမားပဲ၊ အဲဒီလူသတ်သမား ဒရဝမ်နဲ့ ဦးမောင် မောင်ကြီးအိမ်က ဒရဝမ်နဲ့ဟာ အလွန်အင်မတန် ခင်မင်တဲ့





သူငယ်ချင်းဟောင်းကျွမ်းဟောင်းတွေဖြစ်ကြတယ် ဆိုတဲ့ အချက်ဟာ ထမင်းအတူစားတာရယ်၊ ဦးမောင်မောင်ကြီးကိုသတ်ပြီး ခုံတန်း တစ်ခုစီမှာ တုံးလုံးလှဲရင်း စကားပြောခဲ့ကြတာရယ် . . ."

"စကားပြောကြသေးသလား ကိုနှင်းမောင်"

"ပြောခဲ့ကြသေးတယ်ဗျ၊ ဒီဘက်ခုံတန်းနားမှာ စီးကရက် တိုတွေ တွေ့တယ်၊ ဟိုဘက်ခုံတန်းနားမှာက ဆေးပြင်းလိပ် တိုတွေ တွေ့ရတယ်၊ ဒီအချက်ဟာ ခုံတန်းတစ်ခုစီမှာ တုံးလုံး လှဲရင်း စကားစမြည် ပြောနေကြတဲ့သဘောပဲ၊ ဒီတော့ ဒီလူ နှစ်ယောက်ဟာ အတော်ကလေး ရင်းနှီးခဲ့ကြတယ်လို့ ယူဆ တယ်၊ ပြီးတော့ ဂေါ်ရခါး ဒရဝမ်များဟာ အရှင်သခင်အပေါ် မှာ အလွန်ပဲ သစ္စာရှိတယ်ဗျ၊ အဲဒီလို သစ္စာရှိတဲ့လူက အရှင် သခင်ရဲ့ ရန်သူကို လွှတ်ပေးပြီး ရန်သူနဲ့အတူ ထမင်းစားတယ် ဆိုတာဟာ တော်တော့်ခင်မင်ခဲ့ပုံမျိုး မဟုတ်ဘူး၊ တစ်ဦးကို တစ်ဦး အသက်ပေးပြီး ခင်မင်ခဲ့ကြတာကိုပြတယ် အိုင်ပီ"

ဟု ရှင်းပြလေ၏။

ထို့နောက် ကျွန်ုပ်က မန္တလေးက စိန်ပန်း ဗလီအနီး လက်သမားရုံကို မည်သို့မည်ပုံ သဲလွန်စ ရသနည်းဟု မေးရာ ဘားပုလင်းနှင်းမောင်က -

"မစ္စစမစ်ရဲ့အလောင်းပါလာတဲ့ စည်ထဲက လွှစာမှုန့် တွေမှာ လက်မ,လောက်ရှိတဲ့ စာရွက်ပြတ်ကလေးဟာ စာအိတ်ကို

www.burmeseclassic.com

www.burmeseclassic.com



ဖြုထားတဲ့ အစကလေးပဲ၊ အဲဒီမှာ 'ဗလီအနီး မန္တလေး' ဆိုတဲ့ စာကလေး တွေ့ရတယ်ဗျ၊ ပြီးတော့ လွှစာမှုန့်တွေ ကြည့်လိုက်တော့လဲ ကျွန်းသား လွှစာမှုန့်တွေကိုး အိုင်ပီရဲ၊ ဒါကြောင့် သင်းကြိုင်က အလုပ်ရုံနှစ်ခုပြောတဲ့နေရာမှာ ကျုပ်က ကျွန်းသား ကို အသုံးပြုတဲ့ အလုပ်ရုံကိုပဲ စိတ်ဝင်စားခဲ့တာ၊ ဘာပဲဖြစ်ဖြစ် အမှုကတော့ တော်တော်ဇာလေး ရှုပ်နေသေးတာပဲ အိုင်ပီ"

ဟု ပြောဆိုကာ စီးကရက်ကိုထုတ်၍ မီးညှိဖွာရှိုက်လိုက် လေတော့၏။

ကျွန်ုပ်လည်း ဗလီအနီးဟုပါရှိသော စာအိတ်တစ်အိတ်၏ စာရွက်ပြတ်ကလေးမှ သဲလွန်စကို ထုတ်ယူ အသုံးချသော ကိုနှင်းမောင်၏ စေ့စပ်ပုံကို အတုခိုးရလေတော့၏။

■



သွေးနဲ့ရေးတဲ့စာ

ကျွန်ုပ်နှင့်ကိုနှင်းမောင်တို့နှစ်ယောက် စီအိုင်ဒီသို့ ပြန်လည် ရောက်ရှိသည့်အချိန်၌ စုံထောက် ကိုအောင်မြင့်၊ ကိုစိန်လှ၊ ကိုတင်ဝင်းတို့သည် မဲကောင်ကုမ္ပဏီမှ ငွေကိုင်စာရေး မောင်ပန်းအေးအား လူသတ်တရားခံအဖြစ် ဓာတ်ပုံများရိုက်ကူး ၍ မှတ်တမ်းတင်နေကြလေ၏။ မောင်ပန်းအေးမှာလည်း ပုလိပ် သာ ရိုက်လွန်းသဖြင့် မခံနိုင်သည့်အဆုံး၌ ပုလိပ်ပြောသမျှကို "ဟုတ်ပါတယ်" ဟု ဝန်ခံလိုက်ရလေတော့၏။

ကိုနှင်းမောင်သည် ထိုအခြင်းအရာကိုကြည့်၍ -

"အိုင်ပီရေ - မဟုတ်ဘဲနဲ့ ကြိုးစင်တက်သွားရတဲ့ တရားခံ တွေ အများကြီး ရှိပါတယ်၊ အဲဒီအတွက် ကျုပ်ဟာ ပုလိပ်အဖွဲ့ ထဲမှာ ရှိနေရတာပဲ၊ ပြည်သူလူထုက တရားဥပဒေကို အယုံ အကြည်မဲ့ ဖြစ်လာကြမှာကိုတော့ ကျုပ် သိပ်ပြီးစိုးရိမ်မိတယ်"

ဟု စိတ်မကောင်းစွာ ပြောခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com

နောက်များမကြာမီ ရက်အတွင်း၌ လွန်စွာထိတ်လန့်ဖွယ်[...] ရာ ကောင်းသည့် လူသတ်မှုကြီးတစ်မှု ပေါ်ပေါက်ပြန်လေ၏။

ကျွန်ုပ်နှင့် ကိုနှင်းမောင်တို့ သွားရောက်လေ့လာကြသည့် ဘဘဘုရား ခေါ် ဦးပေသီးသည် အင်းလျားလမ်းရှိ ခြံကြီးတစ်[...] အတွင်းမှ အိမ်တစ်လုံးပေါ်တွင် ဇက်ဖြတ်၍ အသတ်ခံရပြီးလျှ[...] အောက်ပါစာများကို ရေးသားခဲ့လေ၏။

| | |
|---|---|
| Smart | (သွက်လက်ခြင်း) |
| Obedient | (နာခံခြင်း) |
| Loyality | (သစ္စာရှိခြင်း) |
| Dutiful | (တာဝန်သိခြင်း) |
| Industrious | (တက်ကြွခြင်း) |
| Efficiency | (အရည်အချင်း ပြည့်ဝခြင်း) |
| Readiness | (အမြဲအသင့်ရှိခြင်း) |

ဟူ၍ဖြစ်ပေသည်။

ကျွန်ုပ်တို့သည် အခင်းဖြစ်ပွားရာသို့ သွားရောက်ကြည့်[...] ခဲ့ကြရလေ၏။ စုံထောက် ကိုတင်ဝင်း၊ ကိုစိန်လှ၊ ကိုအောင်[...] နှင့် ဦးကိုကိုကြီးတို့လည်း စုံစုံညီညီ ရောက်ရှိနေကြလေသည်[...]

ဦးကိုကိုကြီးသည် နံရံပေါ်၌ သွေးဖြင့် ရေးထားသော[...] စာများကို ကြည့်ရှုပြီးလျှင် -





"ဘာအဓိပ္ပာယ်နဲ့ လူသတ်သမားဟာ ဒီစာတွေ ရေးသွား[...]ပါလိမ့်ဗျာ"

ဟု ပြောလျှင် ကျွန်ုပ်က -

"ဒီလိုလေ ဦးကိုကိုကြီး၊ အဲဒီစာလုံးတွေရဲ့ ထိပ်က စာလုံး[...]တွေချည်းပဲ ဖတ်ကြည့်စမ်းပါ၊ ဘယ်လိုအဓိပ္ပာယ်ရသလဲ"

ဟု ပြောလိုက်ရာ ဦးကိုကိုကြီးက -

"S. O. L. D. I. E. R ဆိုးလ်ဂျား (စစ်သား) လို့ အဓိပ္ပာယ်[...]ရတာပေါ့ဗျာ၊ ဦးအောင်သင်းတောင် တော်တော်ဟုတ်နေမှပဲ"

ဟု ပြောလိုက်ရာ ကျွန်ုပ်က -

"ကျုပ်လဲ ကိုနှင်းမောင်နဲ့ တွဲလာတာ ကြာမှပဲဗျာ. . . [...]ဒါလောက်တော့ သိပါပြီဗျ"

ဟု ပြောလိုက်ရာ ကိုနှင်းမောင်က -

"ဟုတ်တယ် အိုင်ပီ၊ ဘာဖြစ်လို့ ရေးတာလဲဆိုတာသာ [...]စဉ်းစားပေတော့"

ဟု ဆိုလေ၏။

"အဲဒါတော့ မသိဘူးဗျ၊ ဘာဖြစ်လို့ ရေးတာလဲ"

"လူသတ်သမားဟာ သူ့ရဲ့အဖော်ကို သူဟာ ဦးပေသီးကို [...]တာဝန်ကျေကျေ သတ်ပြီးပါပြီလို့ ပြောချင်တဲ့ သဘောပဲဗျ၊



www.burmeseclassic.com

www.burmeseclassic.com

ဒီတော့ လူသတ်သမားနဲ့ သူ့အဖော်ဟာ တကွဲတပြားစီဖြစ်နေတယ်လို့ သိနိုင်တာပေါ့"

ဟု ကိုနှင်းမောင်က ရှင်းပြလေ၏။

စုံထောက် ကိုအောင်မြင့်တို့မှာမူ အလောင်းကို ပေကြိုးဖြင့် တိုင်းထွာနေကြလေ၏။ ကိုနှင်းမောင်က နံရံပေါ်မှ စာများ၏ အောက်တွင် ရေးထားသော ကြက်ခြေခတ်သင်္ကေတကို ညွှန်ပြ၍-

"အဲဒါ ဘာလို့ထင်သလဲ အိုင်ပီ"

ဟု မေးလေ၏။

"ကြက်ခြေခတ်ပေါ့ဗျာ"

ဟုဖြေရာ ကိုနှင်းမောင်က ခေါင်းကိုခါ၍ -

"စားကောက်ပုံစံ ရေးတာဗျ၊ ဝေါ်ရခါး တစ်ယောက်ရဲ့ လက်ရာပဲ၊ ဦးမောင်မောင်ကြီးကို သတ်ခဲ့တဲ့လူတွေပဲဗျ"

ဟု ဆိုလေ၏။

ထို့နောက် ကျွန်ုပ်နှင့် ကိုနှင်းမောင်သည် ပြန်လာခဲ့ကြလေ၏။ လမ်း၌ ကျွန်ုပ်က -

"ကိုနှင်းမောင် . . . လွယ်ပါ့မလား"

ဟု မေးရာ ကိုနှင်းမောင်က ခေါင်းကို တွင်တွင်ခါ၍ပြလေတော့၏။





"မလွယ်ဘူး အိုင်ပီ . . . သိပ်ကိုမလွယ်တာ"

ဟု ဆိုလေ၏။ ထိုအဖြစ်အပျက် ဖြစ်ပွားပြီး တစ်လခန့်ကြာသည့်အချိန်အထိ ကိုနှင်းမောင်သည် လူသတ်တရားခံနှင့်ပတ်သက်သည့်အဖြေကို လုံးဝမပေးနိုင်ခဲ့ပေ။

ကိုအောင်မြင့်၊ ကိုစိန်လှနှင့် ကိုတင်ဝင်း စသော စုံထောက်များကမူ တရားခံအမြောက်အမြားကို ဖမ်းဆီးပြီးဖြစ်၍နေလေ၏။ ထို့ကြောင့် ဦးကိုကိုကြီးက -

"အိုင်ဆေး ကိုနှင်းမောင် . . . ခင်ဗျားကသာ ဒီအမှုကိုခက်တယ်လို့ ပြောနေတာ၊ ကိုအောင်မြင့်တို့ဖြင့် လွယ်လိုက်ာဗျာ၊ လူသတ်တရားခံတွေ တစ်ယောက်ပြီးတစ်ယောက်မိနေလိုက်ကြတာ၊ ဟား . . . ဟား"

ဟု ရယ်မောပြောဆိုကြလေ၏။

"ဦးကိုကိုကြီးလဲ လိုက်ခဲ့ဗျာ၊ မင်္ဂလာဒုံကို သွားရအောင်"

ဟု ကိုနှင်းမောင်က ခေါ်သဖြင့် ဦးကိုကိုကြီးပါ ကျွန်ုပ်တို့နှင့်အတူ လိုက်ခဲ့လေ၏။ မင်္ဂလာဒုံသို့ရောက်လျှင် ကိုနှင်းမောင်သည် မင်္ဂလာဒုံဘူတာအနီးရှိ "ချာဘီလား" ဟူသော စစ်သားဆောင်းကြီး တစ်ဦးထံသို့ သွားရောက်ကာ အောက်ပါအတိုင်းမေးမြန်းလေ၏။

"ချာဘီလား . . . စစ်တပ်မှာ အမှုထမ်းတာ တော်တော်ကြာတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ကြားပါတယ်၊ ခင်ဗျားက ဘယ်သူလဲ"

"ကျုပ်က စုံထောက်ပါ"

"စုံထောက်က ဘာကိစ္စ ကျုပ်ဆီလာရတာလဲ၊ ကျုပ်မှာ ဘာအမှုရှိလို့လဲ၊ ကျုပ်က နွားမွေးစားနေတာပဲ"

"ဟုတ်ပါတယ်၊ ချာဘီလားမှာဘာအမှုမှမရှိပါဘူး။ ချာဘီလားက စစ်တပ်မှာ အမှုထမ်းတာ ကြာပြီဆိုတော့ စစ်တပ်က လူတွေကို သိမှာပေါ့၊ အထူးသဖြင့် ဂေါ်ရခါးစစ်သားတွေကို ပိုပြီး သိလိမ့်မယ် ထင်ပါတယ်"

"သိပါတယ်၊ အိန္ဒိယပြည်က စစ်တပ်မှာလဲ နေခဲ့ပါတယ်၊ မင်္ဂလာဒုံမှာလဲ နေခဲ့ပါတယ်၊ ပြင်ဦးလွင်မှာလဲ နေခဲ့ပါတယ်၊ ဂေါ်ရခါးစစ်သား တော်တော်များများကို သိပါတယ်၊ အင်္ဂလိပ်ကပြား တော်တော်များများကိုလဲ သိပါတယ်၊ စစ်ရုံးမှာသွားပြီး မေးရင်တောင် ကျုပ်လောက်သိမှာ မဟုတ်ပါဘူး"

"မှန်ပါတယ်၊ အဲဒီလိုပဲကြားလို့ ချာဘီလားဆီကို လာခဲ့တာပဲ၊ အင်္ဂလိပ်ကပြားစစ်မှုထမ်းထဲမှာ 'ပက်ပင်း' ဆိုတဲ့နာမည်နဲ့ ဘယ်နှယောက် တွေ့ဖူးပါသလဲ ချာဘီလား"

"စစ်တပ်တစ်ခုလုံးမှာ 'ပက်ပင်း' ဆိုတဲ့ နာမည်တစ်ခုပဲ ရှိပါတယ်၊ စစ်တပ်ရုံးမှာ ဆူပေဒါရာထူး ရှိပါတယ်"





"ဟုတ်တယ် အိုင်ပီရေ . . . စစ်ရုံးမှာ ကျုပ်စုံစမ်းပြီးပြီဗျ၊ ဒီနာမည်က တစ်ယောက်တည်း ရှိတယ်"

ဟု ကျွန်ုပ်အား လှည့်၍ပြောပြလေ၏။

"ပေါ့ပင်း ဆိုတဲ့ အင်္ဂလိပ်ကပြားလဲ တစ်ယောက်ပဲရှိပါတယ်၊ လူက ပုပုကလေး"

ဟု ဂေါ်ရခါးစစ်သားကြီးက ပြောပြန်ရာ ကိုနှင်းမောင်က ပြုံး၍ -

"ဟုတ်တယ် အိုင်ပီ . . . အဲဒီနာမည်လဲ တစ်ခုတည်းပဲ ရှိတယ်ဗျ"

ဟု အားရဝမ်းသာ ပြောလေ၏။

"သင်းကြိုင် ဆိုတဲ့ နာမည် ဘယ်နှယောက် ရှိသလဲ ချာဘီလား"

"တစ်ယောက်တည်း ရှိတယ်၊ သူက ရာထူးကြီးပါတယ်၊ သတ္တိကောင်းတဲ့ တံဆိပ်တွေလဲ ရပါတယ်"

ဟု ပြောလေ၏။

"ချာဘီလားကို စာမေးပွဲစစ်ကြည့်တာဗျ၊ အောင်ပြီ . . . ကျုပ်တို့သိချင်တဲ့လူကို မေးတော့မယ်"

ဟု ကျွန်ုပ်တို့ဘက်သို့လှည့်၍ ပြောပြီးနောက် -

www.burmeseclassic.com

www.burmeseclassic.com



"ချာဘီလား . . . စစ်တပ်မှာ ရပ်ချ်ကူးမား ဆိုတဲ့ ဂေါ်ရခါး ဘယ်နှယောက် တွေ့ဖူးပါသလဲ"

"နှစ်ယောက်ရှိပါတယ်၊ တစ်ယောက်က စစ်မှုထမ်းနေတုန်းပါပဲ၊ တစ်ယောက်ကတော့ စစ်တပ်ကထွက်ပြီး မြန်မာပြည်မှာ လာပြီးနေပါတယ်"

"ဟုတ်ပြီ . . . အဲဒီ စစ်တပ်ကထွက်ပြီး မြန်မာပြည်မှာ လာနေတဲ့ ရပ်ချ်ကူးမားအကြောင်းကို ချာဘီလား ပြည့်ပြည့်စုံစုံ ပြောနိုင်ပါ့မလား"

"ကျုပ်ပြောဖို့ မလိုပါဘူး၊ သူနဲ့အတူနေဖူးတဲ့ မေဂျာ တစ်ယောက် အိန္ဒိယကနေ ပြောင်းလာပြီး မင်္ဂလာဒုံစစ်တပ်မှာကို ရောက်နေတာ ၁၅ ရက်လောက်ရှိပါသေးတယ်၊ သူ့ဆီကို သွားပြီး မေးပါလား"

"မေဂျာ ဘယ်သူလဲ"

"မြန်မာလူမျိုးပါ၊ မေဂျာမင်းညိုလို့ ခေါ်ပါတယ်"

"ကျေးဇူးတင်ပါတယ် ချာဘီလား"

ဟု နှုတ်ဆက်ပြီးလျှင် ကိုနှင်းမောင်က ရှေ့မှထွက်ခွာသွားလေ၏။ ကျွန်ုပ်နှင့် ဦးကိုကိုကြီးက နောက်မှလိုက်ခဲ့ရလေ၏။

မင်္ဂလာဒုံစစ်တပ်ဝင်းအတွင်းသို့ သွားရောက်၍ ဂိတ်စောင့်စစ်သားအား ကိုနှင်းမောင်က မေဂျာမင်းညိုဆိုသူ ရှိမရှိ စုံစမ်းကြည့်ရာ အစောင့်စစ်သားက စစ်တပ်ဝင်းအတွင်းရှိ တိုက်အိမ်





တစ်လုံးကို ညွှန်ပြလိုက်လေ၏။ ကျွန်ုပ်တို့လည်း စိန်ပန်းပင်တလေးများ ခြံရံလျက်ရှိသော ထိုတိုက်ကလေးဆီသို့ သွားရာ ခြံဝင်း၌ "မေဂျာမင်းညို" ဟူသောစာတန်းကို အင်္ဂလိပ်ဘာသာဖြင့် ရေးထားသည်ကို တွေ့ရလျှင် . . . ခြံအတွင်းသို့ ဝင်ခဲ့ရာ ၎င်းတိုက်ရှေ့ ဆင်ဝင်အောက်တွင် ရပ်ထားသော စစ်သုံးမော်တော်ကားကလေးဆီသို့ တိုက်အတွင်းမှ စစ်ယူနီဖောင်းဝတ်ထားသော လူငယ်တစ်ဦးသည် ထွက်၍ လာပြီးလျှင် ကားပေါ်သို့ တက်မည်ပြုပြီးနောက် ကျွန်ုပ်တို့ကို တွေ့လျှင် ကားပေါ်သို့ မတက်ဘဲ စောင့်၍နေလေ၏။

ထိုလူငယ်ဗိုလ်မှူးက ကျွန်ုပ်တို့အား အင်္ဂလိပ်ဘာသာဖြင့်-

"ဘာကိစ္စရှိပါသလဲ"

ဟု မေးမြန်းလေ၏။

"မေးစရာလေးရှိလို့ လာခဲ့တာပါ မေဂျာ"

ဟု အဓိပ္ပာယ်ရသော အင်္ဂလိပ်စကားဖြင့် ကိုနှင်းမောင်က ပြောလိုက်လျှင် ထိုဗိုလ်မှူးကလေးက -

"မေးပါ . . . ဘာမေးချင်လို့လဲ"

ဟု ပြန်၍ပြောလေ၏။

"ချာဘီလား ဆိုတဲ့ ဂေါ်ရခါး စစ်သားဟောင်းကြီးက ညွှန်လိုက်လို့ပါ၊ မေဂျာမင်းညိုဆီမှာ သွားပြီးစုံစမ်းပါဆိုလို့"

"ဘာကိုစုံစမ်းချင်တာလဲ၊ မိတ်ဆွေတို့က ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်က ဆားပုလင်းနှင်းမောင်ပါ၊ စီအိုင်ဒီက စုံထောက်တွေပါ"

"ဩော် - ဟုတ်လား၊ ဆားပုလင်းနှင်းမောင် . . . ကြားဖူးပါရဲ့ဗျာ၊ ကျုပ်တို့မြန်မာလူမျိုးထဲက အခုလို ချွန်တဲ့လူ ထွက်ပေါ်လာတာကို ဂုဏ်ယူပါတယ် ဆားပုလင်းနှင်းမောင်"

ဟု ယဉ်ကျေးသော အင်္ဂလိပ်စကားဖြင့် ပြောလေ၏။

"ကျုပ်ကလဲ မြန်မာလူငယ်တစ်ဦး အင်္ဂလိပ်စစ်တပ်မှာ မေဂျာရာထူး ရနေတာကို ဂုဏ်ယူပါတယ်"

ဟု ကိုနှင်းမောင်က ပြန်၍ပြောလေ၏။

မေဂျာမင်းညိုမှာ အင်္ဂလိပ်ဝတ္ထုများ၌ မကြာခဏ တင်စားတတ်သည့် အရပ်မြင့်မြင့်၊ အသားညိုညို၊ ခပ်ချောချော ဟူသော စကားနှင့် ကိုက်ညီသောသူဖြစ်ပေသည်။

သူရသတ္တိနှင့် ပြည့်စုံကြောင်း သူ၏နှုတ်ခမ်းနှင့် မျက်လုံးများက ဖော်ပြလျက်ရှိပေသည်။ မေဂျာမင်းညို၏ ရုပ်ရည်မှာ ထူးခြားသကဲ့သို့ သူ၏ပါးပေါ်မှ သုံးထောင့်ပုံစံ အမှတ်အသားမှာလည်း စိတ်ဝင်စားဖွယ် ကောင်းလှပေသည်။

"မေဂျာမင်းညို . . . ရုပ်ချိုကူးမား ဆိုတဲ့ ဂေါ်ရခါးစစ်သားတစ်ယောက်ကို သိပါသလား"

ဟု ဆားပုလင်းနှင်းမောင်က မေးလေ၏။

"ရုပ်ချိုကူးမား ဆိုတဲ့ နာမည်တွေက အများသားလား ဆားပုလင်းနှင်းမောင်၊ ကျုပ် သိတဲ့ ရုပ်ချိုကူးမားကတော့





တစ်ယောက်ပဲရှိပါတယ်၊ သိပ်ပြီးသူရသတ္တိနဲ့ပြည့်စုံတဲ့ လူပါပဲဗျာ၊ ဒါပေမဲ့ စစ်တပ်ထဲမှာမရှိတော့ဘူး၊ ထွက်သွားပြီး မြန်မာပြည်မှာ နေနေတယ်"

"ဘယ်မှာနေသလဲ သိပါသလား မေဂျာမင်းညို"

"အရင်ကတော့ ၃၃ လမ်းက ရွှေညြ ပရိဘောဂတိုက်မှာ ဒရဝမ်လုပ်နေတယ်လို့ သိရပါတယ်၊ အခုတော့ ဘယ်ရောက်နေသလဲ မသိပါဘူး ဆားပုလင်းနှင်းမောင်"

"စိတ်မရှိပါနဲ့ မေဂျာမင်းညို . . . အဲဒီ ရုပ်ချိုကူးမားဟာ လူသတ်မှုဖြစ်ပြီး ထွက်ပြေးနေပါတယ်၊ ကဲ သွားလိုက်ပါဦးမယ်"

"ဘယ်ကိုသွားမှာလဲ . . . ကျုပ်လဲ ရန်ကုန်ဘက်ကို သွားမှာပဲ၊ တစ်ခါတည်း လိုက်ခဲ့ကြပါလား"

"ကျေးဇူးတင်ပါတယ်၊ ကျုပ်တို့လဲကားပါပါတယ် မေဂျာ"

ဟု နှုတ်ဆက်ကာ ထွက်ခဲ့ကြလေ၏။

ကားပေါ်သို့ရောက်လျှင် ဦးကိုကိုကြီးက -

"တော်တော့်ကို ကြည့်ကောင်းတဲ့ ဗိုလ်မှူးပဲဗျ"

ဟု ချီးမွမ်းလေ၏။

"ဟုတ်တယ်၊ သတ္တိလဲကောင်းပုံရတယ်၊ ခြောက်လုံးပြူးကို အိတ်နဲ့ မကိုင်ဘဲ ခါးကြားမှာ ထိုးထားတာကလဲ တကယ့် သေနတ်သမားပီသတယ်၊ ပြီးတော့ ရန်သူရှိနေတဲ့သဘောကိုလဲ ပြတယ်"

ဟု ကိုနှင်းမောင်က ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့ စီအိုင်ဒီသို့ ပြန်ရောက်လာသည့် အခါ၌ကား စုံထောက် ကိုအောင်မြင့်က ဂိတ်ဝမှ ဆီးကြိုကာ လက်မထို ထောင်၍ပြပြီးလျှင် -

"ကျုပ်တို့နိုင်ပြီ။ ရပ်ချ်ကူးမားလဲမိပြီ၊ ဦးမောင်မောင်ကြီး ကို သတ်တဲ့ လက်ဖစာင်နင် ဗြို့ဇ္ဇာကိုလဲ မိပြီ၊ ဒီတ ဆားပုလင်း ကျုပ်တို့ကို မမီနိုင်တော့ဘူး"

ဟု ဆိုလေ၏။ ကိုနှင်းမောင်လည်း ကိုအောင်မြင့်တို့ ဖမ်း၍လာသည့် ရပ်ချ်ကူးမား ဆိုသူနှင့် သွားရောက် တွေ့ဆုံ လေ၏။

"ရပ်ချ်ကူးမား . . . မေဂျာမင်းညိုကို သိပါသလား"

ဟု ကိုနှင်းမောင်ကမေးရာ ရပ်ချ်ကူးမားက -

"သိပါတယ်၊ ကျုပ်နဲ့ အမျှားကြီး စစ်တိုက်ဖူးတာပဲ"

"သူ အခုဘယ်မှာလဲ"

"အိန္ဒိယပြည် စစ်ထပ်ထဲမှာပါ"

"ဦးပေသီးကို ဘာဖြစ်လို့သတ်တာလဲ ရပ်ချ်ကူးမား"

"ကျုပ်နဲ့မတည့်လို့ သတ်တာပါ၊ ကျုပ် သူ့ကိုမုန်းတယ်"

"ကောင်းပြီ . . . သတ်ပြီးတော့ နံရံမှာ ဘာဖြစ်လို့ သွေးတွေနဲ့ စာရေးတာလဲ"

"လက်ဖတင်နင်ဗြို့ဇ္ဇာကို သိအောင်ရေးတာပါ"

"ဒါဖြင့် ဦးပေသီးဟာ မင်းရဲ့ ရန်သူ မဟုတ်နိုင်ဘူး လက်ဖတင်နင်ဗြို့ဇ္ဇာရဲ့ ရန်သူဖြစ်မှာပေါ့"





"ဟုတ်ပါတယ်၊ လက်ဖတင်နင် ဗြို့ဇ္ဇာအတွက် သတ်ပေးတာပါ"

ဆားပုလင်းနှင်းမောင်သည် စီးကရက်ကိုထုတ်၍ မီးညှိပြီး နောက် အလေးအနက် စဉ်းစားပြီးလျှင် လူသတ်တရားခံ လက်ဖတင်နင်ဗြို့ဇ္ဇာ ဆိုသူနှင့် သွားရောက်တွေ့ဆုံပြန်၏။

"လက်ဖတင်နင်ဗြို့ဇ္ဇာက စစ်တပ်ကနေထွက်လာတာလား"

"ကျုပ်ရဲ့တပ်က ကာလကတ္တားမှာပါ၊ အဆုတ်ရောဂါရှိလို့ တစ်နှစ်အနားယူဖို့ ဆရာဝန်က ထောက်ခံတဲ့အတွက် မြန်မာ ပြည် ပြန်လာတာပါ"

"ရွှေညသြ ပရိဘောဂတိုက်ပိုင်ရှင် ဦးမောင်မောင်ကြီးကို သတ်တာ ခင်ဗျားပဲပေါ့"

"ဟုတ်ပါတယ်"

"ဘာကြောင့်သတ်တာလဲ"

"ကျုပ်က မစ္စစမစ်ကို သတ်ခဲ့ပါတယ်၊ ပတ္တမြားလိုချင်လို့ သတ်တာပါပဲ၊ သတ်ပြီးတော့ သစ်သားစည်နဲ့ထည့်ပြီး အညာ ဆန် လှေကြီးပေါ် တင်ပေးလိုက်ပါတယ်၊ မောင်မောင်ကြီးတို့က မစ္စစမစ်ရဲ့လူတွေပါ၊ ကျုပ်ကိုဖမ်းပြီး သစ်သားစည်ကြီးထဲမှာ ထည့်ပြီး မောင်မောင်ကြီးဆီ ပို့ခဲ့ပါတယ်"

"ဟုတ်ပြီ၊ မောင်မောင်ကြီးဆီရောက်တော့ ဘာဖြစ်သလဲ"

"မောင်မောင်ကြီးဆီရောက်တော့ ကျုပ်နဲ့ တပ်ထဲမှာအတူ လုပ်ခဲ့တဲ့ ရပ်ချ်ကူးမားနဲ့တွေ့လို့ ရပ်ချ်ကူးမားက ကျုပ်ကိုကူညီ ပါတယ်၊ အဲဒီအခါမှာ မောင်မောင်ကြီးကို ကျုပ်က သတ်နိုင်ခဲ့ ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဆားပုလင်း နှင်းမောင်သည် စီးကရက် သောက်ရင်း ခေါက်တုံ့ခေါက်ပြန် လျှောက်၍နေလေ၏။

စုံထောက် ကိုစိန်လှက -

"ဘယ်လိုလဲ . . . သဘောကျတယ်မဟုတ်လား၊ ဒီတစ်ခါ ကျုပ်တို့ဖမ်းလာတဲ့ တရားခံဟာ မလွဲနိုင်ပါဘူး ကိုနှင်းမောင်၊ ဟဲ ဟဲ ဒီလိုရှုပ်ထွေးတဲ့အမှုမျိုးကျတော့လဲ ကျုပ်တို့လိုအရာရှိတွေကသာဖော်နိုင်တာပါဗျာ၊ ဟဲ . . . ဟဲ" ဟု ခနဲ့လေတော့၏။

ဆားပုလင်း နှင်းမောင်သည် ဘောင်းဘီအိတ်အတွင်းမှ သတင်းစာဖြတ်ပိုင်းတစ်ခုကိုထုတ်၍ လက်ဖတင်နင်ဗြိုစ္စာအား ပြပြီးလျှင် -

"တွဲတေးကစပါးပွဲစားကြီးကိုသတ်ပြီး ပတ္တမြားလက်စွပ်ကို ဖြုတ်သွားတာဘယ်သူလဲ" ဟု ဆားပုလင်းနှင်းမောင်က မေးလိုက်ရာ လက်ဖတင်နင်ဗြိုစ္စာသည် အနည်းငယ်ငိုင်၍သွားပြီးနောက်-

"ကျုပ်သတ်တာ . . . ကျုပ်ဖြုတ်တာ" ဟု ဖြေလေ၏။ ထိုအခါ၌ ကိုနှင်းမောင်သည် တစ်စုံတစ်ရာပြောဆိုခြင်း မပြုနိုင်တော့ဘဲ ကိုစိန်လှဘက်သို့လှည့်ကာ-

"ဒီတစ်ခါတော့ ဦးစိန်လှတို့ ဦးအောင်မြင့်တို့က ကျုပ်ထက် သာသွားပြီလို့ ဝန်ခံရတော့မလို ဖြစ်နေပြီ" ဟု ပြောလိုက်ရာ ကိုအောင်မြင့်က -

"ဘယ့်နှယ်ဝန်ခံရတော့မလိုလဲ . . . ဝန်ခံစမ်းပါ၊ ခင်ဗျား လိုက်တာ ဒီအမှုမပေါ်ပါဘူး၊ ကျုပ်တို့က တရားခံကို ဖမ်းထားပါပြီ ဆားပုလင်းရဲ့"





ဟု မညှာမတာ ပြောဆိုလေ၏။ ကိုနှင်းမောင်လည်း ...ပ်ကို နှုတ်မဆက်ဘဲ ရုံးခန်းအတွင်းမှ ထွက်၍သွားလေ ...တော့၏။ ထိုအခါ၌ ဦးကိုကိုကြီးက -

"ကျုပ်တို့ လူတော့ တော်တော်ကလေး ရှက်သွားပြီ ...င်တယ်ဗျို့၊ ကိုအောင်မြင့်တို့ ကိုစိန်လှတို့ကလဲ အခွင့်ရပြီ ...ီး မညှာမတာ ပြောလိုက်ကြတာကိုးဗျ" ဟု ပြောလေ၏။ ...နေ့မှစ၍ ကိုနှင်းမောင်သည် ရုံးသို့မလာဘဲရှိသဖြင့် ကျွန်ုပ်က ...၏အိမ်သို့လိုက်သွားသည့်အခါ၌ တာမွေဂါတ်မှ ပုလိပ်ကလေး ...င်းကြိုင်ကိုသာတွေ့ရလေတော့၏။ ကျွန်ုပ်က သင်းကြိုင်အား-

"ကိုနှင်းမောင်ဘယ်သွားသလဲ" ဟု မေးကြည့်ရာ သင်းကြိုင် ... -

"မသိဘူးဆရာ၊ ကျွန်တော့်ကိုအိမ်ခေါ်ထားပြီး သူကတော့ ...မလာတာ ကြာပြီဆရာ၊ တစ်ပတ်လောက်တော့ ရှိပြီ ...င်တယ်" ဟုဆိုလေ၏။ ကျွန်ုပ်လည်း ကိုနှင်းမောင်ကို ရှာဖွေရ ...သတော့၏။ ကျွန်ုပ်တို့၏စီအိုင်ဒီ၌မူ ကိုအောင်မြင့်၊ ကိုစိန်လှ၊ ...တင်ဝင်း စသောသူတို့သည်သာ မင်းကြီး၏ ရုံးခန်းတွင်းသို့ ...်လိုက် ထွက်လိုက် . . . တရားခံများကို မာတ်ပုံရိုက်လိုက်၊ ...ါင်ချိန်လိုက်နှင့် များစွာတွင်ကျယ်၍နေလေ၏။

"ဒီအမှုအတွက် ကျုပ်တို့တော့ ရာထူးတက်တော့မယ်ဗျ" ...လည်း ကျွန်ုပ်အား မကြာခဏ လာရောက်၍ ကြွားလုံး ...တ်လေ့ရှိပေရာ ကျွန်ုပ်အဖို့လွန်စွာနားကလောရလေတော့၏။

■



www.burmeseclassic.com

www.burmeseclassic.com

## ဆားပုလင်းနှင်းမောင် သေနတ်ပစ်ခံရပြီ

ကိုနှင်းမောင်ပျောက်ဆုံးသွားသည်မှာကြာပေပြီ။ တရား ရုပ်ချိုကူးများကိုမူ ထောင်ကြီးချုပ်သို့ ပို့၍ထားပြီးဖြစ်ပေသည် လက်ဖတင်နှင်ဖြိုးကိုလည်း ဂေါ်ရာကုန်းရှိစစ်တပ်မှ ခေါ် သွားပြီး ဖြစ်ပေသည်။

လက်ဖတင်နှင်ဖြိုးသည် စစ်မှုထမ်းဆဲဖြစ်သဖြင့် စစ် ကသာလျှင် ၎င်း၏အမှုကို စီရင်မည်ဟု သိရလေတော့၏။

သတင်းစာများမှလည်း မဲကောင်ကြီး သဘော အလောင်းကိစ္စနှင့် ရွှေညသြ ပရိဘောဂတိုက်ပိုင်ရှင် ဦးမေ မောင်ကြီး အသတ်ခံရသည့်ကိစ္စ၊ အထက်လမ်း ဆရာ ဦးပေသီး အသတ်ခံရသည့်ကိစ္စကို ပုလိပ်အဖွဲ့မှ ယခုထက် တရားခံ မဖော်နိုင်သေးကြောင်း ရေးသားသဖြင့် စုံထော ကိုအောင်မြင့်နှင့်ကိုစိန်လှတို့က သတင်းစာတိုက်သို့ သွားရော ကာ အယ်ဒီတာအား -

“တရားခံကို ကျုပ်တို့ဖမ်းမိထားတာ ကြာပြီဗျ၊ ရုံးမ သေးတာ၊ ခင်ဗျားတို့မသိဘဲ အရမ်းမရေးနဲ့၊ တရားစွဲခံရမ ဟု သွားရောက်ကြိမ်းမောင်းကြလေ၏။





ဤသို့ဖြစ်နေစဉ်အတွင်း တစ်ခုသောနံနက် ဝေလီဝေလင်းတွင် ကျွန်ုပ်အိမ်သို့ တယ်လီဖုန်းလာသဖြင့် ကောက်ယူနားထောင်လိုက်ရာ ကျွန်ုပ်တို့၏ စုံထောက်မင်းကြီး မစ္စတာ ကရစ်ပင်ထံမှ ဖြစ်ကြောင်း သိရလေ၏။

“အမိန့်ရှိပါ သခင်၊ ကျွန်တော်မျိုး မောင်အောင်သင်းပါ”

ဟု ကျွန်ုပ်က ပြောလိုက်ရာ မစ္စတာ ကရစ်ပင်က -

“စိတ်မကောင်းစရာဘဲ လူကလေး၊ ကျုပ်တို့ရဲ့သူရဲကောင်း ဆားပုလင်းနှင်းမောင်တော့ ည ၁၂ နာရီလောက်က ကန်တော်ကြီးနားမှာ သေနတ်ပစ်ခံရပြီး ဆုံးသွားရှာပြီ”

“ခင်ဗျာ . . . ကိုနှင်းမောင် သေပြီ”

“ဟုတ်ပါတယ် လူကလေး . . . ဆားပုလင်းနှင်းမောင်ကို စိတ်ဖွား ဆိုတဲ့ လူက သေနတ်နဲ့ ပစ်သတ်သွားပြီ”

“အလောင်းဘယ်မှာလဲ . . . ဆေးရုံကြီးမှာလား . . . ကျွန်တော်မျိုး အခုပဲသွားမယ်”

“သွားချင်သွားပါ၊ ကျွန်ုပ်ကတော့ ပြည်သူလူထုသိမှာစိုးရိမ်တယ်၊ ဆားပုလင်းနှင်းမောင်မရှိတော့ဘူးဆိုရင် လူထုအများကြီး စိတ်ငယ်သွားမယ်၊ လူဆိုးတွေပျော်မယ်၊ ဒါကြောင့် ဒီသတင်းကို ပြင်ပလူ မသိစေချင်တဲ့အတွက် ချက်ချင်းပဲ ခေါင်းသွင်းခိုင်းလိုက်ပြီ၊ ဘယ်သူ့ကိုမှလဲ ကြည့်ခွင့်မပေးနိုင်ဘူးလို့ အမိန့်ထုတ်လိုက်တယ်၊ မောင်အောင်သင်း သွားပြီး အခေါင်းမှာပဲရှုပါ”



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါပြီ သခင်၊ ပြည်သူ့အချစ်တော် ဆားပုလ
နှင်းမောင်လို့ ရေးလိုက်ပါ့မယ်"

"ဗလယ်ဒီဖူး. . . အဲဒီလိုစာရေးရင် ဆားပုလင်းနှင်းမော
သေတာကို လူတွေ သိကုန်မှာပေါ့ကွ၊ ပြည်သူ့လူထုအတွ
အသက်ပေးသွားရတဲ့ပုလိပ်အဖွဲ့ဝင်တစ်ဦး . . . လို့ ရေးရမ
လူကလေး"

"ကောင်းပါပြီ သခင်"

ကျွန်ုပ်လည်း ကျွန်ုပ်၏ ဇနီးကိုနှိုး၍ အကျိုးအကြော
ပြောပြရာ ကျွန်ုပ်၏ ဇနီးလည်း ငို၍ ကျန်ရစ်ခဲ့လေတော့
ကျွန်ုပ်လည်း ဦးကိုကိုကြီးထံသို့ တယ်လီဖုန်းဆက်၍ အကြော
ကြားလိုက်ရာ ဦးကိုကိုကြီးလည်း ထိုသတင်းအတွက် လွန်
တုန်လှုပ်ချောက်ချား၍ သွားလေတော့၏။

ကျွန်ုပ်နှင့် ဦးကိုကိုကြီးသည် ရန်ကုန်ဆေးရုံကြီး ရင်ခွဲ
လိုက်သွားရာ ကိုနှင်းမောင်၏ ခေါင်းကို တွေ့ရလေ၏။

ဦးကိုကိုကြီးလည်း တောက်တခေါက်ခေါက်နှင့်ဖြစ်၍
လေ၏။ နံနက် ၈ နာရီလောက်တွင်မှ . . . ကျွန်ုပ်တို့စီအိုင်
စုံထောက် ကိုအောင်မြင့်၊ စုံထောက် ကိုစိန်လှ၊ ကိုတင်
ပြာတာ မောင်ညိုတို့ ရောက်ရှိလာကြလေ၏။

အနီးအနားရှိ ဆိုက်ကားသမားနှင့် ဈေးသည်မျာ
ကျွန်ုပ်တို့အား . . .





"ဆားပုလင်းနှင်းမောင် သေတယ်ဆို"

ဟု လာရောက်မေးမြန်းကြရာ ဦးကိုကိုကြီးက -

"ဘယ်ကလာဟုတ်ရမှာလဲဗျ" ဟု အော်ဟစ်မောင်းထုတ်လေ၏။ နံနက် ၁၀ နာရီ လောက်တွင် သတင်းထောက်များ ရောက်ရှိလာပြီးလျှင် ဆားပုလင်းနှင်းမောင် သေဆုံးသည့် သတင်းကို လာရောက်၍ ယူကြလေ၏။ ကျွန်ုပ်က -

"ကျုပ်တို့မှာ ဘာမှပြောဖို့အခွင့်မရဘူး၊ သက်ဆိုင်ရာက သေတယ်-မသေဘူးထုတ်ပြန်မှ သတင်းရေးကြပါ" ဟု ကျွန်ုပ်က တောင်းပန်နေသည့် ကြားကပင် သတင်းထောက်တစ်ဦးက ကိုနှင်းမောင်၏ခေါင်းကို ဓာတ်ပုံရိုက်လိုက်သဖြင့် ကိုအောင်မြင့်က ကင်မရာကိုလုယူပြီးလျှင် ဖလင်လိပ်အား အလင်းရောင်၌ ဆွဲဖြန့်၍ ဖျက်ဆီးပစ်လိုက်လေ၏။

ထိုအချိန်၌ စုံထောက်မင်းကြီး မစ္စတာ ကရစ်ပင်နှင့် ရန်ကုန်ရဲမင်းကြီး ရှပ်တဲဝဝ် တို့ ရောက်ရှိလာကာ -

"လူကလေးတို့လဲ စီအိုင်ဒီကိုပြန်ကြပါ၊ နို့မို့ရင် လူတွေက သတင်းအမျိုးမျိုး လွှင့်ကြလိမ့်မယ်" ဟု ဆိုသဖြင့် ကျွန်ုပ်တို့လည်း ပြန်ခဲ့ရလေ၏။ မစ္စတာ ကရစ်ပင်က -

"အသုဘကို ည ၉ နာရီလောက်မှ တိတ်တဆိတ်ချရမယ် မောင်အောင်သင်း" ဟု ပြောဆိုလေ၏။ ကျွန်ုပ်လည်း စီအိုင်ဒီသို့ ပြန်လည်ရောက်ရှိသည့်အခါ၌ စားပွဲပေါ်၌မှောက်လျက် အားရပါးရ ငိုကြွေးလိုက်လေတော့သတည်း။

■



www.burmeseclassic.com

www.burmeseclassic.com

## သေသောသူသည် သုသာန်၌ ကျွန်ုပ်တို့နှင့် စကားပြောပြီ

ထိုနေ့ညက ကြယ်ရောင် လရောင်များ လုံးဝမရှိသဖြင့် လောကဓာတ်တစ်ခုလုံး ပိန်းပိတ်အောင် မှောင်လျက်ရှိ၏။ ခပ်လှမ်းလှမ်းမှ နာရီသံချောင်းသံက ကိုးချက်တိတိ ခေါက်လိုက် သည်။ လူတစ်ယောက်က အောက်လင်းမီးအိမ်ကို ခေါင်းတွင် ရွက်လျက် ရှေ့မှလမ်းပြ၍ လာလေ၏။ လူလေးယောက်က ကြီးမားသော ခေါင်းကြီးတစ်လုံးကိုထမ်း၍လာလေ၏။ နောက် လိုက်ပါပို့ဆောင်သော လူသုံးလေးယောက်သည် ဦးခေါင်းကို ငိုက်စိုက်ချလျက် လိုက်ပါလာကြလေ၏။

အသုဘကျင်းတူးသူသည် ကျင်းကိုတူးပြီးဖြစ်၍ ပေါက်တူး ကို ကိုင်ကာ အသုဘခေါင်းကြီးကို စောင့်မျှော်၍နေလေ၏ အသုဘချလာသူများသည် ကျင်းအနီးသို့ တရွေ့ရွေ့နှင့်လာ၍ နေကြ၏။

မူဆလင်ဘာသာဝင်များအပါအဝင် အသုဘအား ကျော အောင် မထားရဟူသော မလေ့ထုံးစံရှိသူများသည် ဤကဲ့သို့





ညကြီး သန်းခေါင်၌ အသုဘချလေ့ ရှိပေသည်။ သို့ရာတွင် ယခုချလာသောအသုဘမှာ မူဆလင်တစ်ဦး၏ အသုဘမဟုတ် ပေ။ မြန်မာလူမျိုးတစ်ဦး၏ အသုဘ ဖြစ်ပေသည်။

အသုဘ ခေါင်း၌မူ -

**ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်အတွက် အသက်ကို စွန့်သွားသော ပုလိပ်အမှုထမ်းတစ်ဦး**

ဟု ရေးသားထားပေသည်။

<◆>

ကျွန်ုပ်သည် အသုဘ ကျင်းတူးခိုင်းရန်အတွက် သုသာန် သို့ ကြို၍ရောက်ရှိနေ၏။ အင်းစိန် စီအိုင်ဒီမှ စုံထောက်များ ဖြစ်ကြသော ကိုစိန်လှ၊ ကိုတင်ဝင်း၊ ဦးကိုကိုကြီး၊ ရွှေသွား ကိုအောင်မြင့် စသော ကျွန်ုပ်တို့နှင့် လုပ်ဖော်ကိုင်ဖက်များက ရင်ခွဲရုံမှနေ၍ ကိုနှင်းမောင်၏အလောင်းကို ယူဆောင်လာကြ ပေသည်။ ကျွန်ုပ်သည် ခပ်လှမ်းလှမ်းမှ မီးကလေး မှိတ်တုတ် မှိတ်တုတ်ဖြင့် မစည်မကား ချ၍လာသော ကျွန်ုပ်၏မိတ်ဆွေကြီး အသုဘကိုကြည့်ကာ မျက်ရည်များ ရစ်ဝိုင်း၍လာပေသည်။

လွန်စွာမှလည်းယူကျုံးမရဖြစ်မိလေသည်။ **ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို မိမိအသက်နှင့်လဲ၍စွန့်စားကာကွယ် ခဲ့သော စုံထောက်ကျော် ဆားပုလင်းနှင်းမောင်ကား မထင်မရှား နှင့် ကွယ်လွန်ခဲ့ရပေပြီ။** ဆားပုလင်းနှင်းမောင်သေပြီ ဟူသော



www.burmeseclassic.com

www.burmeseclassic.com



ဟူသောသတင်းကို လွန်စွာကြားလိုလှသော ဒုစရိုက်သမားများ မသိစိမ့်သော်ငြား သေဆုံးသည့် သတင်းကိုပင် သတင်းစာ၌ ဖော်ပြခြင်းမပြုခဲ့ရုံမျှမက အသုဘကိုပင် ဤသို့လျှင်တိတ်တဆိတ် သင်္ဂြိုဟ်ရခြင်း ဖြစ်ပေသည်။

ထိုသို့မဟုတ်ဘဲ ပြည်သူလူထုအား အသိပေးခဲ့ပါမူ ပြည်သူချစ်သော ဆားပုလင်းနှင်းမောင်၏ အသုဘကား လွန်စွာမှပင် စည်ကားသိုက်မြိုက်ပေမည်။

သုသာန်နှင့် ရင်ခွဲရုံသည် လိုက်ပါပို့ဆောင်သော လူတန်းကြီးဖြင့် တစ်ဆက်တည်းပင် ရှိနေလိမ့်မည်ဟု ကျွန်ုပ် ယုံကြည်ပေသည်။

ယခုမူ ရှေ့မှမီးအိမ်ကိုရွက်သောလူတစ်ယောက်၊ ခေါင်းထမ်းသော လူလေးယောက်၊ နောက်မှ ပို့ဆောင်သော လူငါးယောက်၊ ကြို၍ရောက်နေသော ကျွန်ုပ်ပါနှင့်မှ ၁၁ ယောက်သာလျှင် ရှိပေသည်။

လူတို့၏စိတ်မာတ်သည် ဆန်းလှပေသည်။ ကိုနှင်းမောင်အား အသက်ရှင်စဉ်ကာလက လွန်စွာမုန်းတီးသဖြင့် မကြာခဏ ချောက်တွန်းလေ့ရှိသော စုံထောက်အရာရှိရွှေသွားကိုအောင်မြင်သည် မျက်ရည်များတတွေတွေကျလျက် ကိုနှင်းမောင်၏ ခေါင်းကို ထမ်းပေသည်။

တိုစိန်လှကမူ ကြေးစည်ကလေးထုကာ လွန်စွာ လွမ်းဆွေးဖွယ်ရာကောင်းသော သံဝေဂသံပေါက်ကိုရွတ်ဆိုရင်း မျက်ရည်ရစ်ဝိုင်းလျက် လိုက်ပါလာလေ၏။





ကိုတင်ဝင်းကလည်း စကားမပြောဘဲ ဆေးလိပ်သောက်ရင်း ခပ်ငိုင်ငိုင်လိုက်ပါ၍လာလေ၏။ လက်ဝါးဦးကိုကိုကြီးမှာမူ သူ၏လက်ဝါးကြီးကို ပွတ်လျက် -

"ကိုနှင်းမောင် သေမယ့်အစား ကျုပ်တို့လိုအသုံးမဝင်တဲ့ လူတွေ သေပါတော့လားဗျာ"

ဟု သူ၏ဘေးမှအဖော်အားပြောရင်း စိတ်မကောင်းခြင်းကြီးစွာနှင့် လိုက်ပါ၍လာလေ၏။

ကိုနှင်းမောင်၏ အသုဘ ချလာပုံမှာ လွန်စွာမှလွမ်းဆွတ်ဖွယ်ရာ ကောင်းသကဲ့သို့ လွန်စွာမှလည်း သံဝေဂရဖွယ်ကောင်းလှပေသည်။

ဤသို့နှင့်ပင် ကိုနှင်းမောင်၏ အသုဘသည် ကျွန်ုပ်တို့အနီးသို့ ရောက်ရှိလာလေ၏။ အသုဘခေါင်း ထမ်းသူများသည် တွင်းနှုတ်ခမ်းပေါ်၌ ကိုနှင်းမောင်၏ ခေါင်းကြီးကို ချထားကြလေ၏။

"ဦးကိုကိုကြီး . . . သရုဏဂုံကော တင်ခဲ့ကြရဲ့လားဗျာ"

ဟု ကျွန်ုပ်က ငိုသံကြီးနှင့် မေးလိုက်ရာ ဦးကိုကိုကြီးကလည်း ငိုသံပါကြီးနှင့်ပင် -

"ကျုပ်တို့မရောက်ခင် နေ့လယ်ကတည်းက . . . မစ္စတာရစ်ပင်နဲ့ ဗြာတာမောင်ညိုတို့ ဘုန်းကြီးပင့်ပြီး တင်ပြီးကြပါပြီဗျာ"

ဟု ဖြေလိုက်လေ၏။ ထိုအချိန်၌ သုသာန်လမ်းအတိုင်း အင်္ဂလိပ်စစ်တပ်မှ စစ်ကားနှစ်စီး မောင်း၍ ဝင်လာလေ၏



www.burmeseclassic.com

www.burmeseclassic.com



စစ်ကားနှစ်စီးဆိုရာ၌ ရှေ့မှကားတစ်စီး၌ ညာဘက်မျက်လုံးပေါ်တွင် သားရေဖတ် (မျက်လုံးကွယ်) လေး တပ်ထားသော မြန်မာစစ်ဗိုလ်တစ်ဦးက မောင်းနှင်၍ အင်္ဂလိပ်စစ်ဗိုလ်က ဘေးမှ လိုက်ပါလာ၏။ နောက်မှကားမှာမူ လော်ရီကားကြီးဖြစ်၏။ ကားပေါ်မှ ဂေါ်ရာစစ်သားရှစ်ယောက်သည် လက်ပြန်ကြိုးတုပ်၍ထားသော လူတစ်ယောက်အား ကားပေါ်မှ တွန်းချရင်း ဆင်း၍လာလေ၏။ ထို့နောက် ဂေါ်ရာစစ်သားများသည် တူးပြီးသား တွင်းတစ်တွင်းအနီးသို့ ထိုလူအားခေါ်၍သွားပြီးလျှင် တွင်းနှုတ်ခမ်းဝ၌ မတ်တတ်ရပ်ခိုင်းစေကာ ကားနှစ်စီးမှ မီးများဖြင့် ထိုးထားလိုက်လေ၏။

ထိုမြင်ကွင်းမှာ ဘိုင်စကုပ်ရိုက်၍နေသကဲ့သို့ရှိ၏။ အင်္ဂလိပ်စစ်ဗိုလ်က ဂေါ်ရာစစ်သား ရှစ်ယောက်အား နေရာယူရန် ပြောလိုက်လျှင် ဂေါ်ရာစစ်သားများလည်း လေးယောက်စီ တန်း၍ နေရာယူလိုက်ကြလေ၏။ ရှေ့မှလေးယောက်က ထိုင်လျက်၊ နောက်မှလေးယောက်က မတ်တတ်ရပ်လျက် တွင်းဝမှ လူအား သေနတ်များဖြင့် ချိန်လိုက်ကြလေ၏။

ကျွန်ုပ်နှင့် အတော်အတန် လှမ်းသဖြင့် အသတ်ခံရမည့်သူအား မည်သူမည်ဝါဖြစ်ကြောင်း မသဲကွဲသော်လည်း ကိုယ်လုံးကိုယ်ပေါက် ဖြောင့်စင်း၍ အရုပ်အမောင်း ခပ်ပြတ်ပြတ်ရှိသော လူတစ်ယောက်ဖြစ်ကြောင်း တွေ့ရလေ၏။ ထိုသူမှာ ရှပ်လက်ရှည်၊ ဘောင်းဘီ၊ ရှူးဖိနပ် စသည်တို့ဖြင့် ဖြစ်ပေသည်။





အင်္ဂလိပ်စစ်ဗိုလ်သည် ထိုသူ၏ရှေ့သို့ သွားရောက်ကာ စာရွက်ရှည်ကြီးတစ်ရွက်ကို ဖတ်ပြနေလေ၏။ ဖတ်ပြပြီးနောက် ထိုသူက မည်သို့ပြောသည် မသိရသော်လည်း ကားပေါ်မှ မြန်မာစစ်ဗိုလ်က ထိုသူ့ထံသို့ လျှောက်လာပြီးလျှင် စီးကရက်တစ်လိပ်ကိုထုတ်၍ မီးညှိကာ ထိုသူ၏နှုတ်ခမ်း၌ တေ့၍ပေးလိုက်လေ၏။ စက္ကန့်ပိုင်းအတွင်း၌ သေနတ်ဒဏ်ရာရှစ်ချက်ဖြင့် အသက်ထွက်ရတော့မည့် ထိုသူလည်း စီးကရက်ကို အားရပါးရ ရှိုက်ဖွာရင်း မည်းမှောင်လျက်ရှိသော ကောင်းကင်ပြာကိုမော့လျက် မီးခိုးများကို မှုတ်ထုတ်နေလေ၏။

“ဦးကိုကိုကြီး . . . ဘာလဲဗျ”

ဟု ကိုစိန်လှက မေးလိုက်လေ၏။

“ကုတ်မာရှယ် (စစ်ခုံရုံး) က သူတို့တပ်ကလူကို သေဒဏ်ပေးတာနဲ့ တူတယ်ဗျ”

ဟု ဦးကိုကိုကြီးက ပြန်၍ပြောလေ၏။

“ဘာဖြစ်လို့ ဒီမှာလာပြီး သတ်တာလဲဗျာ၊ တပ်ထဲမှာ သတ်ရင် ပြီးတာပဲ မဟုတ်လား”

ဟု ကျွန်ုပ်က ပြောလိုက်ရာ ဦးကိုကိုကြီးက -

“မဟုတ်ဘူးဗျာ . . . တပ်ထဲမှာဆိုရင် လုပ်ဖော်ကိုင်ဖက်တွေက မကျေမနပ်ဖြစ်ရင် ရှုတ်ရှုတ်သဲသဲဖြစ်နိုင်လို့ထင်ပါရဲ့ဗျာ”

ဟု ပြောလေ၏။

“ဒီလိုဆိုရင်လဲ ထောင်ထဲခေါ်သွားပြီး ထောင်ထဲမှာ သတ်ရင်လဲရတာပါပဲဗျာ” ဟု ကိုစိန်လှကပြောလျှင် ဦးကိုကိုကြီးက-



www.burmeseclassic.com

www.burmeseclassic.com



"ကိုစိန်လှရေ . . . အတိအကျ သိချင်ရင်တော့ ခင်ဗျားပဲ သွားမေးပေတော့ဗျာ"

ဟု ဘုဆတ်ဆတ်ပြောလိုက်လေ၏။ ထိုအခါ၌ ကိုအောင်မြင့်က -

"ကျုပ်တော့ သွားကြည့်တော့မယ်ဗျာ"

ဟု ဆိုကာ ထွက်သွားလေ၏။ ကိုအောင်မြင့်သွားလျှင် ကိုစိန်လှလည်း လိုက်ပါသွားလေ၏။ ထိုအချိန်၌ မော်တော်ကားတစ်စီးသည် သုသာန်အတွင်းသို့ စက်ကုန်ဖွင့်၍ မောင်းဝင်လာပြန်၏။

"ဟိုမှာ ကားတစ်စီး လာပြန်ပြီဗျို့"

ဟု ဦးကိုကိုကြီးက ပြောလိုက်လေ၏။

ထိုမော်တော်ကားသည် စစ်လော်ရီကားနှင့် မနီးမဝေး၌ ရပ်လိုက်လေ၏။ ကားပေါ်မှ ကွတ်အကျႌ၊ ဘောင်းဘီ၊ နက်တိုင်စသည်တို့ကိုသေသပ်ကျနစွာဝတ်စားထားသည့် အရပ်အမောင်းကောင်းသော လူတစ်ယောက်သည် ဆင်း၍လာပြီးလျှင် ဂေါ်ရာစစ်သားများ ရှိရာသို့ တစ်လှမ်းချင်းလျှောက်၍ သွားလေ၏။ သူမောင်းလာခဲ့သောကား၏မီးကိုလည်း ဖွင့်၍ထားသည်ဖြစ်ရာ ကတ္တရာလမ်း တစ်လျှောက်၌ လင်းထိန်လျက် ရှိပေသည်။ သုသာန်တစ်ခုလုံးသည် ထိုသူ၏ အချက်မှန်မှန်လှမ်း၍လျှောက်လာသော ဖိနပ်သံမှတစ်ပါး တိတ်ဆိတ်ငြိမ်သက်လျက် ရှိပေသည်။





ထိုသူက အောက်ပါအဓိပ္ပာယ်ရသော အင်္ဂလိပ်ဘာသာစကားဖြင့် အင်္ဂလိပ်စစ်ဗိုလ်အား လှမ်း၍ပြောလိုက်သည်။

"ကပ္ပတိန်ဖီးလစ် . . . ကျုပ်ဟာ မေဂျာခင်ညိုဖြစ်ပါတယ်၊ ခင်ဗျားတို့ အခု သတ်မယ်လုပ်နေတဲ့ လက်ဖတင်နှင် ဗြိုဟ္မာကို လွှတ်လိုက်ပါ၊ မောင်မောင်ကြီးကို သတ်တာရော၊ မစ္စ စမစ်ကို သတ်တာရော၊ စပါးပွဲစားကြီးကို သတ်တာရော အားလုံး ကျုပ်လုပ်ခဲ့တာပါ။ လက်ဖတင်နှင် ဗြိုဟ္မာဟာ . . . အဲဒီအမှုတွေကို သိတောင် မသိရှာပါဘူး"

ဟု ပြောလိုက်ရာ ကျွန်ုပ်အပါအဝင် ကိုစိန်လှ၊ ဦးကိုကိုကြီး၊ ကိုအောင်မြင့်၊ ကိုတင်ဝင်း စသော စီအိုင်ဒီမှ စုံထောက်များရှိများသည် လွန်စွာအံ့အားသင့်ကြလေ၏။

"ကျုပ်တို့ ဆားပုလင်းနှင်းမောင်ပြောတာ သိပ်မှန်တာပဲဗျာ၊ အဲဒီအမှုမှာ လက်ဖတင်နှင်ဗြိုဟ္မာ လုံးဝမပါဘူးလို့ ပြောခဲ့ရှာဘာဗျ၊ အခုနေ ဆားပုလင်းနှင်းမောင်သာ အသက်ရှင်လျက် နေရင် သိပ်ကောင်းမှာပဲဗျာ"

ဟု ဦးကိုကိုကြီးက သူ၏လက်ဝါးနှစ်ဖက်ကိုပွတ်၍ ပြောလိုက်ရာ ကျွန်ုပ်သည် မိတ်ဆွေကြီး ဆားပုလင်းနှင်းမောင်အား လွန်စွာသတိရခြင်းဖြစ်မိသဖြင့် ကိုနှင်းမောင်၏ခေါင်းကြီးအား သိမ်း၍ ကြည့်မိလေရာ ခေါင်းအနီး၌ တစ်စုံတစ်ယောက်မျှ ရှိတဲ့ ခေါင်းပေါ်၌ အောက်လင်း မှန်အိမ်ကြီးကိုသာ တင်၍ထားကြောင်း တွေ့ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကပ္ပတိန်ဖီးလစ်သည် မေဂျာမင်းညိုထံသို့ လျှောက်၍ လာလျှင် မေဂျာမင်းညိုက သူ၏ ဘောင်းဘီအိတ်အတွင်းမှ ခြောက်လုံးပြူးသေနတ်ကို ထုတ်၍ပေးလေ၏။ ကပ္ပတိန်ဖီးလစ်က မေဂျာမင်းညိုအား တပ်ထုံးစံအတိုင်း ဆလံပေးလိုက်ပြီးနောက် သေနတ်ကို ယူလိုက်လေ၏။ ထို့နောက် ကပ္ပတိန်ဖီးလစ်က -

"ဝမ်းနည်းပါတယ် မေဂျာ . . . ကားပေါ်တက်ပါ"

ဟု အင်္ဂလိပ်ဘာသာဖြင့် ပြောလိုက်လေ၏။

ထိုအခါ၌ သေတွင်း၏နှုတ်ခမ်းပေါ်၌ မတ်တတ်ရပ်လျက် သေရန် အသင့်ရှိနေသော လက်ဖတင်နင်ဗြိတ္တာထံသို့ မြန်မာစစ်ဗိုလ်တစ်ဦးက သွားရောက်ကာ လက်ပြန်ချည်နှောင်ထားသော ကြိုးများကို ဖြေပေးပြီးနောက် ပြုံးရယ်၍ စကားပြောလေ၏။ (မည်သည့်စကား ပြောသည်ကို ကျွန်ုပ်တို့နေရာမှ မကြားရချေ။)

ထို့နောက် လက်ဖတင်နင်ဗြိတ္တာ ဆိုသူနှင့် မြန်မာစစ်ဗိုလ်သည် မေဂျာမင်းညိုထံသို့ သွားရောက်ကာ မြန်မာစစ်ဗိုလ်က မေဂျာမင်းညိုအား လေးစားစွာ ဆလံပေးလိုက်ပြီးနောက် လက်ဆွဲနှုတ်ဆက်လိုက်လေ၏။ လက်ဖတင်နင်ဗြိတ္တာကလည်း ဆလံပေးပြီးနောက် မေဂျာမင်းညိုအား သိုင်း၍ဖက်လိုက်ပြီးလျှင် -





"သိပ်ကို ယောက်ျားပီသတဲ့လူပဲဗျာ၊ ခင်ဗျား ဘာဖြစ်လို့ လာခဲ့တာလဲ၊ ကျုပ်ဟာကျုပ် သေသွားရင်လဲ ပြီးတာပဲ" ဟု ဝမ်းနည်းသံကြီးနှင့်ပြောလိုက်ရာ မေဂျာမင်းညိုက ပြုံးလျက်-

"မလုပ်ပါနဲ့ ကိုဗြိတ္တာရယ် . . . ကျုပ် သေပါရစေဗျာ၊ မှတ်တဲ့ဥစ္စာ၊ ဒါ ကျုပ်ရဲ့အခွင့်အရေးပဲ၊ သေမယ့်ရက်ကို လူတွေဟာ စောင့်မျှော်နေကြတာပဲဗျာ၊ အခုလို ကြုံတုန်းကြိုက်တုန်း သေလိုက်စမ်းပါရစေ" ဟု ပြောလိုက်သံကို ကျွန်ုပ်တို့ ကောင်းစွာကြားလိုက်ရလေသည်။

"ဦးအောင်သင်း . . . ဘယ်လိုလဲဗျ၊ သေရတာကိုတော့ လုံးလုံးမကြောက်တဲ့လူတွေပါလား၊ တကယ့်လူတွေဗျာ၊ ဒီလိုလူမျိုးတွေကို ကျုပ်တို့မိတ်ဆွေကြီး ဆားပုလင်းနှင်းမောင်က သိပ်ပြီးလေးစားတယ်ဗျ၊ အခုတော့ သူ မတွေ့လိုက်ရရှာတော့ဘူးပေါ့ဗျာ" ဟု ဦးကိုကိုကြီးက ပြောလေ၏။

အင်္ဂလိပ်စစ်ဗိုလ် ဖီးလစ်က လက်ဖတင်နင် ဗြိတ္တာနှင့် မေဂျာ မင်းညိုအား မော်တော်ကားပေါ် သို့တက်ရန် ပြောလိုက်လေ၏။ မေဂျာမင်းညိုတို့ မော်တော်ကားပေါ် သို့ရောက်လျှင် ဂေါ်ရာစစ်သားများလည်း ကားပေါ် သို့ တက်ကြလေ၏။

ထိုအခါ၌ မြန်မာစစ်ဗိုလ်သည် ကျွန်ုပ်တို့ရှိရာသို့ တစ်လှမ်းချင်း လျှောက်၍လာလေ၏။

"ဦးအောင်သင်းရေ . . . စစ်ဗိုလ်တော့ ကျုပ်တို့ဆီ လာနေပြီဗျို့၊ သူတို့ အလုပ်လုပ်နေတာ ကြည့်ရမလားဆိုပြီး ကျုပ်တို့ကို ပြောမလို့နဲ့တူတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဦးကိုကိုကြီးက ပြောလိုက်လေ၏။ စစ်ဗိုလ်လည်း ကျွန်ုပ်တို့နှင့် မလှမ်းမကမ်းသို့ ရောက်လျှင် -

"အိုင်ပီတို့ - အခေါင်းကြီးကို တွင်းထဲမချသေးဘူးလား"

ဟု မေးလိုက်သံကိုကြားလျှင် ကျွန်ုပ်မှာ ကြက်သီးများထကာ ခေါင်းနားပန်းကြီး၍သွားလေ၏။ အသံမှာ ကိုနှင်းမောင်၏ အသံနှင့် တစ်ထေရာတည်း တူ၍နေသောကြောင့်ဖြစ်၏။

ထိုအခါ၌ ၎င်းစစ်ဗိုလ်သည် ၎င်း၏မျက်လုံးပေါ်၌ ပိတ်ထားသော သားရေမျက်လုံးကွယ်ကလေးအား လည်းကောင်း၊ ခေါင်းပေါ်မှ ဦးထုပ်အားလည်းကောင်း ချွတ်လိုက်ရာ ကျွန်ုပ်တို့အားလုံး ကြက်သေသေ၍သွားကြလေ၏။ ထိုသူကား ကျွန်ုပ်တို့ လိုက်ပါပို့ဆောင်ခဲ့သော အသုဘခေါင်းကြီးအတွင်းမှ ကျွန်ုပ်တို့၏ မိတ်ဆွေကြီး ဆားပုလင်းနှင်းမောင်ဖြစ်၍နေသောကြောင့် ဖြစ်၏။

"ဟုတ်ပါတယ် . . . ကျုပ်ပါ . . . နှင်းမောင်ပါ"

ဟု ပြောလိုက်လျှင် ကျွန်ုပ်တို့သည် ၎င်းထံသို့ ပြေးသွားကြပြီးလျှင် ဝိုင်း၍ဖက်ကြလေ၏။

"နေပါဦး . . . ခေါင်းထဲကနေ ဘယ်လိုထွက်လာတာလဲ"

ဟု ရုံးမှ ပြာတာကလေး မောင်ညိုက မေးလိုက်ရာ ကိုနှင်းမောင်က ပြုံးလျက် -

"ခေါင်းထဲက ငါမှမဟုတ်ဘဲ"

ဟု ပြောလိုက်လေ၏။





"ဘယ်သူလဲ ကိုနှင်းမောင်"

ဟု ကိုစိန်လှက မေးလိုက်လေ၏။

"ဘယ်သူလဲဆိုတာ သိရအောင် သွားကြည့်ကြတာပေါ့ဗျာ"

ဟု ကိုနှင်းမောင်က ပြောဆို၍ ကျွန်ုပ်တို့သည် ခေါင်းကြီးရှိရာသို့ သွားပြီးလျှင် စန္ဒာလကိုခေါ်၍ ခေါင်းဖုံးကို ဖွင့်စေရာ ခေါင်းအတွင်း၌ကား -

ကိုနှင်းမောင်၏ တပည့် သင်းကြိုင်၏ အလောင်းကို ဝမ်းနည်းဖွယ်ရာ တွေ့မြင်ရလေတော့၏။

"ဘယ်လိုဖြစ်တာလဲဗျာ"

ဟု ဦးကိုကိုကြီးက မေးလိုက်လေ၏။

"အဲဒီညက မိုးရွာနေတယ်ဗျ၊ ကျုပ်အိမ်ကို သင်းကြိုင် တွေစိုရွှဲပြီး ရောက်လာတယ်၊ အပြန်မှာ သူ့ရဲ့ အဝတ်အစားတွေချွတ်ပြီး ကျုပ်ရဲ့ အဝတ်အစားတွေကို လဲဝတ်သွားတာ ကစောင့်နေတဲ့ လူသတ်သမားက ကျုပ်မှတ်လို့ သူ့ကို သတ်လိုက်တာဗျ၊ ခေါင်းမှာတစ်ချက်၊ ရင်မှာနှစ်ချက်"

ဟု ကိုနှင်းမောင်က ပြောပြလေ၏။

"လူသတ်သမားကို သိပြီလား"

"သိပါပြီဗျာ၊ တခြားလူ မဟုတ်ပါဘူး၊ ကျုပ်တို့ရဲ့မိတ်ဆွေကြီး ကိုဆိတ်ဖွားရဲ့ လက်ချက်ပေါ့ဗျာ၊ သူကတော့ နယ်ခြားကို ထွက်သွားပြီး ကျုပ်ဆီကို စာတစ်စောင်တောင် ရေးပေးသွားသေးတယ်"

ဟုဆိုကာ အောက်ပါစာကို ထုတ်၍ပြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့

ဆားပုလင်း နှင်းမောင်

ကျုပ်က ကိုယ့်လူမှတ်လို့ သေနတ်နဲ့ ပစ်သတ်လိုက်တာ၊ သတ်ပြီးမှ သွားကြည့်တော့ အိုလန် ဖြစ်နေတယ်။

ကျုပ်က မြန်မြန်ဆန်ဆန် ပစ်လိုက်ရတာကလဲ ကျုပ်က မပစ်ရင် သူကပစ်တော့မှာမို့ ပစ်လိုက်တာ ဖြစ်တယ်။

ပြီးတော့ ဆားပုလင်းနှင်းမောင်ကို ကျုပ် အခုလို လုပ်ကြံတာဟာ ရန်ငြိုးကြောင့်လဲ မဟုတ်ဘူး။ မုန်းလို့လဲ မဟုတ်ဘူး။ ခင်ဗျား အသက်ရှင်နေရင် အဲဒီအမှုဟာ ပေါ်ပေါက်နိုင်တဲ့အတွက် ကျုပ်က အဲဒီလူကို ကူညီတဲ့အနေနဲ့ ခင်ဗျားကို လက်စတုံး ပစ်တာပါပဲ။ ဒါပေမဲ့ ခင်ဗျားက သိပ်ပြီး ကံကောင်း နေတယ်။

ပြီးတော့လဲ ပြီးတာပါပဲ ဆားပုလင်းနှင်းမောင်။

ဆိတ်ဖွား (မြန်မာပြည်)
ခေတ္တ အိန္ဒိယပြည်

(မှတ်ချက် - အိုလန်ဆိုသည်မှာ စုံထောက် သင်းကြိုင်၏ အမည်ခွဲဖြစ်သည်။)





"ဒီလိုဆိုတော့ ဆိတ်ဖွားတစ်ယောက် ခင်ဗျားလက်က [လွ]တ်သွားပြီပေါ့နော်"

ဟု ဦးကိုကိုကြီးက မေးလိုက်ရာ ဆားပုလင်းနှင်းမောင်က-

"အိန္ဒိယပြည်ကို သွားတယ်ဆိုရင်တော့ . . . ဆားပုလင်း[…]တာကျီနဲ့ တွေ့မှာအမှန်ပဲ၊ ကျုပ်လဲ သံကြိုးရိုက်ထားပါတယ်၊ […]ဲ - ဒါတွေ နောက်မှပြောကြတာပေါ့။ သင်းကြိုင်အလောင်းကို [မြေ]မြှုပ်ပြီးရင် စီအိုင်ဒီရုံးကို အမြန်ပြန်မှဖြစ်မယ်၊ မောင်ရှာမင်းညို […] ဖြောင့်ချက်ပေးလိမ့်မယ်ဗျို့"

ဟု ကိုနှင်းမောင်က သတိပေးသဖြင့် ကျွန်ုပ်တို့လည်း [သ]င်းကြိုင်၏အလောင်းအား မြေမြှုပ် သင်္ဂြိုဟ်ပြီးလျှင် အင်းစိန် [စီ]အိုင်ဒီသို့ ပြန်ခဲ့ကြလေတော့၏။

အင်းစိန် စီအိုင်ဒီဌာနကား မစ္စတာ ကရစ်ပင်က ပြာတာ[မ]ောင်ညိုအား -

"လူကလေး မောင်ညို . . . ဆားပုလင်း နှင်းမောင် [ဘ]ယ်သွားသလဲ၊ သူ့ကိုသေပြီလို့ ကြေညာထားတာ၊ သေတဲ့လူ [အ]ခုဘယ်ကိုသွားသလဲ"ဟု မေးလိုက်ရာ ပြာတာမောင်ညိုက-

"သေသောသူသည် သုသာန်သို့သွားသည်"

ဟု ပြန်၍ဖြေလိုက်ရာ မစ္စတာကရစ်ပင်က -

"ဝှပ် . . . သုသာန်" ဟု မောင်ညိုကို မာန်မဲလိုက်လေ၏။

"သုသာန်ဆိုတာ သင်္ချိုင်းကိုပြောတာ" ဟု [ပြ]န်ဖြေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဝှပ် . . . သချိုင်း"

"သချိုင်းဆိုတာ သေတဲ့လူတွေ နေတဲ့နေရာပါ မင်းကြီး

"အိုး . . . ရက်စ် . . . သေတဲ့လူ သုသာန်ကိုသွား

ဟုတ်လား လူကလေး" ဟု မစ္စတာ ကရစ်ပင်က ပြောပြန်၏

"နိုး . . . နိုး . . . 'သ' ကိုးလုံး (သေသောသူသည်

သုသာန်သို့သွားသည်)"

မစ္စတာကရစ်ပင်သည် သူ၏လက်ချောင်းများကို ချိုး

ရေတွက်ရင်း -

"သေသောသူသည် သုသာန်သို့သွားသည် . . . အိုး

(ဖြူတီဖူး ဗားမီးစ် ဆင်တင့်) လှပချစ်စရာကောင်းတဲ့ မြန်မာ

စကား၊ အော်လ်အာ(သ)အင် အောလ်ဆိုး နိုင်းဝဒ်သ်ချည်း

အားလုံးပေါင်း ကိုးခု၊ ဂွဒ် . . . ဂွဒ် . . . သေသောသူသည်

သုသာန်သို့သွားသည်၊ ဂွဒ် . . . ဂွဒ် သိပ်ကောင်းတဲ့စကား

ဟု ပြောနေစဉ်၌ ကျွန်ုပ်တို့သည် မစ္စတာကရစ်ပင်ထံ

ရောက်ရှိခဲ့ကြလေ၏။ မစ္စတာ ကရစ်ပင်လည်း ဆားပုလင်း

နှင်းမောင်၏ ပခုံးကို ဝမ်းသာအားရ ပုတ်လိုက်ပြီးလျှင် တတ်

ခါစ စကားအသစ်အဆန်းကို ပြောလိုက်လေ၏။

"သေသောသူသည် သုသာန်သို့သွားသည်"

ကျွန်ုပ်တို့အားလုံးသည် မစ္စတာကရစ်ပင်၏ သ (၉) လုံး

ဝါကျကို သဘောကျ၍ ရယ်မောလိုက်ကြလေတော့၏။

■



ဝတ္ထုရေးရမည်

ကျွန်ုပ်နှင့် ကိုနှင်းမောင်သည် စီအိုင်ဒီရုံးမှနေ၍ ရန်ကုန်

ဘက်သို့ ကားဖြင့်လာခဲ့ကြလေ၏။ ကိုနှင်းမောင်က "ဖရီးမင်

ဝီကရော့" ဆိုသူ အနောက်တိုင်း စာရေးဆရာကြီး ရေးသည့်

သိကတ်စ် (သေတ္တာ) ခေါ် ဝတ္ထုကို ဖတ်လျက် လိုက်ပါလာ

လေ၏။

"အိုင်ပီရေ . . . ဟောဒီဝတ္ထုထဲမှာ အရက်စည်ထဲမှာ

မိန်းမအလောင်းတစ်လောင်း ပါလာတာကို ဇာတ်အိမ်ဖွဲ့ထား

တာဗျ"

ဟု ပြောလိုက်လေ၏။

"မဲကောင်ကြီးလှေပေါ်မှာပါလာတဲ့ မစ္စစမစ်ရဲ့အလောင်း

လိုပေါ့ဗျာ၊ ဒီအမှုပြီးမှ ကျုပ်လဲ ဝတ္ထုရေးဦးမယ်"

"ဝတ္ထုနာမည်က . . ."

"ဝတ္ထုနာမည်က မစ္စတာကရစ်ပင်ပြောတဲ့အတိုင်းပေါ့ဗျာ"

"ဘယ်လို အိုင်ပီ"

"သေသောသူသည် သုသာန်သို့သွားသည်"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ ဟဲ . . . ခင်ဗျားမှာ ဝတ္ထုရေးဆရာတစ်ယောက်ရဲ့ ဉာဏ်ရည်မျိုး ရှိတယ်ဗျ"

"ဟိုက် . . . ဟိုက် . . . ခင်ဗျားမြှောက်တာနဲ့ ကုလားကို တိုက်မိတော့မလို့ ကိုနှင်းမောင်ရေ ဒါနဲ့နေဦးဗျ . . . သဲလွန်စ ကောက်ပုံကလေး ရှင်းပြစမ်းပါဦး"

"မေဂျာ မင်းညိုဟာ စစ်တပ်က အလုပ်ပြုတ်လာပြီး လူသတ်မှု ကျူးလွန်တယ်၊ ပြီးတော့စစ်တပ်မှာ မေဂျာပြန်ဖြစ် ပြီးနေလေတော့ ကျုပ်တောင် အူကြောင်ကြောင်ဖြစ်သွားတယ် အမှုရဲ့ကွင်းဆက်ဟာ တစ်ခါတည်း ပြတ်သွားတယ် အိုင်ဗီ"

"ဟုတ်ပါ့ဗျာ . . . စစ်တပ်က မေဂျာတစ်ယောက်ကို ဘယ်လိုမှ အမှုထဲထည့်ပြီး စဉ်းစားလို့ မရပြန်ဘူး"

ဟု ကျွန်ုပ်က ပြောလိုက်လေ၏။

"တစ်ခါ အိန္ဒိယပြည်က စစ်ဌာနချုပ်ကို မေဂျာမင်းညိုရဲ့ ရာဇဝင် တောင်းကြည့်ပြန်တော့လဲ မေဂျာမင်းညိုကို ရဲစွမ်းသတ္တိ ရှိကြောင်း၊ အမှုထမ်းကောင်းဖြစ်ကြောင်း ရေးထားတဲ့အပြင် ဆားဗစ် (လုပ်သက်) ကလဲ တစ်ဆက်တည်း ဖြစ်နေတယ် အလုပ်ပြုတ်ပြီး မြန်မာပြည်မှာလျှောက်သွားနေတဲ့ ကာလကိုလဲ စစ်တပ်က အမှုထမ်းကာလအဖြစ် ပြထားတယ်၊ စစ်တပ်က ထုတ်ပစ်ခဲ့တယ်လို့ မဖော်ပြခဲ့ဘူးဗျ"

"အင်း . . . ဟုတ်တာပေါ့"



"ကျုပ်က ရွှေဥဩ ပရိဘောဂတိုက်ပိုင်ရှင် ဦးမောင်မောင် ကြီး အသတ်ခံရတဲ့ ကိစ္စမှာကတည်းက ရပ်ချ်ကူးမား ဆိုတဲ့ ဂေါ်ရခါးဟာ သူ့ဆရာ မောင်မောင်ကြီးရဲ့ ရန်သူကို ကြိုးဖြုတ် ပေးတယ် ဆိုကတည်းက အဲဒီလူဟာ စစ်သားတစ်ယောက်လို့ တွေးမိပါတယ်၊ ဒါကြောင့် ရပ်ချ်ကူးမားရဲ့ ရာဇဝင်အကြောင်း ကို အိန္ဒိယစစ်တပ်မှာ တောင်းကြည့်တော့လဲ စစ်တပ်က ထွက် သွားတဲ့အကြောင်းပဲ ပြထားတယ်၊ ဒါနဲ့ တစ်ခါ သူနဲ့အတူ စစ်တိုက်ခဲ့ဖူးတဲ့လူတွေစာရင်းကို တောင်းကြည့်တော့ မေဂျာ မင်းညိုနဲ့ မကြာခဏ တွဲဖက် တိုက်ခိုက်ခဲ့တယ်ဆိုတာ သိရ ပြန်တယ်"

"အင်း . . . စိတ်ဝင်စားစရာပဲ"

"ဒီတော့ မေဂျာမင်းညိုကို သံသယတရားခံ စာ[illegible]င်းမှာ ထည့်ပြီး စဉ်းစားရပြန်တယ်၊ ဒါကြောင့် မင်္ဂလာဒုံမှာ မေဂျာ မင်းညိုနဲ့ သွားပြီး တွေ့ခဲ့တာပေါ့"

"အဲဒီတုန်းကလဲ မေဂျာမင်းညိုက မင်ခဲသေလိုက်တာဗျာ၊ နည်းနည်းကလေးမှ ကြွေမပျက်ဘူး ကိုနှင်းမောင်"

"ဒါပေမဲ့ သူပြောတဲ့စကားမှာ လိမ်တာတစ်ခုမှ မပါခဲ့ဘူး အိုင်ဗီ"

"ဟုတ်ပါ့ဗျာ"

"စကားကြီး ဆယ်မျိုးမှာ ဆင်ဝှေ့ရန်ရှောင် ပြောနည်း ဆိုတာ ဒါမျိုးပေါ့ဗျာ၊ သူခိုးမိတော့ သတ်မယ်လုပ်တဲ့အခါမှာ





www.burmeseclassic.com

www.burmeseclassic.com



သူခိုးက တောင်ဖိလိပ်ဆရာတော်ရဲ့ တူပါလို့ ပြောလိုက်တော့ အာဏာသားတွေက တောင်ဖီလာဆရာတော်ကို သူခိုးကတော့ ဆရာတော်ရဲ့တူလို့ ပြောနေပြီ၊ ဟုတ်ပါသလားလို့ သွားမြန်း လျှောက်ထားတဲ့အခါမှာ ဆရာတော်က ဟုတ်ပါတယ် လို့ ပြောရင်လဲလိမ်ပြောရာကျတော့မယ်၊ မဟုတ်ပါဘူးလို့ပြောရင်လဲ သူခိုး အသတ်ခံရတော့မယ်၊ အဲဒီတော့ ဆရာတော်က 'ငါ့တူ မဟုတ်ဘူးလို့ ဘယ်သူပြောသလဲ' လို့ မတင်မကျပြောလိုက်တာ ကို အာဏာသားတွေက ဆရာတော်ဟာ သူ့တူပါလို့ အမိန့်ရှိ လိုက်တယ်မှတ်ပြီး သူခိုးကို လွှတ်ပစ်လိုက်တယ်လေ၊ ဟား ဟား အခုလဲ မေဂျာမင်းညိုကို ရုပ်ချိုကူးမားဟာ အရင်က သူနဲ့အတူ စစ်တပ်ထဲမှာ နေခဲ့ကြောင်း၊ နောက်တော့ စစ်တပ်ကထွက်ပြီး ၃၃ လမ်း ရွှေညအြ ပရိဘောဂတိုက်မှာ ဒရဝမ် လုပ်နေကြောင်း အခု ဘယ်ရောက်နေမှန်းမသိကြောင်း ပြောလိုက်တာ ကိုယ့် ဟဲ . . . ဟဲ"

"ဟုတ်ပါရဲ့ဗျာ၊ တော်တော်ဉာဏ်ပြေးတဲ့လူပဲ အိုင်ဆေး"

"ဖြိုးစာကို ဖမ်းမိတဲ့အခါမှာ ဖြိုးစာက သူ့ကိုယ်သူ လူသတ် သမားပါလို့ ဘယ်လိုပဲပြောပြော . . . ကျုပ်က လက်မခံခဲ့ဘူး ဘာကြောင့်လဲဆိုတော့ ရုပ်ချိုကူးမားနဲ့ လူသတ်သမားဟာ ဦးမောင်မောင်ကြီးကို သတ်ပြီးတဲ့အခါမှာ ဦးမောင်မောင်ကြီးရဲ့ အဝတ်အစားတွေကို လူသတ်သမားက ယူပြီးဝတ်သွားတယ် ဆိုတဲ့အချက်ကို သိထားတာကြောင့်ပဲ၊ ဦးမောင်မောင်ကြီး





အရပ်အမောင်းနဲ့ ဖြိုးစာရဲ့အရပ်အမောင်းက သိပ်ပြီးကွာတယ် ဗျ မေဂျာမင်းညိုနဲ့မှ တစ်တိုင်းတည်းလောက်ရှိတာ"

"ဟုတ်တယ်ဗျို့"

"ရှူးဖိနပ်ဝတ်ပြီး ဦးမောင်မောင်ကြီးရဲ့ ရင်ဘတ်ကိုကန်ပြီး သတ်သွားတဲ့ လူသတ်သမားဟာ ရှူးဖိနပ်ကိုပါ တစ်ခါတည်း စီးသွားကတည်းက ယူဝတ်သွားတဲ့ အဝတ်အစားဟာ ဘောင်းဘီ ဖြစ်နိုင်တယ်၊ ဘောင်းဘီဆိုကတည်းက အရပ်အမောင်းကွာရင် ဝတ်လို့မဖြစ်နိုင်ဘူး အိုင်ပီ"

"ဟုတ်ပါတယ် ကိုနှင်းမောင်"

"ပြီးတော့ . . . တဲ့တေးမှာ ပွဲစားကြီးကိုသတ်ပြီး ပတ္တမြား လက်စွပ် ချွတ်ယူသွားတဲ့ တရားခံ မပေါ်သေးတဲ့အမှုအကြောင်း ပါတဲ့ သတင်းစာဖြတ်ပိုင်းအပေါင်းကို ဖြိုးစာမြကြည့်တော့လဲ ဖြိုးစာဟာ အဲဒီအမှုကို မသိဘူးဖြစ်နေတယ်၊ အမှန်က အဲဒီမှာ သေတဲ့ ပွဲစားကြီးဟာ အဆိပ်နဲ့သေသလို မဲကောင်ကြီးပေါ်မှာ ပါလာတဲ့ မစ္စစမစ်ဟာလဲ အဆိပ်နဲ့သေတာဖြစ်တယ်၊ ဆရာဝန်ရဲ့ ဆေးစာအရ အဆိပ်ချင်းဟာ သဘာဝအားဖြင့် တူနေတယ်၊ ဒါကြောင့်လဲ အဲဒီအမှုနှစ်မှုဟာ ဆက်စပ်နေတယ်လို့ ကျုပ်က တွေးမိတယ်"

"ပြောပါဦး အိုင်ဆေး ကိုနှင်းမောင်"

"ဖြိုးစာဟာ စစ်တပ်ထဲကမဟုတ်လား၊ သူ့တပ်ကို စာရေး ပြီး မေးကြည့်တော့ သူနဲ့ ရုပ်ချိုကူးမားဟာ စစ်တပ်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



တစ်တပ်တည်း နေခဲ့ရတယ်လို့ မရှိဘူးဗျ၊ ဒီအချက်ဟာ ရပ်ချို ကူးမားနဲ့ အတူတွဲပြီး မောင်မောင်ကြီးကို သတ်တယ်ဆိုတာ ဟုတ်ကို မဟုတ်နိုင်တော့ဘူး အိုင်ဗီ"

"ကောင်းတယ်ဗျ . . . ရှေ့နားက ကာကာဆိုင်မှာ လက်ဖက်ရည် ဝင်ပြီးသောက်ရင်း ပြောကြတာပေါ့"

ဟု ကျွန်ုပ်ကပြောဆိုကာ လက်ဖက်ရည်ဆိုင်ရှေ့၌ ကားကို ရပ်၍ လက်ဖက်ရည်နှစ်ခွက် မှာယူကာ သောက်ရင်း စကား ဆက်လက်ပြောကြလေ၏။

"ဆက်ပါဦး ကိုနှင်းမောင်"

ဟု ကျွန်ုပ်က ပြောလိုက်လျှင် ကိုနှင်းမောင်က -

"မေဂျာမင်းညိုအိမ်နားမှာ အဝင်အထွက်ကို အစောင့်ချပြီး စောင့်ကြည့်ခိုင်းတော့ သူ့ရဲ့ နှမလေး မမိုးညို တိတ်တဆိတ် လာတာကို သိရပြန်တယ်ဗျို့၊ နောက်ဆုံးတော့ ကျုပ်လဲ မစ္စတာ ကရစ်ပင်ကိုဖွင့်ပြောပြီး မေဂျာမင်းညိုနေခဲ့ဖူးတဲ့ အိန္ဒိယပြည်ကို အထူးကိစ္စတစ်ရပ်အနေနဲ့ သွားလို့ရအောင် စီစဉ်ပြီး စစ်သုံး လေယာဉ်ပျံနဲ့ လိုက်သွားခဲ့ရတယ်"

"ဩော် . . . ခင်ဗျားပျောက်သွားတာ အိန္ဒိယပြည်တောင် ရောက်ခဲ့တာကိုး၊ လုပ်ပါဦး . . . လုပ်ပါဦး"

"အိန္ဒိယပြည် ရောက်တော့ ကျုပ်ရဲ့ မိတ်ဆွေကြီး ဆားပုလင်း မူကာဂျီနဲ့ သွားတွေ့ပြီး အကူအညီတောင်းတာကိုး အဲဒီတော့ မူကာဂျီက မေဂျာမင်းညိုနဲ့ သူနဲ့တွဲပြီး ရိုက်ထားတဲ့ ဓာတ်ပုံကိုတောင် ကျုပ်ကိုပြလိုက်သေးတယ်၊ မေဂျာမင်းညိုတို့





ဝဆစ်ခန် ဆိုတဲ့ တောပုန်းကြီးကို ဖမ်းခဲ့နိုင်လို့ ဂုဏ်ပြုပွဲလုပ်တဲ့ အခါတုန်းက ရိုက်ယူခဲ့တာဆိုပဲ၊ အဲဒီကျမှ ရှင်းတာကိုး၊ မေဂျာ မင်းညိုက ရပ်ချိုကူးမားကြောင့် တစ်နှစ်ကျော်ကျော် နှစ်နှစ်နီးပါး အလုပ်ပြုတ်သွားတယ်ဆိုပဲ၊ အလုပ်ပြုတ်နေတဲ့အချိန်မှာ အမှု တွေ ကျူးလွန်ခဲ့တာ၊ ကံကောင်းချင်တော့ အမှုတွေလဲ ကျူးလွန် ပြီးရော စစ်တပ်က သူ့ကိုပြန်ခေါ်ပြီး မေဂျာရာထူး ပြန်ပေး လိုက်တာကိုး၊ အဲဒီကျတော့မှ ပြုတ်ထွက်နေတဲ့ ကွင်းစဟာ ဆက်မိတော့တယ်ဗျို့"

"ဟန်ကျလိုက်တာဗျာ"

"ဆားပုလင်း မူကာဂျီကလဲ တစ်ခါက မြန်မာပြည်လာပြီး မေဂျာမင်းညိုနဲ့ ပတ်သက်လို့ စုံစမ်း ထောက်လှမ်းခဲ့ဖူးတယ်၊ အဲဒါက ရပ်ချိုကူးမားဟာ ကာနယ်မော်တင် ဆိုတဲ့လူကို သတ်မှု ဖြစ်တုန်းကဆိုပဲ၊ မေဂျာမင်းညိုရဲ့ ရာဇဝင်ကို သိထားချင်လို့ စုံစမ်းတဲ့အခါမှာ ဦးဂွမ်တီ ဆိုတဲ့ တရုတ်အဘိုးကြီးတစ်ဦး မေဂျာ မင်းညိုရဲ့ဆရာ ဖြစ်ခဲ့တယ် ဆိုတာကအစ . . . ငယ်ငယ်တုန်းက ဟိုတယ်တစ်ခုမှာ ထမင်းချက်လုပ်ခဲ့ဖူးတာအထိ မူကာဂျီက သိထားတယ် အိုင်ဗီ"

"နေရာကျဗျာ . . . ကဲ . . . ကိုနှင်းမောင်၊ ကြာရီလေး သောက်လိုက်ပါ၊ အေးကုန်လိမ့်မယ်"

ဟု သတိပေးလိုက်မှ ကိုနှင်းမောင်လည်း လက်ဖက်ရည် ကို သောက်လိုက်လေ၏။ ထို့နောက် စီးကရက်ကိုထုတ်၍ မီးညှိ ပြီးနောက် ဆက်လက်ပြောပြန်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"တံရှုတ်အဘိုးကြီး ဦးဂွမ်တီ ပါလာကတည်းက ဦးပေသီးတို့နဲ့ ဆက်စပ်နေတယ်ဆိုတာ သိရတာပေါ့ အိုင်ပီ၊ သင်းကြိုင်မန္တလေး လွှတ်ပြီး စုံစမ်းခိုင်းလိုက်ကတည်းက မစ္စ စမစ်ရဲ့အလောင်းနဲ့ ဦးမောင်မောင်ကြီး အသတ်ခံရမှုဟာ ဆက်စပ်နေတယ်ဆိုတာ ရှင်းပါတယ် အိုင်ပီ"

"ဟုတ်ပါတယ် ကိုနှင်းမောင်"

ကိုနှင်းမောင်က စီးကရက်မီးခိုးများကို မှုတ်ထုတ်လိုက်ပြီးနောက် ဆက်လက် ပြောပြန်လေ၏။

"ကျုပ် အိန္ဒိယက ပြန်ရောက်တဲ့နေ့မှာပဲ သင်းကြိုင်ကို ကျုပ်နဲ့မှားပြီး ကိုဆိတ်ဖွားက သတ်လိုက်လေတော့ . . . ကျုပ်က မစ္စတာကရစ်ပင်ဆီသွားပြီး သင်းကြိုင်သေတာကို ကျုပ်သေတယ်လို့ သတင်းလွှင့်ခိုင်းခဲ့တယ်"

"အဲဒီအချိန်မှာ ခင်ဗျား ဘယ်သွားနေသလဲ ကိုနှင်းမောင်"

"ဂေါ်ရာကုန်းက စစ်တပ်ထဲမှာနေပြီး တပ်မှူး ကာနယ်ပယ်ရယ်ရဲ့ အကူအညီနဲ့ ဗြိတ္တာကို စစ်ခုံရုံးက သေနတ်နဲ့ပစ်သတ်မယ့် သတင်းကို မေဂျာမင်းညိုသိအောင် လုပ်ခဲ့တယ်၊ ဒါက လွယ်ပါတယ်၊ ဦးမာလာဆီကို သတင်းပေးလိုက်ရင် ဦးမာလာက မေဂျာမင်းညိုရဲ့နှမ မမိုးညိုကို ပြောမယ်ပေါ့ဗျာ"

"သိပ်ပိုင်တာပဲ"

"ဒီထက်ပိုင်တာက အိန္ဒိယရောက်တော့ မေဂျာမင်းညိုကို လိုက်ရှာပြီး စစ်တပ်ကအလုပ်ပြန်ခန့်တဲ့စာကိုပေးရတဲ့ ဗဟာဒူးနဲ့ ကျုပ်က တွေ့ခဲ့ရတယ်၊ အဲဒီမှာ ဗဟာဒူးပြောတာက ဘုရား





ခေါ်မှာ မေဂျာမင်းညိုနဲ့ သူ့နှမ မမိုးညိုတွေ့ပုံ၊ ဗြိတ္တာ၊ ဦးဂွမ်တီ၊ ရုပ်ချိုကူးမား လူစုံတက်စုံတွေ့ခဲ့ရပုံတွေကို ကျုပ်ကိုပြောပြတယ်၊ ဗဟာဒူးက လူကြည့်တော့ အ-ပုံအ-ပန်းနဲ့ တယ်ပြီးလူရိပ်လူကဲ သိတဲ့ကောင်ပဲ အိုင်ပီ"

"တော်တော်ကလေး ရှင်းပါပြီ ကိုနှင်းမောင်၊ အိမ်ရောက်တော့မှ မေဂျာမင်းညိုရဲ့ဖြောင့်ချက်၊ လက်ဖတင်နှင့် ဗြိတ္တာရဲ့ဖြောင့်ချက်၊ ရုပ်ချိုကူးမားရဲ့ ဖြောင့်ချက်တွေကို ဖတ်ကြည့်တော့မယ်၊ အဲဒီတော့မှ ဒီအမှု ဇာတ်ရှည်လည်မယ် ကိုနှင်းမောင်"

"ဟုတ်ပါတယ် အိုင်ပီ၊ ဒီအမှုကိုတော့ ဝတ္ထုရေးသင့်တယ်နော်"

"စိတ်ချ စိတ်ချ ရေးကိုရေးမယ်၊ ပင်စင်ယူပြီးရင် အဲဒီဝတ္ထုတွေကို စာအုပ်ရိုက်နိုင်အောင် ကြိုးစားမယ် ကိုနှင်းမောင်"

ဟု ပြောဆိုပြီးနောက် ကျွန်ုပ်လည်း မော်တော်ကားကို ဆားပုလင်း နှင်းမောင် နေထိုင်ရာ ၂၉၅၊ ဘိုးလိန်းလမ်းသို့ ဆက်လက်၍ မောင်းနှင်ခဲ့လေတော့သည်။

■

ကျွန်ုပ်သည် မေဂျာ မင်းညို၊ လက်ဖတင်နှင် ဗြိတ္တာ၊ ရာဇကုမ္မာ (ရုပ်ချိုကူးမား) စသည့် သတ်ရဲသေရဲသောတရားခံတို့၏ ဖြောင့်ချက်များကို ဖတ်ရှုခဲ့ပြီး ဖြစ်ပါသည်။ ထိုဖြောင့်ချက်များကို မူရင်းအတိုင်း ဘော်ပြပါက စာဖတ်ပရိသတ်အဖို့ ငြီးငွေ့ဖွယ်ရာ ဖြစ်မည်စိုးသဖြင့် ဒိကျအသုံးအနှုန်းများကို ဝတ္ထုရေးသကဲ့သို့ ပြင်ဆင်ရေးသား၍ ဖော်ပြအပ်ပါသတည်း။



www.burmeseclassic.com

www.burmeseclassic.com

## မျက်နှာပေါ်မှ ကြိုဂံကလေး

တစ်နေ့သ၌ . . . အသက် (၄၀) ခန့်ရှိ ယောကျ်ားကြီး တစ်ယောက်သည် ငါးနှစ်သားအရွယ် ယောကျ်ားကလေး တစ်ယောက်နှင့် သုံးနှစ်သမီးအရွယ် မိန်းကလေးတစ်ယောက်ကို လက်မှဆွဲ၍ ပန်းတနော်မြို့အပိုင် "ပသွယ်" ဟူသော ရွာကလေး မှ "မင်းဂရ" ရွာသို့သွားသည့် လှည်းလမ်းအတိုင်းခေါ်၍လာပြီး လျှင် မင်းဂရရွာသို့ မရောက်မီ၌ အနောက်ဘက်သို့ ချိုးသွား သော လူသွားလမ်းကလေးအတိုင်း ဆက်၍ခေါ်သွားပြန်လေ ထိုလူသွားလမ်းကလေးမှာလည်း အနောက်ဘက်သို့ သွားရာ တောင်ဘက်သို့ကွေ့လိုက်၊ အရှေ့ဘက်သို့ကွေ့လိုက်နှင့် ဝက်အူ ကွဲသို့ ရှိလေ၏။

လူကြီးသည် ကလေးနှစ်ယောက်ကို လက်မှဆွဲ၍ခေါ်ခဲ့ပြီး နောက် လွန်စွာကြီးမားသောချုံကြီးအနီးသို့ရောက်လျှင် ကလေး နှစ်ယောက်ကို ထိုင်စေလေ၏။

ကလေးများမှာ လွန်စွာ ဝေးလံသော ခရီးကို ခြေကျင် လျှောက်၍ လာရသဖြင့် ခြေထောက်ကလည်းနာ၊ မောလည်း





မောပန်းကြရုံမျှမက လွန်စွာလည်း ဆာလောင်မွတ်သိပ်ကြလေ ၏။ မိန်းကလေးဖြစ်သူက -

"အဖေ . . . အဖေ . . . ထမင်းချာတယ်"

ဟု မပီကလာ ပီကလာဖြင့် ထမင်းကို တောင်းလေ၏။ လူကြီးသည် ကလေးများအား ပလိုင်းဖြင့်ထည့်၍ ယူလာသော ထမင်းနှင့် ငါးခြောက်ဖုတ်ကို ကျွေးပြီးလျှင် နွားဓါးသေးအိမ်ဖြင့် ရှုလုပ်ထားသော ရေဘူးမှရေကိုတိုက်ကာ -

"ကဲ . . . သားနဲ့သမီးတို့၊ အမောပြေအောင် အိပ်ကြဦး"

ဟုဆိုကာ ကလေးများကိုသိပ်လျှင် ကလေးများသည် မကြာမီ၌ အိပ်မောကျကြလေ၏။

ထိုအခါ၌ ဖခင်ဖြစ်သူ လူကြီးသည် ကလေးတို့၏ နဖူးဆံစ များကို နမ်းရှုပ်ကာ မျက်ရည်များ ရစ်ဝိုင်းလျက် ကလေးနှစ်ဦး တို့ အတန်ကြာအောင်ကြည့်၍နေပြီးနောက် ပလိုင်းနှင့် ရေဘူး တို့ ကောက်ယူကာ ကလေးနှစ်ဦး၏အပါးမှ ခြေသံမကြားရလေ အောင် ခြေကိုဖော့၍နင်းကာ လာလမ်းအတိုင်း ပြန်၍ပြေးလေ တော့၏။

ဖခင်၏ စွန့်ပစ်ခြင်းခံရသော ကလေးနှစ်ဦးမှာမူ နှစ်ခြိုက် စွာ အိပ်မောကျလျက်နေကြလေ၏။ ငါတို့၏ဖခင်ကား ငါတို့၏ အနီး၌ ရှိပေသည်ဟု စိတ်ချယုံကြည်လျက် ကြောင့်ကြခြင်း ကင်းမဲ့စွာ အိပ်စက်၍နေကြလေ၏။ ဖခင်ဖြစ်သူကား လာသည့် လမ်းအတိုင်း အိမ်သို့ရောက်သည့်တိုင်အောင် ပြန်၍ပြေးသွား လေပြီဖြစ်၏။

www.burmeseclassic.com



ကလေးငယ်နှစ်ဦးသည် တစ်နာရီကျော်ကျော်ခန့် အိပ်စက်ခဲ့ကြပြီးနောက် အိပ်ရာမှ ထကြလေ၏။ မိန်းကလေးဖြစ်သူက သူ၏ဖခင်အား မတွေ့လျှင် ငိုယိုလျက် အစ်ကိုဖြစ်သူအား -

"အတို . . . အတို . . . အဖေမရှိတော့ဘူး"

ဟု ပြောဆိုလေ၏။ ထိုသို့ငိုယိုပြီးလျှင် -

"မိုးနိုတို့ အိမ်ကို ဘယ်လိုပြန်မလဲ"

ဟုလည်း စိုးရိမ်ပူပန်စွာ ပြောလေ၏။ မိန်းကလေး၏ အမည်မှာ "မိုးညို" ဟူ၍ဖြစ်၏။ စကားပြောရာ၌ သူ၏အစ်ကို ကလေးကိုထည့်၍ ပြောတတ်ရှာပေသည်။ သို့ရာတွင် မိုးညို ဟူသော အမည်အား ပီသအောင် မခေါ်တတ်သဖြင့် "မိုးနို" ဟူသော မပီမသထည့်၍ပြောတတ်လေ၏။ ၎င်း၏အစ်ကိုဖြစ်သူ ကိုလည်း "အတို" ဟူသော မပီမသခေါ်လေ့ရှိ၏။ အစ်ကိုဖြစ်သူ ၏ အမည်မှာ မောင်မင်းညို ဟူ၍ဖြစ်၏။

၎င်းတို့၏မိခင်မနှင်းအေးသည် မမိုးညိုကလေး အခါလည် သမီးကပင် သားသမီးများနှင့်တကွ ယောကျ်ားကို ပစ်ထား မြို့မှလာသော လူရှုပ်လူမွေတစ်ဦးနှင့် လိုက်ပြေးခဲ့ခြင်းဖြစ်၏ ၎င်းတို့၏ဖခင် ကိုစံမတူမှာ ကလေးနှစ်ယောက်နှင့် လွန်စွာ ဒုက္ခရောက်၍နေသဖြင့် တစ်နှစ်ခန့်ကြာသောအခါ၌ ရပ်ရွာ နေ၍ "မကောင်းလှ" ဟူသော ကလေးတစ်ယောက်မိခင် မုဆိုးမ တစ်ဦးနှင့် အိမ်ထောင်ချ၍ပေးခဲ့ခြင်းဖြစ်၏။

မကောင်းလှ ဆိုသည့် မုဆိုးမမှာ နာမည်က မကောင်း ဖြစ်သော်လည်း အမှန်အားဖြင့်စိတ်ထားလွန်စွာမကောင်းသေး





နေ့မဖြစ်ပေသည်။ သို့ရာတွင် ရုပ်ရည်ကားလှပေ၏။ ကိုစံမတူ သည် မကောင်းလှအား လွန်စွာစုံမက်မြတ်နိုးလှ၏။ မကောင်းလှ သည် အိမ်၌ ကိုစံမတူမရှိသည့်အခါများတွင် မောင်မင်းညိုနှင့် မိုးညိုကလေးအား ထမင်းလုံးဝမကျွေးပေ။ သို့ရာတွင် ကိုစံမတူ ပြန်၍လာခါနီး၌ ကလေးနှစ်ဦး၏ပါးစပ်၌ ထမင်းရည်များကို သုတ်၍ထားလေ၏။ မမိုးညိုကလေးက ဖခင်ကိုမြင်လျှင် -

"အဖေ . . . အဖေ . . . ထမင်းဆာတယ်"

ဟုပြောလျှင် မကောင်းလှက -

"ကိုစံမတူ . . . ရှင့်သမီးတွေမှာ ဗိုက်အပိုတစ်လုံးပါတယ် ထူပါရဲ့၊ စောစောက ရှင်မလာခင်ကလေးတင်ကပဲ ထမင်းနဲ့ ဟင်းရည်ဖျော်ပြီး တိုက်ထားပါသေးတယ်၊ အခု ရှင်လဲလာရော ဆာတယ်လို့ လုပ်တော့တာပဲ"

ဟု လိမ်လည်ပြောဆိုလျှင် မမိုးညိုကလေးက -

"ဘာမှမစားရသေးဘူး အဖေ၊ မိုးနို သိပ်ပြီးဆာတာပဲ"

ဟု ပြော၍ ငိုရှာလျှင် မကောင်းလှက -

"ကြည့်စမ်း ကြည့်စမ်း . . . အရွယ်နဲ့ မလိုက်အောင် လိမ်ချောက်ချက် ပြောတတ်တယ်၊ ကျွန်မကတော့ သေချင် တော့တာပါပဲ၊ ရှင်နဲ့ ကျွန်မတော့ ရှင့်ကလေးတွေ ကုန်းတိုက် လို့ ကွဲကြလိမ့်မယ်ထင်တယ်၊ ကျွန်မလေ ရှင်နဲ့မကွဲချင်ဘူး ရှင့်ကို သိပ်မြတ်နိုးပါတယ်၊ ဟီး . . . ဟီး"

ဟု ဆိုကာ ငိုပြလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"အေးကွယ် . . . ဒီကလေးတွေက ခက်ပါတယ်"

ဟု ကိုစံမတူက ညည်းတွားသောအခါ၌ မောင်မင်းညို

"ဟုတ်ဘူး အဖေ၊ ကျုပ်တို့ ထမင်းမစားရသေးဘူး ထမင်းရည်လဲ မသောက်ရသေးပါဘူး၊ အဖေ့မိန်းမက ကျုပ် ပါးစပ်မှာ ထမင်းရည်တွေလာပြီးသုတ်ထားတာပါ"

ဟု ပြောလေ၏။ ထိုအခါ၌ မကောင်းလှသည် ဒေါ လွန်စွာထွက်၍ -

"ကြည့်စမ်း . . . ကြည့်စမ်း . . . ခွေးမျိုးလေး"

ဟုဆိုကာ မောင်မင်းညို၏ဦးခေါင်းကို ဒေါင်ခနဲနေအော ခေါက်လိုက်လေ၏။

ဤသို့နှင့်ပင် မောင်မင်းညိုတို့မောင်နှမသည် ထမင်း တစ်ချက်၊ မစားရတစ်ချက်နှင့်သာ နေရလေ၏။ ဖခင်ဖြ ကိုစံမတူမရှိသည့်အခါ၌ မကောင်းလှသည် ကလေးနှစ်ယေ အား ကလေးနှင့် မတန်သော အလုပ်များကို စေခိုင်းရုံမျှ ရိုက်နှက် ကန်ကြောက်လေ၏။

မောင်မင်းညိုတို့အား ဤမျှအထိ အကြင်နာတရားမဲ့ နှိပ်စက်သော်လည်း ၎င်း၏သားကလေး မောင်ကျော်သိန် ထမင်းချိန်၌ ထမင်းကို ဝနင့်အောင်ကျွေးလျက် ရေမိုးချိုး ပြီးလျှင် သနပ်ခါးများ လိမ်းပေး၍ ကောင်းမွန် သန့်ပြ ထားလေ၏။

တစ်ခါတစ်ရံ မောင်ကျော်သိန်းက -





"မြင်းစီးချင်တယ် အမေ"

ဟု ပူဆာလျှင် မောင်မင်းညိုကို ခေါ်ယူ၍ လေးဘက်ကုန်း နိုင်းပြီးလျှင် မောင်ကျော်သိန်းအား စီးစေ၏။

ကိုစံမတူ ပြန်လာသည့်အခါ၌လည်း -

"ကိုစံမတူရယ် . . . ကျွန်မသားလေးက မျက်နှာငယ်ပါ တယ်၊ အိမ်ရောက်တာနဲ့ သူ့ကို အရေးလုပ်ပြီး နှုတ်ဆက်မှ ကြိုက်တာ၊ နို့မို့ရင် ကလေးက သိပ်ပြီးအားငယ်တတ်တာ"

ဟု မကောင်းလှက ပြောသဖြင့် ကိုစံမတူကလည်း မယား ၏ အလိုလိုက်သောအားဖြင့် အိမ်သို့ရောက်သည်နှင့် မိမိ၏ သားနှင့်သမီးကို ချီပိုးခြင်း၊ နှုတ်ဆက်ခြင်းမပြုဘဲ မကောင်းလှ ၏ သား မောင်ကျော်သိန်းကိုသာ ပွေ့ချီလျက် -

"သားကြီး မောင်ကျော်သိန်းရဲ့"

ဟုဆိုကာ ဖက်ရမ်း နမ်းရှုပ်လေ၏။ ထိုသို့ပြုလုပ်လျှင် မကောင်းလှ၏ မျက်နှာမှာ မပြုံးတပြုံးရှိလေ၏။ မမိုးညိုကလေး မှာ သူ၏ဖခင်က သူ့အား ချီပိုးခြင်းမရှိသဖြင့် -

"အဖေ . . . မိုးနိုကို ချီပါဦး"

ဟုဆိုကာ ငိုယိုလေ၏။ ထိုအခါ၌ မောင်မင်းညိုက သူ၏ ညီမလေးအား မနိုင့်တနိုင်နှင့် ပွေ့ချီကာ -

"အစ်ကိုချီပါ့မယ် ညီမလေးရယ်"

ဟုဆိုကာ ချော့မော့လေ၏။ ဤသို့လျှင် မောင်မင်းညိုတို့ မောင်နှမသည် မိထွေးဖြစ်သူ မကောင်းလှ၏ လက်ထဲတွင် ဆင်းရဲဒုက္ခကြီးစွာဖြင့် နေ့ထိုင်ရရှာလေ၏။ သို့ရာတွင် ယုတ်မာ



www.burmeseclassic.com

www.burmeseclassic.com



ကောက်ကျစ်လှသော မကောင်းလှက ကိုစံမတူအား အမြဲမပြ[...] ကုန်းတိုက်သဖြင့် ကိုစံမတူသည် မောင်နှမနှစ်ယောက်အ[...] မကြာခဏ ရိုက်နှက်လေ့ရှိ၏။ နောက်ဆုံး၌ မကောင်းလှ[...] ကလေးနှစ်ယောက်အား စွန့်ပစ်ရန် ပူဆာလေ၏။ ကိုစံမတူ[...] လည်း မယား၏စကားကို လွန်စွာနာခံလိုသော ယောက်ျားယ[...] ဖြစ်သည့်အတိုင်း ကလေးနှစ်ယောက်အား စွန့်ပစ်ပါမည်[...] ကတိပေးလိုက်လေ၏။

"ရှင်မရယ် . . . ဒီကလေးနှစ်ယောက်ကို ပန်းတနော်[...] တရုတ်သူဌေးက ကလေးမွေးစားချင်တယ်လို့ ပြောသံကြ[...] တယ်၊ အဲဒီကို သွားပေးမယ်ကွာ"

ဟု ကိုစံမတူကပြောလျှင် မကောင်းလှက -

"မလုပ်ပါနဲ့ရှင်၊ မိထွေးက ကလေးတွေကို ပေးခိုင်းတ[...] ဆိုပြီး ရပ်ရွာထဲမှာ ကျုပ်က မိန်းမယုတ်ကြီး ဖြစ်နေပါဦးမ[...] အကောင်းဆုံးက ရှင့်ကလေးတွေကို ခပ်ဝေးဝေး ခေါ်သွာ[...] မျက်စိလည်အောင်လုပ်ပြီး ထားခဲ့ပေတော့၊ လမ်းမှာတွေ[...] လူက ခေါ်သွားလိမ့်မယ်၊ သတ္တဝါတစ်ခု ကံတစ်ခုပေါ့ရှင်"

ဟု ပြောလေ၏။

ကိုစံမတူကလည်း မယားပြောသည့် စကားအတို[...] မောင်မင်းညိုတို့ မောင်နှမအား ခေါ်ယူခဲ့ပြီးနောက် အထက်[...] ဖော်ပြခဲ့သည့်အတိုင်း ကလေးများအိပ်ပျော်နေစဉ်၌ ကလေ[...] များကို ထား၍ အိမ်သို့ပြန်ပြေးခဲ့ခြင်းဖြစ်ပေသည်။





မမိုးညိုကလေးသည် တစာစာငို၍ နေလေ၏။ အစ်ကို ဖြစ်သူ မောင်မင်းညိုက -

"မငိုပါနဲ့ညီမလေးရယ်၊ အိမ်ကိုပြန်ဖို့ အစ်ကို လမ်းသိပါတယ်၊ လာတုန်းက အစ်ကို လမ်းကို မှတ်ထားပါတယ်၊ လာ ညီမလေး"

ဟု ဆိုကာ သူ၏ညီမလေးအား လက်ကိုဆွဲ၍ လာလမ်းအတိုင်း ပြန်၏။

ဤသို့ လမ်းကိုမှတ်မိရခြင်းမှာ မောင်မင်းညိုကလေးသည် အရွယ်နှင့်မလိုက်အောင် ဉာဏ်ကောင်းလှသည်ဖြစ်ရာ လမ်းဆုံလမ်းခွများရောက်လျှင် လမ်းမှားခြင်း မရှိရလေအောင် ၎င်း၌ပါရှိသော ဩဇာစေ့ကလေးများကို ပစ်ချမှတ်သားခဲ့ခြင်းဖြစ်၏။ ၎င်း၏စိတ်၌ ဖခင်ဖြစ်သူသည် ၎င်းတို့မောင်နှမနှစ်ယောက်အား စွန့်ပစ်၍ပြေးလိမ့်မည်ဟု မှတ်ထင်နေသဖြင့် ထိုသို့ပြုလုပ်ခဲ့ခြင်း ဖြစ်ပေသည်။

မောင်နှမနှစ်ယောက်သည် လာလမ်းအတိုင်း တဖြည်းဖြည်း ပြန်၍ လျှောက်ခဲ့လေ၏။ လမ်းခွများ ရှိသောနေရာ၌ မောင်မင်းညိုသည် ၎င်းပစ်ချခဲ့သော ဩဇာစေ့ကလေးများကို ရှာဖွေ၍ လမ်းကို သိစေလေ၏။

မောင်မင်းညိုသည် သူ၏ညီမလေးအား လက်ကိုဆွဲ၍ ပြန်ခဲ့လေ၏။ လမ်း၌လွန်စွာဆိုးသွမ်းသောခွေးများနှင့် တွေ့လေရာ မမိုးညိုကလေးက ကြောက်လန့်၍ အော်ဟစ်ငိုယိုလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မောင်မင်းညိုကမူ ဝါးခြမ်းပြားကို ကောက်ယူလျက် ဝါးဘတ်အဖြစ် အသုံးပြုကာ ခွေးများကို ခဲဖြင့်ပစ်ခတ် နှိမ်နင်းလေ၏။ ခွေးများပြေးသောအခါ၌ သူ၏ညီမလေးအား လက်ကို ဆွဲ၍ -

"မကြောက်ပါနဲ့၊ အစ်ကိုတစ်ယောက်လုံးရှိပါတယ်ကွယ့်"

ဟု အားပေးသောစကားပြော၍ ဆက်လက်ကာသွားလေ၏။ အိမ်အနီးသို့ ရောက်သည့်အခါ၌ မိုးစုပ်စုပ်ချုပ်၍နေပြီ ဖြစ်လေ၏။

"ညီမလေး၊ အသံမကြားစေနဲ့နော်၊ အိမ်ပေါ်ကိုတက်ရင် အဖေ့မိန်းမက ရိုက်လိမ့်မယ်၊ အိမ်အောက်ကို ဝင်နေမယ်"

ဟု မောင်မင်းညိုက သူ၏ညီမလေးအား သတိပေးလေ၏။ သူ၏ညီမလေးကမူ -

"အစ်ကို - မိုးနို့ထမင်းဆာတယ်၊ ရေလဲသောက်ချင်တယ်"

ဟု ပြောသဖြင့် အိမ်ရှေ့ခြေဆေးအိုးမှရေကိုခပ်၍ မိုးညို ကလေးအား တိုက်ပြီးလျှင် -

"လာ . . . ညီမလေး"

ဟု ဆိုကာ ဖခင်ဖြစ်သူ၏အိမ်အောက်သို့ ဝင်ကြလေ၏။

အိမ်ပေါ်၌ကား မိထွေးဖြစ်သူ မကောင်းလှက ကလေး များအား စွန့်ပစ်ခဲ့ခြင်းအတွက် လွန်စွာပီတိဖြစ်၍နေပြီးလျှင် အောင်ပွဲခံသောအနေနှင့် ကြက်သားဟင်းကို ချက်လေ၏။ ကြက်သားဟင်း၏ရနံ့မှာ လွန်စွာမွှေးကြိုင်လှသည်ဖြစ်ရာ ခန်း ဝေးမှ လျှောက်လာခဲ့ရသဖြင့် ဆာလောင် မွတ်သိပ်လှသော





မောင်နှမနှစ်ယောက်တို့မှာ ကြက်သားဟင်းအနံ့ကြောင့် ပို၍ ဆာလောင်ကြရလေတော့၏။

"ရှင့်ကိုလေ ကျုပ်က ဟင်းကောင်းကောင်းလေး ချက်ကျွေး ချင်ပါတယ်၊ လူများတော့လဲ မကျွေးနိုင်ဘူးပေါ့ရှင်၊ ခုတော့ သားအမိ သားအဖ သုံးယောက်တည်းဆိုတော့ ဆိပြန်ဟင်းလေး စားနိုင်တာပေါ့"

ဟု မကောင်းလှက ပြောလေ၏။ ထိုသို့ပြောပြီး များမကြာမီ၌ပင် မကောင်းလှသည် ထမင်းပွဲပြင်လေ၏။ မကောင်းလှ၏ သား မောင်ကျော်သိန်းက -

"အမေ အမေ . . . အသည်းအမြစ် စားချင်တယ်"

ဟု ပူဆာလေ၏။

"ကဲ - အဖေကြီးရယ် . . . သားကလေးက အသည်း အမြစ် စားချင်တယ်လို့ ပြောနေတာ ထည့်ပေးလိုက်ပါဦး"

ဟု မကောင်းလှကပြောလျှင် မယား၏အလိုကိုလိုက်သော အားဖြင့် -

"ရော့ ရော့ . . . ငါ့သား"

ဟု ဆိုကာ မောင်ကျော်သိန်း၏ ပန်းကန်တွင်းသို့ အသည်း အမြစ်များ ထည့်၍ပေးလေ၏။

မောင်မင်းညိုတို့ မောင်နှမမှာမူ ဆာလောင်မွတ်သိပ်စွာဖြင့် အိမ်အောက်မှနေ၍ အရိုးအရင်းကလေးများ ပစ်ချလို ပစ်ချငြား မျှော်လင့်ခြင်းကြီးစွာဖြင့် မျှော်လင့်၍နေကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုစံမတူသည် မိန်းမဖြစ်သူအား ကြက်ရင်အုပ်သားကို ထည့်ပေးပြီးနောက် ၎င်းကိုယ်တိုင်ကမူ ခြေထောက်ရိုး တစ်ချောင်းကို ဆယ်ယူ၍ ကိုက်လေ၏။ ထို့နောက် အရိုးအား ကြမ်းပေါက်မှ ပစ်ချလိုက်လျှင် မောင်မင်းညိုက မြေကြီးပေါ်သို့ မကျရလေအောင် ဖမ်းယူ၍ နှမဖြစ်သူအား ပေးလေ၏။

မမိုးညိုကလေးမှာ ဆာလောင်မွတ်သိပ်လှပြီဖြစ်ရာ အစ်ကိုဖြစ်သူပေးသော အရိုးကို အားရဝမ်းသာ ကိုက်လေ၏။ မောင်မင်းညိုသည် အပေါ်မှ မောင်ကျော်သိန်း ပစ်ချသော ထမင်းလုံးကလေးများကို လက်ဖြင့်ဖမ်းယူ၍ နှမဖြစ်သူအား ပေးလေ၏။

မမိုးညိုကလေးမှာ ဆာလောင်မွတ်သိပ်လှသဖြင့် အရိုးအရင်းကလေးများနှင့် ထမင်းလုံးကလေးများကိုသာ စားနေရသည်ကို မကျေနပ်သဖြင့် ဖခင်ဖြစ်သူ၏ဖင်ကို အောက်မှနေ၍ တုတ်ဖြင့်ထိုးလိုက်ရာ ဖခင်ဖြစ်သူသည် -

"အမလေး" ဟုအော်ကာ တွန့်လေ၏။ မကောင်းလှက -

"ဘာဖြစ်တာလဲ" ဟု မေးရာ ဘာမှမဖြစ်ကြောင်း ပြောပြီးလျှင် ကြမ်းပေါက်သို့ အမှတ်တမဲ့ငုံ့၍ကြည့်လိုက်ရာ သားနှင့် သမီးကို တွေ့ရလေတော့၏။

ထိုအခါ၌ ကိုစံမတူသည် ထမင်းနှင့်ဟင်းကိုကြမ်းပေါက်မှ ပစ်ချပေးလေ၏။ ထိုအခါကျမှပင် မောင်မင်းညိုပါ စားသောက်ရလေ၏။

"ရှင် ဒီနေ့ ထမင်းစားလှချေလား"





ဟု မကောင်းလှက ကိုစံမတူအား မေးလေ၏။

"ဟုတ်တယ်ရှင်မရယ် . . . ဟင်းကောင်းနဲ့ဆိုတော့ စားလို့ကောင်းတယ် မဟုတ်လား" ဟု ကိုစံမတူက ပြန်ဖြေလေ၏။

"စားလို့ကောင်းတာကဟုတ်ပါပြီ မြန်ဆန်တာကို ပြောတာပါ။ ထမင်းတစ်ခါထည့်လိုက် ပြိုက်ခနဲ ကုန်သွားလိုက်မို့ပါ"

ဟု ပြောလေ၏။ ကိုစံမတူလည်း ထမင်းဟင်းများကို အောက်သို့မချရဲဘဲ ငြိမ်၍နေလေ၏။ မမိုးညိုကလည်း မဝသေးသဖြင့် ဖခင်ဖြစ်သူ၏ဖင်ကိုတုတ်ဖြင့်ထိုးပြန်လျှင် ကိုစံမတူသည် ယောင်၍ -

"အမလေး" ဟု အော်ကာ ကိုယ်ကိုတွန့်လိုက်လေ၏။

"ဘာဖြစ်တာလဲ ကိုစံမတူ"

ဟု မကောင်းလှက မေးလျှင် ကိုစံမတူက -

"ကြမ်းပိုးကိုက်လို့ပါ ရှင်မရယ်"

ဟု ဖြေလေ၏။

"ရှင့်နှယ်တော် . . . ကြမ်းပိုးကိုက်တာများ အမလေး တ,ရတယ်လို့" ဟု မကောင်းလှက မြည်တွန်လေ၏။

ကိုစံမတူသည် မကောင်းလှ၏ အလစ်၌ ဟင်းရည်ဖြင့် နယ်၍ထားသော ထမင်းများကို ကြမ်းပေါက်အတွင်းသို့ ချလေ၏။ ထိုသို့ ချသည်ကို မကောင်းလှက မမြင်သော်လည်း မောင်ကျော်သိန်းက တွေ့မြင်သဖြင့် -

"အမေ . . . အမေ၊ အဖေကြီး ကြမ်းပေါက်ထဲကို ထမင်းတွေ ချနေတယ်" ဟု အော်လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



မကောင်းလှလည်း မောင်ကျော်သိန်း၏ အော်သံကြောင့် ကိုစံမတူအား ကြည့်လိုက်ရာ ကြမ်းပေါက်တွင်းသို့ ထမင်းများ ချ၍နေသည်ကို ပတ်ပင်းတွေ့သဖြင့် ကြမ်းပေါက်မှ အောက်သို့ ငုံ့၍ကြည့်လိုက်ရာ မောင်မင်းညိုတို့ မောင်နှမနှစ်ယောက်ကို တွေ့လျှင် မ

"ကြည့်စမ်း . . . ကြည့်စမ်း၊ သူ့သားသမီးတွေကို မပစ်ရက်လို့ အိမ်အောက်မှာခေါ်ပြီးထားတာကိုး၊ မယားကို ညာတာပေါ့၊ အောင်မလေး . . . ကိုစံမတူရဲ့ လုပ်ရက်လေခြင်း"

ဟုဆိုကာ တဟီးဟီးနှင့် ငိုလေတော့၏။

မယားကို ကြောက်ရသော ကိုစံမတူကလည်း စွန့်ပစ်ဆို၍ စွန့်ပစ်ခဲ့ကြောင်း၊ သူတို့ဘာသာ ပြန်လာကြခြင်းဖြစ်ကြောင်းကို ဘုရားရော၊ မိုးကြိုးရော စုံ၍နေအောင် ကျိန်တွယ်၍ ပြောလေတော့၏။ ထိုအခါ၌ မကောင်းလှသည် ဒေါသလွှန်စွာထွက်၍ အိမ်အောက်သို့ ဆင်းသွားပြီးလျှင် မောင်နှမနှစ်ယောက်အား ရိုက်နှက်လေတော့၏။

ထိုသို့ဖြစ်ပြီး တစ်ပတ်မျှ ကြာသောအခါ၌ မောင်မင်းညိုတို့ မောင်နှမနှစ်ယောက်အား ဖခင်ဖြစ်သူက ချော့မော့၍ခေါ်ခဲ့ပြီးလျှင် မင်းဂရုသို့ ရောက်သောအခါ၌ လှေတစ်စီးကို ငှားယူကာ လှေဖြင့်တင်၍ မင်းဂရုချောင်းကိုကူးပြီး ချောင်းတစ်ဖက်သို့ ရောက်သောအခါ၌ ရှေးနည်းအတိုင်းပင် ထမင်းကျွေး၍ သစ်ပင်ရိပ်၌ သိပ်မြှန်လေ၏။ မောင်နှမနှစ်ယောက်သည်





မောပန်းသည်နှင့် အိပ်စက်ကြပြန်လျှင် ဖခင်ဖြစ်သူသည် ခြေကို ဖော့၍နင်းကာ ပြေးရန်ကြံလေတော့၏။

မောင်မင်းညိုကလေးမှာ ဖခင်က အိပ်ရန်ပြောခဲ့စဉ်ကပင် အိပ်ချင်ဟန်ပြု၍နေခဲ့ရာ ဖခင်ဖြစ်သူက ခြေကိုဖော့၍နင်းကာ ပြေးမည်အပြု၌ အိပ်နေရာမှထ၍ ဖခင်ဖြစ်သူ၏ လုံချည်စကို ဖမ်း၍ဆွဲလိုက်လေ၏။

ဖခင်လည်း ရှက်ကိုးရှက်ကန်းဖြင့် -

"အဖေ အပေါ့သွားမလို့ပါကွာ"

ဟု အရှက်ပြေ လိမ်ညာပြောပြီးလျှင် ပြန်၍ထိုင်လေ၏။

"မလိမ်ပါနဲ့ အဖေရယ် . . . ကျုပ်တို့မောင်နှမ မလိုက်တော့ပါဘူး၊ အဖေ ပြန်ပါ"

ဟု မောင်မင်းညိုက ပြောလေ၏။ မောင်မင်းညိုသည် ဝမ်းနည်းသော်လည်း ငိုကြွေးခြင်းမပြုဘဲ ဖခင်ကိုကြည့်၍နေလေ၏။ မယားကို ကြောက်ရသော ဖခင်လူယုတ်မာလည်း . . .

"အေး . . . ဟုတ်တယ်၊ မင်းတို့နေခဲ့ပေတော့"

ဟုဆိုကာမျက်နှာလွှဲ၍ပြန်သွားလေ၏။ မောင်မင်းညိုသည် ၎င်းတို့အားကျောခိုင်း၍ထွက်သွားသောဖခင်၏ နောက်ကျောအားကြည့်လျက် ၎င်း၏နုနယ်သော နှလုံးသား၌ လူတို့၏ အကြင်နာမဲ့ပုံကို ကြေကွဲဖွယ်ရာ မှတ်သားလိုက်မိလေတော့၏။

မောင်မင်းညိုသည် ၎င်း၏နှမကလေးအား ကြက်ခြင်းယင် မကိုက်စိမ့်သောငှာ ၎င်း၏အကျီကလေးကို ချွတ်၍ ယပ်ခတ်



www.burmeseclassic.com

www.burmeseclassic.com



ပေးလေ၏။ ၎င်းကိုယ်တိုင်ကမူ အိပ်စက်ခြင်းမပြုဘဲ ရှေ့ရေးကို တွေးတောရင်း စိတ်မောရှိနေရှာလေ၏။

တစ်နာရီကျော်ကျော်ခန့်ကြာလျှင် မမိုးညိုကလေး အိပ်ရာမှ နိုး၍လာလေ၏။ အိပ်ရာမှနိုးသည်နှင့်တစ်ပြိုင်နက် ၎င်း၏ဖခင်အား မျက်လုံးဖြင့် ရှာဖွေပြီးလျှင် မတွေ့သည့်အဆုံး၌ -

"အတို . . . အဖေ မိုးနိုတို့ကိုထားပြီး ပြေးပြန်ပြီ"

ဟု ငိုယို၍ ပြောလေ၏။

"ဟုတ်တယ် ညီမလေး . . . အဖေပြန်သွားပြီ"

ဟု မောင်မင်းညိုကပြောလျှင် မမိုးညိုကလေးက -

"အတို . . . အိမ်ကိုပြန်ဖို့လမ်းကို မှတ်မိသလား"

ဟု မေးလေ၏။

"မှတ်မိပါတယ် ညီမလေးရယ် . . . ဒါပေမဲ့ အိမ်ကိုမပြန်ပါနဲ့တော့ကွယ်၊ အိမ်ရောက်ရင် အဖေ့မိန်းမကလဲ ရိုက်ဦးမယ်၊ အဖေကလဲ တို့ကို ဒီကိုပဲလာပြီး ပစ်ဦးမှာပဲ"

ဟု ဆို၍နှင့်စွာ ပြောလေ၏။

"မိုးနိုတို့ ဘယ်ကိုသွားမလဲ၊ ဘယ်မှာထမင်းစားမလဲ"

"ရပါတယ်ကွယ် . . . အစ်ကိုရှိပါတယ်၊ ညီမလေး ဘာမှမကြောက်နဲ့နော်"

ဟု ဆိုကာ သူ၏ ညီမလေးအား လက်ကိုဆွဲ၍ ခြေဦးတည့်ရာ လျှောက်၍လာကြလေတော့၏။ ထိုသို့လျှောက်၍လာစဉ်၌ ရွာတစ်ရွာသို့ရောက်လျှင် ၎င်းတို့၏ ရှေ့မှ ခြေထောက်





သန်သော သူတောင်းစားကြီးသည် သူ၏သားတလေးကို ဆက်မှတ္တဲ၍ -

"ကျေးဇူးရှင်တို့ရယ် . . . ထမင်းကျန် ဟင်းကျန်လေး သနားကြပါခင်ဗျာ"

အော်ဟစ်တောင်းရမ်းသည်ကိုလည်း တွေ့ရ၏။ အိမ်များမှ ထမင်းကျန် ဟင်းကျန်များ လာရောက်၍ ပေးသည်ကိုလည်း တွေ့မြင်ရသဖြင့် မမိုးညိုကလေးက -

"အတို . . . မိုးနိုတို့လဲ ထမင်းတောင်းရအောင်"

ဟု ပြောလေ၏။ ထိုအခါ မောင်မင်းညိုသည် လမ်းဆုံလမ်းခွတွင်ရှိသော သောက်ရေအိုးစင်မှ ရေအိုးဖုံးနှင့် သောက်ခွက်ကိုယူကာ -

"သနားကြပါခင်ဗျာ . . . ကျွန်တော့်ညီမလေး ထမင်းစားရသေးလို့ ငိုနေပါတယ်ခင်ဗျာ"

ဟု အော်ဟစ်တောင်းရမ်းလေ၏။ အိမ်များမှ ထမင်းကျန် ဟင်းကျန်များ ပေးကြလေ၏။ ထိုအခါ၌ မောင်နှမနှစ်ယောက်သည် အားရဝမ်းသာနှင့် စားသောက်ကြလေတော့၏။ ဤသို့ဖြင့် တစ်ရွာဝင်တစ်ရွာထွက် တောင်းစားရင်း ခြေဦးတည့်ရာ လျှောက်ကြလေ၏။

"အတို . . . မိုးနိုတို့ ဘယ်ကိုသွားမှာလဲဟင်"

ဟု မိန်းကလေးက မေးလေ၏။

"ဒီလိုပဲ လျှောက်သွားမှာပဲ၊ အဖေနဲ့ဝေးတဲ့နေရာကို သွားရမှာပါ" ဟု ပြောလေ၏။ မောင်နှမနှစ်ယောက်သည် စိတ်ကြွား၊



www.burmeseclassic.com

www.burmeseclassic.com



သပြေချောင်း၊ ခနုဖြူ အဖျင်းအင်း၊ ညောင်ပင်ဈေး၊ ဇလွှ
ဟသ်ာတ စသော မြို့များ၊ ရွာများကို တဖြည်းဖြည်း ဖြတ်ကျေ
၍ လာခဲ့ကြလေ၏။ အချို့နေရာ၌ ခြေကျင်၊ အချို့နေရာ
လှေသမ္ဗန် စသည်တို့ကိုစီးနင်း၍လာခဲ့ရာနောက်ဆုံး၌ သာရ
သို့ ရောက်ရှိခဲ့ကြလေတော့၏။ ကလေးနှစ်ယောက်သည် မိမိ
လာခဲ့သော လမ်းကိုပင် မှတ်မိခြင်းမရှိတော့ပေ။ တစ်ရွာ
တစ်ရွာထွက်တောင်း၍စားလိုက်၊ မိုးချုပ်လျှင်အိပ်လိုက်၊ ဆက်
သွားလိုက်၊ ကူးတို့သမ္ဗန်၊ မော်တော်စသည်တွေ့လျှင် တက်
စီးလိုက်နှင့် ခြေဦးတည့်ရာ ခရီးထွက်ခဲ့ကြခြင်း ဖြစ်၏။

ရွာများသို့ဝင်သည့်အခါ၌ ငှင်းနှင့်ရွယ်တူကလေးများက

"သူတောင်းစားကလေးတွေ"

ဟု လိုက်၍ အော်ဟစ်ခြင်း၊ နောက်ပြောင်ခြင်း၊ ခဲ
ပေါက်ခြင်း၊ ခွေးနှင့် ရှူးတိုက်ခြင်း စသည်တို့ကို ပြုလုပ်သ
အခါ၌လည်း ငှင်း၏ညီမလေးကို လက်တစ်ဖက်ဖြင့် မကြော
စေရန် ဖက်၍ ထားပြီးလျှင် အခြားသောလက်ဖြင့်
တစ်ချောင်းကိုကိုင်ကာ တလေးဆိုးများ၏ရန်ကို မကြောက်
ကာကွယ်လေ၏။ တစ်ခါတစ်ရံ၌ ကလေးများက လူအုပ်
ဝိုင်းဝန်းထိုးကြိတ်ကြသည့်အခါ၌လည်း မောင်မင်းညို၏ မျက်
၌ ဖူးယောင်ခြင်း၊ ပါးစပ်အတွင်းမှ သွေးများထွက်ခြင်း စသည်
ဖြစ်သည့်အခါ၌ မမိုးညိုကလေးက သူ့အစ်ကို၏ ပါး
သွေးများကို သုတ်ပေးခြင်း၊ ဖူးယောင်သော ဒဏ်ရာများ





လက်ကလေးဖြင့် ပွတ်၍ပေးခြင်းစသည်ဖြင့် ပြုလုပ်ပေးရှာလေ
တော့၏။

မောင်မင်းညို၏စိတ်၌ အုပ်စုဖွဲ့၍ အနိုင်ကျင့်တတ်သော
လူတို့အား ထိုအချိန်ကပင် ခါးခါးသီးသီး မုန်းတီးခဲ့လေပြီဖြစ်၏။
မောင်မင်းညိုတို့ မောင်နှမသည် တရွေ့ရွေ့ လာခဲ့ကြရာ
သာရဝေါသို့ ရောက်ရှိခဲ့ကြပြီဖြစ်ရာ ဈေးအနီး၌ လှည့်လည်
တောင်းရမ်းကြလေ၏။

ထိုသို့ လှည့်လည်တောင်းရမ်းကြရာ ဈေးအနီး ကုလား
လက်ဖက်ရည်ဆိုင်သို့ရောက်လျှင် မမိုးညိုကလေးက -

"အတိုရယ် . . . ဟိုမှာ ကုလားကြီး ကြော်နေတဲ့မုန့်ဟာ
ဘာမုန့်လဲဟင်" ဟု မေးလေ၏။

"အစ်ကိုလဲ မသိပါဘူးကွယ်၊ နေဦး နေဦး . . . ဟိုဦးလေး
ကြီးကို မေးကြည့်ဦးမယ်"

ဟုဆိုကာ လူကြီးတစ်ယောက်ထံသို့ သွားရောက်၍ -

"ဦးလေး ဦးလေး၊ ဟိုမှာကြော်နေတာ ဘာမုန့်လဲဟင်"

ဟု မေးမြန်းလျှင် လူကြီးက -

"ပလာတာ လို့ ခေါ်တယ်"

ဟု ဖြေလေ၏။ မောင်မင်းညိုသည် သူ၏ညီမကလေး
အနီးသို့ ပြန်လာပြီးလျှင် -

"ပလာတာလို့ခေါ်တယ် ညီမလေး" ဟု ပြောပြလေ၏။

"အတိုရယ် . . . မိုးနို စားချင်တယ်" ဟု ပူဆာလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုသွားပြီး တောင်းပေးမယ်" ဟု ဆိုကာ ပလာတာကြော်နေသော ကုလားထံသို့ သွားရောက်၍ -

"ကုလားကြီးရယ်၊ ပလာတာတစ်ခုပေးပါ၊ ကျုပ်ညီမလေး စားချင်လို့ပါ" ဟု တောင်းရမ်းလျှင် ပလာတာကုလားက -

"ဂျော်း . . . ဂျော်း" ဟု အော်ဟစ်မောင်းထုတ်လိုက်လေ၏။ ထိုအခါ၌ ဆိုင်အတွင်းမှ ပလာတာစားလျက်ရှိသော လူတစ်ယောက်ထံသို့ သွားရောက်၍ တောင်းရမ်းလေ၏။ ထိုလူက ပလာတာကုလားဘက်သို့လှည့်၍ -

"ဟေ့ကောင် . . . မင်းတို့ဆိုင်မှာ စားရတာ တယ် မဟန်ပါလားကွာ၊ သူတောင်းစားလေးက တပူပူနဲ့ကွာ"

ဟု ပြောလိုက်လျှင် . . . ပလာတာကြော်လျက်ရှိသော ကုလားသည် ဆီပူများဝ၍နေသော သံယောက်မကိုကိုင်လျက် မောင်မင်းညိုထံသို့လာပြီးလျှင် ပါးကိုသံယောက်မဖြင့်ကပ်လိုက်လေ၏။ မောင်မင်းညိုမှာ . . . တစ်ဖက်သို့ ရှောင်လိုက်သ သံယောက်မ တစ်ခုလုံးနှင့် မထိလိုက်သော်လည်း ယောက် အစွန်းဖြင့်မူ ပါးကိုကပ်မိ၍သွားသဖြင့် -

"အမလေး"

ဟု အော်ဟစ်ကာ ဆိုင်တွင်းမှ ပြေးထွက်၍လာလေ၏။ သံယောက်မမှာ လေးထောင့်ယောက်မဖြစ်သဖြင့် ထောင့်စွန်းဖြင့် မိသွားသောကြောင့် မောင်မင်းညို၏ပါးတွင် သုံးထောင့် နီရဲ၍ အသားကျက်သွားလေတော့၏။ ထိုအခါ၌ ဆိုင်တွင်း





တစ်ယောက်က ကလေးငယ်တစ်ဦးအား ဤမျှအထိ ရက်ရက်စက်စက် ပြုလုပ်ရပါမည်လားဟု ပလာတာကုလားကို ဒေါသထွက်ကာ လက်သီးဖြင့် ထိုးလိုက်လေ၏။ ကုလားလည်း ခွေ၍ လဲကျသွားလေတော့၏။ ထိုသို့ လဲကျသွားသည်ကိုမြင်လျှင် မောင်မင်းညိုသည် ပြေးလာပြီးလျှင် ကုလား၏မျက်နှာအား ဆိုင်တွင်းမှ ရေအိုးဖုံးဖြင့် ထုလိုက်ရာ ကုလား၏မျက်နှာမှ သွေးများပန်း၍ထွက်လာလေတော့၏။ ထို့နောက် မောင်မင်းညိုကလေးသည် သူ၏နှမကလေးအား လက်မှဆွဲ၍ -

"လာ . . . ညီမလေး"

ဟုဆိုကာ ခြေဦးတည့်ရာသို့ ပြေးလေတော့၏။ သစ်ပင်ရိပ်တစ်ခုသို့ရောက်သောအခါ၌ မောင်နှမနှစ်ယောက်သည် ခေတ္တနားခို၍အမောဖြေကြလေ၏။ ထိုအခါ၌ မမိုးညိုကလေးက သူ၏အစ်ကို၏ပါးမှ သုံးထောင့်ဒဏ်ရာကလေးကိုကြည့်ကာ -

"အတို . . . နာမှာပဲနော်၊ မိုးနို နောက်ကို ပလာတာစားမယ်လို့ မပြောတော့ပါဘူး အတိုရယ်"

ဟု ပြောကာ ငိုရှာလေ၏။

ထို့နောက် မောင်နှမနှစ်ယောက်တို့သည် ခြေဦးတည့်ရာသို့ ဆက်လက်၍ ပြေးလာကြရာ ဘူတာသို့ ရောက်ရှိကြလေ၏။ ဘူတာ၌ကား ရထားတစ်စီးသည် ထွက်မည့်ဆဲဆဲဖြစ်နေ၏။

မောင်မင်းညိုသည် ပြေး၍နေရာမှ နောက်သို့လှည့်၍ ကြည့်လိုက်ရာ ကုလားအဘိုးကြီး တစ်ယောက်၊ ခြွန်မာ တစ်ယောက်နှင့် ပုလိပ်တစ်ယောက်သည်ရင်းတို့အား လိုက်ပြရင်း-



www.burmeseclassic.com

www.burmeseclassic.com



"ဖမ်းထားလိုက်ပါ"

ဟု အော်ဟစ်၍ ပြေးလာသည်ကိုမြင်လျှင် -

"လာ . . . လာ . . . ညီမလေး"

ဟုဆိုကာ ရထားဆီသို့ပြေးလေ၏။ ၎င်းတို့ရှေ့မှ တဲ
သော သူတောင်းစားများလည်း ရထားပေါ်သို့ ပြေး၍တက်သွ
ကြသည်ကို မြင်ရပေ၏။ ရထားမှာ စတင်၍ ခုတ်မောင်းနေ
ဖြစ်၏။ မောင်မင်းညိုသည် ၎င်း၏ညီမလေးအား မြှောက်ချီ
ခုတ်မောင်းနေသော ရထားပေါ်သို့ တွန်း၍တင်လိုက်ပြီးလျှ
၎င်းကိုယ်တိုင် တက်မည်အပြုတွင် နောက်မှနေ၍ တ
တစ်ယောက်က ဂုတ်မှ ဖမ်းကိုင်လိုက်သဖြင့် မတက်နိုင်
ရှိလေ၏။

"လွှတ်ပါဗျ . . . ဟိုမှာ ကျုပ်ညီမလေးတစ်ယောက်တ
ပါသွားပြီ"

ဟုပြော၍ ရုန်းကန်လေ၏။ မမိုးညိုကလေးမှာလ
၎င်း၏အစ်ကိုအား လူကြီးများက ဖမ်းထားသည်ကိုမြင်လျှ

"လွှတ်ပါ . . . မိုးနိုအတိုကို မဖမ်းပါနဲ့"

ဟု အော်ဟစ်ပြီးလျှင် ရထားပေါ်မှ ခုန်ချမည်ပြု
လည်း အနီးမှ ခရီးသည်တစ်ဦးက -

"ဟဲ့ . . . ဟဲ့ . . . မလုပ်နဲ့" ဟုဆိုကာ ကိုင်၍ထားလို
သဖြင့် ခုန်ချခြင်းမပြုနိုင်ဘဲ ရထားနှင့်ပါ၍သွားလေ၏။





မောင်မင်းညိုသည် လွန်စွာစိတ်ဓာတ်ကြံ့ခိုင်သော ကလေး
ဖြစ်သော်လည်း [redacted]မလေးနှင့် ရုတ်တရက်
ခွဲခွာရသည့်အခါ၌ လွန်စွာကြေကွဲခြင်းဖြစ်ရသဖြင့် မျက်ရည်များ
သွင်သွင် စီးကျလာလေတော့၏။

မောင်မင်းညို၏ လည်ကုပ်ကို ဖမ်းကိုင်ထားသောသူက
ယိပ်လက်သို့ အပ်လိုက်ပြီးလျှင် ကုလားအဘိုးအိုအား -

"အရာကြီး . . . ကျုပ် ဖမ်းပေးလို့ မိတာနော်၊ ကျုပ်ကို
လာတာတစ်ချပ် ကျွေးရမယ်"

ဟု ပြောလိုက်သောအသံကိုကြားလျှင် မောင်မင်းညိုသည်
ွန်စွာစိတ်ထိခိုက်၍ သွားလေတော့၏။

ကုလားထံမှ ပလာတာတစ်ချပ် စားရရုံမျှနှင့် မိမိတို့
ောင်နှမအား အရှင်လတ်လတ်ကွဲအောင်လုပ်ရက်သောသူ၏
က်နှာကို တစိမ့်စိမ့်ကြည့်ပြီးလျှင် အံကိုကြိတ်လိုက်လေတော့၏။
ိအချိန်၌ ထိုသူလည်း ပလာတာတစ်ချပ် အလကားစားရပေ
ာ့မည်ဟု ဝမ်းမြောက်ဝမ်းသာဖြစ်လျက် -

"ဒါမှ ကျုပ်အရာကြီး"

ဟု ဆိုကာ ကုလားအဘိုးကြီး၏ဝမ်းဗိုက်ကို ပွတ်လိုက်ရာ
ောင်မင်းညို၏ မျက်နှာနှင့် ထိုသူ၏ ဦးခေါင်းသည် နီးကပ်၍
ွားလေတော့၏။ ထိုအခါ၌ မောင်မင်းညိုသည် ထိုသူ၏
ားရွက်အား ဖမ်း၍ကိုက်လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုသူလည်းနာကျင်လွန်းသဖြင့် အော်ဟစ်ရုန်းကန်လေ ပုလိပ်ကလည်း မောင်မင်းညို၏ ပါးစပ်ကို လက်နှစ်ဖက်ဖြင့် တအားဖြဲလေတော့၏။ မောင်မင်းညိုသည် မိမိ၏နှမလေးနှင့် ရှင်ကွဲကွဲအောင် ဖန်တီးခဲ့သော ထိုသူ၏နားရွက်အား မလွှတ် နှင့် တအားကုန်းကိုက်လိုက်ရာ ထိုသူ၏နားရွက်သည် အရင်း ပြတ်၍ မောင်မင်းညို၏ ပါးစပ်အတွင်း၌ ပါ၍သွားလေ ထိုသူလည်း နေရာ၌ပင်လဲ၍ မေ့မြောသွားလေတော့၏။

မောင်မင်းညိုသည် ပါးစပ်အတွင်း၌ပါ၍လာသောနားရွက် အား ထွေး၍ မထုတ်ဘဲ ထိုလူကိုကြည့်ကာ ဝါး၍မျိုချသည် တိုင်အောင် ထိုသူအား နာကြည်းသွားလေတော့၏။

ထို့နောက်တွင်ကား မောင်မင်းညိုအား ဂါတ်အချုပ်ခန်းသို့ ပို့လိုက်လေတော့၏။ ထိုအချိန်မှစ၍ မောင်မင်းညို၏ နုနယ် သော နှလုံးသား၌ လူတို့သည် မိမိအတွက် မဖြစ်လောက်သော အခွင့်အရေးအတွက် သူတစ်ပါး၏ဘဝကို ဖျက်ဆီးတတ်သော သဘောကို ကျောက်သား၌ ထွင်းထုထားသကဲ့သို့ စွဲထင်၍ သွားလေတော့သတည်း။

■



## ညိုကလေး ရထားပေါ်၌ ပါသွားပုံ

မမိုးညိုကလေးသည် ငိုယိုလျက် ရထားပေါ်၌ ပါ၍သွား လေ၏။

"အတို့ကို ဖမ်းသွားကြပြီ . . . အတို့ကို ဖမ်းသွားကြပြီ"

ဟု အော်ဟစ်ငိုယိုရင်း လိုက်ပါသွားရရှာလေတော့၏။ မိုးညိုသည် အရွယ်နှင့်မမျှသော ကြေကွဲဝမ်းနည်းဖွယ်ဝေဒနာ ို ရင်နင့်အောင် ခံစားရရှာလေတော့၏။

မမိုးညိုကလေးသည် တရှုံ့ရှုံ့ငိုရင်း လိုက်ပါခဲ့ရာ အနီးမှ ိုင်သည် လင်မယားက ချော့မော့၍ မုန့်များပေးလေ၏။ ိုအခါ၌ မမိုးညိုကလေးက ထိုလင်မယား၏ ခြေထောက်ကို တ်ကာ -

"အတို့ကို ဖမ်းသွားကြဘီ . . . ခေါ်ပေးပါ"

ဟု ငိုယို၍ ပူဆာလေ၏။ လင်မယားနှစ်ယောက်သည် မိုးညိုကလေးအား ကြည့်၍ သနားခြင်း ဖြစ်ကြလေ၏။ ယောက်ျားဖြစ်သူက -



www.burmeseclassic.com

www.burmeseclassic.com



"မခင်ရီရေ . . . ဟောဒီကလေးလေး သနားစရာကွယ်"

ဟု အစချီလိုက်လျှင် နဂိုကပင် ကလေးအား ကြည့်၍ သနားနေသော မခင်ရီ ဆိုသည့် မိန်းမက -

"ဟုတ်ပါရဲ့ ကိုသိန်းအောင်ရယ် - ကျွန်မဖြင့် ဒီကလေးတို့ သနားလိုက်တာ၊ သူတို့မောင်နှမနှစ်ယောက် အတူလာကြတာ သူ့အစ်ကို ကျန်ခဲ့တော့ သူ့ခမျာ ဒုက္ခပေါ့ရှင်၊ လာ လာ . . . ကလေး"

ဟုဆိုကာ သားသမီးချင်း စာနာတတ်သော မခင်ရီက အနီး၌ခေါ်၍ ထိုင်ခိုင်းပြီးလျှင် ထမင်းချိုင့်အတွင်းမှ ကြက်သားကြော်ကိုပေး၍ -

"ကလေးနာမည်က ဘယ်လိုခေါ်သလဲကွယ်"

ဟု မေးလေ၏။

"မိုးနိုနာမည် မိုးနိုပါ"

ဟု မပီကလာ ပီကလာဖြင့် ပြောလျှင် မခင်ရီက -

"ကိုသိန်းအောင်ရယ် . . . မိုးနို ဆိုပါလား၊ မြန်မာ မဟုတ်ဘူးထင်တယ်၊ ဘာလူမျိုးပါလိမ့်ကွယ်၊ ရုပ်ကလေးကလဲ ချောချောကလေးပါလား၊ သမီး ဘာလူမျိုးလဲကွယ့်"

ဟု မေးလေ၏။

"မိုးနို ဦးချံမတူ လူမျိုးပါ"

"ဦးချံမတူလူမျိုး ဆိုပါလား၊ သူ့အဖေနာမည်နဲ့ တူပါရဲ့၊ သမီးမေမေရောကွယ်"





"ရှိတော့ဘူး၊ အဖေ့မိန်းမပဲရှိတယ်၊ မိုးနိုကိုလဲ ရိုက်တယ်၊ အတို့ကိုလဲ ရိုက်တယ်၊ ထမင်းလဲကျွေးဘူး၊ မိုးနိုနဲ့ အတို့နဲ့ကိုလဲ အဖေက တောထဲမှာပစ်ပြီး ထွက်ပြေးပြီ"

"ဟောတော့ . . . သနားစရာပဲတော်၊ သူ့အဖေက ပစ်ပြေးတယ် ဆိုပါလား၊ နေပါဦး သမီးရယ် . . . သမီးရဲ့ အစ်ကိုက ဘယ်လိုခေါ်သလဲကွယ်၊ အစ်ကို့နာမည်လေ"

"အတိုက အတိုပေါ့"

"ဟုတ်ပါတယ် . . . သူ့ကို သမီးတို့ဖေဖေက ဘယ်လိုခေါ်သလဲ"

"အဖေလား . . . အဖေက ဦးချံမတူ"

"အေး - ဦးချံမတူက သမီးအစ်ကိုကို ဘယ်လိုခေါ်သလဲ"

"မင်းနိုလို့ခေါ်တယ်"

"မင်းနို . . . သမီးနာမည်က မိုးနို ဟုတ်လား"

ဟု မခင်ရီကမေးလျှင် မိုးညိုက ခေါင်းညိတ်ပြလေ၏။

"ဒီလိုနဲ့ တူပါရဲ့ကွယ် . . . သူ့အစ်ကိုနာမည်က မင်းညို၊ သူ့နာမည်က မိုးညိုဖြစ်မှာပေါ့"

"ဟုတ်တယ် . . . အဲဒီလိုပြောတာ"

ဟု မိုးညိုက ပြောလျှင် လင်မယား နှစ်ယောက်သည် ရယ်မောကြလေ၏။

"သမီးတို့က ဘယ်ကလာကြတာလဲ"

"ဟိုးအဝေးကြီးက"

"လမ်းမှာ ထမင်းစားရသလား"



www.burmeseclassic.com

www.burmeseclassic.com



"စားရတယ်၊ လူတွေက ကျွေးတယ်၊ မိုးနိုက ပလာတာစားမယ်လို့ပြောတော့ အတိုက ဆိုင်မှာဝင်ပြီး တောင်းတာကုလားကြီးက မျက်နှာကို ရိုက်လွှတ်တယ်၊ အခုလဲ ဖမ်းသွားကြပြီ" ဟု၄

"အမလေးတော် . . . တတ်လိုက်တဲ့ကလေးကွယ်၊ သမီးအဒေါ်တို့နဲ့ လိုက်မလား"

"အတို့ကို ခေါ်ပေးရင် လိုက်မယ်"

ဟု ပြောလိုက်ရာ လင်မယား နှစ်ယောက်တို့သည် တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်ကာ -

"ဘယ်လိုလုပ်မလဲ"

ဟု မျက်လုံးချင်း မေးကြလေ၏။

"သူပြောတာ ဟုတ်တာပေါ့ကွယ် . . . သူ့အစ်ကိုကိုပြန်ပြီးခေါ်မှဖြစ်မယ်"

ဟု ဦးသိန်းအောင် ဆိုသူက ပြောလေ၏။

ကိုသိန်းအောင်သည် လက်ပံတန်းသို့ ရောက်သည့်အခါ၌ အသိအိမ်တစ်အိမ်တွင် ဇနီးဖြစ်သူ မခင်ရီနှင့် မမိုးညိုကလေးအား ထားခဲ့ပြီးလျှင် မမိုးညို၏အစ်ကိုဖြစ်သူ မောင်မင်းညိုအားခေါ်ရန်အတွက် သာရဝေါသို့ နောက်တစ်နေ့တွင်လာခဲ့လေ၏။ သာရဝေါသို့ရောက်လျှင် စုံစမ်းကြည့်ရာ ပလာတာကုလားအားမျက်နှာ၌ ရေအိုးဖုံးဖြင့် ရိုက်ခဲ့သဖြင့် သာရဝေါဂါတ်၌ ချုပ်ထားကြောင်း သိရလေ၏။





ထို့ကြောင့် ကိုသိန်းအောင်သည် သာရဝေါဂါတ်သို့ လိုက်သွား၍ ယမန်နေ့က ပလာတာကုလားကို ရေအိုးဖုံးဖြင့် ရိုက်ခဲ့သောကလေး ရှိ မရှိ စုံစမ်းလေရာ . . . ပုလိပ်တို့သည် ကိုသိန်းအောင်အား ဖမ်းဆီးလိုက်လေတော့၏။

ဖမ်းဆီးပြီးနောက် ထိုကလေးနှင့် မည်သို့တော်စပ်သနည်း၊ မည်သည့်အတွက် လာရောက်သနည်းစသည်ဖြင့် စစ်ဆေးကြလေတော့၏။ ထိုအခါ၌ ကိုသိန်းအောင်က မမိုးညိုကလေးကို ရထားပေါ်၌ တွေ့ခဲ့ပုံ၊ ကလေးက သူ၏အစ်ကိုအား ခေါ်ပေးရန်ပြောသဖြင့် ခေါ်ရန်လာရပုံ၊ ၎င်းအနေနှင့် မောင်မင်းညိုအားမြင်ဖူးခြင်းပင် မရှိပုံတို့ကို ပြောပြသည့်အခါ၌ ဂါတ်စာရေးက-

"ညက အချုပ်သားတွေ အချုပ်ခန်းဖောက်ပြီး ပြေးကြပြီ၊ အဲဒီအထဲမှာ ကောင်လေးလဲ ပါသွားပြီ" ဟု ပြောပြလေ၏။

ကိုသိန်းအောင်လည်း ပုလိပ်များကို အကျိုးအကြောင်းပြော၍ လက်ပံတန်းသို့ ပြန်ခဲ့လေတော့၏။ လက်ပံတန်းသို့ ရောက်လျှင် မမိုးညိုအား -

"သမီးရယ် . . . သမီးအစ်ကိုက တခြားအချုပ်သားတွေနဲ့အတူ ထွက်ပြေးသွားကြပြီကွယ့်၊ ပြန်ပြီးမိတဲ့အခါမှာ ဦးလေးတို့ကို လာပြီးပြောလိမ့်မယ်၊ အဲဒီတော့မှ သွားပြီးခေါ်ပေးမယ်နော်" ဟုဆိုကာ ချော့မော့၍ မိမိတို့နေအိမ်သို့ ခေါ်ခဲ့ကြလေတော့၏။

<◆>



www.burmeseclassic.com

www.burmeseclassic.com



အောက်တွင် ဖော်ပြသော အကြောင်းအရာတို့ကား **မောင်မင်းညို အချုပ်ခန်း၌ ကြုံတွေ့ရပုံတို့ဖြစ်၏။**

မောင်မင်းညိုကလေးသည် ပုလိပ်လက်သို့ ရောက်သွားသည့်အခါ၌ ကုလားလက်ဖက်ရည်ဆိုင်ပိုင်ရှင်က ပုလိပ်အား-

"ဘီမာရှိုး ... ဘီမာရှိုး၊ ကောင်းကောင်းရိုက်၊ ကောင်းကောင်းရိုက်" ဟု မောင်မင်းညိုအား အချုပ်ခန်းတွင်း၌ နှိပ်စက်ရန် မှာကြားလိုက်လေ၏။

ပုလိပ်လည်း ကုလားပေးသော ငွေငါးကျပ်ကို ရလျှင် ကုလားရှေ့၌ပင် မောင်မင်းညို၏ပါးကို ဖျန်းခနဲ ရိုက်ပြလိုက်လေ၏။ ထို့နောက် ဂါတ်သို့ခေါ်၍သွားကာ အချုပ်ခန်းတွင်းသို့ ထည့်လိုက်လေ၏။

"လာလာ ... ကောင်လေး ... ဦးလေးဆီကိုလာ"

ဟု အချုပ်ခန်းအတွင်း ဂစ်စုံတစ်ယောက်သောသူက ဆီးကြိုခေါ်ငင်လိုက်သဖြင့် ကြည့်လိုက်ရာ လက်ဖက်ရည်ဆိုင်၌ ပလာတာ ကုလားအား လက်သီးဖြင့် ဝင်၍ ထိုးခဲ့သောလူ ဖြစ်၍နေသည်ကို တွေ့လျှင် မောင်မင်းညိုသည် အနည်းငယ် အားတက်၍သွားလေ၏။

ထိုအချိန်၌ ဂါတ်စာရေးနှင့် ရာဇဝတ်အုပ်တစ်ယောက် ရောက်ရှိလာပြီးလျှင် ထိုသူအား ရာဇဝတ်အုပ်က -

"ဟကောင် ... ငါက ဘယ်သူများလဲ အောက်မေ့တယ် ကျော်ညွန့်ကိုးကွ၊ ဖောက်ထွင်းမှုပြီးတာမှ ဘာမှမကြာသေးဘူး ကုလားကို လက်သီးထိုးမှုတစ်မှုဖြစ်ပြန်ပြီပေါ့" ဟု ဆိုလေ၏။





"မဟုတ်ပါဘူး ဆရာရယ် ... မျက်စိရှေ့မှာ မတရား လုပ်တာကို မြင်ရတော့ မခံချင်လို့ပါ"

ဟု ဖောက်ထွင်းသမား ကျော်ညွန့်က ပြန်၍ပြောလေ၏။

"ကဲ ... ထွက်ထွက်၊ ကောင်ကလေးကိုတော့ အမှုဖွင့်ရမယ်ကွ၊ ရေအိုးဖုံးနဲ့ ရိုက်လိုက်တာ ကုလားမျက်လုံးတစ်ဖက် ကျွတ်ထွက်သွားတယ်"

ဟု ရာဇဝတ်အုပ်က ပြောဆို၍ ကျော်ညွန့် ဆိုသူအား အချုပ်ခန်းတွင်းမှ ထုတ်၍သွားလေ၏။

ကျော်ညွန့် ဆိုသူက ... အချုပ်မှ ထွက်ခါနီးတွင် မောင်မင်းညိုအား -

"ဘာမှအားမငယ်နဲ့ကွ၊ ဦးလေးလဲ လာတွေ့ဦးမယ်"

ဟုဆိုကာ ထွက်သွားလေ၏။

မောင်မင်းညိုသည် အချုပ်ခန်းအတွင်း၌ ထိုင်ရမလို ထရမလိုနှင့် အူကြောင်ကြောင်ဖြစ်၍ နေလေ၏။ ထို့ကြောင့် အချုပ်ခန်းအတွင်းမှ လူများကို ကြည့်လိုက်မိ၏။ အချုပ်ခန်း အလယ်၌ သမံတလင်းပေါ်တွင်ကျားကစားနေသောအချုပ်သား နှစ်ယောက်၊ ဆေးပြင်းလိပ်သောက်ကာ မှန်ကုပ်ကုပ် ရှုသိုးသိုးနှင့် မောင်မင်းညိုကို ကြည့်၍နေသော လူတစ်ယောက်နှင့် အခန်း ထောင့်တွင် စိတ်အေးလက်အေးထိုင်၍နေသော မုတ်ဆိတ်မွေး ဖွားဖွားရှည်ရှည်ကြီးနှင့် တရုတ်အဘိုးကြီး တစ်ယောက်တို့ကို တွေ့မြင်ရလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"လာလာ ကောက်တွဲ . . . အင်း . . . ခွေးကလေး ဒီကိုလာခဲ့၊ ငါက ဒီလို ခွေးကလေးလို့ခေါ်လို့ စိတ်မဆိုးနဲ့နော်၊ ခွေးဆိုတဲ့အကောင်ဟာ ချစ်ဖို့ တော်တော်ကောင်းတယ်ကွ၊ သူက လူတွေကို အပြုံးကို မျက်နှာက မပြဘူး၊ ဖင်ကနေ ပြတတ်တယ်ကွ၊ အမြီးကလေးလှုပ်နေတာဟာ ပြုံးနေတာပဲကွ၊ လူတွေ အကြောင်းကို သိလာလေလေ . . . ခွေးကို ချစ်လေလေပဲကွ ပြီးတော့ . . . သခင်ပေးတဲ့ အရိုးအရင်းကလေးစားပြီး သခင့်ရဲ့ သစ္စာကို စောင့်သိတယ်ကွ၊ ဒီတော့ ခွေးဟာ အားကြီးကောင်း တယ်၊ လာလာ . . . ဒီကို၊ မကြောက်ပါနဲ့ကွ၊ မင်းကို ပုလိပ်တ နည်းနည်းပါးပါးနှိပ်စက်မယ်၊ ကလေးထောင်ကိုပို့မယ်၊ ကလေး ထောင်ကိုရောက်ရင် ဟိုမှာ သူခိုးကလေးတွေ အများကြီးပဲ မင်းကို သူခိုးအတတ်ပညာ သင်ကြားပေးကြလိမ့်မယ်၊ အဲဒီတော့ တော့မှ မင်းဟာ တကယ့်ကို လူဆိုးသူခိုးဖြစ်မှာ၊ မပူပါနဲ့ကွာ ဒီမှာလာပြီး ထိုင်စမ်းပါ၊ ရော့ရော့ . . . ငါ့မှာ အီကြာကွေး တစ်ချောင်းရှိတယ်၊ အီကြာကွေးစားပါ၊ ပြီးရင်ရေသောက်လိုက် ဗိုက်ဝတာပေါ့ကွာ၊ ဗိုက်ဝရင် အိပ်ပေတော့"

ဟု ထိုတရုတ်အဘိုးကြီးက ခေါ်လေ၏။

မောင်မင်းညိုလည်း တရုတ်အဘိုးကြီး အနီးသို့ သွား၍ ထိုင်၏။ တရုတ်အဘိုးကြီးသည် မောင်မင်းညို၏ ဦးခေါင်း ကလေးကို လက်ဖြင့်ပွတ်၍ -

"နာမည်ဘယ့်နှယ်ခေါ်သလဲကွ" ဟု မေးလေ၏။





"မင်းညို"

"ဘယ်လောက်ပဲဆင်းရဲဆင်းရဲ လူတစ်ယောက်မှာ နာမည် တစ်ခုတော့ ချမ်းသာကြတာပဲကို၊ ဒီတော့ မင်းမှာလဲ နာမည် တစ်ခုတော့ ရှိတာပေါ့လေ၊ ဟဲ ဟဲ . . . ငါ့မှာလဲ ဘာမှမရှိဘူး၊ နာမည်တစ်ခုတော့ရှိတယ်၊ ငါ့နာမည်က ဂွမ်တီ တဲ့၊ ဘာကိုမှ ကြောက်ပါနဲ့ကွ၊ ဟောဒီလောကကြီးဟာ တစ်လှည့်စီနိုင်နေတဲ့ လောကကြီးကွ၊ ဥပမာကွာ လူက မြွေကို ကြောက်တယ်၊ မြွေက ငှက်တွေကိုကြောက်တယ်၊ ပင့်ကူကလူကိုကြောက်ပြန်ရော မဟုတ် လား . . . အဲဒီ ပတ်လည်သဘောတရားကို စဉ်းစားကြည့်ရင် ဘယ်လောက်များ ရယ်ဖို့ကောင်းလိုက်သလဲကွာ" ဟု ဆိုလေ၏။

"ဘယ်မြို့ ဘယ်ရွာကလဲကွ"

"မသိဘူးခင်ဗျ"

"မင်းအမေ နာမည်ကော"

"မသိဘူးခင်ဗျ"

"အခု မင်းရောက်နေတဲ့နေရာကော သိရဲ့လား"

"မသိဘူးခင်ဗျ"

"တယ်လဲစိတ်ချမ်းသာဖို့ကောင်းပါလား၊ ဘာမှမသိတဲ့ ကောင်ပဲ၊ မသိရင် စိတ်ချမ်းသာတာပေါ့ကွာ၊ သဘာဝတရား ကြီးက ငါတို့ကို မသိအောင်လုပ်ထားတယ်ကွ၊ အဲဒါ မသိခြင်း ဆိုတဲ့ လက်ဆောင်ပဲ၊ ငါတို့ လူတွေက သဘာဝက ပေးတဲ့ လက်ဆောင်ကို မယူဘဲ သိအောင်ကြိုးစားနေကြတယ်၊ သိတာနဲ့ ဆင်းရဲဒုက္ခရောက်တော့တာပဲပေါ့၊ ဘာမှမသိတဲ့လူဟာ ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဆင်းရဲစရာ မရှိတော့ဘူးကွ၊ အခု ငါပြောတာတွေရော သိရဲ့လား"

"မသိဘူးခင်ဗျ"

"ကောင်းကွာ . . . သိရင် နားရှုပ်နေဦးမယ်၊ မသိတော့ ဟန်ကျ[illegible]ပေါ့ကွ၊ ဟဲဟဲ . . . ဘာမှမသိတဲ့လူကို ပညာ[illegible] ခန့်မယ်ဆိုရင် မင်း[illegible]ပညာရှိဖြစ်ပြီပေါ့ကွာ၊ ဟဲ ဟဲ . . . ဘာပဲဖြစ်ဖြစ်လေ . . . မင်းကိုတော့ ဒီလောကမှာ လူတစ်လုံး သူတစ်လုံးဖြစ်အောင် ငါက လုပ်ပေးရဦးမှာပေါ့"

ဟုဆိုကာ ဦးဂွမ်တီသည် သူ၏မုတ်ဆိတ်မွေးရှည်ရှည်ကြီး ကို ပွတ်လိုက်လေ၏။

မောင်မင်းညိုကလေးသည် သူ၏ညီမလေးအား လွမ်းဆွ[illegible] သောကြောင့် ငိုကြွေးလေ၏။ ထိုအခါ၌ ဦးဂွမ်တီက အတ[illegible] အကြောင်း မေးရာ မောင်မင်းညိုက သူ၏အဖြစ်အပျက်[illegible] ရှင်းပြလျှင် -

"မငိုပါနဲ့ကွာ၊ ငါပြောပြမယ်၊ မင်းရဲ့ ရုပ်လက္ခဏာတ[illegible] နဂါးရဲ့ ရုပ်လက္ခဏာမျိုးရှိတယ်၊ ထက်မြက်တယ်၊ အနံ့ထ[illegible] အလျားကရှည်တယ်၊ ဒီတော့ ဒီမျက်နှာမျိုးက ဩဇာရှိတ[illegible] ပါဠိလို 'ဘမုက လောမ' ခေါ်တဲ့ မျက်ခုံးမွေးက ဆံပင်ထ[illegible] တောင် နက်မှောင်နေပါလား၊ တယ်လဲ စိတ်မာတဲ့အားကော[illegible] တဲ့ ကလေးပဲ၊ ဘာမှမပူပါနဲ့ကွ၊ မင်းနဲ့ မင်းညီမလေး ပြန်[illegible] တွေ့ကြမှာပါ၊ ပြန်ပြီးတွေ့တဲ့အခါမှာ မင်းဟာလူသတ်မှုဖြစ်[illegible] မယ်၊ အဲဒီအခါကျမှ ကြိုးစင်တက်ရလိမ့်မယ်"





ဟု ဦးဂွမ်တီက ပြောလေ၏။

"ခင်ဗျား ဗေဒင်တွက်တာကလဲ ဘာမှလဲမရေးဘဲနဲ့ ဒီလိုပဲ အလွတ်တွက်သလားဗျာ၊ ကျုပ်တို့နှစ်ယောက် ဘယ်သူနိုင်မလဲ"

ဟု ကျားထိုးနေသူနှစ်ယောက်က ဦးဂွမ်တီအား နောက် လိုက်လေ၏။ ဦးဂွမ်တီက ခေတ္တငြိမ်၍စဉ်းစားလိုက်ပြီးနောက်-

"ဘယ်သူမှ မနိုင်ဘူးကွ"

ဟု ပြောလိုက်ရာ ကျားသမားက -

"သရေလား"

ဟု ပြန်၍မေးလေ၏။

"သရေလဲ ဟုတ်ဖူးကွ"

"ဘယ်လိုလဲ ပေါက်ဖော်ကြီး၊ တစ်ယောက်ယောက် နိုင်ရ မှာပေါ့ဗျာ၊ ဒီလိုမဟုတ်ရင် သရေကျရမှာပေါ့၊ သရေလဲမကျ၊ အနိုင်အရှုံးလဲ မပေါ်ဘူးဆိုတာ ဘယ်ဖြစ်နိုင်ပါ့မလဲ"

ဟု ကျားသမားက ပြန်၍ပြောလေ၏။ ဦးဂွမ်တီကမူ သူ၏ မုတ်ဆိတ်ကို ပွတ်ရင်း တစ်ဖက်သို့ လှည့်သွားလေတော့၏။ ထို့နောက် မောင်မင်းညိုနှင့် ဆက်၍ စကားပြောနေလေ၏။ မောင်မင်းညိုလည်း ဦးဂွမ်တီအား အချိန်အနည်းငယ်အတွင်း ၌ပင် ချစ်ခင်၍သွားလေတော့၏။

တစ်အောင့်မျှကြာလျှင် ကျားသမား နှစ်ယောက်သည် ငြင်းခုံ၍ စကားများကြပြီးလျှင် တစ်ယောက်က ကျားကွက်များ ကို လက်ဖြင့်ပွတ်၍ ဖျက်ပစ်ရင်း -



www.burmeseclassic.com

www.burmeseclassic.com



"မကစားဘူးကွာ၊ မင်းက သိပ်ငြင်းတာပဲ"

ဟု ဆိုလိုက်လေ၏။ ထိုအခါ၌ ဦးဂွမ်တီက -

"တော့ကောင် . . . ငါပြောတာ မဟုတ်ဘူးလား၊ အနိုင်အရှုံးလဲ မပေါ်ဘူး၊ သရေလဲ မကျဘူး"

ဟု ပြောလိုက်ရာ ကျားသမားနှစ်ယောက်သည် ဒေါသများပြေပျောက်၍ ရယ်မောကာ ဦးဂွမ်တီထံသို့ထ၍လာကြပြီးလျှင်-

"သိပ်ပြီးမှန်တာပဲ ထောင်ကဲကြီး"

ဟု ချီးမွမ်းကြလေ၏။


"မှတ်ထားကွ၊ ဗေဒင်ဆရာ မဟုတ်ဘူး၊ ငါတို့ တရုတ်လူမျိုးတွေရဲ့ အိမ်ရှေ့မှာ ချိတ်ထားတဲ့ တံဆိပ်ဝိုင်းဝိုင်းကလေးတွေ တွေ့ဖူးတယ် မဟုတ်လား၊ အလယ်မှာက အနက်နဲ့ အဖြူ ဘေးက တုတ်ချောင်းကလေးတွေပါတဲ့ တံဆိပ်လေ၊ အဲဒါကို ပက်ကွိုင်းလို့ခေါ်တယ်၊ မြန်မာလို အရပ် ရှစ်မျက်နှာပေါ့ကွာ၊ အလယ်ကဟာက ယင်ယုန်လို့ခေါ်တယ်၊ အဖိုအမ၊ အလင်းအမှောင်၊ အရှုံးအနိုင် ဆိုတဲ့ ဆန့်ကျင်ဘက် သဘောပေါ့ကွာ၊ ဘေးက တုတ်ချောင်းကလေးတွေကလဲ ပုံစံမတူဘူး၊ ရှစ်မျိုးပါတယ်၊ အဲဒါကို နားလည်ရင် လောကကြီးမှာ လျှို့ဝှက်ထားတဲ့ အရာမှန်သမျှကို ဖြေဆိုနိုင်တဲ့ သော့တစ်ချောင်းကို ရတာပဲ"

ဟု ဦးဂွမ်တီက ပြောလေ၏။

(မှတ်ချက်)။ ။တရုတ်ဘာသာဖြင့် (ပက်ကွိုင်း)
မြန်မာဘာသာဖြင့် အရပ်ရှစ်မျက်နှာ။







အချုပ်သားတို့နှင့်အတူ မောင်မင်းညိုသည် ရောနှော၍ ကားပြောရင်း နေ့အချိန်ကို ကုန်လွန်ရလေ၏။ ညပိုင်းသို့ ရောက်လျှင် ဆေးပြင်းလိပ်သောက်ကာ မှုန်ကုပ်ကုပ်ထိုင်၍နေသော အချုပ်သားတစ်ယောက်သည် သူ၏အကျႌအောက်မှ ဆောက်တို့ကို ထုတ်ယူကာ -

"ကဲ . . . ဦးဂွမ်တီ၊ အလုပ်စတော့မယ်"

ဟု ပြောလိုက်လျှင် ဦးဂွမ်တီသည် ထိုင်၍နေရာမှ ဖယ်၍ ပေး၏။ ဦးဂွမ်တီ ဖယ်၍ပေးလျှင် ဦးဂွမ်တီမှီလျက်ထိုင်နေသော နေရာ၌ အုတ်နံရံဖောက်လက်စကို ထိုသူက ဆက်လက်ဖောက် တော့၏။ ထွက်လာသော မြေစာများကို ဦးဂွမ်တီနှင့်

www.burmeseclassic.com

www.burmeseclassic.com



ကျားသမားနှစ်ယောက်က လက်ခုပ်ဖြင့်သယ်၍ အချုပ်ခ
အပြင်သို့ ချလေ၏။

အချုပ်ခန်းစောင့် ပုလိပ်လာလျှင် ဖောက်ထွင်းခြင်းလုပ်
ကို ခေတ္တရပ်၍ ဦးဂွမ်တီက အပေါက်ကိုမှီလျက် ထိုင်လေ
နံနက်မိုးလင်းခါနီး၌ အချုပ်ခန်းသည် လုံးဝပေါက်သွားလေ
၏။ ထိုအခါ ဦးဂွမ်တီသည် မောင်မင်းညိုကလေး၏ လက
ဆွဲကာ -

"လာ . . . ကောက်တွဲ"

ဟု ဆိုလျက် အပေါက်မှ တစ်ဦးစီလျှို၍ ထွက်ကြပြီး
ဂါတ်၏အနောက်ဝင်းကိုကျော်ကာ ပြေးကြလေ၏။

"ပေါက်ဖော်ကြီး . . . ဘယ်ကိုပြေးရမှာလဲ"

ဟု ကျားသမားနှစ်ယောက်ကမေးလျှင် ဦးဂွမ်တီက -

"ဟကောင်ရ . . . ဘယ်ကို ပြေးရမယ်ဆိုတာ မင်
ခြေထောက်က သိပါတယ်ကွ၊ ခြေဦးတည့်ရာဆိုတဲ့စကားအပ
ပေါ့ကွာ၊ ဟဲ ဟဲ . . . အလကားပြောတာပါကွာ၊ ဟော
ဖောက်ထွင်းဝိဇ္ဇာနဲ့ လိုက်သွားပေတော့၊ ငါနဲ့ ဒီကလေးက တ
သွားမယ်"

ဟု ပြောဆိုကာ မောင်မင်းညို၏ လက်ကိုတွဲ၍ ခပ်သု
သုတ် ခရီးနှင်လေတော့၏။

■



ည်သည့်အခါမျှ ဆာလောင်ခြင်းမရှိသူ

ဦးဂွမ်တီသည် မင်းညိုကလေး၏လက်ကိုဆွဲလျက် ခြေဦး
သည့်ရာသို့ လျှောက်ခဲ့လေ၏။ မင်းညိုကလေးလည်း မျက်စိ
ငယ် နားသူငယ်နှင့် မိမိ တစ်ကြိမ်တစ်ခါမျှ မမြင်ဖူးသော
ရပ်အဘိုးကြီးနောက်သို့ တကောက်ကောက် လိုက်ပါသွားရ
၏။

ဦးဂွမ်တီသည် ရထားနှင့်သွားလျှင် အန္တရာယ်များသည်ဟု
တော ခြေကျင်သွားလေ၏။ ရွာများသို့ဝင်ခါနီးတွင် မင်းညို
လေးအား ရွာထိပ်ရှိ သစ်ပင်ရိပ်တွင် ထားခဲ့ပြီးလျှင် ၎င်းက
တွင်းသို့ဝင်ကာ စားဖွယ်သောက်ဖွယ်များကို ရှာဖွေခဲ့လေ၏။
နောက် ခရီးဆက်ကြပြန်၏။

"ဦးဂွမ်တီက ရွာထဲဝင်ပြီး တောင်းတာလား"

ဟု မင်းညိုက မေးလေရာ ဦးဂွမ်တီက မျက်စိပေါက်များ
တ်၍သွားသည်အထိ ရယ်မော၍ -

"ကောက်တွဲ . . . ဘယ်ကလာ တောင်းရမှာလဲကွ၊ အပူ
ဖော်ခံတာ" ဟု ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘာကို အပူဇော်ခံတာလဲ၊ ဘုရားကိုလား"

"မဟုတ်ဘူးကွ၊ အခု မင်းစားနေတဲ့ အစားအသောက်တွေ
ဟာ ငါ့ကိုပူဇော်လိုက်တာလို့ ပြောနေတာ"

"ဦးဂွမ်တီကို ဘာဖြစ်လို့ ပူဇော်ကြတာလဲ"

"ငါက သူတို့ကို ကျေးဇူးပြုတာကိုး၊ လောကကြီးကို ကျေးဇူး
ပြုရတယ်ကွ၊ အဲဒီအခါမှ လောကကြီးက ကျေးဇူးပြန်ပြီးပြုတ
ရှိတယ်၊ ငါက ရွာထဲကို ဝင်သွားပြီး ကလေးငယ်ရှိတဲ့အိမ်
ကလေးငယ်ကို ကိုင်ကြည့်ဖို့ခွင့်တောင်းပြီး၊ ဟာ . . . ကလေး
ရင်ကျပ်နေတာကိုး၊ ကလေးက နှာခေါင်းပိတ်နေတာကိုး၊ လူ
က ဆီးမကောင်းလို့ . . . ဆီးဖော ဖောနေတာကိုးလို့ ပြော
သင့်တော်ရာဆေးကို ပေးတယ်"

"ဒါဖြင့် ဦးဂွမ်တီက ဆေးဆရာပေါ့"

"အေး . . . အခုတော့ ဆေးဆရာပေါ့ကွာ၊ ဒါပေ
မဟုတ်ပါဘူး၊ ဂွမ်တီဟာ ဂွမ်တီပါပဲ"

ဟု ဦးဂွမ်တီက လွန်စွာလေးနက်သောစကားကို ပြော
လုပ်ပြီးမှ မင်းညိုအနေနှင့် နားလည်နိုင်မည်မဟုတ်ကြောင်း
သိသဖြင့် မပြောတော့ဘဲ ဂွမ်တီဟာ ဂွမ်တီပါပဲဟု အဆုံးသ
လိုက်ခြင်းဖြစ်၏။

"ကျွန်တော်တို့ရွာမှာ ဦးပေတလူဆိုတဲ့ ဆေးဆရာ
ရှိတယ်၊ သူ့မှာ ဆေးလွယ်အိတ်လဲရှိတယ်၊ ကွမ်းအစ်ကြီးတစ်
လဲ ရှိတယ်၊ ကွမ်းအစ်ထဲမှာလဲ ဆေးတွေရှိတယ်၊ ဦးဂွမ်တီ
ကော ဆေးတွေရှိလို့လား" ဟု မင်းညိုက မေးလေ၏။





"ရှိတာပေါ့ လူကလေး"

"ဘယ်မှာလဲ . . . ပြစမ်းပါ"

ဦးဂွမ်တီသည် သူ၏အိတ်အတွင်းမှ ပိန်းရွက်ဖြင့်ထုပ်၍
ထားသော ပုစွန်လုံး၊ လယ်ခရု၊ ခွေးအစွယ်များ၊ လိပ်ကျောက်ဆူး
စသည့် တိရစ္ဆာန်အသေများ၏ အင်္ဂါအစိတ်အပိုင်းများကို
ပြပြီးလျှင် -

"ဒီရွာက ရခဲ့တာပဲ၊ လူတွေဟာ သူတို့အနားမှာ ဆေးရှိ
တာကို မသိရှာဘူး လူကလေး၊ ပညာမရှိရင် အကန်းနဲ့တူတယ်
ဆိုတာ ဒါမျိုးပေါ့ကွာ၊ လူတွေအနားမှာ ဆေးလဲရှိတယ်၊ အဆိပ်
လဲ ရှိတယ်၊ ရွှေအိုးလဲရှိတယ်၊ ခုနက ရွာထဲကိုသွားတော့ ကလေး
က ငိုနေတယ်၊ ငါက ဝင်ကြည့်တော့ ကလေးဟာ ဆီးချုပ်ပြီး
ဆီးမသွားနိုင်လို့ တအီအီငိုနေတာ တွေ့ရတယ်၊ ဒီတော့ ငါ့မှာ
ပါလာတဲ့ လယ်ခရုတစ်လုံးနဲ့ လိပ်ကျောက်ဆူးတစ်မတ်သားကို
ညက်အောင်ကြိတ်ပြီး ရေနဲ့ ခပ်ပျစ်ပျစ်ဖျော်တယ်၊ ပြီးတော့
ကလေးရဲ့ချက်အောက် လက်သုံးသစ်အကွာမှာ အုံထားပေး
တော့ အဲဒီဆီးချုပ်တဲ့ရောဂါ ချက်ချင်းပျောက်ကင်းသွားတာပေါ့၊
နောက်ပြီး လူတစ်ယောက်က ပျို့အန်တယ်၊ ချောင်းလဲဆိုးတယ်၊
ကြို့လဲ ထိုးနေတာ တွေ့ရတယ်၊ ဒါနဲ့ ငါလဲ ကြက်ဥတစ်လုံးကို
တောင်းလိုက်တယ်၊ ကြက်ဥရတော့ မကျက်တကျက်ပြုတ်ပြီး
ရေအေးမှာ စိမ်လိုက်တယ်၊ အဲဒီ ကြက်ဥကို ကျွေးတော့
ချောင်းဆိုး၊ ပျို့အန်၊ ကြို့ထိုးတာတွေလဲ ပျောက်သွားတာပေါ့၊
အဲဒါ ဆေးပေါ့ လူကလေး၊ အဲဒီဆေးတွေက ဈေးမှာဝယ်ရတာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါဘူး၊ ကိုယ့်အနားမှာတင် ရှိပါတယ်၊ အဲဒီတော့ ငါတို့ ပူဇော်တဲ့အနေနဲ့ စားစရာတွေ ဘာတွေ ပေးကြတယ်၊ အခု မင်းစားနေတာတွေဟာ ဆေးကုခတွေပေါ့ကွာ၊ ပရိယာယ်နဲ့ လိမ်လည်ခြင်းကို အတူတူပဲလို့ မထင်နဲ့နော် လူကလေး"

(မှတ်ချက်)။ ။ဖော်ပြပါဆေးမြီးတိုများမှာ အဘိဓမ္မာတောင်သာ ဋ္ဌိကာ ဂန္ဓာလရာဇ်ဆေးကျမ်းမှ ထုတ်နုတ်ဖော်ပြ ထားခြင်းဖြစ်ပါသည်။ အသေးစိတ် သိရှိလိုပါက အထက်ပါဆေးကျမ်းအား ရှာဖွေဖတ်ရှုကြစေလို ပါသည်။

စာရေးသူ

"ဘယ်လိုပရိယာယ်လဲခင်ဗျ"

"အိမ်တစ်အိမ်တက်သွားရင် အဲဒီမှာ စီးပွားရေးကျနေ တယ်၊ စီးပွားရေးကောင်းနေတယ် ဆိုတာကို ငါကသိတယ်ကွ၊ ဒီတော့ စီးပွားရေးကတော့ ကောင်းသားပဲ၊ ကျန်းမာရေးက မကောင်းကြဘဲကိုးလို့ပြောလိုက်တယ်၊ စီးပွားရေးကျနေတဲ့အိမ် ကျတော့လဲ အင်း ... လူတွေက မကျန်းမာရတဲ့အထဲ စီးပွား ရေးကလဲ ကျနေတာကိုးလို့ ပြောလိုက်တယ်ဆိုရင်ပဲ ငါ့ကို တော်တော်အထင်ကြီးသွားကြတယ်ကွ၊ အထင်ကြီးမှ ဆေးကု ရတယ်ကွ၊ ဒါမှ ဆေးစူးတာ"





"စီးပွားရေး ကောင်းနေတယ်၊ မကောင်းဘူး ဆိုတာကို ဦးဂွမ်တီ ဘယ်လိုသိသလဲခင်ဗျ"

"ဒါက လွယ်ပါတယ်ကွ၊ ဘုရားစင်နဲ့ ဖိနပ်ချွတ်ကို ကြည့်ရ တယ်၊ ဘုရားစင်မှာ ပန်းတွေဘာတွေ ဝေဝေဆာဆာ ရှိနေတဲ့ အိမ်ဟာ စီးပွားရေးကောင်းနေလို့ပေါ့ကွ၊ ပန်းကိုလဲ ကြည့်ရ ဦးမယ်၊ သူ့ခြံထဲကပန်းလား ဘာလားဆိုတာ၊ သူ့ခြံထဲကပန်း မဟုတ်ဘဲ ဈေးကဝယ်လာတဲ့ပန်းဆိုရင် စီးပွားရေးကောင်းနေလို့ ပေါ့ကွာ၊ ဘုရားပန်းဆိုတာ ငွေပိုငွေလျှံကလေးရှိမှ လုပ်ကြတာ မဟုတ်လား၊ သိပ်ပြီး ကျပ်တည်းနေတဲ့ အိမ်ဟာ ဘုရားပန်း ဘယ်လိုလဲမလဲကွ၊ ပြီးတော့ဖိနပ်တွေဟာ စုတ်ပြတ်ဟောင်းနွမ်း နေရင်လဲ ဒီလိုပဲပေါ့ကွ၊ ဖိနပ်အသစ်တွေ ဘာတွေ ဝယ်စီးတဲ့ အိမ်ကတော့ ငွေပိုကလေး ရှိလို့ပေါ့ကွ၊ တောမှာနေတဲ့လူပဲ ဖိနပ်မဝယ်လဲ ရပါတယ်၊ ဒီအထဲက ဖိနပ်အသစ်တွေဘာတွေ ဝယ်တယ်ဆိုတာ ချောင်ချောင်လည်လည်ရှိလို့ပေါ့ကွ၊ ဒါတွေကို လူကလေး နောက်တော့သိလာပါလိမ့်မယ်ကွာ"

ဦးဂွမ်တီနှင့် မင်းညိုကလေးတို့သည် ဤသို့လျှင် တစ်ရွာ ဝင် တစ်ရွာထွက်နှင့်လာခဲ့ကြလေ၏။ အချို့နေရာများ၌ ကားကြုံ လှေကြုံကို စီး၍လာခဲ့သော်လည်း အများအားဖြင့်မူ ခြေကျင် လျှောက်ခဲ့သည်က များပေသည်။

လမ်း၌လည်း ဦးဂွမ်တီက ညစဉ်ညတိုင်းလိုပင် အိပ်ရာဝင် ခါနီး၌ မင်းညိုအား နားထောင်ချင်စဖွယ်ကောင်းသော ပုံပြင် ကလေးများကို ပြောပြခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သ၌ ဦးဂွမ်တီသည် ရွာတစ်ရွာအတွင်းသို့ဝင်၍ ဆေးကုသွားခဲ့ရာ . . . လူနာအမြောက်အမြားကို ကုသရသဖြင့် မင်းညိုရှိရာသို့ နေ့လယ်တစ်ချက်တီးကျော်မှ ပြန်လာခဲ့လေ၏။ မင်းညိုကလေးမှာ ထမင်းဆာလွန်း၍ အူမှာ တကြုတ်ကြုတ် ဖြစ်၍နေ၏။ ထို့ကြောင့် ဦးဂွမ်တီကို မြင်လျှင်မြင်ချင်း -

"ဦးဂွမ်တီရာ . . . ဆာလိုက်တာ မပြောပါနဲ့"

ဟု ပြောလိုက်ရာ ဦးဂွမ်တီက အလန့်တကြား -

"ဟေး . . . လူကလေး၊ မပြောကောင်းဘူး၊ ဆာတယ်လို့ မပြောကောင်းဘူး၊ မင်း တယ်ပြီးမိုက်ပါလား၊ မင်းမှာ ဆာတယ်လို့ ပြောဖို့အခွင့်မရှိဘူး၊ နာတယ်လို့လဲပြောဖို့အခွင့်မရှိဘူးကွယ်၊ ဘာဖြစ်လို့လဲဆိုတော့ မင်းဟာယောကျ်ားဖြစ်နေလို့ပဲ၊ ဆာတယ်ဆိုတဲ့ စကားရယ်၊ နာတယ်ဆိုတဲ့ စကားရယ်ကို တစ်ခါတည်း မေ့ပစ်ရမယ်၊ ဒီစကားကိုပြောမိရင် မင်းဟာ အပြစ်ကြီးတစ်ခု ကျူးလွန်မိပြီလို့ ဆိုရမှာပဲ၊ ငါတို့ယောကျ်ားတွေမှာ ဆာတယ်၊ နာတယ်၊ ပူတယ်၊ အေးတယ်၊ အိုကွာ . . . ညည်းညူတဲ့စကား မှန်သမျှ ဘာမှပြောခွင့်မရှိဘူးကွ၊ ညည်းညူတဲ့စကားဟာ မိန်းမ တွေအတွက် သီးသန့်ဖြစ်ပေါ်နေတဲ့ စကားတွေ လူကလေး၊ ညည်းညူတဲ့လူဟာ ကျက်သရေယုတ်တဲ့လူဖြစ်တယ်၊ ယောကျ်ား အဖြစ်က လျှောကျသွားပြီး မိန်းမလျှာဘဝကို ရောက်သွားတတ် တယ်" ဟု ဆိုလေ၏။

"ဒါဖြင့် ကျွန်တော် ဆာရင်လဲ ဆာတယ်လို့ မပြောရဘူး ပေါ့၊ နာရင်လဲ နာတယ်လို့ မပြောရဘူးပေါ့"





ဟု မင်းညိုကလေးက ထပ်၍မေးလေ၏။

"အေး . . . ဟုတ်တယ်၊ ညည်းညူတဲ့ စကားမှန်သမျှ ယောကျ်ားတစ်ယောက်မှာ ဘာပြောခွင့်မှ မရှိဘူး၊ ပြောရင် ကျက်သရေယုတ်သွားပြီ မှတ်ပေတော့"

ဟု ဆိုလေ၏။ ထိုည၌ အိပ်စက်ခါနီးတွင် တရုတ် အဘိုးကြီး ဦးဂွမ်တီသည် မင်းညိုကလေးအား အောက်ပါပုံဝတ္ထု တလေးကို ပြောပြခဲ့လေ၏။

"ဟိုးရှေးရှေးတုန်းက သူငယ်ချင်းငါးယောက်ဟာ အတူ တကွ စစ်တိုက်ထွက်ခဲ့ကြတယ်ကွ၊ အဲဒီ သူငယ်ချင်းတွေဟာ ရန်သူရဲ့တပ်တွေ ဝန်းရံထားတဲ့ နေရာတစ်ခုကို ဖြတ်သွားရင်း အစာငတ် ရေငတ်ဖြစ်ခဲ့ကြတယ်၊ သူတို့ရဲ့နောက်ကလိုက်ပြီး ရိက္ခာပို့မယ့် စစ်တပ်ကလဲ ရောက်မလာလေတော့ သူတို့ဟာ အစာငတ်ရေငတ်နဲ့ တောထဲမှာ လဲနေကြရှာတယ်ကွ၊ အဲဒီ အခါမှာ သစ်ပင်ပေါ်က ငှက်ကလေးတွေဟာလဲ သူတို့ရဲ့မိခင် ဖြစ်တဲ့ ငှက်မကြီး ပြန်အလာကို စောင့်မျှော်နေကြတယ်၊ နောက် တော့ သူတို့ရဲ့အမေ ငှက်မကြီးကလဲ ငှက်ကလေးတွေအတွက် အစာရှာပြီး ပြန်လာတယ်၊ ငှက်ကလေးတွေက ပိကျိပိကျိနဲ့ အသံမြည်ပြီး ငှက်မကြီး ပြန်လာတာကို ကြိုဆိုကြတယ်၊ အဲဒီ အခါမှာ အစာငတ်ရေငတ်နဲ့ လဲနေရှာတဲ့ သူငယ်ချင်းငါးယောက် အနက် တစ်ယောက်သောသူက သူငယ်ချင်းတို့ရေ-ငှက်ကလေး တွေက ပိကျိပိကျိလို့ အော်တာဟာ သူတို့အမေကို ဆာလိုက်တာ အမေရယ်လို့ ပြောတာပဲကွ၊ သူတို့က ငှက်ဆိုတော့ ဆာတယ်လို့



www.burmeseclassic.com

www.burmeseclassic.com



ပြောခွင့်ရှိတာပေါ့ကွာ၊ ငါတို့မှာတော့ပြောခွင့်မရှိပေဘူး၊ ငါတို့ဟာ လူတွေဖြစ်နေတယ်၊ ပြီးတော့ . . . ယောကျ်ားတွေဖြစ်နေကြတယ်လို့ ပြောရှာတယ်၊ အဲဒီအခါမှာ တစ်ယောက်သောသူငယ်ချင်းက ငှက်ကလေးတွေကို မော့ကြည့်ပြီး . . . ဟော့သူငယ်ချင်းတို့၊ ပိုကျိပိကျိနဲ့ ဆာတယ်လို့ ငှက်မကြီးကို ညည်းပြနေတာဟာ ငှက်ထီးကလေးတွေမဟုတ်ဘူးကွ၊ ငှက်မလေးတွေဟောဟိုမှာ ခပ်ထွားထွား ငှက်ကလေးက မအော်ဘဲ ငြိမ်နေတယ်၊ အဲဒါကမှ ငှက်ထီးကလေးကွဟု ပြောလေ၏။ ငှက်မှာလဲ ငါတို့လူလိုပဲ ထင်တယ်ကွ၊ အထီးက ညည်းညူခြင်းမပြုရဘူးနဲ့တူတယ်ဟု ပြောဆိုကာ ရယ်မောကြပြီး ဆာလောင်လွန်းသောကြောင့် သတိများလစ်ကာ မေ့မြောသွားကြရှာတယ်။ သူတို့ပြန်ပြီးသတိရလာတဲ့အခါမှာ သူတို့ကိုရိက္ခာပို့တဲ့တပ်က သူတို့ဆီကိုပြေးလာတာကိုအားရဝမ်းသာဖွယ်ရာတွေ့မြင်ရလို့ အားလုံးဟာ ဝမ်းသာကြောင်းဖော်ပြတဲ့ မျက်နှာတွေနဲ့ ရိက္ခာပို့တဲ့ တပ်ဆီကို လှူးလဲပြီး လေးဘက်ထောက်ကာ သွားကြတယ်၊ အဲဒီလိုသွားနေရင်း ရှေ့ဆုံးက သူငယ်ချင်းက ရပ်လိုက်ပြီး သူ့ခါးမှာချိတ်ထားတဲ့ဓားနဲ့ သူ့ရင်ဘတ်ကို သူ ထိုးလိုက်တယ်။ အဲဒီလိုလဲတစ်ယောက်က ထိုးလိုက်ရော ကျန်တဲ့သုံးယောက်ကပါ ဓားတွေထုတ်ပြီး သူတို့ရင်ဝကို သူတို့ထိုးလိုက်ကြတယ်”

“ဘာဖြစ်လို့လဲ ဦးဂွမ်တီ”

“ယောကျ်ားဖြစ်ပါလျက် ဆာလောင်တဲ့ဒဏ်ကို မခံနိုင်ဘဲ ရိက္ခာပို့တဲ့တပ်ကို အခုလို အငမ်းမရ အားရဝမ်းသာနဲ့ ကန္ဒြေ





မဆောင်နိုင်ဘဲ သွားခဲ့မိပါပကောလို့ သတိရတာနဲ့ သွားနေရာကနေရပ်လိုက်ပြီး ရှက်လွန်းလို့သတ်သေလိုက်တာပဲ၊ ငါးယောက်အနက် တစ်ယောက်ကတော့ ကန္ဒြေဆည်ပြီး ရိက္ခာတပ်ဆီကို မသွားဘဲ သစ်ပင်ကိုမှီပြီးထိုင်တယ်၊ သူကလဲ သူ့ဘာသာ စဉ်းစားကြည့်တယ်၊ ငါဟာ ငါ့ရဲ့ယောကျ်ားကန္ဒြေကိုတော့ ဆည်နိုင်တာမှန်ပါတယ်၊ ဒါပေမဲ့ ငါ့ရဲ့သူငယ်ချင်းတွေကိုတော့ ကန္ဒြေဆည်ဖို့ သတိမပေးနိုင်လောက်အောင် ဆာလောင်လွန်းတဲ့ အတွက် သစ်ပင်ကိုမှီပြီး မှိန်းနေခဲ့ပါပကောလို့ . . . နောင်တရမိတယ်၊ ဒါကြောင့် သတိပေးရမယ့်နေရာမှာ သတိမပေးမိတဲ့အတွက် သူ့ရဲ့လျှာမှာအပြစ်ရှိတယ်ဆိုပြီး သူ့ရဲ့လျှာကို လက်နဲ့ဆွဲထုတ်ပြီး ဓားနဲ့ဖြတ်ပစ်လိုက်တော့တယ်၊ အဲဒီလျှာဟာ မြေကြီးပေါ်ကျပြီး အပင်ပေါက်တယ်ကွ၊ အဲဒီအပင်ဟာ ဂမုန်းပင်ဖြစ်သွားတယ်။ (အာဟာရသိဒ္ဓိပြီးသော ဂမုန်းပင်တစ်မျိုး။ နနွင်းနက်ပင် ဟု မြန်မာများအယူရှိကြပါသည်။ နနွင်းနက်ပင်မဟုတ်ပါ။ အာဟာရသိဒ္ဓိဂမုန်း သီးသန့်ရှိပါသည်။) အရွက်ငါးရွက်ထွက်တဲ့ ဂမုန်းတစ်မျိုးပဲ . . . သူငယ်ချင်းငါးယောက်ရဲ့ အထိမ်းအမှတ်ပေါ့ လူကလေး” ဟု သူ၏ပုံဝတ္ထုကို ဤသို့လျှင် ယုတ္တိယုတ္တာရှိရှိ ဦးဂွမ်တီက အဆုံးသတ်လိုက်လေ၏။ ထိုအခါ၌ မင်းညိုကရလေးက . . .

“ကျွန်တော် နောက်ကို ဆာတယ် - ဆာတယ်လို့ မပြောတော့ပါဘူး ဦးဂွမ်တီ” ဟု ကတိပေးလိုက်လေတော့၏။

■



www.burmeseclassic.com

www.burmeseclassic.com

## မွဲမိန်းမပေါ်မှာ ထိုင်မိသူများ

တစ်နေ့သ၌ ဦးဝွမ်တီသည် မင်းညိုကိုပါခေါ်၍ ရွာတွင်းသို့ ဆေးကုရင်း အစားအစာရှာရန် သွားလေ၏။ ရွာသူရွာသားများကို ကုသပြီးနောက် ရွာထိပ်ရှိ ဘုန်းကြီးအိုကြီးကိုပါ ကုသရန် သွားရလေ၏။ မင်းညိုသည် ကျောင်းအောက်တွင်ထိုင်၍ စောင့်နေရှာ၏။ ထိုသို့ထိုင်၍ စောင့်နေရာမှ ကျောင်းအောက်ရှိ သစ်သားပက်လက်ကုလားထိုင် (အခင်းမှာ ဖျင်ကြမ်းဖြင့်မဟုတ်ဘဲ သစ်သားဖြင့် ပြုလုပ်ထားသည်။) ကြီး၌ ထိုင်၍စောင့်ရင်း အိပ်ပျော်သွားလေတော့၏။ ဦးဝွမ်တီသည် ဆေးကုသပြီးနောက် ကျောင်းပေါ်မှ ဆင်း၍လာခဲ့ရာ ပက်လက်ကုလားထိုင်ကြီး၌ အိပ်ပျော်လျက်ရှိသော မင်းညိုကို တွေ့လျှင် မချိတင်ကဲ လေသံဖြင့် -

"ဟိုက် . . . တယ်မိုက်တဲ့ လူကလေးပါလား"

ဟု ဆိုကာ မင်းညိုအားနှိုးပြီးလျှင် ပက်လက်ကုလားထိုင်ပေါ်မှ ဆွဲ၍ချကာ . . .





"လူ့လောကမှာ ယောကျ်ားဆိုတာ ရဲရင့်ဖျတ်လတ်ရတယ်ကွ၊ အဲဒီအရည်အချင်းမျိုးရဖို့ဆိုရင် နူးညံ့ပျော့ပျောင်းတဲ့အိပ်ရာနေရာမှာ ဘယ်တော့မှ မအိပ်ရဘူး၊ အထူးသဖြင့် ပက်လက်ကုလားထိုင် ဆိုတာဟာ လူတွေကို သွေးလေးအောင်၊ ထိုင်မိတဲ့လူကို အပျင်းကြီးအောင် လုပ်ထားတဲ့ပစ္စည်းဖြစ်တယ်၊ အသက် ၆၀ အရွယ်အထိ မအိုမင်းသေးသမျှ ကာလပတ်လုံး ပက်လက်ကုလားထိုင်ဟာ ယောကျ်ားတစ်ယောက်ရဲ့ အနစ်နာခံနိုင်မှု၊ နဲ့ရှိမှု၊ ရဲရင့်မှု၊ ဖျတ်လတ်မှုတွေကို စုပ်ယူလေ့ရှိတယ်၊ ပက်လက်ကုလားထိုင်မှာ ထိုင်မိတဲ့လူဟာ ဆေးလိပ်သောက်ဖို့ မီးခြစ်လောက်ကိုတောင် ထပြီးမယူချင်တော့ဘူး၊ သူတစ်ပါးကို ယူခိုင်းချင်လောက်အောင် အသက်သာခိုစိတ်တွေ ဝင်လာတော့တယ်၊ ဒီတော့ လူကလေး ပက်လက်ကုလားထိုင်ကို ကျားရဲတစ်ကောင်လို၊ သေမင်းလို စက်ဆုတ်ရွံရှာပေတော့ကွယ်"

ဟု ဆုံးမခဲ့သည့်ပြင် ည၌လည်း အောက်ပါပုံပြင်ကလေးကို ပြောပြလေတော့၏။

"ဟိုးရှေးရှေးတုန်းက အိမ်နီးချင်း နှစ်ယောက် ရှိတယ်၊ တစ်ယောက်ကတော့ သိပ်ပြီး အလုပ်ကို ကြိုးစားတယ်၊ အဲဒီတော့ စီးပွားရေးကောင်းတာပေါ့ကွယ်၊ တစ်ယောက်ကတော့ အလုပ်ကို မကြိုးစားဘူး၊ အဲဒီတော့ မွဲတာပေါ့၊ အဲဒီမှာ ငမွဲက ချမ်းသာ ကြွယ်ဝခြင်းနဲ့ ပြည့်စုံတဲ့ အိမ်နီးချင်း ယောကျ်ားကို



www.burmeseclassic.com

မနာလိုဖြစ်တာပေါ့၊ ဒါကြောင့် သူ့လိုပဲမွဲအောင် အမျိုးမျိုး ဒုက္ခပေးတယ်၊ ညဘက်မှာအိမ်ကိုမီးရှို့တယ်၊ မီးလောင်သွားတာပေါ့ ဒါပေမဲ့ အိမ်နီးချင်းယောက်ျားဟာဌွဲရှိလေတော့ တစ်မိုးလောက်နဲ့ပဲ အိမ်သစ် ပြန်ပြီးဆောက်နိုင်တယ်၊ တစ်ခါ မားပြတွေကို လက်ထောက်ချတယ်၊ မားပြတွေက လာပြီးတိုက်တာပေါ့ကွယ် ဒါပေမဲ့လဲ အိမ်နီးချင်းယောက်ျားဟာ ဇွဲရှိတဲ့လူ ဖြစ်လေတော့ ဓားပြတိုက်သွားတဲ့စီးပွားတွေကို ရအောင်ပြန်ပြီးရှာတာ မကြာခင်ပဲ မူလအခြေအနေအတိုင်း ပြန်ဖြစ်လာတယ်၊ ဘယ်လိုပဲ ဒုက္ခပေးပေး ထထကြွကြွ သွက်သွက်လက်လက် ဖျတ်ဖျတ်လတ်လတ်ရှိတဲ့ အိမ်နီးချင်းယောက်ျားကို သူ့လိုမွဲသွားအောင် မတတ်နိုင်ပေဘူး၊ ဒီတော့ အရက်သောက်အောင်ဆွယ်တယ်၊ အိမ်နီးချင်း ယောက်ျားဟာ အရက် လိုက်ပြီးသောက်တာပဲ၊ ဒါပေမဲ့ မမွဲဘူး၊ ဖဲကစားရအောင်ဆွယ်တယ်၊ လိုက်ပြီးကစားတာပဲ၊ ဖဲရှုံးလဲ သူက ပြန်ပြီးအလုပ်လုပ်တော့ မမွဲဘူးကွယ့်၊ အပျော်အပါးလဲ လိုက်တာပဲ၊ ဒါပေမဲ့ မမွဲဘူး၊ အဲဒီအခါမှာ ဣဿာမစ္ဆရိယစိတ်များတဲ့ ငမွဲဟာ သူ့ရဲ့အကြံအစည် မအောင်တဲ့အတွက် ချုံးပွဲချပြီး ငိုရှာတယ်ကွယ့်၊ အဲဒီအခါမှ ငမွဲရဲ့မိန်းမက 'မငိုပါနဲ့ရှင် ကျွန်မနဲ့လိုက်ခဲ့ပါ၊ ကျွန်မ သူ့ကို မွဲအောင်လုပ်ပါ့မယ်' လို့ ပြောပြီး သူ့ယောက်ျားငမွဲကို ခေါ်သွားတယ်၊ တစ်ရွာဝင် တစ်ရွာထွက် လျှောက်သွားပြီး ငမွဲရဲ့မိန်းမက မွဲဆေးရောင်းဖို့ ရှိသလားလို့ အော်တယ်၊ ဘယ်သူကမှ သူတို့လိုချင်တဲ့မွဲဆေးကို မရောင်းနိုင်





ကြဘူးကွယ့်၊ ဒါပေမဲ့ အိမ်တစ်အိမ်က မိန်းမတစ်ယောက် ထွက်လာပြီး ရောင်းဖို့ရှိပါတယ်၊ လာခဲ့ကြပါလို့ အော်ခေါ်တယ် . . .

"ငမွဲတို့ လင်မယားက ဝင်သွားကြတော့ အဲဒီမိန်းမက ပက်လက်ကုလားထိုင်ကို ထုတ်ပြပြီး၊ အဲဒါ မွဲဆေးပါပဲတော်၊ ကျွန်မယောက်ျားဟာ အရင်က အိမ်တွေ တစ်လုံးပြီးတစ်လုံး ဆောက်ခဲ့တဲ့ လက်သမားကောင်းတစ်ယောက်ပါပဲ၊ တစ်နေ့မှာ သစ်သား အပိုကလေးနဲ့ ဖျင်စ အပိုကလေးကို ဆက်စပ်ပြီး သူ့စိတ်ကူးနဲ့ ဟောဒီကုလားထိုင်လေးလဲ လုပ်ပြီးရော အဲဒီ ကုလားထိုင်ပေါ်က မဆင်းတော့ပါဘူး၊ အလုပ်သွားရမယ့်အချိန် လဲ မသွားဘူး၊ အပျင်းဆွဲနေတော့တာပါပဲ၊ အဲဒါနဲ့ အလုပ်တွေလဲ မရတော့ဘူး၊ ကျွန်မတို့လဲ မွဲတော့တာပါပဲ၊ ဒါကြောင့် ဟောဒီ ကုလားထိုင်လေးဟာ ရှင်တို့အလိုရှိတဲ့ မွဲဆေးသာ မဟုတ်ပါဘူး၊ ဆေးလဲဖြစ်ပါတယ်လို့ပြောပြီး ငမွဲလင်မယားကို ရောင်းလိုက်တယ်ကွယ့်၊ ငမွဲလင်မယားလဲ မွဲဆေးပက်လက်ကုလားထိုင်ကြီးကို ရွက်ပြီး အိမ်နီးချင်းကို သွားပေးကြတယ်၊ အဲဒီနေ့ကစပြီး ဘယ်လိုလုပ်လို့မှမမွဲတဲ့ အိမ်နီးချင်းဟာ မွဲရုံဘယ်ကမလဲကွယ်၊ သူမမာကြီးပါ ဖြစ်သွားပါလေရော၊ အဲ အဲ . . . ပြီးတော့ ငမွဲရဲ့ မိန်းမက . . . ကျွန်မသေရင် လူတွေကိုမွဲစေတဲ့ ကုလားထိုင်မျိုး ဖြစ်ချင်ပါတယ်၊ ဒါမှမဟုတ် လူတွေကို ဘဝင်မြင့်ပြီး ကျန်တဲ့ သူတွေကို လူမထင်လောက်အောင် . . . စိတ်ကြီးဝင်စေတဲ့ ကုလားထိုင်ဖြစ်ချင်ပါတယ်လို့ သူ့ယောက်ျားကိုပြောတယ်ကွယ့်၊

www.burmeseclassic.com

နေ့ရှိသရွေ့ အိမ်ရှေ့မှာ ဒူးနှစ်လုံးကိုထောင်၊ ဒူးပေါ်မှာ လ
နှစ်ဖက်တင်ပြီး အဲဒီလိုပဲ ပြောနေတော့တာပါပဲ၊ နောက်ဆုံးမှာ
အဲဒီငမွဲမိန်းမဟာ ထိုင်လျက်ပုံစံကြီးသေသွားလိုက်တာ ဆိုဖ
ကုလားထိုင်ကြီး ဖြစ်သွားရှာတယ်ကွယ့်၊ ဒါကြောင့်ဆိုဖာပေါ်မှာ
ထိုင်မိတဲ့လူတွေဟာ သူတစ်ပါးကိုခြူစူတတ်တယ်၊ စောင်းမြောင်း
တတ်တယ်၊ မဟုတ်လား . . . လူကလေး"

ဟု ရယ်ရွှင်ဖွယ်ကောင်းသောပုံကလေးကို ပြောပြလိုက်၍
မင်းညိုက -

"ဦးဂွမ်တီ . . . ကျွန်တော် ဘယ်တော့မှ မွဲဆေးကြီးပေါ်
မှာလဲ မထိုင်တော့ဘူး၊ ငမွဲမိန်းမကနေဖြစ်သွားတဲ့ ကုလားထိုင်
ကြီးမှာလဲ မထိုင်တော့ပါဘူး"

ဟု လေးနက်စွာ ကတိပေးလိုက်လေ၏။

ထိုအခါ၌ ဦးဂွမ်တီသည် တဟားဟား ရယ်မောရင်း -

"လူကလေး . . . မင်းဟာ အချိုးကျတဲ့ လူတစ်ယောက်
ဖြစ်ဖို့ သေချာပြီပေါ့ကွာ"

ဟု ပြောဆိုတတ်လေ၏။

■



## သူများမျက်ရည် ကိုယ့်မျက်လုံးမှ ကျတတ်ပြီ

ဦးဂွမ်တီနှင့် မင်းညိုတို့သည် တစ်ရွာဝင် တစ်ရွာထွက်နှင့် လာခဲ့ကြရာ နောက်ဆုံး၌ ရန်ကုန်မြို့သို့ ရောက်ရှိကြလေတော့၏။ ရန်ကုန်သို့ရောက်လျှင် နားနေအိပ်စက်ရန်အတွက် ရွှေတိဂုံဘုရားသို့ သွားကြလေ၏။ ရွှေတိဂုံဘုရား၌ တစ်ညမျှအိပ်ပြီး နောက်တစ်နေ့တွင် ဦးဂွမ်တီက မင်းညို၏လက်ကို ဆွဲကာ သွေးဆေးကန်ဘက်မုခ်မှ ဆင်း၍ ရပ်ကွက်တစ်ခု အတွင်းသို့ ဝင်လေ၏။ ထိုရပ်ကွက်သို့အဝင်၌ အလှူတစ်ခုကိုတွေ့ရသဖြင့် ဦးဂွမ်တီသည် အလှူအိမ်၌ မင်းညိုကို ဝင်၍ စားစေပြီးလျှင် ၎င်းကိုယ်တိုင်ကမူ ဆက်၍သွားလေ၏။ မင်းညိုလည်း အလှူအိမ်မှ ထမင်းဟင်းတို့ကို စားပြီးလျှင် အလှူမဏ္ဍပ်အတွင်းရှိ တီးဝိုင်းမှ ဒုံမင်းတီး၍ သီချင်းဆိုပြသည်ကို နားထောင်ရင်း သီချင်းစာသားလေးတစ်ပုဒ်ကို အလွတ်ရ၍သွားသဖြင့် တိုးတိုး တလေးဆို၍ ကြည့်မိလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ညိုပြာရီမှောင် × တိမ်တောင်နီလာသွေး × ဆွေးစေဖွယ်"

မင်းညိုသည် အထက်ပါစာသားကလေးကို တိုးတိုးကလေး ဆို၍ကြည့်နေစဉ်၌ပင် ဦးဂွမ်တီသည် ရွက်ဖျင်အိတ်ကြီးထဲ လွယ်လျက် ပြန်၍လာလေ၏။ အိတ်ကြီး၏ အတွင်း၌ကား လက်ထိုးလွှ၊ ဒိုင်းလွှ၊ ရွှေဘော်အိမ် စသည်တို့သည် ထိုးထိုး ထောင်ထောင်နှင့် ရှိနေလေ၏။ ဦးဂွမ်တီသည် မင်းညိုအား အလှူအိမ်မှခေါ်၍ အာဇာနည်လမ်းအတိုင်း လျှောက်၍လာ လေ၏။

"ဦးဂွမ်တီ . . . အိတ်ထဲက ဘာတွေလဲဗျ"

ဟု မင်းညိုက မေးလေ၏။

"လက်သမားပစ္စည်းတွေလေကွာ၊ ဟောဒါကြီးက အလွ အသုံးဝင်တဲ့ ဒိုင်းလွှကြီးပေါ့ကွာ"

ဟု ပြောလေ၏။

"ဦးဂွမ်တီက လက်သမားဆရာလား"

"ဟုတ်တယ် . . . မကြာခင်မှာ လက်သမားအလုပ်ေ လုပ်ရဦးမယ်ကွ"

"ဆေးဆရာကနေ လက်သမားဆရာဖြစ်ပြန်ပြီနော်"

"ဒါပေါ့ကွ . . . မြွေတွေတောင် အရေခွံလဲသေးတာပဲ ငါတို့လူတွေလဲ အလုပ်တစ်ခုက တစ်ခုပြောင်းပြီး လုပ်ေ အသက်ရှည်တာပေါ့ကွာ"





မင်းညိုသည် ဆက်၍မမေးတော့ဘဲ လိုက်ပါခဲ့လေ၏။ ထို့နောက် နှုတ်တွင်အလွတ်ရခဲ့သော သီချင်းစာသားကလေးကို သီဆိုမိပြန်၏။

"ညိုပြာရီမှောင် × × × တိမ်တောင်နီလာသွေး × × × ဆွေးစေဖွယ်"

"ဟော့ ဟော့ . . . လူကလေး . . . တယ်လဲမိုက်ပါလား၊ ဘာတွေဆိုနေတာလဲကွ"

"ညိုပြာရီမှောင် တိမ်တောင်နီလာသွေး ဆွေးစေဖွယ် ဆိုတာလေ"

"မဆိုရဘူးကွ၊ မင်းတို့အရွယ်ဟာ အညွန့်တလူလူတက်နေ တဲ့ သစ်ပင်လိုပဲ၊ အလွမ်းသီချင်း၊ အဆွေးသီချင်း မဆိုရဘူး၊ ငါတို့လို သစ်ပင်အို သစ်ပင်ဆွေးကြီးနဲ့တူတဲ့ ဇရာဒုဗ္ဗလအရွယ် ရောက်မှ ဆွေးရတယ်၊ လူကလဲဆွေးတော့ စိတ်ကလဲဆွေးတာ ပေါ့ကွာ၊ အလွမ်းသီချင်းဆိုတာ သီချင်းနဲ့ ညည်းညူခြင်းပဲ မဟုတ်လား၊ ယောကျ်ားဆိုတာ မညည်းညူရဘူးဆိုတဲ့ စည်းကမ်း ကို မေ့သွားပြီလား . . .

"လှည်းဝင်ရိုးသံဟာ တကျိကျိနဲ့ သိပ်ကိုနားထောင်ရခက် တယ်၊ အလွမ်းသီချင်းဆိုတဲ့လူတွေ သေသွားရင် လှည်းဝင်ရိုး တွေ ဖြစ်ကုန်တော့တာပဲကွ၊ လှည်းဝင်ရိုးသေရင်တော့ အလွမ်း သီချင်းဆိုတဲ့လူတွေ ဖြစ်ကုန်တော့တာပဲ"

ဟု အစချီကာ အလွမ်းသီချင်း မဆိုသင့်ကြောင်း ပြောကာ ချ လေတော့၏။ ထိုအခါ၌ မောင်မင်းညိုက -



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ဘယ်တော့မှ အလွမ်းသီချင်းမဆိုတော့ပါဘူး ဦးဂွမ်တီ"

ဟု ကတိပေးလိုက်လေ၏။ ဦးဂွမ်တီက မင်းညို၏ ဦးခေါင်းကို လက်ဖြင့်ပွတ်၍ -

"အေး . . . မင်းတော့ ဒီအတိုင်းဆိုရင် အချိုးကျတဲ့ ယောကျ်ားဖြစ်ပြီပေါ့ကွာ" ဟု ဆိုလေ၏။

ထို့နောက် ဦးဂွမ်တီသည် မင်းညိုကိုခေါ်၍ သန်လျင်ဘက်သို့ ကူး၍လာလေ၏။ သန်လျင်သို့ရောက်လျှင် လက်သမားဆရာကြီး ဦးဘမောင်၏အိမ်သို့ ဝင်လေ၏။ လက်သမားဆရာကြီး ဦးဘမောင်၏အိမ်မှာ သူဌေးကြီးတစ်ဦး၏ တိုက်အိမ်ကြီးကဲ့သို့ရှိ၏။ ခြံကြီးဝင်းကြီးနှင့်ဖြစ်၏။

မင်းညိုသည် လက်သမားဆရာကြီး ဦးဘမောင်၏အိမ်ကို ကြည့်ပြီးနောက် -

"ဦးဂွမ်တီ . . . ကျွန်တော်တို့ရွာက လက်သမားဆရာက တော့ အိမ်အကြီးကြီး ဆောက်တတ်ပေမယ့် နေတော့ တဲပုတ် ကလေးနဲ့နေတယ်"

ဟု ပြောလိုက်လျှင် ဦးဂွမ်တီက ပြုံးလျက် -

"လူကလေး . . . ဒီလက်သမားဆရာကြီးက လက်သမား အလုပ်ကို ကောင်းကောင်းမတတ်ရှာဘူးကွယ့်၊ တို့လိုတတ်တဲ့ လူတွေကို ငှားပြီး အလုပ်လုပ်တာ၊ လက်သမားဆရာလို့ ဆိုပေ မယ့် တကယ်ကတော့ ကန်ထရိုက်တာပေါ့ကွာ၊ သူက အလုပ် တွေ လက်ခံတယ်လေကွာ၊ ဒီတော့ ချမ်းသာတာပေါ့၊ တချို့





က်သမားတွေက သူ့ဆီမှာ မလုပ်ဘဲ ထွက်သွားကြတယ်၊ မြတ်စားတယ်၊ ခေါင်းပုံဖြတ်တယ်ပေါ့ကွာ၊ အမှန်ကတော့ ခါင်းပုံဖြတ်တာမဟုတ်ဘူးကွ၊ သူတို့လို ကန်ထရိုက်တွေမရှိရင် ဒီတို့လို လက်သမားတွေကို အလုပ်ကြီးအကိုင်ကြီးမအပ်ပါဘူး"

ဟု ရှင်းပြလေ၏။ ထို့နောက် -

"မင်းကို လူတွေက နာမည်မေးရင် 'ကောက်တွဲ' လို့ပြော၊ ဦးရဲ့မြေးကလေးပါလို့ ပြောထားမယ်"

ဟု မှာကြားသဖြင့် မင်းညိုက -

"ဘာဖြစ်လို့လဲ . . . မင်းညိုလို့ မပြောရဘူးလား"

ဟု မေးလေ၏။

"အေး . . . အခုအခါမှာ မင်းညိုလို့ မပြောနဲ့ဦးကွ၊ ငါတို့ အချုပ်ဖောက်ပြီး ပြေးလာကြတာမဟုတ်လား၊ ပုလိပ်ဘက် သတင်းရသွားနိုင်တယ်"

ဟု မှာကြားလေ၏။

"ဦးဂွမ်တီကို ပုလိပ်တွေက ဘာဖြစ်လို့ ဖမ်းတာလဲ"

"ဒီလိုကွ . . . ငါ့ကို ဟာသ်ာတမှာ စပိုင်ဆိုပြီး ဖမ်းတာပဲ၊ ပိုင်ဆိုတာ သူ ပါ ပေါ့ကွာ၊ မဟုတ်ပါဘူးလို့ပြောလို့လဲ မရဘူး ဖမ်းတာက အင်္ဂလိပ်စစ်တပ်က ဖမ်းတာကွ၊ ပုလိပ်ဂါတ်မှာ ချုပ်ထားတာ၊ ဒါတွေ မေ့ပစ်လိုက်ပါကွာ"

ဦးဂွမ်တီတို့သည် ကန်ထရိုက်တာ ဦးဘမောင်အိမ်သို့ ကြလေ၏။ ဦးဘမောင်၏အိမ်သို့ ဝင်လိုက်သည်နှင့် ပြိုင် တ် ခွေးတစ်ကောင်သည် ပြေး၍ထွက်လာပြီးလျှင် ဦးဂွမ်တီအား



www.burmeseclassic.com

www.burmeseclassic.com



ဆွဲလေ၏။ မင်းညိုလည်း အနားရှိသစ်ကိုင်းခြောက်ကို ကောက်
၍ ခွေးကိုရိုက်လေ၏။ ခွေးလည်း နှုတ်သီးကို မိမိရရ ရိုက်မိ
သဖြင့် တကိန်ကိန်မြည်ကာ ထွက်၍ပြေးလေ၏။

ထိုအချိန်၌ မင်းညိုနှင့် ရွယ်တူခန့်ရှိ ကန်ထရိုက်တာ
ဦးဘမောင်၏သားဖြစ်သူ မောင်မောင်ကြီးသည် ရောက်လာပြီး
လျှင် မင်းညိုအား -

"ငါ့ခွေးကို ဘာဖြစ်လို့ ရိုက်တာလဲကွ"

ဟု ဆိုလေ၏။

"မင်းခွေးက ငါ့အဘိုးကို ကိုက်တာကိုးကွ"

ဟု မင်းညိုက ပြောလေ၏။

"ငါ့ခွေးကို ရိုက်တဲ့ကောင်တော့ ငါ့အကြောင်းသိရမယ်"

ဟုဆိုကာ ရှေ့သို့တိုးလာလျှင် မင်းညိုက သစ်ကိုင်းခြောက်
ကို မြှောက်၍ ရိုက်မည်ပြုလိုက်လေ၏။ ဦးဂွမ်တီမှာ တစ်စုံ
တစ်ရာ ဝင်ရောက် ပြောဆိုခြင်း မပြုရုံမျှမက ကွမ်းယာထည့်
ထားသော သံဘူးကလေးကိုထုတ်၍ ကွမ်းယာတစ်ယာကိုယူ
စား၍ အေးဆေးစွာ ကြည့်၍နေလေ၏။

"တယ်မိုက်ပါလား လူကလေး ... သူ့လက်ထဲမှာ
လက်နက်မှမပါဘဲကွယ်၊ မင်းကသစ်ကိုင်းခြောက်ကြီးနဲ့ ရိုက်မယ်
ဆိုတော့ တရားမျှမလားကွာ၊ လက်နက်ချင်းတူတဲ့အထိတော့
စောင့်ရတယ်ကွ"

ဟု ပြောလိုက်ရာ မင်းညိုသည် သစ်ကိုင်းခြောက်ကြီးကို
အောက်သို့ပစ်ချလိုက်လေ၏။ မောင်မောင်ကြီးလည်း မင်းညို





ပစ်ချလိုက်သော သစ်ကိုင်းခြောက်ကိုယူကာ မင်းညို၏မျက်နှာ
ကို တအားရိုက်လိုက်လေတော့၏။ မင်းညို၏နဖူးမှသွေးများ
ဖြာ၍ကျလာ၏။ မောင်မောင်ကြီးက ဆက်၍ရိုက်လေ၏။
ဦးဂွမ်တီသည် ဝင်၍လည်းမဆွဲ၊ ပါးစပ်ဖြင့်လည်း မဟန့်တားဘဲ
မောင်မောင်ကြီးက မင်းညိုအား သစ်ကိုင်းခြောက်ဖြင့် မရှုမလှ
ရိုက်နှက်နေသည်ကို အရသာခံ၍ကြည့်နေလေ၏။ ဦးဘမောင်
နှင့် သူ၏ဇနီး ဒေါ်ခင်ခင်ကြီးတို့သည် ပြေး၍လာကြပြီး -

"မလုပ်ပါနဲ့ သားရယ်"

ဟု ဆိုကာ မောင်မောင်ကြီးအား ဝိုင်း၍ဆွဲကြလေ၏။
မင်းညိုလည်း လဲနေရာမှ ဦးဂွမ်တီအား မော့၍ကြည့်၏။

"မင်း သိပ်မိုက်တဲ့ လူကလေးပဲ၊ မင်းကို ထူစေချင်တယ်
မဟုတ်လား၊ ငါက မင်းကို သိပ်ချစ်တယ်၊ ဒါကြောင့် မထူဘူး၊
မင်းဟာမင်း ဖြစ်အောင် ထလာခဲ့ပါ လူကလေး၊ ထူမှထနိုင်တဲ့
လူဟာ အချိုးကျတဲ့ယောက်ျား မဟုတ်ဘူး"

ဟု ဆိုသဖြင့် မင်းညိုလည်း လဲနေရာမှထ၍ နဖူး၊ မျက်နှာ
မှ သွေးများကို ပုဆိုးဖြင့် သုတ်လေ၏။

"ဟောဟိုမှာ ရေရှိတယ်ကွ ... မျက်နှာက သွေးတွေကို
ဆေးပစ်လိုက်ဦး"

ဟု ဆိုသဖြင့် မင်းညိုလည်း သွား၍ ဆေးကြောလေ၏။
ဆေးကြောပြီးသည့်အခါ၌ ဦးဂွမ်တီက သူ၏အိတ်အတွင်းမှ
ကြွက်ပေါက်စအသေကလေးများဖြင့်ဖော်စပ်ထားသော ဆေးကို
ထုတ်၍ပေးပြီးလျှင် -

www.burmeseclassic.com

www.burmeseclassic.com



"မင်းမျက်နှာက ဒဏ်ရာတွေကို အဲဒီဆေးထည့်လိုက်၊ မကြာခင် ပျောက်သွားလိမ့်မယ်"

ဟု ဆိုသဖြင့် မင်းညိုလည်း မျက်နှာမှ ဒဏ်ရာများကို ဆေးထည့်လေ၏။

"ဟား ဟား ဟား . . . ဒဏ်ရာဆိုတာ သူ့ရဲကောင်း အမှတ်တံဆိပ်တစ်မျိုးပေါ့ကွ လူကလေး၊ မျက်နှာမှာ ဝက်ခြံကလေး တစ်လုံးပေါက်တာကိုတောင် ရေးကြီးခွင်ကျယ်လုပ်နေတဲ့ ခပ်ညံ့ညံ့ယောက်ျားမျိုးတွေရဲ့အတုကို မခိုးရဘူးကွ"

ဟု ပြောပြီးလျှင် -

"ဟိုမှာကြည့်စမ်းပါဦးကွ၊ မောင်မောင်ကြီးဆိုတဲ့အကောင်က သူ့မိဘတွေ ဆွဲနေတဲ့ကြားက မင်းကို ရိုက်ချင်လွန်းလို့ အတင်းရုန်းထွက်နေတယ်၊ ရန်ဖြစ်တဲ့အခါမှာ ဆွဲတဲ့လူရှိကာမှ ရုန်းလားကန်လားလုပ်တဲ့လူမျိုးဟာ ဆွဲတဲ့လူမရှိရင် ရန်ဖြစ်ရဲတဲ့ လူစားမျိုး မဟုတ်ဘူးလို့ သေချာပေါက် မှတ်ထားပေတော့"

ဟု ဦးဂွမ်တီက ပြောလေ၏။ ထို့နောက် ဦးဂွမ်တီသည် ကန်ထရိုက်တာ ဦးဘမောင်နှင့် အလုပ်စကား ပြောကြလေ၏။ ပဲခူးဘက်တွင် ဗိုလ်အိမ်ကြီး သုံးလုံး လက်ခံထားကြောင်း၊ ဦးဂွမ်တီက အခြားသော လက်သမားများကို ခေါ်ယူ၍ သွားရောက် ဆောက်လုပ်ရမည် ဖြစ်ကြောင်း ကန်ထရိုက်တာ ဦးဘမောင်က ပြောဆိုလေ၏။ ထိုအခါ၌ ဦးဂွမ်တီက -

"သွားပြီး ဆောက်ရတာက မဆန်းပါဘူး၊ ကျုပ်ကို ဘယ်လောက်ပေးမယ်၊ ကျန်တဲ့လက်သမားတွေကိုဘယ်လောက်





ပေးမယ်ဆိုတာကို တိတိကျကျပြောပါ၊ တိတိကျကျလဲ ပေးလိုက်ပါ၊ အလုပ်လုပ်ပြီးရင် ခင်ဗျားဆီမှာပိုက်ဆံတောင်းရတာ သိပ်ပြီး လွယ်တာမဟုတ်ဘူး"

ဟု ဦးဂွမ်တီကပြောလျှင် ဦးဘမောင်၏သား မောင်မောင်ကြီးက -

"အဖေ ဒီတရုတ်ကြီးက လူဝါးဝတယ်ဗျာ၊ သူ့ကိုမခိုင်းပါနဲ့"

ဟု ဝင်၍ပြောလျှင် ဦးဂွမ်ထီက တဖားဖား ရယ်မောရင်း -

"ဒီလိုကွ ကလေးရ . . . မင်းအဖေက ဗိုလ်တွေဆီမှာ အလုပ်လဲ လက်ခံပြီးပြီ၊ သူလဲမလုပ်တတ်ဘူး၊ ပိုက်ဆံရာလဲ ရပြီး နေပြီ၊ ဗိုလ်တွေက အလုပ်ကို ပစ္စလက်ခတ်လုပ်ပေးလို့ ရတာမျိုး မဟုတ်ဘူး၊ ငါ ရောက်လာတာ မင်းအဖေအတွက် လိမ်လည်မှုနဲ့ ထောင်ကျမယ့်ဘေးက ကယ်တင်ဖို့ ရောက်လာတာပါကွ၊ အခု အလုပ်မှာ ငါသာမလုပ်ဘူးဆိုရင် မင်းအဖေ ဒုက္ခရောက်ပြီ"

ဟု ပြောလိုက်ရာ ဦးဘမောင်၏မိန်းမ ဒေါ်ခင်ခင်ကြီး၏ မျက်နှာသည် မဲ့ရွဲ့၍သွားလေ၏။

ထို့နောက် အိမ်သုံးလုံးအတွက် ဦးဂွမ်တီအား ထောင့်ငါးရာ ပေးမည်၊ ကျန်သောလက်သမားလေးယောက်အား တစ်ယောက်ကို သုံးရာစီပေးမည်ဖြစ်ကြောင်း ပြောဆိုလျှင် ဦးဂွမ်တီက ငွေကို ယခုပင်လိုချင်ကြောင်း ပြောဆို၍ ဦးဘမောင်ထံမှငွေကို ထုတ်ယူလေ၏။

"ဦးဂွမ်တီ . . . ဒီကလေးကို ခေါ်မသွားဘဲနဲ့ ကျွန်မတို့ အိမ်မှာ ထားခဲ့ပါလား" ဟု ဒေါ်ခင်ခင်ကြီးက ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလုပ်ဖို့ ထားခဲ့ရမှာလဲ"

ဟု ဦးဂွမ်တီက ပြန်၍မေးလေ၏။

"လက်တိုလက်တောင်း ခိုင်းရတာပေါ့"

"ကျွန်လုပ်ဖို့ ဆိုပါတော့၊ ကျွန်လုပ်ဖို့ဆိုရင် အလကား မထားခဲ့နိုင်ဘူး၊ ကျွန်ဖိုးတောင်းရမယ်"

"ဦးဂွမ်တီက ငွေစကားပြောလှချည်လား"

"ကျုပ်အဖို့ ငွေဟာအရေးမကြီးပါဘူး၊ ဒါပေမဲ့ ခင်ဗျားတို့နဲ့ တွေ့ရင်တော့ ငွေစကားပြောရမှာပဲ၊ ဒါမှလဲ ခင်ဗျားတို့ ကျုပ်ပြောတဲ့ စကားကို နားလည်မှာ၊ ကဲပါလေ . . . ဒီကျွန်ကလေးကို ဆယ့်ငါးကျပ်နဲ့ ရောင်းခဲ့မယ်"

ဟု ပြောဆိုကာ ဦးဘမောင်မိန်းမထံမှ ငွေတစ်ဆယ့်ငါးကျပ်ကို တောင်းယူကာ အလုပ်လုပ်မည့် လက်သမားများအား ခေါ်ယူ၍ သူ၏ ရွက်ဖျင်အိတ်ကြီးကိုလွယ်လျက် ထွက်သွားလျှင် မင်းညိုလည်း ဦးဂွမ်တီနောက်သို့ လိုက်သွားလေ၏။ ခြံဝသို့ ရောက်လျှင် မောင်မောင်ကြီးက နောက်မှပြေး၍လိုက်လာပြီး မင်းညို၏ဂုတ်ကို ဆောင့်၍ဆွဲလိုက်ပြီးလျှင် -

"ကျွန်ကလေး . . . လိုက်သွားလို့ ဘယ်ရမလဲကွ၊ မင်းအဘိုးက မင်းကို ဆယ့်ငါးကျပ်နဲ့ ရောင်းပစ်ခဲ့ပြီကွ"

ဟု ဆိုကာ ဆွဲလေ၏။

"ဦးဂွမ်တီ . . . လုပ်ပါဦး၊ ကျွန်တော့်ကို ဆွဲထားပြီ"

ဟု မင်းညိုက ဦးဂွမ်တီအား အကူအညီတောင်းလေ၏။





"ဟုတ်တယ် လူကလေး၊ မင်းကို ကျွန်အဖြစ်နဲ့ ရောင်းစားခဲ့ပြီ၊ သူတို့က မင်းကို ကျွန်လိုခိုင်းမယ်၊ ကျွန်လို နှိပ်စက်ကြလိမ့်မယ်၊ ဆယ့်ငါးကျပ်နဲ့ အရောင်းခံရလို့ စိတ်မကောင်းမဖြစ်ပါနဲ့ကွာ၊ သခင်ယေရှု ဆိုတဲ့ အင်္ဂလိပ်တွေရဲ့ ဘုရားသခင်ကိုတောင် ဂျူးတွေက ပြားသုံးဆယ်နဲ့ ရောင်းခဲ့ဖူးသေးတာပဲ၊ ဟဲ ဟဲ ဟဲ"

ဟု ဦးဂွမ်တီက မင်းညို၏ ကျွန်ခံရတော့မည့် ဒုက္ခကို ကရုဏာစိတ်ကင်းမဲ့စွာဖြင့် ပြောလိုက်လေ၏။ သို့ရာတွင် သူ၏ မျက်လုံးများကမူ ကရုဏာအခိုးအငွေ့ကြောင့် စူးရှ တောက်ပြောင်၍ နေလေ၏။ သူ၏ ပါးလွှာသော နှုတ်ခမ်းများကလည်း ကရုဏာအရိပ်အငွေ့များ တွေ့မြင်ရလေ၏။

"အရေးကြီးတဲ့စကားကို ပြောခဲ့ရဦးမယ် လူကလေး . . . မင်းဟာ ခုချိန်တစပြီး ပါဠိလိုတော့ 'ဓနတ္ထိတ' လို့ ခေါ်တယ်၊ ငွေဝယ်ကျွန်ပေါ့ကွာ၊ အဲဒီတော့ ကျွန်ဘဝက လွတ်အောင် မထွက်နိုင်ရင်တော့ မင်းက မွေးထားတဲ့သားဟာ 'သဘောက်' ဖြစ်သွားပြီး သဘောက်ကနေ ဆက်ပြီးမွေးရင် 'သဘက်' ဖြစ်ပြီ၊ သဘက်ကနေ မွေးရင် 'သတိ' ဖြစ်ပြီ၊ ကျွန်အဆက်ဆက်က မွေးလို့ သတိ ဖြစ်ပြီဆိုတော့ လူတွေဟာ သတိကို သိပ်ပြီး စက်ဆုပ်ကြတယ်၊ သတိကို မဆက်ဆံချင်ဘူး ဆိုတဲ့စကားကို မြန်မာတွေက မသတိဘူးလို့တောင် သုံးစွဲကြတယ်၊ အေး . . . ဆက်ပြီးပြောရဦးမယ်၊ သတိကနေမွေးရင် 'သံတွတ်' ဖြစ်သွားရော၊ သတွတ်ကနေ မွေးရင် 'သတော့'၊ သတော့ကနေမွေးရင် 'သမျှော့' ဖြစ်သွားရော၊ မြန်မာတွေက အဲဒီလို ယုံကြည်ထားတဲ့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ခုနစ်ဆက်ပေါ့ကွာ၊ မင်းကတော့ သိမှာမဟုတ်ဘူး၊ ငါ့အဖေဟာ သီပေါမင်းကို မီလိုက်တယ်၊ သူ့နာမည်က 'မတူကြီး' လို့ခေါ်တယ်၊ တရုတ်ကြီးပေါ့ကွ၊ သီပေါမင်းဆီမှာ တရုတ်အစားအစာ ချက်ရတဲ့ တရုတ်စားတော်ကဲကြီးပေါ့၊ ငါက သူ့ရဲ့သားဆိုတော့ ငါ့အဖေက ကျွန်၊ ငါက သဘောက်ပေါ့ကွာ၊ ဒါကြောင့် ငါကနေဆက်ပြီး ကျွန်ဆက်တွေ ရှည်နေမှာစိုးလို့ မိန်းမ မယူတာကွ၊ ကဲ ကဲ . . . ကျွန်ဖြစ်ရင် ကျွန်စည်းကမ်း ရှိတယ်ကွ၊ သခင်အိပ်ပြီးမှ အိပ်ရတယ်၊ သခင်ရဲ့အရင် အိပ်ရာကထရတယ်၊ သခင့်ကျေးဇူးကို ချီးကျူးရတယ်၊ သခင်ပေးမှ ယူရတယ်၊ ဘာကိုမဆို ခိုင်းခိုင်း စေ့စေ့စပ်စပ် လုပ်ရတယ်၊ အဲဒီအချက် ငါးချက်ကို မှတ်ထားပေတော့"

ဟု ဦးဂွမ်တီက ပြောနေစဉ်၌ပင် မင်းညိုသည် ဝမ်းနည်း၍ မျက်ရည်များ ကျလာလေ၏။ ထို့နောက် ဦးဂွမ်တီသည် မင်းညို၏ ဦးခေါင်းကိုပွတ်၍ -

"ပဟေဠိကလေးတစ်ခု ပေးခဲ့မယ်၊ အဲဒါကို ဖော်နိုင်တဲ့တစ်နေ့မှာ ငါ့ကိုရှာပြီး လိုက်ခဲ့ပေတော့၊ အဲဒီပဟေဠိကတော့ သူများမျက်ရည် ကိုယ့်မျက်လုံးက ဘယ်သူကျနေသလဲ တဲ့၊ ဖြေနိုင်အောင် ကြိုးစားပါ လူကလေး"

ဟုဆို၍ ချာခနဲလှည့်ကာ ထွက်သွားလေတော့၏။

မောင်မောင်ကြီးကလည်း မင်းညို၏ဂုတ်ကို တရွတ်တိုက်ဆွဲ၍ သွားလေတော့သတည်း။

❮◆❯





မင်းညိုသည် ထိုအချိန်မှစ၍ တရုတ်အဘိုးကြီး ဦးဂွမ်တီနှင့် ကွဲကွာခဲ့ရလေတော့၏။ ကန်ထရိုက်တာကြီး ဦးဘမောင်၏ မိန်းမ ဒေါ်ခင်ခင်ကြီးသည် မင်းညိုအား ရက်စက်စွာ ခိုင်းစေလေတော့၏။ ဦးဘမောင်၏သား မောင်မောင်ကြီးသည် ရန်ကုန်မြို့ရှိ စိန့်ပေါလ်ကျောင်း၌ နေသည်ဖြစ်ရာ မောင်မောင်ကြီး၏ ဘောင်းဘီ၊ အကျီတို့ကို လျှော်ဖွပ် မီးပူတိုက်၍ ပေးရလေ၏။ ဘွတ်ဖိနပ်ကို ဆေးဖြင့်တိုက်၍ပေးရ၏။ မောင်မောင်ကြီး၏ မိခင်ဖြစ်သူ ဒေါ်ခင်ခင်ကြီးက -

"ဟဲ့သား . . . မောင်မောင်ကြီး၊ အင်္ဂလိပ်ကျောင်းသားဆိုတာ ဘွတ်ဖိနပ်ကို ကိုယ်တိုင်မစီးရဘူးတွယ့်၊ အခိုင်းအစေကို စီးခိုင်းရတယ်၊ ဟဲ့ ကောက်တွဲ၊ လာစမ်း . . . မောင်မောင်ကြီးကို ဖိနပ်စီးပေးစမ်း"

ဟု ဆိုသဖြင့် . . . ကောက်တွဲ အမည်ခံ မင်းညိုသည် မောင်မောင်ကြီးထိုင်၍နေသောခုံအနီး ကြမ်းပြင်ပေါ်၌ ကျုံ့ကျုံ့ကလေးထိုင်ကာ မောင်မောင်ကြီးအား ဘွတ်ဖိနပ်ကို စီးပေးလေ၏။ ဖိနပ်ကြိုးကို မချည်တတ်သဖြင့် မောင်မောင်ကြီးက မင်းညို၏ ရင်ဝအား ဖိနပ်ဦးဖြင့် တန်လိုက်ရာ ပက်လက်လန်၍ လဲကျသွားလေ၏။

"ကျွန်စုတ် . . . ဒီမှာကြည့်ထား"

ဟု ဆိုကာ ဖိနပ်ကြိုးကို ချည်၍ပြလေ၏။

ထိုအခြင်းအရာကိုကြည့်၍ ဒေါ်ခင်ခင်ကြီးက -



www.burmeseclassic.com

www.burmeseclassic.com



"ကိုဘမောင်ရယ် . . . ကြည့်စမ်းပါဦး၊ ကျွန်မတို့သား ဖြင့် တယ်ပြီးဘိုဆန်တာပဲ" ဟု ချီးကျူးလိုက်ပြီးလျှင် -

"ဟဲ့ . . . ကောက်တွဲ၊ ရေတွင်းတရေကိုငင်ပြီး ငါ့ခြေ ရေအိုးမှာဖြည့်၊ ပြီးရင် . . . ငါ့ထဘီတွေလျှော်၊ အဲဒါပြီးရင် မောင်မောင်ကြီး မနေ့တုန်းက ဘောလုံးကန်လို့ ရွှံ့တွေပေလာ ဘောင်းဘီကိုလျှော်၊ လျှော်ပြီးရင် ခြံနောက်က မြက်တွေကိုရှင်း မြက်ရှင်းပြီးရင် အိမ်သာဆေး၊ သေးအိုးကို ပြောင်အောင်တိုက် တိုက်ပြီးမှ ထမင်းစားရမယ်"

ဟု ဆိုသဖြင့် မင်းညိုလည်း စေခိုင်းသော အလုပ်တို့ လုပ်လေတော့၏။ အလုပ်များမှာ လွန်စွာပင်ပန်းလှပေသည် တစ်မနက်လုံး မည်သည့်အစားအသောက်မျှ စားသောက်ရခြင်း မရှိသဖြင့် ဆာလောင်လှပေသည်။ သို့ရာတွင် ဆာလောင် သည်ဟုကားမညည်းညူပေ။ အဘယ်ကြောင့်ဆိုသော် ဦးဝွမ် ထံ၌ ညည်းညူခြင်းမပြုပါဟု ကတိပေးခဲ့ခြင်းကြောင့်ဖြစ်၏။

မင်းညိုသည် နောက်ဆုံးအလုပ်ဖြစ်သော အိမ်သာဆေး ခြင်း၊ သေးအိုးတိုက်ခြင်း အလုပ်ကို လုပ်၍ပြီးသည့် အခါ ဒေါ်ခင်ခင်ကြီးသည် သိုးလုသိုးခင်ဖြစ်၍နေသော ထမင်းကြမ်း ခဲကို သံဇလုံအတွင်းသို့ထည့်ကာ ငါးပိရည်အကျန်များကို ထမင်း ကြမ်းခဲအပေါ်၌ လောင်းချလိုက်ပြီးလျှင် -

"ဟဲ့ကောင်လေး . . . အဲဒါတွေကို နှံ့အောင်နယ်စမ်း"

ဟု ဆိုသဖြင့် မင်းညိုလည်း ကောင်းစွာနယ်ရလေ၏။ ထိုသို့ နယ်ပြီးသည့်အခါ၌ ဒေါ်ခင်ခင်ကြီးက -





"အောင်နက်နဲ့ လေးလုံးတို့ စားခွက်ထဲမှာ သွားထည့်၊ င်စားဖို့ နည်းနည်းချန်ထား၊ အိမ်ထဲမှာ မစားနဲ့၊ အောင်နက်တို့ းမှာ စား" ဟု ဆိုလေ၏။

မင်းညိုသည် မိမိအား ရက်စက်စွာ ခိုင်းစေ၍ ခွေးများနှင့် တူတူထားသော ဒေါ်ခင်ခင်ကြီး၏ စိတ်ဓာတ်အား အံ့သြမိ လေတော့၏။ အကယ်၍များ ဒေါ်ခင်ခင်ကြီးဆိုသည်မှာ မိမိနှင့် မိ၏ညီမလေး မိုးညိုနှင့် မိမိ၏ဖခင်ဖြစ်သူ ဦးစံမတူကို လွန်ခဲ့ သောလေးနှစ်ခန့်က စွန့်ခွာ၍ ယောက်ျားတစ်ဦးနှင့် လိုက်ပြေး ခဲ့သော မိမိ၏မိခင် အရင်းခေါက်ခေါက် မနှင်းအေးဆိုသူဖြစ် ကြောင်း သိရှိခဲ့ပါမူ မင်းညိုသည် ဝမ်းနည်းကြေကွဲလွန်း၍ အရှင် လတ်လတ်က အသက်ပင်ထွက်၍သွားနိုင်ပေသည်။

မနှင်းအေး ခေါ် ဒေါ်ခင်ခင်ကြီးသည် မိမိလင်သားနှင့် ကလေးများကို စွန့်ပစ်၍ လူရှုပ်လူပွေတစ်ဦးနှင့် လိုက်ပြေးခဲ့ရာ ရန်ကုန်မြို့ပေါ်သို့အရောက်တွင် လူရှုပ်လူပွေက မနှင်းအေးအား ပြည့်တန်ဆာ အလုပ်ကို လုပ်၍ ခိုင်းလေ၏။ ထိုစဉ်၌ မုဆိုးဖို သားတစ်ယောက်အဖေ လက်သမားဆရာ ဦးဘမောင်နှင့် တွေ့ဆုံခဲ့ကြခြင်းဖြစ်ပေသည်။

မုဆိုးဖို ဦးဘမောင်သည် မနှင်းအေး ခေါ် မခင်ခင်ကြီး အား အစွဲကြီးစွဲ၍ မယားအဖြစ် ယူလိုက်ခြင်း ဖြစ်ပေသည်။

မင်းညိုသည် ထမင်းစားပြီး၍ ဇလုံကို ဆေး၍ နေစဉ်၌ ဒေါ်ခင်ခင်ကြီးက -



www.burmeseclassic.com

www.burmeseclassic.com

"ဟဲ့ကောင်လေး . . . ငရုတ်သီးထောင်း၊ ငရုတ်သီးထောင်းပြီးရင် စောင်တွေလျှော်၊ စောင်တွေလျှော်ပြီးရင် အိမ်အောက်က သစ်တိုသစ်စတွေကိုထုတ်ပြီး ဟိုဘက်နေရာလွတ်မှာ ပုံပြီး အိမ်အောက်ကို တံမြက်စည်းလှဲ၊ လှဲပြီးရင် သစ်တိုသစ်စတွေကို သူ့နေရာသူပြန်ထား"

ဟု ဆိုလေတော့၏။

မင်းညိုကား ခိုင်းစေသမျှကို မညည်းမညူတမ်း လုပ်ခဲ့လေ၏။ မောင်မောင်ကြီးသည် အကျီ၌ အစွန်းအထင်းအနည်းငယ် တွေ့သည်နှင့် "ကျွန်စုတ်" ဟု ဆိုကာ မင်းညို၏ပါးကို ဖျန်းခနဲ ရိုက်လေ့ရှိ၏။ တစ်စုံတစ်ခု ခိုင်းစေရာ၌ အနည်းငယ်မျှလေး နှောက်ကျရုံမျှဖြင့် တစ်ခုခုနှင့်ကောက်၍ ပေါက်တတ်လေ၏။

တစ်ခါက မင်းညိုနှင့် ခွေးနှစ်ကောင်သည် ထမင်းအတူစား၍နေကြစဉ် ခွေးနှစ်ကောင်သည် ထမင်းကုန်၍သွားသဖြင့် တစ်ကောင်နှင့် တစ်ကောင် မာန်စောင်၍ ကိုက်ခဲကြပြီးလျှင် မင်းညို၏ဇလုံမှ ထမင်းကို ခွေးနှစ်ကောင်က ဝင်၍လုလေ၏။ မင်းညိုလည်း ခွေးနှစ်ကောင်ကို ထိ၍ရိုက်လေလျှင် ဒေါ်ခင်ခင်ကြီးက -

"ကြည့်စမ်း . . . ကြည့်စမ်း၊ ခွေးတွေနဲ့တောင် လုစားတဲ့အကောင်၊ ဘယ်လိုအမျိုးယုတ်မှန်း မသိပေါင်တော်၊ ဘယ်လိုကောင်မစားမျိုးက ဘယ်လိုနေရာမှာ ဘယ်လို ကလေကဝန်နဲ့ သန္ဓေယူပြီး မွေးလာပါလိမ့်တော်" ဟု ဆိုလေ၏။





"အဒေါ်ကြီး . . . ကျွန်တော့်အမေကို ဆဲနေတာ . . . အဒေါ်ကြီး မြင်ဖူးလို့လား၊ ကျွန်တော်တောင် မမြင်ဖူးပါဘူး"

ဟု မင်းညိုက ပြောလိုက်ရာ ဒေါ်ခင်ခင်ကြီးက မင်းညို၏ ါးကို ဖြန်းခနဲ ရိုက်လိုက်ပြီးလျှင် -

"နင် ဘယ်မြင်ဖူးမလဲ၊ နင့်အမေက ဘယ်သချိုင်းကုန်း ရောက်နေမှန်းမှ မသိဘဲဟာ"

ဟု ဆိုလေ၏။ မင်းညိုသည် ဤသို့လျှင် ကန်ထရိုက်တာ ဘမောင်တို့၏အိမ်၌ ဆင်းရဲဒုက္ခမျိုးစုံနှင့်နေထိုင်ခဲ့ရာ တစ်နေ့ ၌ မင်းညိုသည် အိမ်ရှေ့ရှိ လမ်းပေါ်၌ ကျောက်ခဲများခင်း၍ နေစဉ် လက်သမားဆရာကြီးတစ်ဦးသည် ခြေထောက်ထော့နင်း တော့နင်းနှင့် သားကလေးနှင့် သမီးကလေးကို လက်မှဆွဲ၍ င်လာပြီးလျှင် ဦးဘမောင်အား -

"ကိုဘမောင်ရယ် . . . ခင်ဗျားဆောက်ခိုင်းတဲ့ အိမ်ကို ဆာက်ရင်း သစ်တုံးပိလို့ ခြေထောက်လဲ ထောက်လို့တောင် နတော့ပါဘူးဗျာ၊ ကျုပ်လုပ်ခကလေး ရှင်းပေးပါ၊ သမီးကလေး သားကလေးလဲ ထမင်းမစားရတာ နှစ်နပ်တောင်ရှိပါပြီဗျာ"

ဟု ပြောလေ၏။

"အဲဒီအလုပ်က အားလုံးပြီးမှ ငွေထုတ်ရမှာ၊ ခင်ဗျားကို စောကြီးကြိုပြီး မထုတ်ပေးနိုင်ဘူး"

ဟု ဦးဘမောင်က ပြောလေ၏။

"မဟုတ်ပါဘူး ကိုဘမောင်ရယ် . . . ကျုပ်တို့ဆောက်တဲ့ မ်က ပြီးလို့ပဲ လူတွေတောင် တက်ပြီးနေကြမှပဲ"


www.burmeseclassic.com

"မပေးဘူးဗျာ . . . ခင်ဗျားတိုင်ချင်တဲ့ဆီ သွားပြီးတိုင်"

"ပေးပါ ဘဘကြီးရယ် . . . ကျွန်တော်တို့ ထမင်းမစားရတာ နှစ်ရက်ရှိပါပြီ"

ဟု ကလေးနှစ်ယောက်က ပြောလေ၏။

မင်းညိုသည် မိမိ၏ နှမကလေး မိုးညိုကို သတိရ၍သွားလေ၏။ ရင်ထဲ၌လည်း ဆို့နင့်နင့်ကြီး ခံစားရလေ၏။ ထို့ကြောင့် မျက်ရည်များ ရစ်ဝိုင်း၍လာလေ၏။ ထိုအခါ၌ ခြေထောက်နာလျက်ရှိသော လက်သမားဆရာကြီးသည် ဝမ်းနည်းခြင်း၊ ဒေါသဖြစ်ခြင်းတို့ကို ၎င်း၏မျက်နှာ၌ ဖော်ပြပြီးလျှင် လက်တွင်းမှ တောင်ဝှေးဖြင့် ဦးဘမောင်အား ရိုက်လေတော့၏။ ထိုအခါ၌ ဦးဘမောင်လည်း တုတ်ကို လု၍ လက်သမားဆရာကြီးအား လက်သီးဖြင့် ထိုးလေ၏။

မောင်မောင်ကြီးလည်း ပြေးလာပြီးလျှင် . . . ကလေးနှစ်ယောက်အား ခြေထောက်ဖြင့်ကန်၏။ ထို့နောက် လဲ၍နေသောလက်သမားဆရာကြီးအား ကျောက်ခဲဖြင့်ထုရန် ကျောက်ခဲကို ကောက်လေ၏။

မင်းညိုလည်း ထမင်းမစားရသော လက်သမားဆရာ သားအဖကိုကြည့်၍ မျက်ရည်များ တတောက်တောက်ကျလာပြီးလျှင် အနီးရှိ ဝါးကျစ်တုတ်ကို ကောက်ယူ၍ ဦးဘမောင်၏ မျက်နှာသို့ ရိုက်လေ၏။ ထို့နောက် လက်သမားဆရာကြီးအား ဆွဲ၍ထူပြီးလျှင် -





"ဘကြီး . . . မကြောက်နဲ့ဗျ၊ ကျုပ် ကူပြီးရိုက်ပေးမယ်"

ဟုဆိုကာ ဦးဘမောင်အားထပ်၍ရိုက်ရာ ချက်ကောင်းကို ထိသဖြင့် ဦးဘမောင်လည်း နေရာ၌ပင် လဲလေတော့၏။ ထို့နောက် ကျောက်ခဲကောက်၍ ပြေးလာသော မောင်မောင်ကြီး ထံသို့ ရင်ဆိုင်ပြေး၍သွားရာ မောင်မောင်ကြီးက ကျောက်ခဲဖြင့် ထုလေ၏။ သို့ရာတွင် မင်းညိုကို မထိဘဲ ပြေး၍လာသော ဒေါ်ခင်ခင်ကြီး၏ ရင်ဝကို ထိမှန်သဖြင့် ဒေါ်ခင်ခင်ကြီးသည် "အမေ့" ဟု တစ်ခွန်းမျှအော်ကာ လဲကျသွားလေ၏။

မင်းညိုလည်း မောင်မောင်ကြီး၏ မျက်နှာအား ဝါးကျစ်တုတ်ဖြင့် ရိုက်ရာ မောင်မောင်ကြီးသည် မျက်နှာကို ပိတ်၍ ပြေးလေ၏။ လက်သမားဆရာကြီးက အနီးသို့ ရောက်လျှင် ညို့သကျည်းအားတောင်ဝှေးဖြင့်ရိုက်ရာ မောင်မောင်ကြီးသည် လဲကျသွားလေ၏။

မင်းညိုလည်း ဦးဘမောင်၏ခါးပတ်၌ ချိတ်ထားသော ပိုက်ဆံအိတ်ကိုဖွင့်ကာ ပိုက်ဆံကို နှိုက်ယူ၍ လက်သမားဆရာကြီးအား -

"ရော့ . . . ဘကြီးရဲ့ အလုပ်လုပ်ခ"

ဟု ဆိုကာ ထိုအိမ်အတွင်းမှ ထွက်၍လာခဲ့လေတော့၏။

လမ်း၌ မင်းညိုသည် ထမင်းငတ်လျက်ရှိသည့် လက်သမားဆရာကြီး သားအဖတို့အတွက် ဝင်ရောက်ရိုက်နှက်ပေးခဲ့ရပုံ၊ ၎င်းတို့အတွက် ဝမ်းနည်းလွန်း၍ ငိုကြွေးခဲ့ရပုံတို့ကို စဉ်းစားမိရာ

www.burmeseclassic.com



ဦးဂွမ်တီပြောတဲ့ ပဟေဠိဆိုတာ ဒါပဲနဲ့တူပါရဲ့ဟု သဘောပေါက် မိသဖြင့် ပြုံးမိသေးတော့၏။

"သူများမျက်ရည်ကို ကိုယ့်မျက်လုံးက ဘယ်သူကျနေသလဲ ဆိုတာ ဒါပဲနေမှာပါ။ လက်သမားဆရာကြီးနဲ့ သူ့ကလေးတွေ ကျရမယ့် မျက်ရည်ကို ငါကပါရောပြီး မျက်ရည်ကျမိတာပဲ မဟုတ်လား"

ဟု မိမိဘာသာမေးရင်း ပျော်ရွှင်၍လာလေ၏။ သန်လျင် သင်္ဘောဆိပ်မှ သင်္ဘောစီးကာ ရန်ကုန်သို့ တက်ခဲ့လေ၏။ ရန်ကုန်မှတစ်ဖန် ဦးဂွမ်တီကို ရှာရန်အတွက် ပဲခူး ဆိုသည့် စိုင်းစမ်း၍ ပဲခူးသွားမည့်ကားများရှိရာသို့လာခဲ့ရာ မမျှော်လင့်သော နေရာမှ -

"လူကလေး . . . ဘယ်ကိုလဲ"

ဟု ပြောသံကို ကြားသဖြင့် ကြည့်လိုက်ရာ တရုတ်ဘိန်းစား များနှင့်အတူ ရေနွေးကြမ်းသောက်လျက်ရှိသော ဦးဂွမ်တီကို တွေ့မြင်ရလေ၏။

"ကျွန်တော် ဦးဂွမ်တီကိုရှာမလို့ ထွက်လာတာ"

ဟု မင်းညိုက ပြောလိုက်လေ၏။

"ငါမေးတဲ့ ပဟေဠိကို ဖြေနိုင်ပြီလား"

"ဖြေနိုင်ပါပြီ၊ ဖြေလဲ ဖြေခဲ့ပါပြီ"

မင်းညိုသည် ဦးဘမောင်အိမ်မှထွက်၍လာခဲ့ပုံကို ဦးဂွမ်တီ အား အသေးစိတ် ပြောပြလျှင် ဦးဂွမ်တီက ပြုံး၍ နားထောင် နေလေ၏။





"လူကလေး . . . မင်းကို မောင်မောင်ကြီးတို့မိသားစုက ဘယ်လိုနှိပ်စက်ကြတယ်၊ ဘယ်လိုမတရားခိုင်းကြတယ် ဆိုတာ ကော ပြောမပြတော့ဘူးလား"

ဟု ဦးဂွမ်တီက ပြောလျှင် မင်းညိုက -

"မပြောပါဘူး၊ အဲဒါတွေ ပြောပြရင် ညည်းညူတာနဲ့ အတူတူပဲပေါ့၊ ကျွန်တော် ကျက်သရေယုတ်သွားမှာပေါ့၊ အချိုး ကျတဲ့ ယောကျ်ား ဘယ်ဖြစ်တော့မလဲ"

ဟု ပြောလိုက်ရာ ဦးဂွမ်တီက -

"သိပ်ပြီးတော်တဲ့ လူကလေးပဲ၊ သူတစ်ပါးရဲ့ မျက်ရည်ကို မင်းရဲ့မျက်လုံးဟာ ကျတတ်ပြီကိုး၊ ကောင်းတယ်ဟေ့ . . . လာလာ - မင်းကို အလုပ်တစ်ခုရှာပေးရမယ်၊ အလုပ်မလုပ်ဘဲ ထမင်းမစားရဘူးကွ"

ဟုဆိုကာ မင်းညို၏လက်ကိုဆွဲ၍ အိမ်တစ်အိမ်သို့ခေါ်၍ သွားလေ၏။ ထိုအိမ်မှာ တရုတ်တစ်ဦး၏အိမ် ဖြစ်ပေသည်။ အိမ်ရှင်များသည် ဦးဂွမ်တီကိုမြင်လျှင် ခရီးဦးကြိုပြုကြလေ၏။ ထို့နောက် ဦးဂွမ်တီနှင့် အိမ်ရှင်တရုတ်တို့သည် တရုတ်ဘာသာ ဖြင့် ပြောဆိုကြလေ၏။

"ဒီလိုကွ . . . ငါက ဒီမှာ ရက်ပေါင်းတစ်ရာတိတိ ထမင်း ချက် လုပ်မယ်လို့ပြောတာ၊ အဲဒီရက်ပေါင်းတစ်ရာမှာ ငါက သူတို့ကို ထမင်းချက်ကျွေးရမယ်၊ ထမင်းချက်ကျွေးရင်း မင်းကို တစ်နေ့မှာ ဟင်းလေးမျိုးချက်နည်း သင်သွားမယ်၊ ရက်ပေါင်း

www.burmeseclassic.com

www.burmeseclassic.com



တစ်ရာဆိုတော့ ဟင်းချက်နည်း လေးရာပေါ့၊ ဟင်းချက်နည်း လေးရာကို တစ်ခါ တစ်မျိုးနဲ့တစ်မျိုးပေါင်းလိုက်ရင် နှစ်မျိုးကို တစ်နည်းထပ်ပြီး ထွက်သေးတယ်ကွ၊ ဒီတော့ ဟင်းချက်နည်း ရှစ်ရာတတ်ပြီပေါ့ကွာ . . . "

ဟု ဦးဂွမ်တီက ပြောလေ၏။

ထိုနေ့မှစ၍ မင်းညိုက ထမင်းချက် ဟင်းချက် စတင် သင်ကြားလေ၏။ ဦးဂွမ်တီချက်သော ဟင်းလျာများမှာ လွန်စွာ စိတ်ဝင်စားဖို့ကောင်းပေသည်။

"လူကလေး . . . ဟောဒီဟင်းရဲ့နာမည်က လက်ဝါးပေါ် က ပုလဲကလေးလို့ အမိပ္ပာယ်ရတယ်၊ တရုတ်လိုတော့ (စိုးကျုံ ကျွင်ကျူးချိုက်) ခေါ်တယ်"

ဦးဂွမ်တီပြောသောဟင်းမှာ ငါးမြင်းကဲ့သို့သော အဆီများ သည့် ငါးကို အပြားလိုက် စားကောင်းဖွယ်ရာကြော်၍ ထိုငါး ကြော်၏ အပေါ်၌ အချဉ်ရည်စိမ်၍ထားသော ကြက်သွန်ဖြူ ဥကြီးတစ်ဥ တင်၍ထားခြင်းပင် ဖြစ်၏။

"လူကလေး . . . တောင်ပေါ်က ပတ္တမြားတစ်လုံးနဲ့ နဂါး နှစ်ကောင်ဟင်းလို့ခေါ်တယ်၊ တရုတ်လိုတော့ (စွမ်းလုံးချုံကျူး ချိုက်) ပေါ့ကွာ"

ထိုဟင်းမှာ အလုံးလိုက် ပေါင်း၍ထားသော ကျောက်ဖရုံ သီးပေါ်၌ ငါးမြွေထိုးနှစ်ကောင်ကို လှပစွာခြယ်မှုန်း၍ပတ်ကာ ငါးမြွေထိုးများ ပြုတ်၍ မကျရန်အတွက် သွားကြားထိုးတံဖြင့်





စိုက်၍ထားပြီးနောက် ကျောက်ဖရုံသီး၏ ထိပ်တည့်တည့်တွင် ခရမ်းချဉ်သီး နီနီရဲရဲကြီးတစ်လုံးကို အချိုရည်များစိမ်၍ တင်ထား ခြင်းပင်ဖြစ်ပေသည်။ ထိုဟင်းအား ပန်းကန်ပြားတစ်ချပ်ပေါ်၌ ပြင်ဆင်၍ စားပွဲပေါ်သို့ တင်လိုက်သောအခါ၌ လွန်စွာကြည့်၍ ပန်ရလှပေ၏။

"ငါတို့တရုတ်တွေဟာ ဟင်းချက်တဲ့နေရာမှာတော့ ပထမ တန်းပဲကွ၊ ဒါပေမဲ့ မြန်မာပညာရှိကြီး ဦးပေါ်ဦးနဲ့ တွေ့တော့မှပဲ အရှုံးပေးရတော့တယ်၊ ဦးပေါ်ဦးက ဆက်ရက်ကြော်တွေ အောက်မှာ ဆက်ရက်အရှင်တွေဝှက်ပြီးထားတာကိုးကွ၊ တရုတ် သံအမတ်တွေက ဆက်ရက်ကြော်တွေလဲ ယူပြီးစားလိုက်ရော ဆက်ရက်အရှင်တွေက ထပြီး ပျံတော့တာပဲဟေ့ . . . တရုတ် သံအမတ်တွေက ဦးပေါ်ဦးရဲ့ဟင်းလျာစီမံပုံကို သဘောကျလွန်း လို့ လျော်ကြေးတောင်းဖို့ကိုစွတောင် မေ့သွားတယ်ဆိုပဲ"

ဟူ၍လည်း မင်းညိုအား မပျင်းရအောင် ပုံတိုပတ်စ တလေးများဖြင့် ပြောပြလေ၏။

ညအခါ၌ ဦးဂွမ်တီနှင့် မင်းညိုတို့သည် ဖိနပ်ချုပ် ကပြင် ကလေး၌ အိပ်စက်ကြလေ၏။ ထိုသို့အိပ်စက်ရာ၌ အိမ်ရှင်တွေ အိပ်ပြီဆိုလျှင် ဦးဂွမ်တီသည် လက်ဖက်ရည်နှင့် အီကြာကွေးကို ဝယ်ယူကာ မြေးအဘိုးနှစ်ယောက် သောက်ကြလေ၏။ ထိုသို့ စားသောက်ရင်း ဦးဂွမ်တီက မင်းညိုအား စာသင်ပေးလေ၏။ ဦးဂွမ်တီ စာသင်ပေးပုံမှာ အဆန်းဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကကြီးခခွေးကို သင်ရာ၌ "အအာက္ကဍ္ဍ" ကို အရင်စ သင်၏။ "အအာက္ကဍ္ဍ" ကိုလည်း ပါးစပ်ဖွင့်၍ မဆိုရ ပါးစပ်ကိုပိတ်ကာ ဆိုခိုင်းလေ၏။

(ထိုသို့ဆိုရာ၌ ထွက်လာသောအသံကို စာဖြင့်ရေးဖြ မရပါ။ မည်သည့်အသံမျိုးထွက်သည်ကို မိမိဘာသာ ဆိုကြည့် ကြပါကုန်။ စာရေးသူ)

"အမှန်ကတော့ 'က' ဆိုတဲ့အသံလဲ မရှိဘူး၊ 'ခ' ဆိုတဲ့ အသံလဲ မရှိဘူး၊ အင်္ဂလိပ်လို အေသံလဲ မရှိဘူး၊ ဘီသံလဲ မရှိဘူး တရုတ်လို မေါ်ဖော်မော်ဖော့လဲ မရှိဘူးကွ၊ မယုံရင် 'က' ဆိုတဲ့ အသံကို က-က-က-က-က လို့ အကြိမ်တစ်ထောင်လောက် အဆက်မပြတ် ဆိုကြည့်ပါလား၊ နောက်ဆုံးမှာ 'အ' လိုလို 'ဖ' လိုလို အသံတစ်မျိုးပဲထွက်တယ်၊ စကားမပြောနိုင်တဲ့ ဆွံ့အ သူတွေဟာ ဘာသာစကားအားလုံးရဲ့ အရင်းအမြစ်ကို ကံအား လျော်စွာ တတ်ကျွမ်းနေသူတွေ ဖြစ်တယ်၊ ကကြီး ခခွေးကို သင်နေရင်၊ ဧအဘီစီဒီလို့ ပီပီသသကြီး သင်နေရင် ဘာသာ တစ်မျိုးပဲ တတ်လိမ့်မယ်၊ ငါသင်တဲ့နည်းက ဘာသာပေါင်းစုံ လိုက်စားလို့လွယ်အောင် သင်တဲ့နည်းပဲ၊ ကုန်ကုန်ပြောမယ်ကွာ နတ်တွေ ဗြဟ္မာတွေတောင် နားလည်တဲ့ ဘာသာစကားမျိုး ဖြစ်လာနိုင်တယ်လူကလေး၊ ဘာသာစကားတွေဟာမူလဇာစ်မြစ် မှာ တူကြတယ်ကွ၊ လူသားတွေအနေနဲ့ ပထမဆုံးတတ်ရမယ့် စကားဟာ အမေကိုခေါ်တဲ့စကားပဲဖြစ်တယ်၊ လူဟာ လူရယ်လို့ ဖြစ်တာနဲ့ ပထမဆုံးဆက်ဆံပြောဆိုရမှာက အမေဖြစ်တယ်ကွ





ဒါကြောင့် ပါဠိလို မာတာ၊ အင်္ဂလိပ်လို မာသာ၊ ကုလားလို မား၊ မြန်မာလို မေမေ၊ တရုတ်လို မားမား၊ အကုန်လုံးတူတယ် 'မ' ဆိုတဲ့ အသံထွက်ကြီးပဲ၊ နှုတ်ခမ်းနှစ်ခုကိုထိပြီးမှ ထွက်ရတဲ့ အသံ၊ ပါဠိလို ဩဋ္ဌဇာန်လို့ခေါ်တယ်၊ ပြီးတော့ အဖေကိုခေါ်တာ ကိုလဲ ကြည့်ဦး၊ ပါဠိလို ပိတာ၊ အင်္ဂလိပ်လို ဖာသာ၊ မြန်မာလို ဖေဖေ၊ တရုတ်လို ပါးပါး၊ ကဲ . . . အဲဒီအသံထွက်ကိုကြည့်စမ်း ဖဦးထုပ်၊ ပသံတွေ၊ ပစောက်သံတွေပဲ မဟုတ်လား"

ဟု စိတ်ဝင်စားဖွယ်ရာ ရှင်းပြလေ၏။

ဤသို့သင်ကြားခဲ့ရာ တစ်လအတွင်း၌ပင် မင်းညိုသည် သင်ပုန်းကြီးကို ကုန်စင်အောင် တတ်မြောက်လေတော့၏ ထို့နောက် ပါဠိနှင့် သင်္ချာကို ဆက်၍သင်ပြန်လေ၏။

"သင်္ချာမတတ်ရင် မဖြစ်ဘူးကွ၊ သင်္ချာဆိုတာ တွက်ချက် ခြင်းပဲ၊ သင်္ချာနဲ့ကင်းပြီး ဒီလောကမှာမရှိဘူး၊ ကုန်ကုန်ပြော မယ်ကွာ၊ သင်္ချာတတ်တဲ့လူကို စုန်းမကတောင် မပြုစားနိုင်ဘူး သင်္ချာပညာဟာ ဒါလောက်အစွမ်းထက်တယ်"

ဟု အစချီကာ သင်္ချာကိုသင်ပြန်လေ၏။ ဦးဂွမ်တီ သင်္ချာ သင်ပုံမှာလည်း အဆန်းပင်ဖြစ်၏။

"ချောင်မင်းဆက်မှာ ဝိဘုရင်က အင်မတန်ကြီးမားတဲ့ လိပ်ကြီးရဲ့ကျောမှာ မှတ်တမ်းတင်ထားတဲ့ သင်္ချာကိန်းတစ်ခုပဲကွ အလျားပဲ ပေါင်းပေါင်း၊ ကန့်လန့်ပဲ ပေါင်းပေါင်း၊ ဒေါင်လိုက်ပဲ ပေါင်းပေါင်း ၁၅ ရတယ်ကွ၊ အနောက်တိုင်းက လူတွေက 'မက်ဂျစ်စကွဲယား' လို့ . . . ခေါ်တယ်၊ မြန်မာတွေကတော့




www.burmeseclassic.com

www.burmeseclassic.com



စမ္ပုနဝအင်း လို့ခေါ်တယ်" ဟုဆိုကာ တစ်ဖက်ပါပုံကို ရေးပြလေ၏။




"လိပ်ရဲ့ ကျောပေါ်က ရှိတဲ့ ဂဏန်းတွေဟာ ဟောဒီ အတိုင်းပဲ"

| | | |
|---|---|---|
| ၄ | ၉ | ၂ |
| ၃ | ၅ | ၇ |
| ၈ | ၁ | ၆ |





"မြန်မာအင်းဆရာတွေက အဲဒါကို ဗိုလ်တက်ဗိုလ်ဆင်းအင်းလို့ ခေါ်ကြတယ်၊ တစ်နေရာမှာ နှစ်၊ နှစ်နေရာမှာ သုံး၊ အဲဒီလိုလုပ်ပြီး ပေါင်းကြည့်စမ်း၊ ဘယ်လောက်ဖြစ်သွားသလဲ"

ဟုဆိုသဖြင့် မင်းညိုလည်း ဂဏန်းများကို တစ်ခုစီတိုး၍ ပေါင်းကြည့်ရာ အဖြေများမှာ ၁၈-၂၁-၂၄-၂၇ စသည်ဖြင့် ထွက်၍လာလေ၏။ ထိုအခါ၌ ဦးဂွမ်တီက -

အလယ်ကွက်မှာ ၅ ဂဏန်းရှိလျှင် အဖြေက ၁၅ ဖြစ်သွားသကဲ့သို့ အလယ်၌ ၆ ဂဏန်းရှိလျှင် ၁၈ ဖြစ်၍သွားကြောင်း၊ ထို့ကြောင့် အလယ်ဂဏန်းကို သုံးဖြင့်မြှောက်လျှင် အဖြေရနိုင်ကြောင်းကို ရှင်း၍ပြပြီးလျှင် သင်္ချာ၏ စိတ်ဝင်စားဖွယ်ရာတို့ကို သင်ပြလေ၏။

ဦးဂွမ်တီ သင်ပြသော သင်္ချာတွင် ၃၇ ဂဏန်းသည်လည်း အထူးအဆန်းအဖြစ် ပါဝင်လေ၏။

"လူကလေး . . . ၃၇ ဂဏန်းဟာ သိပ်ပြီးဆန်းတယ်ကွ၊ ၁ သုံးလုံး၊ ၂ သုံးလုံး၊ ၃ သုံးလုံး စတဲ့ သုံးလုံးတူဂဏန်းတွေကို စားရင် ပြတ်တယ်၊ စားလို့ပြတ်ရုံတင်မကဘူးကွ၊ ရလဒ်ဟာလဲ ဂဏန်းသုံးလုံးပေါင်းနဲ့ အတူတူပဲ၊ ဥပမာ ၁ သုံးလုံးကို ၃၇ နဲ့ စားရင် ၃ ပဲရတယ်၊ ၂ သုံးလုံးကိုစားရင် အဖြေဟာ ၆ ပဲ ရတယ်၊ အဲဒီလို ထူးခြားနေတယ်"

ဟူ၍လည်းကောင်း၊ သင်္ချာပညာ၌ အမြှောက်အစားကို သင်ရာ၌လည်း လွန်စွာမှတ်သားဖွယ်ကောင်းလေသည်။



www.burmeseclassic.com

www.burmeseclassic.com

"၈ နဲ့စားလို့ ပြတ်မယ့်ကိန်းဟာ နောက်ဆုံးဂဏန်းသုံးလုံးဟာလဲ ၈ နဲ့စားရင် ပြတ်တဲ့ဂဏန်း ဖြစ်ရမယ်ကွ၊ ၄ နဲ့စားရင် ပြတ်မယ့်ကိန်းဟာ နောက်ဆုံးနှစ်လုံးကို စားရင်လဲ ပြတ်ရမယ်ကွ၊ အဲဒီလိုအချက်တွေ မသိဘဲနဲ့ အစားကိုတွက်ရင် နောက်ဆုံးတွက်ပြီးမှပဲ ပြတ်တယ် - မပြတ်ဘူးဆိုတာ သိရလိမ့်မယ်၊ သင်္ချာတွက်တဲ့လူက သင်္ချာသဘော ပါရမယ်ကွ၊ ဖျတ်လတ်တိကျနေရမယ်၊ ဥပမာ ၂ ဒ္ဓိ နဲ့ စားရမယ့် အလုပ်မှာ ၄ နဲ့ မြှောက်ပြီး ၁၀ နဲ့ စားတာက ပိုပြီးမြန်လိမ့်မယ် . . .

၃ ၃္ဓိ နဲ့ စားရမယ့် အလုပ်မှာ ၃ နဲ့မြှောက်ပြီး ၁၀ နဲ့ စားတာက မြန်တယ်၊

၁၂ ဒ္ဓိ နဲ့ စားရမယ့်အလုပ်မှာ ၈ နဲ့မြှောက်ပြီး ၁၀၀ နဲ့ စားတာက မြန်တယ်"

ဟု ပြောပြတတ်လေ၏။ ဦးဂွမ်တီသည် သင်္ချာတွက်ရာ၌ လွန်စွာမြန်ဆန်၍ လွန်စွာမှလည်း မှန်ကန်လှပေသည်။ ထို့အတူ ပဟေဠိဖြေခြင်း၊ ကျားရွှေ့ခြင်းအလုပ်တို့၌ လွန်စွာကျွမ်းကျင်သူ ဖြစ်၏။

မင်းညိုအား သင်္ချာသင်ပေးပြီးသည့်အခါများ၌ ဦးဂွမ်တီက စစ်တုရင်ကစားနည်းကိုပါ သင်ပြပေးလေသည်။ ဦးဂွမ်တီတို့၏ စစ်တုရင်၌ အမြောက်လည်း ပါ၏။ လေယာဉ်ပျံလည်းပါ၏။ အမြောက်သည် အကွက်ပေါင်းများစွာကို ကျော်၍စားနိုင်သကဲ့သို့ လေယာဉ်ပျံကလည်း အမြောက်ကဲ့သို့ မစားနိုင်သော်လည်း





အကွက်ပေါင်းများစွာကို ကြားတွင် မည်သည့်အကောင်ရှိရှိ အမြောက်ကလွဲလျှင် အားလုံးကျော်၍ ရွှေ့နိုင်ပေသည်။

ဦးဂွမ်တီသည် မင်းညိုအား စစ်တုရင်သင်ရင်း မင်းညို၏ တ်ကူးလွဲပုံများကို တွေ့ရသောအခါ၌ -

"မလုပ်သင့်တာကို လုပ်ရင် ပျက်စီးတတ်သလို လုပ်သင့်သာအရာကို မလုပ်မိရင်လဲ . . . ကိုယ်ကျိုးနည်းတတ်တယ်တလေး၊ လှည်းပေါ်ကို အလွန်ပေါ့ပါးတဲ့ ဥဒေါင်းငှက်ရဲ့တောင်ပင် ဖြစ်ပါစေကွာ၊ မတန်တဆ တင်ရင်တော့ည်းဝင်ရိုး ကျိုးမှာ အမှန်ပဲ၊ အခုလဲ မင်းရဲ့လေယာဉ်ပျံကလို့ရတယ်ဆိုပြီး အကြောင်းမရှိဘဲ ပျံနေလိုက်တာ အခုတော့ရဲ့ အမြောက်စာမိပြီမဟုတ်လား၊ လူကလေး . . . ဒါကြောင့်သာကမှာ လိုတာထက်ပိုရင် ဘာမှမကောင်းဘူးကွ၊

"စစ်သည်ရဲမက်ဆိုတာ အကြောင်းမရှိတဲ့အခါ ကျောက်ား ကျောက်တိုင်လို တည်ငြိမ်ရမယ်ကွ၊ အကြောင်းရှိလာရင်တ်ဖျတ်လတ်လတ် တက်ပြီးတိုက်ခိုက်ရမယ်၊ ခုတော့ မင်းရဲ့်သားတွေဟာ အစဉ်သဖြင့် ငြိမ်သက်လှတယ်ကွာ၊ ဒါကြောင့်ရဲ့တင့်ကားကြီးက ကြိတ်ပြီပေါ့၊ ဒါကြောင့် လောကမှာ အချိန်ခါကို သိရတယ် လူကလေး"

စသည်ဖြင့် စစ်တုရင်ကွက်ကို လောကကြီးဖြင့် ပမာပြ၍င်းညိုကလေးအား သင်ပြပေးလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မောင်မင်းညိုသည် တစ်လကျော်ကျော်လောက်အတွင်း၌ပင် အတွက်အချက်ကို ကျွမ်းကျင်စွာ တတ်မြောက်လေတော့၏။ ထို့နောက် ရာဇဝင်ကို သင်ပြန်၏။

"လူကလေး . . . ရာဇဝင်ဆိုတာ တကယ်ဖြစ်ပျက်ခဲ့ တယ်လို့ အခိုင်အမာ ရေးထားပေမယ့် ရေးတဲ့ပုဂ္ဂိုလ်ဟာလဲ အ တုန်းက မရှိသေးတဲ့လူ ဖြစ်နေတယ်ကွ၊ ဒါကြောင့် ယုံကြည် တော့ ခပ်ခက်ခက်ပဲ"

ဟု အစချီပြီးလျှင် ရာဇဝင်ပေါင်းစုံကို ပြောပြ သင်ကြ ပေးလေ၏။

"ရာဇဝင်ဆိုတာ မထင်ရှားတဲ့လူက ထမင်းကလေးစား အတွက် ရေးထားတဲ့ ထင်ရှားတဲ့လူတွေအကြောင်းပေါ့ကွာ"

ဟုလည်း ရာဇဝင်ကို ပမာမခန့် တင်စားပြောဆိုလေ၏။

သို့ရာတွင် သင်ကြားသည့်အခါ၌မူ လွန်စွာ စနစ်ကော လှပေသည်။ နန်းတက်သက္ကရာဇ်၊ နတ်ရွာစံ သက္ကရာဇ်၊ မင် အမည်နှင့်တကွ ဆွေမျိုးတော်စဉ်ဇယားကိုပါ လက်ဖြင့်လုပ် ပေး၏။ ကျက်မှတ်ရလည်း လွယ်ကူပေသည်။ မြန်မာရာဇ ပြီးသည်နှင့် တရုတ်ရာဇဝင်၊ ဂျပန်ရာဇဝင်၊ ဥရောပ ရာဇ စသည်ဖြင့် စုံ၍နေအောင် သင်ပြလေ၏။

ရက်ပေါင်းတစ်ရာအတွင်း၌ မင်းညိုအား ပြည့်ပြည့်စုံ ကလေး သင်ကြားပေးပြီးနောက် -

"ဒီဥစ္စာ ပထမဆင့်ပဲ ရှိသေးတယ်"





ဟု ပြောဆိုပြီးလျှင် ထိုအိမ်မှ လခကိုထုတ်ယူကာ မင်းညိုအား ခေါ်ယူ၍ ကမ်းနားလမ်းရှိ တရုတ်ဟိုတယ်ကြီးတစ်ခုသို့ သွားပြီးလျှင် ဟိုတယ်မန်နေဂျာအား တရုတ်ဘာသာဖြင့် အလွန်အင်မတန်မှ တရုတ်ဟင်းချက်ကောင်းတဲ့ ကမ္ဘာ့အငယ်ဆုံး စားတော်ကဲတစ်ဦးကို ခေါ်ယူခဲ့ကြောင်း၊ လခကောင်းကောင်း ရလျှင် အလုပ်လုပ်လိုကြောင်း ပြောဆိုရာ မန်နေဂျာက စမ်း၍ ကြည့်ချင်ပါသည်ဟု ဆိုကာ မင်းညိုအား ဟင်းသုံးပွဲချက်၍ ခိုင်းလေ၏။

မင်းညိုက ရွှေဖရုံသီးအတွင်း၌ ဝက်၏ ဝမ်းတွင်းသားကို ထည့်၍ ပေါင်းပြီးလျှင် ဂျုံဖြင့် ပြုလုပ်ထားသော မျောက်ရုပ်သဏ္ဌာန်ကို ထိုဖရုံသီးပေါင်း၌ကပ်၍ ဦးဂွမ်တီ သင်၍ပေးထားသည့်အတိုင်း တရုတ်ဘာသာဖြင့် (ကျင်စမ်းစမ်ပိုင် ဟိုချိုက်) ဟု ပြောလိုက်လေ၏။ ထိုဘာသာစကား၏ အဓိပ္ပာယ်မှာ ရွှေတောင်ပေါ်က မျောက်ဖြူသုံးကောင်ဟုအဓိပ္ပာယ်ရလေ၏။

ထို့နောက် "နဂါးနှစ်ကောင်နှင့် ပတ္တမြားတစ်လုံး" ဟူသော ဟင်းကိုချက်ပြပြန်၏။ ဟိုတယ်မန်နေဂျာမှာ စားတော်ကဲကလေး မင်းညိုကို လွန်စွာသဘောကျ၍နေလေ၏။

"ဟောဒါကတော့ နန်းတွင်းစားတော်ကဲကြီးတစ်ဦးဖြစ်တဲ့ 'မတူကြီး' ဆိုတဲ့ တရုတ်အဘိုးကြီးက သီပေါဘုရင်နဲ့ မိဖုရားစုကို မကြာခဏချက်ပြီး ဆက်သရတဲ့ 'သူကရဗျဥ္စန' လို့ ခေါ်ပါတယ်၊ ဝက်သားဟင်းလေး ချက်နည်းပါ"

ဟု ဆိုလေ၏။



www.burmeseclassic.com

www.burmeseclassic.com

(ငှင်းဟင်းချက်နည်း အသေးစိတ်ကို ချက်စားလိုသော ပုဂ္ဂိုလ်များ ဟံသာဝတီပုံနှိပ်တိုက်ထုတ် စားတော်ချက်ကျမ်း စာမျက်နှာ ၃၄ မှာ ဖတ်ရှုနိုင်ပါသည်။ ကျွန်ုပ်မှာမူ ဟင်းချက် ဝါသနာပါသော အဘိုးကြီးတစ်ဦး၏ မှတ်စုသာလျှင် ရှိပါသည်။ စာရေးသူ)

ဟိုတယ်မန်နေဂျာသည် မင်းညိုအား တစ်လလျှင် ငါးဆယ်ဖြင့် အလုပ်ခန့်လိုက်လေ၏။ မင်းညို၏ အလုပ်တာဝန်မှာ ညနေ ၄ နာရီမှ နံနက် ၄ နာရီအထိ ချက်ပြုတ်ပေးရလေ၏။ တစ်ခါတစ်ရံ အထူးဧည့်ခံပွဲများရှိလျှင် အချိန်ပိုဆင်း၍ ချက်ပေးရလေ၏။

အလုပ်ခန့်သည်ဆိုသည်နှင့် တစ်ပြိုင်နက် ဦးဂွမ်တီက မန်နေဂျာထံမှ ငွေတစ်ရာ့ငါးဆယ် ထုတ်ယူခဲ့လေ၏။

“မင်းအတွက် ဝတ်စုံချုပ်ဖို့ ဆိုပြီး ငွေတစ်ရာ့ငါးဆယ် ထုတ်လာခဲ့ပြီကွ၊ မင်းကို ဘောင်းဘီ၊ အင်္ကျီ၊ ကုတ် ချုပ်ပေးရမယ်”

ဟုဆိုကာ ဥရောပဝတ်စုံများချုပ်သော ဆိုင်၌ မင်းညို အတွက် ဝတ်စုံများချုပ်၍ပေးလေ၏။ ဝတ်စုံများရသည့်နေ့၌ ဦးဂွမ်တီက -

“ကဲ . . . လူကလေး၊ ဝတ်ကြည့်ပါဦး”

ဟုဆိုသဖြင့် မင်းညိုလည်း ဘောင်းဘီ၊ အင်္ကျီတို့ကိုဝတ်၍ ရှူးဖိနပ်ကိုစီးပြီးလျှင် လည်စီးနက်တိုင်ကို ချည်နှောင်လေ၏။





“ဝတ်ပုံစားပုံ တယ်လဲအချိုးကျပါလားကွ”

ဟု ဦးဂွမ်တီက ပြောလေ၏။

“ဖိနပ်မစီးတတ်လို့ မောင်မောင်ကြီး ကျွန်တော့်ရင်ဝကို နပ်ဦးနဲ့ ကန်ခဲ့ဖူးတယ်၊ ပြီးတော့ နက်တိုင်လဲ သူစည်းတာကို ကျွန်တော်ကကြည့်ပြီး မှတ်ထားရတယ်လေ”

ဟု မင်းညိုက ပြောလေသည်။

“ဟဲ ဟဲ . . . ကျွန်ခံပြီး သင်ထားရတဲ့ပညာလို့ ဆိုနိုင် ာပေါ့ လူကလေး၊ မင်းဟာ ဒီအဝတ်အစားနဲ့ဆိုတော့ တယ်ပြီး ားနားသွားတာကိုး၊ ကဲ . . . လာ၊ ဟိုတယ်မန်နေဂျာဆီကို သွားမယ်”

ဟုဆိုကာ ဟိုတယ်သို့သွား၍ မန်နေဂျာနှင့် တွေ့ဆုံလျှင် န်နေဂျာက တရုတ်ဘာသာဖြင့် -

“အလွန်ပဲ လေးစားဖွယ်ရာ ကောင်းတဲ့ ကမ္ဘာ့အငယ်ဆုံး ားတော်ကဲကြီးခင်ဗျား၊ ခင်ဗျားကို ဓာတ်ပုံရိုက်ပြီး ကြော်ငြာ ယ်”

ဟု ဆိုကာ ဓာတ်ပုံဆရာကိုခေါ်၍ ဓာတ်ပုံရိုက်ကူးပြီးလျှင် ္ဘဇင်းများ၊ ဂျာနယ်များနှင့် သတင်းစာများတွင် “စစ်၊ ကျဲ၊ န်၊ ကျွေ၊ ရှောင်တဲ့ချူးဆ”

“ကမ္ဘာ့အငယ်ဆုံး စားတော်ကဲကလေး မစ္စတာမင်းညို၏ က်ရာဖြင့် ဧည့်ခံပါမည်”

ဟု ကြော်ငြာလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှစ၍ ဟိုတယ်မှာ စည်ကားလေတော့၏။ ထိုသို့ လူစည်ကားလာသည်နှင့်တစ်ပြိုင်နက် မင်းညိုအား လခ ဖ အထိ တိုး၍ပေးလေ၏။

မင်းညိုသည် ဦးဂွမ်တီနှင့်အတူ တရုတ်ဘုံကျောင်း၌ လိုက်၍နေ၏။ နေ့အခါ၌ မင်းညိုသည် ဆရာတစ်ဦးထံ၌ လခ ပေး၍ စာသင်ယူလေ၏။

တစ်နှစ်ပြည့်သောအခါ၌ အစိုးရစစ် ၇ တန်း စာမေးပွဲသို့ ဝင်ရောက်ဖြေဆိုရာ အောင်မြင်လေ၏။ ထိုအခါ၌ ဦးဂွမ်တီက—

“ကောက်တွဲ ... ၇ တန်းအောင်ပြီ၊ တောမှာတော့ မြို့ပိုင်ဖြစ်ပြီ၊ မြို့မှာတော့ ပြာတာလောက်ပဲရမယ်ကွ”

ဟု ဦးဂွမ်တီက ရယ်ရွှင်ဖွယ်ရာ နောက်ပြောင်လေ၏။ မင်းညိုသည် တရုတ်ဟိုတယ်၌ စားတော်ကဲအလုပ်ကိုလုပ်ရင်း ကျောင်းကို ဆက်၍ တက်ခဲ့လေ၏။ ထိုအတောအတွင်း၌ ဦးဂွမ်တီထံမှ အတတ်မျိုးစုံကိုလည်း သင်ယူ တတ်မြောက်ခဲ့ ပေသည်။

ဤသို့နှင့်ပင် မင်းညိုသည် အသက် ၁၈ နှစ်အရွယ်သို့ ရောက်ခဲ့လေ၏။ ထိုအခါ၌ ဦးဂွမ်တီသည် မင်းညိုအား အောက်ပါအတိုင်း ပြောပြလေ၏။

“လူကလေး ... လူတွေဟာ အသက်ရှင်နေကြတာတ တော့ မှန်တယ်၊ ဒါပေမဲ့ ဘာလုပ်ဖို့အသက်ရှင်နေတယ်ဆိုတာ ကိုတော့ လူတွေဟာ မတွေးမိကြဘူး။ အမှန်ကတော့ ဗဟိုချက် သဘောတရား ပျောက်ဆုံးနေလို့ပဲ၊ ငါက အဲဒီသဘောတရားကို





ဗဟိုချက်လို့ နာမည်ပေးထားတယ်၊ အဲဒီသဘောတရားကတော့ တရုတ်လို ‘ကျုံဆင်း’ လို့ ခေါ်တယ်ကွ၊ လောကကြီးမှာရှိတဲ့ လောကသားတွေကို သနားကြင်နာခြင်းနဲ့ သူတို့ရဲ့အကျိုးကို ဆောင်ခြင်းပဲကွ၊ သူတစ်ပါးရဲ့အကျိုးကို ဆောင်လိုတဲ့စိတ်မရှိဘဲ ကြီးပွားချမ်းသာအောင်လုပ်တဲ့လူဟာ မပြောပလောက်အောင် ဘဲ ကြီးပွားချမ်းသာတတ်ပါတယ်၊ တကယ့်ကို ထိုက်ထိုက် တန်တန် ကြီးပွားချမ်းသာချင်ရင်တော့ သူတစ်ပါးရဲ့အကျိုးကို ဆောင်ရွက်ပေးတဲ့စိတ်နဲ့ လုပ်ရတယ် လူကလေး၊ အဲဒီလို သူတစ်ပါးအကျိုးကို ဆောင်ရွက်ပေးနိုင်တဲ့စွမ်းရည်ကို ရဖို့ဆိုရင် သူရသတ္တိအများကြီးလိုတယ်၊ သူရသတ္တိကို စမ်းသပ်တဲ့နေရာမှာ စစ်မြေပြင်ဟာ အကောင်းဆုံးပဲကွ၊ ဒါကြောင့် ဘာပဲဖြစ်ဖြစ် မင်းကို စစ်တိုက်ဖူးစေချင်တယ်ကွာ”

ဟုဆိုကာ ဟိုတယ်စားတော်ကဲကြီးအလုပ်မှ ထွက်စေ၍ အိန္ဒိယပြည် ရာဝါပင်ဒီရှိ အင်္ဂလိပ် စစ်စုဆောင်းရေးဌာနသို့ စေလွှတ်လိုက်လေတော့၏။ စစ်တပ်သို့ မလွှတ်မီ၌လည်း နေ့စဉ် နေ့တိုင်းလိုပင် အောက်ပါစကားတို့ကို ပြောလေ၏။

“လူကလေး ... စစ်သူရဲကောင်း ဖြစ်အောင် ငါ့ကို ကြိုးစားပြစမ်းပါ၊ ဒီစမ်းသပ်မှုဟာ အရေးကြီးတဲ့ စမ်းသပ်မှုဖြစ် တယ်၊ သူရဲကောင်းဆိုတာ ဒဏ်ရာမရတဲ့ရက်တွေကို တွေးပြီး နှမြောနေတတ်တယ်၊ မိမိကိုစူးဝင်တဲ့ ရင်ဝကလှံကို အပြုံးမပျက် ဘဲ နုတ်နိုင်တဲ့ သူရဲကောင်းမျိုးဖြစ်အောင်လုပ်စမ်းပါ၊ မင်းကို လူတွေက ရှိခိုးကြလိမ့်မယ်၊ ဆင်ပြောင်ကြီးကို လွဲချော်သွားစေတဲ့



www.burmeseclassic.com

www.burmeseclassic.com



လှံတံကို ကိုင်မယ့်အစား ယုန်သူငယ်ကို အမိဖမ်းနိုင်တဲ့ သမန်း မြှက်ကို လက်နက်အဖြစ် ပိုပြီးအသုံးပြုသင့်တယ် လူကလေး

"ကြောက်ရွံ့ခြင်းဟာ ယောက်ျားတစ်ယောက်ကို ကျတ် သရေ ယုတ်စေတယ်၊ တကယ်လို့များ မင်းဟာ လူကြီးဖြစ်ခဲ့လို့ ရှိရင် ကြောက်တတ်ပြီး စည်းကမ်းရှိသေတဲ့လူထက် စည်းကမ်း မရှိသေဘဲ ကြောက်ရွံ့မှုမရှိတဲ့ လူရမ်းကား အောက်လက် ငယ်သားကို ပိုပြီးအသုံးပြုသင့်တယ် လူကလေး . . .

"မစွန့်စားဘဲ အနှစ်တစ်ရာအသက်ရှည်ရတာထက် စွန့်ပြီး တစ်မနက်နဲ့ သေရတာက . . . ယောက်ျားတစ်ယောက်အဖို့ ဂုဏ်သိက္ခာရှိပါတယ် လူကလေး . . .

"လူတွေဟာ သေရမှာကို ကြောက်ကြတယ်၊ သေရမှာကို မကြောက်တဲ့လူနဲ့တွေ့ရင် သူတို့ကဦးညွှတ်ကြတာပဲ လူကလေး"

မင်းညိုအား မင်္ဂလာဒုံရှိ စစ်တပ်၌ စာရင်းသွင်းရေးခဲ့ရာ ထိုစစ်တပ်မှတစ်ဆင့် ရာဝါပင်ဒီသို့ ပို့ခဲ့လေ၏။ ဤသို့နှင့်ပင် မင်းညိုသည် စားတော်ကဲ ထမင်းချက်တစ်ဦးဘဝမှ အင်္ဂလိပ် စစ်သားတစ်ဦး ဖြစ်ခဲ့ရပြန်၏။ ထိုအချိန်မှစ၍ မင်းညိုနှင့် ဦးဂွမ်တီသည် ကွဲကွာ၍သွားလေတော့၏။

စစ်တပ်၌ တစ်နှစ်ကျော်ကျော်ခန့် အမှုထမ်းပြီးသည့်အခါ၌ မင်းညို၏ အရည်အချင်းကြောင့် ဆူဗေဒါ၊ ဟာဗေဒါ၊ ဂျမဒါ စသော ရာထူးများကို တစ်ဆင့်ပြီး တစ်ဆင့် တက်ခဲ့ပြီးနောက် ဆပ်လက်ဖတင်နင် ခေါ် ဗိုလ်ကလေးရာထူးကို ရရှိခဲ့လေ တော့၏။





ဆပ်လက်ဖတင်နင် ရာထူးဖြင့် တစ်နှစ်ကျော်ကျော်ခန့် အမှုထမ်းရွက်ပြီးသည့်နောက် လက်ဖတင်နင်ရာထူးသို့ တိုးမြှင့် ခြင်း ခံခဲ့ရလေ၏။ ဤသို့နှင့်ပင် ဖခင်၏စွန့်ပစ်ခြင်းခံခဲ့ရသော မင်းညို . . .၊ ပလာတာ ဝင်၍တောင်းရာမှ ရိုက်နှက်မှုဖြစ်ခဲ့ပြီး အချုပ်သမားတရားခံ မင်းညို . . .၊ လမ်းပေါ်၌ လျှောက်၍ သွားနေသည့် တရုတ်အဘိုးကြီး၏တပည့် မင်းညို . . .၊ ငွေ ၁၅ ကျပ်ဖြင့်ရောင်းစားခြင်းခံခဲ့ရသောငွေဝယ်ကျွန်မင်းညို . . .။

ကံမ္မာအငယ်ဆုံး စားတော်ကဲ မင်းညိုမှ တစ်ဖန် ယခု လက်ဖတင်နင် မင်းညိုဘဝသို့ ရောက်ရှိခဲ့ပေပြီ။

တစ်နေ့သ၌ လက်ဖတင်နင်မင်းညိုအား မိမိတာဝန်ကျရာ အမှတ် (၁၂) တပ်မှ တပ်၏အကြီးအမှူးဖြစ်သူ ဗိုလ်မှူးကြီး ကာနယ် ဘော်လဒွင်က ခေါ်ယူ တွေ့ဆုံပြီးလျှင် အောက်ပါ အဓိပ္ပာယ်ရသော အင်္ဂလိပ်ဘာသာစကားဖြင့် ပြောဆိုလေ၏။

"လက်ဖတင်နင်မင်းညို . . . ကျွန်ုပ် မောင်မင်းတို့တပ် မရောက်မီကတည်းက မောင်မင်းရဲ့ နာမည်နဲ့ လွှန်စွာရင်းနှီးခဲ့ ပါတယ်၊ မောင်မင်းဟာ မြန်မာလူမျိုးဖြစ်ပြီး 'ဗန္ဓုလ သီ ဂရိတ်' ရဲ့ ဂုဏ်သိက္ခာကို ထိန်းသိမ်းနိုင်မယ့် မြန်မာတစ်ယောက်လို့ ကျွန်ုပ်ကို ကာနယ်မော်တင်က ပြောဖူးပါတယ်"

"ကာနယ်ကြီး ဘာကိုခိုင်းစေချင်လို့လဲ ကျွန်တော့်ကို ခေါ်လောက် ချီးကျူးရရင် တော်လောက်ပါပြီ"

"အေး - ဟုတ်တယ်၊ ခိုင်းဖို့ခေါ်တာပဲ၊ လူခြောက်ယောက် ခေါ်သွားပါ၊ မင်းကြိုက်တဲ့လူကိုခေါ်နိုင်ပါတယ်၊ ပြီးတော့ မင်းက



www.burmeseclassic.com

www.burmeseclassic.com



ဦးစီးခေါင်းဆောင်လုပ်ပြီး ဆူလေမန်တောင်တန်းအတိုင်းသွားပြီး ဘန္ဓုမြို့နားက တောထဲမှာ တောပုန်းဓားပြကြီး 'ဝဆစ်ခန်း' ဆိုတာရှိတယ်၊ သူ့ကို အခု အစိုးရက ဆုငွေ ၁၀၀၀ဝိ ထုတ်လိုက်ပြီ၊ အဲဒီလို ဆုငွေထုတ်လိုက်တာဟာ ကျွန်ုပ်တို့စစ်တပ်ကို ပြက်ရယ်ပြုလိုက်သလိုရှိနေတယ်၊ စစ်ရုံးကလဲ ကျွန်ုပ်ကို ထုတွေ လွှာ တောင်းနေတယ်၊ ဝဆစ်ခန်းကို မနိုင်တော့ဘူးလားတဲ့ ကျွန်ုပ် အများကြီး အခက်ကြုံနေတယ်၊ ကျွန်ုပ်က အလင်းရောင် အောက်မှာ နေတယ်၊ ဝဆစ်ခန်းက မှောင်ထဲမှာနေတယ် မှောင်ထဲကနေ ကျွန်ုပ်တို့ကို ခဲနဲ့ပေါက်နေတယ်၊ ကျွန်ုပ် မှောင်ထဲ က ဝဆစ်ခန်းကို ဘယ်လိုလုပ်ပြီး ရှာနိုင်မှာလဲ . . .၊ ဒီတော့ လက်ဖတင်နှင် မင်းညိုက ဝဆစ်ခန်းကို ဖမ်းပေးနိုင်မလား"

ဟု ကာနယ် ဘော်လဒွင်က အကဲစမ်းသောလေသံဖြင့် မေးလိုက်လေ၏။

"ဖမ်းပေးနိုင်ပါတယ်၊ ကျွန်တော်ကြိုက်တဲ့လူတွေကိုရွေးပြီး ခေါ်သွားခွင့်ပြုပါ"

"ခေါ်သွားပါ၊ ဖမ်းပေးနိုင်ရင် မောင်မင်းကို လက်ဖတင်နှင် ကနေ ကပ္ပတိန်အထိ ရာထူးတိုးတက်ပေးဖို့ ကျုပ် တာဝန်ယူ ပါတယ်"

"ရာထူးမရရင်လဲ စွန့်စားမှာပါပဲ၊ ရာထူးက ကိစ္စမရှိပါဘူး"

"ဟုတ်ပါတယ် . . .၊ သူရဲကောင်းကြက်ခြေတံဆိပ်ရဖူးတဲ့ လူတော် တစ်ယောက်ပဲ၊ ရာထူးကို မမက်ဘူးဆိုတာ ကျွန်ုပ် သိပါတယ်၊ နောက်ထပ် ဘာလုပ်ပေးရမလဲ"





"မလိုပါဘူး၊ လိုအပ်တာကို ကျွန်တော့်အနေနဲ့ လူလွှတ်ပြီး အကူအညီတောင်းပါ့မယ်"

ဟု ဆိုကာ မင်းညိုသည် မိမိနှင့်အတူတကွ စစ်တိုက်ထွက်ခဲ့သော လူခြောက်ယောက်ကို ရွေးချယ်လိုက်လေ၏။

ထိုသူတို့ကား ဂျမဒါ ရပ်ချိကူးမား၊ ဂျမဒါ ချတ္တာရီ၊ ရိုင်ဖယ်သမား ဘသောင်း၊ ရိုင်ဖယ်သမား ချစ်ကောင်း၊ ရိုင်ဖယ်သမား ဖေသိန်း၊ ဆူဗေဒါ မောင်မောင်တို့ ဖြစ်ပေသည်။

ထိုသူတို့ကား သူမတူအောင် စွန့်စားရဲ၏။ သူမတူအောင် စည်းကမ်းမဲ့၏။ သူမတူအောင် ရမ်းကား၏။ ထို့ကြောင့် သူတို့သည် စစ်တပ်၌ မုတ်ဆိတ်ဖြူသည့်တိုင်အောင်နေသော်လည်း ရာထူးတက်ဖွယ်ရာမရှိသော သေမထူး နေမထူး ဆိုသောသူများ ဖြစ်၏။

မင်းညိုသည် လူဆိုးကြီးဝဆစ်ခန်းအား ဖမ်းဆီးရန်အတွက် နည်းလမ်းများကို အမျိုးမျိုး အဖုံဖုံ ကြံဆခဲ့လေ၏။ ထိုသို့ ကြံဆရင်း ငယ်စဉ်က ဦးဂွမ်တီနှင့် စစ်တုရင်ကစားခဲ့သည်ကို အမှတ်ရလေ၏။ ထိုစဉ်က ဦးဂွမ်တီ၏ ဘုရင်မင်းကြီးကို မင်းညိုက သူ၏စစ်သား "နယ်ရုပ်" ကလေးများဖြင့် လိုက်၍ ဖမ်းဆီးရာ မမိဘဲရှိလေ၏။ ထိုအခါ၌ ဦးဂွမ်တီက -

"လူကလေး . . . ဒီလို နောက်ကနေပြီး ဖမ်းနေရင် ဘယ်ကလာ မိမှာလဲကွ၊ တစ်ဖက်က ပြေးနိုင်မယ့်နေရာတွေကို အရင်ဆုံး ကိုယ့်ရဲ့အကောင်တွေကို ပို့ထားရတယ်၊ အဲဒီလို ပို့ထားပြီးမှ ပြေးနိုင်လွှားနိုင်တဲ့ 'တင့်ကား'၊ 'ရထား' တို့လို



www.burmeseclassic.com

www.burmeseclassic.com



အကောင်နဲ့လိုက်ပြီး တိုက်ရတယ်၊ ‘ခွေ’ ရတယ်ကွ၊ တိုက်ရည် ခိုက်ရည် ကောင်းတယ်ဆိုတာ ရဲစွမ်းသတ္တိတစ်ခုတည်းနဲ့မရဘူး ကြံရည်ဖန်ရည်လဲ ကောင်းရတယ်ကွ”

ဟု ဆိုကာ မင်းညို၏ ဘုရင်ရုပ်ကို ဖမ်းပြခဲ့ဖူးလေ၏။

ထို့ကြောင့် မင်းညိုသည် မြေပုံကိုချ၍ တောပုန်းကြီး ဝဆစ်ခန်း ခိုကပ်နိုင်သော နေရာများကို အမှတ်အသားပြု လေသည်။ တောပုန်းဆိုသည်မှာ တော၌ချည်း ပုန်းနေ၍မဖြစ် ပေ။ မြို့ရွာနှင့်မနီးမဝေး တောအုပ်၊ လွင်ပြင်စသည်တို့၌ နေ ပေမည်။ သို့မှသာ စားနပ်ရိက္ခာအတွက် လွယ်ကူမည်ဖြစ်ကြောင်း သိသဖြင့်-

စစ်တုရင်၌ မင်းကြီးကိုမခွေမီ မင်းကြီးရွှေ့နိုင်သောနေရာ များသို့ မိမိနယ်ရုပ်ကလေးများ ကြို၍ရွှေ့ထားသကဲ့သို့ ထိုနေရာ များသို့ မိမိ၏ လူငါးယောက်ကို ဝရမ်းပြေးများ အဖြစ်ဖြင့် တစ်ယောက်စီခွဲ၍ စေလွှတ်ခဲ့ပေသည်။ ‘ကာဘူးအရပ်’သို့ ဂျမဒါ ရုပ်ချိုကူးမား၊ ‘ခိုင်ဘာတောင်ကြား’သို့ ဂျမဒါ ချတ္တာရီး၊ ‘ဇိုဘ’အရပ် သို့ ရိုင်ဖယ်သမား ဘသောင်း၊ ‘မီအန်စတီး’ မြို့သို့ ရိုင်ဖယ်သမား ချစ်ကောင်း၊ ‘ဒေရာအစ္စမိုင်ခန်’ သို့ ရိုင်ဖယ်သမား ဖေသိန်း၊ ‘ဂတ်ဖနီ’ မြို့သို့ ဆူဗေဒါမောင်မောင် စသည်ဖြင့်စေလွှတ်ခဲ့ပြီး နောက် မိမိကိုယ်တိုင်ကမူ ‘ဘန္နူး’ သို့ သွားရောက်ခဲ့လေ၏။

၎င်းတို့ သွားရောက် ယှဉ်ပြိုင်ရမည့် တောပုန်းကြီး ဝဆစ်ခန်း ဆိုသူမှာလည်း နှယ်နှယ်ရရလူဆိုးမျိုး မဟုတ်ပေ။ အင်္ဂလိပ်အစိုးရစစ်တပ်နှင့် ပုလိပ်အဖွဲ့ကို ခြိမ်းခြောက်နိုင်သော





တောပုန်းကြီး ဖြစ်ပေသည်။ ဝဆစ်ခန်းသည် ပထန်လူမျိုးဖြစ်၍ ၎င်းကိုယ်တိုင် မြင်းစီးကောင်းခြင်း၊ သေနတ်တည့်ခြင်း၊ လက်ဝှေ့ လက်ပမ်း၊ ဓားခုတ်လှံထိုး ကျွမ်းကျင်ခြင်း၊ ရန်သူအပေါ် ရက်စက် သလောက် မိမိ၏ယသားများအပေါ်၌ သက်ညှာခြင်းအတွက် လွန်စွာနာမည်ရသော လူဆိုးကြီးဖြစ်ပေသည်။

မင်းညိုသည် ဝဆစ်ခန်း၏ နောက်လိုက်နောက်ပါတို့ကို ခန့်မှန်းနိုင်ရန်အတွက် ဝဆစ်ခန်းတို့ ရှိမည်ထင်သော ဒေသသို့ ချဉ်းကပ်ခဲ့လေသည်။ ထိုသို့ချဉ်းကပ်ခဲ့သောဒေသမှာ ‘ပက်ရှဝါ’ မြို့ကလေးဖြစ်၏။ ထိုမြို့၏ အစွန်ပိုင်းသို့ နေ့စဉ်မပြတ် သူတောင်းစားယောင်ဆောင်၍ စုံစမ်းရန်ထွက်ခဲ့ရာ တစ်နေ့ သောအခါ၌ ဝဆစ်ခန်း၏ တပည့်တစ်ဦးသည် ဂျုံနှင့်ပဲအိတ်များ ဝယ်ယူ၍ တောလမ်းအတိုင်း မြင်းများဖြင့် သယ်ယူသွားသည်ကို တွေ့လျှင် ဂျုံအိတ်ကိုမြင်ရုံနှင့်ပင် လူနှစ်ရာထက် မနည်းကြောင်း ခန့်မှန်းမိလေတော့၏။

ထို့ကြောင့် မိမိ၏လူများဖြစ်သော ဂျမဒါ ရုပ်ချိုကူးမား၊ ချတ္တာရီး၊ ရိုင်ဖယ်သမား ဘသောင်း၊ ချစ်ကောင်း၊ ဖေသိန်းနှင့် ဆူဗေဒါမောင်မောင်တို့ထံသို့ ထောက်တော်လွှတ်၍ ပုလိပ်အဖွဲ့ များထံ၌ လူအင်အားအကူအညီယူ၍ အဆင်သင့်စောင့်နေရန် အကြောင်းကြားပြီးလျှင် ၎င်းကိုယ်တိုင်က ပုလိပ် ဒီအက်စ်စီပီ ထံ ဝင်ရောက်တွေ့ဆုံ၍ ပုလိပ်အဖွဲ့မှ ပုလိပ်အမြောက်အမြား အကူအညီတောင်းပြီးလျှင် ဝဆစ်ခန်းအား ဝင်ရောက်တိုက်ခိုက် စေလေ၏။ ထို့နောက် မင်းညိုသည် စစ်တပ် ဝရမ်းပြေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်အဖြစ်နှင့် ဝဆစ်ခန်း၏အဖွဲ့သို့ ဝင်ရောက်လေ၏။ ဝဆစ်ခန်းသည် မင်းညိုအား ယုံကြည်ခြင်းမရှိသဖြင့် ဖမ်းဆီးထားသေး၏။ တစ်ဖက်မှလည်း ပုလိပ်များက ဝင်ရောက် တိုက်ခိုက်သဖြင့် ရှောင်တိမ်းခဲ့ရာ 'ခိုင်ဘာတောင်ကြား' သို့ ရောက်လျှင် ချွတ္တာရီးက ဝရမ်းပြေးအဖြစ်ဖြင့် ဝင်ရောက်လာပြန်၏။ ထိုမှတစ်ဖန် ချွတ္တာရီး စီစဉ်ထားသော ပုလိပ်အဖွဲ့အ တိုက်သဖြင့် 'မီအန်စတီးမြို့' သို့ ရှောင်တိမ်းခဲ့ရာ ချစ်ကောင်း အကူအညီတောင်းထားသောပုလိပ်အဖွဲ့က ဖြတ်၍တိုက်ပြန်၏။ ချစ်ကောင်းကလည်း ဝရမ်းပြေးအဖြစ်နှင့် ဝဆစ်ခန်းအဖွဲ့သို့ ဝင်ရောက်လာပြန်၏။

ဝဆစ်ခန်းသည် အစပထမ၌ မင်းညိုတို့အား မယုံကြည် သော်လည်း နောက်ပိုင်း၌ယုံကြည်၍လာသဖြင့် ကြိုးဖြင့်မတုပ် တော့ဘဲ ၎င်းတို့ကိုပါ ဝင်ရောက်တိုက်ခိုက်ခိုင်းလေ၏။

မင်းညိုသည် လိုက်၍တိုက်သောပုလိပ်အဖွဲ့များကိုလည်း တစ်ဖွဲ့နှင့်တစ်ဖွဲ့တွေ့ဆုံ၍ ပူးပေါင်းရမည့်နေရာများကိုသတ်မှတ် ပေးထားခဲ့ရာ ဝဆစ်ခန်းအနေနှင့် နောက်ဆုံးဆုတ်ခဲ့သော 'ဂါဒက်ဇ' တောအုပ်သို့ရောက်လျှင် ပုလိပ်အင်အားမှာခြောက်ရာ ခန့်ရှိနေ၍ ဝဆစ်ခန်း၏ အဖွဲ့ကို ပိတ်၍ ဝိုင်းထားနိုင်ပြီဖြစ်လေ သည်။

ထိုအခါ၌ ဝဆစ်ခန်းက သူ၏နောက်လိုက်များအား -

"ငါတို့ကို ရန်သူက ပိတ်ထားလိုက်ပြီ၊ အဲဒီတော့ ဘယ်လို လုပ်မလဲ"





ဟု အကြံတောင်းရာ နောက်လိုက်တစ်ဦးက လက်နက်ချ အဖမ်းခံရန်ပြောလျှင် . . . ဝဆစ်ခန်းက နှစ်လုံးပြူးသေနတ်ဖြင့် ဒိုင်းခနဲ ပစ်ချလိုက်ပြီးလျှင် -

"လူယုတ်မာ . . . ကျက်သရေမရှိတဲ့အကြံကိုပေးတယ်"

ဟု ဆိုလေ၏။ ထို့နောက် ဆက်၍ -

"ငါ့လူတို့ . . . ဘယ်လိုလုပ်မလဲ"

ဟု မေးပြန်ရာ သူ၏တပည့်တစ်ဦးက ထ၍ -

"ပိတ်ထားတာကို ဖောက်ပြီးထွက်မယ်၊ အဲဒီလို ဖောက် ထွက်တဲ့နေရာမှာ ဝရမ်းပြေး ခုနစ်ကောင်ကို အသေခံ ရှေ့က တင်ပြီးသွားမယ်" ဟု အကြံပေးလေ၏။

"သိပ်ကောင်းတဲ့အကြံပဲကွ" ဟု ဝဆစ်ခန်းက ပြောလေ၏။

ထိုသို့ပြောပြီးနောက် မင်းညိုတို့ခုနစ်ယောက်အား ရှေ့မှ တင်၍ ပစ်ခတ်စေရာ ပုလိပ်များလည်း နောက်သို့ ဆုတ်၍ လမ်းဖွင့်ပေးလေ၏။ ထိုအခါ၌ ဝဆစ်ခန်းက သူ၏လူများအား ပစ်ခတ်ရန် အမိန့်ပေးပြီးလျှင် ၎င်းကိုယ်တိုင်ကမူ မင်းညိုတို့ ခုနစ်ယောက်၏ အလယ်မှ အန္တရာယ်ကင်းစွာဖြင့် လိုက်ပါ၍ ပုလိပ်တပ်ကို ကျော်လွန်ခဲ့လေ၏။

"ဟေ့ . . . ဝရမ်းပြေးတွေ၊ မင်းတို့ကိုအထင်လွဲပြီး ရှေ့က တင်ပြီး တိုက်ခိုင်းတာကို ခွင့်လွှတ်ပါ၊ မင်းတို့ဟာ တကယ် တိုက်ရည်ခိုက်ရည်တော်တဲ့ ဝရမ်းပြေးတွေပဲ၊ ငါ့လူတွေကတော့ မင်းတို့ကို အဲဒီလို ရှေ့ကတိုက်ခိုင်းတာကို မတက်ရင် ပစ်သတ် ကြဖို့ စီစဉ်ထားကြတာကွ"



www.burmeseclassic.com

www.burmeseclassic.com



ဟု သူ၏နှုတ်ခမ်းမွေးများကိုသပ်ရင်း ပြောလိုက်လေ၏။ ဝဆစ်ခန်း၏လူများသည် ပုလိပ်များနှင့်ပစ်ခတ်ရင်း တောအုပ်အတွင်း၌ ကျန်ရစ်ခဲ့လေတော့၏။

ဝဆစ်ခန်းကမူ မင်းညိုတို့လူစု၏အလယ်၌ အေးချမ်းစွာလိုက်ပါခဲ့လေ၏။ တိုက်ပွဲဖြစ်သည့်နေရာနှင့်အတော်လှမ်းသည့်နေရာသို့ ရောက်လျှင် မင်းညိုက ဝဆစ်ခန်း၏ လက်တွင်းမှ သေနတ်ကို ဆွဲယူလိုက်သည့်အချိန်၌ ကျန်ခြောက်ယောက်က ဝဆစ်ခန်းအား သေနတ်များဖြင့်ချိန်၍ ဖမ်းပြီးလျှင် နွယ်ကြိုးများဖြင့် ချည်နှောင်လိုက်လေ၏။

"ဝဆစ်ခန်း ဒီလိုပိတ်မိရင် ကျုပ်တို့ကို ရှေ့တိုက်ခိုင်းမယ်ဆိုတာရယ်၊ ကျုပ်တို့က ရှေ့တက်ပြီးတိုက်လို့ လမ်းပွင့်ရင် ခင်ဗျားဟာ ကျုပ်တို့ဆီ ခြံရံပြီး ရှေ့ဆုံးက အရအမိ ထွက်မယ်ဆိုတာရယ်ကို ကျုပ်က ကြိုပြီးတွက်ထားပြီးပြီ၊ ဒါကြောင့် ပုလိပ်တွေကိုလဲ ရှေ့ဆုံးက သေနတ်သံကြားရင် အပေါ်ထောင်ပစ်ပြီး နောက်ဆုတ်ဖို့ နဂိုကတည်းက ကျုပ်ကမှာထားခဲ့ပြီးပြီ ဝဆစ်ခန်း။ ဒီလို ကွက်ကျော်တွက်တတ်အောင်တော့ ကျုပ်ငယ်ငယ်ကလေးထဲက ကျုပ်ရဲ့ဆရာကြီး ဦးဂွမ်တီက သင်ပေးခဲ့တယ်၊ အဲဒီတော့ ခင်ဗျားအဖမ်းခံရတာနဲ့ပတ်သက်ပြီး ဘယ်သူ့ကိုမှ အပြစ်မတင်နဲ့၊ တကယ်လို့အပြစ်တင်ချင်ရင်လဲ ကျုပ်ဆရာကြီး ဦးဂွမ်တီကိုပဲ တင်ပေတော့"

ဟု ရယ်မော၍ ပြောဆိုပြီးလျှင် ဝဆစ်ခန်းအား ဝက်တုပ်တုပ်လျက် ကာနယ်ဘော်လဒွင်ထံသို့ ခေါ်ခဲ့လေတော့၏။





တောပုန်းကြီး ဝဆစ်ခန်းကို ဖမ်းမိပြီ ဆိုသော သတင်းကိုကြားလျှင် တစ်မြို့လုံး လာရောက်ကြည့်ရှုလေ၏။ ထိုအထဲတွင် တောပုန်းကြီး ဝဆစ်ခန်း ဟုတ်မဟုတ်ကို အတည်ပြုရန်အတွက် အိန္ဒိယစုံထောက်ဌာနမှ စုံထောက်ကျော် မူကာဂျီ၏ ဓာတ်ပုံများနှင့် တိုက်ဆိုင်စစ်ဆေးပြီးနောက် ဟုတ်မှန်ကြောင်း ဝန်ခံလေ၏။

ထို့နောက် စုံထောက် မူကာဂျီက ဝဆစ်ခန်းအား ဖမ်းဆီးခဲ့သော လက်ဖတင်နင်မင်းညိုနှင့် တွေ့ဆုံကာ ဖမ်းခဲ့ပုံ၊ ဖမ်းခဲ့နည်းကို မေးမြန်းပြီးလျှင် -

"လက်ဖတင်နင် မင်းညိုက ကျားကစားတဲ့နည်းနဲ့ ဖမ်းခဲ့တာကို ချီးမွမ်းလောက်ပါပေတယ်"

ဟု ပြောဆို၍ အမှတ်တရဆိုကာ မင်းညိုနှင့် အတူတွဲ၍ ဓာတ်ပုံတစ်ပုံ ရိုက်ကူးသွားလေတော့၏။

ဤအဖြစ်အပျက်မှာ မင်းညိုအနေနှင့် လက်ဖတင်နင်ဘဝ၌ စွန့်စားခဲ့သော စွန့်စားခန်းများအနက်မှ အလျဉ်းသင့်ရာကို ဖော်ပြခြင်းသာလျှင် ဖြစ်ပေသည်။ အမှန်စင်စစ်အားဖြင့် မင်းညိုက သေမင်းပါးစပ်တွင်းသို့ ရောက်ခဲ့ပြီးနောက် တစ်ဖန်ပြန်၍ထွက်ခဲ့သော စွန့်စားခြင်းမျိုးပေါင်းများစွာကို စွန့်စားခဲ့သည်။ ထိုသို့စွန့်စားရာ၌လည်း သူ၏ရဲဘော်များဖြစ်ကြသော မဒါ ရပ်ချိုကူးမား၊ ဘသောင်း၊ ချစ်ကောင်း၊ ဆူဒေါ မောင်မောင်၊ ချွတ္တရီး၊ ဖေသိန်း စသည့်သူများသည် တစ်ဦးဟုတ်လျှင် တစ်ဦးပါရှိမြဲ ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ကာနယ်ဘော်လဒွင် ပြောင်းရွှေ့ခါနီး၌ မင်းညိုသည် လက်ဖတင်နင်ရာထူး၊ ကပ္ပတိန်ရာထူး၊ ထိုမှတစ်ဆင့် မေဂျာ ခေါ် ဗိုလ်မှူးရာထူးသို့တိုင် တိုးတက်ခဲ့လေ၏။

မိဘမဲ့ ငွေဝယ်ကျွန်လေးအဖြစ်မှ မင်းညိုသည် "မေဂျာမင်းညို"ဟူ၍ အင်္ဂလိပ်စစ်တပ်တွင် သူရသတ္တိအရာ၌ ကျော်ကြားခဲ့လေတော့သတည်း။

<◆>

(မေဂျာမင်းညို၏ စွန့်စားခန်းဝတ္ထုကို သီးသန့်ရေးသားပြီးဖြစ်ပါသည်။ မကြာမီ ဉာဏ်ဝင်းစာပေမှ ရိုက်နှိပ် ဖြန့်ချိပါမည်။)

မင်းညိုကား အထက်က ဆိုခဲ့သည့်အတိုင်း လွန်စွာနိမ့်ကျသော အခြေအနေမှ မေဂျာမင်းညိုဟူ၍ ဖြစ်လာခဲ့ပေပြီ။ တစ်နေ့သ၌ မေဂျာမင်းညိုသည် တပ်မှနေ၍ မြို့တွင်းသို့ အညောင်းဖြေ လမ်းလျှောက်ထွက်ရာမှ ည ၉ နာရီလောက်တွင် တပ်ဆီသို့ ပြန်၍လာလေ၏။ ထိုသို့ပြန်လာရာမှ "ကမလာကတ်" ရှေ့ ရောက်လုရောက်ခင်၌ ကာနယ်မော်တင်၏ကားရပ်ထားသည်ကို တွေ့ရသဖြင့် အနည်းငယ် သတိထား၍ ကြည့်မိလေ၏။

ကာနယ် မော်တင်သည် ကလပ်အတွင်းမှ ထွက်လာ ကားပေါ် တက်ခါနီး၌ ကလပ်၏ရှေ့ မှောင်ရိပ်တစ်ခုထဲ





ပ်၍နေသော လူတစ်ယောက်သည် ကာနယ် မော်တင်ထံသို့ သွက်လက်စွာ လျှောက်၍လာပြီးနောက် ကာနယ်မော်တင်နှင့် စကားပြောဆိုလေ၏။

တစ်ခွန်းနှစ်ခွန်းခန့် ထိုသူက ဒေါနှင့်မောနှင့် ပြောဆိုပြီးနောက် ခါးတွင်ချိတ်ထားသော ဓားကိုထုတ်၍ ကာနယ်မော်တင်၏ ရင်ဝသို့ ဓားဖြင့်တစ်ဆုံးထိုးလိုက်ပြီးလျှင် ခြေဦးတည့်ရာသို့ ပြေးလေ၏။

မေဂျာမင်းညိုလည်း ထိုလူပြေးလာသည့်လမ်းမှဖြတ်၍ -

"ထယ်ရိုး" (ရပ်လိုက်)

ဟု အော်ဟစ်၍ ထိုလူသတ်သမားအား ခြောက်လုံးပြူးနှင့် ချိန်၍ထားလိုက်လေ၏။ ထိုအခါ၌ လူသတ်သမားက -

"ဟမ်ရော ဂျမဒါ ရပ်ချ်ကူးမား မေဂျာမင်းညို"

ဟုဆိုကာ ဆောင်းထားသောဦးထုပ်ကို ချွတ်၍ ပြလိုက်လျှင် မေဂျာမင်းညိုလည်း ၎င်းနှင့်အတူ တိုက်ပွဲပေါင်းများစွာ တွဲ၍ စွန့်စားတိုက်ခိုက်ခဲ့ဖူးသော ဂျမဒါ ရပ်ချ်ကူးမား ဖြစ်၍နေကြောင်း အံ့အားသင့်ဖွယ်ရာ တွေ့ရှိရသဖြင့် အောက်ပါ အဓိပ္ပာယ်ရသော ကုလားစကားဖြင့် ပြောလေတော့၏။

"ဘယ်လိုဖြစ်တာလဲ ရပ်ချ်ကူးမား - ဘာဖြစ်လို့ ကာနယ်မော်တင်ကို သတ်တာလဲ"

"ဒီကိစ္စကို မေဂျာမင်းညိုလဲ သိပြီးသားပါ၊ သူက ကျုပ်ရဲ့ အထက်အရာရှိပဲ၊ ကျုပ်မှားရင် ရိုက်နှက်နိုင်ပါတယ်၊ ကြာကြာထဲ ထည့်နိုင်ပါတယ်၊ စစ်တပ်ဥပဒေနဲ့ အရေးယူနိုင်ပါတယ်၊ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ရဲ့မျက်နှာကိုတော့ လူရှေ့မှာ တံတွေးနဲ့ ထွေးခွင့် မရှိဘူး အင်္ဂလိပ်လူမျိုးများမှာ တံတွေးနဲ့ ထွေးတဲ့ အကျင့် မရှိပါဘူး ကျွန်ုပ်တို့ဟာ အဲဒီလို တံတွေးနဲ့ အထွေးခံရတာကို သေရမတတ် ကြောက်မှန်းသိလို့ တမင်တကာ လုပ်တာဖြစ်တယ်၊ ဒီတော့ ကျုပ်တို့ဟာ မျိုးရိုးအရ စစ်တိုက်စားတဲ့လူမျိုးပဲ၊ သေရမှာ မကြောက်ပါဘူး၊ ဒါပေမဲ့ ကျုပ်တို့နဲ့ ဇာတ်ချင်းမတူတဲ့ လူတစ်ယောက်က တံတွေးနဲ့ အထွေးခံရတာကိုတော့ လက်စားချေမှာပါပဲ မေဂျာမင်းညို၊ ဒီအတွက် ကျုပ်ကို ခွင့်လွှတ်ပါ"

ဟု ဂျမဒါ ရပ်ချိကူးမားက ပြောလေ၏။ ထို့ပြင် အောက်ပါ စကားကို ပြောလိုက်လေ၏။

"ကျုပ်ဟာ ဝေါ်ရခါးလူမျိုးတစ်ယောက်ပဲ၊ ကျုပ်ရဲ့နာမည်ဟာ ရပ်ချိကူးမား ဆိုတာဟာ ရပ်ချိ ဆိုတာ ဘုရင်လို့ အဓိပ္ပာယ်ရတယ်၊ ကူးမားဆိုတာ မင်းသားလို့ အဓိပ္ပာယ်ရတယ်၊ အဲဒီလို မြင့်မြတ်တဲ့ နာမည်ပိုင်ရှင်ရဲ့ မျက်နှာကို တံတွေးနဲ့ထွေးခဲ့တဲ့ ကာနယ်မော်တင်ဟာ ကံဆိုးရှာတာပေါ့ဗျာ" ဟု ဆိုလေ၏။

မေဂျာမင်းညိုလည်း အောက်ပါအတိုင်း စဉ်းစားမိလေ၏။ ရပ်ချိ ဆိုသည်မှာ ရာဇ၊ ကူးမား ဆိုသည်မှာ ကုမ္မာဖြစ်သောကြောင့် "ရာဇကုမ္မာ" ဟု အဓိပ္ပာယ်ရပေသည်။

"ကောင်းပါပြီ ရာဇကုမ္မာ (ရပ်ချိကူးမား)၊ မင်းရဲ့ဂုဏ်သိက္ခာကို မထေမဲ့မြင်လုပ်တဲ့ ကာနယ်မော်တင်ကို သတ်ပစ်လိုက်တာကို ငါက မသိချင်ယောင်ဆောင်နေလိုက်ပါမယ်၊ ငါသာ မင်းရဲ့နေရာမှာရှိရင်လဲ ဒီလိုပဲလုပ်မိမှာပဲ မဟုတ်လား"





ဟု ပြောလိုက်ရာ ရာဇကုမ္မာသည် ဝမ်းသာလွန်း၍ မေဂျာမင်းညိုအား ပွေ့ချီပြီးလျှင် -

"တွမ် ဆယ်ပါယီ (ခင်ဗျားဟာ တကယ့်ကို စစ်သားစိတ်ဓာတ်ရှိတဲ့လူ၊ တကယ့်သူရဲကောင်းပါပဲ"

ဟုဆိုကာ ရင်ဝ၌ လက်နှစ်ဖက်ကိုယှက်၍လက်အုပ်ချီပြီး အရိုအသေ ပေးလိုက်လေတော့၏။ ထို့နောက် သူ၏ဓားကို ထုတ်၍ လက်နှစ်ဖက်ဖြင့် ကိုင်တွယ်ကာ -

"သိပ်ပြီးကျေးဇူးတင်ပါတယ် မေဂျာမင်းညို၊ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ခင်ဗျားရဲ့ကျေးဇူးကို ဆပ်နိုင်ပါလိမ့်မယ်"

ဟု ပြောဆိုကာ ထွက်သွားလေ၏။

မေဂျာမင်းညိုလည်း မိမိ၏တပ်သို့ ကန္ဒြေမပျက် ပြန်၍ လာခဲ့လေ၏။ ပြီးလျှင် ထိုကိစ္စကို အပြီးအပိုင်မေ့ပစ်၍ အိပ်ပျော်ခဲ့လေ၏။

နောက်တစ်နေ့တွင်ကား ကာနယ်မော်တင် အသတ်ခံရခြင်းနှင့် ပတ်သက်၍ သတင်းစာများ၌ အမျိုးမျိုးအဖုံဖုံ ရေးသားဖော်ပြကြလေ၏။ အိန္ဒိယ စုံထောက်အဖွဲ့ကလည်း အမျိုးမျိုးအဖုံဖုံ ထောက်လှမ်းစုံစမ်းခဲ့လေ၏။ နောက်ဆုံး၌ အိန္ဒိယပြည် စုံထောက်အဖွဲ့မှ နာမည်ကြီး စုံထောက် မူကာဂျီက ဂျမဒါ ရပ်ချိကူးမား (ရာဇကုမ္မာ) ကို ဖမ်းဆီးလိုက်လေ၏။

မူကာဂျီ၏အဆိုအရ ကာနယ်မော်တင်ကို သတ်သွားသော လူသတ်သမားအား တစ်စုံတစ်ယောက်သောသူက ဖမ်းရန် ကြိုးစားခဲ့သည်ဟု ခြေရာများအရ သိသာကြောင်း၊ သို့ရာတွင်



www.burmeseclassic.com

www.burmeseclassic.com



လူသတ်သမား၏ လက်တွင်း၌ လက်နက်ပါပြီး ဖမ်းရန်ကြိုးစားသူ၌ လက်နက်တစ်စုံတစ်ရာ မပါသဖြင့် မျက်နှာချင်းဆိုင်တွေ့ပြီးကာမှ မဖမ်းဘဲ လွှတ်လိုက်ဟန်တူကြောင်း၊ ထိုသူသည်လည်း အမှုအတွက်အရေးကြီးသဖြင့် ခြေရာကိုပုံတူကူးယူထားကြောင်း ထိုသူသည် ရုံးတင်သည့်အခါ၌ မျက်မြင်သက်သေအဖြစ် ထွက်ဆိုမှသာလျှင် လူသတ်သမား ဂျမဒါ ရပ်ချ်ကူးမားအနေနှင့် အပြစ်ရနိုင်ကြောင်းဖြစ်၏။

ထို့ကြောင့် ဂျမဒါ ရပ်ချ်ကူးမားကိုဖမ်းပြီးနောက် မျက်မြင်သက်သေဖြစ်မည့်လူကို ရှာဖွေခဲ့ရာ နောက်ဆုံး၌ စုံထောက်မှူးကာဂျီက ထိုနေ့ည အခင်းဖြစ်ပွားစဉ်က လူသတ်သမားကို ဖမ်းရန်ကြိုးစားပြီး လွှတ်လိုက်သူသည် မေဂျာမင်းညိုဖြစ်ကြောင်း ထုတ်ဖော်နိုင်ခဲ့လေ၏။ စစ်ဘက်အရာရှိကြီးများက မေဂျာမင်းညိုအား ရုံးတော်၌ မျက်မြင်သက်သေအဖြစ် ထွက်ဆိုခဲ့ပါလျှင် ဒုတိယဗိုလ်မှူးကြီးရာထူးသို့ တိုးမြှင့်ပေးမည့်အကြောင်း အလွတ်အလင်းပြော၍ သက်သေထွက်ခိုင်းလေသည်။ သို့ရာတွင် တရားခွင်၌မူ မေဂျာမင်းညိုက မိမိ မမြင်မတွေ့ခဲ့ကြောင်း ထွက်ဆို၍ တစ်ဖက်သော့ရှေ့နေက မေးသမျှကို ဘူးကွယ်ခဲ့လေ၏။

ထို့ကြောင့် ဂျမဒါ ရပ်ချ်ကူးမားသည် လူသတ်မှုမှ တရားရှင် လွတ်မြောက်ခဲ့ပေသည်။ မေဂျာမင်းညိုကိုမူ စစ်ဘက်အရာရှိများက စစ်မိန့်ကို မနာခံဟုဆိုကာ စစ်တပ်တရားရုံး၌ တရားစွဲဆိုပြီးလျှင် တပ်မှ အပြီးအပိုင် ထုတ်ပယ်လိုက်လေတော့၏။





ထို့ကြောင့် မင်းညိုကား မေဂျာမင်းညိုမှ အလုပ်လက်မဲ့ မင်းညိုဖြစ်ကာ အိန္ဒိယပြည်၏ လမ်းများပေါ်၌ လှည့်လည်သွားလာရင်း ကြုံရာကျပန်းအလုပ်ကို လုပ်ကိုင်စားသောက်ခဲ့ရပြီးလျှင် နောက်ဆုံး၌ မြန်မာပြည်သို့ အပြီးအပိုင် ပြန်လာခဲ့ရလေတော့သတည်း။

ဤကား မိဘမဲ့ကလေး မင်းညို၏ ကြေကွဲဖွယ်ရာ ဘဝဖြစ်စဉ်ပေတည်း။

■



www.burmeseclassic.com

www.burmeseclassic.com

## မောင်ဆု ဆိုသူ၏ ရာဇဝင်

မောင်ဆု၏ ဖခင်သည် မောင်ဆုတို့ နေထိုင်ရာ သန်လျင်မြို့၌ အကျော်ကြားဆုံး လက်သမားဆရာသုံးဦးအနက် တစ်ဦး အပါအဝင်ဖြစ်ပေသည်။ ပိုက်ဆံဝါလားတို့သည် . . .

"မြေကလေး ပိုနေတာနဲ့ အိမ်ကလေးတစ်လုံး ထပ်ပြီး ဆောက်ထားလိုက်တယ်၊ သားသမီးတွေအတွက်ပေါ့၊ လက်သမားကိုလဲ ဆရာသိုင်းကိုပဲ ငှားလိုက်တယ်၊ ကျွန်မ့ယောကျ်ားက ရှူးဖိနပ်ဆိုရင် ဂွိုက်တဝေးကရှူးမှ၊ သက္ကလပ်ဦးထုပ်ဆိုရင်လဲ ဝီစတပ်မှ၊ မာဖလာဆိုရင် ရိုးကူမွှေကီကမှ အကောင်းချည်း သုံးတတ်သလို လက်သမားဆိုရင်လဲ ဆရာသိုင်းမှ လက်သမားထင်တာ၊ ဆရာသိုင်းနဲ့ အိမ်ဆောက်ရတာက ဈေးသိပ်ကြီးတာ၊ သူများအိမ်နှစ်လုံးစာလောက်ကို ကုန်တာ"

ဟု မောင်ဆု၏ဖခင် လက်သမားဆရာကြီး ဆရာသိုင်းကိုပါ ပိုက်ဆံဝါလားတို့က ကြွားစရာအဖြစ် အသုံးပြုကြသည့်တိုင်အောင် မောင်ဆု၏ ဖခင်ကြီးသည် သန်လျင်မြို့၌ ကျော်ကြားခဲ့ပေ၏။ ထို့ကြောင့် ငွေကြေးလည်း အတော်အတန်ချောင်လည် ခဲ့ပေသည်။





မောင်ဆု၏ ဖခင်ကြီးသည် မြေမျိုးငါးပါးကို ရှင်းပြပြီးနောက် -

(လောကီလူများ၊ အမျိုးသားတို့၊ သိထားစေရန်၊ မြေခံအမှတ်၊ ဇရပ်အိမ်ကျောင်း၊ ဆောက်တုံရှောင်းသော်၊ နတ္တော်ခေါင်ကြူး၊ ပြာကူးဆုံပေါင်း၊ ဆောက်ကောင်း ခြောက်လ၊ မှတ်ကုန်ကြလော့)

အစချီသော မြေခံရက်ရွေးနည်းလင်္ကာကိုလည်း အလွတ်ကျက်မှတ်စေပြန်၏။

တစ်ဖန် အိမ်ဆောက်သည့်အခါ၌ ပန္နက်ရိုက်ခြင်း၊ ဦးရင်တိုင် တွင်းသို့ချခြင်း စသည်တို့ကိုလည်း အခါပေးတတ်စေရန် အခါပေးတွက်နည်းကို သင်ပြပြန်၏။ အခါပေးတွက်နည်းကို သင်ရာ၌ ဗေဒင်အတတ်ကိုပါ ကျနစွာ တတ်မြောက်အောင် သင်ရပေသည်။ အခါဇာတာ ခေါ် အိမ်ဆောက်မည့်အချိန်ကို ဇာတာဖွဲ့၍ အခါပေးရသည်ဖြစ်ရာ ဗေဒင်ကို သင်ရပြန်၏။

"ဆွမ်းခံပြန်ချိန်၌ အရှေ့အရပ်မှ မိန်းမတစ်ဦး ပန်းအနီ ပန်၍လာအံ့၊ ထိုအခါ၌ ပန္နက်ရိုက်လေ"

အစရှိသဖြင့် အိမ်ပန္နက်ရိုက်ရန်ကို နိမိတ်နှင့်တကွ အခါပေးရခြင်းဖြစ်ပေရာ ဗေဒင်ပညာကို မတတ်၍မဖြစ်ပေ။ တတ်မှပင် အခါပေးတတ်မည်ဖြစ်ရာ . . . မောင်ဆု၏ ဖခင်ကြီးသည် မောင်ဆုအား ထိုပညာကို သင်ကြားပေးပြန်၏။



www.burmeseclassic.com

www.burmeseclassic.com

မောင်ဆု ဆိုသူ၏ ရာဇဝင်

မောင်ဆု၏ ဖခင်သည် မောင်ဆုတို့ နေထိုင်ရာ သန်လျင်မြို့၌ အကျော်ကြားဆုံး လက်သမားဆရာသုံးဦးအနက် တစ်ဦး အပါအဝင်ဖြစ်ပေသည်။ ပိုက်ဆံဝါလားတို့သည် . . .

"မြေကလေး ပိုနေတာနဲ့ အိမ်ကလေးတစ်လုံး ထပ်ပြီး ဆောက်ထားလိုက်တယ်၊ သားသမီးတွေအတွက်ပေါ့၊ လက်သမားကိုလဲ ဆရာသိုင်းကိုပဲ ငှားလိုက်တယ်၊ ကျွန်မယောက်ျား က ရှုးဖိနပ်ဆိုရင် ပိုက်တဝေးကရှူးမှ၊ သက္ကလပ်ဦးထုပ်ဆိုရင် လဲ ဝီစတပ်မှ၊ မာဖလာဆိုရင် ရိုးကုမ္ပဏီကမှ အကောင်းချည်း သုံးတတ်သလို လက်သမားဆိုရင်လဲ ဆရာသိုင်းမှ လက်သမား ထင်တာ၊ ဆရာသိုင်းနဲ့ အိမ်ဆောက်ရတာက စျေးသိပ်ကြီးတာ၊ သူ့များအိမ်နှစ်လုံးစာလောက်ကို ကုန်တာ"

ဟု မောင်ဆု၏ဖခင် လက်သမားဆရာကြီး ဆရာသိုင်းကိုပါ ပိုက်ဆံဝါလားတို့က ကြွားစရာအဖြစ် အသုံးပြုကြသည့်တိုင် အောင် မောင်ဆု၏ ဖခင်ကြီးသည် သန်လျင်မြို့၌ ကျော်ကြား ခဲ့ပေ၏။ ထို့ကြောင့် ငွေကြေးလည်း အတော်အတန်ချောင်လည် ခဲ့ပေသည်။





မောင်ဆု၏ ဖခင်ကြီးသည် မြေမျိုးငါးပါးကို ရှင်းပြပြီး နောက် -

(လောကီလူများ၊ အမျိုးသားတို့၊ သိထားစေရန်၊ မြေခံ ချမ်းမှတ်၊ ဇရပ်အိမ်ကျောင်း၊ ဆောက်တုံရှောင်းသော်၊ နတ္တော် ခေါင်ကြူး၊ ပြာကူးဆုံပေါင်း၊ ဆောက်ကောင်း ခြောက်လ၊ မှတ်ကုန်ကြလော့)

အစချီသော မြေခံရက်ရွေးနည်းလင်္ကာကိုလည်း အလွတ် ကျက်မှတ်စေပြန်၏။

တစ်ဖန် အိမ်ဆောက်သည့်အခါ၌ ပန္နက်ရိုက်ခြင်း၊ ဦးရင် တိုင် တွင်းသို့ချခြင်း စသည်တို့ကိုလည်း အခါပေးတတ်စေရန် အခါပေးတွက်နည်းကို သင်ပြပြန်၏။ အခါပေးတွက်နည်းကို သင်ရာ၌ ဗေဒင်အတတ်ကိုပါ ကျနစွာ တတ်မြောက်အောင် သင်ရပေသည်။ အခါဇာတာ ခေါ် အိမ်ဆောက်မည့်အချိန်ကို ဇာတာဖွဲ့၍ အခါပေးရသည်ဖြစ်ရာ ဗေဒင်ကို သင်ရပြန်၏။

"ဆွမ်းခံပြန်ချိန်၌ အရှေ့အရပ်မှ မိန်းမတစ်ဦး ပန်းအနီ ပန်၍လာအံ့၊ ထိုအခါ၌ ပန္နက်ရိုက်လေ"

အစရှိသဖြင့် အိမ်ပန္နက်ရိုက်ရန်ကို နိမိတ်နှင့်တကွ အခါ ပေးရခြင်းဖြစ်ပေရာ ဗေဒင်ပညာကို မတတ်၍မဖြစ်ပေ။ တတ်မှ ပင် အခါပေးတတ်မည်ဖြစ်ရာ . . . မောင်ဆု၏ ဖခင်ကြီးသည် မောင်ဆုအား ထိုပညာကို သင်ကြားပေးပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



"လက်သမားဆိုတာ ကာလအတတ်လို့ခေါ်တဲ့ ယောက်ျား တို့ တတ်အပ်သော ၆၄ ရပ်သောအတတ်မှာ 'ကဋ္ဌာဘဏ္ဍာသ ကြိယာ' လို့ ခေါ်တယ်ကွ၊ တကယ်လိုက်စားရင် တကယ့်ကို ကျယ်ဝန်းတယ်ကွ"

ဟု ဆိုကာ စရွေးဖောက်ခြင်း၊ လွှတိုက်ခြင်း၊ ရွေဘော်ထိုး ခြင်း စသော လက်သမားအတတ်တို့၏အစကို သင်ပြပေးလေ တော့၏။

ထို့ကြောင့် မောင်ဆုသည် ၁၃ နှစ်သားလောက်မှာပင် အိမ်တစ်လုံးကို ကောင်းစွာဆောက်တတ်သော လက်သမား ဆရာတစ်ယောက် ဖြစ်၍နေပေပြီ။ ထိုအခါ၌ ဖခင်ကြီးသည် မောင်ဆုအား လက်သမားအလုပ်ကို ဆက်လက်၍ မလုပ်စေဘဲ ရန်ကုန်မြို့ သို့ပို့ကာ အလွတ်ပညာသင်ကျောင်းတစ်ကျောင်း၌ တစ်နှစ်ခန့် အင်္ဂလိပ်စာကို သင်စေခဲ့ပြန်၏။ ထိုသို့သင်စေခဲ့ပြီး ကာမှပင် စိန်ပေါလ်ကျောင်းသို့ အပ်နှံလေတော့၏။ ကျောင်း ရောက်စနှစ်များ၌ မောင်ဆုအဖို့ လွန်စွာအခက်အခဲတွေ့ရပေ သည်။ "အရစ်သမစ်" ခေါ် ဂဏန်းသင်္ချာ တွက်ချက်ရာ၌ တွက်ချက်ရသော ပုစ္ဆာတို့မှာ မခက်ခဲလှသော်လည်း အင်္ဂလိပ် ဘာသာဖြင့် ရေးထားသော ပုစ္ဆာများဖြစ်၍နေသဖြင့် ပုစ္ဆာကို နားလည်ရန် မနည်းကြိုးစား၍ ဖတ်ရလေ၏။

တစ်ခါတစ်ရံ အတန်းရှေ့သို့ထွက်၍ ကျောက်သင်ပုန်းပေါ် တွက်ပြရသည့်အခါမျိုး၌ မောင်ဆုသည် ဒူးများပင် တုန်ခဲ့လေ တော့၏။ မောင်ဆုအဖို့ . . . အခက်အခဲဆုံးမှာ "အလီပေါင်း" ကိုဆိုပြရခြင်းပင်ဖြစ်၏။

မောင်ဆုသည် ဘုန်းကြီးကျောင်း၌နေစဉ်က အလီပေါင်း ကို ပါဠိလို ကျက်မှတ်ခဲ့ရသဖြင့် ပါဠိလိုပင် နှုတ်ကျိုး၍နေ၏။ ဥပမာအားဖြင့် "နှစ် နှစ်လီ လေး၊ နှစ် သုံးလီ ခြောက်" ဟူသော အလီကို အင်္ဂလိပ်ကျောင်း၌ "တူးတူး အာ ဖိုး၊ တူးသရီး အာ ဆစ်" ဟု ဆိုရပေမည်။ မောင်ဆုအနေနှင့် နှုတ်ကျိုးနေသည်မှာ ကား "ဒွေးဒွေး ခါယ၊ ဒွေးတြိန်း ဆဋ္ဌ" ဟူ၍ဖြစ်ပေသည်။

အထက်က ဆိုခဲ့သည့်အတိုင်း မောင်ဆုသည် အခက်အခဲ များစွာကို ရင်ဆိုင်ရသော်လည်း ညွှန့်နှစ်သောကျွဲသည် ကြိုးစား ၍ ရုန်းသကဲ့သို့ မောင်ဆုလည်း ကြိုးစားခဲ့ရာ တစ်နှစ် တစ်တန်း မှန်မှန်ကြီး အောင်လေ၏။ စိန်ပေါလ်ကျောင်း၌ တစ်နှစ်ခန့် နေမိသည့်အခါ၌ မောင်ဆုသည် အင်္ဂလိပ်ဘုန်းတော်ကြီးများ၏ အသံဖြင့် အင်္ဂလိပ်စကားကို ကောင်းစွာပြောတတ်၍နေပြီ ဖြစ်ပေသည်။

စိန်ပေါလ်ကျောင်းသို့ရောက်ရှိပြီး တစ်နှစ်ခန့်အကြာတွင် မောင်ဆု မမျှော်လင့်သော လူတစ်ယောက်သည် ကျောင်းသို့ ရောက်ရှိလာလေ၏။ ထိုသူ၏ဖခင်မှာလည်း လက်သမားဆရာ ပင် ဖြစ်ပေသည်။ သို့ရာတွင် အလုပ်လုပ်ရာ၌ ခိုကပ်ခြင်း၊ မသေ မသပ် လုပ်ပေးခြင်း၊ အလုပ်နှင့်စပ်ဆိုင်သော ပညာရပ်များကို ကောင်းစွာမတတ်မြောက်ခြင်း စသော ချို့ယွင်းချက်များကြောင့် မောင်ဆု၏ အဖေ လက်သမားဆရာကြီးကဲ့သို့ . . ထင်ပေါ်





www.burmeseclassic.com

www.burmeseclassic.com



ကျော်ကြားခြင်းမရှိဘဲ အလုပ်ရတစ်ချက် မရတစ်ချက်ဖြင့် ချို့ချို့ငဲ့ငဲ့ နေရလေ၏။ ၎င်း၏အမည်မှာ ဦးဘမောင် ဟူ၍ ဖြစ်၏။ ဦးဘမောင်သည် မောင်ဆု၏ဖခင်ကြီး ဆရာသိုင်း၏ အောင်မြင်မှုများကို လွန်စွာမနာလိုဖြစ်၍နေပေသည်။ သို့ရာတွင် နောက်ဆုံး၌ အလုပ်မရှိသဖြင့် မောင်ဆု၏ ဖခင်ကြီးထံ၌ပင် လာရောက်၍ နေ့စားဖြင့် အလုပ်လုပ်ရလေ၏။ ၎င်းရောက်လာသည့်အခါ၌ မောင်ဆုဖခင်ကြီး၏ လက်အောက်၌ ရှိကြကုန်သော လက်သမားတို့အား အမျိုးမျိုးအဖုံဖုံ သွေးခွဲလေ၏။ ယခုလည်း မောင်ဆု၏ဖခင်ကြီးက မောင်ဆုအား စိန်ပေါလ်ကျောင်းသို့ပို့သည်ဆိုလျှင် ၎င်း၏သားအား စိန်ပေါလ်ကျောင်းသို့ ပို့ခဲ့လေ၏။ ၎င်း၏သား မောင်မောင်ကြီးမှာ လွန်စွာဆိုးသွမ်းလှပေသည်။ ကျောင်း၌လည်း စာကြိုးစားခြင်း မရှိပေ။ ဆေးလိပ်ခိုးသောက်ခြင်း၊ ကျောင်း၏ အုတ်နံရံကို ကျော်တက်၍ မိန်းကလေးကျောင်းမှကျောင်းသူလေးများအား ပြောင်၍ပြခြင်း၊ စာသင်နေချိန်၌ ကျောင်းသားချင်း ပါတာနီစေ့ဖြင့်ပေါက်ခြင်း၊ ဆရာထိုင်မည့်ခုံအားခွေးလယားသီးနှင့်ပွတ်ကာ ဆရာကို ကျော်ခြေ ပျက်စေခြင်း စသောအမှုတို့ကို ပြုသဖြင့် မကြာခဏ အပြစ်ပေး ခံရသည့်အပြင် ကျောင်းရောက်သည့်နှစ်၌ပင် စာမေးပွဲကျလေ တော့၏။

ကျောင်းသို့ရောက်သည်မှာ တစ်နှစ်ခန့်ကြာပြီဖြစ်သော် လည်း "ပလိစ် မေး အိုင် ဂိုး အောက်" ခေါ် စာသင်ခန်းအပြင်သို့





ထွက်ရန် ခွင့်တောင်းသော စကားလုံးတစ်လုံးကို သာလျှင် ပြောတတ်ပေသည်။

မောင်ဆု၏ စာအုပ်များကိုလည်း မကြာခဏ လာရောက်၍ ခိုးယူကာ ဆုတ်ဖြဲ၍ အိမ်သာတက်ရာ၌ အသုံးပြုသဖြင့် မောင်ဆုနှင့် ရန်ဖြစ်ရသည့်အကြိမ်မှာလည်း မနည်းတော့ပေ။ မောင်ဆုသည် မောင်မောင်ကြီးနှင့် တစ်ကျောင်းတည်းနေရခြင်း အတွက် လွန်စွာစိတ်ဆင်းရဲခြင်း ဖြစ်ရလေတော့၏။

သို့ရာတွင် မောင်ဆုအဖို့ မောင်မောင်ကြီးနှင့် ဝေးရန် အခွင့်အလမ်းတစ်ခု ပေါ်ပေါက်၍လာလေ၏။ ပေါ်ပေါက်လာပုံကား ဤသို့ဖြစ်၏။ တစ်နေ့တွင် မောင်ဆုတို့ ကျောင်း၌ "ကွန်ဆတ်" ခေါ် ကျောင်းကပွဲ ပြုလုပ်ရန်အတွက် ကျောင်းရှိ ကစားရုံကြီးအတွင်း၌ ဇာတ်စင်တစ်ခု ဆောက်လုပ်ရန် ကျောင်း အုပ်ဆရာကြီး (အင်္ဂလိပ်ဘုန်းတော်ကြီး) က လက်သမားဆရာ တို့ကို ခေါ်ယူ ငှားရမ်းလေ၏။ လက်သမားဆရာတို့သည် ဇာတ်စင်ဆောက်ရမည်ဟု ခေါ်ခဲ့သောကြောင့် လိုက်ပါခဲ့ကြ သော်လည်း လက်သမားပညာကို ကောင်းစွာမတတ်ကြပေ။ အရပ်ထဲ၌ပြုလုပ်လေ့ရှိသောဇာတ်စင်ကဲ့သို့ သံစည်ပိုင်းအလွတ် များပေါ်တွင် တန်းထိုး၍ ပြုလုပ်ရသောစင်မျိုးဟု ယူဆခဲ့ကြပုံ ရပေသည်။

ကျောင်းအုပ်ဆရာကြီး လိုချင်သော ဇာတ်စင်ကား ထိုသို့ မဟုတ်ပေ။ စရွေးကိုက်၊ အကျ၊ နဖူးစီး၊ ဒူးပိတ်၊ တိုင်ဖုံး စသည် တို့ ပါသည့်အပြင် အခင်းကိုလည်း လျှာထိုးခင်းရမည်ဖြစ်ရာ ခေါ်ယူခဲ့သော လက်သမားဆရာတို့သည် ပြေးကြလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းအုပ်ဆရာကြီး (ဇင်းဆရာကြီး၏ အမည်
"ဘရာသာမတ်" ဟု ထင်ပါသည်) သည် သစ်များ၊ သ
ဝယ်ယူပြီးသည့်အပြင် ကပွဲရက်မှာလည်း လွန်စွာနီးကပ်နေ
ဖြစ်သဖြင့် သစ်ပုံကြီးကိုကြည့်ကာ အကြံအိုက်၍နေပေသည်
အကြံအိုက်နေကြောင်းကိုလည်း သူ၏လက်ထောက်ဆရာ
ကို ဖွင့်ပြောပြနေလေ၏။ မောင်ဆုသည် ဆရာကြီးတို့၏အနီး
ထိုင်လျက် စာဖတ်နေသည်ဖြစ်ရာ ဆရာကြီးတို့၏အခက်အခဲ
သိရလေတော့၏။

ထို့ကြောင့် ဇာတ်စင်ကို ဆရာကြီး စိတ်တိုင်းကျသည်အ
မောင်ဆုအနေနှင့် တာဝန်ယူ၍ ဆောက်ပေးနိုင်ကြောင်း
ပြောလိုက်ရာ ကျောင်းအုပ်ဆရာကြီးသည် မောင်ဆုအား
ကြည့်ပြီးလျှင် -

"မင်းရဲ့စကားကို ငါ့အနေနဲ့ ယုံကြည်ရမယ့် ရက်
သခင်ယေရှု ရှင်ပြန်ထမြောက်တဲ့နေ့မှ ဖြစ်နိုင်လိမ့်မယ်"

ဟု ဆိုလေ၏။ ဆရာကြီး၏စကားမှာ မည်သည့်နည်းနှင့်
မယုံကြည်ကြောင်း ဖော်ပြလေ၏။

သို့ရာတွင် မောင်ဆုက အကြိမ်ကြိမ်အထပ်ထပ် ပြော
သောကြောင့် ယုံကြည်ခြင်းမရှိသော်လည်း မောင်ဆုအနေ
မည်မျှအထိ အလွဲလွဲအချော်ချော် ပြုလုပ်နေသည်ကို ကြည့်
လိုသောကြောင့် -

"ကြည့်ရသေးတာပေါ့" ဟုဆိုကာ ခွင့်ပြုလိုက်လေ၏။





ထိုအခါ၌ မောင်ဆုသည် မောင်ဆု၏ ဖခင်ကြီးထံတွင်
အလုပ်လုပ်ကိုင်ဖူးသော တာမွေဘက်ရှိ လက်သမားဆရာကြီး
တစ်ဦးထံ၌ လက်သမားကိရိယာများ သွားရောက်ငှားရမ်းကာ
မောင်ဆုနှင့်ရွယ်တူ ကျောင်းသားကလေး ခြောက်ယောက်အား
အကူအညီအဖြစ် အသုံးပြုကာ ဇာတ်စင်ကြီးကို စတင်ဆောက်
လုပ်ခဲ့လေတော့၏။ စတင်ဆောက်လုပ်ပြီး သုံးရက်မြောက်သော
နေ့၌ ကျောင်းအုပ်ဆရာကြီးသည် မောင်ဆုအနီးသို့ ရောက်လာ
ပြီးလျှင် ဆောက်လက်စတန်းလန်း ဇာတ်စင်ကိုကြည့်၍ အံ့ဩ
ခြင်း ဖြစ်ရလေတော့၏။

ဆယ်ရက်မြောက်သော နေ့၌ကား လုံးဝပြီးစီးပြီဖြစ်ရာ
ဆရာကြီးနှင့်တကွ ဆရာ၊ ဆရာမ အားလုံးသည် မောင်ဆု၏
လက်ရာ ဇာတ်စင်ကြီးကိုကြည့်၍ ချီးမွမ်းကြလေ၏။ ထိုအခါ၌
မောင်ဆုက . . .

"အခုဆောက်ထားတဲ့ဇာတ်စင်ကြီးကို ဒီနေရာမှာ မကြိုက်
သို့ နေရာပြောင်းချင်ရင် တစ်ရက်တည်းနဲ့ တခြားနေရာကို
ပြောင်းလို့ရအောင် အားလုံးကို အရှင်ပြုလုပ်ထားပါတယ်"

ဟုဆိုကာ မောင်ဆု၏ လူခြောက်ယောက်အား အချက်
ပေးလိုက်ရာ မောင်ဆု၏ လူခြောက်ယောက်က တစ်ခုနှင့်တစ်ခု
ထိန်း၍ထားသော ဂျက်များကိုဖြုတ်၍ ဇာတ်စင်ကြီးတစ်ခုလုံး
အား ဖြုတ်ပြလိုက်ရာ ကျောင်းအုပ်ဆရာကြီးနှင့်တကွ ဆရာ၊
ဆရာမ အားလုံးသည် လက်ခုပ်ဩဘာ ပေးကြလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် . . . ကျောင်းကပွဲ စတင်ကပြသည့်နေ့၌ပင် ကျောင်းအုပ်ဆရာကြီးသည် ဇာတ်စင်ကြီး ဆောက်လုပ်ခဲ့ရပုံကို ပရိသတ်အား ရှင်းလင်းပြပြီးလျှင် ဗိသုကာကျော် မောင်ဆုအား ဆုချီးမြှင့်မှုမကဘဲ အင်္ဂလိပ်အစိုးရ၏အကူအညီဖြင့် ထိုနှစ်မှာပင် အင်္ဂလန်သို့ ပို့လွှတ်၍ လက်မှုပညာနှင့်ပတ်သက်သော ပညာရပ်များကို သင်ယူစေခဲ့လေတော့၏။

မောင်ဆုသည် လန်ဒန် လက်မှုပညာကျောင်းသို့ တက်ရောက်ခဲ့လေ၏။ ထိုအချိန်က မောင်ဆုသည် ကျောင်းဆရာတစ်ယောက်၏အိမ်၌ လခပေး၍ နေထိုင်ရလေ၏။ ထိုကျောင်းဆရာမှာ မောင်ဆုတို့၏ လက်မှုပညာကျောင်း၌ လက်သမားပညာကို သင်ကြားပေးသကဲ့သို့ "ပေါ်ပြူလာ ကာပင်တာ" ဟုခေါ်သည့် "လက်သမားမဂ္ဂဇင်း" စာအုပ်၌လည်း အယ်ဒီတာအဖြစ် ဆောင်ရွက်ရလေ၏။ ထိုဆရာ၏ အမည်မှာ မစ္စတာဇေဗီယား ဟူ၍ဖြစ်၏။ မောင်ဆုသည် အင်္ဂလန်၌ နှစ်ပေါင်းများစွာ ပညာသင်ကြားခဲ့ရာတွင် လက်သမားပညာနှင့်ပတ်သက်၍ ဒီပလိုမာလက်မှတ်တစ်စောင် ရရှိခဲ့လေ၏။ ထိုအချိန်တွင် မြန်မာပြည်မှ လွန်စွာထူးချွန်သော ပန်းချီဆရာတစ်ဦးလည်း အင်္ဂလန်သို့ အစိုးရ၏စရိတ်ဖြင့် အလည်အပတ် ရောက်ရှိနေချိန်ပင် ဖြစ်ပေသည်။ ထိုပန်းချီဆရာကြီးမှာ အင်္ဂလန်ပြည်၏ "တော်ဝင်" ပန်းချီဆရာများနှင့် ရင်ပေါင်တန်းနိုင်သောကြောင့် မောင်ဆုသည် ထိုဆရာကြီးအတွက် ဂုဏ်ယူမိသေးတော့၏။

(မှတ်ချက်။ ထိုဆရာကြီးမှာ ကမ္ဘာသိ မြန်မာပန်းချီကျော်ကြီးတစ်ဦးဖြစ်သော ဆရာကြီး ဦးဘဉာဏ်ဆိုသူပင် ဖြစ်လေ၏။ — စာရေးသူ)





မောင်ဆု မြန်မာပြည်သို့ ပြန်ရောက်သည့် အချိန်၌ကား မောင်ဆု၏ မိဘနှစ်ပါးလုံး ကွယ်လွန်ခဲ့ကြပြီး ဖြစ်ပေသည်။ မောင်ဆု ငယ်စဉ်က နေထိုင်ခဲ့သော မောင်ဆု၏ဖခင် ဆောက်လုပ်သွားသည့် အိမ်ကြီးမှာလည်း မောင်ဆု လွန်စွာမုန်းတီးသည့် မောင်မောင်ကြီး ဆိုသူ၏ဖခင် ဦးဘမောင်၏လက်သို့သာ အပြီးအပိုင် ရောက်ရှိနေပြီဖြစ်ကြောင်း ဝမ်းနည်းဖွယ်ရာ တွေ့ရလေတော့၏။ ဤကား အင်္ဂလန်ထိအောင် ပညာသင်ကြားခွင့်ရသော မောင်ဆု၏ ရင်ကျိုးဖွယ်ရာ ပြည်တော်ပြန်ဇာတ်လမ်း ဖြစ်ပေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## မောင်ဆုနှင့် ကိုလူကလေး

တစ်နေ့သ၌ မောင်ဆုသည် စိတ်ပျက်လက်ပျက်နှင့် လျှောက်လာခဲ့ရာ ဦးထောင်ဘိုကုန်းသို့အရောက်၌ ဆာကလည်း ဆာ၊ ရေကလည်း ငတ်သဖြင့် သောက်ရေအိုးစင်တစ်ခုအနီးသို့ သွားရောက်ကာ ရေသောက်မည်အလုပ်၌ ရေအိုးစင်တွင် -

"သံဃာတော်များအတွက်သာ"

ဟု ရေးထားသောစာကိုမြင်လျှင် အနီးတွင်ရှိသော အခြား ရေအိုးစင်သို့ သွားရောက်၍ ရေကိုခပ်လိုက်လေ၏။ ထို့နောက် မော့ချမည်အလုပ်၌ ရေအိုးစင်အနီးတွင် ကာကီအကျီအစုတ် လုံချည်အစုတ်ကို ဝတ်ဆင်လျက် ဆံပင်တို့မှာလည်း ဆီနှင့် မတွေ့ရသည်မှာ ကြာပြီဖြစ်သဖြင့် ခြောက်သွေ့နီကြောင်လျှတ် ရှုပ်ပွနေပြီးလျှင် မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးတို့မှာလည်း မျက်နှာ တစ်ခုလုံး ရှုပ်ပွ၍နေသော လူတစ်ယောက်က မောင်ဆုအား

"အသားအရေတွေက တယ်ပြီးဖျော့နေပါလား၊ ဒီအတိုင်း သာ ဆက်ပြီးမကုသဘဲနေရင်တော့ ကိုယ့်လူ သိပ်မကြာဘူး"

ဟု ပြောလိုက်သဖြင့် မောင်ဆုက -





"ဘယ်လိုမကြာတာလဲ"

ဟု ငေါက်ဆတ်ဆတ် ပြန်၍မေးလိုက်လေ၏။

"သေဖို့မကြာတာကိုပြောတာ၊ ခင်ဗျား ကျုပ်ပြောတာ ယုံရင် ဆက်ပြီးသွားပါလေ၊ ဒီကုန်းပေါ် မရောက်ခင်မှာဘဲ ခင်ဗျားဟာ မုချ လဲသွားရမယ်"

ဟု ဆိုကာ ထိုစုတ်စုတ်ပြတ်ပြတ်လူသည် ပြန်၍အိပ်နေလေ၏။

မောင်ဆုလည်း ရေသောက်ပြီးနောက် ထိုနေရာမှဆက်၍ သွားလေရာ ရွှေတိဂုံဘုရားအနီးသို့ရောက်လျှင် ရင်ထဲတွင် ဆို့နင့်၍ မျက်လုံးများပြာ၍လာပြီးလျှင်ကတုန်ကယင်ဖြစ်ကာ မြေပေါ်သို့ လဲကျလေတော့၏။ မျက်လုံးများမှာ ပြာဝေ၍နေရာမှ လုံးဝ ညည်းမှောင်သွားပြီးလျှင် သတိလစ်၍သွားလေတော့၏။

မောင်ဆု သတိရ၍ လာသည့်အခါ၌ကား အောက်ပါ အသံကို ကြားရလေ၏။

"ကျုပ် မပြောဘူးလား၊ ကိုယ့်လူက ကျုပ်စကားကို မယုံဘူး ကိုး။ ကျုပ်သိပါတယ်၊ ဒီနေရာလောက်ရောက်ရင် လဲမယ်ဆိုတာ သိလို့ ဆေးပါ တစ်ခါတည်းဖော်ပြီးမှ လိုက်လာတာ"

မောင့်ဆုလည်း မျက်လုံးကို ဖွင့်၍ ကြည့်လိုက်ရာ သောက်ရေအိုးစင်၌ တွေ့ရသော မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေး နှင့်လူ ဖြစ်၍နေ၏။ သူ၏လက်တွင်း၌လည်း ဒန်ဖလားအစုတ် ကြီး တစ်လုံး ကိုင်၍ထားလေ၏။ ထိုဖလားကြီးအတွင်း၌ကား သွန်စွာနံစော်သောအရည်များ ပါ၍နေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"သတိရအောင်တော့ ကျုပ်က နှိပ်ပေးလိုက်ပြီးပြီ၊ အဆေး
ပြေအောင်တော့ ဟောဒါလေး သောက်လိုက်"

ဟု ဆိုသဖြင့် မောင်ဆုလည်း မော့၍သောက်လိုက်လေ၏။
ထိုသို့ သောက်ပြီးနောက် နံစော်လှသော ထိုအရည်များကို
ကြည့်၍ -

"ဘာရည်တွေလဲ မိတ်ဆွေ" ဟု မေးလိုက်လေ၏။

"သေးတွေပါ"

"ဟင် ... သေးတွေ ... ဟုတ်လား၊ အခု ကျုပ်
သောက်လိုက်တာ သေးတွေပေါ့၊ ခင်ဗျားရဲ့ သေးတွေပေါ့"

"ကျုပ်ရဲ့သေး မဟုတ်ပါဘူး၊ ဦးထောင်ဘိုကုန်းဘေးက
ဇရပ်ထဲက နွားနက်ကြီးတစ်ကောင် ရှူရှူးပေါက်တာကိုတွေ့လို့
ကပျာကယာ ပြေးဆင်းသွားပြီး အဲဒီဇရပ်ကခွက်နဲ့ခံပြီး ယူခဲ့တာ
ဆားလဲနည်းနည်းထည့်ထားတယ်၊ အဲဒီမှာ ပေါလောမျောနေ
တာက ဖန်ခါးသီးတွေလေ၊ အဲဒီဟာကို နေ့တိုင်းသောက်၊ ခင်ဗျား
ရောဂါ ပျောက်သွားလိမ့်မယ်"

ဟု မုတ်ဆိတ်မွေး ဗရပျစ်နှင့်လူက ပြော၍ သူ၏လက်
တွင်းမှ ခွက်ကြီးကို ထိုး၍ပေးလေ၏။

"ရွံစရာကြီးဗျာ"

ဟု မောင်ဆုက ပြောလေ၏။

"မရွံနဲ့ဗျာ၊ ဒီဆေးဟာ ဘုရားပေးတဲ့ ဆေးဗျ၊ အဲဒါကို
မန်လည်ဆရာတော်ဘုရားက ရေသီတာနွားနက် ဓာတ်ဆားစွတ်
ခတ်သောက်ပါလို့ အစချီပြီး ကဗျာဥာဏ်ကွန့်ထားသေးတယ်"





"ခင်ဗျားဆေးကို မစွမ်းဘူး မပြောပါဘူး ... ရွံတယ်လို့
ပြောတာပါ"

"ရန်ကုန်မှာ ငွေ့ငွေ့လှိုင်းသော်လဲ၊ နေ့နေ့တိုင်း သောက်သုံး
အပ်တော့သည်၊ ရွှေ့ရွှေ့မဆိုင်း နှလုံးကြည်အောင် ပြုံးရယ်ရယ်
မျက်နှာထားရယ်နှင့် ခွက်ဖလား မြှောက်တဲ့ကာ သောက်ကွယ့်
မြန်စွာ၊ မကြောက်နဲ့ အတန်ကြာလျှင်၊ နံပါဘူးကွယ့်လေးလို့
ဆရာတော်က ရေးထားတယ်၊ နေ့တိုင်းသာ သောက်စမ်းပါ
ကိုယ့်လူရာ၊ နောက်တော့ အနံ့တွေ ပျောက်သွားမှာပါ"

ဟု ထိုသူက ဆိုလေ၏။

"ကောင်းပါပြီလေ - ဒါနဲ့ မိတ်ဆွေက ဗိန္ဒောဆရာလား"

ဟု မောင်ဆုက မေးလေ၏။

"လူနာနဲ့တွေ့ရင် ဗိန္ဒောဆရာဖြစ်သွားပြီး ထမင်းစားချင်တဲ့
လူနဲ့တွေ့ရင် ထမင်းချက် ဖြစ်သွားပြန်ရော၊ ဟော ... နောက်
တစ်ခါ အိမ်ကလေးဘာလေး ဆောက်ချင်တဲ့လူနဲ့တွေ့ပြန်ရင်လဲ
ကျုပ်က လက်သမား ဖြစ်ပြန်ရောဗျ၊ ရေတွင်းတူးချင်တဲ့လူနဲ့
တွေ့ရင်လဲ တွင်းတူးသမားပေါ့ဗျာ"

"ကြုံရာကျပန်း လုပ်စားနေတဲ့လူပေါ့"

"ဟုတ်ပါတယ်လေ"

"နာမည်က ဘယ်လိုခေါ်ပါသလဲ"

"ခင်ဗျားနာမည်ကို အရင်ပြောပြီးမှ ကျုပ်နာမည်ကိုမေးပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်နာမည် မောင်ဆုံ၊ အလုပ်ကတော့ ဘိလပ်ပြ လက်သမားဆရာပါပဲ၊ လက်သမားအတတ်ကို အင်္ဂလန်အ သွားပြီး သင်ယူခဲ့ဖူးပါတယ်"

"ကျုပ်နာမည် . . . ကျုပ်နာမည်ကို လူကလေးလို့ခေါ်တယ် ဟဲ ဟဲ . . . အခုတော့ လူကြီးပေါ့ဗျာ၊ လူကလေးဘဝတုန်း ခေါ်တာ နာမည်က လူကလေးအဖြစ်နဲ့ ကျန်နေခဲ့တယ်၊ ကျုပ် မတတ်နိုင်ဘူး"

မောင်ဆုနှင့် ကိုလူကလေးတို့သည် သစ်ပင်ရိပ်အောက် ထိုင်လေ၏။ ကိုလူကလေးက သူ၏လွယ်အိတ်အတွင်းမှ နံပြား တစ်ချပ်ကို ထုတ်၍ မောင်ဆုအား ကျွေးလေ၏။

"ကိုယ့်လူက မဆင်းရဲသင့်ဘဲ ဆင်းရဲနေတာကိုး"

ဟု ကိုလူကလေးက မောင်ဆုအား နံပြားကိုလှမ်းပေးရင်း ပြောလိုက်လေ၏။ မောင်ဆုကလည်း ကိုလူကလေးအား သူ၏ ဘဝဖြစ်စဉ်ကို ခရေစေ့တွင်းကျ ပြောပြပြီးလျှင် -

"ဟုတ်တယ် ဆရာကိုလူကလေးရယ် . . . ကျုပ်လဲ အ အနေ မကောင်းဖြစ်ပြီး ဟိုဟာလုပ်ရကောင်းနိုး၊ ဒီဟာလုပ် ကောင်းနိုးနဲ့ လျှောက်ပြီးသွားနေတာ"

"အင်း . . . သနားစရာပါပဲဗျာ၊ ကိုယ့်လူက တယ်ပြီး အားငယ်တတ်တာကိုး၊ ကိုယ့်လူဟာ နိုင်ငံခြားမှာအထိ ပညာ သင်ခဲ့တဲ့ လက်သမားအကျော်အမော်ကြီးပဲဗျာ၊ ဆင်းရဲဖို့ ဘယ် ပါ့မလဲ၊ ကျုပ်ပြောသလို လုပ်စမ်းပါ"





ဟုဆိုကာ မောင်ဆုအား "ခရစ်ယာန်လူငယ်အသင်း" ၌ နေထိုင်ခွင့်တောင်း၍ နေထိုင်စေပြီးလျှင် အစိုးရထံ၌ မိမိရရှိ သော အင်္ဂလန်မှ လက်သမားပညာ အောင်လက်မှတ်ကိုပြ၍ အလုပ်များ တောင်းရန် အကြံပေးလိုက်လေ၏။ စားရမည့် ဆေးဝါး ဓာတ်စာများကိုလည်း ညွှန်ပြပေးလိုက်လေ၏။

မောင်ဆုလည်း ကိုလူကလေးအား နှုတ်ဆက်၍ လမ်းခွဲ ခဲ့လေ၏။

ထို့နောက်တွင်ကား မောင်ဆုသည် ခရစ်ယာန် လူငယ် အသင်း အဆောက်အအုံ၌ လခပေး၍နေထိုင်ပြီးလျှင် ဗြိတိသျှ အစိုးရထံ၌ သူ၏လက်မှတ်ကိုတင်ပြ၍ အလုပ်များတောင်းရာ ဗြိတိသျှအစိုးရက လခဖြင့် ခန့်ထားပြီးလျှင် အစိုးရ အဆောက် အအုံများ ဆောက်လုပ်ရာ၌ မောင်ဆုအား အသုံးပြုလေ၏။

တစ်နေ့သ၌ မောင်ဆုသည် ဗြိတိသျှအစိုးရက ခေတ္တပေး ထားသော ကားကိုစီးလျက် မင်္ဂလာဒုံဘက်သို့လာခဲ့ရာ မင်္ဂလာဒုံ အနီး လမ်းပေါ်၌ လျှောက်သွားနေသော ကိုလူကလေးကို တွေ့ သဖြင့် ကားကိုရပ်ပြီးလျှင် -

"ဆရာ ကိုလူကလေး" ဟု ခေါ်ကာ ကားပေါ်မှဆင်း၍ နှုတ်ဆက်လေ၏။ ထို့နောက် အားရဝမ်းသာနှင့် -

"ဆရာကိုလူကလေးပြောတဲ့အတိုင်း အစိုးရဆီကို အလုပ် တောင်းလိုက်ရာ အလုပ်ရပြီးပြီဗျာ၊ ကျုပ်နဲ့လိုက်ပြီးနေပါလား"

ဟု ဖိတ်ခေါ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"မလိုပါဘူးဗျာ၊ မကြာခင်မှာပဲ ခင်ဗျား အလုပ်ပြုတ်တော့မှာပဲ" ဟု ဆိုလေ၏။

မောင်ဆုက ကိုလူကလေးအားငွေတစ်ရာပေးသော်လည်း ကိုလူကလေးက သူ၏လွယ်အိတ်အစုတ်ကြီးအတွင်းမှ ဘယာကြော် နှစ်ခုကို ထုတ်ပြ၍ ယနေ့အဖို့ငွေမလိုကြောင်း ပြောကာ မယူဘဲနေလေ၏။ မောင်ဆုလည်း . . . ကိုလူကလေးအား နှုတ်ဆက်၍ ကားပေါ်သို့ တက်ခဲ့လေ၏။

ကိုလူကလေးသည် နေပူကျဲကျဲကြီး၌ မပူမပင် လျှောက်သွားသည်ကိုတွေ့လျှင် ဤသူကား လွန်စွာထူးဆန်းပေ၏။ သူ့အကြံအစည်ကောင်းလည်း ရှိ၏။ သို့ရာတွင် သူကိုယ်တိုင်ကြီးပွားချမ်းသာရန်မလုပ်ဘဲ ဤသို့လျှင် လျှောက်၍နေပေ၏။ ငါ့မှာမူကား သူပြောခဲ့သော အကြံဉာဏ်ကလေးနှင့်ပင် ရာထူးရာခံနှင့် ဖြစ်၍နေပေပြီဟု အောက်မေ့မိလေတော့၏။

⟨◆⟩

အထက်ပါ အဖြစ်အပျက်ဖြစ်ပြီး ခြောက်လခန့်အကြာတွင် မောင်ဆုသည် ပန်းဆိုးတန်းရှိ တရုတ်စားသောက်ဆိုင်တစ်ဆိုင်သို့ ဝင်ကာ ထောင့်ကျသောနေရာ၌ထိုင်လျက် ကုန်းဘောင်ကြီးကြော် တစ်ပွဲနှင့် ဝီစကီတစ်လုံးကိုမှာလျက် ဝီစကီကို ဆော်ဒါရည်နှင့် ရောစပ်ကာ ကုန်းဘောင်ကြီးကြော်ကို စောင့်ဆိုင်းနေလေ၏။





ကုန်းဘောင်ကြီးကြော်ရောက်လာသည်နှင့် မောင်ဆုသည် ဝီစကီခွက်ကိုကိုင်၍ မော့မည်အလုပ်၌ ကုန်းဘောင်ကြီးကြော် လာ၍ချပေးသော စားပွဲထိုးက မောင်ဆု၏လက်ကို ဖမ်းကိုင်လိုက်ပြီးနောက် -

"အရက်ဆိုတာ စိတ်ညစ်ရင် သောက်ရတာမျိုးမဟုတ်ဘူး" ဟု ဆိုသဖြင့် မောင်ဆုလည်း မော့၍ကြည့်လိုက်ရာ မိမိအား ပြုံးပြုံးကြီးကြည့်၍နေသော ကိုလူကလေးကို တွေ့ရလေ၏။

"ဆရာကိုလူကလေး . . . ဆရာ . . . ဒီမှာ"

"ဒီဆိုင်မှာဝင်ပြီး ခေါက်ဆွဲကြော်နေတယ်လေ၊ ကိုယ့်လူမြင်လို့ စားပွဲထိုးကိုမလွှတ်ဘဲ ကျုပ်ကိုယ်တိုင် လာပြီးပေးတာ"

"ကျွန်တော်တော့ ဒုက္ခရောက်ပြီ ဆရာကိုလူကလေးရေ့ အဆောက်အအုံ ဆောက်တဲ့ နေရာမှာ ပစ္စည်းတွေ ငွေတွေ ကွာတယ်ဆိုပြီး အမှုဖွင့်လို့ ကျွန်တော် ထောင်ကျသွားတယ်၊ ထောင်ကျသွားတာတော့ ခြောက်လတည်းပါ၊ ဒါပေမဲ့ အလုပ်ပြုတ်ပြီလေ၊ အဲဒါကြောင့် စိတ်ညစ်ညစ်နဲ့ အရက်သောက်မလို့"

"မလုပ်စမ်းပါနဲ့ဗျာ၊ ကိုယ့်လူကို ကျုပ်က ကူညီနိုင်ပါတယ်၊ အလုပ်အတွက် မပူစမ်းပါနဲ့၊ ကိုယ့်လူမှာ ငွေဘယ်လောက်ရှိသလဲ"

"ခြောက်ရာလောက်ပဲ ရှိတော့တယ်"

"အများကြီး ရှိသေးတာပဲ၊ တဲ ကဲ . . . မနက်ဖြန်ဆိုင်လာခဲ့၊ ကျုပ် ခင်ဗျားကို ကူညီမယ်" ဟုဆိုကာ ကိုလူကလေးက ဝီစကီပုလင်းကိုသိမ်းလိုက်ပြီးနောက် ရေတစ်ခွက်ကိုပေး၍ . . .



www.burmeseclassic.com

www.burmeseclassic.com



"ရေနဲ့ ကုန်းဘောင်ကြီးကြော်ကို မြည်းစမ်းပါဗျာ၊ အရက်က ရင်ပူမါတယ်"

ဟု ပြောသဖြင့် မောင်ဆုလည်း ကုန်းဘောင်ကြီးကြော်ကို စားလိုက်၊ ရေကိုသောက်လိုက်နှင့် လုပ်ပြီးနောက် -

"ဆရာ့ရဲ့ ကုန်းဘောင်ကြီးကြော်က တယ်လဲ အရသာရှိပါလား ဆရာ"

ဟု မောင်ဆုက ပြောလိုက်လျှင် ကိုလူကလေးက -

"ဒါလောက် အရသာရှိတဲ့ဟင်းကို အရက်နဲ့စားမှ မဟုတ်ပါဘူး၊ ရေနဲ့မြည်းလဲ ကောင်းပါတယ် ကိုယ့်လူ"

ဟု ဆိုလေ၏။ မောင်ဆုလည်း ကုန်းဘောင်ကြီးကြော်ကို ကုန်စင်အောင်စားပြီးနောက် ပြန်သွားလေတော့၏။ နောက်နေ့ နံနက်စောစောတွင် . . . မောင်ဆုသည် ရောက်လာပြီးလျှင် ကိုလူကလေးနှင့် တွေ့လေ၏။

ကိုလူကလေးက မောင်ဆုအား ရွှေတိဂုံဘုရားအပေါ်ရှိ ရှင်အဥ္စဂေါဏ တန်ဆောင်းအတွင်းသို့ ခေါ်၍သွားပြီးနောက် စာရွက်လေးရွက်ကိုပေးလေ၏။ ထိုစာရွက်လေးရွက်ကို မောင်ဆုက ယူ၍ကြည့်လိုက်ရာ အောက်ပါအတိုင်း တွေ့ရလေ၏။

ပထမစာရွက်၌ (နေရာလိုတယ်)

ဒုတိယစာရွက်၌ (အချိန်လိုတယ်)

တတိယစာရွက်၌ (လူတွေလိုတယ်)

စတုတ္ထစာရွက်၌ (လူတွေကို ကျားကောင်ကလေးတွေလို သဘောထားပြီး ရွှေ့တတ်ဖို့လိုတယ်)





"ဆရာ ကိုလူကလေး . . . ဘာတွေ ရေးထားတာလဲ၊ ကျွန်တော် နားမလည်ဘူး"

ဟု မောင်ဆုက ပြောလေ၏။ ထိုအခါ၌ ကိုလူကလေးက-

"ကိုယ့်လူမှာ ငွေဘယ်လောက်ရှိသေးသလဲ"

ဟုမေးရာ မောင်ဆုက ငွေခြောက်ရာခန့် ရှိသေးကြောင်း ပြောလျှင် မောင်ဆုကိုခေါ်၍ မြို့ထဲသို့သွားရာ ၂၉ လမ်း၌ ကုလားပိုင်တိုက်တစ်လုံး၌ တိုက်ခန်းငှားလိုကြောင်း (တူလက်) ဟူသော စာကို ချိတ်ဆွဲထားသည်ကို တွေ့လျှင် ထိုအခန်းကို တစ်နှစ်စာ လခပေး၍ ငှားရမ်းပေးပြီးလျှင် -

"ကဲ . . . ကိုယ့်လူ၊ နေရာရပြီ"

ဟု ပြော၍ ရိုးကုမ္ပဏီသို့ သွားရောက်ကာ ပရိဘောဂ ပစ္စည်းများကို အင်စတောမင့် ခေါ် အရစ်ကျပေးစနစ်ဖြင့် ဝယ်ယူ၍ အခန်း၌ထားပြီးလျှင် အောက်ပါစာကို ရေးလေ၏။

(နံနက် ၉ နာရီမှ နေ့လယ် ၁၂ နာရီအတွင်း
လာရောက်တွေ့ဆုံနိုင်ပါသည်။)

"အဲဒါ အချိန်ပေါ့ ကိုယ့်လူ"

ဟုဆိုကာ စာကို ဆက်၍ရေးပြန်၏။

(အဆောက်အအုံများကို စိတ်တိုင်းကျ ဖြစ်စေရန် ဘိလပ်မြေနှင့်ဗိသုကာကြီးတ ကြီးကြပ်၍ ဆောက်လုပ်ပေးနေပြီ။ အချိန်တို၌ ပစ္စည်းကောင်းရရန် တာဝန်ယူပါသည်။ အရစ်ကျ ပေး စနစ်ဖြင့်လည်း ဆောက်လုပ်ပေးနေသည်။)



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ထိုစာကို လိပ်စာတပ်၍ သတင်းစာ၌ ထည့်လိုက်လေ၏။

"ဆရာ ကိုလူကလေး . . . အရစ်ကျစနစ်နဲ့ ဆောက်ပေးပါမယ်ဆိုတော့ ကျုပ်တို့မှာငွေမှမရှိဘဲ . . . ဘယ်လိုလုပ်မယ်"

ဟု မောင်ဆုက မေးရာ –

"ဒီအလုပ်မျိုးက တစ်ဦးတလေဆိုရင် လုပ်မပေးနိုင်ဘူး အများနဲ့ဆိုရင် လက်ခံပေတော့၊ ဒီကရတဲ့ငွေကို ဟိုဘက်သုံး ဟိုဘက်ကရတဲ့ငွေ ဒီဘက်သုံးနဲ့ သူ့ဟာသူ ဖြစ်သွားမှာပါ။ အဲဒီအတွက်တော့ အချိန်စောင့်ရလိမ့်မယ်" ဟု ဆိုလေ၏။

ထို့နောက် . . . ပန်းရန်ဆရာများ၊ လက်သမားဆရာများ ဆေးသုတ် ရေနံသုတ်သမားများ၊ ပိုင်ယာရင်း ခေါ် မီးကြိုးဆက်သမားများကို သတင်းစာမှ ကြော်ငြာ၍ ခေါ်လိုက်ရာ မောင်ဆု၏ အဆောက်အအုံ ကန်ထရိုက်ရုံးခန်းကလေးတွင် ပြည့်ကြပ်၍ နေလေတော့၏။

ထိုအခါ၌ ကိုလူကလေးက –

"ကဲ ကိုယ့်လူ၊ တွေ့လား၊ လူတွေလဲရပြီ၊ အဲဒီလူတွေကို သူ့နေရာနဲ့သူ သင့်တော်အောင် အသုံးချပေတော့"

ဟု ဆိုလေ၏။

မောင်ဆုလည်း ဗိသုကာပညာကို တတ်သော်လည်း ကိုလူကလေးကဲ့သို့ လုပ်ငန်းချဲ့ထွင်ရန် လာဘ်မြင်ခြင်း မရှိသဖြင့် ကိုလူကလေးကိုပင် ဆရာတင်၍ထားရလေ၏။





ကိုလူကလေးသည် စာရင်းအင်းနှင့်တကွ ဘဏ်၌ ငွေသွင်း ငွေထုတ်လုပ်ငန်းများ၊ စာချုပ်စာတမ်း ရေးခြင်းလုပ်ငန်းများကိုပါ စနစ်တကျ စီစဉ်ပေးပြီးလျှင် အလုပ်သမားများကို စနစ်တကျ စီစဉ်ပေးရာ မောင်ဆု၏လုပ်ငန်းများသည် လွန်စွာအောင်မြင်၍ ငွေအမြောက်အမြား ရရှိလေ၏။

မောင်ဆု၏လုပ်ငန်းများ . . . တိုးတက်လာသည့်အခါ၌ မောင်ဆုသည် ရွှေတိဂုံဘုရားလမ်း၌ မြေကွက်တစ်ကွက် ဝယ်ယူ၍ တာ လှပသောကျွန်းအိမ်ကြီးတစ်လုံး ဆောက်လုပ်၍ နေထိုင်လေ၏။ ထိုအချိန်၌ မောင်ဆုက ကိုလူကလေးအား မိမိနှင့်အတူ နေထိုင်ရန် ပြောဆိုခေါ်ယူလေ၏။

ကိုလူကလေးလည်း မောင်ဆုနှင့် သွားရောက်နေထိုင်ပြီးလျှင် မောင်ဆု၏စီးပွားရေးကို ကြီးပွားတိုးတက်အောင်လုပ်ကိုင်ပေးခဲ့လေ၏။

မောင်ဆုကလည်း ကိုလူကလေးအား . . .

"ဆရာ . . . ဆရာ" နှင့် လွန်စွာအရေးပေးလေ၏။

တစ်နေ့သ၌ မောင်ဆုအား စိန်ရွှေရတနာကုန်သည်တစ်ဦးက ဘုရားကိုးဆူဖိတ်ကြားသဖြင့် မောင်ဆုလည်း ဝယ်ပြီးတာစ အော်စတင်ကားကိုစီး၍သွားလေ၏။ ထိုဘုရားကိုးဆူသွားပြီးနောက် မောင်ဆုသည် နေ့စဉ်ရက်ဆက်လိုပင် ထိုအိမ်သို့ ကားတလေးဖြင့် ထွက်၍သွားတတ်လေ၏။

တစ်ညသ၌ . . . မောင်ဆု ကားနှင့်ပြန်၍အလာတွင် ကိုလူကလေးက မောင်ဆုအား –



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲကိုယ့်လူ . . . ဘုရားကိုးဆူက နေ့စဉ်ရက်ဆက် ဖြစ်နေပြီလား" ဟု ပြောလိုက်ရာ မောင်ဆုက -

"ဆရာ့ကို ပြောပါမယ် ဆရာရယ် . . . ဆရာမသိဘဲ ကျွန်တော် ဘာမှမလုပ်ပါဘူး" ဟု ပြောလေ၏။

"ဘယ်လိုလဲ . . . ဘုရားကိုးဆူမှာ မိန်းမစပ်လိုက်ပြီလား ဘယ်သူ့သမီးလဲ၊ သူ့မိဘတွေက ဘာလုပ်သလဲ"

ဟု ကိုလူကလေးက မေးလိုက်လေ၏။

"သူ့အဖေက ဦးသိန်းအောင်တဲ့၊ အမေကတော့ ဒေါ်ခင်ရီတဲ့၊ သမီးကလေးနာမည်က အိမ်မှာတော့ မမိုးညိုလို့ခေါ်တာပဲ ဆရာရဲ့၊ အဲဒီဘုရားကိုးဆူမှာ ဒေါ်ရင် ဆိုတဲ့ အဒေါ်ကြီးက စကားပစ်ခဲ့တယ် ဆရာရယ်"

မောင်ဆုသည် အိမ်ထောင်ပြုရန် ပြင်ဆင်နေကြောင်း ပြောလိုက်လျှင် . . . ကိုလူကလေးသည် မောင်ဆု၏အိမ်၌ ဆက်လက်နေထိုင်ရန် သင့်မသင့် အမြန်ဆုံး ဆုံးဖြတ်ရမည် ဖြစ်ရာ မည်သို့မည်ပုံဆုံးဖြတ်ရမည်ကို အစဉ်းစားရကြပ်၍နေ လေတော့၏။

■



ာင်းပြီးကောက်နှင့် တွေ့ဆုံခြင်း

ကိုလူကလေးသည် လွယ်အိတ်ကြီးကို လွယ်လျက် ခြေဦး တည့်ရာသို့လျှောက်၍လာခဲ့ရာ ဦးထောင်ဘိုကုန်းသို့ရောက်လျှင် ရေအိုးစင်၌ ရေသောက်ပြီးနောက် ရေအိုးစင်နှင့် မလှမ်းမကမ်း နေရာလောက်တွင် တရုတ်အဘိုးကြီး တစ်ဦးနှင့် မြန်မာ အဘိုးကြီးတစ်ဦးတို့သည် အေးချမ်းစွာထိုင်လျက် စစ်တုရင်ထိုး နေပြီးလျှင် အနီး၌လည်း ခရီးသွားတစ်ဦးက လက်ပိုက်လျက် စိတ်ဝင်စားစွာ ကြည့်ရှုနေသည်ကိုတွေ့လျှင် ကိုလူကလေးလည်း ထိုစစ်တုရင်ဝိုင်းသို့ သွားရောက်လေတော့၏။

ကိုလူကလေးလည်း အဘိုးကြီးနှစ်ဦး အကြိတ်အနယ် ထစားနေသည့် စစ်တုရင်ဝိုင်းအနီး၌ စိတ်ပါဝင်စားစွာ ဝင်ရောက် ကြည့်ရှုခဲ့လေ၏။

တရုတ်အဘိုးကြီး၏ မင်းကြီးအား မြန်မာအဘိုးကြီးက ရထားနှင့်ပိတ်၍ 'ခွ' ရန် ကြံစည်လိုက်လေ၏။ ထိုအခါ၌ တရုတ်အဘိုးကြီးသည် လွန်စွာအကြံရိုက်၍သွားလေ၏။ တရုတ် အဘိုးကြီးလည်း သူ၏ ဦးခေါင်းကို ပွတ်ကာ အကြံထုတ်၍ နေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ၌ ကိုလူကလေးက တရုတ်အဘိုးကြီးဘက်မှ ဝင်၍ . . .

"မင်းကြီးရှေ့က ရထားလမ်းကို စစ်ကဲနဲ့ ပိတ်လိုက်ပါလား ပေါက်ဖော်ကြီး"

ဟု အကြံပေးလိုက်ရာ ပေါက်ဖော်ကြီးလည်း ကိုလူကလေး ပြောသည့်အတိုင်း ပြုလုပ်လိုက်ရာ . . . မြန်မာအဘိုးကြီး ပေါက်ဖော်ကြီး၏ရထားကို သူ၏မြင်းနှင့် စားလိုက်လေ၏။

ထိုအခါ၌ စစ်တုရင်ဝိုင်းအနီး၌ရပ်၍ကြည့်နေသောသူ ကိုလူကလေး၏ မှားယွင်းသော အကြံပေးခြင်းကို သရော် သကဲ့သို့ရှိသောအပြုံးဖြင့် တစ်ကိုယ်တည်း မခိုးမခန့် ပြုံးလိုက် လေ၏။

ကိုလူကလေးလည်း ထိုသူ၏မခိုးမခန့်နိုင်လှသောအပြုံး ကို မြင်တွေ့လိုက်ရသည်ဖြစ်ရာ အနည်းငယ် စပ်ဖျဉ်းဖျဉ်းဖြစ် သွားလေ၏။ ထိုသူလည်း ပေါက်ဖော်ကြီးသည် ကိုလူကလေး အကြံပေးမှားယွင်းမှုကြောင့် ဧကန်မုချရှုံးပေတော့မည်ဟု ယူ သည့်အလျောက် စစ်တုရင်ဝိုင်းမှ ထွက်ခွာ၍သွားလေ၏။

ကိုလူကလေးလည်း စစ်တုရင်ဝိုင်း ပြီးဆုံးသည်အ ပေါက်ဖော်ကြီးဘက်မှ ဝင်ရောက် အကြံပေးခဲ့လေ၏။ အ စင်စစ် ပေါက်ဖော်ကြီးရှုံးရခြင်းမှာ ကိုလူကလေးကြောင့်မဟု ပေ။ ကိုလူကလေးသည် သိသိသာသာကြီး ရှုံးခြေပေါ် ဝင်ရောက်ပြောဆိုရခြင်းဖြစ်ပေရာ မရှုမလှ ရှုံးရမည့်အ တော့ ကာကွယ်နိုင်ခဲ့ပေ၏။





ကိုလူကလေးလည်း စစ်တုရင်ကစားနေသော အဘိုးကြီးနှစ်ယောက်အား နှုတ်ဆက်၍ လျှောက်လာခဲ့ရာ ဂေါ်ရာကုန်းထိပ်ရှိ နို့စိမ်းပျစ်ပျစ်နှင့်ဖျော်သော လက်ဖက်ရည်ဆိုင်သို့ရောက်လျှင် လက်ဖက်ရည်သောက်ရန် ဆိုင်အတွင်းသို့ ဝင်လေ၏။

ဆိုင်တွင်းသို့ ရောက်လျှင် လက်ဖက်ရည် တစ်ခွက်နှင့် အီကြာကွေးတစ်ချောင်းကို မှာယူစားသောက်လေ၏။ ထိုအချိန်၌ အနီးဆုံးစားပွဲမှ လူတစ်ယောက်နှစ်ယောက်က သတင်းစာတွင် ပါသော တောပုန်းကြီးစံဖဲအကြောင်းကို ပြောဆိုနေကြလေ၏။

တစ်ယောက်သောသူက သူ၏အဖော်အား -

"တောပုန်းကြီးစံဖဲကို အစိုးရက ဆုငွေထုတ်ထားလိုက်ပြီဆိုပါလား"

ဟု ပြောလိုက်သလို ကြားလျှင် . . . ကိုလူကလေးသည် သောက်လက်စ လက်ဖက်ရည်ပန်းကန်ကိုချလိုက်ပြီးနောက် -

"ဆုငွေထုတ်လဲ မမိနိုင်ပါဘူးဗျာ၊ တောပုန်းကြီး စံဖဲကို ဆရာက ချစ်တယ်ဗျ၊ အင်္ဂလိပ်အစိုးရက ဘယ်နည်းနဲ့မှဖမ်းနိုင်မှာ မဟုတ်ပါဘူး"

ဟု ဝင်ရောက်ပြောဆိုမိလေ၏။ ထိုသို့ပြောဆိုပြီးနောက် မိမိနှင့်မျက်နှာချင်းဆိုင်တစ်ခုံကျော်မှ မိမိအားကြည့်လိုက်သော သူတစ်ဦးကို သတိပြု၍ကြည့်လိုက်ရာ မိမိအား ပမာမခန့်အပြုံးမျိုး ပြုံးလျက် စစ်တုရင်ဝိုင်းမှ ထွက်သွားသောသူဖြစ်ကြောင်း



www.burmeseclassic.com

တွေ့ရလေ၏။ ယခုလည်း မိမိက တောပုန်းကြီးစံဖဲအား မမိနိုင်ကြောင်း ပြောသည်ကို ထိုသူက လှောင်ပြောင်သကဲ့သို့သော အပြုံးမျိုးကိုပြုံးလျက် . . . စီးကရက်ဖွာနေသည်ကိုတွေ့လျှင် ကိုလူကလေးသည် လွန်စွာဒေါသဖြစ်၍သွားလေ၏။ ထို့ကြောင့်

"ဒီမှာ . . . ဟိုကမိတ်ဆွေ၊ ဘာပြုံးတာလဲဗျ"

ဟု ကိုလူကလေးက လှမ်း၍မေးလိုက်ရာ . . . ထိုသူက ကိုလူကလေးအား အရေးလုပ်၍ ကြည့်၍မျှပင် မကြည့်ဘဲ -

"ကိုယ့်လူရဲ့လျှာကိုက မလိုအပ်ဘဲ တယ်ပြီးအလုပ်လုပ်တာကို ပြုံးတာပါ။ စောစောက ရေအိုးစင်နားမှာလဲ ကိုယ့်လူကို ဘယ်သူကမှ အကြံဉာဏ်မတောင်းဘဲ အဆီအငေါ်မတည့်တဲ့ အကြံကို ဝင်ပြီးပေးတဲ့အတွက် ပေါက်ဖော်ကြီးရဲ့ ရထားတစ်လုံး အစားခံလိုက်ရပြီးပြီ၊ အခုလဲ ဟိုလူနှစ်ယောက်က သူတို့ဘာသာ သတင်းစာမှာပါတဲ့ စံဖဲအကြောင်းကို ပြောနေတာ၊ ကိုယ့်လူကိုလဲ မေးတာမဟုတ်ဘဲ ကိုယ့်လူက စံဖဲကို အင်္ဂလိပ်အစိုးရဘယ်တော့မှ ဖမ်းမိနိုင်မှာ မဟုတ်ဘူး ဆိုတဲ့ အချိုးမကျတဲ့ ထင်မြင်ချက်ကို ဝင်ပြီးပေးတဲ့ ကိုယ့်လူကို ကျုပ်က သရော်လှောင်ပြောင်တဲ့ အနေနဲ့ ပြုံးတာပါ"

ဟုပြောရင်း ဆေးလိပ်မီးခိုးများကို မှုတ်ထုတ်လိုက်ရာ ကိုလူကလေးသည် သည်းမခံနိုင်တော့ဘဲ လွယ်အိတ်တွင်းမှ ဂေါ်ရခါးဓားကို ထုတ်ရန်အတွက် လွယ်အိတ်အတွင်းသို့ လက်ထိုးနှိုက်လိုက်ရာ ထိုသူက -





"ဘာလဲ ကိုယ့်လူ - အိတ်ထဲမှာ အလေးခံပြီး သယ်ထားတဲ့ ဂေါ်ရခါးဓားကြီးနဲ့ ကျုပ်လည်ပင်းကို ခုတ်မလို့လား၊ ဓား ဓား . . . သရဲဘောနည်းလှချည်လား၊ ဓားနဲ့ခုတ်တဲ့ အလုပ်က လွယ်ပါတယ်၊ လူတိုင်းလုပ်နိုင်တဲ့အလုပ်မျိုးပါ"

ဟု ထိုသူက ဆိုလိုက်ရာ ကိုလူကလေးလည်း နေရာမှထ၍ ထိုသူထံသို့ ဝုန်းခနဲထ၍သွားလေ၏။

"ဟဲ ဟဲ ဘာလဲ ကိုယ့်လူက လက်နက်မပါဘဲ သတ်ပုတ်မလို့လား၊ အဲဒါ ဘာဆန်းသလဲ၊ တိရစ္ဆာန်တွေလဲ ဒီလိုပဲ လက်နက်မပါဘဲ သတ်ပုတ်ကြတာပဲ မဟုတ်လား၊ အဲဒါကို ကျုပ်က ဘယ်အထင်ကြီးပါ့မလဲဗျာ၊ သတ္တိရှိတယ်လို့ ဘယ်သူ သုံးဆပါ့မလဲ၊ သတ္တိပြချင်ရင် အေးအေးဆေးဆေးထိုင်စမ်းပါ"

ဟု ထိုသူက ပြောလိုက်လေ၏။

"ဘယ်လိုသတ္တိမျိုး ပြရမလဲ"

ဟု ကိုလူကလေးက မေးလိုက်လေ၏။

"ပြောပါ့မယ်၊ ဒီလို ဒီလို၊ ခင်ဗျားက တောပုန်းကြီးစံဖဲကို အင်္ဂလိပ်အစိုးရကဖမ်းလို့မမိနိုင်ဘူးလို့ပြောတယ်၊ အဲဒါ ခင်ဗျားကိုယ်တိုင် ဒီလိုပဲ ယုံကြည်လို့ ပြောတာလား၊ လက်ဖက်ရည်ဆိုင်ဆိုတာ ဟုတ်ဟုတ် မဟုတ်ဟုတ် ပြောချင်တာပြောလို့ရတယ် ဆိုတဲ့ သဘောနဲ့ ပြောတာလား" ဟု ထိုသူက မေးလိုက်လေ၏။

"ကျုပ်ကိုယ်တိုင် အဲဒီအတိုင်း ယုံကြည်တယ်"

ဟု ကိုလူကလေးက ပြောလိုက်လေ၏။



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



"တစ်နှစ်အတွင်း တောပုန်းစံဖဲကိုမိရင် ခင်ဗျားကို ကျုပ်အ
သတ်ရမလား"

ဟု ထိုသူက အေးဆေးတည်ငြိမ်စွာ မေးလိုက်လေ၏။

"တစ်နှစ်အတွင်း ဖမ်းလို့မမိရင်ကော"

"မမိရင် ကျုပ်က ခင်ဗျားဆီကိုလာပြီး အသတ်ခံမယ်"

"စိန်လိုက်လေ"

ဟု ကိုလူကလေးက ပြောလိုက်လေ၏။

"စိန်စမ်းပါ၊ တောပုန်းစံဖဲမိပြီဆိုရင်တော့ နောက်နှစ် ဒီ
ဩဂုတ်လ ၁ ရက် ညသန်းခေါင်မှာ အသတ်ခံဖို့ လာခဲ့ရင်တော
ခင်ဗျားကို တကယ်သတ္တိရှိတဲ့လူ၊ ကိုယ့်ပါးစပ်က ထွက်တဲ့
စကားကို အသက်နဲ့လဲပြီး တာဝန်ယူတဲ့လူလို့ ကျုပ် ယူဆမယ်
အဲဒီလိုမဟုတ်ဘူးဆိုရင်တော့ ကိုယ့်လူကို အလကားလူ၊ ပြော
ပြောရာ လျှောက်ပြီးပြောတတ်တဲ့လူညံ့လို့ ကျုပ်က သတ်မှတ်
လိုက်မယ်၊ ဒီလိုလောင်းတာဟာလဲ ကျုပ်က တောပုန်းစံဖဲကို
ဖမ်းမိစေလိုတဲ့ စေတနာကြောင့် မဟုတ်ဘူး၊ ဒါပေမဲ့ ဘဝ
ပေါင်းစုံစဉ်းစားကြည့်တဲ့အခါမှာ ဆုငွေထုတ်ပြီး တစ်နှစ်တော
ခံမှာမဟုတ်ဘူးလို့ တွက်မိတဲ့အတွက်ပဲ၊ ဘာပဲဖြစ်ဖြစ်လေ . . .
တကယ်လို့ 'ကျုပ် မှားသွားရင်လဲ အဲဒီနေ့ညကို ခင်ဗျားရဲ့
အသက်ကို ခံဖို့ ဆက်ဆက် ကျုပ်လာခဲ့ပါ့မယ်ဗျာ"

ဟုဆိုကာ ထိုသူသည် လက်ဖက်ရည်ဖိုးရှင်း၍ ထွက်သွား
လေ၏။





ကိုလူကလေးက ထိုသူ၏ကျောကိုကြည့်လျက် ကျန်ခဲ့လေ
၏။ ထိုသူကား စကားကို အေးအေးဆေးဆေးပြောခဲ့၏။ သို့ရာ
တွင် ထိုသို့ အေးအေးဆေးဆေးပြောသောစကား၏ အဆုံး၌
အသက်ဆုံးရမည့် အကြောင်းအရာများ ပါရှိပေသည်။ ထိုသူ၏
သဘာဝကား ကိုယ်၏ရှေ့ပိုင်းမှ လက်မများဖြင့်ညှပ်ကာ အမြီး
ပိုင်းတွင်ပါသော အဆိပ်ဖြင့် ထိုးလေ့ရှိသော ကင်းမြီးကောက်၏
သဘာဝမျိုးဖြစ်၏။

ကိုလူကလေးအား သတ္တိရှိသော သူအဖြစ် စကားဖြင့်
ချည်နှောင်ပြီးနောက် အသက်ချင်းထပ်၍ လောင်းကြေးစပ်သွား
သော ထိုသူသည် ကိုလူကလေးအား လည်းကောင်း၊ လက်ဖက်
ရည်ဆိုင်အား လည်းကောင်း လုံးဝ လှည့်၍ပင် မကြည့်ဘဲ
ထွက်ခွာသွားလေတော့၏။

■



www.burmeseclassic.com

www.burmeseclassic.com

## လှုလိုက်နည်းကလေးတစ်ခု

တစ်နေ့သည်၌ ရန်ကုန်မြို့ အစွန်ရှိ ဘုန်းကြီးကျော င်တစ်ကျောင်းသို့ အသက်သုံးဆယ်နီးပါးခန့်ရှိ၍ ရုပ်ရည် လွန်ချောမောသော လူငယ်တစ်ဦး ရောက်ရှိလာလေ၏။ ထိုလူငယ်၏ မျက်လုံးများသည် လွန်စွာတောက်ပြောင်လှပေ၏။ ၎င်းကိုယ်လုံးကိုယ်ပေါက်မှာ ပိန်သည်လည်းမဟုတ်၊ ဝသည်လည်းမဟုတ် လွန်စွာအချိုးကျလှပေ၏။ ၎င်း၏ လက်ချောင်းများမှာလည်း သွယ်၍ ရှည်၏။ နှုတ်ခမ်းမွေး အနည်းငယ်ရှိ ထိုလူငယ်ကို မြင်ရသူအပေါင်းသည် ထိုလူငယ်၏ ချောမောသော ရုပ်ရည်ကို ဂရုပြုမိကြလေ၏။

ထိုလူငယ်သည် ဘုန်းကြီး ကျောင်းသို့ ရောက်လျှဘုန်းတော်ကြီးအားဝတ်ပြုပြီးနောက် ဤကျောင်း၌ ဦးမာလာဆိုသော လူသူတော်တစ်ဦး ရှိမရှိ ဘုန်းတော်ကြီးထံ၌ လျှောက်ထား မေးမြန်းလေရာ ဘုန်းတော်ကြီးက ကျောင်းအောက်တွင်နေထိုင်သော ကပ္ပိယကြီး၏အမည်မှာ ဦးမာလာဖြစ်ကြောင်းပြောလျှင် ထိုလူငယ်သည် ကျောင်းအောက်ရှိ ဦးမာလာထံသွားရောက်ကာ . . .





"ကျွန်တော်အိန္ဒိယကလာခဲ့တာပါ။ ကျွန်တော် ဘာ့ကြောင့်လာခဲ့တယ်ဆိုတာတော့ ဦးလေးသိမှာပါ၊ ကျွန်တော့်နာမည် ဗြိတ္တာလို့ ခေါ်ပါတယ်"

ဟု ပြောလိုက်လျှင် ဦးမာလာက ဗြိတ္တာဟု ခေါ်သော ထိုလူငယ်အား ခြေဆုံးခေါင်းဆုံးကြည့်ရှုပြီးနောက် -

"မောင်ရင့်ကို ဘယ်သူ လွှတ်လိုက်တာလဲ" ဟု မေးလေ၏။

"စနေမောင်မောင် ဆိုတဲ့လူနဲ့ တပ်ချုပ်မဟာလ်မှာ တွေ့ပါတယ်၊ သူက လမ်းညွှန်လိုက်တာပါ။ ကျွန်တော် ဘာတွေလုပ်ရမလဲ ပြောပါ၊ ကျွန်တော် တစ်သဝေမတိမ်း လုပ်ပါ့မယ်"

ဟု ဗြိတ္တာက ပြောလိုက်လျှင် ဦးမာလာက . . .

"စစ်တပ်က ထွက်ခဲ့ပြီလား" ဟု မေးလိုက်လေ၏။

"မထွက်ရသေးပါဘူး၊ ကျန်းမာရေးကို အကြောင်းပြပြီး ခွင့်ယူခဲ့ပါတယ်"

"သူငယ့်ကိုပြောရမှာ အားလဲနာပါတယ်၊ သူငယ်လိုချင်တဲ့ ပညာဟာ ကျုပ်ဆီမှာရှိတယ်လို့ အဲဒီပုဂ္ဂိုလ်က ညွှန်လိုက်သလား"

"ဟုတ်ပါတယ် ဦးလေး၊ ဘာဖြစ်လို့လဲ . . . အဲဒီပညာကို မပေးချင်လို့လား"

"ပေးချင်ပါတယ်၊ ဒါပေမဲ့ ပညာက သိပ်ပြီးလွယ်လွန်းလို့ သူငယ့်အနေနဲ့ အထင်သေးသွားမှာ စိုးလို့ပါကွယ်"

ဟု လူသူတော် ဦးမာလာက ပြောလေ၏။

"ပေးသာပေးပါခင်ဗျာ၊ ကျွန်တော် ပညာကို အထင်သေးမယ့် လူမျိုး မဟုတ်ပါဘူး၊ စနေမောင်မောင်ဟာ ကျွန်တော့်ကို



www.burmeseclassic.com

www.burmeseclassic.com



ထူးဆန်းအံ့ဩဖွယ်ရာတွေကို လုပ်ပြခဲ့ပါတယ်၊ ကျွန်တော်အား အဲဒီပညာကိုပေးပါလို့ ဆိုတော့ . . . သူက မြန်မာပြည်ပြန်ပြီး နတ်တလင်းမြို့မှာ အဲဒီပညာမျိုးတတ်တဲ့လူ ရှိမရှိ စုံစမ်းပါတဲ့ မတွေ့ရင် အင်းစိန်ဘက်မှာ စုံစမ်းပါတဲ့၊ မတွေ့ရင် ဦးမာလာ ဆိုတဲ့ လူသူတော်တစ်ဦးကို စုံစမ်းပြီး သင်ယူပါလို့ အတိအကျ ပြောသွားပါတယ် ဦးလေး"

ဟု ဗြိတ္တာက ပြောလိုက်လျှင် ဦးမာလာက နှစ်လိုဖွယ်ရာ ပြုံးလိုက်ပြီးနောက် . . .

"ကျုပ်ပေးရမယ့်ပညာက လွယ်လွန်လွန်းလို့ပါ သူငယ်ရယ် သင်ချင်ရင်တော့ နက်ဖြန်ခါကို လာခဲ့ပါ"

ဟုကတိပေးလိုက်လျှင် ဗြိတ္တာဆိုသူလည်းပြန်သွားလေ၏။

ဗြိတ္တာလည်း မိမိတည်းခိုရာသို့ပြန်ခဲ့ပြီးလျှင် မှတ်စုစာအုပ်၌ တောပုန်းစံဖဲအား တစ်နှစ်အတွင်း ဖမ်းရမည်ဟု အလောင်း အစား ပြုခဲ့ပုံ၊ အကယ်၍ တစ်နှစ်အတွင်း ဖမ်းဆီးရမိခြင်းမရှိ ပါက မိမိသည် ဂေါ်ရာကုန်းထိပ်သို့သွားရောက်၍ မိမိပြိုင်ဘက် ၏ သတ်ဖြတ်ခြင်း ခံရမည့် အကြောင်းအရာ အပြည့်အစုံတို့ ရေးမှတ်ခဲ့လေ၏။

နောက်တစ်နေ့နံနက်စောစော၌ ဗြိတ္တာသည် ဦးမာလာထံ သို့ လက်ဆောင်ပစ္စည်းများ ဝယ်ယူ၍ သွားရောက်ခဲ့လေ၏။

ဦးမာလာက လက်ဆောင်ပစ္စည်းများကို ယူပြီးလျှင် အောက်ပါစကားကို ပြောလေ၏။





"ကျုပ်က နည်းကိုတော့သိပါတယ်၊ စနေမောင်မောင်လို အစွမ်းထက်အောင် တိတိကျကျ မလုပ်နိုင်ပါဘူး၊ စနေမောင် မောင်ကတော့ အတိအကျ လုပ်နိုင်တဲ့လူပါ၊ ဒါကြောင့် စနေ မောင်မောင် ရောက်သွားတဲ့ နေရာတိုင်းမှာ 'စနေမောင်မောင်' 'စနေမောင်မောင်' နဲ့ လူတွေက အုတ်အော်သောင်းတင်းဖြစ် နေတာပေါ့ကွယ်၊ သူက ထူးခြားပေတာကိုး၊ သူငယ် ကျုပ် သင်ပေးရမယ့်ပညာက အဲဒီပညာပါပဲ၊ ဘာပညာခေါ်တယ်လို့ ကျုပ်ကိုယ်တိုင်မသိပါဘူး၊ ဥပမာပြောရရင် သံမှာ သံလိုက်ရှိ သလို လူမှာလဲလူလိုက်ရှိတယ်လို့ ကျုပ်တော့ယုံတယ်၊ သံလိုက် ဆီကို သံမှုန့်ကလေးတွေက ပြေးသွားသလို လူလိုက်ရှိတဲ့ လူဆီ ကိုလဲ လူတွေက ပြေးသွားရတယ်၊ အဲဒီလူလိုက်ကို ရအောင် လုပ်ပြီးရင် ကျန်တဲ့ ငွေလိုက်၊ ရွှေလိုက်၊ စိန်လိုက်တွေက အလိုလို ဖြစ်လာပါတယ်၊ ငွေလိုက်၊ ရွှေလိုက်ဆိုတာကော ယုံရဲ့လား"

ဟု ဦးမာလာက မေးလိုက်ရာ ၎င်းတို့အနီးတွင် ထိုင်၍ နားထောင်နေသော ကြယ်တိုက် အလွန် ဝါသနာပါသည့် အောင်မောင်းဆိုသော ဘုန်းကြီးကျောင်းသားက . . .

"ဟုတ်နိုင်ပါ့မလား ဦးမာလာ"

ဟု ဝင်၍ စောဒကတက်လေ၏။

"အောင်မောင်းက မယုံဘူးကိုးကွ၊ တစ်ခါက ရသေ့ကြီး ဦးခန္တီကို အင်္ဂလိပ်အစိုးရရဲ့စုံထောက်တွေက ရသေ့ကြီး ငွေစက္ကူ လုပ်နေသလားလို့ သွားပြီးမေးတယ်၊ အဲဒီအခါမှာ ဦးခန္တီက ငွေစက္ကူတင် ဘယ်ကမလဲကွ . . . ရွှေတွေပါ လုပ်ခဲ့နေတာလို့



www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်တယ်၊ အဲဒီအခါမှာ စုံထောက်တွေက လုပ်ပြစမ်းပါလို့ ပြောတာကိုး" ဟု ဦးမာလာက ပြောလျှင် . . .

ကြက်သမား အောင်မောင်းက -

"ရသေ့ကြီး ဦးခန္တီက ငွေစက္ကူလုပ်ပြသလား ဦးမာလာ"

ဟု သိချင်ဇောဖြင့် မေးလိုက်လေ၏။

"ဒီလိုကွ . . . ရသေ့ကြီး ဦးခန္တီက စာရွက်တစ်ရွက်ယူပြီး ကိစ္စရှိလို့အလှူငွေထည့်ကြပါတပည့်တို့ လို့ စာတစ်ကြောင်းရေးပြီး အောက်က ရသေ့ကြီးဦးခန္တီလို့လက်မှတ်ထိုးတာကိုးကွ၊ ပြီးတော့ စုံထောက်တွေ ရှေ့မှာပဲ သူ့ရဲ့ တပည့်တွေကို အဲဒီစာပေးပြီး မြို့ထဲက တပည့်တွေဆီ လွှတ်လိုက်တာ၊ အဲဒီတပည့်လဲ ပြန်လာရော ငွေတွေရော၊ ရွှေတွေ စိန်တွေ ကျောက်သံပတ္တမြားတွေပါ ရလာတာကိုး၊ သူ့ရဲ့တပည့်တွေက ရသေ့ကြီးဦးခန္တီကို လှူလိုက်ကြတာ၊ စုံထောက်တွေလဲ ငွေစက္ကူ အတုလုပ်နေတယ်ဆိုတဲ့ သတင်းဟာ မမှန်ကြောင်း မျက်မြင်ကိုယ်တွေ့ဖြစ်လို့ ဦးခန္တီကို ကန်တော့ပြီး ပြန်သွားကြတယ်ကွ၊ ဦးခန္တီပြောလိုက်ရင် တစ်ခွန်းပဲကွ၊ သူ့ဒကာတွေ သူ့ကိုသိပ်ပြီးယုံကြည်ကြတာ၊ လူလိုက်မှုတဲ့ လူဟာလဲ ဒီလိုပဲကွ၊ အရေးကြီးတာဟာ ပထမဆုံး 'လူလိုက်' ကို ပိုင်ပိုင်နိုင်နိုင်ရဖို့ပဲကွ"

ဟု ဦးမာလာကပြောလိုက်ရာ ကြက်သမား အောင်မောင်းလည်း ပိုက်ထားသော ကြက်ကြီးကို အောက်သို့ ပစ်ချလိုက်ပြီးလျှင်-

"ဦးမာလာပြောတဲ့ လူလိုက် ကျုပ်လဲလိုချင်ပါပြီဗျာ"






ဟု ပြောလိုက်လေ၏။

ထိုနေ့နံနက်ပိုင်းမှစ၍ ဦးမာလာက သူ၏ "လူလိုက်နည်း" ကို ဖြိုခွာအားသင်ပြပေးလေ၏။ ကြက်သမားအောင်မောင်းက အနီးမှကြည့်၍နေလေ၏။

"ဘယ်အချိန်စစ၊ ဘယ်တော့စစ ရက်ရာဇာတို့ ပြဿဒါးတို့ မရွေးပါဘူး၊ စလို့ရပါတယ်၊ ဒါပေမဲ့လို့ ကြာသပတေးသားဆိုရင် ဘယ်လိုပဲဖြစ်ဖြစ် ပထမပတ်ထဲက ကြာသပတေးနေ့ နံနက် ၆ နာရီက ၇ နာရီခွဲအတွင်း အချိန်ကိုပဲ ရွေးပြီးလုပ်သင့်တယ်လို့ ကျုပ် ထင်တယ်၊ စနေမောင်မောင်ကတော့ ဟောဒီဇယားကလေးနဲ့ကြည့်ပြီးလုပ်သွားတယ်၊ သူပြောတာတော့ အဲဒီနည်းက ပိုပြီးကောင်းတယ်လို့ ပြောတာပါပဲ၊ ကျုပ်က သူ့လို နက္ခတ်လဲ မတတ်၊ ဗေဒင်လဲ မတတ်ပါဘူး၊ ဒါပေမဲ့ သူ ရေးပြတဲ့ ဇယားကလေးတော့ မှတ်မိပါရဲ့၊ ဟောဒီအတိုင်းပါပဲ"

ဟု ဆိုကာ အောက်ပါဇယားကို ရေးပြလေ၏။



www.burmeseclassic.com

www.burmeseclassic.com

"အဲဒီတော့သူငယ်ရဲ့နာမည်က ဖြိုးစွာဆိုတော့ ဗထက်ချိုင်ရယ်၊ ယရိစ်ရယ်၊ လုံးကြီးတင်ရယ်၊ စလုံးရယ်၊ ဆလိမ်ရယ် ရှေးချရယ် မဟုတ်လား" ဟု ဦးမာလာက မေးရာ ဖြိုးစွာက . . .

"ဟုတ်ပါတယ်" ဟု ပြောလေ၏။

"ဒီတော့ ဗထက်ချိုင့်အတွက် (၁) ဂဏန်း၊ ယရိစ်အတွက် (၃) ဂဏန်း၊ လုံးကြီးတင်အတွက်က (၈) ဂဏန်း၊ စလုံးအတွက်က (၆) ဂဏန်း၊ ဆလိမ်အတွက်က (၆) ဂဏန်း၊ ရှေးချအတွက်က (၈) ဂဏန်း မဟုတ်လား၊ အဲဒီဂဏန်းတွေ စုစုပေါင်းလိုက်တော့ ၃၂ ရတယ် မဟုတ်လား၊ တစ်ခါ အဲဒီဂဏန်းတိုတစ်ခါတည်းပေါင်းလိုက်တော့ ၅ ရတယ်မဟုတ်လား၊ အဲဒါကိုနေ့ရှာလိုက်တော့ ဗုဒ္ဓဟူးပိုင်တဲ့နေ့ရတယ်မဟုတ်လား၊ ဒီတော့သူငယ်တ အဲဒီနေ့မှာ စတင်သင့်တယ်"

ဟုဆိုလျှင် ကြက်သမား အောင်မောင်းကလည်း သူ၏အမည်ကို ဇယားဖြင့်ကြည့်၍ တွက်ချက်ပြီးလျှင် -

"ဦးမာလာ . . . ကျုပ်နာမည်ကို တွက်လိုက်တော့ (ကြာသပတေး) ပိုင်နေ့ကို ရတယ်ဗျ၊ တကယ်လို့ ကျုပ်အတွက်လုပ်ချင်ရင် အဲဒီနေ့ကို လုပ်ရမှာပေါ့နော်" ဟု ဆိုလေ၏။ ထိုအခါ၌ ဦးမာလာက ခေါင်းညိတ်ပြပြီးလျှင် -

"မင်းလဲမဆိုးဘူး၊ ဟုတ်သားပဲ"

ဟု ပြောလေ၏။ ထို့နောက် ထမင်းစားချိန်သို့ရောက်လျှင် ဦးမာလာက ဘုန်းကြီးကျောင်းမှ ထမင်းဟင်းများကိုယူ၍ ဖြိုးစွာအား ကျွေးမွေးလေ၏။ ဖြိုးစွာက မစားလိုကြောင်း အတန်တန်ငြင်းဆန်သော်လည်း ဦးမာလာက စားရန် တိုက်တွန်းသဖြင့် စားသောက်ရလေ၏။





ထိုအခါ၌ ဦးမာလာက ဖြိုးစွာ ထမင်းစားသည်ကို အနီးမှ သေသေချာချာ ထိုင်၍ကြည့်ကာ -

"သူငယ် ထမင်းစားတာက မြန်လွန်းအားကြီးတယ်၊ ညက်နေအောင် ဝါးရမယ်၊ ပြီးတော့ ကိုယ်စားတဲ့ ထမင်းလုတ်ကို အရသာခံရမယ်၊ အရသာခံရင်း ငါ့ရဲ့လျှာမှာရှိတဲ့ အကြောတလေးပေါင်း သိန်းသန်းကုဋေကနေ အခု ငါစားနေတဲ့ ထမင်းဟင်းထဲမှာပါတဲ့ အဖိုးတန်တဲ့ ဓာတ်တစ်မျိုးကို ထုတ်ယူနေပြီ၊ အဲဒီဓာတ်ဟာ ငါ့ရဲ့သွေးထဲသားထဲကို စိမ့်ဝင်သွားပြီ၊ အဲ့ဒီဓာတ်ဟာ ဘာကိုပဲလုပ်လုပ် အောင်မြင်စေတဲ့ အစွမ်းသတ္တိရှိတဲ့ ဓာတ်တစ်မျိုးလို့ သေသေချာချာဆင်ခြင်ရင်း စားရမယ်ကွ"

ဟု ဦးမာလာက ပြောလေ၏။

ထို့နောက် ရေသောက်ရာ၌လည်း ညွှန်ကြားလေ၏။ ရေချိုးမိုင်းပြီးလျှင် ရေချိုးရာ၌လည်း ရေကို တဖြည်းဖြည်းလောင်းရန်နှင့် ရေထဲတွင်ရှိသော အောင်မြင်စေသည့် ဓာတ်တစ်မျိုးသည် ချွေးပေါက်များမှတစ်ဆင့် ကိုယ်တွင်းသို့ စိမ့်၍ဝင်သွားကြောင်း ဆင်ခြင်ရန် ညွှန်ပြလေ၏။

ထိုအခါ၌ ကြက်သမားအောင်မောင်းက ဦးမာလာအား -

"ဦးမာလာရဲ့ 'လူလိုက်နည်း' ကလဲ ဘာမှလဲ မဆန်းပါလား၊ ထမင်းစားတာရယ်၊ ရေချိုးတာရယ်ပါပဲလား"

ဟု ဆိုကာ ဒူးကိုနှံ့၍နေလျှင် ဦးမာလာက . . .

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလို ဒူးနှံ့နေခြင်း၊ အကြောင်းမဲ့ ဝေးမောနေခြင်း၊ လက်သည်းကို ကိုက်နေခြင်း စတဲ့ဟာတွေကိုလဲ မလုပ်ရဘူး၊ အဲဒီလို တစ်လလောက် စားတာသောက်တာ၊ ရေချိုးတာ ထိုင်တာကအစ အကျင့်ရအောင် ပြုလုပ်ရမယ်၊ အဲဒီလိုပြုလုပ်ပြီးရင် အရှေ့ဘက်ကို မျက်နှာမူပြီး မျက်စိမှိတ်ထိုင်ပါ၊ မျက်စိထဲမှာ မည်းမည်းမှောင်မှောင်တွေ မြင်ရလိမ့်မယ်၊ နောက်တော့ ပြိုးပြိုးပြက်ပြက်တွေ မြင်ရလိမ့်မယ်၊ အဲဒီအခါမှာ မဟူရာကျောက်ကို ငွေနဲ့ လက်စွပ်ကွင်းဝတ်ပြီး ညာဘက်လက်ညှိုးမှာ ဝတ်ထားလိုက်ပေတော့၊ ပထမအဆင့် အောင်မြင်ပြီ၊ နောက်တော့ အဲဒီလို ငြိမ်ပြီး သမာဓိရှိရှိထိုင်ပြီး မျက်စိထဲမှာမြင်ရတဲ့ ပြိုးပြိုးပြက်ပြက်အရောင်တွေကို အာရုံပြုပြီး စိတ်ကို ဘယ်မှ မရောက်စေဘဲ ကြည့်နေမယ်ဆိုရင် နောက်ထပ် ထူးခြားတဲ့ ပြောင်းလဲမှုတွေ တွေ့ရမယ်၊ အဲဒီအခါမှာ မျက်စိထဲမှာ မြင်ရတဲ့ အရောင်နဲ့ ဆင်တူတဲ့ ကျောက်တစ်မျိုးကို လက်စွပ်လုပ်ပြီး ဝတ်ထားလိုက်ပေတော့၊ အဲဒီပညာရပ်ကို လိုက်စားနေတဲ့လူ အချင်းချင်း တွေ့ကြတဲ့အခါမှာ လက်မှာဝတ်ထားတဲ့ လက်စွပ်ကို ကြည့်ပြီး ဘယ်လိုအခြေအနေရောက်နေပြီဆိုတာ သိကြရတယ်ကွယ့်၊ ကျုပ်တတ်တာက ဒါပါပဲ၊ ကျုပ်က နည်းလောက်ပဲ ပေးနိုင်တာပါ၊ ဝါသနာပါလို့ လုပ်ချင်ရင်တော့ ကိုယ့်ဟာကိုယ် လုပ်ကြည့်ပေတော့" ဟု ဦးမာလာက ပြောလေ၏။

ထိုနေ့မှစ၍ ငြိမ္ဗာလည်း ဦးမာလာထံသို့ လာရောက်ပြီး လေ့ကျင့်ခဲ့ရာ သုံးလေးလအတွင်း၌ပင် လက်၌ လက်စွပ်သုံးကွင်း





ဝတ်နိုင်ခဲ့သည်ကို တွေ့ရသဖြင့် ထိုလုပ်ငန်း၌ ပါရမီရှိကြောင်း သိရှိနိုင်ပေသည်။ ထိုကျောင်းသို့လည်း ကျောင်းဒကာမိသားစုသည် မကြာခဏ လာရောက်လည်ပတ်ကြပြီးလျှင် ဘုန်းတော်ကြီးနှင့် အလ္လာပ သလ္လာပ စကားများပြောခြင်း၊ ကျောင်းအတွက် လိုအပ်သည်များတွေ့လျှင် လှူဒါန်းခြင်းများပြုလုပ်လေ၏။ ထိုကျောင်းဒကာမိသားစုနှင့် ဦးမာလာသည်လည်း ဆွေမျိုးရင်းချာများကဲ့သို့ ရင်းနှီးလှပေသည်။ ကျောင်းသို့ လာသည့်အခါ၌ ကျောင်းဒကာမိသားစုသည် ဘုန်းတော်ကြီးနှင့် လှူရေးတန်းရေး တိုင်ပင်သကဲ့သို့ ဦးမာလာနှင့်မူရောင်းရေးဝယ်တာကိစ္စ၊ ရပ်ရေးရွာရေး၊ စီးပွားရေးများကို တိုင်ပင်လေ့ရှိပေသည်။

ထိုကျောင်းဒကာမိသားစုမှာ စမ်းချောင်းဈေး၌ ရွှေဆိုင်ဖွင့်ထားပြီးလျှင် တစ်ဖက်၌လည်း စိန်ရွှေရတနာ ပွဲစားများ လုပ်ကြလေ၏။ တစ်ခါက ရွှေများကို တက်ဈေးနှင့် ဝယ်မိ၍ မကြာမီ၌ပင် ရွှေဈေးမှာ ထိုး၍ကျသွားသည်နှင့် ကြုံကြိုက်ခဲ့လေရာ ဦးမာလာထံသို့ လာရောက်၍ အကြံဉာဏ်တောင်းရလေ၏။ ထိုအခါ၌ ဦးမာလာက ဝယ်ယူပြီး ရွှေများကိုလည်း မရောင်းရန်၊ နောက်ထပ်လည်း ရွှေများကို ဝယ်နိုင်သလောက် ဝယ်ယူရန် တိုက်တွန်းခဲ့သဖြင့် ကျောင်းဒကာလင်မယားသည် ဦးမာလာပြောသည့်အတိုင်းဝယ်ယူပြီး မှားမကြာမီ၌ပင် ရွှေဈေးများ ပြန်တက်လာသည်ဖြစ်ရာ လွန်စွာမြတ်စွန်းခဲ့ကြလေ၏။

တစ်ခါ၌လည်း စိန်များ အဝယ်များသဖြင့် ဦးမာလာထံသို့ လာ၍ အကြံတောင်းရလေ၏။ မြန်မာပြည်မှ စိန်သုံးသူများသည်

www.burmeseclassic.com

www.burmeseclassic.com



ခဲသားဟုခေါ်သော နက်မှောင်သည့်စိန်မျိုးကို ကြိုက်နှစ်သက်ကြသဖြင့် ကြက်ဆီဟုခေါ်သည့် ဝါဖန့်ဖန့်အရောင်ရှိသောစိန်တို့ မနှစ်သက်ကြပေ။ ကျောင်းဒကာလင်မယားသည် မြန်မာများ မကြိုက်သည့်စိန်များကို ဝယ်မိသဖြင့် ဒုက္ခတွေ့နေစဉ် ဦးမာလာက နိုင်ငံခြားသားတစ်ဦးနှင့် အရောင်းအဝယ်ပြုလုပ်ရန် အကြံဉာဏ်ပေးခဲ့လေရာ ဦးမာလာပြောသည့်အတိုင်းပင် နိုင်ငံခြားသားများက စိန်များကို တန်ဖိုးကောင်းစွာပေး၍ ဝယ်ယူသွားသဖြင့် လွန်စွာအကျိုးရှိခဲ့ဖူးပေသည်။ ထို့ကြောင့် ကျောင်းဒကာလင်မယားသည် ဘုန်းကြီးကျောင်းသို့ မကြာခဏလာရောက်ရခြင်းမှာ ကျောင်းအောက်တွင် နေထိုင်သည့် လူသူတော်ကြီး ဦးမာလာထံ၌ မိမိတို့၏အခက်အခဲများကို အကြံဉာဏ်တောင်းရန် ဖြစ်ပေသည်။

တစ်ခါကလည်း ကျောင်းဒကာ လင်မယားသည် မူလနေထိုင်သည့် စမ်းချောင်းရပ်ကွက် ကြံခင်းလမ်းမှ အိမ်တို ကျဉ်းသည်ဟုဆိုကာ ရောင်းပစ်ခဲ့ပြီးနောက် ဖျာပုံလမ်းထဲတွင် အိမ်တစ်လုံးဝယ်ယူခဲ့ရာ ထိုအိမ်မှာ ခြံနှင့်ဝင်းနှင့်ဖြစ်သည့်အပြင် အိမ်ကလေးမှာလည်း လွန်စွာသပ်သပ်ရပ်ရပ်ရှိလှသဖြင့် အရ တော်ခဲ့ပါပေသည်။ သို့ရာတွင် တစ်လမ်းလုံးရှိအမှိုက်များသည် ၎င်းအိမ်ရှေ့ မျက်စောင်းထိုး၌ လာရောက်ပုံကြပြီး အမှိုက်ပုံကြီး ဖြစ်၍နေကြောင်းကို ဝယ်ပြီးသည့်အခါ၌ တွေ့မြင်ရလေရာ ထိုအမှိုက်ပုံကြီးအတွက် ရတက်မအေး ဖြစ်ရလေတော့၏။





ထိုအခါ၌ ဦးမာလာထံသို့ လာရောက်၍ အကြံဉာဏ်တောင်းရာ ဦးမာလာက ကျောင်းဒကာ၏အိမ်သို့ လိုက်သွား၍ တစ်ညအိပ်ပြီးလျှင် နောက်တစ်နေ့၌ ထိုအမှိုက်ပုံနေရာကို အနည်းငယ်ရှင်း၍ နတ်စင်တစ်စင်ဆောက်လုပ်ပြီးလျှင် မြင်းဖြူ ရုပ်များ၊ ပန်းအိုးများပါ ထားရှိကာ ညစဉ် ဖယောင်းတိုင်များ ထွန်းညှိ၍ နတ်စင်အား ပူဇော်ဟန်ပြုခဲ့ရာ အမှိုက်ပုံသူများသည် နတ်စင်အနီး၌ အမှိုက်မပုံဝံ့တော့ဘဲ နေရာပြောင်းသွားကြလေတော့၏။ ထိုအခါမှစ၍ ကျောင်းဒကာကြီးက -

"ဦးမာလာကတော့ တကယ့်ကို စွမ်းပါပေ့ဗျာ"

ဟု မကြာခဏ ပြောဆိုချီးမွမ်းလေတော့၏။

ယခုလည်း ကျောင်းဒကာလင်မယား၌ အခက်ကြုံ၍နေပေသည်။ ကျောင်းဒကာ ဦးသိန်းအောင်၊ ကျောင်းအမ ဒေါ်ခင်ရီတို့သည် ရထားပေါ်မှ ကောက်ရထားသဖြင့် မွေးစားထားသော သမီးကလေးတစ်ယောက် ရှိပေသည်။ ထိုသမီးကလေးအား ကောက်ရခဲ့စဉ်က သမီးနာမည်ဘယ်သူလဲဟုမေးရာ ကလေးက မပီကလာ ပီကလာဖြင့် "မိုးနို" ဟု ဖြေခဲ့သည့်အတိုင်းပင် မိုးနို ဟု၍ခေါ်လေ၏။ အမှန်မှာ မိုးညို ဖြစ်ပေသည်။ ထိုသမီးကလေးအား ကန့်ထရိုက်တာမောင်မောင်ဆု ဆိုသူနှင့်ဖြစ်စေ၊ ရွှေညာပရိဘောဂတိုက်ပိုင်ရှင် မောင်မောင်ကြီး ဆိုသူနှင့်ဖြစ်စေ လူကြီးတို့ ဝတ္တရားအတိုင်း ထိမ်းမြားလက်ထပ်ပေးလိုသော်လည်း သမီး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သူ မိုးနိုက ငယ်စဉ်ကပင် ကွဲကွာ၍သွားသော အစ်ကိုဖြစ်သူနှင့် ပြန်တွေ့သည့်အခါကျမှပင် အိမ်ထောင်ပြုပါရစေဟု ပူဆာလေရာ ကျောင်းဒကာ လင်မယားမှ အခက်ကြုံရပြန်သဖြင့် လွန်စွာချစ်လှသော မွေးစားသမီးကလေး မိုးနိုအား ဦးမာလာထံသို့ ခေါ်ခဲ့ပြီးလျှင် အကြံဉာဏ်တောင်းလေတော့၏။

ဦးမာလာလည်း အကြံမပေးတတ်သဖြင့် သူ၏ခေါင်းကိုတဖြင်းဖြင်းကုတ်နေလေ၏။ ကျောင်းဒကာမိသားစုလည်း . . .

"အကြံကောင်းရရင်တော့ ခေါ်လိုက်ပါ ဆရာဦးမာလာရယ်" ဟုဆိုကာ ပြန်၍သွားကြလေ၏။

ဦးမာလာလည်း ကွပ်ပျစ်ပေါ်၌ ထိုင်ရင်း ဦးခေါင်းကိုတဖြင်းဖြင်းကုတ်၍ ကျန်ရစ်လေတော့၏။ ထိုအခါ၌ 'လူလိုက်'ကို လာ၍သင်ယူနေသော ဗြိတ္တာ ဆိုသူသည် ရောက်ရှိလာလေရာ ဦးမာလာအား -

"ဦးလေး . . . ဘာတွေစိတ်ညစ်နေတာလဲ"

ဟု မေးလျှင် ဦးမာလာက အကျိုးအကြောင်း ပြောပြလိုက်လေ၏။

"ဒီအတွက်တော့ စိတ်ချပါ ဦးလေး၊ ကျွန်တော် ရှာပေးပါ့မယ်၊ မသေသေးရင် တွေ့ကိုတွေ့ရစေပါမယ်" ဟု တာဝန်ယူလိုက်လေ၏။ ထို့ကြောင့်ဦးမာလာလည်း ဗြိတ္တာအား ကျောင်းဒကာ မိသားစုနှင့် တွေ့ဆုံပေးလိုက်လေတော့၏။

"ကျွန်တော်ရှာရမယ့်လူက နာမည်ဘယ်သူလဲ"

ဟု ဗြိတ္တာကမေးလျှင် ဒေါ်ခင်ရီက . . .

"ဒီလိုပါမောင်ရင် . . . ငယ်ငယ်ကလေးတွေကတည်းက ကွဲသွားတာဆိုတော့ စကားကမပီဘူးကွယ့်၊ သမီးပြောတာတော့ သူ့နာမည်က မိုးနို၊ သူ့အစ်ကိုနာမည်က မင်းနိုလို့ ပြောတာပါပဲကွယ်" ဟု ဆိုလေ၏။

"မိုးညိုနဲ့ မင်းညို ဖြစ်ပါလိမ့်မယ်"

"ကဲ . . . မမိုးညို၊ ခင်ဗျားအစ်ကိုမှာ ထင်ရှားတဲ့ အမှတ်အသားတွေ ဘာရှိသလဲ၊ မှတ်မိသလောက်ပြောစမ်းပါ"

ဟု ဗြိတ္တာက ပြော၏။

"ကျွန်မလဲ ကောင်းကောင်းတော့မမှတ်မိပါဘူး၊ ကျွန်မတို့ခင်နှမ ကွဲခါနီးမှာ အစ်ကို့ရဲ့ပါးမှာ သံယောက်မနဲ့ အကပ်ခံရလို့ အတွက် သုံးထောင့်ပုံ အမာရွတ်တစ်ခု ထင်သွားတယ်"

"ကောင်းပါပြီ . . . မမိုးညိုရဲ့ အစ်ကိုကို မတွေ့မချင်းရှာပေးမယ်၊ စိတ်ချပါ၊ မသေသေးရင် တွေ့ရစေမယ်"

ဟုဆိုကာ ဗြိတ္တာလည်း ထိုအချိန်မှစ၍ မိမိ မမြင်မတွေ့ဖူးသော လူတစ်ယောက်အား ရှာဖွေရန်အတွက် ထွက်သွားလေတော့သတည်း။

■





ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com

## ကိုလူကလေး အာလာဒင်ဖြစ်ပြန်ပြီ

ကိုလူကလေး၏စိတ်၌ မိမိကို အားကိုးလှသော မော
အား စွန့်ပစ်ထားခဲ့ရန် ခက်၍နေသကဲ့သို့ ဆက်လက်နေ
ရန်မှာလည်း မောင်ဆု အိမ်ထောင်ပြုမည်ဆိုလျှင် မိမိ
စုတ်စုတ်ပြတ်ပြတ် ဝတ်စားနေထိုင်တတ်သော လူတစ်ဦး
မောင်ဆု၏ဇနီးသည် မည်သည့်နည်းနှင့်မျှ ကြည်ဖြူနိုင်
မဟုတ်ကြောင်း အတတ်သိ၏။ ထိုအခါ၌ မောင်ဆုလည်း
မကောင်း ဖြစ်ရပေမည်ကို တွေးမိသဖြင့် မည်သို့ပြုလုပ်ရမည်
ကြံစည်ရင်း လျှောက်၍လာခဲ့ရာ ကုက္ကိုပင်ကြီးတစ်ပင်အနီး
ရောက်သော့အခါ၌ အမောဖြေရင်း ကုက္ကိုပင်တွင် က
ရိုက်ထားသော ရေအိုးစင်မှရေကို ခပ်၍သောက်မည်အ
ကုက္ကိုပင်၏အခြားတစ်ဖက်မှ အောက်ပါအသံကို ကြားရလေ

"ဟဲ ဟဲ . . . မျက်နှာမှာလဲ မုတ်ဆိတ်မွေးတွေ၊ ပါး
မွေးတွေ၊ နှုတ်ခမ်းမွေးတွေနဲ့ ပွဲထဲကဇော်ဂျီလို ဖြစ်နေပြီလ





မ်းပေါ်လျှောက်သွားနေရတဲ့အရသာကို သိပြီလား လူကလေး
င်းညို၊ ဒါပေမဲ့ လမ်းပေါ်လျှောက်လို့ မဖြစ်သေးဘူးကွ၊ မင်း
ပ်ရမယ့်အလုပ်တွေ အများကြီးရှိသေးတယ်"

ကိုလူကလေးသည် ထိုအသံကို ကြားရသည်နှင့်တစ်ပြိုင်
ာ် သောက်မည့်ရေကိုပင်မသောက်တော့ဘဲ ရေခွက်ကို ပစ်ချ
ကုက္ကိုပင်၏ တစ်ဖက်သို့ ကမန်းကတန်း ပြေးသွား၍
ီးဂွမ်တီ" ဟု ခေါ်လိုက်လေ၏။

ဦးဂွမ်တီကား ချက်၏ နေရာကိုပင် ကျော်၍နေသည့်
ဆိတ်မွေးဖြူဖြူကြီးနှင့် ကိုလူကလေး ခေါ် မင်းညိုအား ပြုံး၍
ည့်နေပြီးလျှင် လက်နှစ်ဖက်ကို ဆန့်တန်း၍ပေးလိုက်လေ၏။

မင်းညိုလည်း ဦးဂွမ်တီအားပြေး၍ဖက်ထားလိုက်ပြီးလျှင်-

"ကျွန်တော်ရှာနေတာ ကြာပါပြီ ဦးဂွမ်တီ"

ဟု အားရဝမ်းသာ ပြောလိုက်လေ၏။

"မင်းညို . . . မင်းဟာ အိန္ဒိယပြည်က စစ်တပ်မှာ မေဂျာ
ဲ့တဲ့ ပိုလ်မှူးရာထူးကိုရပြီး ဂေါ်ရခါးတစ်ယောက်ရဲ့ လူသတ်
ာ မျက်မြင်သက်သေဖြစ်ပါလျက် မမြင်ပါဘူးလို့ ဘူးကွယ်တာ
ယ်၊ အိန္ဒိယပြည်မှာ အလုပ်မရှိ အကိုင်မရှိနဲ့ လမ်းတကာ
လျှောက်သွားနေတာရယ်၊ ပြီးတော့ မြန်မာပြည်ကို ပြန်လာခဲ့
ာရယ်၊ မောင်ဆုဆိုတဲ့ လူညံ့ လူဖျင်းကလေးကို ချမ်းသာ
ြယ်ဝတဲ့ ကန်ထရိုက်တာကြီးဖြစ်အောင် လုပ်ပေးခဲ့တာရယ်
ါလဲ သိတာပါပဲ" ဟု ဦးဂွမ်တီက ပြောလိုက်ရာ မင်းညိုလည်း
န်ဝှာအံ့သြ၍သွားလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"ဦးဂွမ်တီက အားလုံးသိနေတာပေါ့နော်"

ဟု မင်းညိုကမေးလိုက်ရာ ဦးဂွမ်တီက ဟက်ဟက်ပက်
ရယ်မောပြီးလျှင် . . .

"သိပါတယ်ကွ . . . မင်းကို ငါက အမြဲစုံစမ်းနေတာ
လူကလေး မင်းညိုရဲ့၊ ဒါနဲ့ နေပါဦး . . . မင်းနှမကလေး
ပြန်တွေ့ပြီလား"

"မတွေ့သေးပါဘူး ဦးဂွမ်တီ"

ဟု မင်းညို ခေါ် ကိုလူတလေးက ဖြေလိုက်လေသည်

"ဒါနဲ့ နေပါဦး မင်းညို . . . မောင်မောင်ကြီး ဆိုတာ
မင်းမှတ်မိသေးရဲ့လားကွယ့်"

"သိပါတယ်ဦးဂွမ်တီ၊ သူတို့အိမ်မှာ ကျွန်တော့်ကို ဦးဂွမ်
တီ ၁၅ ကျပ်နဲ့ ရောင်းစားလို့ ကျွန်ဖြစ်ခဲ့သေးတာပဲ၊ ဟား ဟား"

"အေး အေး . . . ရော့"

ဟုဆိုကာ သူ၏လွယ်အိတ်ကြီးအတွင်းမှ လွန်စွာဟော
နွမ်းနေပြီဖြစ်သော စာရွက်ခေါက်တစ်ခေါက်ကိုထုတ်၍ ဦးဂွမ်တီ
က မင်းညိုအား ပေးလေ၏။

မင်းညိုလည်း ထိုစာရွက်ကို ဖြေ၍ကြည့်လိုက်ရာ စာရွက်
တွင် တွယ်အပ်ဖြင့်တွယ်၍ထားသော ငွေ ၁၅ ကျပ်ကို တွေ့
လေ၏။ စာရွက်၌လည်း အောက်ပါအတိုင်း ရေးထားလေ၏။

လူကလေးမင်းညိုအား ဦးဘမောင်၊ ဒေါ်ခင်ခင်ကြီး နှင့်
မောင်မောင်ကြီးတို့ ထံ၌ လူတို့၏ အကြင်နာတရား မဲ့





တတ်ကျွမ်းရန်အတွက် ကျွန်အဖြစ် ရောင်းစားခဲ့စဉ်က ရသော
ကျွန်ဖိုးငွေ ၁၅ ကျပ်။

"အဲဒီတုန်းက ကျွန်တော့်ကိုရောင်းစားခဲ့တာ အဓိပ္ပာယ်
ရှိတာပေါ့နော်"

"ကျွန်ဖြစ်ဖူးမှ လူတွေဘယ်လောက်ရက်စက်တယ်ဆိုတာ
သိတာကွ၊ ပြီးတော့ သခင်ဖြစ်ချင်ရင် ကျွန်အရင်လုပ်ကြည့်ရ
တယ်ကွ၊ ဟား . . . ဟား"

မင်းညိုလည်း မိမိငယ်စဉ်က ကျွန်ခံခဲ့ရသော ကျွန်ဖိုးငွေ
၁၅ ကျပ်ကို အားရဝမ်းသာယူလိုက်ပြီးလျှင် လွယ်အိတ်အတွင်း
သို့ ထည့်လိုက်လေ၏။

"အေး . . . အခု အရေးကြီးတဲ့ကိစ္စ ရှိနေပြီကွ၊ အဲဒါက
ဘာလဲဆိုတော့ 'အာလာဒင်' လို မီးခွက်စုတ်တစ်လုံးငှားခိုင်းဖို့ပဲ"

"မီးခွက်စုတ်က ဘာလုပ်ဖို့လဲ ဦးဂွမ်တီ"

"ဒီလိုကွ . . . သိပေါ့ဘူးရင် ပါတော်မူတုန်းက မန္တလေး
မြို့က သူကြွယ်ကြီးတစ်ဦးဆီကို . . . နန်းစဉ်ပတ္တမြားတစ်လုံး
အပ်ထားတယ် ဆိုပဲကွ"

"နန်းစဉ်ပတ္တမြားဆိုတာက ဘာလဲ ဦးဂွမ်တီ"

"ဒီလိုကွာ . . . ပတ္တမြားက ခြောက်မျိုးရှိတယ်ကွ၊

(၁) ဝဇီရကွန့် - ရဲရဲနီသော အရောင်ရှိတဲ့ ပတ္တမြား

(၂) ဂေါမူလာ - ခရမ်းရောင်ရှိတဲ့ ပတ္တမြား

(၃) ကွမ်းပြင်ရည် - ကွမ်းသွေးရောင်ရှိတဲ့ ပတ္တမြား



www.burmeseclassic.com

www.burmeseclassic.com



(၄) ဘောလိ - ခပ်ညိုညို အရောင်ရှိတဲ့ ပတ္တမြား

(၅) ရှိန်းခို - ယုန်သွေးလို ကြည်လောင်လောင် နီကြောင်ကြောင် အရောင်ရှိတဲ့ ပတ္တမြား

(၆) မင်းသခံ - သားစိမ်းတစ်လို ချင်းချင်းနီတဲ့ ပတ္တမြားရယ်လို့ ရှိတယ်ကွ၊ အဲဒီခြောက်မျိုးမှာ ရှေးတုန်းက နန်းဆည် နန်းဆက် မင်းသခံ ပတ္တမြားတစ်လုံး ဆောင်ထားလေ့ရှိတယ်ကွ"

"ဘာဖြစ်လို့ ဆောင်တာလဲ ဦးဂွမ်တီ"

"ဒီလိုကွ . . . ပတ္တမြားဆိုတဲ့ ရတနာက -

(တစ်) ကုဏ္ဍိတံ ဒေတိ - အလိုပြည့်စေတယ်၊

(နှစ်) အာသောကံ ဒေတိ - ရွှင်ပျကြည်လင် ကျက်သရေရှိစေတယ်၊

(သုံး) တေဇေတိ - ဘုန်းတန်ခိုးတက်စေတယ်ကွ၊

အဲဒါကြောင့် မင်းသခံ ပတ္တမြားကို 'ရာဇဝဍ္ဍော' မင်းသုံးပတ္တမြားလို့ ခေါ်တယ်ကွ၊ အရောင်ကလဲ လည်နေရမယ်ဆိုတဲ့ အေးအေး . . . အဲဒီပတ္တမြားက သီပေါမင်း ပါတော်မူတုန်းက ဆွေတော်မျိုးတော်တစ်ဦးက မန္တလေးက သူကြွယ်တစ်ဦးဆီကို အပ်ထားတယ်ကွ၊ အဲဒီသူကြွယ်က မှန်အိမ်က မီးစာတင်တဲ့ မောင်းမှာ တပ်ထားလိုက်တယ်၊ သဘောကတော့ အဖိုးတန် ပစ္စည်းမှန်း မသိအောင်လို့ပေါ့ကွာ"

"တော်တော့်ကို စိတ်ဝင်စားဖို့ကောင်းတာပဲ ဦးဂွမ်တီ"

"ဟ - ဒီထက်တောင် စိတ်ဝင်စားဖို့ကောင်းသေးတယ် သူကြွယ်ကြီးရဲ့ ထမင်းချက်က မီးခွက်အစုတ် အောက်မေ့လို့ နှီဆီဘူးနဲ့ လဲလိုက်တာ၊ အဲဒီမီးခွက်ကြီးက ကုန်စုံဆိုင်ဖွင့်တဲ့ ကုလားဆီ ရောက်သွားပါလေရော၊ တစ်ခါ အဲဒီကုလားဆီကနေ ဒရဝမ်စောင့်တဲ့ ဂေါ်ရခါးက ခြောက်ပြားနဲ့ဝယ်လို့ ပါသွားပြန်ရောဟေ့၊ အဲဒီလိုနဲ့ လက်ဆင့်ကမ်းသွားလိုက်တာ 'ရာဇဝဍ္ဍော' မင်းသခံ ပတ္တမြားပါတဲ့ မှန်အိမ်ဟာ ဘယ်ရောက်လို့ ရောက်သွားမှန်းကို မသိပါဘူးကွာ"

"ဟာ . . . ဦးဂွမ်တီရဲ့ပတ္တမြားက သဲလွန်စ ပျောက်သွားရောလား"

"အေး . . . ငါဟာလဲ အဲဒီပတ္တမြားကို ရှာခဲ့တဲ့နှစ်ဟာ မနည်းပါဘူးကွာ"

"ဦးဂွမ်တီရဲ့ ပတ္တမြားကလဲ ဗေဒါပင်မျောသလို ဟိုရောက် ဒီရောက်နဲ့ ခြေရာခံဖို့ တယ်ခက်ပါလား"

"အေး . . . ဟုတ်တယ် ဟုတ်တယ်၊ ဗေဒါပင်လိုပဲ၊ ဗေဒါပင်များလဲ မျောချင်ရာမျော၊ ကပ်ချင်ရာကပ်နဲ့၊ အဲဒီလိုပဲ ပတ္တမြားလဲ ဘယ်ရောက်သွားမှန်း မသိပါဘူး၊ ပတ္တမြား ဘယ်ရောက်သွားမှန်း မသိသလို ငါတို့ရဲ့ဘုရင်လဲ ဘယ်ရောက်သွားမှန်း မသိပါဘူးကွာ၊ ထီးသုဉ်းနန်းသုဉ်း ဖြစ်သွားတာကိုး၊ ဒီတော့ 'ဗေဒါပင် ကမ်းကပ်ရင် နန်းအပ်မယ်လေး' ဆိုတဲ့ သဖြန်လိုလို တဘောင်လိုလိုဆိုတဲ့ သီချင်းမျိုး နားထောင်ဖူးတယ်ကွ၊ အဲဒီ ပတ္တမြား ပြန်ရရင် ကိုယ့်ထီးကိုယ့်နန်းနဲ့များဖြစ်မလား မသိပါဘူးကွာ"







www.burmeseclassic.com

www.burmeseclassic.com



"ဦးဂွမ်တီက အဲဒီပစ္စည်းကို ဘာဖြစ်လို့ ရှာနေတာလဲ"

"ဘာမှမဖြစ်ပါဘူးကွာ၊ အဲဒီလိုပျောက်သွားတဲ့ပစ္စည်းတွေကို သူ့နေရာသူရောက်အောင် ပြန်လုပ်ချင်တဲ့ ငါ့ရဲ့ ဝါသနာ ငါ့ရဲ့ကျင့်စဉ်တစ်ခုအတွက် ဆိုပါတော့ကွာ၊ ပစ္စည်းပေါင်း ၉၉၉ ခုကို သူ့နေရာ သူပြန်ရောက်အောင် လုပ်ရမှာ၊ အခု ငါပြောတဲ့ ရာဇဝင်မှ ပတ္တမြား နန်းစဉ်ပတ္တမြားဟာ နောက်ဆုံးပစ္စည်းပဲ မန္တဟာမင်းကြီးရဲ့ မြလက်စွပ်လဲ ပြန်ရအောင်လုပ်ပြီးပြီကွ၊ အဲဒီတစ်ခုပြီးရင် ငါ့ရဲ့အဓိဋ္ဌာန် အောင်ပါပြီကွာ"

"နေပါဦး ဦးဂွမ်တီ . . . အဲဒီအဓိဋ္ဌာန်အောင်ရင် ဦးဂွမ်တီက ဘာဖြစ်မှာလဲ"

"အဓိဋ္ဌာန်အောင်ရင် အဓိဋ္ဌာန်အောင်တာပေါ့ကွာ၊ ခက်ခဲတဲ့ အလုပ်ကြီးတစ်ခုကို ပြီးစီးအောင် အဓိဋ္ဌာန်နဲ့ လုပ်နိုင်တဲ့အတွက် အလဟဿတော့ မဖြစ်ပါဘူးကွာ၊ သူ့နေရာ သူပြန်ထားသော အဓိဋ္ဌာန် လုပ်ငန်းကြီးထဲမှာ ဘုရားဟောင်းတွေ ကျောင်းဟောင်းတွေ၊ ဇရပ်ဟောင်းတွေ ပြင်တာလဲ ပါတယ် ဒါပေမဲ့ ငါ့ရဲ့ ပင်မကျင့်စဉ်တတော့ အဲဒါမဟုတ်ဘူးကွ"

"ဘာကျင့်စဉ်လဲ၊ ဘာအတွက်ကျင့်နေတာလဲ ဦးဂွမ်တီ"

"ငါက လူသာမန်တွေထက် သာလွန်တဲ့ အစွမ်းသတ္တိတွေ လိုချင်လို့ ကျင့်နေတာကွ၊ အဲဒီလို အစွမ်းသတ္တိတွေ ရလာရင် ဒုက္ခဖြစ်နေတဲ့လူတွေကို ကယ်ဆယ်ချင်လို့ပါပဲ"

"ပြောပါဦး . . . ဦးဂွမ်တီရဲ့ကျင့်စဉ်"





"အရတ်လိုတော့ 'ဆန်းလင်တိုတောက်' ခေါ်တယ်ကွ အားလုံးအတွက် အလုပ်လုပ်ပေးတဲ့ ကျင့်စဉ်ပဲ၊ အဲဒီကျင့်စဉ်ကို ငါက ငါ့ဘာသာ နာမည်ပေးထားတယ်"

"ဘယ်လိုနာမည်ပေးထားတာလဲ"

"ကျင့်ဆိုတောက်လို့ခေါ်တဲ့ ရွှေကျင့်စဉ်လို့ ပေးထားတယ်"

"ဘယ်လိုကျင့်ရတာလဲ ဦးဂွမ်တီ"

"ဒီလိုကွ . . . လူတွေဟာ သူ့နည်းသူ့ဟန်နဲ့ ဒုက္ခတွေ နေကြတယ်၊ သူဌေးကြီးကလဲ ဖိနပ်တိုက်ပေးမယ့် အစေခံ အလုပ်ထွက်သွားလို့ စိတ်ညစ်နေတယ်၊ အဲဒီအခါမှာ ငါက သူဌေးကြီးရဲ့ဒုက္ခကို သနားလို့ ဖိနပ်တိုက်ပေးတယ်၊ ဒါပေမဲ့ ဖိနပ်တိုက်ပေးခကိုတော့ သူဌေးဆီက မယူဘူး၊ သူဌေးကြီးကို သနားလို့ ကူညီလိုက်တဲ့သဘောပဲ၊ အဖိုးအခရော အခွင့်အရေးရော ဘာမှမမျှော်လင့်ဘဲ လုပ်ပေးတဲ့အတွက် ငါဟာ သူဌေးကြီးရဲ့ အစေခံလဲမဟုတ်ဘူး ဖိနပ်တိုက်သမားလဲမဟုတ်ဘူး၊ သူဌေးကြီးကို သနားလို့ ကူညီတဲ့သူသာဖြစ်တယ်၊ မဟာရာဂျာကြီးလဲ သူ့ရဲ့ထမင်းချက် အလုပ်ထွက်သွားတဲ့အတွက် စိတ်ညစ်နေတယ် ဆိုပါစို့၊ အဲဒီအခါမှာ ငါဟာ မဟာရာဂျာကြီးကို သနားမိတဲ့ အတွက် ထမင်းချက်ကျွေးဖို့ ဝန်မလေးဘူး၊ ဒါပေမဲ့ ငါဟာ ထမင်းချက် မဟုတ်ဘူး၊ အဲဒီလိုပဲကွ . . . ရေထမ်းသမားဟာ ရေပုံးပေါက်လို့ စိတ်ညစ်နေရင် ရေပုံးဖာပေးရတယ်၊ ဒါပေမဲ့ ငါဟာ ရေပုံးဖာသမားလဲ မဟုတ်ဘူးကွ၊ အဲဒီလို ကူညီတာဟာ ငါ့ရဲ့ကျင့်စဉ်ပဲ၊ အဲဒီကျင့်စဉ်က မလွယ်ဘူးကွ၊ အတတ်ပညာ



www.burmeseclassic.com

www.burmeseclassic.com



တော်တော်ကလေးစုံမှ လုပ်နိုင်တာ၊ မင်းကို ငါပြောမယ်၊ အဲဒီလို ကူညီပေးရတဲ့ ကျင့်စဉ်၊ ငါ့စကားနဲ့ ပြောရရင် ‘ရွှေကျင့်စဉ်’ အကြောင်းကို လူတွေမသိကြဘူးကွ၊ အဲဒီလိုကျင့်ပြီဆိုရင် လပိုင်း ရက်ပိုင်းအတွင်းမှာ ကြီးပွားချမ်းသာတော့တာပဲဟေ့၊ ဒါပေမဲ့ ငါက ကြီးပွားချမ်းသာကို မလိုချင်တဲ့အတွက် အဲဒီဟာတွေကို စွန့်လွှတ်နေရတာက အလုပ်တစ်ခုလိုဖြစ်နေတော့တယ်ကွ”

ဟု ဦးဂွမ်တီက ရှည်လျားစွာ ပြောလိုက်လေ၏။ မင်းညိုလည်း ဦးဂွမ်တီ၏စကားကို လေးလေးနက်နက် နားထောင်ရင်း စဉ်းစားနေလေ၏။

“အဖိုးအခမယူဘဲ ကူညီတဲ့လူအတွက် စီးပွားချမ်းသာကို ဘယ်လိုရနိုင်မှာလဲ ဦးဂွမ်တီ” ဟု မင်းညိုက မေးလိုက်လေ၏။

“အဲဒါ အရေးကြီးတဲ့အချက်ပဲ၊ ငါက ကူညီပေးလိုက်ရတဲ့ လူတွေဆီက အဖိုးအခမယူတော့ သူတို့ရဲ့ အုပ်ထိန်းသူက ငါ့ကို အဖိုးအခပေးတယ်ကွ”

“သူတို့ရဲ့ အုပ်ထိန်းသူ . . . ဟုတ်လား ဦးဂွမ်တီ”

“ဟုတ်တယ်၊ သူတို့ရဲ့အုပ်ထိန်းသူ . . . သူတို့ရဲ့အုပ်ထိန်းသူဆိုတာ လောကသဘာဝတရားကြီးပေါ့ကွာ၊ သဘာဝတရားကြီးက သူတို့ကိုဖန်တီးထားတာ မဟုတ်လား၊ သဘာဝတရားက ဖန်တီးခဲ့တဲ့နေရာမှာ ပြည့်စုံအောင် ဖန်တီးခဲ့ပါတယ်၊ ကျားလို သတ္တဝါမှာ ခွန်အားအစွယ်ပါအောင် ဖန်တီးပေးခဲ့သလို မြင်းလို သတ္တဝါ ကျပြန်တော့ . . . အပြေးမြန်အောင် ဖန်တီးခဲ့ပါတယ်၊ သိပ်လှတဲ့ နှင်းဆီပန်းကို ဖန်တီးပေးခဲ့တဲ့အခါမှာလဲ ခူးယူဖို့





မလွယ်အောင် ဆူးတွေကိုပါထည့်ပြီး ဖန်တီးခဲ့တယ်မဟုတ်လား၊ လိပ်လို နှေးကွေးတဲ့ သတ္တဝါကျတော့ အန္တရာယ်က ကာကွယ်နိုင်အောင် အခွံထူကြီးပါ ဖန်တီးပေးခဲ့တယ်”

“ဟုတ်ပါတယ် ဦးဂွမ်တီ”

“အေး . . . အဲဒီလို သဘာဝတရားကြီးက ပြည့်စုံအောင် ဖန်တီးပေးထားတဲ့အတွက် အကူအညီဆိုတာ မလိုအပ်တော့ဘူး၊ တိရစ္ဆာန်တွေကိုကြည့် . . . ကျားဟာ အစာရှာသွားဖို့အတွက် ဘယ်သူ့ရဲ့ အကူအညီမှ မလိုဘူး၊ ကျီးကန်းဟာ အစာရှာထွက်တဲ့အခါမှာ . . . အစာမရလို့ တခြားကျီးကန်းဆီမှာ အကူအညီ တောင်းရတယ်လို့ တစ်ခါမှ မကြားဖူးပါဘူး၊ မျောက်ဟာ သစ်ပင်တက်တဲ့နေရာမှာ သူ့ရဲ့ဖင်ကို တွန်းတင်ဖို့ ဘယ်မျောက်ကိုမှ အကူအညီမတောင်းဘူး၊ လူကတော့ လောကမှာ အကူအညီ အတောင်းဆုံး သတ္တဝါပါပဲ၊ ဒါလေးကူညီပါ၊ ဒါလေးလုပ်ပေးပါ၊ ဒါလေး ခဏလောက်၊ ဒါလေး မ,စပါနဲ့ တယ်လဲ အကူအညီ အမအစလိုတဲ့ သတ္တဝါပါပဲကွ၊ သဘာဝတရားကြီးဟာ ပြည့်စုံအောင် ဖန်တီးလိုက်ပါလျက် အကူအညီတောင်းနေရတဲ့ လူတွေကို ကြည့်ပြီး ငါဖန်တီးတာ မပြည့်စုံလို့ဖြစ်မှာပဲလို့များ အံ့ရှက်ရနေမလား မဆိုနိုင်ဘူးကွ၊ ဘာပဲဖြစ်ဖြစ်လေ . . . သူ ဖန်တီးထားတဲ့ အရာတွေကို ကူညီတာဟာ သူ့ကို ကူညီတာပဲမဟုတ်လား၊ ဒီတော့ ကူညီတဲ့လူကို သဘာဝတရားကြီးက ကျေးဇူးတင်လွန်းလို့ ကျေးဇူးဆပ်တော့တာပဲ လူကလေး၊ သဘာဝတရားကြီးက ကျေးဇူးဆပ်ပြီဆိုတော့ . . . ရွှေလိုချင် ရွှေ၊ စိန်လိုချင် စိန်၊



www.burmeseclassic.com

www.burmeseclassic.com



အောင်မြင်ကျော်ကြားမှု လိုချင်ရင် အောင်မြင်ကျော်ကြားမှုကို မျက်လှည့်ပြလိုက်သလို . . . ချက်ချင်း ပေးအပ်လိုက်တာကွ၊ ဒါကြောင့် ငါ့ရဲ့ ရွှေကျင့်စဉ် ခေါ် အခကြေးငွေမယူဘဲ ကူညီတဲ့ ကျင့်စဉ်ဟာ ကြီးပွားချမ်းသာသူများအတွက် ဖြတ်လမ်းနည်းလို့တောင် ဆိုနိုင်တယ်၊ အဲဒီကျင့်စဉ်ကို ဟုတ်မဟုတ် လက်တွေ့စမ်းသပ်ကြည့်ပြီးမှ ငါပြောတာ မှားတယ်-မှန်တယ်လို့ ပြောပါ လူကလေး”

“ကောင်းပါပြီ ဦးဂွမ်တီ၊ ကျွန်တော့်ရဲ့ ဆရာဆိုလဲဟုတ်၊ မိဘဆိုလဲဟုတ်တဲ့ ဦးဂွမ်တီရဲ့စကားကို ကျွန်တော်ယုံပါတယ်”

ဟု မင်းညိုက ပြောလိုက်လေ၏။

“ယုံရမှာပေါ့ကွာ၊ မင်းကိုငါပြောမယ်၊ ကမ္ဘာပေါ်မှာ အရင်းတန်းက ဘုရင်ဆိုတာ မရှိဘူးကွ၊ ကိုယ့်အလုပ် ကိုယ်လုပ်နေတာပဲ၊ ဘယ်သူက ဘယ်သူ့ကိုမှ အုပ်ချုပ်နေတာ မဟုတ်ဘူး၊ မင်းတို့ပြောတဲ့ ကျောက်ခေတ်နောက်ပိုင်းလောက်မှာပေါ့ကွာ၊ လူတွေဟာ အချင်းချင်း မသင့်မတင့်ဖြစ်တဲ့အခါမှာ လူတစ်ယောက်က ဖျန်ဖြေပေးတယ်၊ ပြဿနာ အရှုပ်အရှင်း ရှိလာရင်လဲ သူကရှင်းပေးတယ်၊ အဲဒီလို လူတွေရဲ့ ပြဿနာအမျိုးမျိုးကို သူက တစ်ပြားတစ်ချပ်မှ မရဘဲ ဖြေရှင်းပေးရတယ်၊ သူလဲ အဲဒီလိုလူတွေရဲ့ပြဿနာကို ဖြေရှင်းပေးနေရတာနဲ့ သူ့ရဲ့အလုပ်ကို သူမလုပ်နိုင်ရှာတော့ဘူးကွ၊ ရိုးရိုးပုံမှန်စဉ်းစားကြည့်ရင် အဲဒီလူဟာ သူ့အတွက်သူမလုပ်ဘဲ သူတစ်ပါးကိစ္စ ဖြေရှင်းပေးနေရတာနဲ့ပဲ သူဟာ မွဲတေငတ်ပြတ်သွားဖို့ ရှိတယ်မဟုတ်လား”





“ဒါပေါ့ ဦးဂွမ်တီ”

“မဟုတ်ဘူးကွ . . . အဲဒီအတွက် လူအများစုက သူ့ကို ဘုရင်ခန့်လိုက်ကြတယ်၊ သူတို့ရန်ဖြစ်ရင် အမှုစစ်ပါ၊ မတရားတဲ့သူကို အပြစ်ပေးပါ၊ သူတို့ အငြင်းအခုံဖြစ်ရင် ဖြေရှင်းပေးပါဆိုပြီး သူ့ကိုပုံအပ်ကြတယ်၊ သူဟာ အဖိုးအခမယူတဲ့ ကူညီမှုကျင့်စဉ် ‘ရွှေကျင့်စဉ်’ ကို မသိရှာပေမယ့် ကံအားလျော်စွာ ကျင့်သုံးမိတဲ့အတွက် ရှင်ဘုရင် ဖြစ်သွားတယ်ကွ”

ဟု ဦးဂွမ်တီက ပြောပြလေ၏။

“အဲဒီတော့ နန်းစဉ်ပတ္တမြားကြီး ရှာနေတဲ့ ဦးဂွမ်တီကို ကူညီရမှာပေါ့၊ အဲဒါ ရွှေကျင့်စဉ်ကို စတင်ကျင့်တာပဲ ဆိုပါတော့ ဦးဂွမ်တီ” ဟု မင်းညိုက ပြောလိုက်ရာ ဦးဂွမ်တီက ဟက်ဟက်ပက်ပက် ရယ်မောလေ၏။ ကျေနပ်လောက်အောင် ရယ်မောပြီးနောက် -

“မင်းဟာ သိပ်တော်တဲ့ လူကလေးပဲ၊ ကဲ . . . အခုပဲ အလုပ် စ,ကြရအောင်”

ဟု ဆိုလေ၏။

<◆>

ကိုလူကလေး ခေါ် မင်းညိုလည်း အိမ်သို့ပြန်သွားပြီးလျှင် ဆမင်းစားပွဲပေါ်၌ မောင်ဆုအတွက် အောက်ပါအတိုင်း စာတစ်စောင် ရေးသားထားခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



မောင်ဆု

ကျုပ်တော့ သွားပြီ . . .၊ မရှာနဲ့ မောမယ်၊
ကျုပ်ဆရာနောက်ကို လိုက်သွားပြီ။

ကိုလူကလေး

မောင်ဆုလည်း ထိုစာကိုတွေ့လျှင် ထိတ်ထိတ်ပျာပျာ ဖြစ်၍ ဟိုရှာဒီရှာ ရှာဖွေလေတော့၏။ သို့ရာတွင် သူ၏ဆရာ ကိုလူကလေး ခေါ် မင်းညိုအား မတွေ့လျှင် ချုံးပွဲချ၍ -

"ဆရာရဲ့ . . . ကျုပ်ကိုပစ်သွားပြီလား"

ဟု ငိုကြွေးလေတော့၏။

မင်းညိုမှာကား စာကိုရေး၍ထားပြီးနောက် ရွှေတိဂုံဘုရားရှင်အဇ္ဇဂေါဏတန်ဆောင်းသို့ သွားရောက်လေ၏။ ထိုနေရာ၌ကား သူ၏ဆရာကြီး ဦးဂွမ်တီသည် ရောက်ရှိနေပြီဖြစ်ပေသည်။

"ဘယ်လိုလဲ မင်းညို . . . မင်းကို အိမ်ကိုတစ်ခေါက်ပြန်သွားပြီး မင်းရဲ့တပည့်ကို စာရေးထားခဲ့တယ် ဆိုပါတော့"

ဟု ဦးဂွမ်တီက ဆီး၍မေးလိုက်လေ၏။

"ဟုတ်ပါတယ် ဦးဂွမ်တီ၊ ဘယ်လိုသိသလဲ"

"ဟဲဟဲ . . . စာထဲမှာ လိုက်ရှာမနေနဲ့ ဆိုတဲ့ အဓိပ္ပာယ်မျိုးလဲ ပါသေးတယ် မဟုတ်လား"

"ဟုတ်ပါရဲ့ ဦးဂွမ်တီ၊ 'မရှာနဲ့ မောမယ်' လို့ ရေးခဲ့တယ် အဲဒါ ဘယ်လိုလုပ်သိသလဲ"





ဟု မင်းညိုက စိတ်အားတက်ကြွစွာ မေးလိုက်လေ၏။

"သဘာဝက သင်ပေးတာ၊ သဘာဝတရားကြီးက-တကယ့်ကို ဆရာကြီးပဲ၊ သဘာဝကျကျ စဉ်းစားကြည့်ရင် သိတာပေါ့ကွာ၊ ဥပမာကွာ . . . မိန်းကလေးတစ်ယောက် လင်နောက်လိုက်ပြေးတယ် ဆိုပါတော့ကွာ၊ သူ့အိမ်မှာ ချစ်သူနဲ့လိုက်သွားကြောင်း စာရေးထားခဲ့မယ် ဆိုပါတော့၊ အဲဒီစာရဲ့အောက်ဆုံးမှာ လက်မှတ်ထိုးခါနီးမှာပေါ့ကွာ၊ ဘယ်လိုစာမျိုး ရေးတတ်သလဲ သိလား"

"မသိပါဘူး ဦးဂွမ်တီ"

ဟု မင်းညိုက မသိကြောင်း ဝန်ခံလိုက်လေ၏။

"လက်မှတ်မထိုးခင် လက်နောက်လိုက်ပြေးပြီး စာရေးထားခဲ့တဲ့ မိန်းကလေး ဆယ်ယောက်မှာ ကိုးယောက်လောက်ဟာ 'အမိုက်မ' ဆိုတဲ့စာကို ရေးလေ့ရှိတယ်ကွ"

"ဟုတ်တယ် ဦးဂွမ်တီ၊ ကျွန်တော်လဲ တွေ့ဖူးပါတယ်"

"အဲဒါ သဘာဝပဲကွ၊ ပုံစံချင်းတူတဲ့ သဘာဝပေါ့ကွာ၊ တစ်ယောက်နဲ့ တစ်ယောက် ဒီလိုရေးမယ်လို့ ညှိမထားရဘူး၊ အကုန်လုံး သွားပြီးတူနေကြတယ်၊ ဥပမာတစ်ခု ပြောဦးမယ်၊ အလုပ်လျှောက်တဲ့ လျှောက်လွှာတွေအားလုံး လက်ရေးလှကြတယ်ကွ၊ မလှရင်လဲ လှတဲ့လူကို ရေးခိုင်းလေ့ရှိတယ်၊ ပုံစံတူ သဘာဝပေါ့ကွာ"

"ဟုတ်တယ် ဦးဂွမ်တီ"



www.burmeseclassic.com

www.burmeseclassic.com

"လင်ငယ်နေတဲ့ မိန်းမတွေအားလုံး လင်ကြီး မကောင်းကြောင်း ပြောပြလေ့ရှိကြတယ်ကွ . . . တိုက်ပွဲက ပြန်လာတဲ့ စစ်သားတွေအားလုံး ဘယ်လို ခက်ခက်ခဲခဲတိုက်ခိုက်ခဲ့ရတယ် ဆိုတာ ပြောလေ့ရှိတယ်၊ အလေးမ ကျင့်ကာစ လူတိုင်း,သူ့ရဲ့ လက်မောင်းကို မကြာခဏ ငုံ့ကြည့်တတ်တယ်၊ ပုံစံတူ သဘာဝ တွေကတော့ ပြောရင် ဆုံးမှာမဟုတ်ဘူး၊ ခွေးတွေ အားလုံး တော်သလင်းလမှာ အူလေ့ရှိတယ်ကွ၊ သပိတ်အားလုံး နက်လေ့ ရှိတယ်၊ မျိုးအားလုံး ဖြူလေ့ရှိတယ် စသည်ဖြင့်ပေါ့ကွာ၊ ဒါပေမဲ့ ပုံစံတူ သဘာဝထဲ မဝင်တဲ့ ခြွင်းချက်ဆိုတာတော့ ရှိတယ်ကွ၊ တော်သလင်းမှာ မအူတဲ့ခွေး၊ လင်ကြီးကောင်းကြောင်း ပြောလေ့ ရှိတဲ့ မျောက်မထား မိန်းမ၊ လက်မောင်းကြွက်သားကို တစ်ကြိမ် တစ်ခါမျှ ငုံ့မကြည့်ဖူးတဲ့ အလေးမသမား ဆိုတာမျိုး ရှိချင်လဲ ရှိမှာပေါ့ကွ၊ သူတို့ဟာ ပုံစံတူ သဘာဝမဝင်တဲ့အတွက် သဘာဝ မကျတဲ့ဟာတွေလို့ ဆိုရမှာပဲ မင်းညို"

မင်းညိုသည် အနည်းငယ် နားရှုပ်သွားသဖြင့် ခေါင်းကို ကုတ်လိုက်သည်။

"ဘာလဲ - သဘာဝမကျဘူးဆိုတာ နားမလည်ဘူးလား ဒီလိုလေကွာ၊ ဥပမာ လူဟာ ခြေနှစ်ချောင်းရှိမှသဘာဝကျတယ် မဟုတ်လား၊ ခြေသုံးချောင်းပါနေတယ် ဆိုပါတော့ကွာ၊ အဲဒီလူ ဟာ သဘာဝဘယ်ကျတော့မလဲကွာ၊ ဟား ဟား"

"ဟား ဟား . . . ရှင်းပါပြီ ဦးဝွမ်တီ"





"လူဟာ သဘာဝကို လိုက်လျောပြီး နေထိုင်ရမယ်ကွ၊ သဘာဝကို မဆန့်ကျင်ရဘူး မင်းညို"

"ဦးဝွမ်တီရဲ့ ရွှေကျင့်စဉ်ကို ပြောပါဦး"

ဟု မင်းညိုက ပြောလိုက်လေ၏။

"အမှန်တော့ အဖိုးအခမယူဘဲ ကူညီတဲ့ ကျင့်စဉ်တာ သဘာဝတရားကြီးကို အလုပ်နဲ့ ပူဇော်တာပဲ မဟုတ်လား၊ ပူဇော် ခြင်း အမျိုးမျိုးထဲမှာ . . . အလုပ်နဲ့လက်တွေ့ပူဇော်တာဟာ အကောင်းဆုံးပေါ့ကွာ၊ ရွှေကျင့်စဉ် ဒါမှမဟုတ် အလုပ်နဲ့ပူဇော် ခြင်း လုပ်ငန်းအကြောင်းကို စ,ကြစို့လားကွ"

"အဲဒါနဲ့ ဦးဝွမ်တီ ရှာနေတဲ့ ရာဇဝင် ပတ္တမြား ခေါ်တဲ့ နန်းစဉ်ပတ္တမြားကြီးက အခုဘယ်ရောက်နေပြီလဲ"

"ဒီလိုကွ . . . ထွံတေး ရှမ်းစုဘက်ကို ရောက်သွားပြီလို့ ကြားတယ်ကွ၊ မှန်အိမ်မှာ မဟုတ်တော့ဘူးဆိုပဲ၊ လက်စွပ်နဲ့ ကွင်းဝတ်ထားပြီလို့ သတင်းရတာပဲ၊ အဲဒီဘက်ကို လိုက်ရမယ် ကွ၊ စပါးပွဲစားကြီးရဲ့ လက်ထဲမှာလို့ သတင်းရတယ်၊ အဲဒီပွဲစား ကြီးက အရှင်က ခရမ်းသုံးခွဘက်ကကွ"

"တွေ့ရင် ဝယ်ယူရမှာဆိုတော့ တန်ဖိုးက သေးမှာမဟုတ် ဘူး ဦးဝွမ်တီ"

"ဘယ်ကလာ ဝယ်ယူရမှာလဲ . . . တွေ့ရင် လုယူရမှာကွ၊ လုယူရမယ့်အချိန်မှာ လုယူတာဟာ သဘာဝရဲ့ အလုပ်တာဝန် တစ်ခုကို ထမ်းဆောင်ရတာပဲကွ"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ . . . လုဆိုရင်လဲ လုရတာပေါ့ ဦးဂွမ်
အခု ဘယ်ကိုသွားကြမှာလဲ"

"ဒီလိုကွ . . . ပတ္တမြားလက်စွပ် တွဲတေးရှမ်းစုဘက်
ရောက်နေတယ် ကြားတယ်၊ အဲဒီမှာ အခုရက်ပိုင်းအတွ
အလှူကြီးတစ်ခုရှိတယ်၊ ရွာတွေကို ရွာလုံးကျွတ် ဖိတ်ထား
အလှူကြီးပဲ၊ အလှူကိုလာတဲ့ လူတွေထဲမှာ ပတ္တမြားလက်
ပိုင်ရှင် ပါလာလိမ့်မယ်"

ဟု ဦးဂွမ်တီက ပြောလေ၏။

"အဲဒီပတ္တမြားကို ဦးဂွမ်တီက မြင်ရင်သိမလား"

"မြင်ရုံနဲ့တော့မသေချာဘူးကွ၊ ကျကျနနကြည့်ရရင်တော
ပြောနိုင်ပါတယ်၊ တော်တော့်ကို ထူးခြားတဲ့ပစ္စည်းပဲကွ"

"ရပြီဆိုပါတော့ဗျာ၊ ဘယ်မှာပြန်ထားမှာလဲ ဦးဂွမ်တီ"

"ဆွေတော်မျိုးတော်ထဲက တစ်ယောက်ကို သွားပြီးအပ်
မှာပေါ့ကွာ"

"ကဲလေ . . . ဒီလိုဆိုလဲ သွားကြတာပေါ့"

ဦးဂွမ်တီနှင့် မင်းညိုတို့သည် တွဲတေး ရှမ်းစုဘက်သို့ ခ
ထွက်ခဲ့ကြလေ၏။ လမ်းတွင် ဦးဂွမ်တီက မင်းညိုအား အဖြ
တစ်ထွာခန့်ရှိ၍ ထိပ်ဝအကျယ် လက်သီးဆုပ်ခန့် ရှိသေ
ဝါးကျည်တောက်တစ်လုံးကို ထုတ်၍ပြလေ၏။ မင်းညိုလည်
ဝါးကျည်တောက်ကို ယူလိုက်ရာ ဝါးကျည်တောက်မှာ အတော
အတန် လေး၍နေသဖြင့် -





"ဘာတွေလဲ . . . ပိုက်ဆံအကြွေတွေလား"

ဟုမေးရာ ဦးဂွမ်တီက -

"ဟိုသစ်ပင်ရိပ်ကျတော့ သွန်ပြီး ကြည့်လေကွာ"

ဟုဆိုသဖြင့် မင်းညိုလည်း သစ်ပင်ရိပ်တစ်ခုသို့ရောက်လျှင် သက်ကိုင်ပဝါ အဖြူကိုထုတ်၍ ဝါးကျည်တောက်ကို သွန်ချလိုက်ရာ မြောက်မြားစွာသော ပတ္တမြားတို့သည် အရောင်များ တဝင်းဝင်း တလက်လက်ဖြင့် ကျ၍လာလေတော့၏။

မင်းညိုလည်း ဤမျှ များပြားသော ပတ္တမြားကျောက်များကို တစ်နေရာတည်းတွင် အစုလိုက် အပုံလိုက် မမြင်ဖူးရကား သွန်စွာအံ့အားသင့်လျက် -

"ပတ္တမြားတွေပါလား . . . များလှချည်လား"

ဟု ပြောလိုက်လျှင် . . . ဦးဂွမ်တီက သူ၏လွယ်အိတ်ကြီး အတွင်းမှ ကွမ်းအစ်တစ်လုံးကိုထုတ်ကာ သွန်ချပြန်ရာ ပတ္တမြားများ ကွမ်းအစ်အပြည့် ထပ်၍ကျလာပြန်သဖြင့် မင်းညိုလည်း အံ့သြခြင်းမက အံ့သြ၍ ဦးဂွမ်တီအားတစ်လှည့်၊ ပတ္တမြားပုံကြီးအား တစ်လှည့် ကြည့်၍သာနေလေ၏။

"ငါ တစ်သက်လုံး ရှာခဲ့တဲ့ ပတ္တမြားတွေလေကွာ၊ နန်းစဉ်ပတ္တမြားအမှတ်နဲ့ ယူခဲ့တာချည်းပဲ၊ တစ်ခုမှ သူတ်ဘူးကွ၊ ဒါပေမဲ့ တန်ဖိုးက မသေးဘူးကွ၊ ဒီထဲမှာပါတဲ့ တချို့ဟာ သိန်းပေါင်းများစွာတန်တယ်၊ ဘယ်လိုယူခဲ့သလဲလို့ မမေးနဲ့ သဘာဝအတိုင်း ယူခဲ့တာပဲ၊ တစ်ခုတော့ ထူးဆန်းတယ်ဟေ့၊ အဲဒါလောက်များတဲ့အထဲမှာ မြန်မာပိုင် တစ်ခုမှ မပါဘူးကွ၊



www.burmeseclassic.com

www.burmeseclassic.com



ပြင်သစ်ပိုင် အများဆုံးပဲ၊ ဟောဒီဟာကြီး (ကွမ်းသီးလုံးခန့် ပတ္တမြားကြီးကို ကောက်ယူပြလျက်) ဟာ တရုတ်ပြည်က တရုတ်ကုန်သည်ကြီးတစ်ယောက်ကို ရောင်းဖို့ ပြင်သစ် လင်မယား ကျောက်ကုန်သည် နှစ်ယောက် မြန်မာပြည် ရောက်လာပြီး ဟိုတယ်မှာ တည်းခိုနေတုန်း ငါက ယူထားလိုက်တာ၊ အဲဒီတုန်းက ငါက ဟိုတယ်မှာ စားတော်ကဲကြီး လုပ်နေတယ်လေကွာ၊ သူတို့က တရုတ်ကုန်သည်ကို အခန်းထဲမှာခေါ်ပြီး ပတ္တမြားကြီး ပြကြတယ်၊ ငါက ချောင်းကြည့်ပြီး ယူဖို့ကြံတော့တာပါပဲ၊ ဟော အဲဒီဟာကြီးက သိန်းပေါင်းများစွာ တန်တယ်ကွ၊ ဟဲ . . . ဟဲ ကမ္ဘာပေါ်မှာ ငါဟာ ပတ္တမြားသူဌေးကြီးဖြစ်နေတာကို လူတွေ မသိကြဘူးကွ” ဟု ဦးဂွမ်တီက ပြောလျက် ရယ်မောပြီးလျှင် ပတ္တမြားများကို ဝါးကျည်တောက်နှင့် ကွမ်းအစ်အတွင်းသို့ ပြန်၍ ထည့်လေ၏။

“ဦးဂွမ်တီက ပြင်သစ်လင်မယားဆီက ခိုးယူခဲ့တာပေါ့”

“မဟုတ်ပါဘူး၊ ညဘက်မှာ သူတို့အခန်းထဲ ဝင်သွားပြီး ငါ့မှာရှိတဲ့ ပတ္တမြားတွေအားလုံးကို သွန်ချပြတာကိုး၊ အဲဒီအခါမှာ ပြင်သစ်လင်မယားဟာ အခု မင်းမျက်လုံးပြူးသလို ပြူးသွားကြတယ်၊ ငါ့ရဲ့ ပတ္တမြားတွေကို ကောက်ယူ ကြည့်ကြတယ်၊ နောက်ဆုံးမှာ တရုတ်ကုန်သည်နဲ့ အရောင်းအဝယ်ဖျက်သွားတဲ့ အခါမှာ ငါ့ဆီမှာ ခေတ္တအပ်ပြီး ပြင်သစ်ပြည်ကို ပြန်သွားကြပြီး လမ်းမှာပဲ လင်မယားနှစ်ယောက် ကွယ်လွန်သွားကြတဲ့အတွက် ဒီပတ္တမြားဟာ . . . ငါ့ဆီမှာ သောင်တင်နေတော့တာပေါ့ကွာ၊





တန်ဖိုးရှိတာတော့ အမှန်ပဲ၊ ဒါပေမဲ့ သေသေချာချာ ကြည့်တဲ့ အခါမှာ နန်းစဉ်ပတ္တမြားတော့ မဟုတ်ဘူးကွ”

“ဦးဂွမ်တီဆီက ပတ္တမြားတွေဟာ တန်ဖိုးတွက်လိုက်ရင် နည်းမှာမဟုတ်ဘူးနော်”

ဟု မင်းညိုက ပြောလိုက်ရာ ဦးဂွမ်တီက ရယ်မောလျက်-

“ဒီလိုကွ. . .သမဏော့နှ သမဏော၊ ဂေါဏော့နှ ဂေါဏော၊ ရှင်ရှိရာ ရှင်လာပြီး နွားရှိရာကို နွားလာတဲ့ သဘောရှိတယ်၊ ပတ္တမြားတစ်လုံးရဖို့တော့ ဇော်ဇော်ကလေး ရှာရတယ်ကွ၊ တစ်လုံးတနေ နှစ်လုံးဖြစ်အောင် ရှာတာလဲ မလွယ်လှဘူး၊ အဲ နှစ်လုံးသုံးလုံးလဲဖြစ်လာရော ကျန်တာတွေကတော့ လွယ်တယ်ကွ၊ သူ့ဟာသူ တိုက်ဆိုင်လာတာပဲ၊ အဲဒါလဲ သဘာဝရဲ့ လျှို့ဝှက်ချက်ပဲလား မဆိုနိုင်ဘူးကွ၊ ငါ့မှာ အခုလို အဖိုးတန်ပတ္တမြားတွေ ရှိတယ်ဆိုတာ တချို့လောဘသားဒုစရိုက်ကောင်တွေက သိုးသိုး သံ့သံ့ အနံ့ရတယ်ကွ၊ ဒါကြောင့် ငါ့သတင်းကိုအမြဲတမ်းစုံစမ်းပြီး နေကြတယ်၊ ဒီကောင်တွေက နှစ်ခါလောက်တောင် ငါ့ကိုဖမ်းပြီး ရက်ရက်စက်စက် ညှဉ်းပန်းပြီး . . . ပတ္တမြားတွေ တောင်းသေး တယ်ကွ”

“သူတို့ ရသွားသေးလား”

“မရပါဘူးကွ၊ ငါက အဝှက်မြန်တာကိုး၊ ပြီးတော့ သူတို့ ဘယ်လိုညှဉ်းညှဉ်း မပြောဘူးကိုးကွ၊ ဒါပေမဲ့ ငါ့အကြောင်းကို အမြဲစုံစမ်းနေတဲ့ . . . လူဆိုးကြီး တစ်ယောက်တော့ ရှိတယ်ကွ၊ သူ့နာမည်က ဦးပေသီးလို့ ခေါ်တယ်ကွ”

www.burmeseclassic.com

www.burmeseclassic.com



"နာမည်ကလဲ အဆန်းပါလား"

"နာမည်က မဆန်းပါဘူးကွ၊ လူက ဆန်းတာပါ၊ ဒီလူဟာ လက်ရွေးစင် တပည့် ၁၂ ယောက်လောက် ရှိတယ်၊ သူဟာ လောကီရပ်ဆရာလိုလိုနဲ့ ဘုရားတွေ ပြင်လိုပြင်၊ ဆေးတွေ ကုလိုကုနဲ့ အစပထမတုန်းကတော့ ရိုးရိုးတန်းတန်း ကောင်းတဲ့ အလုပ်တွေကို လုပ်တာပဲကွ၊ ဒါပေမဲ့ သူ့ရဲ့နှလုံးသားမှာ အစဉ် ကိန်းဝပ်နေတဲ့ လောဘစိတ်က သူ့ကို ကောင်းတဲ့လမ်းကို ဟန့်ပြီး လောက် လုပ်စေပြီး မကောင်းတဲ့အလုပ်ကို လုပ်စေဖို့ စေစားခဲ့ တယ်၊ ဒီလူဟာ တစ်ခါတုန်းကလဲ လူလွှတ်ပြီး ငါ့ကိုသတ်ဖို့ ကြိုးစားဖူးတယ်ကွ၊ အဲဒီတုန်းက ငါ့ဆီမှာ မနုဟာမင်းကနေ မြင်ကပါသူဌေးကို ငွေလည်းကိုးစီးနဲ့ ရောင်းလိုက်တယ်ဆိုတဲ့ မြလက်စွပ်ရှိတယ်ဆိုပြီး ငါ့နောက်က ခြေရာခံပြီးလိုက်ခဲ့တာကွ၊ ငါ့မှာ သေချင်ဟန်ဆောင်ပြီး ရှောင်တိမ်းခဲ့ရတယ်၊ သူ့တပည့် တွေက စိတ်ရူးပေါက်နေတဲ့ ကောင်တွေကွ၊ သူတို့ဆရာကြီး ဦးပေသီးကို တကယ့်ကို တန်ခိုးရှိတဲ့လူကြီးလို့ ထင်နေကြတာ"

ဟု ဦးဂွမ်တီက ရှင်းပြလေ၏။

ထို့နောက် ဦးဂွမ်တီနှင့် မင်းညိုတို့သည် ခရီးဆက်ကြ ပြန်၏။ ထိုသို့ခရီးဆက်ကြရာ ညနေပိုင်းလောက်တွင် တွံတေး ရှမ်းစုသို့ ရောက်ကြလေတော့၏။

■



## ယောက်ျားကြီးနှစ်ဖက်ခန့် ကြီးမားသည့် ဓာတ်ဘူးကြီးတစ်လုံး

ဦးဂွမ်တီနှင့် မင်းညိုတို့သည် တွံတေး ရှမ်းစုရွာသို့ ညနေ ပိုင်းလောက်တွင် ရောက်ရှိသွားလေ၏။ ရှမ်းစုပိုင်းတွင် ကွမ်းခြံ လုပ်နေသော ဦးဘအို ဆိုသည့် အဘိုးကြီးတစ်ဦးသည် ရေတွင်း တူးရာမှ ငွေခွက်များ ရရှိခဲ့သည်ဆို၏။ (ငွေခွက် ဆိုသည်မှာ အခွက် မဟုတ်ပေ။ ခွက်ပုံစံ သွင်းထားသော ငွေတုံးကြီးများ ဖြစ်သည်ဆို၏။)

ထို့ကြောင့် . . . သိမ်တစ်လုံး ဆောက်လုပ်လှူဒါန်းပြီးလျှင် ရှမ်းစု၊ ဇောတိ၊ မူလမန်း စသော ရွာကြီးများကိုပါ မီးခိုးတိတ် ကျွေးမွေးမည့် အလှူကြီးတစ်ခုလည်း စီမံလျက်ရှိရာ လွန်စွာ ကြီးမားသော မဏ္ဍပ်ကြီးနှင့် ထမင်းစားရုံကြီးတစ်ရုံ ဆောက်လုပ် ထားလေ၏။

မဏ္ဍပ်အတွင်း၌ကား အလှူတွင်ကမကထပြုလုပ်ကြသည့် ရပ်ရွာလူကြီးများနှင့် ဆရာတော်တစ်ပါးသည် ထိုင်၍ အလှူကိစ္စ ကို တိုင်ပင်နေကြလေ၏။ ထိုသို့တိုင်ပင်သည့်အနီးတွင် ဝက်သား အလွန်ကြိုက်သော ဘသက် ဆိုသည့် ရွာသားတစ်ဦးလည်းရှိ၏။ ထိုဘသက်က အလှူရှင် ဦးဘအိုအား . . .



www.burmeseclassic.com

www.burmeseclassic.com



"ဦးလေး . . . ဝက်သား ဘီးဆံဝတ်တုံးကြီးတွေတော့ ပါမှ ဖြစ်မယ်ဗျ"

ဟု မကြာခဏဝင်၍ သတိပေးနေသဖြင့် စိတ်တိုသော ဆရာတော်က -

"ဟောတောင် ဘသက်၊ တောအလှူပဲကွ၊ ဝက်သားမပါသဲ နေပါမလား၊ ဝေးဝေးသွားစမ်း၊ စကားပြောလို့ကိုမရဘူး"

ဟုမောင်း၍ထုတ်လိုက်လေ၏။ ထိုအချိန်၌ ဦးဂွမ်တီနှင့် မင်းညိုလည်း မဏ္ဍပ်အတွင်းသို့ ဝင်လာလေရာ ဘသက်က ဦးဂွမ်တီ၏ မုတ်ဆိတ်ရှည်ခြင်းနှင့် မင်းညို၏ မုတ်ဆိတ်ရှည်ခြင်းကို ကြည့်လျက် အံ့သြငေးမောပြီးလျှင် -

"ဦးလေးဘအိုရေ . . . ဦးလေးကို ရွှေတွေငွေတွေပေးဖို့ ဇော်ဂျီနှစ်ယောက် လာလေရဲ့"

ဟု ပြောလိုက်ရာ မဏ္ဍပ်အတွင်းမှ လူများသည် ဝေါခနဲ ရယ်မောလိုက်ကြလေ၏။

မင်းညိုလည်း ရယ်သံကြောင့် ခြေလှမ်းကို တုံ့ခနဲရပ်၍ သွားသဖြင့် ဦးဂွမ်တီက -

"ဘာလဲကွ . . . အုပ်စုနဲ့ ရယ်လိုက်လို့ မင်းခြေထောက်က တုံ့သွားတာလား၊ မတုံ့ပါနဲ့ကွ၊ လာစမ်းပါ၊ ဒီလို ခြေလှမ်း တုံ့တာဟာ သွေးကြောင်တာ တစ်မျိုးပဲကွ၊ ဘာပဲဖြစ်ဖြစ် ငါတို့ ရောက်လာတုန်း ရယ်သံကြားရတာဟာ ကောင်းတဲ့ သဘော ပဲကွ" ဟု ဆိုလေ၏။





ဦးဂွမ်တီတို့သည် စကားဝိုင်းအနီးသို့ရောက်လျှင် ထိုင်၍ ဆရာတော်ကို ဦးချလိုက်လေ၏။ ထိုအခါ၌ ဆရာတော်က . . .

"ဒကာကြီးတို့က ဘယ်ကလဲ . . . ကိစ္စက ဘာလဲကွယ့်၊ ဘုန်းကြီးကို လျှောက်ပါဦး" ဟု ဆိုလေ၏။

"တပည့်တော်တို့က အလှူကြီး အတန်းကြီးတွေလုပ်တဲ့ နေရာတွေသွားပြီး အလှူရှင်နဲ့ လှူတဲ့ငွေကို လိုက်ပြီး စာရင်း ကောက်တဲ့လူတွေပါ"

ဟု ဦးဂွမ်တီက ပြောလိုက်လျှင် အလှူရှင် ဦးဘအိုက မျက်လုံးပြူး၍ ကြည့်လေ၏။ ဆရာတော်ကမူ ဆက်၍ မေး လေ၏။

"စာရင်းကောက်ပြီး ဘာလုပ်ဖို့လဲကွယ့်"

"မြန်မာပြည်အရပ်ရပ်မှာ လှူတဲ့တန်းတဲ့ အလှူကြီး အတန်း ကြီးတွေကို စာရင်းကောက်ပြီး ကုသိုလ်တော်စာရင်းလုပ်မယ် ဘုရား၊ ပြီးတော့ စာအုပ်စာတမ်းလုပ်ပြီး တစ်တိုင်းပြည်လုံး သိအောင်ဖြန့်မယ်၊ အဲဒီလိုလုပ်ရင် မလှူရသေးတဲ့လူတွေလဲ လှူချင်လာမယ်၊ လှူပြီးသားလူတွေလဲ ထပ်ပြီးလှူချင်လာမယ် မဟုတ်လားဘုရား၊ အဲဒီစာရင်းမှာ ကမကထလုပ်တဲ့ဆရာတော်၊ သမားတော်တွေရဲ့ ဘွဲ့မည်ကိုလဲ ထည့်ရပါတယ်ဘုရား"

ဟုဆိုကာ လွယ်အိတ်အတွင်းမှ စာအုပ်နှင့် ခဲတံကိုထုတ် လိုက်လျှင် ဝက်သားကြိုက်သော ဘသက်က -

"ကဲ . . . ကျုပ်မပြောဘူးလား၊ ဦးလေးကို ဝက်သား ဘီးဆံပတ်တုံး ပါမှဖြစ်မယ်လို့ . . ."



www.burmeseclassic.com

www.burmeseclassic.com



ဟု ဆိုလိုက်သဖြင့် ဆရာတော်က အနီးရှိ ထုံးဘူးဖြင့် ဘသက်အား . . .

"ခွေးတိရစ္ဆာန်"

ဟုဆိုကာ ပစ်ပေါက်လိုက်လျှင် မဏ္ဍပ်တွင်းမှ လူများသည် ဝေါခနဲ ရယ်မောကြပြန်၏။

"တပည့်တော်တို့ဟာ အဖွဲ့နဲ့ပါဘုရား၊ တပည့်တော်တို့အဖွဲ့ကို 'ကုသိုလ်တော်စာရင်းအဖွဲ့' လို့ ခေါ်ပါတယ်၊ တခြားနယ်တွေကိုလဲ ဒီလိုပဲသွားပြီး စာရင်းကောက်နေတဲ့ လူတွေလဲ ရှိပါတယ်၊ တပည့်တော်တို့အဖွဲ့ရဲ့ အမှတ်တံဆိပ်ကတော့ မုတ်ဆိတ်မွေးပါပဲဘုရား၊ မုတ်ဆိတ်မွေး ရင်ဘတ်မကျော်ဘဲနဲ့တော့ ကုသိုလ်တော်စာရင်းအဖွဲ့ကဆိုရင် မယုံပါနဲ့ဘုရား"

ဟု ဦးဂွမ်တီက မင်သေသေဖြင့် ပြောလိုက်ရာ ဆရာတော်အပါအဝင် မဏ္ဍပ်အတွင်းမှလူများသည် ဦးဂွမ်တီ၏ မုတ်ဆိတ်မွေးနှင့် မင်းညို၏ မုတ်ဆိတ်မွေးဆီသို့ မျက်လုံးများ ပြိုင်တူရောက်၍သွားကြလေ၏။

မိန်းမပျိုတစ်ဦးကမူ မင်းညိုအားကြည့်ရှု၍ အနီးမှ အခြားသော မိန်းမပျိုတစ်ဦးအား -

"ဟိုဘက်ကတော့ . . . အဘိုးကြီးပါ၊ ဒီဘက်ကတော့ လူငယ်ပါ" ဟု ပြောလိုက်ရာ အနီးမှ မိန်းမပျိုက . . .

"ကောင်မ...လူငယ်တွေဘာတွေလုပ်မနေနဲ့၊ မုတ်ဆိတ်ကြီးကို မကြောက်ဘူးလား၊ ငါတော့ ကြည့်ပြီး အသည်းယားလှသတော်"





ဟု ပြောလိုက်ရာ မိန်းမပျိုကလေးများသည် ပြိုင်တူရယ်မောကြပြန်လေ၏။ ဆရာတော်လည်း ဦးဂွမ်တီအား . . .

"ဒကာကြီး . . . ဘုန်းကြီးဘွဲ့ကို ရေးမှတ်ပေတော့ . . . ဦးကေသရ"

ဟု ဆိုသဖြင့် ဦးဂွမ်တီက ရေးမှတ်လေ၏။ ရေးမှတ်ပြီးနောက် ဦးဘအိုက -

"ကျုပ်က ဦးဘအိုပါ"

ဟု ဆိုလေ၏။ ဦးဂွမ်တီလည်း ရေးမှတ်ပြန်၏။

ဦးဘအိုနှင့် ပတ်သက်ကြကုန်သော ဇနီးမယား၊ တူ၊ တူမများလည်း ဦးဂွမ်တီထံ သူ့ထက်ငါလာ၍ အမည်စာရင်း ပေးကြလေ၏။ ဦးဂွမ်တီကလည်း လိုက်၍ရေးမှတ်သည်ချည်းဖြစ်၏။

ထို့နောက် ဦးဂွမ်တီက ဘယ်လောက်ကုန် လှူမည်နည်းဟု အလှူရှင် ဦးဘအိုအားမေးရာ ဦးဘအိုက မဖြေတတ်ဘဲ ရှိနေစဉ်၌ မဏ္ဍပ်တွင်းမှ နှုတ်သွက်လျှာသွက် လူတစ်ယောက်ကကြားမှဝင်၍ -

"ဇမ္ဗူဒိပ်မှာတော့ အကြီးဆုံးအလှူလို့သာ စာရင်းတို့လိုက်ပါ မုတ်ဆိတ်ကြီးရာ"

ဟု ပြောလိုက်ရာ မဏ္ဍပ်တွင်းမှ လူများကလည်း ထောက်ခံသော မျက်နှာများဖြင့် ဦးဂွမ်တီကို ကြည့်ရှုကြလေ၏။

"ဇမ္ဗူဒိပ်ကျွန်းမှာ အကြီးဆုံးအလှူလို့ ရေးလို့မရဘူး"

ဟု ဦးဂွမ်တီက ပြောလေရာ ထိုအာသွက်လျှာသွက်က -



www.burmeseclassic.com

www.burmeseclassic.com



"ပြောလို့ရပါတယ်၊ ဝက်ချည်းပဲ အကောင်နှစ်ဆယ်ချက်မှာ၊ ဆန်ကတော့ . . . တင်းပေါင်းတစ်ရာကျော်မှာ၊ သရက်ချဉ်ငါးပိကြော်တွေတော့ ထည့်တောင်မပြောတော့ဘူး၊ ဝတ်ပတ်လည် ရွာတွေအားလုံးကို မီးခိုးတိတ်ကျွေးမှာပဲ၊ ဇမ္ဗူဒိပ်မှာ အကြီးဆုံး လို့ ဆိုနိုင်တာပေါ့"

ဟု မိမိ၏ ရှမ်းစုရွာကလေးနှင့် ပတ်ပတ်လည် ရွာကလေးများကို ဇမ္ဗူဒိပ်ဟု အထင်ရောက်နေသော ထိုသူက ဗွတ်ငြင်းလေတော့၏။

"မဟုတ်ဘူးဗျ"

ဟု ဦးဂွမ်တီကပြောလျှင် ထိုအာသွက်လျှာသွက်က . . .

"ဘာလို့မဟုတ်ရမှာလဲ"

ဟု ဆိုပြန်၏။

"ကဲဗျာ . . . ဒီလိုဆိုရင် ဦးဘအိုလှူတဲ့အလှူနဲ့ ပေတဝတ္ထုပါဠိတော်မှာပါတဲ့ . . . အင်္ဂုရမင်းသားရဲ့ အလှူက ဘယ်သူကပိုသလဲဗျာ"

ဟု ဦးဂွမ်တီက ပြောလိုက်ရာ အာသွက်လျှာသွက်လူက-

"ဆိုစမ်းပါဦး . . . အင်္ဂုရမင်းသားက ဘယ်လောက်များလှူတယ်လို့ ကြားဖူးလို့လဲ"

ဟု မေးလိုက်လေ၏။

"သလေးစပါးကဖြစ်တဲ့ ဆန်ချည်းပဲ လှည်းအစီး ၆၀၀၀၀ နေ့စဉ်နေ့တိုင်း အလှူလုပ်တယ်၊ အဲဒီ အင်္ဂုရမင်းသားရဲ့ အလှူစားဖို့ချောင် စားဖို့မှူးက ၃၀၀၀ ရှိတယ်၊ ပတ္တမြား နားဋ္ဌောင်းဝန်ဆင်ပြီး ထင်းခွဲထင်းဖြတ် ရေခပ်ပေးရတဲ့ လက်ပါးစေလုလင်ချည်းပဲ ၆၀၀၀၀ ရှိတယ်၊ စိန်နားဋ္ဌောင်း၊ စိန်လည်ကပ်၊ စိန်လက်စွပ်၊ စိန်လက်တောက် ဝတ်ဆင်လျက် ရေွှတ်သီးထောင်းကြက်သွန်လှီးနေတဲ့ မိန်းမပျိုပေါင်း ၁၆၀၀၀ ရှိတယ်၊ ထမင်းတင်း လိုက်ပေးရတဲ့လူပေါင်း ၁၆၀၀၀ ရှိတယ်၊ ကမ္ဘာပေါ်မှာ အလုပ်မလုပ်ဘဲ အေးအေးလေး စားနေချင်တဲ့ လူပျင်းတွေအားလုံး အင်္ဂုရမင်းသားရဲ့အလှူမှာချည်းပဲ သွားစားနေတယ်ဆိုပဲ"

ဟု ပြောလိုက်ရာ အာသွက်လျှာသွက် လူသည် လုံးဝနှုတ်ဆိတ်သွားလေ၏။ ဆရာတော်ကမူ ခေါင်းတဆတ်ဆတ်ညိတ်လေ၏။ ဆရာတော့်အနီးမှ တစ်ဝါခန့် သက်နိုးစည်းဖူးသော လူပြန်တော်တစ်ဦးက -

"မှတ်ဆိတ်ကြီးရဲ့၊ ခင်ဗျားပြောတာ စာထဲမှာပါလို့လား"

ဟု ဆိုလေ၏။

"ပေတဝတ္ထု ပါဠိတော်ကို ဖတ်ကြည့်ပါ၊ ပုညပေတွာဿာတုသိုလ်ကောင်းမှုကို ငဲ့ကွက်ချစ်ခင် လိုချင်တောင့်တသော၊ ရွှေနော၊ အင်္ဂုရမင်းသား၏။ မဟာဒါနေ၊ အလှူကြီး၌၊ သာလိတဏ္ဍုလပူရိတာ၊ ဆန်ကောင်း ဆန်မွှေး သလေးဆန်ဖြင့် ပြည့်တုန်သော၊ သဋ္ဌိဝါဟသဟဿာနိ၊ လှည်းအစီးခြောက်သောင်းတို့ကို။ ခေပေတွာ၊ ကုန်စေ၍ . . . လို့ ဖတ်ဖူးပါတယ်"

www.burmeseclassic.com

ဟု ဦးဂွမ်တီက ပါဠိတစ်ချက် အနက်စွက်၍ ရွတ်ပြလိုက် လျှင် ထိုသူလည်း ငြိမ်၍သွားလေ၏။ ဆရာတော်ကမူ ဦးဂွမ်တီ အား . . .

"စာတတ်ပေတတ်ပေကိုး"

ဟု ချီးမွမ်းလိုက်လေ၏။ ထို့နောက် အလှူရှင်က ဦးဂွမ်တီ နှင့် မင်းညိုအား ထမင်းကျွေးမွေးလေ၏။ မဏ္ဍပ်တွင်းမှ ဆရာ တော်နှင့် လူကြီးများမှာမူ အလှူနှင့်ပတ်သက်၍ ဆက်လက် တိုင်ပင်နေကြလေ၏။

"မလှူခင် သုံးလေးရက်လောက်ကတည်းက ရေနွေးအ လိုပြီ၊ ရေနွေးကို တစ်ခါတည်း တည်ထားလို့လဲ မဖြစ်ဘူး၊ အဲ အတွက် ထင်းကုန်တာက ကိစ္စမရှိဘူး၊ တာဝန်က သိပ်ကြီးတာ ရေနွေးကြမ်းနဲ့ လက်ဖက်သုပ်ကလဲ မဏ္ဍပ်အတွင်းမှာ ပြတ်လို့ မဖြစ်ဘူး"

ဟု တစ်ယောက်သောသူက အကြံပေးလိုက်လျှင် ကျန်လူ တစ်ယောက်ကလည်း -

"ငါလဲ အဲဒါကိုပဲ စဉ်းစားနေတာကွ"

ဟု ဆိုလေ၏။ တောအလှူတို့၏ ထုံးစံအတိုင်း ရေနွေး ကြမ်းကို မပြတ်ထမ်း တိုက်နိုင်ရပေမည်။ ထို့ကြောင့် မဏ္ဍပ် အတွင်းမှ လူများသည် ရေနွေးကြမ်းအတွက် စီစဉ်ရန် ခက်၍ နေကြရလေ၏။

ဦးဂွမ်တီသည် ထမင်းစားပြီးနောက် စကားဝိုင်းသို့ဝင်တာ





"ရေနွေးအတွက် မပူပါနဲ့၊ ဓာတ်ဘူးရအောင် ကျုပ်စီစဉ် ပေးပါ့မယ်" ဟု ပြောလိုက်လျှင် ဆရာတော်က -

"ဟဲ့ . . . ဒကာရ၊ ဟောဒီ ပွဲရဲ့ဓာတ်ဘူးဟာ အကြီးဆုံးပဲ၊ အလှူတစ်ခုလုံးတိုက်ဖို့ ရေနွေးထည့်ရမှာကိုပြောတာ"

ဟု မိန့်လေ၏။

"မှန်ပါ့ဘုရား . . . အလှူတစ်ခုလုံး တိုက်ဖို့ ရေနွေးထည့် ထားဖို့ တပည့်တော် ဓာတ်ဘူးတစ်လုံး စီစဉ်ပေးပါ့မယ်ဘုရား၊ ဒီအတွက်တော့ မပူပါနဲ့ . . ."

ဟု ဆိုကာ မင်းညိုကို ခေါ်၍ စားဖိုအနီးတွင် တွင်းကြီး တစ်တွင်း တူးလေ၏။ ထိုသို့တူးကြပြီး နောက်တစ်နေ့နံနက် စောစောတွင် ဈေးသို့သွားလျက် ရာဝင်အိုးကြီးတစ်လုံး ဝယ်ယူ ခဲ့လေ၏။

ရာဝင်အိုးကြီးအား တွင်းထဲတွင် နှုတ်ခမ်းပေါ်ရုံမျှမြှုပ်၍ တွင်းနှင့် အိုးကြားတွင် ဖွဲ (စပါးခွံ) များကို ထည့်သိပ်လေ၏။ ထို့နောက် အိုးနှုတ်ခမ်းကိုချန်၍ အပေါ်မှ မြေဖို့ပြီးလျှင် ရွှံ့စေး နှင့် ညီညွတ်အောင်မံ၍ သစ်သားအဖုံးတစ်ခုဖြင့် ဖုံးပြီးလျှင် -

"ဟောဒါ ဓာတ်ဘူးပါပဲ၊ ၂၄ နာရီခံတယ်"

ဟု ဦးဂွမ်တီက ပြောလေ၏။ ရွာသားတို့လည်း ရေနွေးများ ကျို၍ ရာဝင်အိုးထဲတွင် ထည့်ထားရာ ဦးဂွမ်တီ ပြောသည့် အတိုင်းပင် ၂၄ နာရီတိုင်အောင် အပူခံကြောင်း တွေ့ရလျှင် ဆရာတော်က . . .


www.burmeseclassic.com

www.burmeseclassic.com



"ကောင်းကွာ . . . ဓာတ်ဘူးကြီးကဖြင့် ယောကျ်ားကြီး နှစ်ဖက်လောက် ရှိပါပေ့" ဟု ဆိုလေ၏။ ထိုအခါ၌ အာသွတ် လျှာသွက် လူတစ်ယောက်က . . .

"ဇမ္ဗူဒိပ်ကျွန်းမှာတော့ ဟောဒီဓာတ်ဘူးကြီးဟာ အကြီး ဆုံးပါပဲ" ဟု ပြောလိုက်ရာ ဦးဂွမ်တီက ဟက်ဟက်ပက်ပက် ရယ်မောလေ၏။ ထိုအခါ၌ ဝက်သားကြိုက်သော ဘသတ် ဆိုသူက . . .

"ဒီတစ်ခါတော့ ဇမ္ဗူဒိပ်ကျွန်းမှာ အကြီးဆုံးဓာတ်ဘူးကြီး ဆိုတာကို စာနဲ့ပေနဲ့ မငြင်းနိုင်တော့ဘူး၊ ငြင်းလို့လဲ မရဘူးဗျ ကျုပ်ဖတ်ဖူးတဲ့ စာမှာ . . .

ဟီဒေါ-ဟောဒီ၊ ဒီဘူးကြွတ်-ဓာတ်ဘူးကြီးဟာ၊ ဇဗိတ်ဒူ- ဇမ္ဗူဒိပ်ကျွန်းအလုံး၌၊ အကြုံးဆီး-အကြီးဆုံးဖြစ်ပါပေ၏ လို့ ဆိုထားတယ် မဟုတ်လား" ဟု ပြောလိုက်ရာ ဦးဂွမ်တီတို့သည် ဝါးခနဲ ရယ်မောကြလေ၏။

ဤသို့နှင့်ပင် ဦးဂွမ်တီနှင့် မင်းညိုတို့သည် အလှူအိမ်နှင့် ရင်းနှီးသွားကြလေတော့၏။ ထိုအလှူအိမ်မှာလည်း တစ်စထက် တစ်စ၊ တစ်နေ့ထက်တစ်နေ့ လူများ၍လာလေ၏။ အလှူရက် အကြိုညသို့ရောက်လျှင် တွံတေးမြို့ပေါ်မှ ကောလိပ်ကျောင်း ဆရာလေးတစ်ဦးပါ အလှူအိမ်သို့ ရောက်၍လာလေ၏။

ထိုကျောင်းဆရာလေးက အသံကျယ်ကျယ်ကျယ်ကျယ်နှင့် မဏ္ဍပ်အတွင်း၌ စကားပြောလေ၏။ ထိုကျောင်းဆရာလေး သည် မိမိသင်ကြားရသော ဘာသာရပ်၌ ကျွမ်းကျင်ကောင်း





ကျွမ်းကျင်လိမ့်မည်ဖြစ်သော်လည်း အခြားသောအရာဌာန၌မူ လွန်စွာ ဗဟုသုတခေါင်းပါးလှ၏။ သို့ရာတွင် ဤတောရပ်ဒေသ၌ မိမိလောက် တတ်ကျွမ်းသူမရှိဟု ယူဆထားသဖြင့် အလုံးစုံ သော အကြောင်းအရာတို့၌ အာပေါင်အာရင်းသန်သန်ဖြင့် ပြောဆိုနေလေ၏။

တစ်စုံတစ်ယောက်သောသူက . . . ဇာတ်တော်တစ်ခုကို ကိုးကား၍ ပြောဆိုရာ ထိုကျောင်းဆရာက . . .

"ဇာတ်ကြီးဆယ်ဘွဲ့ပဲဖြစ်ဖြစ်၊ ငါးရာ့ငါးဆယ်ပဲဖြစ်ဖြစ် အဲဒီထဲမှာပါတဲ့ နေရာဒေသတွေဟာ ကမ္ဘာ့မြေပုံမှာ ရှာလို့ မတွေ့ဘူး၊ ဒီအချက်ကို စဉ်းစားဖို့လိုတယ်"

ဟု ဇာတ်တော်တွေကို မယုံကြည်သည့်လေသံ၊ ဤသို့ မယုံ ကြည်ကြောင်း ပြောဆိုလိုက်ရသည်ကို ငါ ခေတ်မီသည်ဟု အထင်ရောက်နေသည့်လေသံဖြင့် ပြောဆိုလိုက်ရာ မဏ္ဍပ်တစ်ခု လုံး ငြိမ်၍သွားလေ၏။ ထိုကျောင်းဆရာ၏ စကားကိုလည်း မငြင်းဆန်နိုင်ဘဲ ရှိလေ၏။

ထိုအခါ၌ ဦးဂွမ်တီက ကွမ်းယာတစ်ယာကို ပါးစပ်အတွင်း သို့ ထိုးသွင်းလိုက်ပြီးနောက် -

"ဒီလိုရှိပါတယ်၊ ဇာတ်တော်တွေထဲမှာ ပါတဲ့ နေရာဒေသ တွေ၊ တိုင်းပြည်တွေကို ခင်ဗျားပြောတဲ့ ကမ္ဘာ့မြေပုံမှာ ရှာလို့ ရပါတယ်၊ ရှာလို့မရဘူး ဆိုတဲ့ လူတွေဟာ ပညာဗဟုသုတ နည်းပါးတဲ့လူတွေဆိုတော့ ဘယ်လိုရှာနိုင်မလဲဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်ရာ မဏ္ဍပ်အတွင်းမှလူများသည် ဦးဝွမ်တီ ကို အားပေးသော မျက်လုံးများဖြင့် ကြည့်ရှုကြကုန်၏။

"ကဲဗျာ . . . မုတ်ဆိတ်ကြီး၊ 'ပါဋလိပုတ်' ဆိုတဲ့နေရာကို ကမ္ဘာ့မြေပုံမှာ ရှာပြစမ်းပါဦး"

ဟု ကျောင်းဆရာပေါက်စက ဦးဝွမ်တီအား ခပ်ငေါက်ငေါက် ပြောလေ၏။

"ဒီလိုရှိပါတယ် . . . ငယ်ငယ်တုန်းက ငပုလို့ ခေါ်တဲ့ လူတစ်ယောက်ဟာ ကြီးတဲ့အခါမှာ ဦးပုနာမည်နဲ့ မင်းကြီးဖြစ်နေ တယ် ဆိုပါစို့ဗျာ၊ အဲဒါကို ငပုဘယ်မှာလဲလို့ ရှာရင်တော့ တွေ့မှ မလွယ်ပါဘူးဗျာ၊ ဦးပုအဖြစ်နဲ့ ရှာရမှာပေါ့ဗျာ"

ဟု ဦးဝွမ်တီက ပြောလိုက်လျှင် ကျောင်းဆရာက -

"စကားလွှဲမပစ်ပါနဲ့ မုတ်ဆိတ်ကြီး၊ 'ပါဋလိပုတ်' ကို မြေပုံမှာ ရှာပြစမ်းပါ"

ဟု ဒေါနှင့်မောနှင့် ပြောလိုက်လေ၏။

"ဒီလိုဗျ . . . ပါဋလိပုတ် ဆိုတဲ့ ဒေသဟာ . . . မူရင်းက 'ပါဋလိပုတ္တ' လို့ ခေါ်တယ်၊ ကြာတဲ့အခါမှာ နောက်က 'ပုတ္တ' ဆိုတဲ့ စကားဟာ ပြုတ်ပြီး 'ပါဋလိ' လို့ခေါ်တယ်၊ နောက်တော့ ရှေ့က 'ပါ' ဆိုတဲ့စကား ပြုတ်သွားပြီး 'ဋလိ' လို့ ခေါ်တယ်၊ အဲဒီလို 'ဋလိ' လို့ ခေါ်ရာကနေ 'ဒေလီ' လို့ ပြောင်းသွားတာ အဲဒီတော့ 'ပါဋလိပုတ်' ဟာ အခု ဒေလီမြို့ပါပဲ"

ဟု ဦးဝွမ်တီက ပြောလိုက်ရာ မဏ္ဍပ်တစ်ခုလုံး လက်ခုပ် သြဘာပေး၍ ချီးကျူးကြလေ၏။





ကျောင်းဆရာပေါက်စသည် မျက်နှာအနည်းငယ်ပျက်၍ သွားပြီးလျှင် -

"ကဲဗျာ . . . 'ကုရုတိုင်း' ဆိုတာကော မုတ်ဆိတ်ကြီး"

ဟု အညှော်မခံဘဲ မေးပြန်၏။

"ကုရုတိုင်း၊ စေတီတိုင်း၊ အင်္ဂတိုင်း၊ ကလိင်္ဂတိုင်း ဆိုတာ တွေဟာ တစ်ဆက်တည်းပဲ၊ အင်္ဂတိုင်းရဲ့ တောင်ဘက်ကို စေတီ တိုင်းလို့ခေါ်တယ်၊ စေတီတိုင်းဟာ နောက်တော့ မဒ္ဒရပ်လို့ ခေါ်တယ်၊ မဒ္ဒရပ်ကနေ မဒရပ် ဖြစ်လာတာ၊ အဲဒီမှာနေတဲ့ စေတီတိုင်းသားတွေဟာ မဒရပ်သားတွေ၊ ချစ်တီးကုလားတွေပဲ၊ လိမ်ပြောလို့ မြေမျိုတဲ့ စေတီယမင်း ဆိုတာ ချစ်တီးကုလားကြီး ပဲ။ (မဏ္ဍပ်တစ်ခုလုံး ရယ်မောကြကုန်လေ၏။)

"စေတီတိုင်းရဲ့ မြောက်ဘက်ကို ကလိင်္ဂတိုင်းလို့ခေါ်တယ်၊ အဲဒီတိုင်းမှာနေတဲ့ လူတွေကို ဒေသကို အစွဲပြုပြီး ကလိင်္ဂလို့ ခေါ်တယ်၊ နောက်တော့ ဂေါ်ရင်ဂျီ ဖြစ်လာတာပေါ့၊ စူဠကာ ဆိုတာ ကလိင်္ဂတိုင်းသားဆိုတော့ ဂေါ်ရင်ဂျီကုလားကြီးပဲ"

မဏ္ဍပ်တစ်ခုလုံး ဝိုင်း၍ ရယ်မောလေ၏။ ထိုအခါ၌ ဝက်သားကြိုက်သော ဘသက်က . . .

"မုတ်ဆိတ်ကြီး စူဠကာပုဏ္ဏားဟာ ဂေါ်ရင်ဂျီကုလားကြီး ဆိုတော့ မဒ္ဒီဒေဝီနဲ့ ဝေဿန္တရာကရော့ဗျာ" ဟု မေးလေ၏။

"အေး ... အဲဒါ ကုရုတိုင်းကဗျ၊ ကုရုတိုင်းကို သိဝိတိုင်း လို့လဲ ခေါ်တယ်၊ အဲဒီတိုင်းသားတွေကို ကောရဗ္ဗလို့လဲ ခေါ် တယ်၊ 'ပဘ္ဘသဒ္ဒါ' က 'အစိုးရ အကြီးအမှူး လူချမ်းသာ'



www.burmeseclassic.com

www.burmeseclassic.com



အနက်ဟောတယ်၊ ကောရဇ္ဇတိုင်းသားတွေဟာ ချမ်းသာကြွယ်ဝမှုအတွက် 'ပဘူ' လို့ ခေါ်တယ်၊ ဘာဘူကုလားကြီးတွေပေါ့ကွာ၊ အဲဒီတော့ မင်းမေးတဲ့ မဒ္ဒီဒေဝီဟာ ဘာဘူမပေါ့ကွယ်"

မဏ္ဍပ်တစ်ခုလုံး လက်ခုပ်လက်ဝါးတီး၍ ရယ်မောကြလေ၏။ ကျောင်းဆရာပေါက်စမှာ ငြိမ်၍သွားပေပြီ။ ဝက်သားကြိုက်သော ဘသက်ကသာ ဆက်၍မေးလေ၏။

"ပဘာဝတီ ဘာလူမျိုးလဲ မုတ်ဆိတ်ကြီး"

"ပဘာဝတီ ... မဒ္ဒတိုင်းက မင်္ဂိုမကွ၊ မင်းကုသက ကလိင်္ဂတိုင်းက ဂေါ်ရင်ဂျီ"

ဟု ဦးဝွမ်တီက ဖြေလိုက်ရာ မဏ္ဍပ်တစ်ခုလုံး ပတ်တုပ်၍ မရအောင် ရယ်မောကြလေ၏။

သို့ရာတွင် ဝက်သားကြိုက်သော ဘသက်က -

"ကုသမင်းက ဒါလောက် အရုပ်ဆိုးတာ၊ ပဘာဝတီက တွဲပြီးသွားဝံ့ပါ့မလား မုတ်ဆိတ်ကြီး"

ဟု မေးလိုက်ရာ မိန်းကလေးများ ရယ်မော၍ ထောက်ခံလေ၏။

"မဟုတ်ဘူးကွ ... မင်းကုသကို ... နောက်တော့ သိကြားမင်းက ဝေရောဇနပတ္တမြား လာပြီးဆက်တယ်၊ အဲဒီ ပတ္တမြားလဲဆောင်လိုက်ရော မင်းကုသဟာအရုပ်မဆိုးတော့ဘူး၊ ပဘာဝတီနဲ့ လိုက်ဖက်တဲ့ရုပ်ရည်ဖြစ်သွားတယ်၊ ချောသွားတယ် ပေါ့ကွာ" ဟု ဦးဝွမ်တီက ဖြေလိုက်ရာ -





"မုတ်ဆိတ်ကြီးပြောတဲ့ ဝေရောဇနပတ္တမြား လိုချင်လိုက်တာ၊ ကျုပ်အတွက် မဟုတ်ပါဘူး၊ ကျုပ်ယောက်ဖအတွက်ပါ၊ ကျုပ်အစ်မက လှပြီး ဒီကောင်က ရုပ်ဆိုးလွန်းလို့ဗျာ"

ဟု ဆိုလိုက်ရာ ... ၎င်း၏ အနီးတွင် ထိုင်နေသော ကျောက်ပေါက် ဗရဗျစ်နှင့် ဘသက်၏ ယောက်ဖက ဘသက်အား ခြေထောက်ဖြင့် ကန်လိုက်ရာ ဦးဝွမ်တီနှင့် မင်းညိုတို့ပါ မရယ်ဘဲ မနေနိုင်တော့ဘဲ ရယ်မောမိလေတော့၏။

(ဦးဝွမ်တီ၏ အဖြေများမှာ မှန်ကန်သော အဖြေများဖြစ်သည်ဟု ဆိုနိုင်ပါသည်။ ၁၉၂၄ ခုနှစ်တွင် ကျိုက်ထိုမြို့ သစ်ချတောင် ဦးတိလောက ဆရာတော်က တိုင်းကြီး သောဠသ ကမ္ဘာ့မြေပုံကျမ်းတစ်စောင်ပြုစုခဲ့ပါသည်။ ထိုကျမ်းနှင့် တိုက်ဆိုင်ဖတ်ရှုကြပါကုန်။ ၎င်းကျမ်းစာအုပ်ကို လောကသာရစာတိုက်စက် စာပုံနှိပ်တိုက်မှ ရိုက်နှိပ်ဖြန့်ချိခဲ့ပါသည်။ ၎င်းစာပုံနှိပ်တိုက်မှာ တိုက်နံပါတ် ၁၁၊ ဆူးလေဘုရားလမ်း၌ တည်ရှိပါသည်။ ဗဟုသုတ လိုလားကြကုန်သော ငယ်ရွယ်သူတို့အတွက် ဗဟုသုတ ရစိမ့်သောငှာ ထိုကျမ်းပါ တိုင်းကြီးသောဠသ ကမ္ဘာ့မြေပုံကို ဖော်ပြလိုက်ပါသည်။

စာရေးသူ)



www.burmeseclassic.com

www.burmeseclassic.com





ထိုအခါ၌ ဝက်သားကြိုက်သောဘဲသက်က ဦးဂွမ်တီအား-

"မုတ်ဆိတ်ကြီး . . . ဟောဒီ စပါးပွဲစားကြီး ဝတ်ထားတဲ့ ပတ္တမြားဟာ ကုသမင်းကို သိကြားဆက်တဲ့ ဝေရောဇနပတ္တမြားလားဗျာ"

ဟု ပြောလိုက်ရာ ဦးဂွမ်တီရော မင်းညိုပါ စပါးပွဲစားကြီး၏ လက်စွပ်ဆီသို့ မျက်လုံးများ ရောက်သွားကြလေ၏။

ထိုအခါ၌ စပါးပွဲစားကြီးက သူ၏ ပတ္တမြားလက်စွပ်ကို ချွတ်၍ ဦးဂွမ်တီကိုပေးကာ -





"ကြည့်စမ်းပါဦး မုတ်ဆိတ်ကြီးရဲ့ ဒီထက်ကောင်းတဲ့ ပတ္တမြားတော့ တစ်လုံးပဲ တွေ့ဖူးသေးတယ်၊ အဲဒါက စတီးဘရားသားက ဘိုဆီမှာရှိတယ်၊ သူ့အဆိုကတော့ သီပေါဘုရင် ပါတော်မူတုန်းက ဆွေတော်မျိုးတော်တစ်ဦးက ရောင်းစားခဲ့တာဆိုပဲ၊ သူ့ဆီကို အဆင့်ဆင့် ရောက်လာတာလို့ ပြောတာပဲ" ဟု ဆိုလေ၏။

ဦးဂွမ်တီလည်း စပါးပွဲစားကြီး၏ပတ္တမြားလက်စွပ်ကို သေချာစွာ ကြည့်ပြီးနောက် မင်းညိုကိုပြလေ၏။ မင်းညိုလည်း ဟိုကြည့် ဒီကြည့်နှင့် နားမလည်ဘဲ ကြည့်ရှုနေရလေ၏။

"ဒီပတ္တမြားရဲ့ ရာဇဝင်ကလေး မသိရဘူးလား ပွဲစားကြီး" ဟု ဦးဂွမ်တီက မေးလိုက်လေ၏။

"သိတန်သလောက်တော့ သိပါတယ် မုတ်ဆိတ်ကြီး" ဟု ပွဲစားကြီးက စကားပျိုးလိုက်လေ၏။ ထိုအခါ၌ ဦးဂွမ်တီက . . .

"ပြောပြစမ်းပါ ပွဲစားကြီးရာ . . . ကျုပ်တို့အဖို့ ဗဟုသုတဖြစ်တာပေါ့" ဟု တိုက်တွန်းလိုက်ရာ စပါးပွဲစားကြီးက . . .

"အရှင်နှစ်ပါး ပါတော်မူတုန်းက အလွန်အင်မတန် အဖိုးထိုက်တန်တဲ့ ငမောက်ပတ္တမြား ဆိုတာကို ကာနယ်စလေဒင်လို့ ခေါ်တဲ့ စစ်ဗိုလ်ကြီး ယူသွားတယ်ဗျ" ဟု ပြောလေ၏။

"ဆိုစမ်းပါဦး ပွဲစားကြီး"

"ငမောက်ကြီးပတ္တမြားဟာ သူ့ဟာသူတစ်လုံးတည်းနေလေ့ မရှိဘူး၊ တစ်လုံးတည်းသက်သက်ထားရင် ပျောက်သွားတတ်တယ်၊ ဒါမှမဟုတ် လူကိုခိုက်စေတတ်တယ်ဆိုပဲ၊ ဒါကြောင့် အခြားသောပတ္တမြားကျောက်ပေါင်းတစ်ထောင်ကို ငမောက်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ပတ္တမြားရဲ့ ရံရွှေတော်အဖြစ်ထားပြီးသိမ်းရတယ်၊ လူမှာလဲ ဘုရင်နားမှာ ခစားခွင့်ရတဲ့လူမျိုးဟာ တော်တော့်လူမျိုး မဟုတ်ဘူး၊ လူထဲမှာ ရုပ်ဆင်းအင်္ဂါအားဖြင့် ကြည်လင်သန့်ရှင်းရမယ် မဟုတ်လား၊ အဲဒီလို ငမောက်ကြီးနားမှာ ခစားရတဲ့ကျောက်ဟာလဲ နှယ်နှယ်ရရ မဟုတ်ဘူး၊ အဖြစ်အနာအဆာ ကင်းပြီး အရည်အသွေး ကောင်းတဲ့ကျောက်ဖြစ်တယ်၊ အခု ကျုပ် ရထားတာဟာ ရံရွှေတော်တစ်ထောင်ထဲကပတ္တမြား၊ ဒါကြောင့်သူ့ကို ရံရွှေတော်လို့ ခေါ်တယ်"

ဟု ပွဲစားကြီးက ကွမ်းကို တမြုံ့မြုံ့ဝါးရင်း ပြောလေ၏။

ထိုအခါ၌ ဦးဂွမ်တီသည် စကားဖြတ်၍ မဏ္ဍပ်အပြင်သို့ ထွက်၍ သွားလေ၏။ မင်းညိုကလည်း . . . ဦးဂွမ်တီနောက်သို့ လိုက်၍သွားလေ၏။

"ဘယ်လိုလဲဦးဂွမ်တီ" ဟု မင်းညိုကမေးလိုက်ရာ ဦးဂွမ်တီက

"ဟုတ်တယ်ကွ စာရင်းထဲကအတိုင်းပဲ"ဟုပြန်၍ဖြေလေ၏။

"ဘယ်စာရင်းထဲကအတိုင်းလဲ"

ဟု မင်းညိုက မေးလိုက်လေ၏။

"အရှင်နှစ်ပါး ပါတော်မူတုန်းက . . . ကာနယ်စလေဒင်ကို အပ်လိုက်ရတဲ့ ပစ္စည်းစာရင်းကိုပြောတာ၊ အဲဒီပစ္စည်းတွေထဲမှာ ရံရွှေတော်ပတ္တမြား ၁၀၀၀ နဲ့ ငမောက်ကြီးပတ္တမြားကိုတော့ စာရင်းမှာ အတိအကျဖော်ပြထားတယ်၊ ရံရွှေတော်တစ်ထောင်ကိုတော့ စာရင်းမှာ ဖော်ပြထားခြင်း မရှိပေမယ့် ရံရွှေတော်ပတ္တမြားတစ်ထောင်အကြောင်းကတော့ စိတ်ဝင်စားတဲ့လူတိုင်း





သိကြတဲ့ကိစ္စပဲကွ၊ ပြီးတော့ ... မင်းသခံ ရာဇဝင္ဍ ပတ္တမြားလို့ ခေါ်တယ်၊ နန်းစဉ်ပတ္တမြားလို့လဲ သိတဲ့လူ တော်တော်ကလေးနည်းတယ်ကွ၊ ဦးပေသီးတို့လူစုကလဲ . . . အဲဒီပစ္စည်းတွေကို သိပ်ပြီး စိတ်ဝင်စားနေတယ်" ဟု ဦးဂွမ်တီက ပြောလိုက်လေ၏။

"ဦးပေသီးအကြောင်း ပြောပါဦး ဦးဂွမ်တီ"

ဟု မင်းညိုက မေးလေ၏။

"ဦးပေသီး ဆိုတာက လူဆိုးကြီးပေါ့ကွာ၊ ဒါပေမဲ့ သူ့ရဲ့ တပည့်တွေကတော့ လူဆိုးကြီးရယ်လို့ မထင်ကြရှာဘူး၊ သူတို့ ဆရာကို တကယ့်ကို လူစွမ်းကောင်းကြီး၊ မြန်မာမင်းဆက်ကို ထီးနန်းပြန်တင်မယ့် ကယ်တင်ရှင်ကြီးလို့ ထင်နေကြတာကွယ့်၊ ဒါကြောင့် ဦးပေသီးက သူ့တပည့်တွေကို ကိုယ့်ထီးကိုယ့်နန်း ပြန်ပြီးတင်တဲ့နေရာမှာ နန်းသုံးရတနာတွေကို ပြန်ပြီးရအောင် ယူဖို့ ငါတို့မှာ တာဝန်ရှိတယ်ရယ်လို့ တပည့်တွေကို အမြဲတမ်း ပြောလေ့ရှိတယ်ကွ၊ သူ့တပည့်တွေကလဲ ကိုယ့်ဘုရင်၊ ကိုယ့်သခင်၊ ကိုယ့်ထီးကိုယ့်နန်းနဲ့ နေချင်ကြတဲ့လူတွေပါပဲ၊ ဒါပေမဲ့လို့ ဒေဝဒတ်နောက်ကို လိုက်မိတဲ့ လှည်းသားငါးရာလိုပေါ့ကွာ၊ လမ်းလွဲ ရောက်နေကြရှာတယ်"

ဟု ဦးဂွမ်တီက ပြောပြလေ၏။

"ဦးပေသီးက ခိုင်းတယ်ပဲ ထားပါတော့ . . . သူ့တပည့်တွေက လိုက်ပြီးလုပ်ကရောလား ဦးဂွမ်တီ"

"လူဆိုတဲ့ သတ္တဝါဟာ ယုံကြည်အောင်လုပ်ဖို့ပဲ လိုတယ်ကွ၊ ယုံကြည်ရင် ဘာမဆိုခိုင်းလို့ရတယ်၊ သူ့တပည့်တွေကို သူက



www.burmeseclassic.com

www.burmeseclassic.com



ယုံကြည်အောင်လုပ်ထားတယ်ကွ၊ ဘယ်လိုလုပ်ထားတယ်ဆိုတဲ့ အသေးစိတ်ကိုတော့ မသိဘူး၊ ဦးပေသီးကို ခေါ်တာကောင်း ဘာဘာဘုရားလို့ ခေါ်တာကွ၊ သူတို့ ဘာဘာဘုရားက အင်္ဂလိပ် အစိုးရကို ဖြုတ်ချပြီး ကိုယ့်ထီး ကိုယ့်နန်း၊ ကိုယ့်ဘုရင်၊ ကိုယ့် သခင် လုပ်ပေးမယ့် ကယ်တင်ရှင်ကြီးလို့ ထင်နေကြတာကွ"

ဟု ဦးဂွမ်တီက ပြောပြလေ၏။

"ဦးဂွမ်တီကရော အခုလို နန်းစဉ်ပတ္တမြားတွေ ရှာနေတာက ဘာလုပ်ဖို့လဲ"

"ငါ ပြောပါကောလားကွ၊ ပျောက်သွားတဲ့ပစ္စည်းတွေကို သူ့နေရာသူပြန်ထားဖို့ပဲ၊ သူ့နေရာဆိုတာ နန်းစဉ်ပတ္တမြားတွေ ကို နောက်တက်မယ့်စကြာကိုယ်တော်လေးကို ဆက်သဖို့ပဲ" ဟု ဦးဂွမ်တီက ပြောလိုက်ရာ မင်းညိုက အံ့အားသင့်စွာနှင့် ဦးဂွမ်တီ ကို ငေးမောကြည့်ရှုနေလေ၏။ ဦးဂွမ်တီ၌ ဤကဲ့သို့ မင်းလောင်း ပေါ်လိမ့်မည်ဟု ယူဆသည့် အူကြောင်ကြောင်နိုင်လှသော အတွေးအခေါ် မျိုးမရှိဟုထင်မှတ်ထားခဲ့ရာ ယခုကဲ့သို့ ဦးဂွမ်တီ၏ နှုတ်မှ စကြာမင်းဆိုသားကို မျှော်လင့်ပြောဆိုလိုက်သောအခါ၌ မင်းညိုသည် အံ့သြခြင်းမက အံ့သြမိလေတော့၏။

"ဘယ်လိုလဲကွ၊ ငါက စကြာမင်းကိုမျှော်လို့ မင်းက အံ့သြနေ သလား . . . ကိုယ့်တိုင်းပြည်ကို သူတစ်ပါးအုပ်ချုပ်နေတာကို ဘယ်သူမှ မလိုလားဘူးကွ၊ ဒါပေမဲ့ တိုင်းရေးပြည်ရေး ဘယ်လို ဖြစ်မယ်ဆိုတာကို ခန့်မှန်းနိုင်တဲ့လူက နည်းတယ်ကွ၊ ငါ့ရဲ့ ခန့်မှန်း ချက်အတော့ အလွန်အင်မတန် ရှေးကျတဲ့ တဘောင်စကား





တွေကို ငါက နိုင်နိုင်မာမာ ယုံကြည်တယ်၊ ဒါကြောင့် ငါတို့ တိုင်းပြည်ကို ငါတို့ဘုရင်အုပ်ချုပ်တဲ့အခါမှာ လိုအပ်တဲ့ နန်းစဉ် ပစ္စည်းတွေကို မရမက ရှာနေတာကွ၊ အဲဒါတွေ စုံစုံစေ့စေ့ရဖို့ ဆိုရင် ငါဟာ အသက်ကိုတောင်စွန့်ဖို့ ဝန်မလေးဘူး မင်းညို"

ဟု ဦးဂွမ်တီက ပြောလိုက်ရာ မင်းညိုက . . .

"ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ဘုရင် ကိုယ့်သခင်နဲ့ ဖြစ်လာဖို့ ဆိုတာ လွယ်ပါ့မလား . . . ဦးဂွမ်တီ" ဟု မင်းညိုက စောဒက တက်လိုက်ရာ ဦးဂွမ်တီက ပြုံးလျက် . . .

"မင်းက ဗြိတိသျှမိစ္ဆာအစိုးရရဲ့စစ်တပ်မှာ မေဂျာ ဗိုလ်မှူး အလုပ်ကို လုပ်ခဲ့လေတော့ မိစ္ဆာတွေကို သိပ်ပြီးဘုန်းရှိတယ်လို့ ထင်နေတာကိုးကွ၊ ဟဲ . . . ဟဲ။

"သောဆဝပ် အဠ နဝသချာ၊ စွန်းကောဇာတွင်၊ မိစ္ဆာလူမျိုး စက်ရောင်ညှိုး၍၊ မုဆိုးပွဲကြီး သိမ်းခါနီးတွင်၊ ဘုန်းမီးတေဇ ဗုဒ္ဓရာဇာ၊ ဘွဲ့သညာနှင့်၊ စကြာမင်းလောင်း ပေါ်လိမ့်မည်" လို့ တဘောင်စကား ရှိတယ်ကွ၊ အလကားစကား မဟုတ်ဘူးကွ၊ ၁၃၀၆-ခု၊ ၁၃၀၇-ခု၊ ၁၃၀၈-ခု၊ ၁၃၀၉-ခုနှစ်တွေမှာ မိစ္ဆာတွေ ဩဇာအာဏာညှိုးပြီး မုဆိုးဆက်ဖြစ်တဲ့ ငါတို့ရဲ့ ဘုရင့်သွေး၊ ဘုရင့်သားတွေ ထီးနန်းရလိမ့်မယ်လို့ ပြောတာကွ"

ဟု ဦးဂွမ်တီက ပြောရာ . . . မည်သည့်အခါမှ ဦးဂွမ်တီ၏ စကားကို မယုံမကြည်မဖြစ်ဖူးသည့် မင်းညိုက . . .

"ဟုတ်ပါ့မလား ဦးဂွမ်တီ" ဟု မယုံကြည်သောလေသံဖြင့် မေးလိုက်ရာ ဦးဂွမ်တီက . . .



www.burmeseclassic.com

www.burmeseclassic.com



"မိုးရွှေငွေ နှစ်ပါးကြပ်၊ တရားမြတ်ဇောကြည်၊ နဝါးစာတ်ထော်ဆေးလာမတည်သည်၊ ခာတ်ကောလီကြုံလို့၊ ပန်-ဏီ-အီရာသီချိန်တွင်၊ သာကီရှိန် ထွန်းမည့်ခါမို့ ဆိုတဲ့ တဘောင်တိုဝါလို လမ်းပေါ်လျှောက်သွားနေတဲ့ တရုတ်စုတ်ကြီးက ပြောတာမဟုတ်ဘူးကွ၊ နေလို လလို ထင်ရှားတဲ့ မန်လည်ဆရာတော်ကြီးက ပြောတာ . . ."

"အဓိပ္ပာယ်က ဘယ်လိုလဲဗျ"

"ကောလီခာတ် ၃၀ ကြုံတဲ့နှစ်မှာ ပန် ဆိုတာက ဂျပန်၊ ဏီ ဆိုတာက ဂျာမဏီ၊ အီ ဆိုတာက အီတလီတို့ စုပေါင်းပြီး စစ်တိုက်ကြလိမ့်ဆိုတဲ့ တဘောင်ပဲကွာ"

ဟု ဦးဂွမ်တီက ပြောလိုက်ရာ မင်းညိုက . . .

"အဲဒီထဲမှာ သာကီရှိန် ထွန်းမည့်ခါမို့ လို့ဆိုတဲ့ စကားပါနေတယ်၊ ဦးဂွမ်တီပြောတဲ့ တဘောင်မှာက ဂျပန်ရယ်၊ ဂျာမနီရယ်၊ အီတလီရယ်ပဲ ပါတယ်မဟုတ်လား၊ မြန်မာလူမျိုးလဲ မပါပါလား။ ဘယ်လိုလုပ်ပြီး ကိုယ့်ထီး ကိုယ့်နန်း ဖြစ်မှာလဲ"

ဟု မေးလိုက်ရာ ဦးဂွမ်တီက ဒေါပွလျက် . . .

"ဟေ့ကောင် . . . မင်းက ဗဟုသုတမရှိဘဲကိုးကွ၊ ဒီမှာ နားထောင် ငါပြောမယ် . . .

နေဖျက်တဲ့ ထီးစနေကို၊ ကြေးရွှေစင် ပစ်ခွင်းလိမ့်၊ ငစဉ်းလဲဗျိုင်းဘုရင်၊ ဒေါင်းခွပ်ဖို့မြင်၊ သုဉ်းသုဉ်းတိ ကေဝင်လျှင်၊ တေးထပ်ရှင်၊ လက်ဖြတ်လှည့်လေး . . . တဲ့ကွ၊ စနေသားသီပေါဘုရင် နန်းဆက်ကို . . . ဖျက်ဆီးတိုက်ခိုက်တဲ့ အင်္ဂလိပ်





မျက်နှာဖြူ ဗျိုင်းငစဉ်းလဲကို သုဉ်းသုဉ်းတိ ကေဝင်လျှင် ဆိုတဲ့ ၁၃၀၀ ပြည့်နှစ်မှာ ဒေါင်းခွပ်လိမ့်၊ ဒေါင်းဆိုတာက စနေသား၊ အဲဒီစနေသားက တခြားလူမဟုတ်ဘူး၊ မြင်ကွန်းမင်းသားကြီးရဲ့ သား နေသူရိန်ခေါ် မိုးကြိုးကွ၊ မိုးကြိုးဆိုတာကော နားလည်ရဲ့လား" ဟု ပြောလေ၏။

"မိုးကြိုး ဆိုတာ . . . ရွှေနဲ့ ကြေး ရောထားတဲ့ သတ္တုပေါ့ ဦးဂွမ်တီ" ဟု မင်းညိုက ဖြေလေ၏။

"အေး ဟုတ်တယ်၊ မြင်ကွန်းမင်းသားကြီးက ဘုရင့်သွေး (ရွှေ)၊ သူရဲ့ကြင်ယာတော်က ပြင်သစ်မ . . . သာမန်အရပ်သူ ဆိုတော့ (ကြေး)၊ ဒီတော့ ရွှေနဲ့ ကြေးနဲ့ ပေါင်းလို့ဖြစ်လာတဲ့ နေသူရိန် မင်းသားလေးဟာ မိုးကြိုးပေါ့ကွ၊ အဲဒီစကားမမှန်လျှင် တေးထပ်ရှင် လက်ဖြတ်တော့လေးဆိုတဲ့ စကားအရ ရေးတဲ့လူက လက်တောင် အဖြတ်ခံဝံ့တယ်လို့ ဆိုထားတာကွ၊ ဒီတော့ မိစ္ဆာဗြိတိသျှတွေကိုတိုက်ပြီး ထီးနန်းထူထောင်မယ့်မင်းလောင်းဟာ နေသူရိန်မင်းသားကွ၊ သိရဲ့လား" ဟု ဦးဂွမ်တီက ဆိုလေ၏။

"ကျွန်တော်တော့ ယုံရမှာခပ်ခက်ခက်ပဲ ဦးဂွမ်တီ"

ဟု မင်းညိုက ပြောလိုက်ရာ ဦးဂွမ်တီက . . .

"၁၂၉၁ ခုနှစ်တုန်းက ရေနံချောင်းမှာ ဝံသာနု ဥက္ကဋ္ဌ ဦးစိုးသိမ်းက တရားဟောတဲ့ နေရာမှာ ဂျာမနီက အာဏာရှင် ဟစ်တလာဟာ အိပ်ရာဝင်ရင် အမြဲတမ်းဖယောင်းတိုင်တစ်တိုင် ထွန်းပြီး ပူဇော်လေ့ရှိတယ်လို့ ပြောသွားတယ်၊ ဒီအချက်ဟာ တဘောင်စကားတွေ မှန်ကန်ကြောင်းပြမယ့်အချက်ဖြစ်တယ်"



www.burmeseclassic.com

www.burmeseclassic.com

ဟု ဦးဂွမ်တီက ဆိုပြန်၏။

"ဟစ်တလာက ညစဉ် ဖယောင်းတိုင်တစ်တိုင်ထွန်းတာနဲ့ တဘောင်နဲ့ ဘယ်လိုပတ်သက်လို့တုံး"

ဟု မင်းညိုက မေးလေရာ ဦးဂွမ်တီက . . .

"ဒီလိုကွ . . .လောကကြီးမှာက တော်တော်ဆန်းနေတယ် ငါတို့က စကြာမင်းကိုမျှော်နေတယ်၊ ခုကြည့်စမ်း . . .ဟစ်တလာ တလဲ စကြာတံဆိပ်နဲ့ ပေါ်လာတယ်၊ ကမ္ဘာကို သိမ်းမယ်လို့ ကြံနေပြီ၊ ဘယ်လောက် တိုက်ဆိုင်သလဲ၊ ဟစ်တလာဟာ စကြာမင်းသားလို့တော့ မပြောပါဘူး၊ ဒါပေမဲ့ ဒီအချိန်မှာ စကြာ ဆိုတဲ့ စကားဟာ ခေတ်စားဖို့ ကြံလာတာတော့ မတော်တဆ ဖြစ်တာ မဟုတ်ဘူးကွ . . . တစ်စုံတစ်ခုတော့ ထူးထူးဆန်းဆန်း ဖြစ်နေတာတော့ အမှန်ပဲကွ" ဟု ဆိုပြန်၏။

"ဦးဂွမ်တီက တဘောင်တွေအတိုင်း ဖြစ်လာလိမ့်မယ်လို့ ဆိုချင်တာပေါ့" ဟု မင်းညိုက မေးလိုက်ရာ . . .

"တဘောင်တွေအတိုင်း ဖြစ်မလာရင်လဲ ကိစ္စမရှိပါဘူး ငါ့ရဲ့ ကျင့်စဉ်က တခြားရောက်နေတဲ့ပစ္စည်းတွေ သူ့နေရာ ပြန်ထားဖို့ပဲ၊ ငမောက်ကြီးပတ္တမြားကို ရှံရတဲ့ အရန်ပတ္တမြားတစ်ထောင် အနက်က ငါ့ဆီမှာ ငါးရာကျော်ရှိနေပြီ၊ ကျန်တဲ့ ငါးရာရယ် ငမောက်ကြီးရယ် ရအောင်လုပ်ဖို့ပဲ" ဟု ဦးဂွမ်တီကပြောလေ၏။

"နေပါဦး ဦးဂွမ်တီ၊ ငမောက်ကြီးပတ္တမြားနဲ့ အရံထားတဲ့ အရံပတ္တမြားတွေ ဟုတ်မဟုတ်ကို ဘယ်လိုခွဲခြားမလဲ"





"သိသာပါတယ်ကွ၊ အလွန်ကြီးမားတဲ့ ပတ္တမြားတုံးကြီး တစ်ခုထဲက သွေးထားတာတွေပဲကွာ၊ အရောင်သွေးချင်း တူပါ တယ်၊ မျက်စိနဲ့ကြည့်တာနဲ့ကို သိသာပါတယ်၊ ဒါတွေက အရေး ကြီးဘူးကွ၊ အသေးအဖွဲ့ပါ၊ ငါ့အတွက် အရေးကြီးတာက နဂါးဝဠ ပတ္တမြားပဲကွ၊ ဒါကိုတော့ ရအောင်ရှာမယ်"

မင်းညိုသည် ဦးဂွမ်တီအား . . . နားမလည်သလိုကြည့်၍ အကဲခတ်ပြီးနောက် . . .

"ကျွန်တော်ကတော့ မယုံဘူး ဦးဂွမ်တီ"

ဟု ဆိုလိုက်လေ၏။

"မင်းက ဘာကိုမယုံတာလဲကွ"

"ဦးဂွမ်တီဟာ တဘောင်စကားတွေ ဘယ်လောက်ပဲရှုတ်ပြ ရှုတ်ပြ ဦးဂွမ်တီအနေနဲ့ မင်းလောင်းကို မျှော်တဲ့လူဆိုတာတော့ ကျွန်တော် မယုံဘူး ဦးဂွမ်တီ"

"အေး . . . ဟုတ်တယ်၊ ငါဟာ . . . မင်းပြောသလိုပဲ မင်းလောင်းကို မမျှော်ပါဘူး၊ ယုံလဲမယုံပါဘူး၊ ဒါပေမဲ့ နန်းသုံး ပစ္စည်းတွေကို မရမကဖွဲ့နဘဲကြီးစွာနဲ့ ရှာနေတာတော့ အမှန်ပဲ၊ ဘာဖြစ်လို့ရှာနေတာလဲဆိုတော့ သူ့နေရာသူပြန်ထားဖို့ဆိုတာ ထက် တကယ့်ရည်ရွယ်ချက်ကတော့ ထီးသုံးနန်းသုံးပစ္စည်းတွေ သာမန်လူရဲ့လက်ထဲမရောက်စေချင်လို့ပဲ၊ တကယ်လို့အဲဒီပစ္စည်း တွေ ငါ့ဆီရောက်ရင်လဲ တစ်နေရာမှာသွားပြီးဝှက်ပစ်လိုက်မှာပဲ"

"ဘာဖြစ်လို့လဲ ဦးဂွမ်တီ"



www.burmeseclassic.com

www.burmeseclassic.com



"ထီးသုံးနန်းသုံးပစ္စည်းဟာ ဘုရင်တွေနဲ့ပဲထိုက်တန်တယ်၊ ကျန်တဲ့လူတွေလက်ထဲကိုရောက်သွားရင် ဒုက္ခဖြစ်တတ်တယ်၊ လူတွေ ဒုက္ခမဖြစ်စေချင်လို့ပဲ" ဟု ဦးဂွမ်တီက ပြောလေ၏။

"ဘယ်လိုကြောင့်လဲဦးဂွမ်တီ ကျွန်တော်တော့နားမလည်ဘူး"

"ဒီလိုကွာ၊ မင်းတို့စစ်တပ်မှာသုံးတဲ့ပစ္စည်းကို အရပ်ထဲမှာ သုံးရင်ကောင်းမလား၊ ဥပမာ စစ်အင်္ကျီလိုဟာမျိုးကို အရပ်ထဲမှာ သုံးရင် မထောင်းတာသော်လဲ လက်ပစ်ဗုံးလိုပစ္စည်းများ အရပ်ထဲမှာ သုံးမိရင် လူတွေ ဘယ်လောက်အန္တရာယ်များမလဲကွယ်၊ ဒါက မြင်လောက်တဲ့ အန္တရာယ်ကို ပြောတာကွ၊ မမြင်ရတဲ့ အန္တရာယ်က အများကြီးပဲ၊ ဘုန်းကြီးကျောင်းမှာ သုံးရမယ့် သံဃိကပစ္စည်းတွေ၊ သပိတ်သက်နန်းတွေ ဆိုပါတော့ကွာ၊ အရပ်ထဲမှာ လူတွေသုံးရင် ငရဲကြီးတယ်မဟုတ်လား၊ ဒီလိုပဲကွ၊ ဘုရင်တွေ သုံးတဲ့ပစ္စည်းတွေကို သာမန်လူတွေ သုံးမိရင် ချက်ချင်းတော့ သိသိသာသာကြီး ဒုက္ခရောက်ချင်မှရောက်မယ်၊ ဒါပေမဲ့ စစ်တပ်မှာသုံးတဲ့လက်ပစ်ဗုံးကို . . . အရပ်က မဆိုင်တဲ့လူတွေလက်ထဲမှာ ရောက်သွားပြီး ဒုက္ခဖြစ်ရသလိုပဲ ဖြစ်ရမယ်ကွ၊ ဒါကြောင့် ဘယ်ပစ္စည်းပဲဖြစ်နေနေ သူ့နေရာနဲ့သူ သုံးရမယ်၊ သူ့နေရာနဲ့သူဖြန့်ထားရမယ်လို့ မကြာခဏ ငါပြောနေတာပေါ့၊ အဲဒီလိုမဟုတ်ဘဲ ထီးသုံးနန်းသုံးပစ္စည်းတွေကို အရပ်သားတွေ သုံးမိရင် ဒုက္ခဖြစ်ကြတော့မှာအမှန်ပဲ၊ ဒါကြောင့် အဲဒီပစ္စည်းတွေကို မရ ရတဲ့နည်းနဲ့ ပြန်ယူပြီး ဖျောက်ဖျက်ပစ်ရမယ်၊ ဒါမှမဟုတ် လူသူမတွေ့နိုင် မယူနိုင်တဲ့နေရာမှာ သိုဝှက်ပစ်ခဲ့ရမယ်ကွ၊ အဲဒါ ငါ့ရဲ့ မြောက်မြားစွာရှိတဲ့ ကျင့်စဉ်ထဲက တစ်ခုပဲ"





"ကောင်းပါပြီ ဦးဂွမ်တီ . . . ဦးဂွမ်တီရဲ့ အကြံအစည်ဟာ မှားတယ်ပဲဖြစ်ဖြစ်၊ မှန်တယ်ပဲဖြစ်ဖြစ် ဖြစ်မြောက်အောင်မြင်တဲ့အထိ ကျွန်တော် ကူညီပါ့မယ်၊ ကျွန်တော့်အနေနဲ့ လောကမှာ အတွေ့ချင်ဆုံး၊ အချစ်ဆုံးလူဟာ နှစ်ယောက်ပဲ ရှိပါတယ်၊ ဦးဂွမ်တီရယ်၊ ငယ်စဉ်က ကျွန်တော်နဲ့ ကွဲသွားတဲ့ ကျွန်တော့်နှမလေး မိုးညိုရယ်ပါပဲ၊ ဦးဂွမ်တီရဲ့ လုပ်ငန်းတွေကို ကျွန်တော် ကူညီပါ့မယ်၊ ပြီးရင် ကျွန်တော့်နှမလေးနဲ့ အေးချမ်းစွာနေမယ် ဦးဂွမ်တီ" ဟု မင်းညိုကပြောလိုက်ရာ ဦးဂွမ်တီက သဘောကျ၍ တဟဲဟဲရယ်ပြီးလျှင် . . .

"သိပ်ကိုတော်တဲ့ လူကလေးပဲ၊ ကဲ ကဲ . . . မပြောဘဲ ချန်ထားတဲ့ကိစ္စတစ်ခုကို ပြောပြရဦးမှာပေါ့ကွာ၊ ဟဲ . . . ဟဲ"

ဟု ဦးဂွမ်တီက အစချီလိုက်လေ၏။

"ပြောပါဦး . . . ဦးဂွမ်တီ" ဟု မင်းညိုက ပြောလေ၏။

"ငါက အရင်တုန်းက ဘုရင်ခံ ဂျော့ရှောရဲ့အိမ်တော်မှာ စားတော်ကဲကြီး လုပ်ခဲ့တယ်ကွ၊ အဲဒီအိမ်တော်မှာ စားတော်ကဲကြီး လုပ်ခဲ့တုန်းက ဘုရင်ခံ ဂျော့ရှောရဲ့မိန်းမ လေဒီဂျော့ရှောရဲ့ ကျောင်းနေဘက် သူငယ်ချင်း ဘီအိုစီ အရာရှိကတော် လေဒီစမစ်ရဲ့ ပတ္တမြားလည်ဆွဲကုံး ပျောက်ပါလေရောကွာ၊ အဲဒီအခါမှာ အိမ်တော်မှာ အလုပ်လုပ်တဲ့ မာလီကုလားပါမကျန် ပုလိပ်က စစ်ဆေးရှာဖွေခဲ့တယ်ကွ၊ အေး . . . နောက်ဆုံး ဘယ်လိုဖြစ်ကြတယ် မသိပါဘူးကွာ၊ ပုလိပ်က ငါတို့အားလုံးကိုဖမ်းသွားပြီး သုံးညတိတိ မတရား ညှဉ်းပန်း ရိုက်နှက် နှိပ်စက်ခဲ့တယ်ကွ၊



www.burmeseclassic.com

www.burmeseclassic.com



ကျေနပ်အောင်ရိုက်ပြီးတော့ ပစ္စည်းလဲ ငါတို့ဆီမှာ မတွေ့ပါဘဲ လျက် ဘုရင်ခံကတော်ရဲ့ သူငယ်ချင်းမရဲ့ အမိန့်နဲ့ ထောင်ထဲကို ထည့်လိုက်တော့တာပါပဲကွာ၊ ငါတို့ဟာ ပစ္စည်းလဲမယူရဘဲနဲ့ ထောင်ကျခဲ့ရတယ်၊ အေး အေး တခြားလူတွေကတော့ ငိုလို့ပေါ့ကွာ၊ ငါက မငိုပါဘူး၊ ငါ့ကိုရိုက်တဲ့ပုလိပ်ကို ငါက ပြောတာပါ ပစ္စည်းနဲ့ပတ်သက်ပြီးဖြောင့်ချက်ပေးပါ့မယ်၊ မစ္စစမစ်ကိုခေါ်ပေးပါလို့ ပြောတော့ . . . ပုလိပ်က သူ့ရဲ့ အထက်လူကြီးတွေကို အကြောင်းကြားပြီး မလေဒီစမစ်နဲ့ ငါ့ကို တွေ့ပေးလိုက်တယ်"

"တွေ့တော့ ဦးဂွမ်တီက ဘာပြောသလဲ"

"တွေ့တော့ ငါကပြောတာပေါ့ကွ၊ ဒီမှာလေဒီစမစ်၊ ပတ္တမြားဆိုတာကို ကျုပ်တို့မြန်မာပြည်ရောက်မှ ခင်ဗျား ဝတ်ဖူးတာမဟုတ်လား၊ တကယ်က ပတ္တမြားဆိုတာဟာ . . . ကျုပ်တို့တိုင်းပြည်ပိုင် ပစ္စည်းဖြစ်တယ်၊ ခင်ဗျားပတ္တမြားကို ကျုပ်တို့မခိုးဘူး၊ မခိုးတဲ့လူတွေကိုမတရားရိုက်နှက်ပြီး ထောင်ထဲကိုပို့တာဟာ ခင်ဗျားတို့အင်္ဂလိပ်လူမျိုးရဲ့ ယဉ်ကျေးမှုလား၊ ကောင်းကောင်းမှတ်ထားပါ၊ တစ်နေ့မှာ ခင်ဗျားဟာ ပတ္တမြားကြီး တစ်လုံးကို အကြောင်းပြုပြီး သေရလိမ့်မယ် . . . ဒါမှ အရှေ့တိုင်းသား လူယဉ်ကျေးတွေရဲ့ ကြီးမားတဲ့ရန်ငြိုးဖွဲ့မှုကို နားလည်လိမ့်မယ်လို့ ပြောလိုက်တယ်ကွ"

"စိတ်ဝင်စားစရာပဲ ဦးဂွမ်တီ"

"အဲဒီအဖြစ်အပျက်ဟာ နှစ်ပေါင်း ၂၀ ကျော်သွားပြီကွ၊ လေဒီစမစ်တောင် အသက် ၄၀ ကျော်ရှိပြီ၊ အခု သူက ပြင်သစ်





ပြည်မှာ ကျောက်မျက်ရတနာကုန်သည်ကြီး လုပ်နေတယ်လို့ သတင်းရတယ်၊ သူတို့က သီပေါမင်းပါတော်မူစဉ်က ပျောက်ဆုံးသွားတဲ့ ရာဇဝင် ပတ္တမြားကို အလွန်ပဲ စိတ်ဝင်စားနေတယ်လို့ သိရတယ်၊ အဲဒီပတ္တမြားသာ ငါ့လက်ထဲရောက်ရင်တော့ လေဒီစမစ်ကို အဲဒီပတ္တမြားနဲ့မျှားပြီး မြန်မာပြည်ကို ခေါ်ယူရမှာပဲ၊ ပြီးမှ သူ့ကို ခရစ်တော်ဆီကို အိပ်ပျော်ဖို့ ပို့ရမယ်"

ဟု ဦးဂွမ်တီက ပြောလေ၏။

"စိတ်ဝင်စားစရာပါပဲ ဦးဂွမ်တီ"

ဟု မင်းညိုက ပြောလိုက်လေ၏။

"ဒီထက် စိတ်ဝင်စားစရာကောင်းတာကတော့ လေဒီစမစ်ဟာ ဦးပေသီးလို့ခေါ်တဲ့ ဘဘဘုရားနဲ့ ထိုင်းနိုင်ငံမှာ ချိန်းတွေ့ကြတယ်ကွ၊ အဲဒါက လွန်ခဲ့တဲ့ငါးနှစ်က၊ ငါသိတဲ့အတိုင်း ပြောရရင် ဦးပေသီးဟာ . . . လေဒီစမစ် မြန်မာပြည်မှာ နေတုန်းက ဦးပေသီးက လေဒီစမစ်ရဲ့ ဒရိုင်ဘာကွ . . .၊ အဲဒီကတည်းက သူတို့ချင်း မရှင်းမလင်းဖြစ်ခဲ့ကြတယ်၊ ဦးပေသီးက နောက်တော့ ဓားပြမှုနဲ့ ထောင်ကျတယ်၊ ထောင်ကျပြီး ထိုင်းနိုင်ငံနယ်စပ်အရောက်မှာ လေဒီစမစ်နဲ့ ချိန်းတွေ့ကြပြီး ဦးပေသီးက မြန်မာပြည်ပြန်လာပြီး ဘဘဘုရားဆိုတဲ့ နာမည်နဲ့ ဆရာကြီးလုပ်နေတော့တာပဲဟေ့၊ ပြီးတော့ သူ့တပည့်တွေနဲ့ မြန်မာပြည်က အဖိုးတန် ကျောက်မျက်ရတနာတွေကို ရတဲ့နည်းနဲ့ ရှာပြီး လေဒီစမစ်ဆီကို ပို့ပေးနေတာကွ"

"တကယ်ကို စိတ်ဝင်စားဖို့ ကောင်းတာပဲဗျ"

www.burmeseclassic.com

www.burmeseclassic.com



“အေး နေရာအနှံ့အပြားမှာ ဦးပေသီးရဲ့လူတွေ ရှိတယ်ကွ။ သူ့လူတွေဟာ သူ့ကို ဓားပြတိုက်ဖို့ လက်ထောက်ချတယ်၊ သတင်းပေးတယ်၊ သူ့လူတွေဟာ အချင်းချင်း ဆက်သွယ်တဲ့ အခါမှာ ဓားမြှောင်ကလေးတွေပြပြီး ဆက်သွယ်လေ့ရှိတယ်။ အဲဒီဓားမြှောင်ကိုလဲ ဦးပေသီးက စီစဉ်ပေးတာ၊ ဓားမြှောင်အရိုးမှာ ဇော်ဂျီလိုလိုအရုပ်ပါတယ်၊ အခွေးမှာ မိုးကြိုးကွင်းကလေး တွေပါတယ်၊ မိုးကြိုးကွင်း တစ်ကွင်းဆိုရင် သာမန်တပည့်ပဲ၊ နှစ်ကွင်းဆိုရင် ပိုပြီးရင်းနှီးတဲ့ တပည့်ပေါ့ကွာ၊ မိုးကြိုးကွင်း ကိုးကွင်းဆိုရင်တော့ မပြောနဲ့တော့၊ ဦးပေသီးအတွက် အသက် စွန့်မယ့် တပည့်တွေပဲကွ”

“တယ်လဲဉာဏ်သွားတဲ့ ဦးပေသီးပါလား”

ဟု မင်းညိုက ပြောလိုက်လေ၏။

“ဒီလိုကွ . . . ဦးပေသီးတို့ကလဲ ငါ့ကိုရှာနေတယ်၊ ရှာတာ ကတော့ သူတို့လူတစ်ယောက်ဆီက ပတ္တမြားတွေ အမြောက် အမြား ငါက လုယူခဲ့တယ်လေကွာ၊ ငါ့ကိုတွေ့ရင်တော့ သတ်မှာ အမှန်ပဲ။

ငါ့ရဲ့တာဝန်ကတော့ . . .ငါတို့မြန်မာပြည်ကကျောက်တွေ နိုင်ငံခြားကို မရောက်ဖို့ရယ်၊ လေဒီစမစ်ကို ဆုံးမဖို့ရယ်ပဲကွ လေဒီစမစ်က ငါ့ကို ထောင်ထဲထည့်ရုံနဲ့ အားမရဘဲ စပိုင်ဆိုပြီး ဖမ်းခိုင်းလို့ အဖမ်းခံရသေးတယ်၊ လွန်ခဲ့တဲ့ နှစ်အစိတ်လောက် က ပေါ့ကွာ၊ အဲဒီတုန်းက အချုပ်ထဲမှာ မင်းနဲ့တွေ့ခဲ့တာပေါ့”

“သြော် အခုမှပဲ ဇာတ်ရှည်လည်တော့တာပဲ ဦးဂွမ်တီ” ဟု မင်းညိုက ပြောလေ၏။





“ငါ့ကို ဦးပေသီးက . . . လေဒီစမစ်ရဲ့ ဒရိုင်ဘာလုပ်စဉ် ကတည်းက သိတာကွ၊ ငါတို့ဟာ နှစ်ပေါင်းများစွာက ရန်သူတွေ ပေါ့ကွာ၊ သူတို့ကို ဖျက်ဆီးသုတ်သင်ခြင်းဟာ မြန်မာပြည်ရဲ့ ရတနာတွေကို ကာကွယ်ခြင်းလဲ ဖြစ်တယ်ကွ”

ဟု ဦးဂွမ်တီက ပြောလိုက်ရာ မင်းညိုက . . .

“ပြောပါ ဦးဂွမ်တီ . . . ကျွန်တော်ဘာလုပ်ရမလဲ၊ လုပ်ပါ့ မယ်” ဟု ဆိုလေ၏။

“အေး . . .ငါ့အထင်တော့ စပါးပွဲစားကြီးဟာ ဦးပေသီးရဲ့ လူယုံတော်တပည့်တစ်ဦး ဖြစ်လိမ့်မယ်ကွ၊ ဟုတ်မဟုတ် သိရ အောင်ကတော့ ပွဲစားကြီးအလှူကအပြန်မှာ ငါတို့က လမ်းက နေ ဖမ်းပြီး သူ့ကိုစစ်ရမှာပဲ၊ ဟုတ်ခဲ့လို့ရှိရင်တော့ ဦးပေသီးဆီကို ဝင်ပုံဝင်နည်း ရမှာပေါ့ကွာ၊ အဲဒီအခါမှာ ဦးပေသီးကိုတော့ ယမမင်းဆီကိုပို့ပြီး လေဒီစမစ်ဆီကို ပို့ရမယ့် ပတ္တမြားတွေကို သိမ်းရမှာပဲကွ” ဟု ဆိုလေ၏။

ဦးဂွမ်တီနှင့် မင်းညိုတို့သည် အထက်ပါအတိုင်း တိုင်ပင် ပြောဆိုကြပြီးနောက် အလှူမဏ္ဍပ်အတွင်းသို့ ပြန်၍ဝင်လာ ကြရာ မဏ္ဍပ်အတွင်း၌ စပါးပွဲစားကြီးကိုမတွေ့သဖြင့် ဦးဂွမ်တီ က ဝက်သားကြိုက်သော ဘသက်အား . . .

“သိကြားမင်းဆက်တဲ့ ဝေရောဇရှ ပတ္တမြားလက်စွပ်နဲ့ ပွဲစားကြီး ဘယ်ကိုကြွသွားပြီလဲ” ဟု မေးရာ ဘသက်က . . .

“အခုပဲ ပြန်သွားလေရဲ့ မုတ်ဆိတ်ကြီး” ဟု ပြောလေ၏။

“ပွဲစားကြီးက ဘယ်မှာနေတာလဲ”ဟု ဦးဂွမ်တီက မေးရာ ဘသက်က . . .



www.burmeseclassic.com

www.burmeseclassic.com



"ပွဲစားကြီးက နေရာအတည်တကျ မရှိပါဘူး၊ အခုနေ တော့ ကွမ်းခြံကုန်းမှာပါ၊ ကွမ်းခြံကုန်းကို ပြန်တာဖြစ်မယ်"

ဟု ဆိုလျှင် ဦးဂွမ်တီနှင့် မင်းညိုတို့လည်း အလှူအိမ်သို့ လာသော မြင်းများအနက် . . . မြင်းနှစ်ကောင်ကို အမှတ်ထဲ့ ဖြုတ်ယူ၍ တစ်ယောက်တစ်ကောင်စီ တက်၍စီးပြီးလျှင် ပွဲစား ကြီးနောက်သို့ ဒုန်းစိုင်း၍ လိုက်ကြလေ၏။

မြင်းစီးသွားရင်း ဦးဂွမ်တီက မင်းညိုအား . . .

"ဟေ့ကောင် . . . ငါတို့ဇာတ်ထုပ်က အခုမှ ဇာတ်ကြွင်း ရောက်တော့တာကိုးကွ၊ ဦးပေသီးတို့က ငါ့ကို တစ်ခါက လိုက်ပြီး သတ်ကြလို့ . . . ငါမှာ စဥ့်ကူဆိုတဲ့ရွာကလေးမှာ သေတယ်လို့ လုပ်ပြီး ဇာတ်မြှုပ်ခဲ့တာကို ဦးပေသီးလူတွေက ငါ့ရဲ့ခေါင်းကြီး လာပြီး ဖွင့်ကြည့်ကြဖူးသေးတယ်ကွ၊ တွေ့ရင်ဓားနဲ့ထိုးကြဦးမှာ ငါက ခေါင်းထဲကထွက်ပြီး ပြေးခဲ့ပြီကွ . . . ခေါင်းထဲမှာတော့ မီးသွေးခဲနဲ့ 'သေသောသူသည် သုသာန်သို့ သွားသည်' ဆိုတဲ့ စာကို ရေးခဲ့တယ်၊ ရေးခဲ့တာကတော့ . . . ငါ့ကိုလိုက်ရှာနေတဲ့ ကျောက်စာဝန်ကလေး ငါ့နောက်ကို လိုက်နိုင်အောင်ပေါ့ကွာ"

ဟု ပြောပြလေ၏။ ထိုအခါ၌ မင်းညိုက . . .

"ဦးဂွမ်တီရေ . . . ဟိုရှေ့က သစ်ပင်ရိပ်တွေ နားမှာ ပြေးနေတဲ့ မြင်းဟာ ပွဲစားကြီးရဲ့မြင်းပဲ၊ ဒီတော့ ဦးဂွမ်တီက ဒီလမ်းအတိုင်း သူ့နောက်ကလိုက်၊ ကျွန်တော်က ဟိုဘက်ကနေ ပုန်းပြီး သူ့ရှေ့ကိုရောက်အောင် သွားနှင့်မယ်"

ဟုဆိုကာ မြင်းကို ကဆုန်စိုင်း၍ သွားလေ၏။





မြင်းစီးကောင်းသော ဦးဂွမ်တီကလည်း ရှေ့မှ မြင်းကို မီအောင် လိုက်လေ၏။ စပါးပွဲစားကြီးလည်း နောက်မှမြင်းတစ်စီး လိုက်၍လာကြောင်းသိလျှင် မြင်းကို ဖနောင့်ဖြင့်တို့၍ ရှေ့သို့ မြင်းကို ခြေကုန်သုတ်စေလေ၏။

သို့ရာတွင် ဖြတ်လမ်းတစ်ခုသို့ရောက်လျှင် မင်းညို၏မြင်း နှင့် ရင်ဆိုင်တိုးမိတော့၏။ မျောက်တစ်ကောင်ကဲ့သို့ ပေါ့ပါး၍ တိုက်ကြက်ကဲ့သို့ရဲရင့်သော မင်းညိုက မိမိ၏မြင်းပေါ်မှ ပွဲစား ကြီး၏ မြင်းပေါ်သို့ ခုန်၍ ကူးကာ ပွဲစားကြီးအား မြင်းပေါ်မှ ဆွဲချလိုက်လေ၏။

ပွဲစားကြီးက ခါးကြားတွင် ဝှက်၍ယူလာသော ဓားမြှောင် ဖြင့် မင်းညိုအား ထိုးလေ၏။ မင်းညိုက ရှောင်တိမ်း၍ ဓားမြှောင် ကို ပုတ်ချပြီးလျှင် ပွဲစားကြီး၏မျက်နှာသို့ လက်သီးဖြင့် ထုချ လိုက်ရာ ပွဲစားကြီးသည် စန့်စန့်ကြီး သတိလစ်၍ သွားလေ တော့၏။

ထိုအခါ၌ ဦးဂွမ်တီက ပွဲစားကြီး၏ ဓားမြှောင်ကို ကောက် ယူ၍ မင်းညိုအားပြလေ၏။ မင်းညိုလည်း ဓားမြှောင်ကို မီးခြစ် ခြစ်၍ သေသေချာချာ ကြည့်ရှုလေ၏။

ဓားမြှောင်၏အရိုး၌ မုတ်ဆိတ်မွေးရှည်နှင့် ဇော်ဂျီလိုလို အရုပ်မျိုး ထိုးထားပြီးလျှင် ဓားခွေး၌ မိုးကြိုးဖြင့်လုပ်ထားသော ကွင်းကလေး ငါးကွင်းစွပ်၍ထားပြီးလျှင် မြှော့ချောင်း ခေါ် ဓားမြှောင်၏အနှောင့်အနီးရှိ လေဝင်ပေါက်အထက်၌ "ဦး" ဟု ရေးထားသည်ကို တွေ့ရလေ၏။

www.burmeseclassic.com

www.burmeseclassic.com

"အနှောင့်မှာ နံပါတ် ၃-လို့ ရေးထားပါလား ဦးဂွမ်တီ"

ဟု မင်းညိုက မေးလိုက်ရာ ဦးဂွမ်တီက . . .

"နံပါတ် ၃-မဟုတ်ဘူးကွ၊ အက္ခရာ 'ဥ' လို့ ရေးထားတာ၊ ဘဘဘုရား အမည်ခံ ဦးပေသီးရဲ့ တပည့်လေကွာ၊ သူတို့ကို အဲဒီဓားမြှောင်ကလေးတွေ ပေးထားတယ်၊ နံပါတ်စဉ်မရေးဘူး၊ အ၊ အာ၊ ဣ၊ ဤ၊ ဥ၊ ဦ၊ ဧ၊ အဲ၊ ဩ၊ ဪ၊ အံ၊ အား ရယ်လို့ လက်ရင်းတပည့် ၁၂-ယောက် ရှိလိမ့်မယ်ထင်တယ်ကွ၊ ဒီပွဲစားက(ဥ)ဆိုတော့ နံပါတ်ငါးမြောက်တပည့်ပေါ့ကွာ၊ မဟုတ်မှလွဲရော ဦးပေသီးမှာလဲ ဒီလိုဓားမြှောင်မျိုး တစ်လက်ရှိလိမ့်မယ်၊ သူ့ဓားမြှောင်မှာတော့ 'သိဒ္ဓိ နမော ဗုဒ္ဓါယ' လို့ ရေးထားမယ်ထင်တယ်" ဟု ဆိုလေ၏။

"ဘာဖြစ်လို့လဲ ဦးဂွမ်တီ"ဟု မင်းညိုကမေးရာ ဦးဂွမ်တီက-

"ငါက အတိအကျ ဟုတ်ရမယ်လို့ မဆိုပါဘူးကွ၊ ခန့်မှန်းပြီး ပြောတာပါ၊ နောင်တစ်ချိန်မှာ အင်းဝပြည့်ရှင် ဘုရင်မင်းမြတ်ဖြစ်လာမယ့် . . . ဘုန်းကြီးကျောင်းသားကလေး မင်းခေါင်ကို သံဃရာဇာက စာပေသင်ကြားတဲ့အခါမှာ နောင်တစ်ချိန်မှာ အကြီးအကဲဖြစ်ဖို့အတွက် . . . ဂါထာလဲ ဆိုပြီး၊ စာလဲ သင်ပြီးဖြစ်အောင်လို့ သိဒ္ဓိ နမောဗုဒ္ဓါယ၊ ~~အ၊ အာ၊ ဣ၊~~ ဤ၊ ဥ၊ ဦ၊ ဧ၊ အဲ၊ ဩ၊ ဪ၊ အံ၊ အား ရယ်လို့ ဆိုခိုင်းတယ် မဟုတ်လား၊ ဒါကို အတိတ်ယူပြီး လုပ်တာဖြစ်မှာပေါ့ကွ" ဟု ဆိုလေ၏။

မင်းညိုလည်း ပွဲစားကြီးအား သတိရစေရန် လုပ်လေ၏။ ပွဲစားကြီးလည်း သတိရသည်နှင့်တစ်ပြိုင်နက် အိတ်အတွင်းမှ တစ်စုံတစ်ခုကိုနှိုက်ယူ၍ မျိုချလိုက်ရာ ငှက်ပျောနံ့ပိုင်းအတွင်း၌ပင်





အသက်ထွက်၍သွားသဖြင့် မင်းညိုတို့လည်း တစ်စုံတစ်ရာ မေးမြန်းခြင်း မပြုရတော့ပေ။

"ကဲ . . . မြင်းပြိုလားပေါ့၊ ဦးပေသီးရဲ့လူတွေက ရန်သူမိရင် မလွတ်သာတော့တဲ့အဆုံးမှာ အသက်ကိုအဆုံးစီရင်ဖို့ အဆိပ်ကို အမြဲတမ်းဆောင်ထားတယ်ကွ၊ အဲဒီတော့ နောက်ဆုံး ငါတို့ ရင်ဆိုင်ရမှာဟာ ဦးပေသီးရဲ့လူတွေပဲကွ၊ သတိရှိဖို့တော့ လိုမယ်ထင်တယ်" ဟု ဦးဂွမ်တီက ပြောနေစဉ်၌ပင် မင်းညိုသည် ပွဲစားကြီး၏လက်မှ ပတ္တမြားလက်စွပ်ကိုချွတ်၍ ဦးဂွမ်တီအား ပေးလေတော့၏။

ဦးဂွမ်တီနှင့်မင်းညိုတို့လည်း မြင်းများကိုစီးကာ ဒလဘက်သို့ သွား၍ ဒလမှတစ်ဖန် ရန်ကုန်သို့ သမ္ဗန်ဖြင့်ကူးခဲ့ကြလေတော့၏။ ထို့နောက် ဦးဂွမ်တီက ကျိုက္ကဆံဘုရားအနီးရှိ ဇရပ်ပျက်ကြီး တစ်ခုအတွင်းဆီသို့ မင်းညိုအား ဦးဆောင်၍ခေါ်သွားပြီးလျှင်-

"မင်းညိုရေ . . . သူတောင်းစားဟန်ဆောင်ပြီး နေရမယ်ပေါ့၊ ပြီးတော့ ဦးပေသီးတို့ရဲ့သတင်းကို စုံစမ်းရမယ်"

ဟု ဆိုလေ၏။

"ဒီလိုလုပ်ရမယ် ဦးဂွမ်တီ"ဟု မင်းညိုက ပြောလေလျှင် -

"ဘယ်လိုလုပ်ရမလဲကွ"

"ဦးပေသီးတို့အထဲကို ကျွန်တော်က အယုံသွင်းပြီး ဝင်ရမယ်၊ ဝင်လို့ရရင် သတင်းပြည့်ပြည့်စုံစုံလဲရမယ်၊ ကျွန်တော်တို့ ကြံချင်သလိုလဲ ကြံလို့ရမယ် မဟုတ်လား"

ဟု မင်းညိုကပြောရာ ဦးဂွမ်တီက ပြုံးလျက် . . .



www.burmeseclassic.com

www.burmeseclassic.com



"ဦးပေသီးက ဒါလောက် မအ,ဘူးကွ။ မင်းကို ချက်ချင်း လက်ခံမှာ မဟုတ်ဘူး၊ စမ်းသပ်လိမ့်မယ်၊ စမ်းသပ်တာနဲ့ပဲ မင်းဟာ သေသွားနိုင်တယ်ကွ" ဟု ဆိုလေ၏။

"ဒါဖြင့်ရင် ဘယ်လိုလုပ်မလဲ ဦးဂွမ်တီ"

"ဖြည်းဖြည်းပေါ့ကွာ . . . နောက်ဆုံးတော့ အဖြေပေါ်လာလိမ့်မယ်" ဟု ဦးဂွမ်တီက ဆိုလေ၏။

■

## ခြေရာတစ်တောင် မောင်မဲကောင်နှင့် တွေ့ဆုံခြင်း

ဦးဂွမ်တီသည် မင်းညိုအား ဇရပ်၌ထားခဲ့ပြီးလျှင် အပြင်သို့ ထွက်သွားလေ၏။ သုံးလေးရက်ခန့် ဤသို့ထွက်သွားပြီးနောက် အပြင်မှ ပြန်၍အလာတွင် ဦးဂွမ်တီက . . .

"ဟန်ကျခဲ့ပြီဟေ့" ဟု ပြောပြီးလျှင် လွန်စွာကြီးမားသော ပတ္တမြားကြီးတစ်လုံးကို ထုတ်၍ပြလေ၏။

"ရာဇဝင်ရှ ပတ္တမြားကြီးဆိုတာ ဒါပဲကွ"

ဟုလည်း ဦးဂွမ်တီက ပြောလေ၏။

"နန်းစဉ်ပတ္တမြားပေါ့၊ ဦးဂွမ်တီ ဘယ်ကရခဲ့တာလဲ"

ဟု မင်းညိုက မေးလေ၏။

"ဒီလိုကွ . . . ဘုရင်ခံအိမ်မှာတုန်းက ပတ္တမြားလည်ဆွဲ ခိုးမှုနဲ့ ငါတို့တွေ ပုလိပ်ရဲ့အရိုက်အနှက်ခံရ၊ ဘုမသိ ဘမသိနဲ့ ထောင်ကျခဲ့ရတယ်ဆိုတာတော့ မင်းကိုပြောပြပြီးသားပဲကွ"





"ဟုတ်တယ်လေ . . . ပြောပြပြီးသားပဲ"

"အဲဒီထဲမှာ ဘုရင်ခံအိမ်တော်မှာ ဘုရင်ခံစီးတဲ့မြင်းတွေကို ထိန်းရတဲ့ အညာသား မြင်းထိန်းတစ်ယောက်လဲ ရှိတယ်ကွ၊ အဲဒီမြင်းထိန်းရဲ့နာမည်က ကိုမဲကောင်လို့ ခေါ်တယ်ကွ၊ လူကြီးကလဲ မည်းမည်း ထောင်ထောင်မောင်းမောင်းကြီးပဲကွ၊ သူ့ကို ခြေရာတစ်တောင် မောင်မဲကောင်လို့ နောက်ပြောင်ပြီး ခေါ်လေ့ရှိတယ်၊ သူ့ရဲ့ခြေရာကလဲ တစ်တောင်လောက်နီးပါးကို ရှိတာနော် . . ."

"ပြောပါဦး . . . ဦးဂွမ်တီ"

"သူကလဲ ငါ့လိုပဲ မတရားအရိုက်ခံရပြီး မခိုးဘဲနဲ့ ခိုးမှုနဲ့ ထောင်သုံးနှစ် အကျခံလိုက်ရတော့ . . . မျက်နှာဖြူတွေကို တော်တော်ပဲစိတ်နာတယ်၊ မစ္စစမစ်ကိုတော့ စိတ်အနာဆုံးပေါ့ကွာ၊ ဒါနဲ့ ထောင်ကထွက်ရင် မျက်နှာဖြူတွေဆီမှာ အလုပ်မလုပ်ဘူး၊ ကိုယ့်အလုပ် ကိုယ်လုပ်မယ်လို့ ဆုံးဖြတ်ခဲ့တယ်၊ ဒါပေမဲ့ အညာသား မဲကောင်ကြီးဟာ ဘာမှလဲ မလုပ်တတ်လေတော့ ဘာလုပ်ရမှန်းမသိဘဲဖြစ်နေတုန်း သူ့ခေါင်းထဲမှာ 'အရင်းမစိုက် လှေထိုးလိုက်' ဆိုတဲ့ အကြံမျိုး ပေါ်တယ်ဆိုပဲကွ"

"စိတ်ဝင်စားစရာပါပဲလား"

"အဲဒါနဲ့ ထောင်ကလဲလွတ်ရော . . . လှေထိုးသားအဖြစ်နဲ့ လှေထိုးလိုက်ရင်း ငွေကိုစု၊ ရတဲ့ ငွေကလေးနဲ့ သူ လိုက်ရတဲ့ လှေမှာ ကုန်ကလေးဘာလေး ဝယ်ပြီးတင်နဲ့ လုပ်လာလိုက်ဟာ



www.burmeseclassic.com

www.burmeseclassic.com



ကုန်သည်ကလေး ဖြစ်သွားပြန်ရော၊ ကုန်သည်ကလေးကနေ ကုန်သည်ကြီးဖြစ်ပြီး . . . အခုတော့ မဲကောင်ကုမ္ပဏီရယ်လို့ သူဌေးကြီးတောင် ဖြစ်နေပြီကွ၊ သူကလဲ မစ္စစမစ် စိတ်ဝင်စား လောက်မယ့် ပတ္တမြားမျိုးကို ရှာနေတာဆိုပဲ၊ ရတာနဲ့ ပတ္တမြားနဲ့ ပြင်သစ်ရောက်နေတဲ့ မစ္စစမစ်ကို မျှားခေါ်ပြီး လက်စားချေဖို့ ရည်ရွယ်ချက်ကလဲ ရှိတာကိုးကွ . . . အဲဒါ ငါနဲ့တွေ့ခဲ့ပြီး ငါ့ရဲ့ အကြံဉာဏ်ကိုလဲ ယုံတဲ့အတွက် ဟောဒီပတ္တမြားနဲ့ မစ္စစမစ်ရဲ့ လိပ်စာကို ပေးလိုက်တယ်၊ မစ္စစမစ်ကိုဖမ်းပြီးရင် သူ့ကိုလဲခေါ်ဖို့ မှာလိုက်သေးတယ်"

"အဲဒီတော့ ဦးဂွမ်တီက ဘယ်လိုလုပ်ခဲ့သလဲ"

"ဒီကနေ့ပဲ ပြင်သစ်ကုန်သည်တစ်ယောက်နဲ့ မစ္စစမစ်ဆီကို စာတစ်စောင် ပို့လိုက်ပြီလေကွာ၊ မြန်မာနန်းစဉ်သုံး ပတ္တမြား တစ်လုံး ရောင်းရန်ရှိတယ်ဆိုတဲ့ အကြောင်း၊ မြန်မာပြည်ကို ရောက်ရင် ငါတို့နဲ့ ဆက်သွယ်ရမယ့် ဆက်သွယ်ပုံ ဆက်သွယ် နည်းတွေပါ ပြည့်ပြည့်စုံစုံ ရေးထည့်လိုက်တယ်"

"သိပ်ဟန်ကျတာပေါ့ ဦးဂွမ်တီ"

"အန္တရာယ်တော့ သိပ်ပြီးကြီးတယ်၊ မစ္စစမစ်က ရန်ကုန်ကို လာရင် သူ့ရဲ့အမြှောင်ယောကျ်ား ဘာဘာဘုရားခေါ် ဦးပေသီးကို အရင်တွေ့မယ်၊ ပြီးတော့ ငါတို့ရဲ့အသက်ကို ဦးပေသီး လုပ်ကြံ ပြီး ငါတို့ဆီကပတ္တမြားကို အရယူလိမ့်မယ်၊ ဘာပဲဖြစ်ဖြစ်လေ ငါတို့ကလဲ ဦးအောင်လုပ်ရမှာပဲ၊ ဦးပေသီးဟာ တကယ့်ကို မြန်မာ





လူမျိုးတွေကို သစ္စာဖောက်ပြီး မစ္စစမစ်ဆီကို အဖိုးတန်ရတနာ တွေ ပို့နေတာပဲ၊ သူ့ကိုလဲ အဝီစိကို မြန်မြန်ပို့ရမယ်"

"ကျွန်တော့်တာဝန်ထားပါ . . . ဦးဂွမ်တီ"

"အခု ငါတို့က ဒီကနေ ရွှေ့ရမယ် မင်းညို"

"ဘယ်ကို ရွှေ့ရမှာလဲ ဦးဂွမ်တီ"

"မန္တလေးက လက်သမားရုံ တစ်ရုံမှာ သွားပြီး အလုပ် လုပ်ရင်း မစ္စစမစ်ကို စောင့်နေမယ်ကွာ . . . မင်းကိုလဲ အဲဒီ လက်သမားရုံမှာ အလုပ်သွင်းပေးမယ်"

"ကျွန်တော်က လက်သမားမှ မလုပ်တတ်တာ"

"လက်သမား မလုပ်တတ်ရင် ဒရဝမ်ပေါ့ကွာ"

ဟု ဦးဂွမ်တီက ပြောလေ၏။

ထို့နောက် ဦးဂွမ်တီနှင့် မင်းညိုတို့သည် မန္တလေးမြို့သို့ ထွက်ခွာသွားကြလေတော့၏။ မန္တလေးသို့ရောက်သောအခါ၌ ဦးဂွမ်တီက မင်းညိုအား ဘုရားကြီး၌ထားခဲ့ပြီးလျှင် အလုပ်ရှာ ခဲ့ရာ စိန်ပန်းဇလီအနီး လက်သမားရုံ၌ အလုပ်ရရှိလေ၏။

ဦးဂွမ်တီသည် တစ်နေကုန်အလုပ်လုပ်ပြီးနောက် မင်းညို ရှိရာသို့ ပြန်လာကာ နှစ်ယောက်သား ခေါက်ဆွဲဆိုင်တစ်ဆိုင်၌ စားသောက်ဖွယ်ရာများကို မှာယူစားသောက်ကြလေ၏။ ဤသို့ နေထိုင်ကြပြီး ငါးရက်မြောက်သောနေ့၌ ဦးဂွမ်တီ အလုပ်လုပ် သော လက်သမားရုံ၌ ဒရဝမ်လိုသည်ဆိုသဖြင့် ဦးဂွမ်တီသည် မင်းညိုကို ဒရဝမ်အဖြစ် အလုပ်သွင်းပေးခဲ့လေတော့၏။

■



www.burmeseclassic.com

www.burmeseclassic.com

## ပတ္တမြား ငါးစာဉ်ပိသော မစွစမ်

မစွစမစ်သည် ဦးဂွမ်တီထံမှစာကို ရလျှင်ရချင်း မြန်မာပြည်သို့ ရောက်ရှိလာလေတော့၏။ ရောက်ရှိသည့်နေ့၌ပင် ဘာဘာဘုရား ခေါ် ဦးပေသီးနှင့် လျှို့ဝှက်တွေ့ဆုံခဲ့ကြပြီးလျှင် မင်းသုံးပတ္တမြားကြီးတစ်လုံး ရောင်းချရန် ရှိကြောင်း မြန်မာပြည်မှ ကျောက်ကုန်သည်တစ်ဦးက အကြောင်းကြားသဖြင့် ရောက်လာပုံကို ပြောပြရုံမျှမက ထိုပတ္တမြားကြီးကို ဝယ်ယူခြင်းမပြုဘဲ ထိုပတ္တမြားသည် မင်းသုံးပတ္တမြားအစစ်ဖြစ်ပါက ဦးပေသီး၏ တပည့်များနှင့် လုယူရန်၊ ထိုလုပ်ငန်းအောင်မြင်ပါက ဦးပေသီးကိုပါ ပြင်သစ်ပြည်သို့ ခေါ်ယူသွားပြီးလျှင် ကောင်းမွန်စွာထားမည်ဖြစ်ကြောင်း ပြောဆိုလေ၏။

ထိုအခါ၌ မစွစမစ်၏ အကြံပေးမှုအတိုင်း ဦးပေသီးက သူ၏ အ-အာ-ဣ-ဤ အမည်တပ် လူများနှင့် က-ခ-ဂ-ဃ-င အမည်တပ်ထားသော လူများကို မစွစမစ်အား ကူညီရန်အတွက် ထည့်ပေးလိုက်လေ၏။ မစွစမစ်သည် မန္တလေးမြို့သို့သွားရောက်ကာ ခြံဝင်းနှင့် နှစ်ထပ်အိမ်ကြီးတစ်လုံးကို ငှားရမ်းနေထိုင်ခဲ့လေ၏။ ထို့နောက် ဦးဂွမ်တီနှင့် ဆက်သွယ်လေ၏။

မစွစမစ်နှင့် အဆက်အသွယ်ရသည့်အခါ၌ ဦးဂွမ်တီက မင်းညိုအား . . .





"မင်းညိုရေ . . . မစွစမစ်တော့ မန္တလေးကို ရောက်နေပြီကွ၊ သန့်လျက်မော်ဘက်မှာ ခြံဝင်းနဲ့ အိမ်ကြီးတစ်လုံးငှားပြီး နေနေတယ်ကွ၊ စာထဲမှာ ရေးလိုက်တဲ့အတိုင်း ဘုရားကြီးမှာ ငါနဲ့လာတွေ့တယ်ကွ၊ အဲဒါ ငါက ပတ္တမြားကြီး ထုတ်ပြတော့ သူက ဝယ်မယ်လို့ ပြောတယ်၊ ဈေးကို ပြောပါလို့လဲ သူက ပြောတယ်၊ ငါက အေးအေးဆေးဆေး တွေ့ကြတာပေါ့လို့ ပြောလိုက်တယ်" ဟု ပြောလေ၏။

"ဦးဂွမ်တီကို မမှတ်မိဘူးလား"

"ဘယ်မှတ်မိပါ့မလဲကွာ၊ သူက လိုပ်ရတဲ့လူမဲ၊ ငါက ခံရတဲ့လူကွ၊ လူတွေဟာ ကိုယ်က စော်ကားပြီးရင် မေ့ပစ်တတ်ကြတယ်ကွ၊ အဲဒီသဘာဝဟာ ငါတို့အဖို့ အခုအခါမှာ အသုံးဝင်တာပေါ့ကွယ်၊ တစ်ခုတော့သတိထားဖော့ - မစွစမစ်မှာ ဦးပေသီးရဲ့ တပည့်တွေက ခြံရံလျက်ရှိတယ်ကွ၊ မစွစမစ်အနေနဲ့လဲ ငါတို့ဆီက ပစ္စည်းကို ဝယ်မှာမဟုတ်ဘူး၊ လုယူမှာဖြစ်တယ်၊ အစစအရာရာ သတိဝီရိယရှိဖို့တော့ လိုတယ်ဟေ့"

"စိတ်ချစမ်းပါ ဦးဂွမ်တီ" ဟု မင်းညိုက ပြောလေ၏။

ထို့နောက်ဦးဂွမ်တီက မစွစမစ်နှင့်တွေ့ဆုံကာ ပတ္တမြားကြီးကို မစွစမစ်နေထိုင်ရာသို့ယူလာမည်၊ ထိုနေရာ၌ပင် ဈေးစကားပြော၍ အရောင်းအဝယ်ပြုမည်၊ သို့ရာတွင် ခြံတွင်း၌ အခြားလူတစ်စုံတစ်ယောက်မျှ မရှိစေရ ဟူသော အချက်နှင့်အတူ အကြောင်းကြားလိုက်လျှင် . . . မစွစမစ်ကလည်း သဘောတူကြောင်း ပြန်ကြားလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com

"တဲ . . . မင်းညိုရေ၊ မစ္စစမစ်အိမ်ကို သွားရမယ်ဟေ့၊ သူ့လူတွေကိုတော့ ခြံဝင်းထဲမှာ မရှိဖို့ တောင်းဆိုထားလိုက်ပြီ၊ ဒါပေမဲ့ သူ့လူတွေက ခြံဝင်းနဲ့ မလှမ်းမကမ်းမှာ ရှုပ်ဖျက်ပြီး စောင့်နေကြမှာ အမှန်ပဲကွ" ဟု ဦးဂွမ်တီက ပြောလေ၏။

"ဒီတော့ ဘာလုပ်မလဲ ဦးဂွမ်တီ"

ဟု မင်းညိုက ပြောလိုက်လေ၏။

"မင်းက . . . ဒေါက်ကပ်မောင်းတဲ့လူအဖြစ်နဲ့ ငါ့ကို ဒေါက်ကပ်နဲ့ လိုက်ပို့ပြီးပို့၊ ခြံဝင်းထဲရောက်တာနဲ့ မစ္စစမစ်ကို ဖမ်းပြီး မင်းရဲ့ဒေါက်ကပ်ပေါ်ကို တင်ပေးလိုက်မယ်၊ အဲဒီအလုပ်ဟာ ခြောက်စက္ကန့်ထက်မကြာအောင်လုပ်နိုင်ခဲ့ရင် သူ့လူတွေက ရိပ်မိမှာ မဟုတ်ဘူး၊ ငါ့ကို လိုက်ပို့တဲ့ ဒေါက်ကပ်သမားလို့ပဲ ထင်မယ်၊ ငါပြောသလောက်သာ မြန်ရင် မစ္စစမစ်ဟာ မင်းရဲ့ ဒေါက်ကပ်ပေါ်မှာ ပါသွားတယ်လို့လဲ ထင်မှာ မဟုတ်ဘူးကွ၊ ဒီနည်းပဲ ရှိတော့တယ်" ဟု ဦးဂွမ်တီက ပြောလေ၏။

"သူ့ကို ဘယ်ကို ခေါ်သွားရမှာလဲ"

"ငါတို့လက်သမားရုံကိုခေါ်ခဲ့ပြီး သူ့ကို မအော်နိုင်အောင် လုပ်ပြီး ဟောဟိုသစ်သားစည်ကြီးထဲမှာ ထည့်လိုက်ပေတော့"

"ဦးဂွမ်တီကော အဲဒီအိမ်ကြီးထဲက ဘယ်လိုပြန်ထွက်မလဲ"

"ဒါတော့ မပူပါနဲ့ကွ၊ ငါ့တာဝန်ထားစမ်းပါ"

ဟု ဆိုပြီးနောက် မှောင်ရီပျိုးသည့်အချိန်၌ ဦးဂွမ်တီက ဒေါက်ကပ်တစ်စီး ငှားရမ်းယူလာပြီးလျှင် မင်းညိုကို မောင်းစေ၏။ မင်းညိုလည်း ဒေါက်ကပ်ကိုမောင်း၍ မစ္စစမစ် နေထိုင်ရာသို့ သွားလေ၏။ ဦးဂွမ်တီကမူ တရုတ် ရတနာကုန်သည်ကြီး၏ ဂိုက်ဖြင့် ဒေါက်ကပ်ဖြင့် လိုက်ပါ၍လာလေ၏။

မင်းညိုတို့ဒေါက်ကပ်သည် ခြံသို့ရောက်လျှင် မစ္စစမစ်က ခြံတံခါးဖွင့်၍ အောက်ပါအဓိပ္ပာယ်ရသော အင်္ဂလိပ်စကားဖြင့် နှုတ်ဆက်လိုက်လေ၏။

"တရုတ်ရတနာကုန်သည်ကြီး . . . ပြောထားတဲ့အတိုင်း ကျွန်မရဲ့အိမ်မှာ ကျွန်မကလွဲပြီး ဘယ်သူတစ်ယောက်မှ မရှိစေရပါဘူး၊ ထမင်းချက်ရော၊ ဘဏ္ဍာစိုးရော၊ မာလီရော အကုန်လုံးကို ပြန်ခိုင်းလိုက်ပါပြီ၊ လွန်စွာလှပတဲ့ပတ္တမြားကြီးတော့ ပါရဲ့နော်"

မစ္စစမစ်၏ စကားဆုံးသည်နှင့်တစ်ပြိုင်နက် ဦးဂွမ်တီသည် မစ္စစမစ်လည်တိုင်အား . . . လက်ဝါးစောင်းဖြင့် ခပ်ဆတ်ဆတ် တလေး ရိုက်လိုက်ပြီးလျှင် ဒေါက်ကပ်ပေါ်သို့ ဆွဲတင်ပေးလိုက်ရာ မင်းညိုလည်း မောင်း၍ထွက်သွားလေ၏။

ဦးဂွမ်တီခန့်မှန်းသည့်အတိုင်းမှန်ပေသည်။ မစ္စစမစ်၏အိမ်နှင့် မလှမ်းမကမ်းနေရာ၌ အစောင့်ချထားသော ဦးပေသီး၏ လူများလည်း ဒေါက်ကပ်ပေါ်၌ မစ္စစမစ်ပါ၍သွားလိမ့်မည်ဟု မထင်မှတ်ကြသည့်အလျောက် အေးဆေးစွာ နေကြလေ၏။

ဦးဂွမ်တီကလည်း ခြံတွင်းသို့ဝင်ကာ အိမ်ပေါ်သို့တက်သွားပြီးလျှင် မှန်အိမ်များကိုထွန်းညှိလိုက်ပေရာ အိမ်ပေါ်မှ မီးရောင်ကိုမြင်လျှင် ဦးပေသီး၏ တပည့်များသည် ပို၍ပင် စိတ်အေး၍ သွားလေတော့၏။




www.burmeseclassic.com

www.burmeseclassic.com



မင်းညိုမှာမူ ဒေါက်ကပ်ကို ကြွန္ဒြေရရ မောင်းလာခဲ့ရာ ဒေါက်ကပ်အတွင်း၌ သတိလစ်၍ ခွေခွေကလေး လဲနေသော မစ္စစမစ်သည် သတိရသည်နှင့် တစ်ပြိုင်နက် ကိုယ်၌ဝှက်၍ ဆောင်ထားသော ခြောက်လုံးပြူးကိုထုတ်၍ မင်းညို၏နောက် ကျောကို ပစ်ရန် ချိန်ရွယ်လိုက်လေ၏။ မင်းညိုလည်း နောက်သို့ လှည့်ကြည့်လိုက်ရာ သေနတ်ကိုမြင်လျှင် ပါ၍လာသောဓားဖြင့် လှည့်၍ခုတ်လိုက်ရာ မစ္စစမစ်၏လက်သည် လက်ကောက်ဝတ်မှ တိတ်ရိပြတ်၍သွားပြီးလျှင် မစ္စစမစ်မှာလည်း မေ့မြော၍ သွားလေတော့၏။ မင်းညိုလည်း လက်သမားရုံသို့ မောင်းလာပြီးလျှင် သတိမေ့လျက်ရှိသော မစ္စစမစ်အား သစ်သားစည်ကြီး အတွင်းသို့ထည့်လိုက်လေ၏။ ထိုသို့ပြုလုပ်ပြီး များမကြာမီ၌ပင် ဦးဂွမ်တီ ပြန်၍ရောက်လာလေ၏။

"ဘယ်မှာလဲကွ" ဟု ဦးဂွမ်တီက မေးရာ မင်းညိုက . . .

"ကျွန်တော့်ကို သေနတ်နဲ့ပစ်မယ်လုပ်လို့ လက်ကို ဓားနဲ့ ခုတ်ဖြတ်ချလိုက်ပြီ၊ လူကိုတော့ဘာမှမလုပ်ရသေးဘူး၊ သစ်သား စည်ကြီးထဲမှာ ထည့်ထားတယ်၊ ဦးဂွမ်တီ ဘယ်လို ထွက်လာ သလဲ" ဟု မေးလေ၏။

"ပေသီးလူတွေက အိမ်နားကို ကပ်လာကြတယ်လေကွာ၊ ငါက အိမ်ကြီးကို မီးနဲ့ရှို့လိုက်တော့ အနီးအနား ရပ်ကွက်က လူတွေရောက်လာပြီး ဝိုင်းအုံငြိမ်းသတ်နေတုန်း လူအုပ်ထဲကနေ ငါလဲ ထွက်လာခဲ့တာပေါ့၊ ပေသီးလူတွေတော့ သူတို့ရဲ့သခင်မ ကို ရှာနေကြလေရဲ့"





ဟုပြောပြီးလျှင် သစ်သားစည်ကြီးကို မှောက်၍ မစ္စစမစ် အား သွန်၍ချလိုက်ရာ မစ္စစမစ်လည်း ခွေခွေကလေးထွက်၍ ကျလာလေတော့၏။

များမကြာမီ၌ မစ္စစမစ်လည်း သတိရ၍လာလေ၏။

"ဘာယ်လိုကြောင့် ကျွန်မကို ဒါလောက်တောင်ရက်စက်ကြ တာလဲရှင်" ဟု မစ္စစမစ်က အသံယဲ့ယဲ့ကလေးဖြင့်ပြောလေ၏။

ထိုအခါ၌ ဦးဂွမ်တီက လွန်စွာအချိုးကျသော အင်္ဂလိပ် စကားဖြင့် . . .

"ဟိုးလွန်ခဲ့တဲ့ နှစ်အစိတ်ကျော်လောက်တုန်းက . . . မင်းရဲ့ ပတ္တမြားလည်ဆွဲပျောက်မှုနဲ့ ကျုပ်ကို မတရားရိုက်နှက် နှိပ်စက် ညှဉ်းပန်းပြီး ထောင်ထဲကိုပို့လိုက်တာ မေ့သွားပြီလား မစ္စစမစ်၊ ပြီးတော့ ပတ္တမြားကိုပြပြီး မင်းကို ဒုက္ခပေးမယ်လို့ ကျုပ် ပြော လိုက်တာကို မှတ်မိသေးရဲ့လား" ဟုပြောလိုက်ရာ မစ္စစမစ်က-

"အို . . . နှစ်တွေက ကြာမှပဲရှင့်၊ ကျွန်မ ၁၉ နှစ်သမီးက ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်ပဲ၊ ရှင်တို့ အရှေ့တိုင်းသားတွေက တယ်လဲရန်ငြိုးကြီးတာကိုး၊ ဒါပေမဲ့ ရှင်တို့ဒုက္ခပေးတဲ့အထိတော့ ကျွန်မ မခံနိုင်ဘူး" ဟု ဆိုကာ . . . လည်ပင်း၌ ဆွဲထားသော လော့ကတ်သီးကိုဖွင့်၍ လော့ကတ်သီးအတွင်းမှ အဆိပ်ကို မျိုချ လိုက်ရာ စက္ကန့်အနည်းငယ်အတွင်းအကြောများဆွဲကာ အသက် ထွက်သွားလေတော့၏။

"ဘယ်လိုလုပ်မလဲဦးဂွမ်တီ မျက်နှာဖြူမကတော့ သူ့ကိုယ် သူ အဆုံးစီရင်လိုက်ပြီ" ဟု မင်းညိုကပြောလိုက်ရာ ဦးဂွမ်တီက-

www.burmeseclassic.com

www.burmeseclassic.com



"သစ်သားစည်ထဲထည့်ပြီး လှေတစ်စီးနဲ့ ရန်ကုန်ကိုပို့လိုက်ကွာ" ဟု ဆိုသဖြင့် မင်းညိုလည်း သစ်သားစည်အတွင်းသို့ မစ္စစ်မစ်၏အလောင်းအား ထည့်မည်အပြုတွင် ဦးဝှမ်တီက-

"ဒီတိုင်းမထည့်နဲ့ကွာ၊ ဂါဝန်ကိုချွတ်ပစ်လိုက်၊ နို့မို့ရင် မြင်လိုက်တာနဲ့ အင်္ဂလိပ်မဆိုတာ သိနိုင်တယ်" ဟု ဆိုသဖြင့် မင်းညိုလည်း မစ္စစမစ်၏ကိုယ်မှ အဝတ်အစားများကိုချွတ်ပစ်လိုက်ရာ ဂါဝန်အတွင်းမှ ရွှေဒင်္ဂါး ၁၈ ပြား ထွက်ကျလာသဖြင့် မင်းညိုက ကောက်ယူမည်ပြုရာ ဦးဝှမ်တီက . . .

"မယူနဲ့ကွာ၊ စည်ထဲကို တစ်ခါတည်း ထည့်ပေးလိုက်" ဟု ဆိုသဖြင့် မင်းညိုလည်း သစ်သားစည်အတွင်းသို့ လွှစာမှုန့်များ ထည့်ကာ . . . အလောင်းကို ထည့်ပြီးလျှင် အလောင်းနှင့်အတူ ရွှေဒင်္ဂါးများကို သစ်သားစည်ကြီးအတွင်းသို့ ထည့်လိုက်ပြီး ဒေါက်ကပ်ပေါ်၌တင်ဆောင်ကာ . . . သင်္ဘောဆိပ်သို့သွား၍ အခြားသောစည်များနှင့်အတူရောနှော၍ထားခဲ့ကာ ပြန်၍လာခဲ့လေ၏။

လက်သမားရုံသို့ရောက်လျှင် ဦးဝှမ်တီက . . .

"ကဲ . . . မင်းညို၊ မစ္စစမစ်တော့ ခရစ်တော်၌ အိပ်ပျော်သွားပြီကွ၊ ဒီတော့ ပေသီးကိုဖမ်းဖို့ လိုသေးတယ်၊ ပေသီးကိုဖမ်းပြီး ပေသီးလက်ထဲက နိုင်ငံခြားကိုပို့မယ့်ပတ္တမြားတွေ သိမ်းရဦးမယ်ကွ၊ အဲဒီအတွက် ပေသီးတို့ကိုစုံစမ်းရမယ်၊ ဒီတော့ မနက်ကို ငါ ရန်ကုန်ကိုသွားမယ်၊ မင်းကဒီကစောင့်နေပေတော့" ဟု ဆိုကာ နောက်တစ်နေ့နံနက်စောစော၌ ဦးဝှမ်တီလည်း ထွက်၍သွားလေတော့၏။





မင်းညိုထားခဲ့သော သစ်သားစည်ကြီးအနီး၌ အခြားသော သစ်သားစည်မှ လေဘယ်ကတ်ပြားကလေးတစ်ခုသည် ကျ၍နေ၏။ ထိုလေဘယ်ကတ်မှာ အောက်ပါအတိုင်းဖြစ်၏။

| | |
|---|---|
| ဦးညာဏ်လေး | မောင်ဆု |
| အရိုးအိုးရပ် | ကန်ထရိုက်တာ |
| တောင်ပြင်၊ မန္တလေး။ | ရွှေတိဂုံဘုရားလမ်း |

ကူလီတစ်ယောက်သည် ၎င်းလေဘယ်ကတ်ကို ကောက်ယူ၍ မင်းညိုထားခဲ့သော သစ်သားစည်ကြီးမှ ပြုတ်ကျသည် ထင်မှတ်ကာ ချည်နှောင်တပ်ဆင်ပေးလိုက်လေတော့၏။

ဦးအောင်မောင်ကြီး၏ တပည့်ကူလီခေါင်း မျိုးမင်းလည်း ထိုစည်ကြီးမှ လေဘယ်ကတ်ပြားကို မြင်လျှင် . . . သူ၏ ဆရာ မောင်မောင်ကြီးနှင့် အပြိုင်အဆိုင်ဖြစ်နေသော ကန်ထရိုက်တာ မောင်ဆုထံသို့ပို့ရန် စည်ဖြစ်သောကြောင့် စည်ကြီးကို လက်ခံမည့် ကန်ထရိုက်တာမောင်ဆု၏ လိပ်စာနေရာ၌ . . .

"အမှတ် ၄၄၄၊ ဘိုကလေးဈေးလမ်း၊ မောင်ရင်မောင်"

ဟူသော မောင်မောင်ကြီး လိမ်လည်၍ ထုတ်ယူနေကျ လိပ်စာ စာရွက်ကို ထပ်၍ ကပ်ပေးလိုက်လေတော့၏။

(ကန်ထရိုက်တာ မောင်ဆု ဆိုသည်မှာ တစ်ခါက မင်းညိုနှင့်အတူ နေထိုင်ခဲ့ဖူးသူ ဖြစ်ပေသည်။)



www.burmeseclassic.com

www.burmeseclassic.com



ဤသို့နှင့်ပင် မြန်မာပြည်မှ ပတ္တမြားကို လွန်စွာမက်မောသည့် မစ္စစမစ်၏အလောင်းကြီးပါသည့် သစ်သားစည်ကြီးသည် ဦးမဲကောင် ပိုင်ဆိုင်သည့် 'မဲကောင်ကြီး' ပေါ်၌ ပါ၍သွားလေတော့၏။

■

## မင်းညိုအလှည့်

မင်းညိုလည်း မစ္စစမစ်၏ အလောင်းကြီးကို သင်္ဘောဆိပ်သို့ ပို့ခဲ့ပြီးနောက် လက်သမားရုံ၌ပင် ဣန္ဒြေမပျက် နေထိုင်ခဲ့လေ၏။ သို့ရာတွင် လက်သမားရုံပိုင်ရှင် ဦးခင်မောင် ဆိုသူက သစ်သားစည်ကြီးတစ်လုံး ပျောက်ဆုံးသည်ဟု ဆိုကာ ဒရဝမ် မင်းညိုအား ဆူပူ ကြိမ်းမောင်းရုံမျှမက သစ်သားစည်ကြီး၏ တန်ဖိုးကို လစာမှ ဖြတ်ယူမည်ဟုပင် ပြောဆိုလေ၏။ မင်းညိုကလည်း လခမှဖြတ်ယူလိုလျှင် ဖြတ်ယူနိုင်ကြောင်း သဘောတူခဲ့လေ၏။

တစ်နေ့သ၌ မင်းညိုသည် ဈေးချိုအနီး ထမင်းဆိုင်၌ ထမင်းစားနေစဉ် အခြားစားပွဲမှလူနှစ်ယောက်က သတင်းစာကို လု၍ဖတ်ကြပြီးလျှင် . . .

"ဟာ . . . နက္ခပါပဲ၊ တောပုန်းကြီးစံဖဲကို ဂေါ်ရာစစ်တပ်က ဖမ်းမိသွားပြီဆိုဗ်လား" ဟု ပြောဆိုကြလျှင် မင်းညိုလည်း ထိုသူတို့အား ခွင့်တောင်းခြင်းမပြုဘဲ သတင်းစာကို ဆွဲယူဖတ်လိုက်ပြီးလျှင် ဖတ်ရှုကြည့်ရာ တောပုန်းကြီး စံဖဲအား အစိုးရ ဖမ်းဆီးရမိကြောင်း ဓာတ်ပုံများနှင့်တကွ ဖော်ပြထားသော သတင်းကို တွေ့ရလေတော့၏။





မင်းညိုသည် တစ်ခါက ရွှေတိဂုံဘုရားအနီး ဂေါ်ရာကွန်းလက်ဖက်ရည်ဆိုင်၌ တောပုန်းကြီး စံဖဲအား တစ်နှစ်အတွင်း ဖမ်းမိပါက လာ၍အသတ်ခံပါမည်ဟု အလောင်းအစားပြုလုပ်ခဲ့ပုံကို သတိရမိလေတော့၏။

ထို့နောက် မင်းညိုသည် လက်သမားရုံသို့ ပြန်လာပြီးလျှင် ချိန်းဆိုထားသောရက်၌ ဂေါ်ရာကွန်းသို့ သွားရောက်ကာ မိမိရှုံးသည့်အတွက် အသက်ကို ပေးအပ်ရန် ဆုံးဖြတ်လိုက်လေတော့၏။ ထိုနေ့ညနေစောင်းတွင် မင်းညိုသည် လက်သမားရုံအတွင်း၌ ထိုင်၍ ၎င်း၏ ညီမလေးနှင့် ငယ်စဉ်က ဖခင်၏ စွန့်ပစ်ခြင်းကို ခံခဲ့ရပုံကိုလည်းကောင်း၊ မောင်နှမ နှစ်ယောက် ထွက်ပြေးခဲ့ကြရပုံ၊ ရွာစဉ်လျှောက်၍ တောင်းစားခဲ့ရပုံ၊ ရန်ဖြစ်၍ အချုပ်တွင်းကျရောက်ခဲ့ရပုံများကိုစဉ်းစားရင်း ၎င်း၏ညီမလေးကို လွမ်းဆွတ်သတိရ၍နေလေ၏။

အမှန်စင်စစ်အားဖြင့် မင်းညိုသည် မောင်ဆုနှင့်ဆက်လက်နေထိုင်ခဲ့ပါက ၎င်း၏ညီမလေးနှင့် ပြန်လည်၍ ဆုံစည်းရမည်ဖြစ်ပေသည်။ မောင်ဆုသည် ဘုရားကိုးဆူသို့သွားရာမှ အစ မင်းညို၏ ညီမဖြစ်သူ (မိုးနို) မိုးညိုအား မျက်စိကျသဖြင့် အောင်သွယ်အဒေါ်ကြီးတစ်ဦးနှင့် ချဉ်းကပ်ကာ ၎င်း၏အိမ်သို့ပင် ... မမိုးညိုကလေး၏ မွေးစားမိဘများကိုပါ မောင်ဆုက အလည်အပတ်ခေါ်ယူ၍ နားဖောက်ခြင်းပြုခဲ့ပေသည်။

မောင်ဆု အိမ်ထောင်ပြုတော့မည်ဟု သတင်းကြားသည့်နေ့၌ပင် မင်းညိုက မောင်ဆု၏အိမ်မှ ထွက်လာခဲ့သည်ဖြစ်ရာ



www.burmeseclassic.com

www.burmeseclassic.com



မိမိတွေ့ချင်လှသော မိမိ၏ ညီမလေးနှင့် မတွေ့ရဘဲ သီသီကလေး လွဲခဲ့ရခြင်းဖြစ်ကြောင်းကိုမူ မင်းညိုတစ်ယောက် မသိရှာခဲ့ပေ။

မင်းညိုသည် အထက်က ဆိုခဲ့သည့်အတိုင်း ရှေးဟောင်းနှောင်းဖြစ်များကို စဉ်းစားနေစဉ်၌ပင် မင်းညိုအား မျက်နှာ၌ အဝတ်စည်း၍ထားသော လူငါးယောက်က ဝိုင်းထားလိုက်လေ၏။ မင်းညိုလည်း အနီးဆုံးလူအား ခြေထောက်ဖြင့်ကန်လိုက်ပြီးနောက် မိမိ၏ရှေ့မှလူကို ခေါင်းဖြင့် ပြေး၍ခွေ့ဆောင့်လိုက်လေ၏။ ထိုနေရာတွင်တစ်ယောက်သောသူက သေနတ်ကိုထုတ်၍-

"ဟေ့ကောင် ဒီမှာမြင်လား"ဟု သေနတ်ဖြင့်ချိန်လိုက်သဖြင့် ခြေလှမ်းကိုတုံ့၍ရပ်လိုက်စဉ်၌ တစ်ယောက်သော ရန်သူက မင်းညို၏ဦးခေါင်းအား တစ်စုံတစ်ခုဖြင့် ရိုက်ချလိုက်ရာ မင်းညိုလည်း ခွေ၍ကျသွားလေတော့၏။

မင်းညို သတိရလာသည့်အချိန်၌ လက်များကို နောက်ပြန်တုပ်၍ ထားပြီးဖြစ်သကဲ့သို့ . . . ခြေထောက်ကိုလည်း မူး၍ချည်ပြီးသား ဖြစ်ပေသည်။ ထို့နောက် မအော်နိုင်ရန် ပါးစပ်ကိုလည်း ချည်နှောင်ထားလိုက်ပြီး ဖြစ်ပေသည်။

"ဒီကောင့်ကို ဒီသစ်သားစည်ကြီးနဲ့ထည့်ပြီး ဘဘဘုရားဆီကိုပို့ရမယ်၊ ဒီညထွက်မယ့် ငါတို့လူရဲ့ကုန်ကားပေါ်မှာတင်ပေးလိုက်ရုံပဲ"ဟု သေနတ်သမားကပြောရာ တစ်ယောက်သောသူက

"ဘဘဘုရားရဲ့အိမ်မှာ သွားပြီးချဖို့ မှာလိုက်ရမှာလား"

ဟု မေးလေ၏။





"မဟုတ်ဘူးကွ၊ 'က'ဆီကိုပို့ရမယ်၊ '၄၄၄-ဘိုကလေးဈေးလမ်း၊ မောင်ရင်မောင်' ဆိုတဲ့ လိပ်စာသာ ကပ်ပေးလိုက်၊ 'က' အသင်းသားဆီက လူလွှတ်ပြီး ဒီစည်ကြီးကို ယူသွားလိမ့်မယ်၊ စာတစ်စောင်လဲ ရေးပြီး ပေးလိုက်" ဟုဆိုကာ မင်းညိုအား လွှစာမှုန့်များနှင့်အတူ သစ်သားစည်ကြီးအတွင်းသို့ သွတ်သွင်းကာ အပေါ်မှအဖုံးကို အသေရိုက်၍ပိတ်ပြီးလျှင် လေရှူနိုင်ရန်အတွက် လေဝင်ပေါက်ကလေး တစ်ပေါက်ကိုသာ ဖောက်၍ပေးလိုက်လေ၏။

ထို့နောက် မင်းညိုကိုထည့်ထားသည့် သစ်သားစည်ကြီးအား ကုန်တင်ကားကြီးတစ်စီးပေါ်သို့တင်လိုက်ပြီးလျှင် . . . စပယ်ယာအား သစ်သားစည်လာရောက်ရွေးယူသူအားပေးရန် စာအိတ်တစ်အိတ်ကိုပါ ပေးလိုက်လေ၏။

မင်းညိုသည် သစ်သားစည်ကြီးအတွင်း၌ ငရဲတမျှ ဒုက္ခခံစား၍ လိုက်ပါခဲ့ရလေတော့၏။ နေ့မှန်းလည်းမသိရ၊ ညမှန်းလည်းမသိရ၊ ရေလည်းမသောက်ရနှင့်လိုက်ခဲ့ရလေ၏။ ကျင်ကြီးကျင်ငယ်ကိုလည်း ထိုအတိုင်းပင် စွန့်ရလေ၏။

ဤသို့နှင့်ပင် . . . ရန်ကုန်သို့ရောက်သည့်အခါ၌ ကုလားတစ်ယောက်က အဝေးပြေး လော်ရီကားများ ဆိုက်ထားသောနေရာသို့ ရောက်လာပြီးလျှင် '၄၄၄၊ ဘိုကလေးဈေးလမ်း၊ ကိုရင်မောင်' ၏ လိပ်စာဖြင့်ပို့လိုက်သောစာများ၊ ပစ္စည်းများ၊ ပါဆယ်ထုပ်များကို ရွေးယူခဲ့ရာ လော်ရီကားမှ စပယ်ယာက ထိုကုလားအား သစ်သားစည်ကြီးတစ်လုံး ပါ၍လာကြောင်း ပြောလျှင်



www.burmeseclassic.com

www.burmeseclassic.com



ထိုစည်ကြီးကိုပါ ငွေချေ၍ ရွှေးယူပြီးလျှင် မော်တော်ကားတစ်စီးဖြင့် သယ်ယူကာ ၃၃ လမ်းရှိ ရွှေဥဩ ပရိဘောဂတိုက်ပိုင်ရှင် ဦးမောင်မောင်ကြီးထံသို့ အပ်နှံလိုက်လေ၏။

ဦးမောင်မောင်ကြီးကလည်း မန္တလေးမှ ပေးလိုက်သည် ဆိုသောစာကို ဖောက်၍ ဖတ်ပြီးလျှင် သစ်သားစည်ကြီးကို ဖွင့်လိုက်ရာ အတွင်းမှလူတစ်ယောက်ကိုတွေ့လျှင် စည်ကို တုံးလုံးလှဲ၍ သွန်ချပြီးနောက် ထိုသူကို သေသေချာချာ ကြည့်လေ၏။

ထိုဦးမောင်မောင်ကြီးမှာ . . . ဦးပေသီး၏ လက်ရုံးတစ်ဆူဖြစ်သည့်အားလျော်စွာ မစ္စစမစ်အား မန္တလေး၌ သတ်ဖြတ်၍ စည်ဖြင့်ထည့်ကာ ရန်ကုန်သို့ပို့လိုက်ပုံကို ကြားသိပြီးဖြစ်သည့်အားလျော်စွာ မိမိတို့၏လုပ်ငန်းအား အနှောင့်အယှက်ပေးရုံမျှမက မိမိတို့၏ ဆရာကြီး ဦးပေသီး၏ နိုင်ငံခြားကိုယ်စားလှယ်ဖြစ်သူ မစ္စစမစ်အား သတ်ဖြတ်လိုက်သူဖြစ်ကြောင်း သိရှိရလျှင် လွန်စွာဖမ်းမြောက်၍နေလေ၏။

ဦးမောင်မောင်ကြီးသည် မင်းညိုအားမြှတင်းပေါက်သံတိုင်၌ ကပ်၍ ချည်လိုက်ပြီးလျှင် ညမိုးချုပ်အချိန်သို့ ရောက်သည့်အခါ၌ မင်းညို၏ရှေ့တည့်တည့်တွင် ကုလားထိုင်ဖြင့်ထိုင်ကာ ဖျားအုံတဲဆိပ် ဘရန်ဒီအရက်ကို အရသာခံ၍သောက်ရင်း . . .

"ဟေ့ကောင် မင်းဘယ်သူလဲ" ဟု မေးလေ၏။ သို့ရာတွင် မင်းညိုက ပါးစပ်၌ အဝတ်များ စည်းထားသောကြောင့် မဖြေနိုင်ဘဲ ရှိသည်ကို ဦးမောင်မောင်ကြီးက . . .

"ခွေးမသား မေးနေတာမရဘူးလား" ဟု ဆိုကာ မင်းညို၏ ပါးကို တဖြန်းဖြန်းရိုက်လေ၏။ အတော်ကလေးရိုက်ပြီးနောက်





"ဟာ . . . ဟုတ်သားပဲ၊ ပါးစပ်ကို အဝတ်စည်းထားတာပဲ၊ ဘယ်ဖြေလို့ရပါ့မလဲ၊ ဆောရီး . . . ဘဲရီးဆောရီး" ဟု ဆိုကာ မင်းညို၏ပါးစပ်တွင် စည်းထားသော အဝတ်များကို ချွတ်၍ ပေးလိုက်ပြီးနောက် . . .

"ကဲ ဟေ့ကောင် . . . ပြောစမ်း၊ မင်း ဘယ်သူလဲ"

ဟု မေးပြန်လေ၏။ မင်းညိုက မဖြေလျှင် ဦးမောင်မောင်ကြီးက ပါးကိုရိုက်ပြန်၏။

"ဟဲ ဟဲ . . . မင်းက တယ်လဲသတ္တိကောင်းတဲ့ကောင်ပဲ"

ဟုဆိုကာ အရက်ကိုငှဲ၍ သောက်ပြန်၏။ မင်းညိုသည် ဦးမောင်မောင်ကြီးအား သေသေချာချာ ကြည့်လိုက်ရာ မြင်ဖူးသလိုလိုရှိ၍ မည်သည့်နေရာ၌ မြင်ဖူးသည်ကို စဉ်းစားနေစဉ်၌ပင် . . . ဦးမောင်မောင်ကြီးက မင်းညို၏ပါးကို တဖြန်းဖြန်း ရိုက်နှက်လေတော့၏။

"နေစမ်းပါဦးဗျ၊ ခင်ဗျား မောင်မောင်ကြီး မဟုတ်လား"

ဟု မင်းညိုကမေးလိုက်ရာ မောင်မောင်ကြီးသည် မျက်လုံးပြူး၍သွားလေတော့၏။

"အေး . . . ဟုတ်တယ်၊ ငါ မောင်မောင်ကြီးပဲ၊ မင်း ဘယ်သူလဲ" ဟု မောင်မောင်ကြီးက မေးလေ၏။

"ကျုပ် မင်းညိုပါ၊ သန်လျင်မှာနေတုန်းက ခင်ဗျားတို့အိမ်မှာ ၁၅ ကျပ်နဲ့ အရောင်းခံရတဲ့ မင်းညိုပါ၊ မမှတ်မိတော့ဘူးလား"

"အေး . . . မှတ်မိပြီ၊ မှတ်မိပြီ၊ အဲဒီတုန်းက တို့တစ်အိမ်လုံးကို မင်းရိုက်နှက်ပြီး ထွက်သွားတာတောင် မှတ်မိသေးရဲ့"

"အေးဗျာ . . . အခုလို မိတ်ဟောင်း ဆွေဟောင်းတွေ ပြန်ပြီးတွေ့ရတာ ဝမ်းသာပါတယ်ဗျာ၊ အဲဒီတုန်းက ကျုပ်ရဲ့



www.burmeseclassic.com

www.burmeseclassic.com

ရင်ဘတ်ကို ခင်ဗျားက ရှူးဖိနပ်နဲ့ကန်ထားတာကိုတောင် မှတ်မိသေးတယ်၊ အခုနေများ ကျုပ်ကိုလွှတ်ပေးလိုက်ရင်တော့ ခင်ဗျားရဲ့ ရင်ဘတ်ကို ဖိနပ်ဦးနဲ့ကန်ချင်စမ်းပါဘိဗျာ"

"ဟောဒါကန် . . . ဟောဒါကန် . . . ဖြန်း ဖြန်း"

မောင်မောင်ကြီးလည်း မင်းညို၏ ပါးကို တစ်အားလွှဲ၍ ရိုက်လေတော့၏။

"တစ်ညလုံး မင်းကိုနှိပ်စက်မယ်၊ မနက်မိုးလင်းရင် ငါ့ဆရာကြီးကို ခေါ်ပြပြီးမှ သတ်မယ်၊ အခု ငါ ထမင်းစားဦးမယ်၊ လက်သံပြောင်တဲ့ ငါ့တပည့်ကို တစ်လှည့်နှိပ်စက်ခိုင်းဦးမယ်"

ဒရဝမ် ဟုဆိုကာ ဒရဝမ်ကိုခေါ် လိုက်လျှင် အရပ်အမောင်းကောင်းလှသည့် ဂေါ်ရခါး ဒရဝမ်ကြီး တစ်ယောက်သည် ဓားကောက်ကြီးကို ခါးမှာချိတ်လျက် တက်၍လာလေ၏။

မောင်မောင်ကြီးလည်း မင်းညို၏ပါးကို ဆက်၍ရိုက်နေ၏။

"ဆပ် . . . ရောက်ပါပြီ" ဟု ဒရဝမ်က ပြောလေ၏။

"အေး ဒရဝမ်၊ ဟောဒီကောင်ကို ကောင်းကောင်းရိုက်စမ်း"

"သေအောင်ရိုက်ရမှာလား"

"မသေစေနဲ့ မနက်မှသတ်မယ်" ဟုဆိုကာ အိမ်ပေါ်ထပ်သို့ တက်၍သွားလေ၏။

"ကောင်းပါပြီ ဆပ်" ဟုဆိုကာ ဒရဝမ်လည်း မင်းညို၏အနီးသို့ လျှောက်လာပြီးလျှင် မင်းညိုကို မြင်လျှင် မျက်လုံးပြူး၍ သွားလေ၏။

"မေဂျာ မင်းညို" ဟု ဒရဝမ် ဂေါ်ရခါးက ခေါ်လိုက်လေ၏။

"ရပ်ချ်ကူးမား (ရာဇကုမ္မာ)"





"ဘယ်လိုဖြစ်တာလဲ မေဂျာ"

"ငါ့ကိုသတ်ဖို့ မန္တလေးကနေ ဟောဟိုစည်ကြီးနဲ့ထည့်ပြီး ပို့လိုက်တာပဲ၊ ဒီကောင်က ငါ့ရန်သူလေကွာ"

"မေဂျာ မသေရစေရဘူး၊ မေဂျာ့ရန်သူဟာ ကျုပ်ရန်သူပဲ"

ဟုဆိုကာ ကြိုးကို ဓားဖြင့် ဖြတ်၍ ပေးလေတော့၏။ မောင်မောင်ကြီးလည်း အပေါ်ထပ်သို့ တက်ကာ ရေမိုးချိုး၍ အဝတ်အစားလဲကာ ထွက်၍လာလျှင် ရပ်ချ်ကူးမားလည်း အခန်းဝမှနေ၍ မောင်မောင်ကြီး၏နဖူးဆီသို့ ဓားရိုးဖြင့် ထုချလိုက်ရာ မောင်မောင်ကြီးသည် "အွန့်" ဟု တစ်ချက်အော်ပြီးလျှင် ခွေလဲကျသွားလေတော့၏။ ထိုအခါ၌ မင်းညိုက ကြိုးပစ်၍ ပေးလိုက်ရာ ရပ်ချ်ကူးမားက မောင်မောင်ကြီးအား လက်ပြန်ကြိုးတုပ်၍ ပါးစပ်ကိုပါ အဝတ်စည်းလိုက်လေတော့၏။

"မေဂျာ ဒီကောင့်ကိုဖမ်းလိုက်ပြီ လာခဲ့လေ ဒီမှာရေချိုးခန်းရှိလေးဘာလေး ချိုးပါဦး၊ ပြီးမှသတ်တာပေါ့" ဟု ဆိုသဖြင့် မင်းညိုလည်း အပေါ်ထပ်သို့ တက်ပြီးလျှင် ၎င်း၏ ညစ်ပတ်ပေရေနေသော အဝတ်အစားများကို ချွတ်၍ ရေမိုးချိုးပြီးလျှင် မောင်မောင်ကြီး၏အခန်းတွင်းသို့ဝင်ကာ မိုးပြာရောင် သက္ကလပ်ဘောင်းဘီ၊ ကွတ်အကျီ၊ နက်ကတိုင်လ်တို့ကို စည်းလေ၏။

ရှည်လျားလှသော မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးတို့ကိုလည်း တစ်ခါတည်း ရိတ်ပစ်လေ၏။

"မေဂျာရဲ့ မုတ်ဆိတ်မွေးကြောင့် ကျုပ်တောင် ကောင်းကောင်း မမှတ်မိခဲ့ဘူး၊ ကံကောင်းလို့သာပေါ့" ဟု ဆိုလေ၏။

မင်းညိုလည်း အဝတ်သစ် အစားသစ်များကို ဝတ်ဆင်ပြီးနောက် ခေါင်းကိုဖြီးလေ၏။ ထို့နောက် မောင်မောင်ကြီး၏ဗီရို



www.burmeseclassic.com

www.burmeseclassic.com



အတွင်းမှ ငွေစက္ကူများကိုယူကာ ရဖ်ချ်ကူးမားအား တစ်ဝက်ခွဲ၍ပေးပြီးလျှင် အခန်းတွင်းမှ ပြန်၍ထွက်လာလေ၏။

ထိုအခါ၌ မောင်မောင်ကြီးမှာ ကောင်းစွာ သတိရနေပြီဖြစ်၏။ မင်းညိုလည်း မောင်မောင်ကြီးအား လှေကားပေါ်မှ အောက်သို့ ကန်၍ချလိုက်ရာ မောင်မောင်ကြီးသည် တဒုန်းဒုန်းမြည်လျက် အောက်ထပ်သို့ကျလေ၏။ အောက်ထပ်သို့ရောက်လျှင် ရပ်ချ်ကူးမားနှင့် မင်းညိုတို့သည် မောင်မောင်ကြီးအား အခန်း၏အလယ်သို့ရောက်အောင် ခြေဖြင့်ကန်၍ ရွှေ့ကြပြီးနောက် ထမင်းစားပွဲသို့သွားကာ ထမင်းခူးပြီးလျှင် ထမင်းစားကြလေ၏။ မင်းညိုသည် အနီးရှိအမဲသားဟင်းကို ဇွန်းဖြင့် ခပ်ယူလိုက်ပြီးနောက် ဂေါ်ရခါးဖြစ်သော ရပ်ချ်ကူးမားသည် အမဲသားကို မစားကြောင်း သိရလျှင် ထမင်းပန်းကန်ထဲမှ အမဲသားများကို ဟင်းခွက်တွင်းသို့ပြန်၍ထည့်ပြီး အမဲသားဟင်းပန်းကန်ကိုလည်း ခပ်ဝေးဝေးသို့ တွန်း၍ ထားလိုက်ကာ အနီးရှိ ထောပတ်ဘူးအတွင်းမှ ထောပတ်ကိုယူ၍ ထမင်းနှင့်နယ်ကာ မြိန်ယှက်စွာ စားသောက်လေ၏။ ရပ်ချ်ကူးမားသည် မင်းညိုနည်းတူ ထောပတ်ဖြင့်နယ်၍စားရင်း . . .

"မေဂျာနဲ့ ပြန်ပြီးတွေ့တဲ့ အထိမ်းအမှတ် ဒင်နာပေါ့" ဟု ပြောလေ၏။ မင်းညိုတို့သည် ထမင်းစားပြီး၍ မောင်မောင်ကြီး၏ တစ်ဖက်တစ်ချက်ရှိ ခုံတန်းပေါ်၌ ထစ်ယောက်စီ လူခွဲ၍ ထိုင်ကြလေ၏။ မောင်မောင်ကြီးမှာမူ ၎င်းတို့ရှေ့ သမံတလင်းပေါ်၌ ကြိုးဖြင့်တုပ်လျက်သား ခွေခွေကလေးရှိလေ၏။

"မေဂျာမင်းညို ကျုပ် ကာနယ်မော်တင်ကို သတ်တုန်းက မေဂျာက ကျုပ်ကိုငဲ့ညှာပြီးသက်သေမထွက်တဲ့အတွက် ကျုပ်ဟာ





ကြိုးစင်မတက်ခဲ့ရဘူး၊ မေဂျာကတော့ အလုပ်ပြုတ်ခဲ့ရတယ် အဲဒီကျေးဇူးကို ဆပ်တဲ့အနေနဲ့ ဟောဒီလူကို ကျုပ် သတ်မယ်"

ဟု ရပ်ချ်ကူးမားက ပြောလေ၏။ မောင်မောင်ကြီးမှာမူ မျက်ရည်များ တတွေတွေ စီးကျ၍လာလေတော့၏။

"မလုပ်ပါနဲ့ ရာဇကူမှာ (ရပ်ချ်ကူးမား)၊ သူဟာ ငါ့ရဲ့ရန်သူဖြစ်ပါတယ်၊ ငါကိုယ်တိုင်သတ်ပါရစေ၊ အဲဒီအခွင့်အရေးတော့ ငါ့အနေနဲ့ လက်လွှတ်မခံချင်ဘူး"

ဟု မင်းညိုကပြောရာ ရပ်ချ်ကူးမားက -

"ကောင်းပါပြီ မေဂျာ၊ ဒီရန်သူကိုတော့ မေဂျာကိုယ်တိုင်သတ်ပါ၊ နောက်ရန်သူတစ်ယောက် ပေါ်လာရင်တော့ ကျုပ်သတ်ပေးပါရစေ၊ အဲဒီအခွင့်အရေးတော့ ပေးပါ"

ဟု ဆိုလေ၏။ မင်းညိုလည်း မတ်တတ်ရပ်၍ . . .

"မောင်မောင်ကြီး . . . ငါ့ရဲ့ရင်ဘတ်ကို ဖိနပ်ဦးနဲ့ကန်ထားတာ မှတ်မိသေးလား၊ အခု ငါက ပြန်ပြီးကန်ခွင့်ရပြီ"

ဟုဆိုကာ မောင်မောင်ကြီး၏ ရင်ဘတ်အား ဖိနပ်ဦးဖြင့် တအုံးအုံးကန်လေ၏။

"မင်းဆရာ ဦးပေသီးဟာ ညဆိုရင် အိမ်မှာမအိပ်ဘူးလို့ ကြားတယ်၊ သူအိပ်တဲ့နေရာကို ပြောစမ်း၊ ပြီးတော့ သူ့တပည့်တွေနဲ့ သူနဲ့ ဆက်သွယ်တဲ့ စကားဝှက် ရှိတယ်မဟုတ်လား အဲဒါကိုပြောစမ်း" ဟုဆိုကာ မောင်မောင်ကြီး၏ရင်ဝကို ဖိနပ်ဦးဖြင့် ကန်ပြီးနောက် -

"ဩော် . . . ဆောရီး၊ ဘဲရီး ဆောရီး ပါးစပ်ကို အဝတ်နဲ့ ချည်ထားတော့ ဘယ်ပြောနိုင်ပါ့မလဲ" ဟုဆိုကာ မောင်မောင်ကြီး၏ ပါးစပ်မှအဝတ်ကို ဖြေပေးလေ၏။ အမှန်စင်စစ်အားဖြင့်



www.burmeseclassic.com

www.burmeseclassic.com



မင်းညိုသည် မောင်မောင်ကြီး၏ ပါးစပ်မှ အဝတ်ကိုဖြုတ်ရန် မေ့နေသည် မဟုတ်ပေ။ တမင်တကာပြုလုပ်ခြင်းဖြစ်ပေသည်။

"ပြောပါမယ် ကိုမင်းညိုရယ်၊ ကျွန်တော့်ကိုမသတ်ပါနဲ့ဗျာ"

"ငါ့ရဲ့ရင်ဘတ်ကို ဖိနပ်နဲ့ကန်ထားတာ မှတ်မိသေးလား"

"ငယ်ငယ်တုန်းက မသိတတ်သေးတဲ့ အရွယ်မို့ပါဗျာ . . . ခွင့်လွှတ်ပါ"

"ကောင်းပြီ၊ မင်းဆရာကြီး အိပ်တဲ့နေရာကိုပြောစမ်း"

"အင်းလျားလမ်း ခြံနံပါတ် ၇၈၆ မှာပါ ခင်ဗျ"

"ခြံထဲကိုဝင်ရင် ဘယ်တံခါးဖွင့်ပေးသလဲ၊ စကားဝှက် ရှိမှာပေါ့၊ ပြောစမ်း"

"မေဂျာ . . . စကားဝှက်မလိုပါဘူး၊ နေရာသိရင် ပြီးပါပြီ၊ ကျုပ် ရအောင်ဝင်နိုင်ပါတယ်၊ မေးမနေပါနဲ့"

ဟု ရပ်ချ်ကူးမားက ပြောလေ၏။

"ဒရဝမ် . . . ငါ့ကိုမရက်စက်ပါနဲ့ကွာ၊ မင်း ဘာဖြစ်လို့ သူ့ဘက်ပါသွားသလဲကွယ်" ဟု မောင်မောင်ကြီးကပြောလေ၏။

"သူက တရားမျှတတဲ့လူဖြစ်တယ်၊ မမှန်တာ မလုပ်ဘူး ဆိုတာ ကျုပ်သိတယ်၊ ကျုပ်နဲ့ သေဖော် သေဖက် တိုက်ဖော် တိုက်ဖက်ဖြစ်တယ်၊ ကျုပ်ရဲ့အသက်ကို သူဟာ အနစ်နာခံပြီး ကယ်ခဲ့ဖူးတယ်၊ ဒါကြောင့် သူ့ဘက်က ပါရတာပဲ"ဟု ဆိုလေ၏။

ထိုအခါ၌ မင်းညိုလည်း မောင်မောင်ကြီး၏ ရင်ဝအား ဖိနပ်ဦးဖြင့် တအုံးအုံး ကန်လိုက်ရာ မောင်မောင်ကြီးသည် အသက် ပျောက်ရလေတော့၏။ ထိုအခါ၌ မောင်မောင်ကြီး ကိုယ်၌ ချည်နှောင်ထားသော ကြိုးများကို ဖြေကာ ထိုကြိုးစများအား သစ်သားစည်အတွင်းသို့ပစ်ထည့်ပြီးနောက် အိပ်ခန်း





အတွင်းမှ စောင်တစ်ထည်၊ ခေါင်းအုံးတစ်လုံးကိုယူကာ ရပ်ချ်ကူးမားအား စောင်ကိုပေး၍ ၎င်းကိုယ်တိုင်ကမူခေါင်းအုံးတစ်လုံးကိုယူ၍ ခုံတန်းပေါ်၌ တုံးလုံးလှဲချကာ ရပ်ချ်ကူးမားနှင့် စကားပြောနေလေတော့၏။

ည ၁၁ နာရီထိုးသည့်အခါ၌ မင်းညိုက ရပ်ချ်ကူးမားအား-

"ရာဇကုမ္မာရေ . . . မောင်မောင်ကြီးကိုတော့ သတ်ပြီးပြီ၊ ငါ အသတ်ခံရဖို့ သွားဦးမယ်ကွာ"

ဟု ပြောလိုက်လျှင် ရပ်ချ်ကူးမားက မျက်လုံးပြူးလျက် -

"ဘာဖြစ်လို့ အသတ်ခံရမှာလဲ" ဟု မေးလေ၏။

"ဒီလိုကွာ . . . ငါက တော်ပုန်းကြီးစံဖဲကို တစ်နှစ်အတွင်း အစိုးရက မမိနိုင်ဘူးလို့ လူတစ်ယောက်နဲ့ လောင်းထားတယ်၊ အခုတော့ တော်ပုန်းကြီးစံဖဲကို အစိုးရကဖမ်းလိုက်ပြီ၊ ဒီနေ့ဟာ ဩဂုတ်လ ၈ ရက်နေ့ မဟုတ်လား"

"ဟုတ်ပါတယ် မေဂျာ"

"ဒီလိုဆိုရင် သူနဲ့ချိန်းထားတဲ့နေရာကို သွားပြီး သူသတ်တာကို ငါခံရမယ်၊ ကတိအတိုင်းတော့ တည်အောင် လုပ်ရမယ်ကွ"

"ကောင်းပါတယ်မေဂျာ . . . သွားပြီးအသတ်ခံပါ၊ သူက နိုင်တာကိုး၊ သူ့ရဲ့လောင်းကြေးကိုတော့ ပေးရမှာပေါ့၊ မေဂျာ သေသွားရင် မေဂျာရဲ့ရန်သူတွေကိုပြောခဲ့ပါ၊ ကျုပ် လက်စားချေပါရစေ မေဂျာ" ဟု ရပ်ချ်ကူးမားက ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် မင်းညိုနှင့်ရပ်ချ်ကူးမားတို့သည် တစ်ဦး၏ ပခုံးကို တစ်ဦးက ယုယကြင်နာစွာ ဖက်လျက် မောင်မောင်ကြီး၏ အိမ်မှ ထွက်၍ လာခဲ့ကြလေတော့၏။

■

အိန္ဒိယမှ ဗဟာဒူး လိုက်၍လာခြင်း

မင်းညိုနှင့် ရပ်ချ်ကူးမားတို့သည် . . . ရွှေတိဂုံဘုရားတောင်ဘက် တန်ဆောင်းပေါက် ... တန့်တော်မူစေတီအနီး မော်တော်ကားလမ်းပေါ်မှ ထိုင်၍ရှိခိုးလေ၏။ "တပည့်တော်သည် ဖြစ်လေရာဘဝ၌ ဤသို့လျှင် ကတိတည်သော ယောက်ျားအာဇာနည် ဖြစ်ရပါလို၏" ဟု မင်းညိုက ဆုတောင်းလေ၏။ ရပ်ချ်ကူးမားလည်း ဘုရား၌ . . .

"ကျေးဇူးရှင်၏ရန်သူကို ကျွန်ုပ်လက်ဖြင့် သတ်ရပါလို၏"

ဟု ဆုတောင်းပြီးလျှင် ဂေါ်ရာကုန်းထိပ်သို့ သွားကြလေ၏။ ဂေါ်ရာကုန်းထိပ်၌ကား မင်းညို၏အသက်ကို လောင်းကြေးအဖြစ်ယူမည့် ဗြိတ္တာက စောင့်ဆိုင်း၍နေလေ၏။

ဗြိတ္တာသည် မင်းညိုကိုမြင်လျှင် လွန်စွာအံ့အားသင့်၍သွားလေ၏။

"မယုံကြည်နိုင်လောက်အောင် သတ္တိကောင်းတဲ့ လူပါပဲ။ ဒီလိုယောက်ျားမျိုးရှားပါပေတယ်၊ အသက်ခံဖို့အတွက် ချိန်းထားတဲ့နေရာကို ရောက်အောင်လာတာကိုး၊ လေးစားပါတယ်ဗျာ၊ ကျုပ်က ခင်ဗျားကို စော်ကားမော်ကားပြောထားတဲ့ စကားကိုလဲ ရုပ်သိမ်းပါတယ်" ဟု ဗြိတ္တာက အားရဝမ်းသာပြောလိုက်လေ၏။





"ကဲ ...ကိုယ့်လူ၊ ၁၂ နာရီထိုးပြီ၊ အချိန်မရှိဘူး၊ ခင်ဗျားအတွက် အန္တရာယ်ရှိတယ်၊ မြန်မြန်သတ်ပြီး မြန်မြန်ပြန်သွားပါ"

ဟု မင်းညိုက ပြောသကဲ့သို့ . . . ရပ်ချ်ကူးမားကလည်း အောက်ပါအဓိပ္ပာယ်ရသော အင်္ဂလိပ်စကားဖြင့် . . .

"မိတ်ဆွေ . . . ဟုတ်ပါတယ်၊ သတ်ပါ၊ သေနတ်နဲ့ မပစ်ချင်ရင် ကျုပ်ရဲ့ဓားနဲ့ခုတ်ပါ၊ ဟောဒီမှာ ဓား"

ဟု ပြောလေ၏။ ဗြိတ္တာက ခေါင်းကိုယမ်းလိုက်၏။

"တကယ်လို့ ခင်ဗျားမလာဘူးဆိုရင်တော့ ...ခင်ဗျားကိုလိုက်ရှာပြီး သတ်မိမှာပဲ၊ အခုတော့ ခင်ဗျားက တယ်ပြီး သတ္တိကောင်းတာကို၊ ကျုပ်က သတ္တိရှိတဲ့လူကို မသတ်ရက်ပါဘူးဗျာ၊ ခင်ဗျားဆီမှာ ရစရာရှိတဲ့ကြွေးကို ကျုပ်က လျှော်ပစ်လိုက်ပြီ၊ သတ္တိကောင်းတဲ့လူရဲ့ မျက်နှာကို ကြည့်ပါရစေ"

ဟု ဆိုကာ လက်နှိပ်ဓာတ်မီးဖြင့်ထိုး၍ကြည့်ရာ တစ်ခါက မှတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးများကြောင့် သတိမပြုမိခဲ့သော မင်းညို၏ ပါးရိုးပေါ်မှ သုံးထောင့်ပုံစံ အမာရွတ်ကလေးကို တွေ့လျှင် ဗြိတ္တာက အားရဝမ်းသာဖြင့် . . .

"ခင်ဗျားနာမည် မင်းညို မဟုတ်လား" ဟု မေးလိုက်လေ၏။

"ဟုတ်တယ် . . . ကျုပ်နာမည် မင်းညိုပဲ"

"ခင်ဗျားမှာ နှမကလေးတစ်ယောက် ရှိတယ်၊ သူ့နာမည် မိုးနိုလို့ခေါ်တယ်၊ အခုတော့ မမိုးညိုလို့ခေါ်တယ်၊ အဲဒါကိုရော သိသလား"

"ဟင် ...မိုးနိုရှိသလား၊ မိုးနိုဘယ်မှာလဲ၊ ကျုပ်ညီမလေးပေါ့ဗျာ၊ ကျုပ်ကို သူက မှတ်မိသေးတယ်ဟုတ်လား၊ တွေ့ချင်လိုက်တာဗျာ" ဟု မင်းညိုက ပြောလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မက မိုးနိုကို မင်းရဲ့အစ်ကိုကို တွေ့အောင်ရှာပေးပါမယ်လို့ကတိပေးထားပြီး လျှောက်ရှာနေရတာဗျ၊ ကာရန်သင့်လိုက်တာဗျာ၊ ကဲ လိုက်ခဲ့ပေတော့" ဟု ဗြိတ္တာက ပြောလေ၏။

"လိုက်လို့မဖြစ်ဘူး၊ ကျုပ်တို့မှာက ရန်သူတွေပတ်ပတ်လည်ဝိုင်းနေတယ်၊ ပြီးတော့ဒီနေ့ညပဲ ကျုပ်ဟာ လူတစ်ယောက်ကိုသတ်လာသေးတယ်၊ ကျုပ်မသေခင် . . . ကျုပ်ညီမလေးကိုတွေ့သွားရရင် တော်ပါပြီဗျာ" ဟု မင်းညိုက ပြောလေ၏။

"ကောင်းပြီလေ . . . ခင်ဗျားတို့ ရွှေတိဂုံဘုရား တန့်ဂ်ွန့်ထောင့်က စောင့်နေကြပါ၊ ကျုပ် ခေါ်လာခဲ့မယ်" ဟု ဆိုကာ ဗြိတ္တာလည်း ထွက်၍သွားလေတော့၏။

(ထိုအခြင်းအရာကို တစ်နေရာမှ အသေးစိတ် မြင်တွေ့ကြားသိနေရသူတစ်ဦး ရှိကြောင်းကိုမူ မင်းညိုရော၊ ဗြိတ္တာရော ရုပ်ချိုကူးမားပါ မသိကြပေ။ ထိုသူကား . . . ထောင်မှဖောက်၍ထွက်ပြေးလာသော ဆိတ်ဖွားဆိုသူ ထောင်ပြေးတစ်ဦးဖြစ်ပေသည်။ ဆိတ်ဖွားသည် တာမွေသချိုင်းမှ သုဘရာဇာကြီးတစ်ဦးဖြစ်ပြီးလျှင် လူသတ်မှုဖြင့်ထောင်ကျနေရာမှ ထောင်ကိုဖောက်၍ ပြေးခဲ့ရာ မင်းညိုနှင့်ဗြိတ္တာတို့အနီးသို့ရောက်လျှင် မမျှော်လင့်ဘဲ လူသတ်ပွဲတစ်ခုကိုတွေ့ကြုံရပေပြီ . . . ဟု အောက်မေ့ကာ ချောင်းမြောင်းကြည့်ရှုခဲ့ခြင်း ဖြစ်ပေသည်။)

မင်းညိုနှင့် ရုပ်ချိုကူးမားလည်း ရွှေတိဂုံဘုရားပေါ်သို့ တက်ကာ တန့်ဂ်ွန့်ထောင့်၌ ထိုင်၍နေကြလေတော့၏။ နံနက် ၅ နာရီထိုးသည့်အခါ၌ ရုပ်ချိုကူးမားက . . .

"မေဂျာ . . . ကျုပ် လက်ဖက်ရည်နဲ့ ပိုလိုစီးကရက်တစ်ဘူး သွားပြီးဝယ်မယ်၊ ဒီမှာစောင့်နေပါ"





ဟုဆိုကာ မင်းညိုအား ထားခဲ့ပြီးနောက် ထွက်၍သွားလေတော့၏။

တစ်အောင့်မျှကြာလျှင် ရုပ်ချိုကူးမားသည် နို့ဆီခွက်လေးကို ကိုင်၍ပြန်လာလေ၏။ ရုပ်ချိုကူးမားနှင့်အတူ လူတစ်ယောက်လည်း ပါ၍လာလေ၏။

"မေဂျာ လက်ဖက်ရည်ကိုသောက်ပါဦး၊ ပြီးမှ ဒီလူပါလာတဲ့အကြောင်းကိုပြောမယ်" ဟု ဆိုသဖြင့် မင်းညိုလည်း လက်ဖက်ရည်ကို သောက်လေ၏။ သောက်ပြီးနောက် ပိုလိုစီးကရက်ဘူးကို ဖောက်၍ စီးကရက်ကို သောက်လေသည်။

"ကဲ . . . ပြောတော့လေ ရာဇကုမ္မာ"

"သူက အိန္ဒိယပြည်က လာတာပါ၊ မင်္ဂလာဒုံကို ရောက်နေတာ ဆယ်လရှိပါပြီ၊ လာတဲ့အကြောင်းကတော့ မေဂျာ့ကိစ္စပါပဲ" ဟု ရုပ်ချိုကူးမား ပြောလေ၏။

"ငါ့ကိစ္စ . . . ဟုတ်လား"

"ဟုတ်ပါတယ်၊ အင်္ဂလန်က ဘုရင်မကြီး စစ်တပ်ထဲက မတရားထုတ်ပစ်ခံရတဲ့လူတွေကို စိစစ်ပြီး ပြန်ခန့်ဖို့ အမိန့်ထုတ်ခဲ့တယ်လို့ သိရပါတယ်၊ အဲဒီထဲမှာ မေဂျာဟာ အပြစ်မကျူးလွန်ခဲ့ဘူးလို့ ဘုရင်ခံက လက်မှတ်ထိုးတဲ့အတွက် မေဂျာ့ကို အလုပ်ပြန်ခန့်ဖို့ အမိန့်ထုတ်ခဲ့ပါတယ်၊ ဒါကြောင့် မြန်မာပြည်မှာ မေဂျာ့ကို ရှာဖို့ ဟောဒီ ဗဟာဒူးကို လွှတ်လိုက်ပါတယ်၊ ဗဟာဒူးဟာ စစ်ဌာနချုပ်က ရုံးအလုပ်လုပ်ရတဲ့ ရုံးအုပ်ကြီးတစ်ယောက်ဖြစ်ပါတယ်၊ သူနဲ့ အခုပဲ ဂေါ်ရာကုန်းက လက်ဖက်ရည်ဆိုင်မှာ တွေ့ခဲ့ပါတယ်၊ ဒီနေ့မှ မေဂျာ့ကိုမတွေ့ရင် ဂေါ်ရာကုန်းက စစ်တပ်ကို အကြောင်းကြားပြီး ဗဟာဒူး ပြန်တော့မှာပါ"



www.burmeseclassic.com

www.burmeseclassic.com



ဟု အဓိပ္ပာယ်ရသော အင်္ဂလိပ်စကားဖြင့် ပြောလိုက်ရာ ဗဟာဒူး ဆိုသူက စစ်လွယ်အိတ်အတွင်းမှစာကို ထုတ်၍ပေးလေ၏။ ထိုစာမှာ အင်္ဂလိပ်ဘာသာဖြင့် ရေး၍ထားလေ၏။

ရပ်ချ်ကူးမား ပြောသည့်အတိုင်း အိန္ဒိယပြည် စစ်ဌာနချုပ်မှ ထုတ်ပြန်ကြေညာသော အမိန့်စာဖြစ်ပေသည်။

"မင်းအတွက်ကော ရပ်ချ်"

"ကျုပ်က စစ်တပ်ကထွက်ခွင့်ရလို့ထွက်လာခဲ့တာပဲ မေဂျာ၊ မေဂျာကသာ ကျုပ်အတွက် စစ်တပ်က မှတ်ရားအထုတ်ခံရတာ မဟုတ်လား"

"ငါလိုက်လို့မဖြစ်ဘူး၊ ငါ့မှာ တာဝန်တွေရှိသေးတယ်ရပ်ချ်"

"အဲဒီတာဝန်တွေကို ကျုပ်ယူပါ့မယ်"

"မဖြစ်သေးဘူးကွ . . . ငါ့ရဲ့ဆရာဦးငွမ်တီလဲ ရှိသေးတယ်၊ သူ့ကိုကူညီရဦးမယ်"

"ကျုပ်ကကူညီလိုက်ပါ့မယ်၊ အခုအခါမျိုးမှာစစ်တပ်ကရာထူးကို ပြန်ပြီးလက်ခံလိုက်တာဟာ မေဂျာအတွက် အကောင်းဆုံးပါပဲ" ဟု ရပ်ချ်ကူးမားက ပြောနေစဉ်၌ပင် မင်းညိုတို့ရှိရာသို့ ဖြိုးစွာနှင့် မိုးနိုခေါ် မမိုးညိုဆိုသည့် မင်းညို၏ နှမလေးသည် ရောက်ရှိလာကြပြီးလျှင် မိုးနိုက မင်းညို၏ပါးရိုးပေါ်မှ သုံးထောင့်ပုံ အမာရွတ်ကလေးကို ကြည့်၍ "အစ်ကို" ဟုဆိုကာ ပြေး၍ ဖက်လိုက်လေ၏။ မင်းညိုကလည်း -

"မိုးနို" ဟု ဆိုကာ ဖက်တွယ်၍ထားလေ၏။

ထိုအခါ၌ ရပ်ချ်ကူးမားက ဖြိုးစွာအား လက်တို့ခေါ်ယူပြီးလျှင် မင်းညိုအတွက် စစ်တပ်က ထုတ်ပြန်သော အမိန့်စာကို ထုတ်ပြလေ၏။ ထို့နောက် အင်္ဂလိပ်ဘာသာစကားဖြင့် . . .





"သူဟာ အခုနေ စစ်တပ်ကို ပြန်ပြီးသွားရင် ကောင်းမယ် မိတ်ဆွေ၊ အဲဒီအတွက် ကြည့်ပြီးပြောပေးပါဦး" ဟု ဆိုလေ၏။

"မပူပါနဲ့ . . . သူ့ဆရာ တာရုတ်အဘိုးကြီးကို ကျုပ်ရဲ့ဆရာ ဦးမာလာ နေတဲ့ ဘုန်းကြီးကျောင်းမှာ တွေ့လို့ တစ်ပါတည်းခေါ်ခဲ့ပါပြီ၊ အဲဒီအဘိုးကြီးပြောရင် သူက ဘာမဆိုလုပ်မှာပဲ"

ဟု ဖြိုးစွာက ပြောလေ၏။

ထို့နောက် ဦးငွမ်တီနှင့် ဦးမာလာတို့ ရောက်ရှိလာလျှင် ဖြိုးစွာက ဦးငွမ်တီအား အကျိုးအကြောင်း ပြောပြလိုက်ရာ ဦးငွမ်တီက ခေါင်းညိတ်လေ၏။ ထို့ကြောင့် ဦးငွမ်တီက မင်းညိုအား လက်တို့၍ခေါ်သွားပြီးလျှင် . . .

"အခုလို စစ်တပ်က ပြန်ပြီးခေါ်တာဟာ . . . သိပ်ကောင်းတာပဲ၊ ပြန်လိုက်သွားပါ၊ ငါတို့အမှုတွေအတွက်လဲ စုံထောက်က အပူတပြင်းလိုက်နေပြီ၊ မြို့တော့ ပေသီးတို့လူစုကလဲ မင်းကို သဲသဲမဲမဲ ရှာနေကြတာယ် မဟုတ်လား" ဟု ပြောလေ၏။

"ဒီလိုဆိုရင် ကျွန်တော့်သူငယ်ချင်း ရာဇကုမ္မာကိုတော့ ကျွန်တော့်ကိုယ်စား ဦးငွမ်တီနဲ့ ထည့်လိုက်ပါရစေ"

မင်းညိုက ပြောရာ ဦးငွမ်တီက သဘောတူလေ၏။

"နေပါဦး . . . ဦးငွမ်တီ ဘယ်ကနေ ဘယ်လိုရောက်လာတာလဲ" ဟု မင်းညိုက တိုးတိုးကပ်၍မေးရာ ဦးငွမ်တီက . . .

"လက်သမားရုံကို ငါရောက်သွားတော့ မင်းကိုလဲ မတွေ့ရ၊ သစ်သားစည်ကြီးကိုလဲ မတွေ့ရကတည်းက မင်းကို ပေသီးလူတွေ ဖမ်းသွားပြီဆိုတာ သိပါတယ်ကွ၊ ဒါနဲ့ ငါလဲ လိုက်ပြီးရှာနေတာ ငါ့မှာရှိတဲ့ ပတ္တမြားတွေရော၊ ကိုမဲကောင်ဆီကရတဲ့ ပတ္တမြားကိုရော လုံခြုံတဲ့နေရာမှာ သိမ်းထားလိုက်ပြီကွ၊ ကဲ . . .



www.burmeseclassic.com

www.burmeseclassic.com



မင်းရဲ့နှမကလေးကို နှုတ်ဆက်ပြီး စစ်တပ်ကလူနဲ့ လိုက်သွားပေတော့၊ ရာဇကုမ္မာကို ငါ ခေါ်သွားမယ်" ဟု ဆိုကာ လမ်းခွဲကြလေ၏။ မင်းညိုတို့၏ အဖြစ်အပျက်မှန်ကို မင်းညို၏နှမ မိုးနိုက မသိပေ။ ထို့ကြောင့် ဗြိုဟ္မာက . . .

"ကဲ မိုးနို မင်းအစ်ကို စစ်တပ်က ဗိုလ်မှူးကွယ့်၊ ခွင့်နဲ့ပြန်လာတာ ခွင့်စေ့ပြီ၊ ပြန်ရတော့မယ်၊ နောက်မှတွေ့တာပေါ့ . . ."

ဟုဆိုကာ မိုးနိုအား ပြန်၍ခေါ်ပြီးလျှင် ဦးမာလာ၏လက်သို့ အပ်လိုက်လေ၏။ မိုးနိုက . . .

"အစ်ကိုရယ် အခုမှတွေ့ရတာ အခုပဲသွားပြီလား၊ ခွင့်ရရင် မိုးနိုဆီကို လာခဲ့ဦးနော်" ဟုဆိုကာ ငိုယိုလေတော့၏။

စိတ်ခိုင်လှသော မင်းညိုလည်း နှစ်ပေါင်းများစွာ ကွဲကွာခဲ့ရသော နှမကလေးမိုးနိုအားကြည့်၍ လွန်စွာစိတ်မကောင်းခြင်း ဖြစ်မိလေတော့၏။ သို့ရာတွင် ယခုအခါ၌ အိန္ဒိယစစ်တပ်သို့ ပြန်လည်လိုက်ပါသွားခြင်းသည် အကောင်းဆုံး ဖြစ်သည်ဟု သဘောရသည့်အလျောက် ဗဟာဒူး ဆိုသူနှင့် တစ်ပါတည်း လိုက်ပါသွားခဲ့လေတော့၏။

မင်းညိုအား လက်သမားရုံစောင့် ဒရဝမ် မင်းညိုမှ တစ်ဖန် ဗိုလ်မှူးမင်းညိုဖြစ်ရန်အတွက် ကံကြမ္မာက အခွင့်ပေးလိုက်ပြန်ပေပြီ။

■

## ဗြိုဟ္မာ အဖမ်းခံရပြီ

ရာဇကုမ္မာသည် ဦးဂွမ်တီနှင့် လိုက်ပါ၍ သွားလေ၏။ ဦးဂွမ်တီတလည်း မင်းညိုက ကိုယ်စားထားခဲ့သည် ဆိုသော





ရာဇကုမ္မာကို စိတ်ချလက်ချပင် ပြောဆိုတိုင်ပင်လေ၏။ ဦးဂွမ်တီတို့ နောက်ကိုလည်း ဦးပေသီး၏လူများက တရစပ်လိုက်၍နေလေ၏။

"ရာဇကုမ္မာရေ . . . ငါတို့နှစ်ယောက်ကိုတော့ ပေသီးရဲ့လူတွေက သတ်မလို့ လိုက်နေကြပြီကွ"

ဟု ဦးဂွမ်တီက ပြောလိုက်ရာ ရပ်ချ်ကူးမားက . . .

"ဒီအတွက် ကျွန်တော့်တာဝန်ထားပါ" ဟု ပြောလေ၏။

ထိုသို့ပြောပြီး . . . တစ်လအတွင်း၌ပင် ရပ်ချ်ကူးမားသည် ဦးပေသီးအိပ်သည့် အင်းလျားလမ်း ခြံအမှတ်(၇၈၆) သို့ တိတ်တဆိတ်သွားရောက်ကာ အိမ်တွင်းသို့ဝင်ပြီးလျှင် ဦးပေသီးကို နှိုးလေ၏။

ဦးပေသီးလည်း ကယောင်ကတမ်းဖြင့်ထလိုက်ပြီး နှုတ်ခမ်းမွေး ကားကားနှင့် ဂေါ်ရခါး ရပ်ချ်ကူးမားတိုမြင်လျှင် ၎င်း၏စိတ်၌ တစ္ဆေသရဲဟု ထင်မှတ်ကာ ပရိတ်ကို ရွတ်လေ၏။

ရပ်ချ်ကူးမားက ဦးပေသီးအနီးသို့ ချဉ်းကပ်သွားလျှင် ဦးပေသီးက အနီးရှိဓားဖြင့်ခုတ်ရန် ဓားကို ကုန်း၍ကောက်လိုက်စဉ်၌ပင် ရပ်ချ်ကူးမားက ဦးပေသီး၏ဂုတ်အား ဓားဖြင့်ခုတ်ချလိုက်လေတော့၏။

ထို့နောက် သွေးဖြင့် နံရံတွင် အင်္ဂလိပ်ဘာသာဖြင့် ***Smart, Obedient, Loyality, Dutiful, Industrious, Efficiency, Readiness*** ဟူသော စာများကို ရေးလိုက်လေတော့၏။

ရပ်ချ်ကူးမားသည် ဦးပေသီးကို သတ်ပြီးနောက် ဦးပေသီး၏ အိတ်အတွင်းမှ အဖိုးတန်ပစ္စည်းများကို သိမ်းပြီးလျှင် ဦးဂွမ်တီရှိရာ ဦးမာလာနေထိုင်သည့် ဘုန်းကြီးကျောင်းသို့ ပြန်၍



www.burmeseclassic.com

www.burmeseclassic.com



လာလေတော့၏။ ဦးဂွမ်တီနှင့်တွေ့လျှင် ... ရပ်ချ်ကူးမားက ဦးပေသီးထံမှ သိမ်းယူခဲ့သော ပတ္တမြားများကို ပေးအပ်လျှင် ဦးဂွမ်တီက သေချာစွာကြည့်ပြီးနောက် . . .

"သီပေါမင်းပါတော်မူတုန်းက ကာနယ်စလေဒင်ခိုးသွားတဲ့ ငမောက်ကြီးပတ္တမြားဆိုတာ ဒါပဲ၊ ကွမ်းသီးလုံးနဲ့ သဏ္ဍာန်တူပြီး အရောင်ဟာ ယုန်သွေးလိုကြည်နေတယ်လို့ ကြားဖူးတယ်၊ ပိုပြီး သေချာတာက ဟောဒီနေရာက နည်းနည်းချိုင့်နေတဲ့အချက်ပဲ၊ ကဲ ရပ်ချ်ကူးမား၊ မင်းတာဝန်တော့ကျေပြီ၊ မင်းလဲ သွားချင်တဲ့ ဆီကိုသွားနိုင်ပြီ၊ ဦးမာလာ ကျုပ်ရဲ့ကျင့်စဉ်လဲပြီးဆုံးပါပြီ၊ ကျုပ်လဲ သွားမယ်" ဟု ဦးမာလာကိုပါ နှုတ်ဆက်လိုက်လေ၏။

"နေပါဦး ဦးဂွမ်တီ၊ ကျုပ်မှာလဲ ဘာမှမတိုးတက်သေးဘူး၊ ကျုပ် လောကီဝိဇ္ဇာဖြစ်ချင်တာ၊ ကျုပ်နဲ့သင့်တော်ရာ သင့်တော်ကြောင်း နည်းကောင်းကလေးများ ပေးခဲ့ပါဦးဗျာ"

ဟု ဦးမာလာက ပြောလေ၏။

"ဝိဇ္ဇာဖြစ်ချင်ရင် ပထမဆုံး လိုအပ်တာကတော့ လောကမှာ ဝိဇ္ဇာ ဇော်ဂျီ ရှိတယ်လို့ တကယ်ယုံကြည်ရမယ်၊ ပြီးတော့ ဝိဇ္ဇာ ဇော်ဂျီတွေကို . . . သိမီလိုက်တဲ့ သက်ကြီးဝါကြီးတွေကို ဆည်းကပ်ရမယ်" ဟု ဦးဂွမ်တီက ပြောလေ၏။

"ကျုပ်တို့ထက် သက်ကြီးဝါကြီး ဆိုတာကိုက တော်တော်ကလေး ရှာရမယ် ဦးဂွမ်တီ" ဟု ဦးမာလာက ပြောလေ၏။

"ကျုပ်တို့ထက် သက်ကြီးဝါကြီးဆိုတာ ရုက္ခစိုးပေါ့ဗျ"

"ရုက္ခစိုးကို ကျုပ်က ဘယ်လိုဆည်းကပ်ရမလဲ"

"သူကြိုက်တတ်တဲ့ပစ္စည်းနဲ့ ပူဇော်ရမှာပေါ့"

"သူက ဘာကြိုက်သလဲ ဦးဂွမ်တီ"





"ရုက္ခစိုးကြိုက်တဲ့ အစားအစာဆိုတာ အဘိုးကြီးတွေကြိုက်တဲ့ အစားအစာပဲပေါ့ဗျ၊ ကွမ်းယာ၊ ကောက်ညှင်းပေါင်း၊ အမွှေးနံ့သာ၊ ဖယောင်းတိုင်၊ ရေပေါ့ဗျာ၊ အဲဒါတွေနဲ့ ရုက္ခစိုးကိုပူဇော်ရင် ရုက္ခစိုးက ဝိဇ္ဇာဇော်ဂျီတွေ့ရင် ခင်ဗျားဆီလွှတ်ပေးလိမ့်မယ်၊ ဒါမှမဟုတ် . . . ရှေးဟောင်းကျမ်းတွေဘာတွေ ခင်ဗျားကို ပေးလိမ့်မယ်"

"အဆန်းပါလား ဦးဂွမ်တီ"

"ဒီထက်ဆန်းတာ ပြောခဲ့ဦးမယ်၊ မြောက်ဘက်ကို မျက်နှာမူပြီး 'တာရာဒေဝီ' ဆိုတဲ့ နတ်သမီးကို တိုင်တည်ရမယ်၊ ပထမ လာက်လာဘရွှင်မယ်၊ ဒုတိယ ဆရာကောင်းတွေ့မယ်၊ ကဲ ကျုပ်သွားမယ်" ဟု ဆိုကာ ဦးဂွမ်တီလည်း ထွက်ရှိသွားလေတော့၏။ ဦးဂွမ်တီထွက်သွားပြီး တစ်နာရီခန့်ကြာလျှင် ဦးမဲကောင်သည် မှန်အိမ်ကြီးတစ်လုံးကို လက်မှဆွဲ၍ ရောက်ရှိလာပြီးလျှင် . . .

"မိတ်ဆွေကြီး . . . ဦးဂွမ်တီ ဘယ်မှာလဲ"

ဟု ဦးမာလာအား မေးလေ၏။

"ဦးဂွမ်တီ ထွက်သွားတာ တစ်နာရီလောက်ရှိပြီ၊ အပြီးအပိုင် ထွက်သွားတာ" ဟု ဦးမာလာကပြောလျှင် ဦးမဲကောင်က သူ၏ လက်အတွင်းမှ မှန်အိမ်ကို မြှောက်ပြလျက် . . .

"ဟောဒီမှန်အိမ်ကြီးကိုကြည့်စမ်း၊ မီးစာတင်တဲ့ ခလုတ်မှာ တွေ့လား" ဟု ပြောလျှင် ဦးမာလာက ကြည့်လိုက်လေ၏။

"ကျောက်ပါလား . . . ဘာကျောက်လဲ"

"ပတ္တမြားဗျ . . . ပတ္တမြား၊ ဦးဂွမ်တီရှာနေတဲ့ ပတ္တမြား သူ အခု ဘယ်ကိုသွားသလဲ၊ ဒီမှန်အိမ်ဟာ ကျုပ်ရဲ့မဲကောင်ကြီး ဆိုတဲ့ အညာဆန်လှေကြီးမှာ ညရေးညတာအတွက် အသုံးပြုဖို့

www.burmeseclassic.com

www.burmeseclassic.com


ကျူပ်ထားပေးတာကို ကြားလှပြီ၊ ကြည့်စမ်း၊ အခုတော့ အဖိုးတန်ပတ္တမြားကြီးပါတဲ့ မှန်အိမ်၊ ဦးဝွမ်တီကို ပေးရမယ်"

"မရှိဘူးဗျ . . . ထွက်သွားပြီ"

"မတွေ့မချင်းရှာမယ်၊ မတွေ့ရင် အိမ်မပြန်တော့ဘူး"

ဟုဆိုကာ ဦးမဲကောင်သည် ထွက်၍သွားလေတော့၏။

(ထိုနေ့မှစ၍ ဦးမဲကောင်ကား . . . ပေါ်မလာတော့ချေ။ မဲကောင်ကုမ္ပဏီကိုလည်း ဦးမဲကောင်က သားထောက်သမီးခံဟူ၍ အမွေဆက်ခံမည့်သူမရှိသဖြင့် အင်္ဂလိပ်အစိုးရက သိမ်းယူလိုက်လေတော့၏။)

ဦးမဲကောင်ထွက်သွားပြီးနောက် ဖြိုးစွာ ရောက်၍လာလေ၏။ ဖြိုးစွာနှင့်ရပ်ချ်ကူးမားတို့ စကားပြောနေစဉ်၌ပင် အင်းစိန်စီအိုင်ဒီမှကိုတင်ဝင်း၊ ကိုစိန်လှ၊ ကိုအောင်မြင့်စသော စုံထောက်များ နောက်ယောင်ခံ၍ လိုက်လာကြလေ၏။ ၎င်းတို့နှင့်အတူ ဦးမောင်မောင်ကြီး၏တပည့် အီဗရာဟင်ဆိုသည့် ကုလားလည်း ပါ၍လာလေ၏။

စုံထောက်များက ရပ်ချ်ကူးမားနှင့်ဖြိုးစွာကို သေနတ်များဖြင့် ချိန်၍ထားလိုက်ကြလေ၏။

"အီဗရာဟင် - ဦးမောင်မောင်ကြီးရဲ့အိမ်မှာ ဒရဝမ်လုပ်တဲ့ ဂေါ်ရခါးဆိုတာ သူပဲမဟုတ်လား" ဟု မေးရာ အီဗရာဟင်က

"ဟုတ်ပါတယ်ဆရာ၊ သူပါပဲ"

"ဒါဖြင့်ရင် သူနဲ့အတူ ဦးမောင်မောင်ကြီးကိုသတ်သွားတဲ့လူဟာ သူပေါ့" ဟု ကိုအောင်မြင့်က ဖြိုးစွာကို ညွှန်ပြလေ၏။

ဖြိုးစွာလည်း ရပ်ချ်ကူးမားကိုလှည့်ကြည့်ပြီးလျှင် မျက်စိမှိတ်၍ ပြလိုက်လေ၏။



ဤနေရာ၌ ဖြိုးစွာက ဝင်၍အေးစာမခံလျှင် မင်းညိုကိုထိခိုက်ပေတော့မည်။ ဖြိုးစွာသည် မင်းညိုအား လေးစားသွားရုံမျှမက မင်းညို၏ဘဝဖြစ်စဉ်ကိုလည်း တစ်စိတ်တစ်ဒေသသိရှိလိုက်ရပြီဖြစ်ရာ မိုးနိုခေါ် နှမလေးနှင့် မင်းညိုအား သေတွဲကွဲရန်ကို မလိုလားသည့်အလျောက် မင်းညိုအစား လူသတ်မှုနှင့် အဖမ်းခံရန်ဆုံးဖြတ်လိုက်သဖြင့် ရပ်ချ်ကူးမားအား မျက်စိမှိတ် ပြလိုက်ခြင်းဖြစ်သည်။

"ဟုတ်ပါတယ်၊ ဦးမောင်မောင်ကြီးကိုသတ်တာ ကျွန်ုပ်ပါပဲ၊ ဟောဒါ ကျုပ်ရဲ့မိတ်ဆွေ ရပ်ချ်ကူးမား" ဟုဆိုကာ အဖမ်းခံလိုက်လေတော့၏။ အင်းစိန်စီအိုင်ဒီမှ စုံထောက်များဖြစ်ကြတုန်သော စုံထောက်ကိုတင်ဝင်း၊ ကိုအောင်မြင့်၊ ကိုစိန်လှတို့သည် လျှို့ဝှက်ဆန်းကြယ်သောလူသတ်မှုကြီးမှ လူသတ်တရားခံများကို ဖမ်းဆီးနိုင်ပြီဖြစ်သဖြင့် ပျော်ရွှင်ကြလေ၏။

တရားခံဖြိုးစွာနှင့်ရပ်ချ်ကူးမားတို့အား အိုးဘိုဝါတ်၌ချုပ်ထားခဲ့ပြီးလျှင် အော်ဟစ်၍ သီချင်းများဆိုကာ စီအိုင်ဒီသို့ ပြန်ခဲ့ကြလေတော့သတည်း။

■

## သက်ထိပ်ခတ်ဖို့ မလိုတဲ့ လူစား

မင်းညိုလည်း အိန္ဒိယပြည် စစ်တပ်မှ လိုက်၍လာသော ဗဟာဒူးနှင့် လိုက်ပါသွားပြီးလျှင် ၎င်း၏စစ်တပ်သို့ ပြန်လည်ရောက်ရှိခဲ့သည့်အခါ၌ ၎င်းအား မူလ မေဂျာရာထူးနှင့်ပင် ခန့်အပ်လိုက်ပြီးလျှင် အလုပ်ပြုတ်နေစဉ်ကာလက လစာများကိုလည်း ပြန်လည်ထုတ်ပေးခဲ့ရုံမျှမက အလုပ်ပြုတ်နေသည့်ကာလ


www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း စစ်တပ်တာဝန် ထမ်းဆောင်နေသည့် ကာလအဖြစ် ၎င်း၏စစ်တပ်မှ အသိအမှတ်ပြု မှတ်တမ်းရေးသွင်းခဲ့လေ၏။

ထို့နောက် ...ရက်ပိုင်းအတွင်း၌ပင် မြန်မာပြည် မင်္ဂလာဒုံ စစ်တပ်သို့လည်း စစ်သားစုဆောင်းရန်တာဝန်ဖြင့် ခေတ္တ ပြောင်းရွှေ့ ပေးလိုက်ရာ တစ်လအတွင်း၌ပင် မေဂျာမင်းညိုအဖြစ်နှင့် မင်္ဂလာဒုံစစ်တပ်သို့ ပြန်လည်ရောက်ရှိလာလေတော့၏။

မင်းညို ကျူးလွန်ခဲ့သော လူသတ်မှုများအတွက် ပုလိပ်ဘက်မှ စုံစမ်းထောက်လှမ်းခြင်းပြုသော်လည်း မင်းညိုကဲ့သို့ အိန္ဒိယပြည်မှ ရက်ပိုင်းအတွင်းကမှ ရောက်ရှိလာသော မေဂျာရာထူးရှိ စစ်ဗိုလ်တစ်ဦးအား သံသယမျှပင်မရှိခဲ့သည့်အတွက် မင်းညိုသည် စိတ်ချလက်ချ နေထိုင်နိုင်ခဲ့လေသည်။

သို့ရာတွင် မင်းညိုသည် မိမိနှမကလေးနှင့် တိတ်တဆိတ်တွေ့ဆုံခဲ့ရာ၌ မိမိအတွက်၊ အမှုနှင့် မသက်ဆိုင်သော ဗြိုစွာဆိုသည့် လူတစ်ယောက်အား ပုလိပ်ဘက်မှ ဖမ်းဆီးခဲ့ခြင်းကို သိရှိရလေတော့၏။ သို့ရာတွင် . . . မင်းညိုသည် ဣန္ဒြေမပျက် ဆက်လက်နေထိုင်ခဲ့၏။

တစ်ညနေ၌ မင်းညို၏နှမကလေး မမိုးညိုသည် မင်းညိုထံသို့ ည ၇ နာရီလောက်တွင် ရောက်ရှိလာပြီးလျှင် အောက်ပါအတိုင်း ပြောလေ၏။

"အစ်ကိုရေ... ကိုဗြိုစွာကို စစ်တပ်က ဒီညသတ်တော့မယ်လို့ ဆိုပဲ"

"စစ်တပ်က သတ်ရအောင် သူက ဘာမို့လဲ"

"သူက စစ်တပ်က အဆုတ်ရောဂါနဲ့ တစ်နှစ်အနားယူဖို့ မြန်မာပြည်ပြန်လာတာ၊ ကာလကတ္တားစစ်တပ်ကဆိုပဲ၊ ဦးမာလာကို စစ်တပ်ကအကြောင်းကြားတယ်၊ သူ့ကိုသတ်ခါနီးမှာ ဆွေမျိုးတွေကိုအကြောင်းကြားဖို့ဥစ္စာ သူ့မှာဆွေမျိုးမရှိတော့ ဦးမာလာဆီကိုအကြောင်းကြားတယ်၊ သူ့အတွက်သပိတ်သွတ်ပေးဖို့ဆိုပဲ"

"ကောင်းပြီလေ ပြန်တော့ ညီမလေး" ဟုဆိုကာ မင်းညိုက ပြန်ခိုင်းလိုက်ရာ မမိုးညိုကလေးသည် ငိုယို၍ပြန်သွားလေ၏။ မမိုးညိုကလေးပြန်သွားလျှင် မင်းညိုသည် ဂေါ်ရာကုန်းရှိစစ်တပ်သို့ တယ်လီဖုန်းဖြင့် စုံစမ်းကြည့်ရာ ဗြိုစွာခေါ် လက်ဖတင်နင်ဗြိုစွာအား ႋႆဟာဝန်ထမ်းဆောင်နေစဉ်အတွင်း လူသတ်မှုများကျူးလွန်ခဲ့သဖြင့် ကုတ်မာရှယ် ခေါ် စစ်တပ်အတွင်း စစ်တရားခုံအဖွဲ့မှသေဒဏ်ပေးလိုက်သဖြင့် ယနေ့ည ၉ နာရီတွင် တာမွေသင်္ချိုင်းသို့ အပြင်လူများမသိအောင်ခေါ်ယူသွားပြီးလျှင် သေနတ်ဖြင့် ပစ်သတ်မည်ဖြစ်ကြောင်း တာဝန်ကျ စစ်ဗိုလ်တစ်ဦးက ပြောပြလေ၏။ ထိုအခါမင်းညိုသည်ဗြိုစွာဟုဆိုသော သူရသတ္တိနှင့် ပြည့်စုံသည့် လူတစ်ဦး၏ အသက်ကို ကယ်တင်ရန်အတွက် မော်တော်ကားကို စက်ကုန်ဖွင့်၍ မောင်းနှင်ခဲ့လေတော့သတည်း။

<◆>

မေဂျာမင်းညို၏အမှုအား စစ်တပ်မှအရပ်ဘက်သို့ လွှဲလိုက်လေ၏။ အရပ်ဘက်တရားရုံးမှ အကြိမ်ကြိမ်စစ်ဆေး ကြားနာပြီးနောက် မေဂျာမင်းညိုအား သေဒဏ်မိန့်ချမှတ်လိုက်လေတော့၏။ အမိန့်ချမှတ်သောနေ့၌၎င်း၏ညီမကလေးမမိုးညို၊ ဦးမာလာ၊ တန်ထရိုက်တာမောင်ဆု၊ ဗြိုစွာနှင့် မမိုးညို၏ မွေးစား မိဘများဖြစ်ကြသော ဦးသိန်းအောင်၊ ဒေါ်ခင်ရီတို့ပါ လာရောက်ကြလေ၏။







www.burmeseclassic.com

www.burmeseclassic.com



မမိုးညိုကလေးသည် တရားရုံးကြမ်းပြင်၌ လူးလှိမ့်၍ ငိုယိုနေလေတော့၏။ ထိုအခါ၌ မင်းညိုသည် မမိုးညိုကလေး၏ မွေးစားမိဘများအား အနီးသို့ခေါ်ယူကာ . . .

"ကျွန်တော်မသေခင်မှာ ကျွန်တော့်ညီမလေးကို ကျွန်တော့်စိတ်ကြိုက် အိမ်ထောင်ချပေးခဲ့ပါရစေ" ဟု ခွင့်တောင်းရာ . . . ဦးသိန်းအောင်၊ ဒေါ်ခင်ရီတို့က သဘောတူကြသဖြင့် မင်းညိုသည် မိမိ၏လက်၌ လက်ထိတ်တန်းလန်းနှင့်ပင် . . .

"ကိုဗြိတ္တာ ကျုပ်ကိုလေးစားရင် ကျုပ်နှမလေးကို လက်ထပ်ပါဗျာ . . . ကျုပ်နှမကို ခင်ဗျားလို သူရသတ္တိရှိတဲ့ ယောကျ်ား၊ ယောကျ်ားပီသတဲ့ ယောကျ်ားရဲရင့်ခွင်မှာပဲ ထားခဲ့ချင်ပါတယ်" ဟု ဆိုလေ၏။

ဗြိတ္တာလည်း သေမည့်သူ၏ဆန္ဒကို သဘောတူသည်လည်းတစ်ကြောင်း၊ ရုပ်ရည်ရူပကာ အားဖြင့် အပြစ် အနာအဆာ နည်းလှသော မမိုးညိုကလေးအားလည်း ဇနီးသည်အဖြစ် လက်မခံနိုင်ရန်အကြောင်းမရှိသဖြင့် . . . ကျေကျေနပ်နပ်ကြီး လက်ခံလိုက်လေတော့၏။

မင်းညိုသည် ၎င်း၏ညာလက်ဖြင့် ဗြိတ္တာ၏လက်ကိုယူ၍ ၎င်း၏ဘယ်လက်ဖြင့် မမိုးညို၏လက်ကိုယူကာ လက်ထပ်ပေးနေစဉ်၌ မင်းညို၏လက်၌ ခတ်ထားသော လက်ထိတ်များက တင်းနေသဖြင့် အခက်အခဲ ရှိနေလေ၏။ တစ်စုံတစ်ယောက်သောသူက ရောက်ရှိလာပြီးလျှင် အနီးရှိပုလိပ်ဖဲမှ လက်ထိတ်ခတ်သော သော့ကိုယူကာ . . .

"လက်ထိတ်ခတ်မထားစမ်းပါနဲ့၊ ဖြုတ်ပေးလိုက်စမ်းပါ" ဟု ထိုသူက ပြောဆို၍ . . . လက်ထိတ်ဖြုတ်ပေးလိုက်ရာ ပုလိပ်က





"ကြီးကျတရားခံဗျ၊ ထွက်ပြေးသွားလိမ့်မယ်" ဟု ပြောလေ၏။

"သူ ထွက်ပြေးသွားရင် သူ့အစား ကြီးစင်ပေါ် ငါ တက်ခံ့ပါတယ်ကွာ၊ ဒီလိုတရားခံမျိုးက . . . ထွက်ပြေးမယ့် တရားခံမျိုးမဟုတ်ဘူးကွ၊ လုပ်ရဲ ခံရဲပြီး ယောကျ်ားပီသတဲ့ လူတွေကို လက်ထိတ်မခတ်စမ်းပါနဲ့ကွာ . . .၊ အပြစ်ခံရမှာ ကြောက်လို့ ထွက်ပြေးရတဲ့အဖြစ်ကို သေမလောက်ရှက်တဲ့ လူစားမျိုးတွေပါကွာ၊ လူစွမ်းကောင်းတွေ" ဟု ထိုသူက ပြောလိုက်လေ၏။ ပုလိပ်လည်းငြိမ်၍သွားလေ၏။ ဂန်ထရိုက်တာမောင်ဆုလည်း သူ၏ဆရာ ကိုလူကလေးခေါ် မေဂျာမင်းညိုအား ကြည့်၍ . . .

"ဖြစ်မှဖြစ်ရလေ ဆရာရယ်" ဟု ပြောကာ ငိုလေ၏။ ၎င်း၏ ဖြစ်မှဖြစ်ရလေ ဆရာရယ် ဟူသော စကား၌ မင်းညိုအတွက် ယူကျုံးမရဖြစ်သကဲ့သို့ မမိုးညိုအား ဗြိတ္တာနှင့်လက်ထပ်ပေးလိုက်ပြီဖြစ်ရာ ၎င်းအနေနှင့်ကျန်ရစ်ဖြစ်ရသည့်အတွက်လည်း မချင့်မရဲ ဖြစ်ရသော သဘောများ ပါဝင်ကောင်း ပါဝင်နေမည်ဖြစ်ပေသည်။

မင်းညိုအားလက်ထိတ်ဖြုတ်ပေးခဲ့သူကား အခြားသူမဟုတ်ဘဲ ပြည်သူ့အချစ်တော် ဆားပုလင်းနှင်းမောင် ဖြစ်ကြောင်းကိုမူ ထုတ်ဖော်ရေးသားရန် လိုမည်မထင်တော့ပေ။

ဆားပုလင်းနှင်းမောင်က မင်းညိုထံသို့ သွားပြီးလျှင် . . .

"သေခါနီးမှာတော့ နောင်ဖြစ်လေရာဘဝမှာ အခုလိုသတ္တိကောင်းတဲ့ ယောကျ်ားဖြစ်အောင် ဆုတောင်းစမ်းပါ မေဂျာမင်းညို" ဟု ပြောလိုက်ရာ မေဂျာမင်းညိုက . . .

"စိတ်ချပါ ဆားပုလင်းနှင်းမောင်" ဟု ဆိုကာ သူ၏ညိုညာသော သွားကလေးများပေါ်အောင် ပြုံးပြလိုက်ပြီးလျှင် . . .



www.burmeseclassic.com

www.burmeseclassic.com



"သူ့ရဲ့တောင်း ဆိုတာ ဒဏ်ရာမရတဲ့ ရက်တွေကို တွေးပြီး နှမြောနေရမယ် လို့ . . . ကျုပ်ဆရာကြီး ဦးဝွမ်တီက ကျုပ်ကို ငယ်ငယ်က ဆုံးမဖူးတယ်၊ အခုတော့ ကြိုးစင်မတက်ရတဲ့ ရက်တွေကိုတွေးပြီး နှမြောရတော့မှာပါလေ" ဟု တည်ကြည်လေးနက်သော၊ ရင်ခေါင်းသံဖြင့် ပြောလိုက်ရာ တရားရုံး တစ်ခုလုံး ငြိမ်၍သွားသည့်တိုင်အောင် မင်းညို၏ စကားကို အံ့အားသင့်ကြရလေတော့သတည်း။

■ ■ ■

## နိဂုံးမှတ်တမ်း

"ဆားပုလင်း နှင်းမောင်နှင့် သေသောသူသည် သူသာန်သို့သွားသည်" ဝတ္ထုအား ဆရာသမား မိဘတို့၏ ဂုဏ်ကျေးဇူးကြောင့် ကောဇာသက္ကရာဇ် ၁၃၄၁ ခုနှစ်၊ နှောင်းတန်ခူး လပြည့်ကျော် ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့ည သန်းခေါင်ကျော် မကာရရာသီလဂ်၊ တနင်္ဂနွေ ဗုဒ္ဓဟူး မိန်ရာသီ၊ အင်္ဂါ ကြာသပတေး စနေ ရာဟုဂြိုဟ် တို့ သိဟ်ရာသီ၊ သောကြာဂြိုဟ် ပြိဿရာသီ၌ တည်ရှိပြီး စင်နက္ခတ် ၂၁ လုံး၊ ၁ ပါဒ်၊ ၅ ယင်္ဂရှိသောအခါသမယ၌ အနှောင့်အယှက် ကင်းမဲ့စွာဖြင့် ရေးသားပြီးစီးသတည်း။

မင်းသိခ်



www.burmeseclassic.com